တရုတ်အစိုးရအား မြန်မာက တရားဝင်သတိပေး ကန့်ကွက် စာ - ၂

မြန်မာတိုင်း(မ)
THE MYANMARTIMES

ဒဂုံ၄၄၀

သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် | myanmar.mmtimes.com | အတွဲ ၃၄၊ အမှတ် ၆၆၂ (၂၈၊ ၂ - ၆၊ ၃၊ ၂၀၁၄)

ရန်ပုံငွေပွဲလှုပ်မယ့် Side Effect စာ-၄၃

ရှမ်းပြည်တောင်ပိုင်းက သီးခြားကမ္ဘာလေး လိုင်တိုင်းလန် စာ-၁၈

GET OUT!

နယ်စည်းမထား ဆရာဝန်များအဖွဲ့အား ရခိုင်ပြည်နယ်မှ ချက်ချင်းထွက်ခွာသွားရန် တောင်းဆို

owifjtjynftupkH
pm - 2
ဓာတ်ပုံ – အေအက်ဖ်ပီ

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အကူအညီဆောင်ရွက်ပေးနေသော နယ်စည်းမထားဆရာဝန်များအဖွဲ့ (MSF)ကို ရခိုင်ပြည်နယ်မှ ချက်ချင်းထွက်ခွာသွားရန် ရခိုင်ပြည်နယ်ဒေသခံများက ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တွင် စစ်တွေမြို့ရှိ အဆိုပါအဖွဲ့ရုံးရှေ့၌ ထိုင်သပိတ်ဆင်နွှဲခဲ့ကြရာ ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ဆန္ဒပြရာတွင် ပါဝင်သူများအား တွေ့ရစဉ်။

ရိုဟင်ဂျာတွေ ဘာလို့ နိုင်ငံသားမဖြစ်နိုင်တာလဲ

ဦးညီညီ

ရိုဟင်ဂျာတွေဟာ မြန်မာတိုင်းရင်းသား တစ်မျိုးမဟုတ်သလို အရင်ကလည်း မြန်မာတိုင်းရင်းသားတစ်မျိုးမဟုတ်တာကို ဥပဒေအရ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါပေမဲ့ ဟိုးနှစ်ပေါင်းများစွာကတည်းက ၎င်းတို့ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်း အထူးသဖြင့် မောင်တောနဲ့ ဘူးသီးတောင်မှာ တရားမဝင် အခြေချလာခဲ့ကြပါတယ်။

အဲဒီလို ရခိုင်ပြည်နယ်အတွင်းကို သူတို့တွေ ခိုးဝင် နေထိုင်နေတာကို တားဆီးဖို့အတွက် မြန်မာအစိုးရက အမိန့်ချလိုက်တဲ့အခါမှာ မွတ်စလင်တော်တော်များများဟာ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်ကို ထွက်ပြေးသွားခဲ့ကြပါတယ်။ အဲဒီအချိန်တုန်းကဆိုရင် မြန်မာအစိုးရနဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရကြားမှာ ဆွေးနွေးမှုတွေ မရေမတွက်နိုင်လောက်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြပါတယ်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR ရဲ့ အစီအစဉ် တစ်ခုအရ မြန်မာအစိုးရကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် ထွက်ပြေးသွားတဲ့သူတချို့ကို မြန်မာနိုင်ငံမှာ ပြန်လည်နေရာချထားပေးခဲ့ပါတယ်။

သူတို့တွေ နှစ်ပေါင်းများစွာက ခိုးဝင်နေထိုင်ခဲ့တဲ့နေရာတွေမှာ သူတို့ကို နေရာပြန်ချထားပေးခဲ့ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မွတ်စလင်တွေ အဆင်ပြေစေဖို့အတွက် သူတို့ကို ယာယီနေထိုင်ခွင့်ထုတ်ပေးခဲ့ပါတယ်။ ယာယီနေထိုင်ခွင့်ကို UNHCR နဲ့တခြား အင်အဲဂျီအိုတွေက စီစဉ်ပေးခဲ့ပြီး အဲဒီမွတ်စလင်တွေဟာ အခုအချိန်အထိ ဒီမှာနေထိုင်ခွင့်ရှိဆဲပါ။

ဖျက်သိမ်းလိုက်ပြီဖြစ်တဲ့ ၁၉၄၈ ခုနှစ် နိုင်ငံသားဖြစ်မှု အက်ဥပဒေကို အစားထိုးကျင့်သုံးထားတဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ နေထိုင်ခွင့်လက်မှတ်မရှိတဲ့သူ ဘယ်သူမဆို မြန်မာနိုင်ငံသား မဟုတ်ပါဘူး။ ဒီဥပဒေရဲ့ ပုဒ်မ ၃ အရမြန်မာနိုင်ငံအတွင်းမှာ ၁၈၂၃ ခုနှစ် မတိုင်ခင်ကတည်းက အခြေချနေထိုင်ခဲ့တဲ့ လူမျိုးစုတွေသာလျှင် အလိုအလျောက် မြန်မာနိုင်ငံသားဖြစ်ခွင့်ရှိပါတယ်။ ပြီးတော့ မြန်မာနိုင်ငံသား မိဘနှစ်ပါးက ဖွားမြင်တဲ့ မည်သူ့ကိုမဆို နိုင်ငံသားအဖြစ် သတ်မှတ်တယ်လို့လည်း ပုဒ်မ ၅ မှာ ဖော်ပြထားပါတယ်။ ဒီဥပဒေမှာ အကျုံးဝင်တဲ့ကာလအတွင်းမှာ ပါဝင်တဲ့ နိုင်ငံသားတွေဟာလည်း နိုင်ငံသားတွေ ဖြစ်ပါတယ်။

ဒီဥပဒေရဲ့ နောက်ဆက်တွဲကဏ္ဍ အပိုင်း ၇ မှာလည်း နိုင်ငံသား၊ ဧည့်နိုင်ငံသားနဲ့ နိုင်ငံသားပြုခွင့်ရသူအဖြစ် လျှောက်ထားနိုင်ပုံတွေကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။ အဲဒီဥပဒေအရ လူတစ်ဦး နိုင်ငံသားဖြစ်မှု၊ ဧည့်နိုင်ငံသားဖြစ်မှု ဒါမှမဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်မှုနဲ့ စပ်လျဉ်းပြီး ဆုံးဖြတ်ချက်ချမှတ်ပေးဖို့အတွက် ဥပဒေအရ ဗဟိုအဖွဲ့တစ်ဖွဲ့ကို လုပ်ပိုင်ခွင့် အာဏာပေးထားပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မတိုင်ခင် ကလေးတွေနဲ့အတူ ခြေချနေထိုင်ခဲ့သူတွေ ဒါမှမဟုတ် မြန်မာနိုင်ငံရောက်မှ မွေးဖွားသူတွေဟာ ခိုင်မာပြီး ပြည့်စုံလုံလောက်တဲ့ သက်သေအထောက်အထားတွေပြပြီး နိုင်ငံသားပြုခွင့် လျှောက်ထားနိုင်ပါတယ်။

ရိုဟင်ဂျာကိစ္စကတော့ ၁၉၄၈ ဥပဒေအရ ရော ၁၉၈၂ ဥပဒေအရပါ မကိုက်ညီတာကို အထင်အရှားတွေ့ရပါတယ်။ ဒါက သူတို့တွေ မြန်မာနိုင်ငံသားဖြစ်လာခွင့် မရှိတဲ့ အဓိက အချက်ပဲ ဖြစ်ပါတယ်။

၂၀၀၁ ခုနှစ်မှာ ရှေ့နေချုပ်ရုံးကနေ အငြိမ်းစားယူပြီးတဲ့နောက်မှာ ကျွန်တော်ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ပြန်လည်လက်ခံရေးလုပ်ငန်းတွေကို စီမံခန့်ခွဲကြီးကြပ်ပေးရတဲ့ UNHCR၊ လူဝင်မှုကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနစီမံကိန်းရဲ့ စီမံချက်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါကြောင့် အဲဒီမွတ်စလင်တွေကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်အတော်လေး သိထားခဲ့တာပါ။ သူတို့တွေဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက တရားဝင် အထောက်အထား တစ်ခုမှမရှိဘဲ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ဝင်ရောက်နေထိုင်ခဲ့ကြတာပါ။ ဒါကြောင့် အစိုးရက သူတို့ကို နိုင်ငံသားအဖြစ်သတ်မှတ်ဖို့ မစဉ်းစားတာဟာ ဥပဒေအရ ရာနှုန်းပြည့်မှန်ပါတယ်။

(ဦးညီညီသည် နိုင်ငံတကာ ဥပဒေအကြံပေးတစ်ဦးဖြစ်ပြီး ရှေ့နေချုပ်ရုံး၏ ညွှန်ကြားရေးမှူးဟောင်းတစ်ဦးလည်း ဖြစ်သည်။)

သီရိမင်းထွန်း ဘာသာပြန်သည်။

တရုတ်အစိုးရအား မြန်မာက သတိပေး

အိအိဂိုးလွင်

မြန်မာနိုင်ငံ နယ်စပ်ဒေသတွင် ဝင်ရောက်လုပ်ကိုင်ကာ သစ်အပါအဝင် သယံဇာတများ ထုတ်ယူနေသော တရုတ်လူမျိုးများနှင့် ပတ်သက်၍ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တရုတ်သံရုံး ယာယီတာဝန်ခံအား ဆင့်ခေါ်ကာ ရှားဝင်အသိပေး ကန့်ကွက်ခဲ့သည့်အပြင် တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်း ဓာတ်ပုံ၊ စာရွက်စာတမ်းအထောက်အထားများ ပေးပို့ကာ သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်ကပြောသည်။

"နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များရှိ ကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တော်များတွင် သစ်နှင့် သတ္တုများ တရားမဝင် ထုတ်ယူနေမှုနှင့် ပတ်သက်၍ သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ ကန့်ကွက်ပြောကြားခြင်းများအပါအဝင် နှစ်နိုင်ငံနယ်စပ် ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးခြင်းများ ပုံမှန်ပြုလုပ်နေပါတယ်" ဟု ဦးစိုးမောင်က ပြောသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနသည် ကချင်ပြည်နယ် ခိုဖွေနှင့်ဆော့လော်မြို့နယ်တွင် ဝင်ရောက်လုပ်ကိုင်နေသော တရုတ်လူမျိုးများနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံခြားရေးဌာနသို့ ဓာတ်ပုံနှင့်တကွ စာရွက်စာတမ်းများ ပေးပို့ထားသည့်အပြင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရန်ကုန်မြို့ရှိ တရုတ်သံရုံး ယာယီတာဝန်ခံ မစ္စတာ ချန်ချန်အား ဆင့်ခေါ်ကာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် တရားဝင် အသိပေးခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နေရာဒေသများနှင့် ငြိမ်းချမ်းရေး ရယူရန် ဆောင်ရွက်နေသော နေရာများရှိ သယံဇာတများအား တရားမဝင် ခိုးထုတ်ရောင်းချနေမှုများအား ထိန်းချုပ်ရန် အစိုးရ ဝန်ကြီးဌာနများက သက်ဆိုင်ရာဌာနအလိုက် ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ စီးပွားရေးကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သည့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟို ကော်မတီက ခုနှစ်လအတွင်း ကျပ်ခြောက်ဘီလျံ ဖိုးခန့် ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှာ ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း သယံဇာတများ တရားမဝင် ထုတ်ယူနေသော နိုင်ငံသာ ၁၂၉၈ ဦးနှင့် နိုင်ငံခြားသား ၄၁၄ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး တရားမဝင် သစ်ထုတ်လုပ်မှုတွင် ပါဝင်ခဲ့သော အစိုးရ ဝန်ထမ်း ၂၄ ဦးအား အရေးယူနိုင်ခဲ့ကြောင်းသိရသည်။

လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်၊ မတ်လမှ ဧပြီလအတွင်း နယ်စပ်ဒေသတွင် တရားမဝင် ရွှေတူးဖော်ခြင်း၊ သစ်မှောင်ခိုနှင့် မြန်မာ့ရေပြင်ပိုင်နက်တွင် ငါးခိုးဖမ်းလုပ်ကိုင်နေသူ နိုင်ငံခြားသား ၃၃ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

သတ္တုတွင်း ဝန်ကြီးဌာနသည် ၂၀၁၃ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ ကျောက်မှော်ခိုတရားခံနိုင်ငံသား ၂၃ ဦး အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၀၁၁ ခုနှစ် မှ ၂၀၁၃ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံသား ၄၀၄ ဦးနှင့် နိုင်ငံခြားသား လေးဦးကို သစ်တော ဥပဒေအရ ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ကျွန်းသစ်နှင့် အခြားသစ် ၃,၂၀၉ ဒသမ ၉၉၆ တန် သိမ်းဆည်းရမိခဲ့သည်။ ကျောက်မျက် ဥပဒေအရ အရေးယူခဲ့သည့် နိုင်ငံသား ၂၀၄ ဦးရှိပြီး ကျပ်သိန်းသုံးသောင်းကျော် တန်ဖိုးရှိ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် သတ္တုတွင်း ဥပဒေအရ နိုင်ငံသား ၂၃၁ ဦးနှင့် နိုင်ငံခြားသား ၂၉ ဦးအရေးယူနိုင်ခဲ့ပြီး အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ နိုင်ငံသား ၈၉ ဦး၊ သဘာဝတောရိုင်း တိရစ္ဆာန် ကာကွယ်ရေး ဥပဒေအရ နိုင်ငံသား ၃၆ ဦးအား အရေးယူခဲ့ကြောင်း သိရသည်။■

နယ်စည်းမထားဆရာဝန်များအဖွဲ့ကို ရခိုင်ပြည်နယ်မှ ထွက်ခွာဖို့ ဒုတိယအကြိမ် ထပ်မံ တောင်းဆို

စည်သူလွင်

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အကူအညီ ဆောင်ရွက်ပေးနေသော နယ်စည်းမထားဆရာဝန်များအဖွဲ့(MSF) ကို ရခိုင်ပြည်နယ်မှ ချက်ချင်းထွက်ခွာသွားရန် အတွက် ရခိုင်ပြည်နယ်ဒေသခံများက ဒုတိယအကြိမ်အဖြစ် ယခုလ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တွင် စစ်တွေမြို့ရှိ အဆိုပါအဖွဲ့ရုံးရှေ့၌ ထိုင်သပိတ်ဆင်နွှဲခဲ့ကြသည်။

တရားဝင်ခွင့်ပြုချက်အရလူဦးရေ ၂၀ ခန့်သာ ခွင့်ပြုခဲ့သော်လည်း ဒေသခံပြည်သူ ထောင်နှင့်ချီပြီး လိုက်ပါအားပေးခဲ့ကြကြောင်း ဆန္ဒဖော်ထုတ်ရာတွင် လိုက်ပါခဲ့သည့် ဒေသခံတစ်ဦးက ဆိုသည်။

"ရခိုင်ပြည်နယ်မှာရှိတဲ့ ရခိုင်တိုင်းရင်းသားဘယ်သူ့ကိုမဆို မေးလိုက်ပါ။ ဒီအဖွဲ့တွေကို လက်ခံလားဆိုရင် ဘယ်သူမှ လက်မခံပါဘူး။ ဆရာဝန်တွေက ဆေးမကုဘဲနဲ့ ပဋိပက္ခတွေမှာ ပါဝင်ဆောင်ရွက်နေတာတွေက နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်နေတာပါ။ ဒါကြောင့် ဒီအဖွဲ့ကိုအလိုမရှိတဲ့အတွက် ရခိုင်ကနေထွက်ပေးဖို့ ဆန္ဒဖော်ထုတ်ရတာပါ"ဟု ဆန္ဒဖော်ထုတ်ရာတွင် ခေါင်းဆောင်တစ်ဦးဖြစ်သူ ရခိုင်အမျိုးသမီးကွန်ရက်ဥက္ကဋ္ဌ ဒေါ်ညိုအေးကပြောသည်။

နယ်စည်းမထား ဆရာဝန်များအဖွဲ့သည် ရခိုင်ပြည်နယ်သို့ ၁၉၉၀ ပြည့်နှစ် ဝန်းကျင်မှစတင်၍ ရောက်ရှိခဲ့သော်လည်း ဘင်္ဂလီများကိုသာ ဦးစားပေးဆောင်ရွက်နေကြောင်း ရခိုင်တိုင်းရင်းသားဒေသခံများက ဆိုသည်။

ကုလ အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများကို ရခိုင်ပြည်နယ်မှ ထွက်ခွာပေးရန် အတွက်ကိုလည်း ဒေသခံပြည်သူ နှင့်သံဃာတော်များအပါအဝင် အင်အားသုံးထောင်ခန့်က ဖေဖော်ဝါရီလ ၂ ရက်နေ့က စစ်တွေမြို့တွင် လမ်းလျှောက် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ■

စင်ကာပူ UOB ဘဏ်က မြန်မာ၌ တိုးချဲ့ ရင်းနှီးမြှုပ်နှံသွားမည်

အောင်ရွှင်

UOB ဘဏ်၏ မန်းနေဂျင်းဒါရိုက်တာ Frederick Chin မာတ်ပုံ - အောင်ဌေးလှိုင်

စင်ကာပူနိုင်ငံမှ ထိပ်သီးဘဏ်တစ်ခုဖြစ်သော ယူအိုဘီ (UOB) ဘဏ်သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပမာဏကို တိုးမြှင့်သွားမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

အာရှဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးချဲ့လိုသည့် လုပ်ငန်းရှင်များကို ငွေကြေးအကူအညီပေးနေသည့် ယူအိုဘီ ဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကြိပေး ဌာနခွဲကို ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး နောက်ပိုင်း ရင်းနှီးမြှုပ်နှံမှု ပမာဏကိုလည်း နှစ်ဆတိုးမြှင့်ခဲ့သည်ဟု ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ၎င်းဘဏ်က ကြေညာသည်။

မြန်မာနိုင်ငံနှင့် သက်ဆိုင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲတစ်ပွဲကို ယူအိုဘီဘဏ်က ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကမကထပြု ကျင်းပခဲ့ရာ "မြန်မာနိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် အလားအလာအကောင်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်နေပါတယ်။ အခွင့် အလမ်းကောင်းတွေ နဲ့အတူ အခက်အခဲတွေလည်း အများကြီး ရှိနေပါတယ်။ ဒီအတွက် ကျွန်တော်တို့ ယူအိုဘီဘဏ်က ဝန်ဆောင်မှုလုပ်ငန်းတွေ အများကြီး ဆောင်ရွက်ပေးသွားဖို့ ရှိနေပါတယ်"ဟု ယူအိုဘီဘဏ်၏ မန်းနေဂျင်းဒါရိုက်တာဖြစ်သူ Frederick Chin က အခမ်းအနားဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် ငွေကြေး ဝန်ဆောင်မှုများဖြင့် အဓိကထားဝင်ရောက် လုပ်ကိုင်ခွင့်ရရှိရန် ယူအိုဘီက ကြိုးပမ်းနေ သည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ဆည်မြို့ အနီးနှင့် မွန်ပြည်နယ်တို့တွင် သဘာဝဓာတ်ငွေ့ သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် ပြီးခဲ့သည့်သီတင်းပတ်များအတွင်း လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် လက်မှတ် ရေးထိုးခဲ့သည့် အမေရိကန်နိုင်ငံမှ APR ကုမ္ပဏီ နှင့် စင်ကာပူမှ Asiatech Enery ကုမ္ပဏီတို့အား ယူအိုဘီက ငွေထုတ်ချေးသွားမည်ဖြစ်သည်။

ယူအိုဘီဘဏ်သည် စွမ်းအင်ကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အခြေခံအဆောက် အအုံကဏ္ဍတို့နှင့် သက်ဆိုင်သောလုပ်ငန်းများ တွင် အဓိကထား ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွား နိုင်ရန် ရည်မှန်းထားသည်။

ယူအိုဘီဘဏ်က ကြီးမှူးကျင်းပခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲသို့ အာရှဒေသအတွင်းမှ စီးပွားရေး လုပ်ငန်းရှင် ၂၀၀ ကျော်တက်ရောက်ခဲ့ကြပြီး ပြီးခဲ့ သည့် နှစ်အတွင်း ယူအိုဘီဘဏ်က ကောက်ယူခဲ့သည့် စစ်တမ်းအရ အာရှဒေသ အတွင်းရှိ ကုမ္ပဏီလုပ်ငန်းနှစ်ခုလျှင် တစ်ခုသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများတိုးချဲ့လုပ်ကိုင် ရန် ရည်မှန်းထားကြသည်ဟု သိရသည်။

၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ၄၀၀ ရာခိုင်နှုန်း တိုးလာပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂ ဘီလျံအထိ အမြင့်ဆုံးရောက်ရှိခဲ့သည်ဟုလည်း ယူအိုဘီ၏ စစ်တမ်းတွင် ဖော်ပြထားသည်။

ယူအိုဘီဘဏ်သည် နိုင်ငံပေါင်း ၁၉ နိုင်ငံတွင် ရုံးခွဲပေါင်း ၅၀၀ ကျော်ဖွင့်လှစ်ထားပြီး မြန်မာ နိုင်ငံတွင် လွန်ခဲ့သည့် နှစ် ၂၀ ကတည်းက ရောက်ရှိခဲ့သည်ဟု သိရသည်။ ■

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ကော်မရှင် ထိရောက်ရန် မျှော်လင့်

ဒီဒီတိုးလွင်နှင့် အေးသီတာကျော်

အစိုးရအရာရှိဟောင်း အများစုဖြင့် ဖွဲ့စည်းလိုက်သည့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ကော်မရှင်သည် ဒီမိုကရေစီဖော်ဆောင်သည့် လမ်းကြောင်းတွင် အပြုသဘောဆောင်သည့် လုပ်ဆောင် ချက်တစ်ခု ဖြစ်သော်လည်း လက်တွေ့တွင် ထိရောက်သည့် လုပ်ဆောင်မှု များ ပြုလုပ်ရန်လိုအပ်ကြောင်း လွှတ်တော် ကိုယ်စားလှယ်များက ပြောသည်။

နိုင်ငံတော် သမ္မတက ပေးပို့လာသည့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ကော်မရှင် အား ဖေဖော်ဝါရီလ ၂၅ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အတည်ပြုခဲ့သည်။ ကော်မရှင်အား နိုင်ငံတော် သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌတို့က ငါးဦးစီ အဆိုပြုကာ အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ အဆိုပြုသူများတွင် အငြိမ်းစားအရာရှိများဖြစ်သည့် ဦးမြဝင်း (ဗိုလ်ချုပ်)၊ ဦးကျော်ကျော်(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးစိုးတင့်(ညွှန်ကြား ရေးမှူး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်)၊ ဦးသန်း အောင် (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စု ရှေ့နေ ချုပ်ရုံး)၊ ဦးတင်ဦး (သံအမတ်ကြီး)တို့ ဖြစ်သည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း အဆိုပြုသူများမှာ အငြိမ်းစားအမှုထမ်းများ ဖြစ်သည့် ဦးမောင်ရှိန်(ဒုတိယဗိုလ်ချုပ်ကြီး)၊ ဒေါ်မြတ်မြတ်စိုး (ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)၊ ဦးသင်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)၊ ဒေါက်တာ တိုက်စံ (ပါမောက္ခ၊ တပ်မတော် နည်းပညာတက္ကသိုလ်)၊ ဦးနေဝင်း(သံအမတ် ကြီး)တို့ ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင် မြင့် အဆိုပြုသူများတွင်လည်း အစိုးရအရာရှိ ဟောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး ပါဝင်ခဲ့သည်။

ထိုကဲ့သို့ ကော်မရှင်အဖွဲ့ဝင်များအား အဆင့်မြင့် အစိုးရဝန်ထမ်း အငြိမ်းစားအများစုဖြင့် ဖွဲ့စည်းထားခြင်းသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားများ ရှိနိုင် သည်ဟု သုံးသပ်ခဲ့ကြသော်လည်း လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး ပါဝင်သည့် အတွက် အပြန်အလှန် ထိန်းကျောင်းမှုရှိနိုင်သည်ဟု ကိုယ်စားလှယ်အချို့ကဆိုသည်။

"အမြောက်တပ်က ကိုမြဝင်းကတော့ တိကျ တဲ့သူပါ။ သူ့ဆီကို စာရင်းစစ်တွေသွားပြီးစစ်ရင် စစ်တဲ့ကောင် ထမင်းတောင် မကျွေးဘူး။ ထမင်း ချိုင့်နဲ့သွားရတာ။ အဲဒီလို နာမည်ကြီးတဲ့သူပါ။ ကိုမြဝင်း သေချာလုပ်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်"ဟု ဒုတိယဗိုလ်မှူးကြီးဟောင်း၊ မကွေး တိုင်းဒေသကြီး အမှတ်(၁၂) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေက ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ဟောင်း ဦးမြဝင်းအား မှတ်ချက်ပေးခဲ့သည်။

မြန်မာနိုင်ငံသည် အကောင်းဘက်သို့ ရွှေ့လျားနေသည့်နည်းတူ သမ္မတကြီး၏ ယခု လုပ်ဆောင် ချက်သည် ရဲပုံပြတ်သားသည့် ဆုံးဖြတ်ချက်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်အတိုင်း လက်တွေ့လုပ်ဆောင်နိုင်ရန် အရေးကြီး ကြောင်း ၎င်းက ပြောသည်။

အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်း မြင့်အောင်ကမူ "ကြောင်ဖြူ၊ ကြောင်မည်းတွေ က အရေးမကြီးဘူး။ ကြွက်မိဖို့ပဲ အရေးကြီးတယ်" ဟု ပြောဆိုလိုက်ပြီး ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ အရ ကော်မရှင်ကို ဖွဲ့စည်းလိုက်ခြင်းဖြစ် ကြောင်းပြောသည်။

"အစိုးရတာဝန်ဆိုတာ လွှတ်တော်ရော၊ အုပ် ချုပ်ရေးအဖွဲ့ရော ပြောတာက လွှတ်တော် ကတော့ လာဘ်ပေးလာဘ်ယူမဖြစ်ဖို့အတွက် ဘာတွေလုပ်ရမယ်၊ ဘယ်လိုပဲ ဥပဒေပြဋ္ဌာန်း ပြဋ္ဌာန်း တကယ်တော့ ဒီဥပဒေတွေ ထိရောက် ဖို့ဆိုတာ အုပ်ချုပ်ရေးပိုင်းက လုပ်ရမှာဖြစ်တယ်။ အဲဒီတော့ အားလုံးပြန်ပြုပြင်မှ ဒီတိုင်းပြည် တရားဥပဒေ စိုးမိုးမယ်။ တရားဥပဒေရှိမှလည်း တကယ် ဥပဒေကို လူတွေက လေးစားမယ်၊ တန်ဖိုးထားမယ်"ဟု ပြည် သူ့လွှတ် တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က ကော်မရှင်အား အတည်ပြုသည့်နေ့တွင် ဥပဒေ ကျောင်းသားများနှင့်တွေ့ဆုံစဉ် ပြောသည်။

မြန်မာနိုင်ငံကဲ့သို့ သဘာဝအရင်းအမြစ် ကြွယ်ဝသောနိုင်ငံအတွက် လာဘ်ပေးလာဘ်ယူ ပပျောက်ရေးမှာ လူထု၏ယုံကြည်မှုပေါ်မူတည် ၍ အစိုးရအတွက် ကြီးမားသောစိန်ခေါ်မှုဖြစ် ကြောင်း ၎င်းကပြောသည်။ အစိုးရ၏ စီမံခန့်ခွဲမှု မှာ လူထုအပေါ် သဘဏ္ဍာတမဖြစ်ခြင်းနှင့်လွှဲပြီး မတရားမှုများပိုလာနိုင်ကြောင်းလည်း မြန်မာ စီးပွားလူမှုဖွံ့ဖြိုးရေးဗဟိုဌာန၏ အကြီးတန်း သုတေသနမှူး ဦးတင်မောင်သန်း(သင့်ဘဝ)က ပြောသည်။

"လာဘ်စားမှုကြောင့်ဖြစ်လာတဲ့ စီးပွားရေး လုပ်ငန်းတွေအရ ဆင်းရဲချမ်းသာကွာဟမှုက ပိုကြီးလာတာကို တခြားနိုင်ငံတွေမှာ တွေ့ရ တယ်။ မြန်မာနိုင်ငံမှာလည်းမြေပေါ် မြေအောက် သယံဇာတထုတ်လုပ်မှုကများတော့ ဒီပေါ် မူတည်ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးသွား တာလည်း ဖြစ်နိုင်တယ်။ သယံဇာတထုတ်လုပ်မှု စီမံကိန်းတွေကြောင့် အကျင့်ပျက်ခြစားမှုတွေ ပိုဖြစ်လာနိုင်ပြီး အစိုးရရဲ့ စီမံခန့်ခွဲမှုစွမ်းဆောင် ရည်ကျလာရင် အကျိုးဆက်က ပိုဆိုးလာနိုင် တယ်"ဟု ၎င်းကပြောသည်။

လာဘ်ပေးလာဘ်ယူမှုများနှင့်ပတ်သက်၍ အဓိကဥပဒေများအနေဖြင့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေကို ၁၈၆၁ ခုနှစ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ၁၉၄၈ ခုနှစ်တို့တွင် အသီးသီးပြဋ္ဌာန်းခဲ့သော်လည်း ထိထိရောက် ရောက်ကိုင်တွယ်ခြင်းနှင့် အရေးယူဆောင်ရွက် မှု အားနည်းခဲ့ခြင်းများရှိကြောင်း ကျွမ်းကျင်သူ များက သုံးသပ်သည်။ ■

MCM
MYANMAR CONSOLIDATED MEDIA Ltd.
အယူဆောင်အရာရှိချုပ် ဒေါက်တာတင်ထွန်းဦး
စာတည်းမှူးချုပ် (မြန်မာ) ရော့(စ်)ဒန်ကလီ
management@myanmartimes.com.mm
စာတည်းမှူးချုပ် (အင်္ဂလိပ်) ရော့(စ်)ဒန်ကလီ
rsdunkley@gmail.com
စီမံခန့်ခွဲမှုအရာရှိချုပ် ဝင်ဒီမာဒရီဂယ်
madrigalmcm@gmail.com
စာတည်းမှူး (မြန်မာ) ဆန်ဦး
sannoo@myanmartimes.com.mm
စာတည်းမှူး (အင်္ဂလိပ်) သောမတ်စ်ကင်း(နှ်)
tdkean@gmail.com
စာတည်းမှူး (အထူးအချပ်ပို့) မျိုးလွင်
myolwin@myanmartimes.com.mm
သတင်းဌာနချုပ် စော်ဝင်းသန်း
zawwinthan@gmail.com
ဒု-စာတည်းမှူးနှင့်
စီးပွားရေးစာတည်း (မြန်မာ) တင်မိုးအောင်
ဒု-စာတည်းမှူးနှင့်
လူမှုဘဝစာတည်း (မြန်မာ) မိုမိုသော်
timeout2@myanmartimes.com.mm
ဒု-စာတည်းမှူး (မြန်မာ) အေးစပယ်ဖြူ
အကြီးတန်းစာတည်း မောင်သွေးသစ်
အတိုင်ပင်ခံစာတည်း မသိဂီ
ဒု-စီးပွားရေးစာတည်း (မြန်မာ) အေးသီတာကျော်
စီးပွားရေးစာတည်း (အင်္ဂလိပ်) ဖီးလစ်
အကြီးတန်းလက်ထောက်စာတည်း စန္ဒာလွင်
အားကစားစာတည်း ထွန်းနေအောင်
sports@myanmartimes.com.mm
လူမှုဘဝစာတည်း (အင်္ဂလိပ်) ဂုစ်တနီလိုက်တ်
နိုင်ငံတကာစာတည်း တင်စိန်
ဓာတ်ပုံဌာန (မန်နေဂျာ) ကောင်းထက်
ဓာတ်ပုံသတင်းထောက်များ ဘူးသီး၊ လွင်ကိုတိတ်၊
သီရိလူ၊ အောင်ဌေးလှိုင်
မန္တလေးရုံးခွဲ
mdybranch@myanmartimes.com.mm
နေပြည်တော်ရုံးခွဲ
capitalbureau@myanmar.com.mm
ထုတ်လုပ်ရေးဌာန
production@myanmartimes.com.mm
ဒီဇိုင်းဌာနဒါရိုက်တာများ တင်ဇော်ထွေး၊ ကိုပြိုး
ပုံနှိပ်ဌာနမှူး ဌေးမောင်
printing@myanmartimes.com.mm
မန်နေဂျာ (ပုံနှိပ်စက်) ခင်မောင်
ကြော်ငြာဌာန
advertising@myanmartimes.com.mm
ကြော်ငြာဌာန ဒု-ဒါရိုက်တာများ ညီညီထွန်း၊ ချမ်းသာဦး၊
နေမျိုဦး၊ နန္ဒာမိုင်
အရောင်းမန်နေဂျာ (Classies) ခင်မွန်မွန်ရည်
ဌေစာရင်းမန်နေဂျာ မွန်မွန်သာဆိုင်
finance@myanmartimes.com.mm
စီမံရေးရာဌာန
administration@myanmartimes.com.mm
ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး(မြေ-၀၄၁၄၂)
အိုင်တီမန်နေဂျာ ကျော်ဇေယျာလင်း
webmaster@myanmartimes.com.mm
မြန်မာ့ချေးဒါရိုက်တာ ဂျေဆီဂေ့(ခ်)
distmgr@myanmartimes.com.mm
circulation@myanmartimes.com.mm
ကြော်ငြာနှင့် လေ့ေးဝယ်ယူရေး ကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
Email: management@myanmartimes.com.mm

မြန်မာတိုင်း(ပဲ)သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် ဒီဒီယာ (Myanmar Consolidated Media) က ပိုင်ဆိုင်ပြီး ဧရွေစင် ပုံနှိပ်တိုက် (၀၃၆) နှင့် စွယ်ခုံဒီဒီယာ (၀၈၁၀၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(ပဲ)ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(ပဲ)၏အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကိုလည်းကောင်း၊ စာစောင်များထွင် ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် ဒီဒီယာ (Myanmar Consolidated Media) ၏ စာဖြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူဖော်ပြခြင်း မပြုကြရန်။

MCM
Myanmar Consolidated Media Ltd.
www.mmtimes.com
၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈
မန္တလေးရုံးခွဲ– တိုက် ၈/၁၊ မန်းမန္တလာအိမ်ရာ၊ ၃၅လမ်း (၇၀ နှင့် ၇၁လမ်းကြား)၊ ရန်ပျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
ဖုန်း (၀၂) ၆၅၃၉၊ ၇၄၅၈၅၊ ဖက်စ် (၀၂) ၂၄၄၆၀
နေပြည်တော်ရုံးခွဲ– အမှတ် ၁၀/၇၂၊ ဗိုလ်တောက်ထိန်လမ်း၊ ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား။ တယ်လီဖုန်း (၀၆၇) ၂၃၀၆၄၊ ၂၃၀၆၅။

မျက်နှာများတဲ့ စာအုပ် . . .

နောက်ကျောဖုံးမ

ပြောဖြစ်ကြတုန်းက “အခုအသစ်ပေါ် နေပြီ၊ friendster ကို အားလုံးက ရိုးနေတုန်း Harvard တက္ကသိုလ်က Computer Major ကျောင်းသားလေး တစ်ယောက်ထောင်လိုက်တဲ့ website တစ်ခုက ဒီအချိန်ပိုင်းအတွင်းမှာပဲ တော်တော် Hot လာတယ်၊ ငါတောင် Account ဖွင့်ပြီးသွားပြီ။ မဆိုးဘူး တော်တော်မိုက်တယ်။ ဂျေရိုး၊ မင်းလည်း လုပ်ထားသင့်တယ်”ဟု ပြောသော အခါ Video Game ဆော့ဖို့တောင် အပျင်းကြီးတဲ့ ကျွန်တော်က တခြား Subject တစ်ခုကို ဆက်ပြော၍ လက်လွတ်စပယ်နေလိုက်မိတယ်။ (O.B.O 2005)။

၂၀၁၀ နောက်ပိုင်းကျတော့ ဘယ်နေရာသွားသွား ဒါပဲပြောလာကြတော့ အမြင်နည်းနည်း ကပ်လာမိတယ်။ ခေတ်နောက်ကျနေသော ကျွန်တော်သည် နောက်ဆုံး ကျွန်တော့် အစ်မကပါ ကိုယ့်ကို ကျော်တက်သွား၍ ထိုအကြောင်းအရာ၊ အဖြစ်အပျက်များကို လာရောက် ဆွေးနွေးခြင်းခံရသော အဖြစ်ကို ရောက်လေ၏။ အပြင်သွားပြီး ညဘက်တွေ မူးရူးခုန်ပေါက် သောင်းကျန်းနေတော့ အသိုင်းအဝိုင်းအသီးသီးက အမျိုးသမီးတွေက တွေ့ရှိကြောင်းကို သံတော်ဦးတင်တော့ “သြော်အေး၊ သူတို့တောင်ငါ့ကို facebook မှာ လာ Add ပြီး နှုတ်ဆက်သွားသေးတယ်”ဟု Michelle က ပြောသောအခါ “ဟင် ဒါဆို အပြင်မှာ သိပ်မတည့်တတည့် လူတွေက ဟန်ဆောင်အပြုံးတွေနဲ့ Internet မှာ သူငယ်ချင်း ဖြစ်နေကြပါလား”လို့ စဉ်းစားမိလေတယ်။ အခု အိမ်ထောင်ကျသွားပြီဖြစ်တဲ့ ဟိုတစ်ချိန်က ကျွန်တော့် ချစ်သူဟောင်းတစ်ဦး လုပ်ပေးထားတဲ့ Account တစ်ခုတော့ ရှိခဲ့တယ်။ ဒါပေမဲ့ အဲဒီတုန်းက Internet ဆိုင်တောင် မရောက်ဖြစ်ဘူး။

နောက်ပိုင်း လူတွေနဲ့တွေ့တော့ “မင်းကို ငါအပ်တာ မင်းလက်မခံသေးဘူးနော်” ဆိုတော့ သိပ်မဟုတ်သေးဘူး။ ချစ်စိုးက ရောက်လာပြန်ပြီ “ဟေ့ကောင် facebook မှာ J-me အတု တစ်ကောင်က မင်းဓာတ်ပုံတွေ သုံးပြီး ဆရာကြီး ပုံစံဖမ်းပြီး ထင်တိုင်းကျဲနေတယ်၊ ကောင်မလေးတွေ wall ပေါ်မှာလာစကားပြောရင်၊ မအားသလို ဘာလိုလိုနဲ့ ကြီးကျယ်ပြနေတယ်” ဆိုတော့လည်း မဖြစ်တော့ဘူး။ ဒါနဲ့ပဲ ၂၀၁၂ အစောပိုင်းမှာ များစွာသော ဘဝပေးကုသိုလ်ကံ တွေကြောင့် ကျွန်တော့် ခမည်းတော်ရဲ့ ရုံးမှာ လခစားသေချာလည်းစလုပ်ရော ဘေးမှရတဲ့ အကူအညီ Advice တွေနဲ့ Catholic Confirmation အမည်သုံးခါ facebook လောကထဲကို 'Jacob Zion' ဟူ၍ အခြေချမိခဲ့ပါကြောင်း ကြေညာ အပ်ပါသည်ခင်ဗျား။

ရုံးမှာ ထိုနှစ်များက လုပ်ခဲ့ဖူးသော (G Specialist) တစ်ဦးက Gmail နှင့် facebook Account ကို ကျွန်တော့်အား စေတနာပါပါ၊ စိတ်ရှည်ရှည်နဲ့ တည်ထောင်ပေးလိုက်တဲ့အခါ တစ်ရက်အတွင်းမှာတင်ပဲ အထူးအဆန်းတွေကို စတင် စားသုံးရလေတယ်။ သူကပင် စတင်ပြီးတော့ ကျွန်တော်ကို Add ပြီး ရုံးဝန်ထမ်းတွေနဲ့ စတင် friend ဖြစ်ပါတယ်။ ပြီးတာနဲ့ ဟိုလူဆီ ဖုန်းဆက် ဒီလူဆီဆက်နဲ့ “ငါ့ကို Add ကြပါဦးဟ၊ ငါ့ကို Accept လုပ်ပါဦးဟ” ဆိုပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေတုန်း မြင်လိုက်တာ Search for people you may know တဲ့။ ဒါနဲ့ လိုက် Add ရတာပေါ့။ ကိုယ်နဲ့ မသိတဲ့လူတွေလည်း အကုန် (တောသားမြို့ရောက်) လိုက် Add တာများ တချို့ဆို နေရာဒေသ တော်တော်ဝေးဝေးက လူတွေ၊ ကိုယ်နဲ့ အသိုင်းအဝိုင်း ဘာမှကို မဆိုင်တာ။ သင်္ကြန်နားနီးတော့ Spring Break ပုံတွေတင်ပြီး ပွေးရတာ အရသာသိပ်ရှိ။ ကျွန်တော့်ကို အစောပိုင်းလာ Add သူတွေနဲ့ ကျွန်တော် အရူးချေးပန်းလျှောက် Add တာ သည်းခံခွင့်လွှတ်ပြီး လက်ခံထားတဲ့ မဲဆောက်၊ ပဲခူး၊ စင်ကာပူနဲ့ ပြည်တွင်းဝေးဝေးလံလံဒေသက မိတ်ဆွေတွေကို အခုထိ ကျေးဇူးတင်နေဆဲပင်။

ပထမတော့ ကိုယ့်မှာရှိတဲ့ ဓာတ်ပုံဟောင်းတွေ တင်ကြည့်တယ်။ အဲဒီတော့မှ 'Like' လုပ်ခံရတဲ့ အရသာကို စသိတယ်။ Account စ ဖွင့်ဖွင့်ချင်းက သူတို့မေးတာ Profile မှာ ဘာကြိုက် တတ်လဲဆိုတဲ့ မေးခွန်းမြောက်မြားစွာအောက်မှာ ကျွန်တော်ဆိုတဲ့လူ အလုပ်ရှုပ်လို့၊ ဘယ်ရမလဲ ဝါသနာဆို Partying၊ လေးစားသူများက Brad Pitt, Bruce Lee, Mohammed Ali, Eminen နဲ့ Malcom-X၊ သီချင်း Album ဆိုရင် အဲဒီတုန်းက ထွက်ခါစ Jay-Z / Kanye West ရဲ့ Watch the throne။ သူငယ်ချင်းတွေ၊ ရုံးဝန်းထမ်းတွေရဲ့ အသိ မိတ်ဆွေတွေက ကျွန်တော့်ကို Facebook သုံးပုံ သုံးနည်း သင်ပေးရတဲ့ဘဝ ရောက်လာတယ်။ ဥပမာ Unfriend လုပ်နည်း၊ Block လုပ်နည်းနဲ့ Security အပိုင်းတွေပေါ့။ အစပိုင်းတော့ အေးဆေးပဲပေါ့ဆိုပြီး ထင်နေတာ။ ဘယ်ဟုတ်မလဲ တွေ့လိုက်ရင်ဖြင့် ရန်ပွဲတွေ၊ ငြင်းခုံပွဲတွေ။ တချို့တွေဆို တော်တော်ရယ်ရတယ်။ အကြည်တော်ဝတ္ထုဟောင်းတွေ ဖတ်နေတဲ့ အတိုင်းပဲ။

Facebook မသုံးတဲ့ လူကြီးမင်းများအား ကျွန်တော် ရှင်းပြရရင်ဖြင့် ပထမဦးစွာ Facebook ပေါ်တွင်ရှိသော ရောဂါသည် အမျိုးအစားပေါင်းများစွာထဲမှာမှ ထင်ပေါ်ကျော်ကြားသော ရောဂါသည်များမှာ ကိုယ့်ထမင်းကိုယ်စားပြီး ဘယ်လို 'ပေါ်' ရင် ကောင်းမလဲဆိုပြီး ထိုင်စောင့်နေကြတဲ့ ငပေါများ၊ အလုပ်အကိုင်မရှိဘဲ အားနေကြသူများ၊ Internet Cafe တွင် သူငှေးဖြစ်ဖြစ် ခွေးဖြစ်ဖြစ် အသက်မွေးဝမ်းကျောင်းပြုသူများ၊ လစ်တာနဲ့ ကြွားပြီဆိုတဲ့ ကြွားစိန်များ၊ အစွန်းရောက် နိုင်ငံရေးနဲ့ လူမျိုးရေး၊ ဘာသာရေး သမားများ အပြင် နောက်ဆုံး မှာတော့ (နားနှင့်မနာ ဖဝါးနှင့်နာကြပါရန်) နှစ်လုံးတည်းနဲ့ နာမည်ပျက်မယ့် ‘နှာဘူး’တွေနဲ့သာ ပြည့်ညပ်ကျပ်၍ Jam ဖြစ်လျက်ရှိပါကြောင်း။ သူများသာ ပြောတာ ကျွန်တော်လည်း အစောပိုင်းဖြစ်ပုံက ဒါမျိုး။ Hip Hop ထီးနန်းရဲ့ ဘုရင်တစ်ဆူဖြစ်တဲ့ Dr. Dre ရဲ့ Page ထဲ ဝင်မွှေတုန်း လာ Tag ထားတဲ့ ဓာတ်ပုံတွေက ရင်ခုန်စရာတွေချည်းပဲ၊ ဒါနဲ့ဝင်ကြည့်ပြန်တော့ သူတို့ Page တွေက ‘အင်္ဂေါ်’ကြီးတွေဗျ။ အကုန်လုံးက ရောကူးဝတ်စုံ (two piece) တွေနဲ့ ကော့လို့လန်လို့။ ဒါနဲ့ တစ်ရက် အာရုံခပ်နောက်နောက်ဖြစ်တာနဲ့ အကုန်ဒိုင်ခံ Share ပစ်လိုက် တာ News feed မှာ Booty ပုံတွေချည်း flood ဖြစ်သွားတော့ တော်ရုံတန်ရုံ အမျိုးသမီးတွေ ကျွန်တော့်ကို လန့်ဖျပ်ကုန်ကြတယ် ထင်ပါရဲ့။ အဲဒီတုန်းက Profile photo ကို Afro samurai ပုံ တင်ထားတာ နောက်တော့ ကိုယ့်စိတ်ကြိုက် ‘ကိုယ့်’ ဓာတ်ပုံတွေချည်း ကောက် Change လိုက်တော့ တစ်နေ့ထက်တစ်နေ့ လာ Add လိုက်ကြတာများ အလူလိုပဲ။ မနက်မိုးလင်းတာနဲ့ Friend Request Sent လုပ်တဲ့လူ အနည်းဆုံး ဆယ်ယောက်ကျော်တယ်။

အေး x xx နောက်တစ်ခု အမျိုးသမီးတွေ ဟားဟား ဓာတ်ပုံတွေက အပြင်မှာ မဝတ်ရဲတာတွေနဲ့ လန်ထွက်နေတယ်ဆိုတာ သူတို့၊ တချို့ဆို ငယ်ငယ်လေးတွေ ရှိသေးတယ်။ တကယ်ပါ ကိုယ်မွေးရင် ကိုယ့်သမီး အရွယ်တွေ။ ပထမတော့ အထာမနပ်ဘူး၊ Chat Box ‘နဲ’လို့ အသံ မြည်ရင် သွားသွားဖတ်ပြီး ဖြေလေ့ရှိတယ်။ နောက်တော့ sorry ပဲဗျို့၊ ကိုယ်အိမ်ထောင်ရှိမှန်း သိအောင် Relationship Status ကောက် ပျောင်းလိုက်တော့မှပဲ ငြိမ်သွားတော့တယ်။ Status ရေးဖို့ ကွက်လပ်ထဲက မေးခွန်းမှာ "What's on your mind" ကျွန်တော်လည်း ဖြည့်လိုက်ပါတယ်။ 'Tits' လို့ LOL*

ကျန်တဲ့ (သိပ်မရင်းနှီးတဲ့လူတွေ) ကတော့ ဒီလိုမဟုတ်၊ ၎င်းတို့ အသုံးပြုပုံက Diary ဆန်တယ် (အားလုံး မြင်နေရတာကလွဲလို့) စိတ်ဓာတ်ကျစရာနဲ့ စိတ်ညစ်စရာတွေများတယ်။ Status တွေပဲ ထိုင်ဖတ်လို့ကတော့ စိတ်ချလုံးဝအဆင်မပြေဘူး။ ရွဲ့သလို စောင်း သလိုနဲ့ အထင်လွဲစရာတွေ အများကြီးပဲ တချို့ဆို ပေါက်ကွဲသံ ဆူညံချက်က “ဧးပဲကွာ” တို့ ဘာတို့ ဆိုတော့ Unfriend လုပ်လိုက်မိရော၊ တချို့ ညီအစ်ကိုများ ဆဲရေးတိုင်းထွာချက်ကတော့ ပေါ်တင်ပဲ။ ကျားပေါက်က ဘာပြောသလဲ ဆို “သတိထားရမယ်၊ အသုံးမတည့်ရင် အပြင်မှာ တကယ်ခင်တဲ့လူတောင် ကွိုင်ကြတာများတယ်”တဲ့။ ဘယ်သူနဲ့မှ ပြဿနာ မဖြစ်အောင် နောက် ပိုင်းမှာ Privacy ကို သေချာကြပ်မတ်နိုင်ခဲ့ ပါတယ်လေ။

သို့သော်လည်း နောက်ပိုင်း ပိုဆိုးလာခဲ့တယ်။ ကျွန်တော်စကလိဖြစ်တဲ့ Period မှာက လူတွေက ဖွလွန်းလို့ ‘ဖွဘုတ်’ လို့ အမည်တွင်နေတဲ့ အချိန်၊ ဒီကလူတွေ အားနေတယ်ထင်တာ၊ ဟိုကဟာတွေ ပိုဆိုး။ ထွက်လာလိုက်တဲ့ ပြည်တွင်းပြည်ပ 'Troller Page' တွေ နည်းတာ မဟုတ်၊ အကုသိုလ်ကို အင်တာနက်ပေါ် တက်ရှာတဲ့ကောင်တွေလည်း အများကြီးပဲ။ ဟိုတိုက် ဖျက်ရေး၊ ဒီတိုက် ဖျက်ရေးနဲ့ မသိရင် သူတို့ပထွေးက လခပေးထားတဲ့ အတိုင်းပဲ။ ဘာလိုလိုနဲ့ ကျွန်တော် face book ရည်လည် လာပြီး ဓာတ်ပုံ Tag လုပ်တာတို့၊ Check In တို့နဲ့ နောက်ဆုံး Group တွေဘာတွေ ဖွဲ့တတ် လာတယ် ဆိုပါတော့။ အဲဒီချိန်ကအခုအချိန်ထိခေတ်စားနေတာကတော့ မောင်းမငယ်များရဲ့ favorite နှုတ်ခမ်းလေးစူပြီး ရိုက်တဲ့ Duck face ပါပဲ။ “ဟေ့ကောင်၊ မင်းတို့သတိထား။ တချို့က အချိန်ယူပြီး မျက်ကပ်မှန်တပ်၊ ဆံပင်တုစွပ်၊ မျက်တောင်အတုတပ်၊ မိတ်ကပ်ပြင်ပြီး ရိုက်ထားကြတော့ မသိရင် ‘ဝတ်မှုန်ရွှေရည်’ ဒီဇိုင်း၊ အိမ်နေရင်း(သဘာဝ) အတိုင်းဆိုရင် တရုတ်တန်းက ဝတ်သားကောက်ညှင်းထုပ်ရောင်းတဲ့ အန်တီပု”ဆိုပြီးတော့ အရင်းတစ်ယောက်ကသတိပေးတော့ အတော်ကြောက်ရွံ့သွားတယ်။

ဖြစ်နိုင်ရင် ကျွန်တော်က ကြဲ့ရာဆိုင်မှာ အင်တာနက် မသုံးစေချင်ပါ။ သုံးရင်လည်း Log Out သေချာလုပ်စေချင်တယ်။ မုန်တိုင်းသည် တစ်ခါတစ်ရံသင့်ဘဝအား မကြေညာဘဲ ရိုက်ခတ်တတ်၏။ မေမြို့မှာ ရှိုးသွားဆိုတော့ ရန်ကုန်မှာ ကျန်ခဲ့တဲ့ Bigg-Y ဖုန်းဆက်လာပြီး “ဟေ့ကောင် ရသရဲ့ Account ကြီး Hack ခံလိုက်ရပြီလား မသိဘူး။ ရှိသမျှ ဗမာ Hot Model တွေကို ဆဲပြီး ရုပ်ရှင်အစည်းအရုံးကိုလည်း ဆဲထားတယ်”။ ဟုတ်ပါတယ်။ ရစရာကို မရှိပါ။ အဲဒီအချိန်ကစပြီး ကိုယ်စီကိုယ်စီ Extra Account လေးတွေနဲ့ ဖြစ်လာကြတယ်။ တဖြည်းဖြည်း ကျွန်တော်လည်း facebook ရောဂါသည် ဖြစ်လာကာ အအိပ်ပျက်၊ အစားပျက်နဲ့ နောက်ဆုံး မိန်းမနဲ့ပါ အကြီးအကျယ် ကွိုင်တက်လာတဲ့ အထိပဲ။ ဒါနဲ့ အေးဆေးဖြစ်သွားအောင် Capital-J ဆိုတဲ့ Fan Page လေးထောင်မှပဲ ငြိမ်းချမ်းသွားတော့တယ်။ ဘာပဲဖြစ်ဖြစ် facebook ကို အထင်တော့ မသေးစေလိုပါ။ သူမှာ နှိုင်းယှဉ်မရအောင် ကောင်းတဲ့အချက်တွေ ရှိတယ်။ ကျွန်တော့်လို Star Wars ပရိသတ်အတွက် 'Main' Fan Page အပြင် Star Wars နဲ့ ပတ်သက်တဲ့ Page တွေ ရာနဲ့ချီ ရှိတယ်။ ကျွန်တော်တို့ရဲ့ Favorite Musician တွေဖြစ်တဲ့ Jay-Z, Nas, Korn, SYSTEM of A DOWN တို့ရဲ့ နောက်ဆုံးသတင်းတွေနဲ့ Movement တွေ အကုန်သိရတယ်။ ကျွန်တော် ဆို အခု Canada က Underground DJ / Producer တချို့နဲ့ အတော်တောင် ခင်နေပြီ။ Shows, Events တွေရယ် Album Release တို့ Promotion တို့အတွက် လွန်စွာ အကျိုးရှိပါတယ်။ အကုန်ပြောမယ်ဗျာ။ မူလက လက်ဟောင်း (မန္တလေးဇာတိ) နာမည်ကြီး ပန်းချီဆရာ / ဒီဇိုင်နာ တစ်ယောက်ဆို သူ့ပန်းချီကားတွေကို Face book မှာပဲ ဓာတ်ပုံတွေ တင်ပြီး ထိုင်ထိုင်ရောင်းနေတာ မနည်းတော့ဘူး။ ဒီအချက်အလက်တွေကိုတော့ ခင်ဗျားတို့ 'Like' လုပ်သင့်တယ်။

မနှစ်တစ်နှစ်ကမှ The Social Network ဆိုတဲ့ facebook အကြောင်း ရိုက်ထားတဲ့ ရုပ်ရှင်ကို သေချာကြည့်ရှု ခံစားမိတော့ ကျွန်တော် အတော်သဘောကျမိတယ်။ Harvard တက္ကသိုလ် အဆောင် ပြတင်းပေါက် မှန်မှာ Logarithm လေးချရေးပြီး မည်သို့အစပြု ခဲ့ပုံကနေ နောက်ဆုံး တရားစွဲခံရတော့ (နောက်ဆုံးအခန်း) သူချစ်ခဲ့တဲ့ ကောင်မလေးကို သူရှာပြီး Add တာ မရတဲ့အထိ စိတ်ဝင်စားဖို့ ကောင်းပြီး တစ်မူထူးခြားတယ်။ အမှန်တော့ ဒီဇာတ်ကား ဟာ Mark Zuckerberg နဲ့ သူ့ရဲ့ အပေါင်းပါများအကြောင်း ရေးထားတဲ့ 'Accidental Millioners' စာအုပ်အပေါ် အခြေခံထားတာ သိရတဲ့အချိန်မှာ ဒီစာအုပ်ကို ပိုလိုချင်သွားတယ်။ အခုဆို ကျွန်တော့်ကို facebook မှာ Add တာမရလို့ follow လုပ်တဲ့ လူ တစ်သောင်းကျော်သွားပါပြီ။ ဒါတင်ပဲလား၊ လူတွေ သန်းပေါင်းများစွာရဲ့ ဘဝများစွာကို တစ်နည်းတစ်ဖုံနဲ့ ပြောင်းလဲနိုင်ခဲ့တဲ့ facebook ရဲ့ founder Mark Zuckerberg ရဲ့ အကောင့်မှာ followers က သန်းကျော်ရှိတယ်။ ဩော် . . . ဘာလိုလိုနဲ့ သူတို့တောင် ၁၀ နှစ်ပြည့်သွားပြီပဲ။ ဒါကြောင့် Mark ကို Congratulations လို့ပြောရင်း အဲ. . . ခဏနေဦး login ဝင်လိုက်ဦးမယ်ဗျို့။ ■

At It's Very Best.

Don’t miss this chance.

E-200: From $121,888

E-300: From $166,888

E-400: From $188,888

Until 9 March 2014.

* Free 3 years standard servicing
* Free paint protection worth $688

www.mercedes-benz.com.mm

Mercedes-Benz

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.

Hotline: 09 5057045. No. 51 Pyay Road, Mayangone Township, Yangon.

မြန်မာ့စီးပွားရေးစနစ် ပုံစံတကျမရှိသေး

နောင်ရှင်

အစိုးရသက်တမ်း သုံးနှစ်ကျော်ကာလတွင် ပထမဆုံးအကြိမ်အဖြစ် သမ္မတဦးသိန်းစိန်နှင့် မြန်မာ့ထိပ်သီးစီးပွားရေးလုပ်ငန်းများ တွေ့ဆုံခဲ့ပြီးနောက်ပိုင်း ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မြန်မာ့စီးပွားရေးဖိုရမ် အစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြီးခဲ့သည့် သီတင်းပတ်က ကျင်းပခဲ့ရာ "မြန်မာနိုင်ငံသမိုင်းကို ပြန်ကြည့်ရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ ပုံစံတကျရှိတဲ့ အမျိုးသားစီးပွားရေး တစ်ရပ်ကို ပိုင်ဆိုင်နိုင်ခြင်း မရှိသေးတာကို တွေ့ရမှာ ဖြစ်ပါတယ်" ဟု သမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များကို အဓိကထားဖိတ်ခေါ်ခဲ့သည့် အဆိုပါ ဆွေးနွေးပွဲသည် နိုင်ငံရေးအရ ဦးဆောင်မှုပေးနိုင်ရန် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲနှင့် လိုလားချက်များကို သိရှိနိုင်ရန် ကျင်းပခဲ့ခြင်းဖြစ်သည်။

"နိုင်ငံစီးပွားရေးရဲ့ ၉၀ ရာခိုင်နှုန်းရှိတဲ့ ပုဂ္ဂလိက လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်စီးပွား တိုးတက်မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရလက်ထက်မှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အခြေခံကစပြီး အာရုံစိုက်လုပ်ဆောင်ခဲ့ပါတယ်" ဟု ဦးသိန်းစိန်က ပြောသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ကဏ္ဍတစ်ခုချင်းစီအလိုက် လိုအပ်ချက်များကို ငါးမိနစ်စာ တင်ပြဆွေးနွေးခဲ့ရာ အစိုးရအနေဖြင့် စနစ်တကျ အခွန်ကောက်ခံရန် လိုအပ်သကဲ့သို့ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များအကြား အခွန်ရှောင်နေသူများ ရှိနေသည်ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များ ဦးစီးနေသည့် လုပ်ငန်းရှင်များအသင်းချုပ်ကိုယ်စား သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းရှင် ၁၀ ဦးက လိုအပ်ချက်၊ အားနည်းချက်များကို တင်ပြဆွေးနွေးပြီးနောက် "ပုဂ္ဂလိကကဏ္ဍ မြင့်တင်နိုင်ရေးအတွက် အစိုးရနဲ့ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းဆောင်ရွက်နေသူတွေ၊ စီးပွားရေးအသင်းအဖွဲ့တွေ နီးနီးကပ်ကပ် အမြဲထိတွေ့ ဆောင်ရွက်ဖို့ လိုတယ်ဆိုတဲ့ အဖြေတစ်ခုကို ရခဲ့ပါတယ်"ဟု ဦးသိန်းစိန်က ပြောကြားသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည့် ပုဂ္ဂိုလ်များပါဝင်စေပြီး အစိုးရအဖွဲ့ကလည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်များပါဝင်မည့် မြန်မာ့စီးပွားရေးဖိုရမ် ခေါ် အဖွဲ့အစည်းတစ်ခုဖွဲ့စည်း၍ ပံ့မှန်ထိတွေ့ ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

လက်ရှိဘဏ္ဍာနှစ်တွင် ဖေဖော်ဝါရီလ ဒုတိယပတ်အထိ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၇၁ ဘီလျံရှိခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၈၈ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၈,၂၀၀ ကျော်၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ပေါင်း ၁၄၅ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်း ၂၂ သိန်းကျော် ရှိခဲ့သည်။ ■

စီမံကိန်းရုံးခန်းတွင် ပြသထားသည့် အဆောက်အအုံများ၏ နမူနာပုံစံကို စည်သည်များ ကြည့်ရှုနေကြစဉ်။ ဓာတ်ပုံ - ဇာနည်ဖြိုး

အမေရိကန်ဒေါ်လာ သန်း ၂၃၀ တန် အိမ်ရာနှင့် ဟိုတယ်စီမံကိန်း ရန်ကင်းမြို့နယ်၌ စတင်

ဇော်ဝင်းသန်း

စင်ကာပူနိုင်ငံမှ Uni Global Power လီမိတက်သည် ရန်ကုန်မြို့တွင် အမေရိကန်ဒေါ်လာ သန်း ၂၃၀ ရင်းနှီးမြှုပ်နှံကာ အဆင့်မြင့် နည်းပညာသုံး အထပ်မြင့် မိုးမျှော်လူနေ အဆောက်အအုံကိုးလုံး၊ ကြယ်ငါးပွင့်အဆင့်မီ ဟိုတယ်တစ်လုံးနှင့် ဈေးဝယ်စင်တာ၊ နှစ်ရှည်ဝန်ဆောင်မှုပါ နေအိမ်အခန်းများနှင့် ရုံးခန်းများပါ အဆောက်အအုံတစ်လုံးပါ Golden City စီမံကိန်းအား ရန်ကင်းမြို့နယ်၌ တည်ဆောက်မည်ဖြစ်သည်။

တည်ဆောက်ရေးအား မြန်မာနိုင်ငံမှ Nature Link ကုမ္ပဏီနှင့် ပူးပေါင်းတည်ဆောက်မည်ဖြစ်ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြီးခဲ့သည့် စက်တင်ဘာလတွင် လုပ်ပိုင်ခွင့် ချပေးလိုက်ကြောင်း Golden Land အိမ်ခြံမြေလုပ်ငန်းမှ ဥက္ကဋ္ဌ မစ္စတာ Alex Zhu က မြန်မာတိုင်း(မ်)ကို ပြောသည်။

"ဒီစီမံကိန်း တည်ဆောက်ဖို့အတွက် မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး နှစ်နှစ်လောက် လေ့လာစစ်ခဲ့ပါတယ်။ Nature Link ကုမ္ပဏီနဲ့ နှစ်ဖက်နားလည်မှု သဘောတူ စာချွန်လွှာကို ထိုးထားပြီးဖြစ်ပါတယ်။ နောက်မနှစ် မတ်လတုန်းက မြေကွက်ငှားရမ်းသုံးစွဲဖို့အတွက် တင်ပြခဲ့ပြီး စက်တင်ဘာလ ၂၂ ရက်နေ့မှာ အမ်အိုင်စီက ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ မြေကို နှစ်ပေါင်း ၅၀ စာချုပ်နဲ့ ငှားရမ်းထားပြီး ၁၀ နှစ်စီ နှစ်ကြိမ် သက်တမ်းတိုးလို့ ရပါတယ်။ ကျွန်တော့်အထင် ဒါဟာ စင်ကာပူနိုင်ငံ အိမ်ခြံမြေကုမ္ပဏီတစ်ခု အနေနဲ့ ဒီလောက်ကြီးတဲ့ စီမံကိန်းကို မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံတာဖြစ်ပါတယ်။ ဒီစီမံကိန်းအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ သန်း ၂၃၀ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ အဆောက်အအုံများကို ၃၃ ထပ် အမြင့်ဖြင့် တည်ဆောက်မည်ဖြစ်ကာ အထက်တန်းလွှာကလပ်၊ တန်ဖိုးကြီး အသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များ၊ နိုင်ငံတကာ အဆင့်မီ စီးပွားရေးစင်တာနှင့် ဟိုတယ်တို့ပါဝင်မည်ဖြစ်သည်။

စီမံကိန်း၏ ပထမအဆင့်အတွက် ဒေါ်လာ ၈၅ သန်းအကုန်အကျခံကာ ၂၀၁၆ တွင်အပြီး တည်ဆောက်မည်ဖြစ်ပြီး စီမံကိန်း ဒုတိယအဆင့်အတွက် ဒေါ်လာ သန်း ၉၀ နှင့် သန်း ၁၀၀ အထိလျာထားသည်။ ကျန်ရှိနေသေးသော ငွေကြေးပမာဏဖြင့် စီမံကိန်း၏ နောက်ဆုံး တတိယအဆင့်အတွက် ဆက်လက်ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကာ စီမံကိန်းတစ်ခုလုံးအား ၂၀၁၇ နှစ်ကုန်ပိုင်းအတွင်း အပြီးသတ်ရန် ရည်ရွယ်ထားသည်။

စီမံကိန်း ပထမအဆင့်တွင် အထပ် ၃၃ ထပ်မြင့် လူနေအဆောက်အအုံလေးလုံး၊ ဒုတိယအဆင့်တွင် အထပ် ၃၃ ထပ်မြင့် လူနေအဆောက်အအုံ ငါးလုံး၊ တတိယအဆင့်တွင် အခန်း ၂၀၀ ထည့်သွင်းတည်ဆောက်မည့် ကြယ်ငါးပွင့်အဆင့် ဟိုတယ်တစ်လုံး၊ ဈေးဝယ်စင်တာ၊ ရုံးခန်းများနှင့် ဝန်ဆောင်မှုပါ အဌား အိမ်ခန်းများပါဝင်သည့် အထပ် ၃၃ ထပ်မြင့် အဆောက်အအုံတစ်လုံးပါဝင်မည်ဖြစ်သည်။

ကြယ်ငါးပွင့် ဟိုတယ်အား လေးထပ်အဆောက်အအုံအဖြစ် တည်ဆောက်မည်ဖြစ်ရာ မည်သည့် နိုင်ငံတကာဟိုတယ်အုပ်စုနှင့် ပူးတွဲလုပ်ဖြစ်မည်ကို မဆုံးဖြတ်ရသေးကြောင်း Alex Zhu က ပြောသည်။

Uni Global Power လီမိတက်က ရင်းနှီးမြှုပ်နှံသည့် ဤစီမံကိန်းတွင် Golden Land အိမ်ခြံမြေ လုပ်ငန်းကုမ္ပဏီအပြင် နိုင်ငံတကာမှ နာမည်ကြီး ကုမ္ပဏီများ ဖြစ်သည့် အမေရိကန်မှ ကမ္ဘာ့ဒုတိယအကြီးဆုံး Colliers နိုင်ငံတကာ အိမ်ခြံမြေလုပ်ငန်း၊ ဩစတြေးလျမှ Wavely ပန်းမန် ဗိသုကာ၊ တရုတ်နိုင်ငံမှ CSWADI ထိပ်တန်း ဗိသုကာလုပ်ငန်းတို့ ပါဝင်သည်။

စီမံကိန်းပြီးစီးပါက လက်ရှိရန်ကုန်မြို့၌ ကြုံတွေ့နေရသော ဟိုတယ်နှင့် ရုံးခန်းကောင်းမလုံလောက်မှုပြဿနာများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း Alex Zhu ကပြောသည်။

စီမံကိန်းမစတင်မီ ယခင်အဆိုပါ ဝင်းမျက်နှာစာတန်းတွင် ဆိုင်ခန်းငှားရမ်းခဲ့ရာ ဆိုင်ခန်းစုစုပေါင်း ၃၈ ခန်းမှ ပိုင်ရှင်များက ဆိုင်ခန်းဖယ်ရှားပေးရမှုနှင့် ပတ်သက်ပြီး မကျေမနပ်ဖြစ်ကာ ကုမ္ပဏီက ပြန်လည်ဖြေရှင်းပေးခဲ့ရကြောင်း ၎င်းကပြောကြားသည်။

"အရှေ့မျက်နှာစာမှာ ဆိုင်ခန်းပေါင်း ၃၈ ခန်းရှိပါတယ်။ အမှန်တော့ သူတို့ ဆိုင်ငှားရမ်းမှုကို စစ်တပ်နဲ့ ချုပ်ဆိုထားတာဖြစ်ပြီး ငှားရမ်းမှုသက်တမ်းဆိုလည်း လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကတည်းက ကုန်သွားပါပြီ။ အမှန်တော့ အဲဒီကတည်းက သူတို့တွေ ရွှေ့ပေးရမှာပါ။ သူတို့လည်း ငှားရမ်းမှုစာချုပ်သက်တမ်းကုန်နေတာကို သိပါတယ်။ ဒါပေမဲ့ သူတို့ကိုကူညီတဲ့သဘောနဲ့ ကျွန်တော်တို့ရဲ့အကျိုးတူ မြန်မာကုမ္ပဏီက ဆိုင်ခန်းရှင်တွေနဲ့ ကောင်းကောင်းမွန်မွန် တွေ့ဆုံစကားပြောပြီး သူတို့ကိုလည်း ကျွန်တော်တို့ဘက်က ပြောင်းရွှေ့သွားဖို့အတွက် လိုအပ်တာတွေ ကူညီပေးလိုက်ပါတယ်။ တကယ်တမ်းဆို စစ်တပ်က နဂိုကတည်းက သူတို့ကို ရွှေ့ဖို့လုပ်ပေးခဲ့ရမှာပါ"ဟု Alex Zhu က ပြောသည်။ ■

သုံးနှစ်အတွင်း မုဒိမ်းမှု ၄၀ အား တပ်မတော်သားများက ကျူးလွန်ခဲ့

နန်းတင်ထွေး
ရေးသားသည်။

၂၀၁၀ မှ ၂၀၁၃ ခုနှစ်အတွင်း တပ်မတော်သားများမှ အရပ်သူအမျိုးသမီးများအား မုဒိမ်းမှု ၄၀ ကျူးလွန်ခဲ့ကာ နောင်တွင်တိုင်တန်းမှုများရှိလာပါကစီစစ်ပြီး ချက်ချင်းအရေးယူသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် တပ်မတော်ပိုင် သတင်းစာမြဝတီသတင်းတွင် ဆောင်းပါးရှင်တစ်ဦးက ရေးသားထားသည်။

စာရေးသူအမည်မင်းခေါင်ဖြင့် ရေးသားထားသော "ပြစ်ဒဏ်ကင်းလွတ်ခွင့်(Impunity) ဆိုသည်မရှိ၊ ခြွင်းချက်မရှိ အရေးယူအပြစ်ပေးသည့် (Zero-tolerance) မူဝါဒနှင့် ရပ်တည်ကျင့်သုံးလျက်ရှိသည့် တပ်မတော်"ဆိုသည့် ဆောင်းပါးအား စာမျက်နှာ ၁၈ တွင် ဖော်ပြထားသည်။

ဆောင်းပါးတွင်တပ်မတော်သားများကသုံးနှစ်တာကာလအတွင်း မုဒိမ်းမှု ၄၀၊ မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု ၉ မှု၊ စစ်မှုထမ်းများ၏ မိခိုင်သူများအပေါ် ကျူးလွန်သည့်မုဒိမ်းမှု ၁၄ မှုတို့အား အရေးယူခဲ့သည်ဟု ဖော်ပြထားသည်။

ထိုကဲ့သို့ ကျူးလွန်သူများအား ကြိုးပေးပြစ်ဒဏ်၇မှု၊တစ်ကွန်းပို့ပြစ်ဒဏ် ၂၂မှုနှင့်အခြားထောင်ဒဏ်အသီးသီးတို့ကို ချမှတ်အရေးယူခဲ့သည်ဟုလည်း ဖော်ပြထားသည်။

ဆောင်းပါးမှာ ယခုနှစ် ဇန်နဝါရီလက ထိုင်းနိုင်ငံအခြေစိုက်အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာ) (Women's League of Burma) က ထုတ်ဝေသော အစီရင်ခံစာအား ပြန်လည်တုံ့ပြန် ရေးသားထားခြင်းဖြစ်သည်။ ထိုအစီရင်ခံစာတွင် ၂၀၁၀ ပြည့်နှစ်မှစခါ အထောက်အထားများအရ အမျိုးသမီးပေါင်း ၁၀၀ ကျော်မှာ တပ်မတော်သားများ၏ မုဒိမ်းကျင့်မှုကို ခံစားခဲ့ရကြောင်းနှင့် လူ့အခွင့်အရေးကန့်သတ်မှုများကြောင့် ထိုအရေအတွက်မှာအမှန်တကယ်ဖြစ်ရပ်များ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်ဟု ယုံကြည်ကြောင်းလည်း ရေးသားထားသည်။

ကျူးလွန်ခံရသူအများစုမှာ တိုင်းရင်းသားအနွယ်ဝင် တိုင်းရင်းသူများဖြစ်ကာ မြန်မာတပ်မတော်သားများက မုဒိမ်းကျင့်ခြင်းကို တိုင်းရင်းသားများအား ဖိနှိပ်ရန်အတွက်စနစ်တစ်ခုအဖြစ် ကျင့်သုံးလျက်ရှိကြောင်းနှင့် ထိုသို့ကျူးလွန်ခြင်းအတွက်လည်း အစိုးရတပ်မတော်သားများမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် အရေးယူမှုမှ ကင်းလွတ်ခြင်း (Impunity) ရှိနေကြောင်း ဖော်ပြထားသည်။ ထို့အတွက်ဆောင်းပါးရှင်မင်းခေါင်မှ ထိုအရာမှာ မမှန်ကန်ဘဲ စွပ်စွဲရေးသားခြင်းဖြစ်သည်ဟု ရေးသားထားသည်။

အစီရင်ခံစာတွင် အချက်အလက်များအား ထိုင်းကချင်အမျိုးသမီးအဖွဲ့ (Kachin Women's Association Thailand)၊ ကရင်အမျိုးသမီးအဖွဲ့ (Karen Women's Organisation)၊ ရှမ်းအမျိုးသမီးလှုရှားမှုအဖွဲ့ (Shan Women's Association Network)၊ နှင့် ကရင်လူ့အခွင့်အရေး အဖွဲ့အစည်း (Karen Human Rights Group) စုစည်းတင်ပြထားသည်ဟု ဖော်ပြထားသည်။ WLB အား ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့ကာ အဖွဲ့ဝင်အဖွဲ့အစည်းများအဖြစ် ကရင်၊ ကချင်၊ ရှမ်း၊ ပလောင်နှင့် ဗမာအမျိုးသမီး အဖွဲ့အစည်း (၁၃) ခု ပါဝင်သည်ဟု ၎င်း၏ ဝက်ဘ်ဆိုက် စာမျက်နှာတွင် ဖော်ပြထားသည်။

WLB ၏ အဖွဲ့ဝင်ဖြစ်သော ရှမ်းအမျိုးသမီးလှုပ်ရှားမှုအဖွဲ့ (Shan Women's Action Network) ၏ Coordinator ဖြစ်သော မနန်းဆိုင်မွန်းက အစီရင်ခံစာတွင် တင်ပြထားမှုများမှာ အထောက်အထား အခိုင်အလုံဖြစ်ကြောင်း မြန်မာတိုင်း(မ်)အား ဖေဖော်ဝါရီလ ၂၆ ရက်နေ့က တယ်လီဖုန်းဖြင့်ပြောသည်။

"ဒါဟာတကယ်ဖြစ်တာရဲ့အပုံ ၁၀၀ ပုံတစ်ပုံပဲရှိပါတယ်။ ကျွန်မတို့လက်လှမ်းမမီလို့၊ မပြောရဲလို့ မတင်ပြနိုင်တာတွေ အများကြီးရှိပါသေးတယ်။ အစိုးရကနေ ငြိမ်းချမ်းရေးတွေ၊ နိုင်ငံပြုပြင်ပြောင်းလဲရေးတွေ ပြောနေတဲ့အချိန်မှာ ကျွန်မတို့အနေနဲ့ တကယ်ဖြစ်နေတာကို ပြောပိုင်ခွင့်ရှိတယ်လို့ ထင်ပါတယ်။ ကျွန်မတို့ ၁၉၉၆ ခုနှစ်ကနေစပြီး အချက်အလက်တွေ ကောက်ယူခဲ့တယ်"ဟု မနန်းဆိုင်မွန်းက ပြောသည်။ ■

ပြည်သူ့ဟစ်တိုင် သတ်မှတ်ပေးရန် အစီအစဉ်မရှိသေး

ပြည်သူများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးရန် လိုအပ်ချက်များရှိနေသဖြင့် ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ပြည်သူတစ်ဦးချင်းစီ၏ ဆန္ဒများအား လွတ်လပ်စွာ တင်ပြနိုင်သည့် ပြည်သူ့ဆန္ဒဟစ်တိုင်အဖြစ် နေရာတစ်ခု သီးသန့်သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြောသည်။

"ပြည် သူ တစ် ယောက် ချင်းစီ အနေဖြင့် ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးရာမှာ လိုအပ်ချက်များ ရှိနိုင်သေးသည့်အတွက် အဆိုပါလိုအပ်ချက်များမှ တစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် အနှောင့်အယှက်များ ဘေးပယောဂများ ကြိုတင်ကာကွယ်နိုင်ရန် အလို့ငှာ လက်ရှိအခြေအနေမှာ ခွင့်ပြုချက်မတောင်းခံဘဲနဲ့ မည်သူမဆို မိမိ၏ ထင်မြင်ယူဆချက်များအား တင်ပြနိုင်သည့် နေရာတစ်ခု စည်းကမ်းချက်များနှင့် ခွင့်ပြုပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်"ဟု ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ပြောသည်။

"ပြည်သူတွေကို မိမိရဲ့ ယူဆထင်မြင်ချက်၊ တွေးခေါ်ချက်တွေကို လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်အတွက် နေရာတစ်ခုသတ်မှတ်ပေးခြင်းဖြင့် နုနယ်သေးတဲ့ ဒီမိုကရေစီနိုင်ငံမှာ တရားဥပဒေစိုးမိုးမှု၊ ထိခိုက်မှုလျော့နည်းစေပြီး လက်ရှိဖြစ်နေတဲ့ ဆန္ဒထုတ်ဖော်မှုတွေကိုလည်း လျော့နည်းစေမှာဖြစ်ပါတယ်"ဟု ဒေါက်တာစိုးရင်က ပြောသည်။

အိအိတိုးလွင် ■

သတင်းတိုများ

ပြည်သူတို့တိုင်ကြားစာကို ပြန်ကြားမှုမရှိသည့်ဌာနများရှိနေ

လွှတ်တော်သို့ ပေးပို့တိုင်ကြားလာသည့် ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာများကို ကျန်းမာရေး၊ နယ်စပ်ရေးရာ၊ သမဝါယမ၊ အလုပ်သမား၊ နိုင်ငံပိုင်အဆောက်အအုံများ ရောင်းချရေး ကော်မရှင်၊ သတ္တုတွင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့က လုံးဝပြန်ကြားမှုမရှိကြောင်းသိရသည်။ ထို့အတူ မန္တလေး၊ ပဲခူး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကလည်း အမှုတွဲများကို ဖြေရှင်းပေးခြင်းမရှိခြင်းနှင့် ပြန်ကြားခြင်းမရှိကြောင်း ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏အစီရင်ခံစာအရ သိရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့သည့်အမှုတွဲ ၅၃၅ တွဲတွင် ၁၂၃ တွဲကိုပြန်ကြားခြင်း၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ပေးပို့အမှုတွဲ ၉၂ တွဲတွင် ၆၅ မှုပြန်ကြားခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ပြန်ကြားချက် ၁၎၀ ကိုသာ ရရှိခဲ့သည်။ ကော်မတီကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင်စတင်ဖွဲ့စည်းခဲ့ပြီး ထိုအချိန်မှ ၂၀၁၃ ခုနှစ်ကုန်အထိ တိုင်ကြားစာ အမှုတွဲပေါင်း ၁၁,၃၆၂ တွဲရှိပြီး သက်ဆိုင်ရာ ဌာနများက အမှုတွဲပေါင်း ၁,၀၂၄ တွဲသာ ပြန်ကြားဖြေရှင်းခဲ့သည်။

အမျိုးသမီးဝန်ကြီးဌာန ထားပေးရန် တောင်းဆိုခြင်း လွှတ်တော်ပယ်ချ

နိုင်ငံတကာနှင့်တန်းတူ အမျိုးသမီးများကို အထူးအခွင့်အရေးပေး စနစ်ကျင့်သုံးပြီး နှစ်ရှည်လများရပ်တည်နိုင်ရန် အမျိုးသမီးဝန်ကြီးဌာနတစ်ခုထားပေးသင့်ကြောင်း ချင်းပြည်နယ် ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမိ်း တင်ပြခြင်းကို သမ္မတရုံးဝန်ကြီး (၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အမျိုးသမီးများ ပညာသင်ကြားမှု အခွင့်အလမ်းများ အပြည့်ရရှိခြင်း၊ လူမှုဘဝပြည့်စုံလုံခြုံစွာရရှိနေခြင်း၊ အရည်အချင်းရှိသော အမျိုးသမီးပြည်ထောင်စုဝန်ကြီးများရှိသည့်အတွက် သီးခြားအနေဖြင့် အမျိုးသမီးများကိုသာ ခန့်အပ်ရမည်ဟု ဥပဒေပြဋ္ဌာန်းချက်များမရှိပါသဖြင့် အမျိုးသမီးရေးရာဝန်ကြီးဌာနတစ်ခု သတ်မှတ်ထားရှိရန် မဖြစ်နိုင်ပါသေးကြောင်း ပြည်သူ့လွှတ်တော်က ဖေဖော်ဝါရီ ၂၄ ရက်နေ့အစည်းအဝေးတွင် ပြန်ကြားခဲ့သည်။ မြန်မာအမျိုးသမီးများအတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Gender Equality Network တို့ပူးပေါင်းပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေတစ်ရပ် ရေးဆွဲနေကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။ ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးဝန်ထမ်းများ၊ အရာထမ်းများကိုလည်း ဖော်ပြခဲ့ပြီး အမျိုးသမီးဝန်ကြီးဌာနပေါ်ပေါက်ရေးကို ပယ်ချခဲ့သည်။

စုလှိုင်ထွန်း စုစည်းတင်ပြသည်။

အခွန်ပြင်ရန်နှင့်ကျောက်စိမ်းလုပ်ကွက် သက်တမ်းတိုးရန် ဦးတေဇတောင်းဆို

နေအောင်ရှင်

ပြီးခဲ့သည့်သီတင်းပတ်အတွင်း သမ္မတဦးသိန်းစိန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံခဲ့ရာ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဖြစ်သူ ဦးတေဇက အခွန်ကောက်ခံမှုနှင့် နှုန်းထားများ ပြင်ဆင်ရန်နှင့် ရပ်နားထားသော ကျောက်စိမ်းလုပ်ကွက်များ သက်တမ်းတိုးဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။

"နိုင်ငံတကာက ပြပွဲတွေ၊ ရောင်းချပွဲတွေ ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာနိုင်ဖို့ ကျွန်တော်တို့နိုင်ငံရဲ့ အခွန်ကောက်ခံမှုစနစ်နဲ့ နှုန်းထားတွေကို ပတ်ဝန်းကျင်နိုင်ငံတွေနဲ့အညီ ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ပေးနိုင်ရေးက အဓိကဖြစ်နေပါတယ်"ဟု ထိပ်သီးစီးပွားရေးလုပ်ငန်းရှင် ဦးတေဇက တောင်းဆိုခဲ့သည်။

ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ အရောင်းစျေးကွက် နည်းပျူဟာကြောင့် ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သော အကြိမ် (၅၀) မြောက် ရွှေရတုကျောက်မျက်ရတနာပြပွဲတွင် ယူရိုငွေ ၂၄၁၁ သန်းကျော်အထိ အများဆုံး စံချိန်တင်ရောင်းချခဲ့ရသည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

ကချင်ပြည်နယ်အတွင်းရှိ လုံးခင်း-ဖားကန့်နယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများ ရပ်ဆိုင်းထားခဲ့သည်မှာ နှစ်နှစ်ခန့်ကြာပြီဖြစ်သည့်အတွက် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်ကြီးများအနေဖြင့် ငွေကြေးအရင်းအနှီး နစ်မြုပ်နေကြရာ "နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတွေ နစ်နာမှုရှိသလို ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို မိခိုနေတဲ့ ပြည်သူလူထုအနေနဲ့လည်း အလုပ်လက်မဲ့ဖြစ်ကာ စားဝတ်နေရေးကျပ်တည်းမှုတွေ ကြုံတွေ့နေရပါတယ်။ ဒီလို ရပ်ဆိုင်းမှုတွေ ဆက်ဖြစ်နေရင် ကျောက်စိမ်းစျေးကွက်တစ်ခုလုံး ကုန်ကြမ်းပြတ်လပ်မှုနဲ့ ကြုံလာမှာ မလွဲမသွေဖြစ်ပါတယ်" ဟုလည်း ဦးတေဇက ပြောဆိုခဲ့သည်။

သမ္မတဦးသိန်းစိန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးတေဇ တင်ပြနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ/စိုးသန်းဝင်း

ငွေကြေးလည်ပတ်မှုရှိစေရန်နှင့် ပြည်တွင်းကုန်ကြမ်းပြတ်လပ်မှုမရှိစေရန် ဘဏ္ဍာရေးနှစ်တစ်ခုစီတိုင်းတွင် နိုင်ငံတကာဖိတ်ခေါ်ရောင်းချပွဲတစ်ကြိမ်နှင့် ပြည်တွင်းသုံး ကျပ်ငွေဖြင့် အသားကျောက်ရောင်းချပွဲတစ်ကြိမ် ကျင်းပပေးနိုင်ရန် လိုအပ်သည်ဟုလည်း သိရသည်။

ကျောက်မျက်ရတနာပြပွဲနှင့် ရောင်းချပွဲများ လက်ခံကျင်းပနိုင်ရန် ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ ကျောက်မျက်ရတနာခန်းမကို 'ထူး' ဖောင်ဒေးရှင်းက ကျပ်သိန်းငါးထောင်ခန့် အကုန်အကျခံ လှူဒါန်း၍ အဆင့်မြှင့်တင်မွမ်းမံလျက်ရှိရာ ကျောက်မျက်လက်ဝတ်ရတနာများအား အရည်အသွေးအာမခံ ရောင်းချပေးနိုင်ရန် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ဓာတ်ခွဲခန်းလည်း ထည့်သွင်းတည်ဆောက်နေပြီး ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် ပြပွဲများ၊ ရောင်းချပွဲများ လက်ခံကျင်းပနိုင်မည် ဖြစ်သည်ဟု ဦးတေဇ၏ 'မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး' စာတမ်းတွင် ဖော်ပြထားသည်။

နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း လုပ်ကိုင်နေသည့် ကုမ္ပဏီ ၂၀၅ ခုနှင့် ပုဂ္ဂလိကတူးဖော်ရေး ကုမ္ပဏီ ၃၂၈ ခုအပြင် ဆက်စပ်လုပ်ငန်းများ လုပ်ကိုင်နေသည့် လုံးခင်း-ဖားကန့် ရတနာနယ်မြေတွင် နိုင်ငံတော်သို့ အခွန်ပေးဆောင်ခြင်းမရှိဘဲ အမည်ခံဝင်ရောက်လုပ်ကိုင်နေကြသည့် ပြည်ပကုမ္ပဏီများလည်း ရှိနေသည်ဟု တွေ့ဆုံပွဲအပြီး မိဒီယာများနှင့် တွေ့ဆုံစဉ် ဦးတေဇက ပြောကြားခဲ့သည်။ ■

ထိုင်းရေနံကုမ္ပဏီ PTTEP က အမေရိကန်ဒေါ်လာ သန်း ၃,၀၀၀ ကျော် တိုးချဲ့ရင်းနှီးမြှုပ်နှံမည်ဟု ကြေညာ

နေအောင်ရှင်

မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို ၂၅ နှစ်ကြာ လုပ်ကိုင်နေခဲ့သည့် ထိုင်းနိုင်ငံမှ ပီတီတီအီးပီ (PTTEP) ကုမ္ပဏီက လာမည့်ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၃ ဒသမ ၃ ဘီလျံ တိုးချဲ့ရင်းနှီးမြှုပ်နှံရန် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ခုနစ်ကွက်အား လုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံတော်ပိုင် ပီတီတီအီးပီကုမ္ပဏီ၏ မြန်မာနိုင်ငံအတွင်း ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ "ကျွန်တော်တို့ ကုမ္ပဏီရဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေထဲမှာ မြန်မာနိုင်ငံက ဒုတိယအများဆုံးပါပဲ။ မြန်မာနိုင်ငံနဲ့ ရေရှည်လက်တွဲလုပ်ဆောင်သွားမှာပါ"ဟု ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာ Tevin Vongvanich က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အဓိက ဝယ်ယူရေးကုမ္ပဏီဖြစ်သည့် PTTEP သည် မြန်မာနိုင်ငံ၌ ပထမဆုံးရေနံရှာဖွေရေးလုပ်ငန်းကို ၁၉၈၉ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး လက်ရှိတွင်လည်း ကုန်းတွင်းပိုင်းလုပ်ကွက်နှစ်ခုနှင့် ကမ်းလွန်လုပ်ကွက် ငါးကွက်ကို လုပ်ကိုင်ခွင့်ရရှိထားပြီး ဖြစ်သည်။

PTTEP ကုမ္ပဏီလုပ်ကိုင်ခွင့်ရရှိထားသည့် မုဒ္တမကမ်းလွန်မှ M-3 လုပ်ကွက်သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများ အောင်မြင်ခဲ့ပြီး ၂၀၁၈ ခုနှစ်ခန့်တွင် စီးပွားဖြစ်ထုတ်လုပ်နိုင်မည်ဟု စွမ်းအင်ဝန်ကြီးဌာနကပြီးခဲ့သည့် နှစ်လယ်ပိုင်းတွင် ကြေညာခဲ့ပြီး ဖြစ်သည်။

"M-3 လုပ်ကွက်က စီးပွားဖြစ်ထုတ်လုပ်ဖို့ အချိန်ယူရဦးမှာပါ။ ထွက်ရှိလာမယ့် သဘာဝဓာတ်ငွေ့ကို ဘယ်လို အချိုးကျခွဲဝေထုတ်ယူမယ်ဆိုတာပြောဖို့တော့ အချိန်စောနေပါသေးတယ်"ဟုလည်း မစ္စတာ Tevin က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

PTTEP ကုမ္ပဏီအနေဖြင့် ကုန်းတွင်းပိုင်းလုပ်ကွက် MOGE-3, PSC-G နှင့် EP-2 တို့အပြင် ကမ်းလွန်လုပ်ကွက်များဖြစ်သော MD-7, MD-8 နှင့် MD-11 လုပ်ကွက်များတွင်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဟုလည်း ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် PTTEP ၏ ပထမဆုံးကိုယ်ပိုင်စိမ်ကိန်းတစ်ခုဖြစ်သော ဇောတိက (M-9) စိမ်ကိန်းအား တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၃၀၀ နှုန်းဖြင့် ယခုနှစ်အတွင်း စတင်ထုတ်လုပ်သွားမည်ဖြစ်သော်လည်း မြန်မာနိုင်ငံပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့ မည်မျှရရှိမည်ကို မသိရပေ။

"ကျွန်တော်တို့ကုမ္ပဏီ လုပ်ကိုင်ခွင့်ရရှိထားတဲ့ စိမ်ကိန်းတွေမှာ တစ်ဦးတည်းရင်းနှီးမြှုပ်နှံတာမျိုးအပြင် ပူးပေါင်းရင်းနှီးမြှုပ်နှံတာတွေလည်း လုပ်ကိုင်သွားဖို့ရှိပါတယ်။ ခုကြေညာထားတဲ့ လာမယ့်ငါးနှစ်တာအတွင်း ရင်းနှီးမြှုပ်နှံမယ့် ပမာဏမှာ M-3 လုပ်ကွက်အတွက် မပါသေးပါဘူး"ဟု မစ္စတာ Tevin က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတော်ပိုင် PTTEP ကုမ္ပဏီ၏ လက်ရှိရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၀ ဘီလျံကျော်ရှိပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသော ပမာဏမှာ ကန်ဒေါ်လာ တစ်ဘီလျံကျော်ရှိသည် သိရသည်။ ■

ထိုင်းပဋိပက္ခကြောင့်ခရီးသွားဝင်ရောက်မှု ကျဆင်းသွားခဲ့ပြီး ယခုပြန်လည်မြင့်တက်

ဥက္ကလင်းအောင်နှင့် အိအိသူ

ထိုင်းနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသည့် နိုင်ငံရေး ပဋိပက္ခများကြောင့်ယမန်နှစ် ဒီဇင်ဘာလနှင့် ယခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားအရေအတွက် ကျဆင်းသွားခဲ့သော်လည်း ဖေဖော်ဝါရီလအတွင်း ပြန်လည်တိုးတက်လာခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွင်း နိုင်ငံရေးပဋိပက္ခများကြောင့် အိမ်နီးချင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ခရီးသွားရာသီဖြစ်သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ကျဆင်းသွားခဲ့ပြီး ဘန်ကောက်မှ ရန်ကုန်သို့ လေကြောင်းခရီးဖြင့် လာရောက်သည့် ခရီးသွားဦးရေသည် ၄၀ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ဖေဖော်ဝါရီလအတွင်း ၈၀ ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်လာခဲ့ကာ ယခင်လထက် နှစ်ဆပိုမိုလာကြောင်း အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း(အမ်အေအိုင်)မှ ပြည်သူ့ဆက်ဆံရေးအရာရှိဒေါ်အေးမရသာက မြန်မာတိုင်း(မ်)ကို ပြောသည်။

"ပြီးခဲ့တဲ့လတွေတုန်းက ခရီးစဉ်တစ်ကြောင်းကို ခရီးသည် ၄၀ လောက်နဲ့ပဲ ပြေးဆွဲခဲ့ရတယ်။ ဒီလထဲတော့ ခရီးသည် အဝင်ရော အထွက်ရော ၁၀၀ နီးပါးလောက်အထိ ပြန်မြင့်တက်လာတယ်။ နောက်ပိုင်းလည်း ဒီထက် ပိုတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ဒေါ်အေးမရသာကပြောသည်။

သို့သော် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးသွားအရေအတွက်မှာ မူလခန့်မှန်းထားသည့်အတိုင်း ပြည့်မီနိုင်သည်ဟု ပြောကြားသည်။

မြန်မာနိုင်ငံသို့ လေကြောင်းမှတစ်ဆင့် ဝင်ရောက်လာသည့် ခရီးသွားဦးရေသည် ကျဆင်းသွားခြင်းမရှိသလို နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် ခရီးသွား ပိုမိုများပြားလာကြောင်း ၎င်းက မြန်မာတိုင်း(မဲ)ကိုပြောသည်။

"လူဦးရေက လျော့မသွားနိုင်ဘူးလို့ထင်ပါတယ်။ ဒါပေမဲ့ အရင်နှစ်တွေကလို လွယ်လွယ်နဲ့တော့ မပြည့်လောက်ပါဘူး။ နှစ်ကုန်ရင်တော့ ခန့်မှန်းထားတဲ့အတိုင်း ပြည့်နိုင်ပါတယ်" ဟု ဦးတင်ထွန်းအောင်က ပြောသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည် သုံးသန်း၀င်ရောက်ရန် ခန့်မှန်းထားသည်။

လက်ရှိအချိန်၌ မြန်မာနိုင်ငံသည် နိုင်ငံတကာ၏ အာရုံစူးစိုက်ခံရမှုအများဆုံးနိုင်ငံဖြစ်နေခြင်းကြောင့် ခရီးသွားဧည့်သည်များ၏ သွားရောက်လည်ပတ်ရန် စိတ်၀င်စားခံလာရခြင်းဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းနိုင်မှု များစွာလိုအပ်လာမည်ဖြစ်သည်။ ကြယ်ငါးပွင့် အဆင့် ဟိုတယ်ကြီးများအပါအဝင် ဟိုတယ်ကြီးများသည် စီးပွားရေးသီးသန့်ဆိုင်ရာ တည်းခိုမှုအဆင့်ရောက်ရှိနေခြင်းဖြစ်ပြီး သာမန်ခရီးသွားများအနေဖြင့် မိုတယ်နှင့် အင်းအဆင့် တည်းခိုရန် နေရာများကိုသာ ပိုမိုအသုံးပြုလာကြသည်။

"တစ်ည ဒေါ်လာ ၂၀၀ ဆိုတာကို (သာမန်) ဘယ်ဧည့်သည်ကမှ ပေးပြီး မတည်းချင်ကြတော့ဘူး။ အခုနောက်ပိုင်းက ပိုတယ်၊ အင်းလို တည်းခိုဖို့နေရာတွေလည်း ပိုပြီးဖွင့်လာကြတော့ ဧည့်သည်တော်တော်များများက အဲဒီလိုနေရာတွေမှာ ပိုပြီးတည်းလာကြတာများတယ်။ ပုဂံဆိုလည်း ဟိုတယ်ကြီးတွေမှာ မတည်းကြတော့ဘူး။ တည်းခိုခန်းတွေမှာ တည်းကြတာများလာကြတယ်။ ကျွန်တော်တို့ဆို နောက်ပိုင်း ဟိုတယ်တွေနဲ့ချိတ်ပြီး အလုပ်လုပ်တာတောင်နည်းသွားပြီ" ဟု Freedom ခရီးသွားလုပ်ငန်းမှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်မင်းထွန်းကပြောသည်။ ■

ပထမဦးဆုံးအကြိမ်အဖြစ် မွတ်စလင် လူငယ်ဖိုရမ် ကျင်းပ

မြတ်နိုးဦး

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ်မွတ်စလင်လူငယ်ဖိုရမ်ကို ဖေဖော်ဝါရီလ ၂၂ နှင့် ၂၃ ရက်နေ့များက သန်လျင်ဒါရိုခါဝင်းအတွင်း၌ ကျင်းပနိုင်ခဲ့ပြီး ဒေသအသီးသီးမှ လူငယ်ပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

အာဆီယံနိုင်ငံများတွင် ကျင်းပနေသည့် ဖိုရမ်ကို မြန်မာနိုင်ငံမှ အရည်အချင်းပြည့်မီသူ မည်သူမဆို တက်ရောက်နိုင်ရန် ယခုဖိုရမ်တွင် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်သည်ဟု ဖိုရမ်သို့ တက်ရောက်လာသော အစ္စလာမ်ဓမ္မပိမာန်မှ အလံဟာဂျီဦးအေးလွင်က ပြောသည်။

"ကျွန်တော်တို့အိမ်နီးနားချင်း ၁၀ နိုင်ငံက အာဆီယံနိုင်ငံများကလည်း လူငယ်ဖိုရမ်တွေကို လုပ်နေပြီ။ ဖွံ့ဖြိုးတိုးတက်ရေးတွေကို လုပ်နေပြီ။ ဒီညီလာခံကြီးကနေပြီးတော့ အာဆီယံဖိုရမ်ကို ကိုယ်စားပြုနိုင်မယ့် မြန်မာပြည်ရဲ့ ဘယ်လူမျိုး ဘယ်ဘာသာမဆို အရည်အချင်းပြည့်မီရင် ရွေးချယ်ခြင်းခံရမယ်။ အဲဒီအတွက်ကိုလည်း လေ့ကျင့်ပျိုးထောင်တဲ့အနေနဲ့ နှစ်ရက်တာဖိုရမ်ကိုကျင်းပရခြင်းဖြစ်တယ်။ လူငယ်ရဲ့ အားမာန်ဆိုတာ အမှန်တရားကို ရင်ဆိုင်ရဲတယ်။ သတ္တိရှိတယ်။ ဒါပေမဲ့ မှန်ကန်သောလမ်းကြောင်းပေါ်မှာ အဲဒီစွမ်းအားတွေကိုအသုံးချဖို့ လိုအပ်တယ်" ဟု ၎င်းက ပြောသည်။

ယခုဖိုရမ်တွင် လူငယ်ကိုးဦးကို အများသဘောတူရွေးချယ်ပြီး ထိုကိုးဦးမှ နှစ်ဦးကို ပြန်လည်စိစစ်ရွေးချယ်၍ မြန်မာလူငယ်ဖိုရမ်တွင် ပါဝင်ရမည်ဖြစ်သည်ဟု ဖိုရမ်ဖြစ်မြောက်ရေးကော်မတီမှ ဦးမောင်မောင်စိုးက ပြောကြားသည်။

"ကျွန်တော်တို့ သမိုင်းတစ်လျှောက်မှာ လွတ်လပ်ရေးသမိုင်းမှာကော ဒီမိုကရေစီအရေးကြိုးပမ်းမှုမှာကော ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်လူငယ်တွေ အားလုံးက ဘယ်အချိန်တုန်းကမှ နောက်တန်းမှာမကျန် ခဲ့ကြဘူး။ ကျွန်တော်တို့ အမြဲတမ်းဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံနဲ့ ဒုက္ခတွေကို ကျွန်တော်တို့ တွဲပြီးတော့ ရင်ဆိုင်ခဲ့ရတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အစ္စလာမ်ဘာသာဝင်တစ်ယောက်ပဲ။ ၂၀၀၇ ခုနှစ်က ရွှေဝါရောင်တော်လှန်ရေးမှာလည်း ကျွန်တော် သံဃာတော်တွေနဲ့အတူ မေတ္တာသုတ် ရွတ်ပြီးပါဝင်ခဲ့တယ်။ ကျွန်တော်တို့ ပင်လယ်ထဲမှာ လှိုင်းကြီးလေထန်နဲ့ ဒုက္ခတွေကိုအတူတူ ခံစားခဲ့ရတယ်။ ကမ်းလည်းမြင်လာကော ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်တွေနေခဲ့ကြတော့ ဆိုတာမျိုးဖြစ်နေတယ်။ ဒါကတော့ ဝမ်းနည်းဖို့ကောင်းတာပေါ့"ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသားသမဂ္ဂရွေးကောင်စီကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ကိုစည်သူမောင်က ပြောသည်။ ■

အလုပ်ကြော်ငြာ

Executive Search
Recruiting for you

NEW VACANCIES APPLY NOW!

- Business Development manager
- Marketing manager
- Sales and distribution manager
- Brand manager
- Logistic officer
- Medical doctor
- Project manager
- Sales engineer
- Site engineer
- Chief Accountant
- Accountant
- HR Manager
- HR Executive
- Legal executive
- Secretary
- Passenger service agent (airline)
- Receptionist
- Customer service

No. 851/853 (A/B), 3rd Floor, Room (7/8), Bogyoke Aung San Road,
Lanmadaw Township, Yangon, Myanmar.
Tel: (951) 229 437, 09 49 227 773, 09 730 94007
Email: esearch@yangon.net.mm, esearch.myanmar@gmail.com
www.esearchmyanmar.com www.facebook.com/esearchmyanmar

ကြယ်ငါးပွင့် သဘော်လုပ်ငန်းပိုင် ပင်လယ်ကူးသဘော်တစ်စင်းအား တွေ့ရစဉ်။ ဓာတ်ပုံ - မြန်မာတိုင်း(မ)

မြန်မာ့ကြယ်ငါးပွင့် သဘော်လုပ်ငန်းက တစ်ပတ်ရစ် သဘော်သုံးစင်း ဝယ်ယူ

ရွှေကူသစ္စာ

မြန်မာ့ကြယ်ငါးပွင့် သဘော်လုပ်ငန်းမှ တန်ခိုန် တစ်သောင်းဝန်းကျင်ရှိ ဂျပန်နိုင်ငံတွင် တည်ဆောက်သည့် တစ်ပတ်ရစ် သဘော်သုံးစင်းကို ပင်လယ်ကူးသဘော်လုပ်ငန်းတွင် ဝယ်ယူ အသုံးပြုသွားမည်ဖြစ်ကြောင်း မြန်မာ့ကြယ်ငါးပွင့် သဘော်လုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးမောင်မောင်စိုးကပြောသည်။

မြန်မာ့ကြယ်ငါးပွင့် သဘော်လုပ်ငန်းတွင် ရှိသော သဘော်အချို့၏ သက်တမ်းမှာ နှစ် ၃၀ ဝန်းကျင်နှင့် အထက်ထိရှိပြီဖြစ်ရာ ပြုပြင်ထိန်းသိမ်းစရိတ် ကြီးမားလာသည့်အတွက် တစ်ပတ်ရစ် သဘော်များအား ဝယ်ယူ အစားထိုးလဲလှယ်လျက် စွမ်းအားပြည့် သယ်ဆောင်ပြေးဆွဲနိုင်ရန် ရည်ရွယ်သည်ဟုဆိုသည်။

အဆိုပါဝယ်ယူမည့်တစ်ပတ်ရစ် သဘော်များမှာ ငါးနှစ်မှ ၁၀ နှစ်အတွင်း သက်တမ်းရှိသည့် သဘော်များဖြစ်သည်ဟု ၎င်းကပြောသည်။

"အသစ်ဖြစ်ပြီး အရမ်းစျေးများတဲ့ သဘော်တွေ ကျပြန်တော့လည်း စီးပွားရေးအရ သိပ်တွက်ခြေမကိုက်ပါဘူး။ တည်ဆောက်တာက ဂျပန်မှာဆိုပေမယ့် အသစ်တွေတော့ မဟုတ်ပါဘူး။ တစ်ပတ်ရစ်သဘော်တွေပါ။ ပိုင်ရှင်တွေက အနည်းဆုံး ငါးနှစ်သက်တမ်းသုံးပြီးတဲ့ သဘော်တွေဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ ကျရင်လည်း အေအီးစီ (အာဆီယံ စီးပွားရေးအသိုက်အဝန်း) ကလည်း စတော့မယ်ဆိုတော့ အာဆီယံဒေသတွင်းမှာ အရင်ကတည်းက ၅၅ နှစ်လောက် လုပ်ခဲ့တဲ့သဘော်လိုင်းဖြစ်တဲ့အတွက် သယ်ယူပို့ဆောင်မှုစွမ်းအားပြည့် ပြေးဆွဲနိုင်ဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ သဘော်စွမ်းရည်အပြင် ဝန်ထမ်းတွေလည်း အရေးကြီးတဲ့အတွက်ကြောင့် ဝန်ထမ်းတွေကိုလည်း စွမ်းဆောင်ရည် တက်လာအောင် သင်တန်းတွေ ပေးနေပါတယ်"ဟု ဦးမောင်မောင်စိုးက ပြောသည်။

"ဂျပန်က တည်ဆောက်တာဖြစ်ပြီး အထဲမှာပါတဲ့ အင်ဂျင်တွေကလည်းပဲ ကြယ်ငါးပွင့်မှာ လက်ရှိသုံးစွဲနေတဲ့ အင်ဂျင်ပိုင်းနဲ့ နည်းနည်းတူတဲ့သဘော်ပေါ့နော်။ အဲဒါကိုရှာဖွေဝယ်ယူတာပါ။ ဒီနှစ်ရဲ့နှစ်လယ်ပိုင်းမှာ ရောက်ရှိပါတော့မယ်။ နောက်ပိုင်းမှာလည်း တချို့ သဘော်လိုင်းတွေနေရာမှာ ကြံ့ခိုင်မှုရှိတဲ့ သဘော်တွေနဲ့ မကြာမကြာ အစားထိုးလဲလှယ်သွားဖို့ ရှိနေပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာ့ ကြယ်ငါးပွင့် သဘော်လုပ်ငန်းတွင် ဌာနပိုင် သဘော် ၂၂ စင်းရှိပြီး ၁၄ စင်းမှာ ပင်လယ်ကူးသဘော်အဖြစ် အသုံးပြုနေပြီး အာရှအရှေ့ဖျား ဒေသများနှင့် ပစိဖိတ် သမုဒ္ဒရာဒေသများသို့ ပြေးဆွဲလျက်ရှိသည်။ နှစ်စင်းမှာ ပြည်တွင်းကမ်းရိုးတန်းသွား သဘော်အဖြစ် ဌာနမှ မောင်းနှင်ပြေးဆွဲနေပြီး သုံးစင်းမှာ ပြည်တွင်း ကုန်စည် သယ်ဆောင်ရာတွင် အသုံးပြုသည့်သဘော်အဖြစ် ပုဂ္ဂလိက သို့ အချိန်ပိုင်းစနစ်ဖြင့် ငှားရမ်းထားသည်။ ကျန်ရှိသည့် သုံးစင်းအား ပြည်တွင်း ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝယ်ယူပါက လေလံစနစ်ဖြင့် ရောင်းချသွားရန် စီစဉ်ထားပြီး ပြေးဆွဲမှုရပ်နားထားသည်။

မြန်မာ့ကြယ်ငါးပွင့် သဘော်လုပ်ငန်းသည် ၁၉၆၁ ခုနှစ်တွင် "ပုဂံ"အမည်ရှိ သဘော်ကိုစတင်ဝယ်ယူပြေးဆွဲခဲ့ရာ ယခုအချိန်အထိ ကြယ်ငါးပွင့် သဘော်လုပ်ငန်းပိုင် သဘော် ၂၂ စင်းထိရှိလာခဲ့ပြီး ယခုထပ်မံ ဝယ်ယူသည့် သဘော်သုံးစင်းအပါအဝင် ၂၀၁၄ ခုနှစ်တွင် သဘော် ၂၅ စင်း ရှိလာမည်ဖြစ်သည်။ ■

UNOPS

The United Nations Office for Project Services (UNOPS) in Myanmar is inviting qualified candidates to apply for the following positions:

Sr.	Title and level	Duty Station	Position	Deadline
1.	Programme Assistant(LICA-3)(Re-advertised)	Yangon	National	7 March 14
2	Operations Associate (LICA-4)	Yangon	National	7 March 14
3	Finance, Budget and Reporting Analyst (LICA-5)	Yangon	National	7 March 14
4	Programme Associate (LICA-4)	Yangon/Naypyitaw	National	7 March 14
5.	Field Finance Assistant (LICA-3) (vacancy extended)	Multiple Duty Station	National	11March14

The benefit package for the above positions includes an attractive remuneration, 30 days annual leave and 10 holidays per year, medical insurance learning and development opportunities and a challenging work environment with 250 national and international colleagues.

All applications must be made through the UNOPS E-recruitment System. Please go to https://gprs.unops.org and click on the post that you are interested in applying for. If you do not have access to the internet, please contact UNOPS directly on the numbers below.

For any quires please do not hesitate to contact UNOPS at 95 1 657 281-7 Ext: 147

THE MYANMARTIMES
ADVERTISING HOTLINE
392676, 392928

ဖားကန့်-မိုးကောင်း ကားလမ်း အရှုပ်တော်ပုံ

စည်သူအောင်မြင့်
ရေးသားသည်။

အခုရက်ပိုင်း ထွက်ပေါ်ခဲ့တဲ့ သတင်းတွေထဲမှာ ထူးထူးခြားခြားတစ်ခုကတော့ ဖားကန့်မှာ တွေ့ရတယ်ဆိုတဲ့ ၃၇ တန် ကျောက်တုံးဟာ ကျောက်စိမ်းတုံးမဟုတ်ဘဲ သာမန် ကျောက်တုံးကြီးတစ်တုံးပဲဖြစ်နေတယ်ဆိုတဲ့ သတင်းပါ။ ဒါပေမဲ့ လတ်တလော ကျောက်မျက်လုပ်ငန်းရှင်တွေအကြား၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်နဲ့ သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအဖွဲ့ အကြား ဖြစ်ပွားနေတဲ့ ဖားကန့်-မိုးကောင်း ကားလမ်းဖောက်လုပ်ရေး ငွေရေးကြေးရေး အရှုပ်တော်ပုံ ဇာတ်လမ်းတစ်ခုကတော့ လူတွေသိပ်မသိကြပါဘူး။ ဒီဇာတ်လမ်းထဲ အဓိက ပါဝင်ပတ်သက်သူက ကချင်ပြည်နယ် ဝန်ကြီးချုပ်ဖြစ်ပြီး နောက်ပိုင်း သမ္မတနဲ့ပါ ဆက်စပ်လာတာ တွေ့ရပါတယ်။ ဘယ်လို ငွေရေးကြေးရေး အရှုပ်တော်ပုံမျိုးလဲ၊ ဘာတွေ ဖြစ်ကြသလဲ၊ အာဏာအလွဲသုံးမှုတွေ၊ အဂတိလိုက်စားမှုတွေ ပါဝင်နေသလား၊ အခုနောက်ဆုံး ဘယ်အခြေအနေရှိနေသလဲဆိုတာ ခုတစ်ပတ် ဆွေးနွေးတင်ပြသွားပါ့မယ်။

ဇာတ်လမ်းအစ

ပြီးခဲ့တဲ့နှစ်ဩဂုတ်လက ဒုသမ္မတ စိုင်းမောက်ခမ်း ကချင်ပြည်နယ်ဘက် ခရီးထွက်ပါတယ်။ အဲဒီမှာ ဒေသခံပြည်သူတွေက ဖားကန့်-မိုးကောင်း ကားလမ်းပျက်စီးနေတာကို ပြုပြင်ပေးဖို့ တင်ပြပါတယ်။ ဒုသမ္မတကတော့ ကောင်းပြီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သတ္တုတွင်းဝန်ကြီးဌာနနှစ်ခု တာဝန်ယူပြီး လုပ်ပေးလိုက်ပါဆိုပြီး လမ်းညွှန်ချက်ပေးပါတယ်။ ဒါပေမဲ့ နိုဝင်ဘာလအရောက်မှာတော့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းဟာ သမ္မတ ဦးသိန်းစိန်ကို ဒီလမ်းပြင်ရေးကိစ္စ သူနဲ့ ကျောက်မျက်လုပ်ငန်းရှင်တွေ တာဝန်ယူလုပ်ကိုင်ပါရစေဆိုပြီး တင်ပြပါတယ်။ သမ္မတကတော့ လုပ်ပါ၊ လုပ်ရင် ဘယ်လိုဖြစ်သင့်တယ်ဆိုပြီး လမ်းညွှန်မှုပေးလိုက်တယ်လို့ သိရပါ တယ်။ တကယ့်အဖြစ်မှန်ကတော့ ပြည်နယ် ဝန်ကြီးချုပ်ဟာ ကျောက်မျက်လုပ်ငန်းရှင်တွေနဲ့ လုံးဝတိုင်ပင်ဆွေးနွေးမှုမရှိဘဲ သမ္မတဆီ သွားတင်ပြခဲ့တာပါ။ ဇာတ်လမ်းက အဲဒီမှာ စပါတော့တယ်။

လုပ်ကွက်တစ်ကွက် ကျပ် သိန်း ၁၀၀ ရာဇေ

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်မှာတော့ ကချင်ပြည်နယ်ဝန်ကြီးချုပ်ဟာ မိုးကောင်း-ဖားကန့် ကားလမ်းအဆင့်မြှင့်ပြုပြင်ဖို့ဆိုပြီး ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းရှင်တွေကို အစည်းအဝေးခေါ်ပါတယ်။ အစည်းအဝေးကို ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ သတ္တုတွင်း ဒုဝန်ကြီးနဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက အရာရှိကြီးတွေ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့က တာဝန်ရှိသူတွေ တက်ကြပါတယ်။ လုပ်ငန်းရှင်တွေဘက်ကတော့ ကျောက်မျက်ကုမ္ပဏီ ၅၀၀ ကျော်ရှိတဲ့အနက် အသင်းရုံးချုပ်က တာဝန်ရှိသူတချို့နဲ့ ကုမ္ပဏီ ၂၃ ခုက ကိုယ်စားလှယ်တွေပဲ တက်ခဲ့တာပါ။

အဲဒီမှာ အစိုးရဘက် တာဝန်ရှိသူတွေက မိုင် ၆၀ လောက်ရှည်တဲ့ မိုးကောင်း-ဖားကန့် လမ်း အဆင့်မြှင့်ပြုပြင်ဖို့ ကျောက်စိမ်းကျောက်မျက်ကုမ္ပဏီတွေဘက်က ကိုယ်လုပ်နေတဲ့ လုပ်ကွက်အရေအတွက်အလိုက် လုပ်ကွက်တစ်ကွက်ကို ကျပ်ငွေ သိန်း ၁၀၀ ထည့်ဝင်ဖို့ တောင်းဆိုပါတယ်။ လုပ်ကွက်များတဲ့ ကုမ္ပဏီတွေ များများထည့်ရမယ့် သဘောပါ။

အစိုးရဘက်က ဒီလိုတောင်းခံလာတဲ့အခါ အစည်းအဝေးတက်လာတဲ့ လုပ်ငန်းရှင်နဲ့ ကိုယ်စားလှယ်တွေဘက်က စိတ်ရှုပ်ထွေးသွားကြပါတယ်။ အကြောင်းကတော့ အားလုံး သိကြတဲ့အတိုင်း အခုအချိန်ဟာ အစိုးရနဲ့ ကေအိုင်အေတပ်ဖွဲ့တွေ အပစ်အခတ်ရပ်စဲမထားနိုင်သေးလို့ အားလုံး လုပ်ငန်းရပ်နားထားတဲ့ အချိန်ဖြစ်နေလို့ပါပဲ။ လုပ်ငန်းရပ်ဆိုင်းထားတဲ့ နှစ်နှစ်ကျော်ကာလအတွင်း ယာဉ်ယန္တရားတွေ ဖျက်ဆီးခံရတာ၊ ဂိုဒေါင်တွေ မီးရှို့ခံရတာ၊ တူးဖော်ထားတဲ့ ကျောက်တွေ လုယက်ခံရတာ စတဲ့ပြဿနာတွေ ကြုံခဲ့ကြရတဲ့အပြင် လုပ်ငန်းသုံး ပစ္စည်းတွေ ထိန်းသိမ်းထားလည်း ကုန်ကျခံနေရလို့ ဖြစ်ပါတယ်။ ပြောရရင် ကျောက်မတူးရ၊ ဝင်ငွေမရ၊ ထွက်ငွေချည်းပဲ ရှိနေတဲ့အခြေအနေမျိုးမှာ အစိုးရက အတင်းအကျပ် ငွေကောက်မယ်လို့ ပြောလာလို့ ဖြစ်ပါတယ်။

နောက်ပြဿနာတစ်ခုက အစိုးရဘက်က လုပ်ကွက်တစ်ကွက် ကျပ် သိန်း ၁၀၀ သတ်မှတ်မှုပါ။ ကျောက်စိမ်း ကျောက်မျက်ကုမ္ပဏီတွေဟာ အစိုးရဆီက လုပ်ကွက်လေလံရယူတဲ့အခါ ကျောက်တူးဖို့သက်သက် ရယူထားကြတာမျိုး မဟုတ်ပါဘူး။ မြေစာသယ်ထုတ်ဖို့လမ်းအတွက်၊ မြေစာပုံဖို့နေရာအတွက်၊ ယန္တရားထားဖို့နဲ့ ဂိုဒေါင်တွေအတွက်ပါ ရယူထားကြရတာမျိုးပါ။ ဒီအတွက် ဒီငွေတောင်းခံမှုဟာ များနေပါတယ်။ တွက်ကြည့်ရင် လုပ်ကွက် ၈၀ပေါင်း ၁၆,၀၀၀ ကျော်ရှိတဲ့အတွက် ဝန်ကြီးချုပ်က ကျပ်ငွေ သိန်း ၁၀၀ ကောက်ခံတာ သဘောတူပါ သလားလို့ မေးတဲ့အခါ ဘယ်သူကမှ သဘောတူကြောင်း လက်ထောင်မပြခဲ့ပါဘူး။ ဒါပေမဲ့လည်း အစိုးရဘက်ကတော့ သူဘာသာသူ အားလုံး သဘောတူတယ်ဆိုပြီး လုပ်ကွက်တစ်ကွက် ကျပ် သိန်း ၁၀၀ သတ်မှတ်တယ်ဆိုတဲ့အကြောင်း၊ ပထမ အရစ် ကျပ်ငွေ ၃၃ သိန်းကို ဇန်နဝါရီ ၁၅ ရက်မတိုင်ခင် ငွေစာရင်းအမှတ် CF-002561 ကို ပေးသွင်းဖို့ သတ်မှတ်လိုက်ပါတော့တယ်။

လက်တွေ့

လက်တွေ့မှာတော့ ဘယ်ကျောက်မျက်ကုမ္ပဏီကမှ အဲဒီငွေစာရင်းထဲ လုပ်ကွက်တစ်ကွက် ကျပ် ၃၃ သိန်း မသွင်းကြပါဘူး။ ဒီလိုနဲ့ ပြဿနာက ပြီးမသွားပါဘူး။ ဒီပြဿနာအပေါ် တာဝန်ကျလာတဲ့ ဦးတေဇဦးဆောင်တဲ့ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းဟာ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွေလုပ်၊ အသင်းသားစုံညီ အစည်းအဝေးတွေလုပ်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်နဲ့သွားတွေ့ စသဖြင့် 'ပြာ' သွားအောင် အမျိုးမျိုးလုပ်ကိုင်ကြရပါတော့တယ်။ အကြောင်းကတော့ ကိုယ့်လုပ်ပိုင်ခွင့်တွေ မဆုံးရှုံးသွားကြရအောင်ပါ။ ကိုယ့်စီးပွားပျက်မသွားအောင်ပါ။ အဲဒီလိုနဲ့ ဇန်နဝါရီ ၁၅ ရက်နောက်ပိုင်းအထိ ငွေထည့်ဝင်တာမရှိတော့ ကချင်ပြည်နယ်ဝန်ကြီးချုပ်က ကျောက်မျက်လုပ်ငန်းရှင်အသင်း တာဝန်ရှိသူတွေ သူ့ဆီ လာတွေ့ဖို့ ခေါ်ပါတယ်။ ကျောက်မျက်လုပ်ငန်းရှင် အသင်းကလည်း အစည်းအဝေးကျင်းပပြီး အဲဒီအစည်းအဝေး ဆုံးဖြတ်ချက်အရ ဖေဖော်ဝါရီ ၁၃ ရက်မှာ ကချင်ပြည်နယ် ဝန်ကြီးချုပ်ကို သွားတွေ့ခဲ့ပါတယ်။

ဝန်ကြီးချုပ် ဘာလိုချင်သလဲ

တွေ့ဆုံပွဲမှာ ကျောက်မျက် လုပ်ငန်းရှင်တွေဘက်က ကျောက်လည်းမတူးရ၊ အခက်အခဲတွေလည်း များနေလို့ လုပ်ကွက်တစ်ကွက် ကျပ်ငွေ သိန်း ၁၀၀ ထည့်ဝင်ဖို့ အခက်အခဲရှိနေတဲ့အကြောင်းဖြစ်နိုင်ရင် ဒီလမ်းကို BOT စနစ်နဲ့ ဖောက်စေလိုကြောင်း၊ ဒီလမ်းဟာ ကျောက်မျက်အပါအဝင် စီးပွားရေးလုပ်ငန်း ပေါင်းစုံ သုံးတဲ့အတွက် BOTစနစ်နဲ့ ဖောက်မယ့်သူလည်း ရှိမှာသေချာကြောင်း၊ နောက်ဆုံး မဖြစ်နိုင်လို့ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းကို တာဝန်ပေးရင် အသင်းက ဖောက်ပေးမယ့်အကြောင်း တင်ပြကြပါတယ်။ ဝန်ကြီးချုပ်က အားလုံးကို ပယ်ချပါတယ်။ လမ်းကို သူကိုယ်တိုင် နာယကလုပ် စီမံခန့်ခွဲပြီး တင်ဒါစနစ်နဲ့ ဖောက်ခိုင်းမယ်၊ ဒီအတွက် ငွေပဲပေးပါလို့ဆိုပါတယ်။

ဒီအခါ အသင်းဒုဥက္ကဋ္ဌတစ်ယောက်က လမ်းဖောက်ဖို့ဆိုပြီး ခုလို ကျောက်မျက်လုပ်ငန်းရှင်တွေကို ငွေကြေးသတ်မှတ် လုပ်ဆောင်တာဥပဒေနဲ့ ညီညွတ်မှု ရှိမရှိ၊ မူချပြီး လုပ်တာဟုတ်မဟုတ် မေးမြန်းတဲ့အခါ မူလည်းမရှိ၊ ဥပဒေလည်းမရှိပေမယ့် တကယ်လို့ လုပ်ငန်းရှင်တွေဘက်က ဒါကို ထောက်ပြပြောဆိုခဲ့ရင် သူဘက်ကလည်း လုပ်လို့ရတာတွေ အများကြီး ရှိတယ်ဆိုပြီး ပြန်တုံ့ပြန်ခဲ့ပါတယ်။ ဒါတင်မက လုပ်ကွက်တစ်ကွက် ပထမအရစ် ကျပ် ၃၃ သိန်း ထည့်ဝင်ရမယ်ဆိုရင် အသင်းအနေနဲ့ ကျောက်မျက်ပြပွဲလုပ်တဲ့အခါ ခိုင်ကြေးဆိုပြီး ရောင်းရငွေ တစ်ရာခိုင်နှုန်း စုဆောင်းထားတဲ့ ရန်ပုံငွေ ရှိတဲ့အကြောင်း၊ လက်ရှိ ကျောက်မျက်ပြပွဲ ကော်မတီမှာ ဒေါ်လာ ၁၈ သန်းရှိပြီး ရစရာ ၁၄ သန်း၊ စုစုပေါင်း သန်း ၃၀ ကျော်ရှိတယ်လို့ တင်ပြပါတယ်။ အဲဒီငွေထဲက ပေးနိုင်အောင် ရန်ကုန်ပြန်ညှိမယ်လို့ ဆိုပါတယ်။ ဒီအခါ ဝန်ကြီးချုပ်က ဒါဆိုလည်း အဲဒီပြပွဲရန်ပုံငွေထဲက ဒေါ်လာ ၃၅ သန်း လမ်းဖောက်လုပ်ရေး ရန်ပုံငွေ ထည့်ဝင်ပါဆိုပြီး တောင်းဆိုပါတယ်။ ဒါပေမဲ့ အသင်းတာဝန်ရှိသူတွေက ဒီငွေတွေ အားလုံးပေးလို့ ဖြစ်နိုင်၊ မဖြစ်နိုင် မသိနိုင်သေးဘူး။ ဒီရန်ပုံငွေတွေဟာ နေပြည်တော်ကျောက်မျက်ပြခန်းအပါအဝင် တခြား တည်ဆောက်စရာတွေ လုပ်ဖို့လည်း ရှိနေသေးတဲ့ငွေဖြစ်တဲ့အပြင် ပြည်ထဲရေး၊ သတ္တုတွင်း ဝန်ကြီးဌာနတွေနဲ့ပါဆိုင်တဲ့ ငွေဖြစ်တယ်လို့ ရှင်းပြတဲ့အတွက် ဝန်ကြီးချုပ်က ဒီလိုဆို ဒေါ်လာ ၁၅ သန်းပေးပါ တောင်းဆိုတဲ့ အဆင့်ရောက် သွားပါတယ်။ ပြောရရင် ကျောက်မျက်လုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့ဟာ ဝန်ကြီးချုပ်ဆီက ကျောက်မျက်လုပ်ငန်းတွေ ပြန်စနိုင်မယ့် ကတိမရခဲ့သလို လမ်းဖောက်ရေးကိစ္စ ငွေပေးဖို့ တတောင်းတည်း တောင်းတာ ကြုံခဲ့ရပါတယ်။

> **ကျောက်မျက်ပြပွဲကော်မတီမှာ ဒေါ်လာ ၁၈ သန်းရှိပြီး ရစရာ ၁၄ သန်း၊ စုစုပေါင်း သန်း ၃၀ ကျော်ရှိတယ်လို့ တင်ပြပါတယ်။ အဲဒီငွေထဲက ပေးနိုင်...**

နောက်ဆုံးအခြေအနေ

နောက်ပိုင်း ရန်ကုန်မှာ ကျောက်မျက်လုပ်ငန်း အသင်းသားစုံညီအစည်းအဝေးတွေ လုပ်ပါ

စာမျက်နှာ ၁၂ သို့

ဖားကန့်-မိုးကောင်း ကားလမ်း . . .

စာမျက်နှာ ၁၁ မှ

တယ်။ ကော်မတီအစည်းအဝေးတွေ ထိုင်ကြပါတယ်။ ကျောက်မျက်လုပ်ငန်းရှင်တချို့ ခုလို သူတို့ကို ရန်ပုံငွေ အတင်းအကျပ်တောင်းခံတဲ့ကိစ္စ သမ္မတဆီ စာတင်သူတင်ကြပါတယ်။ လွတ်တော်မှာ မေးခွန်းမေးဖို့ သီပေါအမတ်ဦးရဲထွန်းကလည်း တင်ပြပါတယ်။ ဒါပေမဲ့ ဒီနေ့အချိန်အထိ လွတ်တော် အစီအစဉ်ထဲ မပါသေးပါဘူး။ လမ်းဖောက်လုပ်ရေး ရန်ပုံငွေအဖြစ် သတ္တုတွင်းဝန်ကြီးက ဒေါ်လာနှစ်သန်းပဲ ခွင့်ပြုတယ်လို့ အဖြေထွက်ပါတယ်။ ကချင်ပြည်နယ်ဝန်ကြီးချုပ်ကတော့ ဒေါ်လာနှစ်သန်းနဲ့ ဘာမှလုပ်လို့ မရဘူးလို့ ပြောဆိုထားပါတယ်။ နောက်ဆုံးသတင်းအရ ဦးတေဇက သမ္မတဦးသိန်းစိန်နဲ့ တွေ့ဆုံခဲ့ပြီးပါပြီ။ ဦးတေဇက ကျောက်မျက်လုပ်ငန်းရှင်တွေကို သူ့ရဲ့တွေ့ဆုံမှုရလဒ် ရှင်းပြတာ မရှိသေးတော့ ငွေတောင်းခံနေတဲ့ကိစ္စ ဘယ်လိုဆက်ဖြစ်သွားတယ် မသိနိုင်သေးပါဘူး။

နိဂုံးချုပ်

မြန်မာနိုင်ငံဟာ သယံဇာတ ပေါကြွယ်ဝပါတယ်။ ကချင်ပြည်နယ်မှာ ကျောက်စိမ်းတွေ ထွက်ပါတယ်။ အဲဒီကျောက်စိမ်းတွေနဲ့ပဲ တရုတ်ပြည်က ပြည်နယ်၊ မြို့နယ် တချို့ အတော်ကို ဖွံ့ဖြိုးတိုးတက်သွားခဲ့ပါပြီ။ ကချင်ပြည်နယ်ထဲမှာတော့ အဓိက လမ်းမကြီးတစ်ခုဖြစ်တဲ့ ဖားကန့်-မိုးကောင်းလမ်းဟာ ဒီလောက် နှစ်ကြာလာတာတောင် လမ်းမကောင်းလို့ ပြုပြင်ဖို့ဆိုပြီး ငွေတွေတောင်း အငြင်းပွားနေကြတဲ့အခြေအနေပါ။ ကချင်ပြည်နယ် ဧရိယာထဲမှာလည်း ပြည်သူတွေ ဆင်းရဲနေကြပါတယ်။ အခု ကချင်ပြည်နယ် ဝန်ကြီးချုပ်နဲ့ ကျောက်မျက်လုပ်ငန်းရှင်တွေရဲ့ ငွေရေးကြေးရေး အရှုပ်တော်ပုံကိုကြည့်ရင် မြန်မာပြည် ဘာကြောင့် ဆင်းရဲရသလဲဆိုတာ သုံးသပ်လို့ရမှာ ဖြစ်ပါတယ်။ ■

အုပ်စုဖွဲ့ရိုက်နှက်ခဲ့မှုဌ် ပါဝင်ခဲ့သည်ဆိုသူများနှင့် ပြိုင်ကားများကို မိဘများက ရဲထံသို့ အပ်နှံ

တိုးဝေးအောင်

လှိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ပြိုင်ကားမောင်းသူများက အငှားယာဉ်မောင်းနှင်သူနှင့် ခရီးသည်ကို အုပ်စုဖွဲ့ရိုက်နှက်ခဲ့မှုတွင် ပြစ်မှုကျူးလွန်သူများ၏ မိဘများက ၎င်းတို့၏ သားသမီးများနှင့် ပြိုင်ကားများကို သက်ဆိုင်ရာသို့ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က လာရောက်အပ်နှံခဲ့သည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက် ၁ နာရီ ၁၅ အချိန်က ကိုသက်ဇော်ဝင်း မောင်းနှင်သည့် အငှားယာဉ်ကို ပြိုင်ကားများက ကျော်တက်ပိတ်ရပ်ကာ ယာဉ်မောင်းနှင့် ခရီးသည်ကိုအင်ထိတ်ကြန့်တို့ကို ရိုက်နှက်ထိုးကြိတ်ပြီး အငှားယာဉ်ကို ထုရိုက်ခဲ့သဖြင့် လှိုင်မြို့မရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၀/၄၂၇/၃၂၅/၁၁၄ အရအမှုဖွင့်ပြီးပြစ်မှုကျူးလွန်သူများနှင့် ပြိုင်ကားများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုံစမ်းဆောင်ရွက်နေစဉ် ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ကိုကိုနိုင် မောင်းနှင်ခဲ့သော ၉၀/၇၄၁၄ Nissan Fairlady အဖြူရောင် ပြိုင်ကားကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက် ၂ နာရီ ၅၀အချိန်တွင် မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ တော်ဝင်ချယ်ရီအိမ်ရာ၌ ရပ်ထားသည်ကိုတွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ည ၁၀ နာရီ ၄၅ မိနစ် အချိန်တွင် ကိုထက်(ခ)ဇာနည်(ခ)ဇာနည်ထက်ဝေ မောင်းနှင်ခဲ့သော YGN 3G-1470 အဖြူရောင် V300 ARISTO ပြိုင်ကားကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ည နေ ၆ နာရီခွဲ အချိန်ခန့်တွင် ဝေယံလင်း မောင်းနှင်

ဓာတ်ပုံ - ရဲတပ်ဖွဲ့, ဖေ့စ်ဘွတ်ခ်စာမျက်နှာ

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် ပြိုင်ကားများအား ရဲတပ်ဖွဲ့က သိမ်းဆည်းထားသည်ကို တွေ့ရစဉ်။

ခဲ့သော ၅၄/၈၅၆၇ MAZDARX-8 ခဲပုပ်ရောင် ပြိုင်ကားကိုလည်းကောင်း ၎င်းတို့၏ မိဘအုပ်ထိန်းသူများက လှိုင်မြို့မရဲစခန်းသို့ ပို့ဆောင်အပ်နှံပေးခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့ည နေ ၅ နာရီ ၁၀ မိနစ်အချိန်တွင် ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ထက်အောင်လူ မောင်းနှင်ခဲ့သော GRAND CHIEROKEE JEEP အနက်ရောင်ယာဉ် YGN 4C-4238 နှင့် ကောင်းစည်သူ မောင်းနှင်ခဲ့သော Nissan Fairlady 350Z ခဲပုပ်ရောင်ပြိုင်ကား MDY 7C-5830 တို့ကိုလည်း မိဘအုပ်ထိန်းသူများက ရဲစခန်းသို့ အပ်နှံခဲ့သည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက်နေ ကိုကိုနိုင်၊ ကိုထက်(ခ)ဇာနည်(ခ)ဇာနည်ထက်ဝေ၊ လှိုင်မြို့နယ် (၂) ရပ်ကွက်နေ ဝေယံလင်း၊ တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက်နေ ထက်အောင်လူ၊ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်နေ ကောင်းစည်သူတို့ကို မိဘအုပ်ထိန်းသူများက လှိုင်မြို့မရဲစခန်းသို့ အပ်နှံခဲ့သဖြင့် ၎င်းတို့အားစစ်ဆေးလျက်ရှိသည်။ ■

မြို့တွင်း၌ ယာဉ်ရပ်နားခ ပြန်လည်ကောက်ခံရန် စဉ်းစားနေ

ဒေးဗစ်မိုးဝင်း
ရေးသားသည်။

ယာဉ်မရပ်ရနေရာတွင် ရပ်နားသည့် မော်တော်ယာဉ်တစ်စီးအား ကရိန်းကားဖြင့် ဆွဲယူသွားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - လွင်ကိုတိတ်

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၌ ယာဉ်ရပ်နားခများပြန်လည်ကောက်ခံရန် အစီအစဉ်မှာ အတည်ပြုချက်ရရန် စောင့်ဆိုင်းဆဲဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းတံတား)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လာမယ့် ဘဏ္ဍာနှစ်မှာ ယာဉ်ရပ်နားခ စတင်ကောက်ခံဖို့ လျာထားတုန်းပဲရှိပါသေးတယ်။ အထက်ကိုတင်ပြထားဆဲဖြစ်ပါတယ်။ ခွင့်ပြုမှသာ ကောက်ခံမှာပါ။ အတည်မပြုရသေးပါဘူး"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းတံတား) မှ ဒုဌာနမှူး ဦးမျိုးလွင်က ပြောသည်။

၂၀၁၃-၁၄ ဘဏ္ဍာနှစ်အစ ဧပြီလ ၁ ရက်နေ့မှ စတင်၍ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ ယာဉ်ရပ်နားရန်နေရာများတွင် ယာဉ်ရပ်နားခကောက်ခံခြင်းကို ရပ်ဆိုင်းခဲ့သည်။ သို့သော် အခမဲ့ရပ်နားခွင့်ပြုပြီးနောက်တွင် ယာဉ်များအချိန်ကြာမြင့်စွာ ရပ်နားထားမှု၊ စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှု များပြားလာခဲ့သည်။ ယာဉ်ရပ်နားခ ပြန်လည်ကောက်ခံပါက ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် ဖြေရှင်းနိုင်ရန်ရည်ရွယ်ချက်ဖြင့် ယခုလိုစီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကားတွေကျပ်လို့ဆိုပြီး ယာဉ်ရပ်နားခပြန်လည်ကောက်ခံတော့မယ်လို့ကြားတယ်။ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်မယ်လို့တော့သိပ်မထင်ဘူး။ ယာဉ်ရပ်နားခက တစ်နေရာရပ်တိုင်း ပေးနေရမယ်ဆိုရင် တက္ကစီသမားတွေ၊ မားကက်တင်းဆင်းတဲ့ လူမျိုးတွေ အဆင်မပြေလောက်ဘူး။ တစ်ခါရပ် ကျပ် ၂၀၀ ဆိုရင် ငါးနေရာလောက်ပြောင်းရပ်ရင် ကားရပ်ခတင် ကျပ် ၁,၀၀၀ လောက်ဖြစ်နေပြီ။ တစ်နေရာမှာ ပေးထားပြီး အဲဒီအထောက်အထားနဲ့ နောက်နေရာတွေရော ထပ်ရပ်ခွင့်ရမယ်ဆိုရင်တော့ မဆိုးဘူး။ ရွှေဘုံသာလမ်းမှာဆိုရင် အပေါ်လမ်းနဲ့ အောက်လမ်းနဲ့ မတူတော့ တစ်လမ်းတည်းကို နှစ်ခါထပ်ပေးရတယ်"ဟု တက္ကစီယာဉ်မောင်းဦးမောင်မောင်က ပြောသည်။

အခမဲ့ယာဉ်ရပ်နားခွင့် ပြုလိုက်သောကြောင့် အချို့ တစ်နိုင်တစ်ပိုင် ကားဝယ်ရောင်းလုပ်သည့်သူများအနေဖြင့် ၎င်းတို့ကားများကို အခမဲ့ယာဉ်ရပ်နားရာနေရာများတွင်ရပ်ကာ ရောင်းချခြင်းများလည်း ရှိလာသည့်အတွက် ယခုလို ယာဉ်ရပ်နားခ ပြန်လည်ကောက်ခံပါက အဆိုပါအဖြစ်မျိုး ပပျောက်သွားနိုင်ပြီး စည်းကမ်းမဲ့ယာဉ်ရပ်နားမှု ရပ်တန့်သွားနိုင်သည်ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

"လက်ရှိမှာလည်း စည်းကမ်းမဲ့ရပ်နားတဲ့ယာဉ်တွေကို ဒဏ်ငွေရိုက်တယ်။ ကရိန်းနဲ့ဆွဲပြီး သိမ်းထားတယ်။ ဒဏ်ငွေဆောင်ပြီး ပြန်လွှဲခိုင်းတဲ့စနစ်ကို လုပ်နေပေမယ့် ကားတွေက နေ့တိုင်း အဖမ်းခံနေရတာပဲ။ စည်းကမ်းမဲ့ယာဉ်တွေ အရမ်းများလာတယ်"ဟု သုဝဏ္ဏမှ ယာဉ်မောင်း ကိုဘိုကြီးက ပြောသည်။

ယာဉ်ရပ်နားခကောက်ခံခြင်းကို ၂၀၀၈ ခုနှစ်မှ စတင်၍ ပုဂ္ဂလိက လုပ်ငန်းများသို့ တစ်နှစ်တစ်ကြိမ် လေလံပေးခဲ့ပြီး တစ်နာရီလျှင် ငွေကျပ် ၁၀၀ နှုန်းကောက်ခံခဲ့ပြီး နောက်ပိုင်းတွင် ကျပ် ၂၀၀ ပြောင်းလဲကောက်ခံခဲ့သည်။ သို့ရာတွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်၍ လုပ်ငန်းလိုင်စင်များပြန်လည်အပ်နှံရန် သတ်မှတ်ခဲ့သည်။ ရန်ကုန်မြို့တွင်း ယာဉ်ရပ်နားရန် သတ်မှတ်ထားသော နေရာပေါင်း ၂၀ ဝန်းကျင် ခန့်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်း(ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ယခင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှေ့)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း(သိမ်ဖြူလမ်းမီးပွိုင့်နှင့် ဗိုလ်တထောင်ဘုရားလမ်းမီးပွိုင့်ကြား)၊ ဗိုလ်တထောင်ဘုရားလမ်း(အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ သိမ်ဖြူလမ်းမပေါ်(ဗိုလ်မင်းရောင်လမ်းနှင့် ဒေါ်သိန်းတင်လမ်းကြား)နှင့် အထက်ကြည့်မြင်တိုင်လမ်းမပေါ်(ဟားကရာလမ်းနှင့် ဟံသာဝတီလမ်းကြား) စသည့် နေရာခုနစ်နေရာ၌ အခမဲ့ယာဉ်ရပ်နားရန် သတ်မှတ်ထားသည်။ ■

သတင်းတိုများ

တပ်သိမ်းမြေများ ပိုင်ရှင်ထံပြန်ရောက်ရေး ပြည်ထဲရေးနှင့်သာဆိုင်

တပ်မတော်က သိမ်းဆည်းထားသည့် လယ်ယာမြေများကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးအပ်ပြီးဖြစ်၍ မူလလယ်ယာပိုင်ရှင်များ ပြန်လည်ရရှိရေးသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့်သာ သက်ဆိုင်သည်ဟု တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစောသွေက ဖေဖော်ဝါရီ ၂၀ တွင် ပြည်ထောင်စုလွှတ်တော်၌ ပြောသည်။ တပ်သိမ်းမြေကော တစ်သိန်းခွဲကျော်ကိုပြန်လည်ပေးအပ်မည်ဖြစ်သည်။ **စုလှိုင်ထွန်း**

JICA က အဆင့်မြင့်လယ်ယာ ၃၄၆ ကော်ထုတ်ပေး

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ လယ်ကော ၃၄၆ ကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA က အဆင့်မြင့်လယ်ယာအဖြစ် ဖော်ထုတ်ပေးခဲ့သည်။ အဆိုပါဒေသတစ်ဝိုက်တွင် အဆင့်မြင့်လယ်ယာများဖော်ထုတ်မှု ကော ၁၀,၀၀၀ ကျော်ရှိပြီဟု သိရသည်။ JICA ၏ အကူအညီများတွင် အဆင့်မြင့်လယ်ယာဖော်ထုတ်ပေးခြင်းသည် ပထမဆုံးဖြစ်သည်။ ၎င်းစီမံကိန်းအတွက် ကျပ် သန်း ၅၅၀ ကျော်သုံးစွဲမည်ဖြစ်သည်။ **စုလှိုင်ထွန်း**

မြောက်ဦးဒေသထိန်းသိမ်းရေးသည် ရုန်းလူမျိုးများသာ အဓိကဖြစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးရှိ ရှေးဟောင်းမြို့ဟောင်း မပျက်စီးရေး၊ ထိန်းသိမ်းရေးအတွက် မြောက်ဦးကို အမျိုးသားယဉ်ကျေးမှုအမွေအနှစ်နယ်မြေအဖြစ် သတ်မှတ်မည်ဟု သိရသည်။ မြောက်ဦး၏ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးအတွက် ၁၉၉၂ ဘဏ္ဍာနှစ်မှစ၍ ယခုဘဏ္ဍာနှစ်ထိ ဘဏ္ဍာငွေကျပ်သိန်း ၆၄၀၀ ဒသမ ၀၃ သုံးစွဲပြီးဖြစ်ကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရေးကိုလည်း တိုးမြှင့်မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်မှ သိရသည်။ **စုလှိုင်ထွန်း**

အမြန်လမ်း ယာဉ်မတော်တဆမှု တစ်ဦးသေဆုံး

ဖေဖော်ဝါရီလ ၂၂ ရက်နေ့၊ နံနက် ၄ နာရီခွဲအချိန်က ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်ဘက်မှ မောင်းနှင်လာသည့် တိုယိုတာလင့်ခရူဇာ(မီးခိုးရောင်) ကိုယ်ပိုင်မော်တော်ယာဉ်တစ်စီးမှာ အရှိန်မထိန်းနိုင်၍ မိုင်တိုင်အမှတ် ၃၁၀/၄ နှင့် ၃၁၀/၅ အကြားရှိ သီးကုန်းအမြန်လမ်းရဲစခန်းအပိုင် အထက်ဆည်ချောင်းတံတားအောက်သို့ ထိုးကျသွားကာ လိုက်ပါစီးနင်းသူ အမျိုးသမီး တစ်ဦးသေဆုံးပြီး ယာဉ်မောင်းအမျိုးသား တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူနှင့် ဒဏ်ရာရရှိသူတို့အား မိတ္ထီလာဆေးရုံသို့ အမြန်လမ်းရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။ **ပြည့်သက်ဖြိုး**

ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက တင်မိုးလွင်ကို ဂုဏ်ပြုလွှာချီးမြှင့်

နန္ဒာအောင်

မြန်မာနိုင်ငံမှ မော်ဒယ်တင်မိုးလွင်အား ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးဆိုင်ရာ လှုပ်ရှားမှုတွေမှာ အားကြိုးမာန်တက် ပါဝင်ကူညီပေးတဲ့အတွက် အမှတ်တရဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှာ ကျင်းပခဲ့ပါတယ်။

Talents & Models အေဂျင်စီတည်ထောင်သူဖြစ်တဲ့ မော်ဒယ်တင်မိုးလွင်အနေနဲ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထဲမှာ ကိုရီးယားသမ္မတနိုင်ငံ ခရီးသွားဌာနက ပေးအပ်တဲ့ ဂုဏ်ထူးဆောင် ခရီးသွားသံတမန်ဘွဲ့ကို ဆိုးလ်မြို့မှာ သွားရောက်လက်ခံရယူပြီးတဲ့နောက် ထပ်မံချီးမြှင့်ခဲ့တာပါ။

"ဆုရပါစေတော့ဆိုပြီးတော့ ရည်ရွယ်ခဲ့တာ မဟုတ်ဘဲ ကိုယ့်အလုပ်ထဲမှာ ပါနေတဲ့အလုပ်တစ်ခုကို စေတနာပါပါနဲ့ လုပ်ပေးခဲ့တာပါ။ ဒါမှမဟုတ်ပါဘူး၊ ထိုင်းကုန ပစ္စည်းပြပွဲတွေမှာလည်း အစ်မအနေနဲ့ ပါဝင်ခဲ့တာပါပဲ။ ဒီလို ဆုပေးတယ်ဆိုတာမျိုးကလည်း ကိုရီးယားနိုင်ငံအနေက သူတို့နဲ့ပတ်သက်တဲ့ ခရီးသွားလာရေးတွေ၊ ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေရေးတွေနဲ့ ကမ္ဘာကိုအမြဲတမ်းထိုးဖောက်နေတာဖြစ်တော့ သူတို့ သံရုံးရှိတဲ့နိုင်ငံတိုင်းမှာ သူတို့ရဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်လုပ်ဆောင်ပေးတဲ့ သူတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ ချီးမြှင့်တဲ့သဘောပါပဲ"လို့ တင်မိုးလွင်က ပြောပါတယ်။ ■

တင်မိုးလွင်နှင့် ကိုရီးယားသံအမတ်ကြီးတို့အား ဂုဏ်ပြုလွှာပေးအပ်ပွဲ၌ တွေ့ရစဉ်။ ဓာတ်ပုံ - သီရိလူ

၂၀၁၃ ခုနှစ်၌ နိုင်ငံခြားဧည့်သည် နှစ်သန်းကျော် လာရောက်ပြီး အများဆုံးနှစ်အဖြစ် စံချိန်သစ်တင်

ဇော်ဝင်းသန်း
ရေးသားသည်။

၂၀၁၃ ခုနှစ်၌ နိုင်ငံခြားဧည့်သည် နှစ်သန်းကျော် လာရောက်ခဲ့သည့်အတွက် မြန်မာ့ခရီးသွားလုပ်ငန်းသမိုင်းတစ်လျှောက်တွင် ခရီးသည် အများဆုံးဝင်သော နှစ်အဖြစ် စံချိန်သစ်တင် နိုင်ခဲ့ပြီ ဖြစ်သည်။

"၂၀၁၃ ခုနှစ် တစ်နှစ်လုံးမှာ နိုင်ငံခြားခရီးသွားဧည့်သည်နှစ်သန်းကျော် ဝင်ရောက်ခဲ့တဲ့အတွက် ခရီးသွားလုပ်ငန်း သမိုင်းတစ်လျှောက်မှာ အအောင်မြင်ဆုံးနှစ် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် ၈၀ ရာခိုင်နှုန်းကျော် မြင့်တက်သွားပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဦးဌေးအောင်က ပြောသည်။

ဝန်ကြီးဌာနက ပြုစုထားသော စာရင်းအရ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံခြား ခရီးသွား ၂,၀၄၄,၃၀၇ ဦး ဝင်ရောက်ခဲ့ရာ လေကြောင်းမှ ၈၈၅,၄၇၆ ဦး၊ ရေကြောင်းမှ ၆,၀၈၆ ဦးနှင့် နယ်စပ်ဂိတ်မှ ၁,၁၅၂,၇၄၅ ဦးတို့ ဖြစ်သည်။

"ဒီနှစ် ၂၀၁၄ မှာတော့ သုံးသန်းလောက်အထိ ဝင်လာမယ်လို့ မျှော်လင့်ပါတယ်။ အဓိက အားသာချက်ကတော့ ဒီနှစ်မှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ်နဲ့ အာဆီယံ ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေး၊ အရာရှိအဆင့်အစည်းအဝေးနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက လုပ်ငန်းအဆင့်အစည်းအဝေးတွေ ရှိပါတယ်"ဟု ဦးဌေးအောင်က ပြောသည်။

ရန်ကုန်လေဆိပ်တစ်ခုတည်းမှ ၈၀၃,၀၁၄ ဦး ဝင်ရောက်ခဲ့ရာ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၄ ဒသမ ၈၁ ရာခိုင်နှုန်းအထိ မြင့်တက်သွားသည်။ ရန်ကုန်လေဆိပ်မှတစ်ဆင့် အများဆုံး ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားများမှာ အာရှတိုက်မှဖြစ်ပြီး စုစုပေါင်း ၅၅၀,၁၇၈ ဦးနှင့် ဥရောပတိုက်မှ ၁၅၇,၈၄၀ ဦး ဝင်ရောက်ခဲ့သည်။

အာရှနိုင်ငံများအလိုက် ဧည့်သည်အဝင်တွင် ထိုင်းနိုင်ငံမှအများဆုံးဖြစ်ကာ ၁၁၆,၁၂၆ ဦးနှင့် ဂျပန်နိုင်ငံမှ ၆၆,၇၇၂ ဦး၊ တောင်ကိုးရီးယားမှ ၅၄,၅၉၉ ဦးနှင့် တရုတ်နိုင်ငံမှ ၅၄,၃၂၅ ဦး လာရောက်ခဲ့ကြသည်။ ဥရောပတိုက်မှ ဧည့်သည်များအနက် အများစုမှာ ပြင်သစ်နိုင်ငံမှဖြစ်ပြီး ၃၃,၃၅၀ ဦး၊ ယူကေမှ ၃၁,၁၇၂ ဦးနှင့် ဂျာမနီမှ ၂၅,၅၆၅ ဦးလာရောက်ခဲ့သည်။

စီးပွားရေးဗီဇာဖြင့် ဧည့်သည်အဝင်မှာ ၂၀၁၂ ခုနှစ်က ၁၁၄,၄၅၆ ဦးနှင့် နှိုင်းယှဉ်ပါက ၃၂ ဒသမ ၂၈ ရာခိုင်နှုန်း မြင့်တက်ကာ စုစုပေါင်း ၁၅၁,၃၂၀ ဦး ဝင်ရောက်ခဲ့သည်။

တစ်ကိုယ်ရည် ခရီးသွားအဝင်မှာလည်း ၂၅ ဒသမ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်ကာ ၂၉၃,၆၄၈ ဦးဝင်ရောက်ခဲ့သည်။ အလားတူ လူမှုရေးဗီဇာဖြင့်အဝင်မှာလည်း ၂၀ ဒသမ ၆၁ ရာခိုင်နှုန်းအထိ တိုးတက်လာကာ စုစုပေါင်း ၄၅,၅၅၆ ဦးနှင့် အဖွဲ့လိုက်ဧည့်သည်အဝင်မှာ ၈ ဒသမ ၂၆ ရာခိုင်နှုန်း တက်လာခဲ့သည်။

"တစ်နှစ်ထက်တစ်နှစ် ဧည့်သည်အဝင် တိုးတက်လာမှုနှုန်းက နယ်စပ်ဂိတ်ဧည့်သည် အဝင် အပါအဝင် ၈၀ ရာခိုင်နှုန်းလောက် တက်လာပါတယ်။ တစ်နေ့ သူတို့တစ်ဦးချင်း သုံးစွဲနိုင်စွမ်းကလည်း ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်း အထိတက်လာပါတယ်။ တစ်ကိုယ်ရည် ခရီးသွား အဝင်ကလည်း အဖွဲ့လိုက်ခရီးသွား အဝင်ထက် ပိုများလာပါတယ်။ ပြီးခဲ့တဲ့နှစ်အတိုင်း အခု ၂၀၁၄၊ ၂၀၁၅ ခုနှစ်တွေမှာ ဆက်လက်တိုးသွားမယ်လို့ ထင်ပါတယ်"ဟု Exotiss-imo ခရီးသွားလုပ်ငန်း၏ စီမံအုပ်ချုပ်မှု ဒါရိုက်တာဒေါ်စုစုတင်က ပြောသည်။

သို့သော် ခရီးသွားအဝင် ရုတ်တရက် နှစ်ဆထက်မက တိုးတက်ဝင်ရောက်လာမှုကြောင့် ဟိုတယ်အခန်းအရေအတွက် မလုံလောက်မှု ပြဿနာကြုံတွေ့နေရကြောင်း Amata ဟိုတယ်နှင့် ရီဆော့၏ အုပ်စုအထွေထွေမန်နေဂျာ မစ္စတာ Frank Janmaat ကပြောသည်။

"ခရီးသွားဒေသသစ်တွေ ဖော်ထုတ်မိတ်ဆက်ပေးဖို့နဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေ ညအိပ်နေနိုင်ဖို့အတွက် တချို့သတ်မှတ်ချက်တွေကို ဖြေလျှော့ပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ စျေးကွက်မြင့် တင် ရေးကို အဓိကအားဖြင့် ကျေးလက်၊ နယ်ဘက်တွေမှာ ပိုလုပ်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ ခရီးစဉ်တွေကို စီစဉ်ပေးလို့ ရပါတယ်" ဟု ၎င်းက ပြောသည်။

ဟိုတယ်အခန်းဈေးတက်မှုနှင့် ပို့ဆောင်ရေးဆိုင်ရာ ဈေးအဆမတန်ကြီးမြင့်မှုကြောင့် အချို့ပြည်ပခရီးသွားလုပ်ငန်းများသည် မြန်မာနိုင်ငံခရီးစဉ်အား ဆက်လက်ဝန်ဆောင်မှုမပေးတော့ဘဲ ရပ်တန့်သွားမှုများရှိနေကြောင်း ၎င်းက ပြောကြားသည်။ ■

အာဆီယံလူ့အခွင့်အရေးဆိုင်ရာ အဓိက လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်မှုစတင်

အင်ငံးပွားဖွယ်ရာ ရှိနေခဲ့သည့် အာဆီယံလူ့အခွင့်အရေးကော်မရှင်၏ အဓိက လုပ်ငန်းစဉ်များ တီအိုအာ (Terms of References) ကို ပြန်လည်သုံးသပ်ရန် ကော်မရှင် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသော်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ရာထူးထမ်းဆောင်စဉ်ကာလအတွင်း ယင်းကို ခိုင်မာအောင် လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများက ပြောသည်။

၂၀၀၉ ခုနှစ်ကတည်းက ဒေသတွင်းနိုင်ငံများအားလုံး၏ သဘောတူညီမှုဖြင့် စတင်တည်ထောင်ဖြစ်ထားခဲ့သည့် အာဆီယံလူ့အခွင့်အရေးကော်မရှင်၏ (၁၄) ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့၌ ဇန်နဝါရီလ ၈ ရက်မှ ၁၁ ထိ ကျင်းပခဲ့သော်လည်း ထိရောက်မှုနှင့် ခိုင်မာသေချာမှုရလဒ် ထွက်ပေါ်မလာခဲ့သောကြောင့် တက်ကြွလှုပ်ရှားသူများက ယခုကဲ့သို့ ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးပြီးနောက် ထုတ်ပြန်ခဲ့သည့်ကော်မရှင်၏ ထုတ်ပြန်ချက်တွင် ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးတိုးမြှင့်ရန်လုပ်ဆောင်သည့် လုပ်ငန်းစဉ်များ၏ အကျိုးရလဒ်တို့ပြန်မှုများကို ပြန်လည်သုံးသပ်သွားရန် အစီအစဉ်ရှိကြောင်း၊ အဆိုပါရရှိလာမည့် အချက်များကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း ဖော်ပြထားခဲ့သည်။ ထို့အတူ ကော်မရှင်အနေဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအကြမ်းဖက်ခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းများအတွက် တားဆီးခြင်းဆိုင်ရာ သဘောတူညီချက်မူကြမ်းကို ဆွေးနွေးသွားရန်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ အာဆီယံရေးရာဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးအောင်ထူးကမူ တီအိုအာကို ပြန်လည်သုံးသပ်မှုကို မြန်မာနိုင်ငံက ဦးဆောင်နိုင်မည်ဆိုပါက အာဆီယံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပိုမိုထိရောက်စွာဖြင့် လူ့အခွင့်အရေးမြှင့်တင်မှုများကို လုပ်ဆောင်လာနိုင်မှာဖြစ်ကြောင်း မြန်မာတိုင်း(မ်)ကို ပြောသည်။

သို့သော် အင်ဒိုနီးရှားအခြေစိုက် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ မစ္စယုယန်က နိုင်ငံတကာ၏ စစ်ဆေးမှုလုပ်ငန်းစဉ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ လူ့အခွင့်အရေး မှတ်တမ်းကို ကာကွယ်ရန်အတွက်သာ အာဆီယံက လူ့အခွင့်အရေးယန္တရားကို မောင်းနှင်လေ့ရှိကြောင်း ဆိုသည်။

"အာဆီယံ လူ့အခွင့်အရေးကော်မရှင်ရဲ့ အားနည်းချက်က အစကတည်းက ရှိထားနှင့်ပြီးသားလို့ပဲပြောရမှာပါပဲ။ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ကိစ္စတွေအပေါ် စုံစမ်းစစ်ဆေးမှု၊ စောင့်ကြည့်လေ့လာမှု၊ တိုင်ကြားမှုတွေနဲ့ပတ်သက်လို့ အများရဲ့ ထောက်ခံမှု အခုထိမရှိသေးတာက သက်သေပါပဲ"ဟု ၎င်းက ပြောသည်။

အမျိုးသမီးအခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် မဝါဝါနုကလည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူ့အခွင့်အရေးကော်မရှင်၏ အကြီးအကဲအဖြစ် ဆောင်ရွက်စဉ်ကာလအတွင်း မြန်မာနိုင်ငံရှိ အမျိုးသမီးထူအခွင့်အရေးဆိုင်ရာ ကိစ္စများအပေါ် ကောင်းဖွယ်ရာ ပြောင်းလဲမှုများ ရှိနိုင်ကြောင်း ဆိုသည်။

"လူ့အခွင့်အရေးဆိုင်ရာနှင့်ပတ်သက်ပြီး တိုးတက်မှုများရှိခဲ့သော်လည်း ခိုင်မာမှုမရှိသေးဘဲ ထိလွယ်ရှလွယ် အခြေအနေမှာ ရှိနေကြောင်း ..."

မွန်စွာ ဦးဆောင်နိုင်မည်မဟုတ်ဟု ဆိုသည်။

"လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာ ရှိတဲ့ အမျိုးသမီးတွေအနေနဲ့ မတရားကျင့်ကြံခံရမှု၊ နှောင့်ယှက်ခံရမှုတွေဟာ မြန်မာနိုင်ငံအနှံ့မှာ အခုထိဖြစ်ပွားနေတုန်းပါပဲ"ဟု ၎င်းက ပြောသည်။

ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့် အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာနှင့်ပတ်သက်ပြီး တိုးတက်မှုများရှိခဲ့သော်လည်း ခိုင်မာမှုမရှိသေးဘဲ ထိလွယ်ရှလွယ်အခြေအနေမှာရှိနေကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ■

ရန်ကုန် စီးပွားရေးတက္ကသိုလ် နိုင်ငံခြားတက္ကသိုလ် နှစ်ခုနှင့် နားလည်မှု လက်မှတ်ရေးထိုး

မြန်မာနိုင်ငံရှိ ပညာရေးစနစ်ကို အဆင်မြှင့်တင်နေဆဲကာလဖြစ်သည်နှင့်အညီ တက္ကသိုလ်များအကြား သင်ကြားနည်းများ ဖလှယ်ရန်နှင့် ကျောင်းသားနှင့် ဝန်ထမ်းများ သွားရောက်ပညာသင်ကြားရန်အတွက် ရန်ကုန် စီးပွားရေးတက္ကသိုလ်သည် နိုင်ငံခြားတက္ကသိုလ်နှစ်ခုနှင့် ယခုဖေဖော်ဝါရီလအတွင်း နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့သည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့က ဂျပန်နိုင်ငံ RitsumeikanAsiaPacificUniversity(APU) နှင့် ငါးနှစ်သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA) တက်ရောက်နေသော ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများအတွက် အဓိကရည်ရွယ်ထားသည်။

"လာမယ့် မတ်လမှာ စီးပွားရေးနဲ့ ပတ်သက်တဲ့ သင်ခန်းစာတွေအတွက် ဆရာတွေက အရင်လာကြမှာဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့မှာ များသောအားဖြင့် အစိုးရရုံးက အရာရှိအဆင့်တွေတက်တဲ့ နေရာတွေမှာ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ ထက်မြက်တဲ့ သင်ကြားမှုတွေ သင်ကြားပေးစေချင်တယ်။ ပြီးတော့ နိုင်ငံတကာအတွေ့အကြုံကိုပါရစေချင်တယ်။ လက်ရှိ APU နဲ့က စီးပွားရေးဘာသာရပ်နဲ့ ပတ်သက်တာတွေလုပ်ဖြစ်မှာပါ"ဟု ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခဒေါက်တာခင်နိုင်ဦးက ပြောသည်။

APU တက္ကသိုလ်နှင့် စာချုပ်ချုပ်ဆိုမှုတွင် ပညာသင်ဆုပေးရန်အတွက်ပါ ပါရှိပြီး ဘွဲ့ရပြီး သူသာမက ဘွဲ့မရသေးသူများလည်း လျှောက်ထားနိုင်ကာ အဓိကအားဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှုရှိရန် လိုအပ်ကြောင်းသိရသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ထိုင်းနိုင်ငံရှိ Assumption University (AU) နှင့် နားလည်မှုလက်မှတ်ရေးထိုးခဲ့ကာ အဓိကအားဖြင့် သုတေသနပြုလုပ်နေသော ကျောင်းသားကျောင်းသူများအတွက် အဓိက ရည်ရွယ်ထားကြောင်းသိရသည်။

"AU ကတော့ ထိုင်းနိုင်ငံမှာ နာမည်ကြီးတဲ့ တက္ကသိုလ်တစ်ခု ဖြစ်တဲ့အတွက်ကြောင့် ကျောင်းသူကျောင်းသားတွေအတွက် ပညာသင်ဆုတွေ ရဖို့လည်း ဆွေးနွေးနေတယ်။ လက်မှတ်ထိုးပြီးလို့ လပိုင်းလောက်မှာပဲ သင်ကြားရေးအစီအစဉ်တွေစမှာပါ။ ဆရာမတို့ရဲ့ သင်ရိုးနဲ့ သူတို့ဘက်ကလာနိုင်မယ့် သူနဲ့ညှိနှိုင်းပြီး သင်ပေးသွားမှာပါ။ ဒီတစ်ခါလက်မှတ်ထိုးတာက အထူးသဖြင့် သုတေသနလုပ်နေတဲ့သူတွေအတွက်ပါ။ ကျောင်းသူကျောင်းသားတွေ၊ ဆရာဆရာမတွေဆီက သုတေသနလုပ်ထားတာတွေကို နိုင်ငံတကာမှာ လူသိအောင်လုပ်လို့ရအောင် ထောက်ပံ့ပေးတဲ့ သဘောမျိုးပေါ့။ MBA ကျောင်းသားတွေနဲ့ ဆရာဆရာမတွေရေးထားတဲ့သုတေသနတွေကို နိုင်ငံတကာနဲ့ အညီဘာတွေလုပ်ဖို့လိုလဲဆိုတာကို ကြည့်မယ်။ အကောင်းဆုံးသုတေသနတွေကို နိုင်ငံတကာမှာ ပုံနှိပ်ထုတ်ဝေပြီး အများသိအောင်လုပ်မယ်"ဟု ဒေါက်တာ ခင်နိုင်ဦးက ပြောသည်။

"အရင်ကဆိုရင် တက္ကသိုလ်တစ်ခုကို နိုင်ငံခြားသားတစ်ယောက်လာဖို့ဆိုတာ အရမ်းခက်တယ်။ နိုင်ငံခြားသားတစ်ယောက်လာမယ်ဆိုရင် အဆင့်ဆင့် စာတင်ရတယ်။ လာရမယ့်ရက်သာကျော်သွားတယ် အဲဒီနိုင်ငံခြားသားမြန်မာနိုင်ငံကိုမလာရဘူး။ ပြောင်းလဲလာမှုအပိုင်းမှာ ဒါက အရမ်းကိုကောင်းပါတယ်။ လောလောဆယ် အတန်းထဲမှာ ပြည်တွင်းက ဆရာတစ်ယောက်နဲ့ နိုင်ငံခြားကဆရာနဲ့ နှစ်ယောက်တွဲသင်တဲ့အခါကျတော့ အရမ်းကောင်းတယ်။ မြန်မာ့ယဉ်ကျေးမှုအရ ဆရာဆရာမကို လေးစားတာကို ပြနိုင်တဲ့အတွက် နိုင်ငံခြားကဆရာတွေကလည်း အရမ်းကျေနပ်ကြတယ်"ဟု ရန်ကုန်စီးပွားရေး တက္ကသိုလ်တွင် အမ်ဘီအေသင်တန်းတက်ရောက်နေသော ရန်ကုန်မိဒီယာဂရု(ပ်)မှ ဒါရိုက်တာ ကိုဇော်ဝင်းခိုင်က ပြောသည်။ **အေးငြိမ်းဝင်း** ■



အပျော်စီး မိုးပျံပူဖောင်းများ လုံခြုံစိတ်ချမှုရှိရေး ဆောင်ရွက်နေ

ဇော်ဝင်းသန်းနှင့် သောမတ်စ်ကင်းန်

မန္တလေးမြို့၏ စေတီပုထိုးများအနီးမှ ဖြတ်သန်းပျံသန်းနေသော အပျော်စီးမိုးပျံပူပေါင်းများအား ဇန်နဝါရီလအတွင်းက တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ/ရဲအောင်သူ

ပုဂံမြို့၌ မိုးပျံပူဖောင်းလုပ်ငန်းကုမ္ပဏီအသစ်များက ရေဒီယိုဆက်သွယ်ရေးကိရိယာများ မပါဝင်ဘဲ ပျံသန်းနေကြခြင်းကြောင့် လုံခြုံစိတ်ချမှုအတွက် စိုးရိမ်ပူပန်မှုများရှိနေရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနှင့် တိုက်ရိုက် ပါဝင်ပတ်သက်မှုမရှိသည့် တတိယအဖွဲ့တစ်ခုဖြင့် စိစစ်အကဲဖြတ်သွားရန် ဆုံးဖြတ်ခဲ့သည်။

ဆုံးဖြတ်ချက်အား တံ့ပြန်သောအားဖြင့် မိုးပျံပူဖောင်းအလုံးရေ ပိုမိုများပြားလာသော်လည်း ဘေးအန္တရာယ်ကင်းရှင်းစေရန် အလို့ငှာ လေယာဉ်မှူးများအကြား ရေဒီယိုဆက်သွယ်ရေးလိုင်းထားခြင်းဖြင့် ကာကွယ်နိုင်ကြောင်း Balloon Over Bagan (BOB) ကုမ္ပဏီမှ လေယာဉ်မှူး ၁၅ ဦးတို့က ဒီဇင်ဘာလကုန်တွင် လက်မှတ်ရေးထိုးကာ တောင်းဆိုချက်တစ်ခုကို ထုတ်ပြန်လိုက်ကြသည်။

တစ်နေရာတည်းတွင် ကုမ္ပဏီတစ်ခုမက လုပ်ပိုင်ခွင့်ပြုရေးနှင့် ပတ်သက်ပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဒီဇင်ဘာလတွင် အကြံပြုစာတစ်စောင်ထုတ်ပြန်ခဲ့သည်။ လေယာဉ်မှူးများအကြား ဆက်သွယ်ရေးကြားခံကိရိယာ လိုအပ်နေသော်လည်း ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် ပူဖောင်းအလုံးရေသတ်မှတ်ပြီး လေယာဉ်မှူးအချင်းချင်း အမြင်ဖြင့် ဆက်သွယ်လုပ်ကိုင်နိုင်ကြောင်း ဌာနက ထုတ်ပြန်ထားသည်။

BOB ကုမ္ပဏီမှ မစ္စတာ Brett Melzer က ဇန်နဝါရီလဆန်း၌ လေကြောင်းဦးစီးဌာနနှင့် တွေ့ဆုံဆွေးနွေးမှုသည် လုပ်ငန်းဘေးအန္တရာယ်ကိစ္စ သာမက မိုးပျံပူဖောင်းလုပ်ငန်းတစ်ခုလုံး၏ အနာဂတ်လမ်းကြောင်းအတွက်ပါ အမျှားကြီး အပြုသဘောဆောင်ကြောင်းပြောသည်။

"ပုဂံဟာ ထိခိုက်လွယ်ပြီး တားမြစ်ဧရိယာ တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ပုဂံမှာ ပျံသန်းနေပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကအချက်က ဘေးအန္တရာယ်ကင်းရှင်းရေးပါ။ အဲဒီဘေးအန္တရယ်ကင်းရှင်းရေးတွက် အဓိကလို အပ်ချက် ပျံသန်းနေစဉ်အတွင်း လေယာဉ်မှူးတွေအကြား အချင်းချင်း မှန်ကန်ပြည့်စုံတဲ့ ဆက်သွယ်ရေးစနစ်ရှိဖို့ပါ"ဟု မစ္စတာ Brett Melzer ကဆက်ပြောသည်။

Oriental Ballooning ကုမ္ပဏီမှ မန်နေဂျာဖြစ်သူ ဒေါ်နီနီခိုင်ကလည်း ရေဒီယိုဆက်သွယ်ရေးကိရိယာ မရှိခြင်းသည် ခရီးသည်၏ အန္တရာယ်အား ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ဟု ၎င်းအနေဖြင့် ယုံကြည်ကြောင်း ပြောသည်။

"ဒီကိရိယာတွေ တပ်ဆင်ဖို့က အချိန်အတိုင်းအတာ တစ်ခုအထိ ကျွန်မတို့ စောင့်ပေးရဦးမှာပါ။ ဒီကာလအတွင်း လေယာဉ်မှူးတွေအနေနဲ့ အချင်းချင်း အမြင်နဲ့ပဲ ဆက်သွယ်လို့ရပါတယ်။ ကျွန်မတို့ဆီက ငြိတိသျှ တရားဝင် လိုင်စင်ရ လေယာဉ်မှူးတွေဖြစ်ပြီး အတွေ့အကြုံရှိသူတွေ ဖြစ်ပါတယ်"ဟု ဒေါ်နီနီခိုင်က ပြောသည်။

BOB ကုမ္ပဏီအား ၁၉၉၉ ခုနှစ်က စတင်ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ခရီးသည်အပျော်စီး မိုးပျံပူဖောင်းလုပ်ငန်းအား ပုဂံမြို့တစ်မြို့တည်းတွင် ၁၅ နှစ်နီးပါးအထိ လုပ်ကိုင်နေသည်။ သို့သော် မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ အခြားကုမ္ပဏီအသစ်များလည်း ပေါ်ထွက်လာရာ ပုဂံမြို့သာမက မန္တလေးနှင့် အင်းလေးကန်တို့တွင်လည်း မိုးပျံပူဖောင်း လုပ်ငန်းများ ပေါ်ထွက်လာမည်ဖြစ်ရာ ယခုနှစ်ကုန်တွင် ကုမ္ပဏီလေးခုက ပျံသန်းရန်ရှိကြောင်း သိရှိရသည်။

ပုဂံမြို့တွင် ယခင်က BOB ကုမ္ပဏီတစ်ခုတည်းသာ ဝန်ဆောင်မှုပေးနေသော်လည်း Oriental Ballooning ကုမ္ပဏီက ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ဌာနအနေဖြင့် စီစစ်ရွေးချယ်ပြီးမှ လုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင်ချပေးခြင်းဖြစ်ကြောင်း မြန်မာတိုင်း(မ်)ကို ပြောသည်။

"အခုကုမ္ပဏီတွေကို ကျွန်တော်တို့ဌာနက နေ စီစစ်ပြီးမှ လုပ်ပိုင်ခွင့် လိုင်စင်ကို လာမယ့်မတ်လကုန်အထိ တစ်နေရာမှာ ပူဖောင်း အလုံး ၂၀ နှုန်းနဲ့ ခွင့်ပြုပေးထားပါတယ်။ ဒီကာလအတွင်းလာမယ့် လုပ်ငန်းရာသီခွဲနှစ်မှာ အသစ်ဖွဲ့မယ့် အဖွဲ့နဲ့ ဘယ်လိုဆက်လုပ်မလဲဆိုတာကို လေ့လာသွားမှာပါ။ အဲဒီအဖွဲ့မှာ ယူကေက ပညာရှင်လည်း ပါဝင်ပါတယ်"ဟု ဦးဝင်းဆွေထွန်းကပြောသည်။

ဌာနအနေဖြင့် အဆိုပါ ကုမ္ပဏီများ ရေဒီယိုဆက်သွယ်ရေးကိရိယာတပ်ဆင်ရန် လိုအပ်သော ထောက်ခံချက်စာအား ထုတ်ပေးပြီးဖြစ်ရာ ယင်းကုမ္ပဏီနှစ်ခု၏ အဆင်မပြေမှုသည် လာမည့်မတ်လကုန်၌ ရေဒီယိုဆက်သွယ်ရေးကိရိယာ တပ်ဆင်ပြီးဆီးမည်ဖြစ်သည်။ ■

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဖွဲ့

ပြည်တွင်း ကုမ္ပဏီများအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုရရှိရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

"မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းမှာ နိုင်ငံတကာကုမ္ပဏီတွေ ပိုပြီးဝင်ရောက်လာဖို့ ရှိပါတယ်။ နိုင်ငံတကာကုမ္ပဏီတွေအနေနဲ့ လာမယ့်နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာနှစ်ဘီလျံကနေ သုံးဘီလျံလောက်အထိ ရင်းနှီးမြှုပ်နှံရဖို့ ရှိပါတယ်။ ဒီလုပ်ငန်းမှာ တိုင်းရင်းသားလုပ်ငန်းရှင်တွေ များများရအောင် ဖွဲ့စည်းရခြင်းလည်းဖြစ်ပါတယ်"ဟု အသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်ကပြောသည်။

လက်ရှိရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် ပြည်ပကုမ္ပဏီများကသာ အများဆုံး ဝန်ဆောင်မှုပေးနေရပြီး၊ မြန်မာကုမ္ပဏီများအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ဆောင်မှုအခန်းကဏ္ဍာတွင် ၂၀ ရာခိုင်နှုန်း အောက်သာ ဝန်ဆောင်မှုပေးနိုင်သေးသည်ဟု Smart Group of Companies ၏ ဥက္ကဋ္ဌလည်းဖြစ်သူ ဦးကျော်ကျော်လှိုင်က ပြောသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခွင့်ကို ၂၀၁၃ ခုနှစ်၊ မေလအတွင်းက ရရှိခဲ့ခြင်းဖြစ်ပြီး၊ လက်ရှိအချိန်တွင် အဖွဲ့ဝင်အင်အား ၂၀၀ ခန့် ရှိနေပြီဖြစ်သည်ဟု သိရသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ရေတိမ်ပိုင်း လုပ်ကွက်များ လုပ်ကိုင်ရာတွင် အနည်းဆုံးပြည်တွင်းကုမ္ပဏီတစ်ခုဖြင့် တွဲဖက်လုပ်ကိုင်ရမည်ဖြစ်သည်။ ပြည်တွင်းကုမ္ပဏီပေါင်း ၁၆၂ ခုသည် အမျိုးသားစွမ်းအင်ကုမ္ပဏီများအဖြစ် မှတ်ပုံတင်ထားသည်။ **အောင်ရှင်** ■

တီဘီရောဂါ ကူးစက်နှုန်း ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်လာ

ဌေရည်စောမြင့်

မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် လူတစ်သိန်းတွင် ၂၀၀ မှ ၃၀၀ အထိ (၅၀ ရာခိုင်နှုန်းကျော်) အထိ တီဘီရောဂါကူးစက်နှုန်း မြင့်တက်လာကြောင်း ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကျင်းပခဲ့သည့် တီဘီရောဂါအကြောင်း ဟောပြောပွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆုတ်နှင့် ရင်ခေါင်းဌာနမှ အထူးကု သမားတော်ကြီး ပါမောက္ခဦးဝင်းနိုင်က ကျန်းမာရေးဝန်ကြီးဌာန၏ လေ့လာတွေ့ရှိချက်များကို ကိုးကားပြီး ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ တီဘီရောဂါဟာ ရှေ့တန်းစစ်မျက်နှာပြင်ကို ရောက်နေသလိုပါပဲ။ ဆေးဝါးလိုအပ်ချက်တွေကလည်း ရှိနေတယ်။ လူနာတွေကလည်း တိုးပွားလာနေတယ်"ဟု ၎င်းက ပြောသည်။

တီဘီပိုးသည် လူတစ်ဦးမှတစ်ဦးသို့ လေထဲမှတစ်ဆင့် ကူးစက်နိုင်ပြီး သေချာမကုခဲ့လျှင် အသက်အန္တရာယ်အား ထိခိုက်နိုင်သည့် ရောဂါတစ်မျိုးဖြစ်သည်။ တီဘီရောဂါသည် များသောအားဖြင့် အဆုတ်တွင်ဖြစ်ပွားပြီး အခြား ကိုယ်ခန္ဓာအစိတ်အပိုင်းများတွင်လည်း ဖြစ်ပွားနိုင်ကြောင်း ပါမောက္ခဦးဝင်းနိုင်က ပြောသည်။

ယခုကဲ့သို့ ကူးစက်နှုန်းမြင့်ရခြင်းမှာ တိုင်းပြည်ဆင်းရဲခြင်းနှင့် လူအများမှာ ရောဂါနှင့် ပတ်သက်သည့် ဗဟုသုတ နည်းပါးခြင်း၊ ဆေးကုသမှု နောက်ကျခြင်း၊ လေထဲမှတစ်ဆင့် ကူးစက်ပြန့်ပွားနှုန်းများနေခြင်း၊ ရောဂါထိန်းချုပ်မှုအားနည်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများအားနည်းနေခြင်းနှင့် ဆေးမတိုးတော့သည့် တီဘီရောဂါပိုးများ တွေ့ရှိလာရခြင်းကြောင့် ဖြစ်ကြောင်း ၎င်း၏ ဟောပြောပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

"တီဘီဆေးတွေ အလကားရနေပေမယ့်လည်း လူတွေက ဆေးရဲ့ဘေးထွက်ဆိုးကျိုးတွေကိုကြောက်ပြီး ဆေးကို ပုံမှန်မသောက်ကြလို့ ရောဂါမပျောက်ကြဘူး။ နောက်ပြီးတော့ ဈေးကွက်ထဲမှာ အလွတ်ရောင်းနေတဲ့ ပိုးသတ်ဆေးအချို့တွေကို အလွယ်တကူဝယ်သောက်ကြတော့ တီဘီရောဂါကုတဲ့အခါမှာ ဆေးမတိုးတော့တာတွေ ဖြစ်စေတဲ့အပြင် တီဘီရောဂါအဆင့် (၄) ရောက်ရင် ကုသဖို့ ဆေးက အရမ်းဈေးကြီးတဲ့အတွက် ဆေးရှားပါတယ်"ဟု ပါမောက္ခ ဦးဝင်းနိုင်က ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ၂၀၁၂ ခုနှစ် ထုတ်ပြန်ချက်အရမြန်မာနိုင်ငံတွင် နှစ်စဉ် တီဘီရောဂါ ဖြစ်ပွားသူ ၁၈၀,၀၀၀ ရှိပြီး ၎င်းတို့ထဲမှ လေးသောင်းကျော်သည် ကလေးသူငယ်များဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ တီဘီရောဂါဖြစ်ပွားမှု အဆိုးဝါးဆုံးနိုင်ငံ ၂၇ နိုင်ငံထဲတွင် ပါဝင်နေပြီး တစ်နှစ်လျှင် လူနာအသစ် ၁၀၀ တွင် လေးဦး၌ ဆေးယဉ်ပါး တီဘီပိုးတွေ့ရှိနေရသည်။ ထို့ပြင်ရောဂါဖြစ်ဖူးသူ လူနာဟောင်း ၁၀ ဦးတွင် တစ်ဦး၌ ဆေးယဉ်ပါးတီဘီပိုး တွေ့ရှိနေရကြောင်း ပါမောက္ခ ဦးဝင်းနိုင်က ပြောသည်။

တီဘီရောဂါတိုက်ဖျက်ရေးကို ကျန်းမာရေးဝန်ကြီးဌာန၏ တီဘီရောဂါ စီမံချက်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့တို့က ဦးဆောင်လုပ်ကိုင်နေသည်။ ■

မော်လမြိုင်ဓာတ်အားပေးစက်ရုံ ပြီး၌ စတင်လည်မည်

ပြည်သာဂျီးပြီး

စင်ကာပူနိုင်ငံရှိ United Overseas Bank (UOB)ဘဏ်က ငွေကြေးထောက်ပံ့ပြီး Asia tech Energy ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်ရှိ မဂ္ဂါဝပ် ၂၃၀ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ပထမအဆင့်စီမံကိန်း ၉၈ မဂ္ဂါဝပ်ထဲမှ လာမည့်ဧပြီလ၌ ၄၃ ဒသမ ၅ မဂ္ဂါဝပ် စတင်ထုတ်လုပ်သွားမည်ဟု ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းကိုလုပ်ကိုင်မည့် Myanmar Lighting IPP ကုမ္ပဏီလိမိတက်မှ ဒါရိုက်တာ ကိုဌေးမင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

"၄၃ ဒသမ ၅ မဂ္ဂါဝပ်လည်ပတ်နေတဲ့အချိန်မှာ ၉၈ မဂ္ဂါဝပ်မှာ ကျန်တဲ့စက်တွေကို တပ်ဆင်ဖို့ ရည်မှန်းထားပါတယ်၊ ပထမအဆင့်မှာ ယာယီဓာတ်အားပေးစက်ရုံ ဆောက်ပြီးတော့ မွန်ပြည်နယ်အတွက် လျှပ်စစ်ဓာတ်အား ပေးထားမှာပါ၊ အဲဒီအချိန်မှာပဲ နောက်အဆင့်တွေကို အဆင့်အလိုက် အကောင်အထည်ဖော်သွားမှာပါ"ဟု ၎င်းက ပြောသည်။

စက်ရုံ၏ ပထမအဆင့်ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး စက်တပ်ဆင်မှုအပိုင်းသာ ကျန်ရှိတော့သည်။

"စက်တပ်ဆင်မှုအနေနဲ့ကတော့ တူရကီက စက်တွေကိုပဲ အသုံးပြုသွားမှာပါ။ စက်တပ်ဆင်တဲ့ အင်ဂျင်နီယာတွေလည်းရောက်နေပါပြီ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က စပြီးတော့ တည်ဆောက်ရေး တိုင်းတာရေးလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစတဲ့ လုပ်ငန်းအဆင့်ဆင့်ကို အကောင်အထည်ဖော်ခဲ့ပါတယ်"ဟု ကိုဌေးမင်းက ပြောသည်။

ဒုတိယအဆင့်ဖြစ်သည့် ၁၃၂ မဂ္ဂါဝပ်ကိုလည်း ပထမအဆင့်အားလုံးပြီးသည်နှင့် လည်ပတ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

စီမံကိန်း၏ ဒုတိယအဆင့်ဖြစ်သည့် ၁၃၂ မဂ္ဂါဝပ်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် စက်စတင်လည်ပတ်နိုင်မည်ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလတွင်မူ ပထမအဆင့် ဖြစ်သည့် ၉၈ မဂ္ဂါဝပ်ကို စတင်လည်ပတ်သွားမည်ဖြစ်သည်။

စက်ရုံအတွက် အမေရိကန်ဒေါ်လာသန်း ၁၇၀ ကုန်ကျမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးသွားပါက မြန်မာနိုင်ငံရှိ လူဦးရေ ငါးသန်းကို လုံလောက်စေမည့် ဓာတ်အား မဂ္ဂါဝပ် ၂၃၀ ထွက်ရှိမည်ဖြစ်သည်။

Asiatech Energy Private Limited ၏ ဥက္ကဋ္ဌ Mr. Tang Weng Fei က "မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် ဓာတ်အားစက်ရုံကို မွန်ပြည်နယ်မှာ တည်ဆောက်ခွင့်ရတဲ့အတွက် ပထမဆုံး စင်ကာပူအခြေစိုက် ကုမ္ပဏီဖြစ်တဲ့အတွက် အလွန်ပဲ ဝမ်းမြောက်မိပါတယ်။ ဒီလိုတည်ဆောက်ခွင့်ရတာဟာ ကျွန်တော်တို့အတွက် မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ ဒီလုပ်ငန်းမှာ ကျွန်တော်တို့ကို ငွေကြေးထောက်ပံ့ပေးတဲ့ ယူအိုဘီရဲ့ အခန်းကဏ္ဍဟာ တကယ့်ကို အရေးပါပါတယ်"ဟု ပြောသည်။

ယူအိုဘီနှင့် လက်တွဲလုပ်ကိုင်နေသည့် ဖောက်သည်များအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို နယ်ပယ်အသီးသီးတွင် ကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်ရန် ထောက်ပံ့ပေးနိုင်ရေးသည် ယူအိုဘီ၏ အဓိကဦးတည်ချက်ဖြစ်သည်ဟု UOB Group Wholesale Banking ၏ စီမံခန့်ခွဲမှု ဒါရိုက်တာနှင့် အကြီးအကဲ Mr. Frederick Chin က ပြောသည်။

"Asiatech Energy ကိုငွေကြေးထောက်ပံ့ကူညီတာဟာ အာရှဒေသရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ အခြေခံအဆောက်အအုံတွေကို တည်ဆောက်နေတဲ့ လုပ်ငန်းတွေကို ကူညီမယ်ဆိုတဲ့ ယူအိုဘီရဲ့ စနစ်နဲ့ ကိုက်ညီပါတယ်။

"မြန်မာနိုင်ငံရဲ့ စက်မှုလုပ်ငန်းတွေနဲ့ အလုပ်အကိုင်တွေအတွက် ဓာတ်အားဟာ အလွန်အရေးပါတဲ့အတွက် ဒီလိုအပ်ချက်ကို ဖြည့်စွမ်းကူညီပေးမယ့် Asiatech Energy နဲ့ ပူးပေါင်းလုပ်ကိုင်ရတာဂုဏ်ယူမိပါတယ်"ဟု ၎င်းက ပြောသည်။

စီမံကိန်းပြီးစီးသွားပါက လည်ပတ်မှုကို Myanmar Lighting IPP ကုမ္ပဏီလိမိတက်က ဘီအိုတီစနစ်ဖြင့် နှစ် ၃၀ လုပ်ကိုင်ခွင့်ရထားပြီး ဖြန့်ဖြူးမှုအပိုင်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူလုပ်ကိုင်မည်ဖြစ်သည်။

"သဘာဝဓာတ်ငွေ့ကတော့ MOGE ရဲ့ ပိုက်လိုင်းကနေချိတ်ဆက်ပြီးတော့ ဓာတ်ငွေ့ပေးပါတယ်၊ ကျွန်တော်တို့က ထွက်လာတဲ့ လျှပ်စစ်ဓာတ်အားကို မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းရဲ့ မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ပြီး ဖြန့်ဖြူးပေးသွားမှာပါ။ ဖြန့်ဖြူးတဲ့အပိုင်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အကုန်လုံးရောင်းလိုက်မှာဖြစ်တဲ့အတွက် ဓာတ်အားခကကျွန်တော်တို့နဲ့ ပတ်သက်မှုမရှိပါဘူး"ဟု ကိုဌေးမင်းက ပြောသည်။ ■

သက်တမ်းကုန် ဗီဇာကြောင့် လုပ်သားများ အနိုင်ကျင့်ခံနေရ

ဘီအိုတူးလ်

ဗီဇာသက်တမ်းကုန်နေပြီး သက်တမ်းတိုးရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမရှိသည့်အတွက် ထိုင်းနိုင်ငံရှိ မြန်မာလုပ်သား တစ်သိန်းကျော်မှာ မတရားဖိနှိပ်ခြင်းနှင့် အမြတ်ထုတ်မှုများကို ပြန်လည်တွန်းလှန်နိုင်စွမ်းမရှိဟု လူ့အခွင့်အရေးအုပ်စုတစ်စုက ပြီးခဲ့သည့် ရက်သတ္တပတ်တွင် သတိပေးပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်တွင် သက်တမ်းကုန်သွားခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံအကြား အလုပ်သမားဆိုင်ရာသဘောတူညီမှုတစ်ရပ်အား သက်တမ်းတိုးပေးရေးနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိခြင်းသည် စိုးရိမ်ပူပန်စရာကောင်းပြီး အလျင်အမြန်ပြုပြင်ရန် လိုအပ်နေသည်ဟု ရွှေ့ပြောင်းလုပ်သားများအခွင့်အရေးဆိုင်ရာကွန်ရက် (အမ်ဒဗလျူအာရ်အင်န်) က ပြောသည်။

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သားသုံးသန်းရှိပြီး အများစုမှာ မြန်မာနိုင်ငံသားများ ဖြစ်ကြသည်။ ၂၀၀၃ ခုနှစ်တွင် ချုပ်ဆိုခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သည့် နားလည်မှုစာချွန်လွှာတစ်ခုအရ ထိုင်းနိုင်ငံရှိ မြန်မာလုပ်သားများသည် ၎င်းတို့ ထုတ်ပေးလိုက်သည့် နိုင်ငံကူးလက်မှတ်ဖြင့် လေးနှစ်ကာလအထိ ဗီဇာလျှောက်ထားနိုင်သည်။

အဆိုပါ ပထမအကြိမ်ထုတ်ပေးထားသည့် ယာယီနိုင်ငံကူးလက်မှတ်သည် ပြီးခဲ့သည့်နှစ်အစောပိုင်းတွင် စတင်သက်တမ်းကုန်သွားပြီးဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေး ထောက်ခံအားပေးသူများနှင့် အလုပ်သမားများသည်မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံတွင် တရားဝင်ဆက်လက်နေထိုင်ခွင့်ပြုပေးမည့် စနစ်တစ်ရပ်ကို ချမှတ်ပေးရန် မြန်မာနှင့်ထိုင်းအစိုးရတို့အား မေတ္တာရပ်ခံခဲ့ကြသည်။

"နေထိုင်ခွင့် သက်တမ်းတိုးရေးအတွက် ၂၀၁၃ ခုနှစ်၊ ဇွန်လမှာ ပြုလုပ်ခဲ့တဲ့ သဘောတူညီမှုကို အချိန်မီ ပွင့်ပွင့်လင်းလင်း အကောင်အထည်မဖော်ခဲ့တဲ့အပြင် ရှင်းရှင်းလင်းလင်းလည်း မရှိပါဘူး။ ထိုင်းနိုင်ငံမှာ လေးနှစ်ကျော်နေပြီဖြစ်တဲ့ အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေဟာ အခုအချိန်အထိ စိုးရိမ်စရာ ကောင်းလောက်အောင် မရေမရာဖြစ်နေဆဲပါ"ဟု အဆိုပါ အဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ပိုပြီး စိုးရိမ်စရာကောင်းတာက အဲဒီအလုပ်သမားတွေကို ဖမ်းဆီးတာတွေက ပိုများလာနေပြီး တချို့နယ်တွေမှာ ရဲအရာရှိတွေက ခြိမ်းခြောက်ငွေညှစ်တာ၊ ဒါမှမဟုတ် တရားမဝင် အကာအကွယ်ပေးတဲ့ ကတ်တွေကို အဓမ္မဝယ်ခိုင်းတာမျိုးတွေ ကြုံနေရပါတယ်"ဟု ဆိုသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာနထံ ဆက်သွယ်မေးမြန်းခဲ့ရာ ပြန်လည် ဖြေကြားခြင်း မရှိချေ။

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

ရှမ်းပြည်တောင်ပိုင်းက သီးခြားကမ္ဘာလေး လွိုင်တိုင်းလန်

တင်မက္ကလောက်လင်
ရေးသားသည်။

လွိုင်တိုင်းလန် လမ်းမကြီး၏ လမ်းလယ်ကောင်မှ တစ်ကွေ့တစ်ပတ်လမ်းလျှောက်သွားရသည်မှာ နယ်မြို့လေးတစ်မြို့ကသာပေးစွမ်းနိုင်သည့် ဒေသအင်္ဂေ့အသက် အရသာတစ်ခုကိုခံစားနိုင်ရန်ပင်ဖြစ်သည်။ လျှောစောက်လမ်းကြောင်း၏ အလယ်သည် ထိုင်းနှင့်မြန်မာနိုင်ငံတို့အကြားခြားနားမှုကို အမှတ်အသားပြုထားခြင်း ဖြစ်သည်။ မဆိုစလောက်ခြေလှမ်းအနည်းငယ် လှမ်းလိုက်ရုံမျှနှင့်ပင် ဟိုမှာဘက်ခြမ်းနှင့် ဒီမှာဘက်ခြမ်းကို ကူးချည်သန်းချည်ပြုနိုင်ပေသည်။

"ဟိုဘက်ကိုသာကျသွားရင် ခင်ဗျားကို ကျွန်တော်တို့ မကူညီနိုင်တော့ဘူး"ဟု ထိုင်းဘက်ခြမ်းကိုလက်ညှိုးညွှန်လျက် ရှမ်းပြည်နယ်တောင်ပိုင်းတပ်မတော် (အက်စ်အက်စ်အေ-တောင်ပိုင်း)အရာရှိတစ်ဦးက ရယ်မော၍ ပြောသည်။

တိကျသည့် မြေပုံတစ်ခုသာ ရရှိနိုင်ပါက သစ်တောများထူထပ်နေသည့်တောင်ကုန်းများကို ဖြတ်လျက်ရှိသော ထိုင်း-မြန်မာနယ်စပ်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့ရာတွင် ယင်းနယ်စပ်မျဉ်းသည် ထိုင်းနိုင်ငံကို မြန်မာနိုင်ငံမှခွဲထုတ်ထားခြင်းမဟုတ်ဘဲ တိုင်း(ရှမ်း) လူမျိုးများကို ထိုင်းလူမျိုးများမှ ခွဲထုတ်ထားခြင်းသာဖြစ်သည်ဟု ပြည်မကြီးမှ လွတ်လပ်စွာသီးခြားတည်ရှိနေသည့် တိုင်းရင်းသားဒေသခံများက ပြောပေလိမ့်မည်။

ထိုတောင်တန်းများအလွန်တွင် တကယ့် မြန်မာနိုင်ငံကြီးရှိလျက်နေသည့်တိုင် ရှမ်းဘာသာစကားနှင့် အက်စ်အက်စ်အေ (တောင်ပိုင်း) တိုက်ပွဲဝင်စစ်သားများ၏ ဝတ်စုံများပေါ်မှ အနီအနက်အမှတ်တံဆိပ်များကို မြင်တွေ့ရသည်မှာ ဘန်ကောက်အစိုးရ(သို့) နေပြည်တော်အစိုးရ၏ ထိန်းချုပ်မှုများ လားလားမှမရှိသည့် သီးခြားနေရာ တစ်ခုပင်ဖြစ်တော့သည်။

၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလမှစတင်၍ မြို့ကလေးသည် အက်စ်အက်စ်အေ(တောင်ပိုင်း)နှင့် ယင်း၏နိုင်ငံရေးအဖွဲ့ခွဲဖြစ်သည့် ရှမ်းပြည်နယ်ပြန်လည် တည်ဆောက်ရေးကောင်စီတို့၏ ဌာနချုပ်များအဖြစ် တာဝန်ယူခဲ့သည်။ အက်အက်စ်အေ(တောင်ပိုင်း) မရောက်ရှိမီက "ကျားတွေ၊ ဆင်တွေရှိခဲ့တဲ့ တောကြီးမျက်မည်းတစ်ခုသာသာဖြစ်ခဲ့တယ်"ဟု အဖွဲ့၏ နိုင်ငံခြားရေးဌာနအထွေထွေအတွင်းရေးမှူး ရွှက်မောင်က ပြောသည်။

အာရ်စီအက်စ်အက်စ်/အက်စ်အက်စ်အေ ဥက္ကဋ္ဌဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးရွှက်ဆစ်က တောင်စောင်းတစ်ခုတွင်တည်ရှိကာ မဟာဗျူဟာကျသည့် အနေအထားကြောင့် ယင်းဒေသကို ၎င်းကရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟုပြောသည်။ ယင်း၏တည်နေရာသည် ၁၉၉၆ ခုနှစ်မှစတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ မြန်မာအစိုးရတပ်မတော်နှင့် အမြဲပင် မကျေမလည်ဖြစ်နေသည့် အက်စ်အက်စ်အေ(တောင်ပိုင်း) တပ်ဖွဲ့များအတွက် စစ်ပညာလေ့ကျင့်ရန်အတွက်လည်း နေရာအခင်းအကျင်း ကောင်းမွန်ပေသည်။

တောင်ထိပ်ပေါ်တွင် တည်ရှိသည့်အနေအထားကလည်း တစ်ပန်းသာသည့်အဖြစ်ကို ၂၀၀၅ ခုနှစ်အတွင်းက Wei Hsuehkang ၏ ဦးဆောင်မှုဖြင့် '၀' ပြည်ထောင်စုတပ်က လွိုင်တိုင်းလန်ကို လာရောက်တိုက်ခိုက်စဉ်က သာဓကပြခဲ့ပြီးဖြစ်သည်။

ထိုစဉ်က လာရောက် တိုက်ခိုက်သူများသည် နေ့စဉ်နံနက် ၄ နာရီတွင် မော်တာများဖြင့်ပစ်ခတ်၍ 'နံနက်ခင်းအိပ်ရာထချိန်အချက်ပေး' တတ်သည်ဟု ဇဝနဉာဏ်ရွှင်သည့် အရာရှိတစ်ဦးက ဆိုသည်။ သို့ရာတွင် မတ်စောက်လှသည့် တောင်စောင်းပေါ်တွင်တိုက်ခိုက်ရသည်မှာ ခက်ခဲလှသဖြင့် ရက်ပေါင်း ၆၀ အလွန်တွင် တိုက်ခိုက်သူများ ဆုတ်ခွာသွားခဲ့သည်။

ဦးခွန်ဆာ၏ မုန်တိုင်းစစ်တပ်သည် ၁၉၉၆ ခုနှစ်က အစိုးရထံအလင်းဝင်ရောက်ခဲ့အပြီး ခွဲထွက်လာခဲ့ကြသော ဒုတိယဗိုလ်ချုပ်ကြီးရွှက်ဆစ် ဦးဆောင်သည့် အက်စ်အက်စ်အေ(တောင်ပိုင်း) စစ်သားများအတွက် ကြမ်းတမ်းသည့်တပ်စခန်းချမှုတစ်ခုသည် တဲငယ်များစုစည်းသည့် အခြေအနေမှစတင်ခဲ့ရသည်။ လွန်ခဲ့သည့် ၁၀ စုနှစ်အတွင်း လွိုင်တိုင်းလန်သည် စစ်အရာရှိများ၊ မိသားစုဝင်များနှင့် အရပ်သားအချို့တို့ ပါဝင်လာကြပြီး ကြီးမားကျယ်ပြန့်လာခဲ့သည်။

အာရ်စီအက်စ်အက်စ် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံတို့ရှိ ကိုယ်စားလှယ်ရုံးများသို့ အလှည့်ကျသွားချည်လာ ချည်ပြုလျက်ရှိကြသဖြင့် လူဦးရေအတိအကျ ပြောရန်မှာမူ ခက်ခဲလှသည်။ အက်စ်အက်စ်အေ (တောင်ပိုင်း) စစ်သားများသည် အမြဲလိုလိုပင် လေ့ကျင့်လျက် ရှိချင်ရှိ၊ သို့မဟုတ် ကွင်းပြင်ထဲရောက်လို ရောက်ရှိနေကြသည်။ ၎င်းတို့ကိုယ်၌ ကပင်လျှင် စစ်သည် အင်အားကိုလူသိရှင်ကြားထုတ်ဖော်ပြောဆိုရန် ငြင်းဆန်ထားပြီး မြန်မာ့ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က မူ အင်အား ၆,၀၀၀ ကျော်ဟု ခန့်မှန်းထားသည်။

လူဦးရေ တိုးပွားလာမှုနှင့်အတူ အိမ်ခြေများသည်လည်း တောင်စောင်းတစ်လျှောက် တစ်စတစ်စများပြားလာခဲ့သည်။ နေထိုင်သူများလာသည်နှင့်အမျှ အရပ်သားဘဝ၏ အဆင်အယင်များလည်း ပေါ်ပေါက်လာသည်။ လေးထောင့်ကျကျ ခိုးစင်းလှသောပုံစံရှိသည့် အေအီးစီ စူပါမားကက်သည် စစ်အရာရှိများ၏ဇနီးသည်များအတွက် မရှိမဖြစ်လိုအပ်သော အိမ်သုံးပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

တာဝန်ချိန်မှအားလပ်ကြသည့် စစ်သားများသည် အရာရှိများဖြင့် ဖွဲ့စည်းထားသော လူကြိုက်များသည့် ရော့ခ်ဂီတအဖွဲ့ 'လွတ်လပ်ရေးလမ်းစဉ်'၏ သိမ်းငှက်နီ အမှတ်တံဆိပ်ပါသောရှပ်အင်္ကျီများကို ဝတ်ဆင်ထားကြသည်။ ထိုဂီတအဖွဲ့၏ အနုပညာဖန်တီးမှုများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဗမာဦးစားပေးလွန်းသည်ဟုဝေဖန်ထားပြီး ရှမ်းပြည်နယ်ရှိ လူ့အခွင့်အရေးကို ပိုမိုလေးစားရန်တောင်းဆိုထားသည့် ဂီတသံစဉ်များလည်း ပါဝင်သည်။

ထို့ပြင် အာရ်စီအက်စ်အက်စ်သည် အင်န်ဂျီအို့နှင့် စေတနာရှင်အချို့၏အကူအညီဖြင့် လူမှုရေးဝန်ဆောင်မှုများလည်း ပေးလျက်ရှိသည်။ မြို့၏ဆေးခန်းအတွင်း၌ ခေတ္တလာရောက်လုပ်အားပေးသည့် နိုင်ငံခြားသားဆရာဝန်များသည် နာမကျန်းသူများကို ဂရုစိုက်ကုသပေးလျက်ရှိသည်။ စာသင်ကျောင်းများတွင်လည်း ရှမ်းပြည်နယ်အတွင်းရှိ အခြားသောဒေးရပ်မြေများမှ လာရောက်လုပ်အားပေးကြသော ဆရာ၊ ဆရာမများအတွက် အိပ်ဆောင်များကို နှစ်ဆ

(၆၇) ကြိမ်မြောက် ရှမ်းအမျိုးသားနေ့အခမ်းအနားတွင် တွေ့ရသည့် အက်စ်အက်စ်အေတပ်ဖွဲ့ဝင်များ။ ဓာတ်ပုံ - ဆမ်ဂျမ်

တိုး စီစဉ်လျက်ရှိသည်။

အခြားသောအရာတချို့ကမူ လုံးဝဥဿုံမရှိမဖြစ်လိုအပ်သည်ဟူ၍ ယူဆဖွယ်ရာမရှိချေ။ ဒေသခံတစ်ဦး၏ ကြွားလုံးအရ အရက်ချက်စက်ရုံတစ်ခုဆိုလျှင်မူ ဆန်ဝီစကီကိုထုတ်လုပ်လျက်ရှိကာ ယင်းဝီစကီသည် အတန်အသင့် ပြင်းသည့်တိုင် ယင်းအရက်ကိုညပိုင်း သောက်ထားသူသည် နောက်တစ်ရက်နံနက်ခင်းတွင် ကြည်ကြည်လင်လင် နိုးလောက်အောင် ကောင်းမွန်သည်ဟုဆိုသည်။

မြို့၏တည်ရှိမှုသည် ထိုင်းနိုင်ငံအပေါ်တွင်သာ လုံးလုံးလျားလျား မှီတင်းနေဆဲဖြစ်ကာ ဒေသခံများသည် ဆန်မှအစ ဓာတ်ဆီအထိ မရှိမဖြစ် လိုအပ်သည့်အရာမှန်သမျှကို ထိုင်းနိုင်ငံမှ တင်သွင်းရပေသည်။ ထိုင်းဘတ်ငွေသည် ဒေသသုံးငွေကြေးဖြစ်ပြီး နာရီများကိုလည်း ရွှေထွေးမှုမရှိစေရန် ထိုင်းစံတော်ချိန်ကိုပင် ချိန်ညှိထားကြသည်။ ထို့ကြောင့်ပင် လွိုင်တိုင်းလန်၏ စံတော်ချိန်သည် မြန်မာနိုင်ငံရှိ ကျန်ဒေသများထက် နာရီဝက်စောနေသည်။

ထိုင်းဘုရင့်တပ်မတော်၏ တပ်စခန်းသည် မြို့ကို အပေါ်စီးမှ မြင်နေရသည်။ အမှန်မှာမူ ထိုစခန်းကို အာရှစီအက်စ်အက်စ်က တည်ဆောက်ထားခြင်းဖြစ်ပြီး ချစ်ကြည်ရေးအလှူငှာ ယမန်နှစ်က ထိုင်းကိုပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထိုစခန်း၏ကပ်လျက်ရှိ သံအလံတိုင်ကြီး တစ်ခုတွင် ယခုအခါထိုင်းနိုင်ငံအလံလွှင့်ထားသော်လည်း မျိုးချစ်စိတ်ရှိသည့် အက်စ်အက်စ်အေ(တောင်ပိုင်း)ကလည်း ရှမ်းပြည်နယ်အလံကို ထိုင်းအလံ၏ အရှေ့တည့်တည့်တွင် စိုက်ထူထားသည်။

"တိုင်းနဲ့ထိုင်း သမိုင်းအရတော့ ကျွန်တော်တို့ဟာ တူညီတဲ့မျိုးနွယ်စုတစ်ခုရဲ့ဆွေမျိုးတွေပါ။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ဆက်ဆံရေးဟာလည်းဆွေလိုမျိုးလိုပါပဲ"ဟု ဒုတိယဗိုလ်ချုပ်ကြီးရွှက်ဆစ်က လွိုင်တိုင်းလန်သို့ အလည်အပတ်ရောက်ရှိသွားသည့် မြန်မာတိုင်း(မ်)သတင်းထောက်ကို ပြောသည်။

မြို့သည် သာမန်လူနေအခြေချ ပုံစံတစ်ခုအဖြစ်သို့ ရောက်ရှိလာသည့်တိုင် လွိုင်တိုင်းလန်ရှိဘဝသည် အခက်အခဲများရှိလျက်ပင်ရှိသည်။ လေတိုက်မှုနှင့် ကုန်တင်ကားကြီးများဖြတ်သန်းမောင်းနှင်သွားရာမှ ထွက်ပေါ်လာသည့် ဖုန်မှုန့်များမှာ မမြင်ချင်အဆုံးပင်ဖြစ်သည်။ မိုးတွင်းကာလဆိုပြန်ကလည်း မတ်စောက်လှသည့် တောင်တက်လမ်းများသည် ပွက်အလူးလူးဖြစ်သွားကာ တောက်တက်ကားမောင်းသူများသည် ပွက်အတွင်း ဘီးလှိမ့်ရန် ချိန်းကြိုးကြီးများ သုံးကြရသည်။ အထူးသဖြင့်ခြောက်သွေ့လှသော ဆောင်းတွင်းရာသီနှင့် အခြားကာလများတွင် ရေရှားလှသည်။ လျှပ်စစ်မီးသည်လည်း ပြတ်တောင်းပြတ်တောင်းနှင့် နေ့လည်ပိုင်းများတွင် ဖြတ်တောက်ခြင်းခံထားရသည်။

အခက်အခဲများရှိသည့်တိုင် အသက် ၇၃ နှစ်အရွယ် မယ်ထောင်းငယ်ကဲ့သို့သောဒေသခံများအတွက် ယင်းမြို့လေးသည် ရှမ်းပြည်နယ်အခြားသော ဒေသများရှိ စစ်ဒေသတစ်ခု၏ ဗဟိုချက်ချာတွင် နှစ်များစွာနေခဲ့အပြီးတွင် လုံခြုံလှသည့် ကွန်းခိုရာတစ်ခုပမာ ဖြစ်နေသည်။ အိမ်ခြေများဆောက်လုပ်ရန်မြေနေရာသည် အခမဲ့ဖြစ်ပြီး အာရှစီအက်စ်အက်စ်သည် အစားအစာများကို ကိုယ်တိုင်ဝယ်ယူနိုင်ခြင်းမရှိသည့် ဒေသခံများအား ဆန်များထောက်ပံ့ပေးလျက်ရှိသည်။

မုန့်ပန်မြို့နယ်မှ ပန်နွတ်ကလွတ်ရွာဇာတိသူ မယ်ထောင်ငယ်သည် တပ်မတော်နှင့်အခြားလက်နက်ကိုင်တိုင်းရင်းသားတချို့၏ စစ်ပွဲကို ရှောင်ရှားရန် သူ၏ကလေး လေးဦးနှင့်အတူ လွန်ခဲ့သည့်ကိုးနှစ်က လွိုင်တိုင်းလန်သို့ လာရောက်နေထိုင်ခဲ့သည်။

မိဘများက ဆက်လက်တာဝန်ယူနိုင်ခြင်းမရှိတော့သည့်အတွက် စိုင်းသာသည် ၂၀၁၁ ခုနှစ်တွင် ရောက်ရှိလာခဲ့သည်။ သို့ရာတွင် စာသင်ကျောင်းသို့ ပို့ရမည့်အစား သူတို့က စိုင်းသာကို အက်စ်အက်စ်အေ(တောင်ပိုင်း) အစောင့်တပ်သို့ပို့လိုက်ကြသည်။ အသက် ၁၃ နှစ်အရွယ် လူကောင်သေးသည့်စိုင်းသာသည် ကျောင်းတက်ပြီးပါက အင်္ဂလိပ်ဆရာတစ်ဦးဖြစ်ရန် မျှော်လင့်ထားသည်။

လိုအပ်ချက်အရပြောင်းရွှေ့လာကြသူများရှိသလိုပင် တချို့ကလည်း ရှမ်းပြည်နယ်အရေးအတွက် သက်သက်ပင် ပြောင်းလာကြသူများလည်းရှိလေသည်။

အသက် ၃၇ နှစ်အရွယ် တောင်မူရွှေသည် အသက် ၂၀ ကျော်အရွယ်က မလေးရှားတွင် အလုပ်လုပ်ရန် ရှမ်းပြည်နယ်မှထွက်ခွာခဲ့သည်။ သို့ရာတွင် မလေးရှားသို့ တရားဝင် ရောက်သည့်အခါ လုပ်ခလစာအငြင်းပွားမှုကြောင့်အလုပ်ပြုတ်ခါ တရားမဝင်နေထိုင်သူဖြစ်ခဲ့ရသည်။ ယင်းနောက်ဖမ်းဆီးခြင်းခံရပြီး ထောင်ချခံရကာ ကုလသမဂ္ဂ၏ အကူအညီဖြင့် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒ်နီသို့ရောက်ရှိကာ ၁၀ နှစ်ကြာမျှ နေထိုင်ခဲ့သည်။ သူသည် ယမန်နှစ်က ရှမ်းပြည်နယ်သားတစ်ဦးအဖြစ် ဂုဏ်ယူစွာ လွိုင်တိုင်းလန်သို့ ပြန်လာခဲ့သည်။

"ကျွန်တော် ငွေနောက်ကို လိုက်ခဲ့ပြီးပါပြီ။ ဒီမှာတော့ ကျွန်တော်တို့ရဲ့ မိခင်ဘာသာစကားနဲ့ စာပေကိုလွတ်လွတ်လပ်လပ် လေ့လာလို့ရပါတယ်"ဟု ရှမ်းပြည်နယ်သို့ ပြန်လာရသည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သူက ပြောသည်။

အာရှစီအက်စ်အက်စ်နှင့် အက်စ်အက်စ်အေ(တောင်ပိုင်း)တို့၏ ဦးဆောင်မှုအကြားမှ သမ္မတဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံကြသူများလည်း ရှိကြသည်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အာရှစီအက်စ်အက်စ်သည် ပထမဆုံးအကြိမ်အဖြစ် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီးရွှက်ဆစ်သည် ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ သမ္မတကို လူသိရှင်ကြားချီးကျူးစကားဆိုခဲ့ကာ၊ ၁၀ စုနှစ်များစွာအတွင်း အက်စ်အက်စ်အေ(တောင်ပိုင်း) ခေါင်းဆောင်တစ်ဦးအဖြစ် နေပြည်တော်သို့ လွန်ခဲ့သည့် နှစ်ဇွန်လက ပထမဆုံးသွားရောက်ကာ သမ္မတနှင့် တွေ့ဆုံခဲ့သည်။

"သမ္မတဦးသိန်းစိန်ဟာ ရိုးသားတဲ့ပုဂ္ဂိုလ်တစ်ဦးလို့ ကျွန်တော်တို့ယုံကြည်ပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီးရွှက်ဆစ်က ပြောသည်။

သံသယများရှိနေဆဲ ဖြစ်သည့်တိုင် သမ္မတသည် တပ်မတော်အပေါ်ဩဇာရှိမရှိကိုမူ ရှမ်းခေါင်းဆောင်များက မယုံရဲယုံရဲဖြစ်လျက်ရှိသည်။

"အပစ်အခတ်ရပ်စဲရေးကို အာရှစီအက်စ်အက်စ်နဲ့အစိုးရတို့က လက်မှတ်ရေးထိုးခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့တပ်တွေနဲ့ ဗမာတပ်တွေကတော့ တိုက်ပွဲတွေဖြစ်နေတုန်းပဲ။ ဒါ့ကြောင့် ဗမာအစိုးရနဲ့ စစ်တပ်အကြားမှာ ပြဿနာတချို့ ရှိကောင်းရှိမယ်လို့ ကျွန်တော်တို့ထင်ပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီးရွှက်ဆစ်က ပြောသည်။

မရပ်နားသောတိုက်ပွဲများကြောင့် ခေါင်းဆောင်ပိုင်းများက အစိုးရနှင့် ချင်းမိုင်၊ နေပြည်တော်နှင့်ရန်ကုန်မြို့များ၌ တွေ့ဆုံဆွေးနွေးမှုများစွာဆောင်ရွက်နေသည့်တိုင် လွိုင်တိုင်းလန်ရှိ အက်စ်အက်စ်အေ(တောင်ပိုင်း) အခြေခံစစ်သားများအတွက် ထူးမခြားနားပင်ဖြစ်သည်။

(၆၇) ကြိမ်မြောက်ရှမ်းအမျိုးသားနေ့ကျင်းပရန်အတွက် မြို့နေလူထုများပျော်ပါးခဲ့ကြအပြီး သုံးရက်အကြာသာသာ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လွိုင်တိုင်းလန်ပြင်ပတွင်ခရီးကြမ်းနှင်ကာ စစ်သင်တန်းသစ်တစ်ခုစတင်ရန်အတွက် လူသစ်များစုနေပြီဖြစ်သည်။

(စော်ဝင်း ဘာသာပြန်သည်) ■

ကြယ်ငါးပွင့်ဟိုတယ်တစ်လုံးဆောက်မည်

ရိုစီ

ရွှေတိဂုံဘုရားလမ်းပေါ်ရှိ ယခင်ကာကွယ်ရေးတက္ကသိုလ်ဟောင်း ဝင်းနေရာ၌ ကြယ်ငါးပွင့်ဟိုတယ်နှင့် စျေးဝယ်စင်တာ တည်ဆောက်ရန် BOT စနစ်ဖြင့် ငှားရမ်းခဲ့ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

အဆိုပါဝင်းအတွင်းရှိ ၇ ဒသမ ၅ ဧကကျယ်သည့် မြေနေရာပေါ်တွင် Adventure Myanmar Tours & Incentive Co., Ltd က နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်နှင့်အတူ စျေးဝယ်စင်တာ၊ စီးပွားရေးအဆောက်အအုံ၊ လူနေအိမ်ခန်းများ ဆောက်လုပ်သွားမည်ဖြစ်သည်။

"ဒီအသစ်ဆောက်မယ့် ကြယ်ငါးပွင့်အဆင့်ဟိုတယ်မှာ အမေရိကန်ဒေါ်လာ ၅၆ သန်းလောက် ရင်းနှီးမြှုပ်နှံသွားမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ခွင့်ကိုလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံက ရရှိထားပြီး ဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ အကုန်လောက် အပြီးဆောက်သွားမှာ ဖြစ်ပါတယ်" ဟု Adventure Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရွှေတောင်ကုမ္ပဏီကလည်း အဆိုပါဝင်းအတွင်းရှိ မြေရှစ်ဧကကျော်၌ အဆင့်မြင့်ဟိုတယ်ဆောက်လုပ်ခွင့်ကို ၂၀၁၃ ခုနှစ်ကတည်းကရရှိထားပြီး ရုံးခန်းများနှင့်တကွ စျေးဝယ်စင်တာတစ်ခုကိုလည်း တည်ဆောက်သွားမည်ဟု သိရသည်။ ■

THE MYANMAR TIMES ဒဂုံတိုင်းတော်
Capital News
■ နေပြည်တော်သတင်း
သောကြာနေ့၊ ဖေဖော်ဝါရီ ၂၈ - မတ် ၆၊ ၂၀၁၄

သုံးနှစ်ကျော်လာသော်လည်း လယ်သမားအရေး မပြေလည်သေး

ပြည့်သက်ပြိုး

လွှတ်တော် သက်တမ်းသုံးနှစ်ကျော်ရှိနေပြီးဖြစ်သော်လည်း လယ်ယာမြေသိမ်းဆည်းမှုများ ခံစားနေရသည့် လယ်သမားအရေးပြဿနာမှာ မပြေလည်သေးသည့်အပြင် ပိုမိုဆိုးရွားလာသည်ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီမှ အလုပ်သမားကိုယ်စားလှယ် ဦးရဲနိုင်ဝင်းက ဖေဖော်ဝါရီလ ၂ ရက်နေ့က မြန်မာတိုင်း(မ်)ကို ပြောသည်။

"တကယ်တော့ လွှတ်တော်သက်တမ်းကသုံးနှစ်ကျော်လာပါပြီ၊ လယ်သမားပြဿနာကမပြေလည်သေးတဲ့အပြင် တဖြည်းဖြည်းနဲ့ ပိုပြီးဆိုးရွားလာပါတယ်၊ အဲဒီအတွက် လွှတ်တော်ရဲ့ ဥပဒေပြုမှုအပေါ်မှာ အစိုးရကလည်း ထိထိမိမိ အကောင်အထည်ဖော်ဖို့လိုတယ်၊ လွှတ်တော်နဲ့ အစိုးရက တကယ်လက်တွဲပြီးတော့ လယ်သမားတွေရဲ့ နစ်နာမှုတွေကို ထိထိမိမိလုပ်ဖို့လည်းလိုတယ်၊ လွှတ်တော်ထဲမှာ ဆွေးနွေးနေရုံနဲ့ မပြီးသေးပါဘူး"ဟု ၎င်းက ဆိုသည်။

"လွှတ်တော်မှာ တင်ထားတဲ့ မြေသိမ်းအမှုတွဲပေါင်း ၅,၈၅၈ မှုရှိတယ်၊ အဲဒီအထဲမှာမှ ၄၂၃ မှုကို ရှင်းပြီးပါပြီလို့ လွှတ်တော်ထဲမှာ ပြောပါတယ်၊ ရှင်းပြီးပြီလို့ ဆိုသော်လည်း သက်ဆိုင်ရာ နယ်

သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် လယ်သမားများ၏ ဆန္ဒပြပွဲတစ်ခုကို ပြီးခဲ့သည့်နှစ် ဇွန်လက ရန်ကုန်မြို့၌ တွေ့ရစဉ်။ ဓာတ်ပုံ - ဇာနည်ဖြိုး

မြေတွေမှာ ဘယ်တောင်သူမှ ပိုင်တာ မရသေးပါဘူးလို့လည်း လွှတ်တော်ကိုယ်စားလှယ်တွေက ပြောထားတယ်"ဟု လယ်သမားနှင့် အလုပ်သမားရေးရာများကူညီဆောင်ရွက်ပေးသူများကွန်ရက် (F.N.I)မှ နေပြည်တော်တာဝန်ခံ ဦးကျော်ဆွေလတ်က ဆိုသည်။

"မြေယာပြဿနာနဲ့ ပတ်သက်ပြီး လွှတ်တော်က ဆောင်ရွက်နေတာတွေကတော့ သဘောကျစရာရှိပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့လည်း ပြည်သူကို ကိုယ်စားပြုဖို့ ကြိုးစားနေကြတာပါ၊ အဲဒါတွေကို အကောင်အထည်ဖော်ဖို့အတွက် လယ်ယာမြေ စုံစမ်းရေးကော်မရှင်ဖွဲ့ထားတယ်၊ ဒါပေမဲ့ အဲဒါကကန့်သတ်ချက်တွေများတယ်၊ ဒါကြောင့် အကောင်အထည်ပေါ်မလာတာတွေရှိတယ်၊ အခုလည်း အစိုးရစီမံကိန်းကြောင့် လျော်ကြေးပေးတာတွေရှိသလို ပိုနေတဲ့မြေတွေရှိတယ်၊ အဲဒါတွေကိုလည်း ပြန်ပေးတာမတွေ့ဘူး"ဟု နေပြည်တော်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခုံးမှ ဥပဒေအထောက်အကူပြုအဖွဲ့ဝင် ရှေ့နေဦးခင်မောင်ဇော်က ဖေဖော်ဝါရီလ ၂၅ ရက်က မြန်မာတိုင်း(မ်)ကို ပြောသည်။

ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေစုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း (၁)မှ (၃)အရ မြေယာ ကိစ္စအမှုပေါင်း ၇၄၅ မှုအနက် အပိုင်း(၁)တွင် ၅၆၅ မှု၊ မြေဧက ၃၂၁,၅၆၇ ဒသမ ၄၉၈ ကေရှိပြီး၊ အပိုင်း(၂)တွင် ၆၃ မှု၊ မြေဧက ၅၃၃,၂၁၆ ဒသမ ၀၁၄ ကေနှင့် အပိုင်း(၃)တွင် ၁၁၇ မှု၊ မြေဧက ၁၃၇,၄၂၁ ဒသမ ၁၈၉ ကေရှိသည်ဟု ဖော်ပြထားသည်။

အထက်ပါ၇၄၅ မှုသည် ယခင်အစိုးရအဆက်ဆက်ကာလ နှစ်ပေါင်း ၅၀ အတွင်းက ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်များဖြစ်သည်ဟုလည်း လယ်ယာမြေစုံစမ်း ကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်အရ သိရှိရပြီး မြေယာအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ ဖြေရှင်းပြီးစီးမှုအရ မြေဧရိယာ ၃၃၄,၅၉၃ ဒသမ ၇၀၃ ကို အစိုးရက အကြောင်းရင်း ခိုင်မာ၍ စွန့်လွှတ်ခြင်းမပြုသော်လည်း လျော်ကြေးများပေးပြီးဖြစ်သည်။ မြေကော ၅,၈၇၂ဒသမ ၆၅ ဧကကို တစ်စိတ်တစ်ဒေသစွန့်လွှတ်သည့် မြေယာများအဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း၊ မြေကော ၅,၆၅၅ ဒသမ ၁၃ ဧကကို လုံးဝစွန့်လွှတ်သည့်မြေယာများအဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း၊ မြေဧရိယာ ၃,၈၃၀ ဒသမ ၉၁ ဧကမှာ ဌာနဆိုင်ရာများက သိမ်းယူခဲ့ခြင်းမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များက တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားရယူခဲ့သည့် မြေယာများဖြစ်သည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အငြင်းပွားသည့် မြေယာများဟူ၍ သတ်မှတ်ထားပြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီက အဆင့်ဆင့် ညှိနှိုင်းဖြေရှင်းပေးခဲ့သော်လည်း ယနေ့အထိဖြေရှင်းမရသောကြောင့် ဥပဒေကြောင်းအရဖြေရှင်းရန် သက်ဆိုင်သူများသို့ အကြောင်းကြားထားကြောင်း သိရသည်။

လယ်ယာမြေပြဿနာများကို ထိရောက်မြန်ဆန်စွာဖြေရှင်းနိုင်ရေးအတွက် ဒုတိယသမ္မတဦး ဉာဏ်ထွန်း ဦးဆောင်သည့် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မရှင်ကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့ပြင် နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီရုံးများ ဖွင့်လှစ်ထားသည့်အတွက် ပြန်လည်စွန့်လွှတ်သည့် မြေများကို မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားပြ၍ လျှောက်ထားနိုင်ပြီဖြစ်သည်။ ■

aejynfawmfawmYu qkHu aysmf&TTfu

စုလှိုင်ထွန်း
ရေးသားသည်။

နွေဂူနဲ့ နေပြည်တော်ဆိုရှယ်ပွဲများ မများတာမို့ ဆိုရှယ်မမသိပ်မပင်ပန်းရခဲ့ရပါဘူးရှင်။ ဒီတစ်ပတ် ဆိုရှယ်များမှာ ချစ်သူများနေ့မှာ ကျင်းပခဲ့တဲ့ ဂျန်းရှင်းစင်တာက အထိမ်းအမှတ်ဖျော်ဖြေပွဲနဲ့ အဲဒီမှာပဲ စီးရီးသစ်ကိုမိတ်ဆက်ခဲ့တဲ့ Ext :124 & JY First Trip တေးစီးရီးမိတ်ဆက်ပွဲတွေကို သွားဖြစ်ခဲ့တယ်။ ဖေဖော်ဝါရီ ၁၉ ရက်နေ့ကတော့ ဘောဂသီရိကားကွင်းမှာဖွင့်လှစ်လိုက်တဲ့ TGßI STAGß TYGßE SHOTßGßOOM ဆိုင်ဖွင့်ပွဲကိုလည်း ရောက်ဖြစ်ခဲ့ပါတယ်။

*ef&Sifwm&cJpfoHm;aeYZmfajzy

ကြည်ဖြူ၊ မသက်၊ စုပြည့်နဲ့ ရွှေရည်

TGßI STAGß TYGßE SHOTßGßOOM zifh

မ.ထ.သ(အဝေးပြေး)ဥက္ကဋ္ဌ ဦးဝင်းဆွေ

ဦးစိုးကြီး (အတွင်းရေးမှူး)

ရွှေပြည်မြင့်မိုရ် ကုမ္ပဏီဥက္ကဋ္ဌဦးဝင်းခိုင်

ဒုတိယစိုလ်ချုပ်ကြီးဝေလွင်

ခင်မြတ်မွန်နဲ့ ဝိုင်းတော်သားများ

အားပေးသူပရိသတ်

ဦးမျိုးနဲ့အန်တီနန္ဒာ

Ext :124 အဖွဲ့သားများ

telenor

Telenor Myanmar Limited is seeking to recruit ambitious & highly competent professionals for the following positions.

1.MIS / Business Performance Analysis Associate/ Senior Officer/ Officer (10) post

(Yangon & Mandalay)

Responsible for supporting business teams by collecting and compiling all data to analyze and generate reports, Prepare KPI reports to monitor key performance parameters, Present the date in user friendly format to enable decision making.

Requirements : University Graduate (Prefer commerce major), 2 to 5 years of experience in a roles requiring data analysis, Strong skill of Excel (comfortable in Pivot table, V look up, Graphs etc), Knowledge of ACCESS & Data Mining , Analytical & coordination skills.

2.Express Roll Out Associate/ Officer (10) post

(Magway, Mandalay, Naypitaw, Sagaing, Mawlamyaing , Pyay, Bago, Pathein &Yangon)

Responsible for Plan & Rollout of own and franchisee stores, SIS, Kiosks and Shop on Wheels for assigned Region/Cluster, Manage budgets & roll out within timelines, Manage vendor relationships to develop tie ups for roll out and maintenance through AMCs etc.

Requirements: Any Graduate, 2 to 5 years of experience in Retail industry role involving set-up of stores, Preferred from Handset/Consumer Durable/Retail industry.

3.Mini Cluster lead Senior Officer/ Officer (46) post

(Yangon, Mandalay, Bago, Pyinmana, Aunglan, Hpa –An, Kangyidaunt, Chauk, Kawkareik, Daik - U, Nyaungdon, Pantanaw, Pathien, Kyaikto, Mawlamyine, Myawaddy, Thaton, Nyaunglaybin, Phyu, Kyaukpadaung, Kyaukse, Taungoo, Letpadan, Magway, Meiktila, Minbu, Monywa, Myingyan, Nyaung U, Pakoku, Pyawbwe, Pyay, Pyinoolwin, Sagaing, Taungdwingyi, Yenangyaung, Zigon)

Responsible for appointing & managing Distributor(s) in assigned territory, Roll-out Retailers by managing Distributor Manpower & drive them for target achievement, Achieve business targets by driving recharge and activation sales, Drive channel expansion in territory to ensure strong channel relationship.

Requirements: Any Graduate, 4 to 5 years of Experience in Distribution, Preferred from FMCG industry.

4.Design and Visual Merchandizing Associate (Yangon) (1) Post

Responsible for Conceptualizing and defining Visual Merchandize kit at stores, Coordinate with vendors for roll out of new stores & renovation of existing outlets, Understand the Range Plan /Theme/ Styles for the season for inputting into VM Plan while maintaining planograms.

Requirements: Any Graduate, minimum 5 years in developing retail outlets, Interior Design, Able to use Autocad software will be advantage, Good Coordination skill, Good negotiation skill

5.Design and Visual Merchandizing Offier (Yangon) (1) Post

Responsible for Maintaining store signages, merchandise presentation - theme/occasion wise , Responsible for Visual Merchandising both in-store & for store Windows, Design planograms for COCO & FOFO stores on monthly basis, Co-coordinate with store manager for promotions and display.

Requirements : Any Graduates, minimum 3 years of experience in developing retail outlets, Interior Design, Able to use Autocad software will be advantage, Good Coordination skill, Good negotiation skill.

6.Quality Assurance Associate/ Senior Officer/ Offcier (5) Post

(Yangon & Manadalay)

Responsible for Performing, regular audit surveys of COCO outlets to monitor performance, Set-up quality review processes, define scope of review, Incentivize stores for performance in audit reviews, Analyze results from quality review & customer service satisfaction surveys.

Requirements: Any Graduate, 3 to 4 years of experience in Store Auditing, developing incentive programes, Good coordination skill, Able to travel frequently.

7.Retail Operation Senior Officer/ Officer (Mandalay) (2) post

Responsible for Liaising with Express partner to maintain brand identity, service excellency and to increase market reach, Ensure process, procedures & training are provided to the partners-manpower, Review & approve new locations and Express partners to increase market reach.

Requirements: Any Graduate, 2 to 4 years of experience in retail industry, Good Coordination Skill, Good communication skill, Able to travel.

All position requires good command of English, Good Communication Skill, Good Coordination Skill and strong negotiation skills.

Interested candidates are welcome to apply with application letter and resume mentioning applied position and region by email to **hr.myanmar@telenor.com.mm** not later than 18th March 2014.

ဆမ်ဆောင်း ဂလက်စီ S5၊ **ဂလက်စီ** Gear2 **နှင့် ဂလက်စီ** Fit **တို့အား ဘာစီလိုနာမြို့တွင်ကျင်းပနေသည့် ကမ္ဘာ့မိုဘိုင်းဆက်သွယ်ရေးဆိုင်ရာ ပြပွဲရက်ဖြစ်သည့် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ပြသနေစဉ်။ လက်မွေ့ဖတ်စက်နှင့် နှလုံးခုန်နှုန်းတိုင်းစက်တို့ပါဝင်သည့် ဂလက်ဆီ** S5 **ကို ဆမ်ဆောင်းက ထုတ်ဖော်ပြသလိုက်ပြီဖြစ်သည်။ ရိုးရှင်းသော ပုံသဏ္ဌာန်ဖြင့် အဆိုပါ ဖုန်းသစ်တွင် ၅ ဒသမ ၁ လက်မအကျယ်ရှိ စကရင်ပါရှိပြီး ဖုန်းပိုင်ရှင် ၏ လက်မွေ့ဖြင့် ဖုန်းကို ဖွင့်ရမည်ဖြစ်သည်။ ထို့ပြင် မိတ်ဆက်လိုက်သည့် ဂလက်စီ** Gear Fit **တွင်လည်း နှလုံးခုန်နှုန်းတိုင်းတာစက်နှင့် အားကစား လေ့ကျင့်ရေးမှတ်တမ်းတင်ဆော့ဖ်ဝဲနှင့် ကင်မရာတို့ပါရှိသည်။** ဓာတ်ပုံ - အေအက်ဖ်ပီ

မလေးရှားသွားမည့်သူများအတွက် အသက်အာမခံစနစ် ပါဝင်သည့် ဖုန်းကတ် အခမဲ့ပေးမည်

အောင်ကျော်ညွန့်

မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာလုပ်သားများအတွက် အသက်အာမခံစနစ်ပါဝင်သည့် ဂျီအက်စ်အမ်ဖုန်းဆင်းကတ်များကို မတ်လ ၁ ရက်နေ့မှစတင်ကာ အခမဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် မလေးရှားနိုင်ငံရှိ Tone Plus ကုမ္ပဏီနှင့် မြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနတို့နားလည်မှုစာချွန်လွှာ (MoU) ကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကျော်ထင်ကျော်က ပြောသည်။

"ဆင်းကတ်တွေရဲ့ အသက်အာမခံစနစ်အကျုံးဝင်ဖို့အတွက် ဆင်းကတ်အသုံးပြုသူက တစ်လမှာ ဖုန်းခေါ်ဆိုခအနည်းဆုံး ရင်းဂစ် ၃၀ အသုံးပြုရမှာဖြစ်ပါတယ်။ အသက်အာမခံစနစ်အနေနဲ့ ပို့ငွေ့အလျောက် အသက်အာမခံမှုကို ရရှိမှာဖြစ်ပါတယ်။ ဥပမာ - ရင်းဂစ် ၁၀၀ ဆိုရင် ပို့ငွေ့အားဖြင့် ၁,၂၀၀ ခံစားရမှာဖြစ်ပါတယ်" ဟု ၎ငင်းက ပြောသည်။

"ကျွန်တော်တို့ ရည်ရွယ်ထားတာကတော့ မလေးရှားမှာ အလုပ်သွားလုပ်မယ့်လူတွေ အတွက်ပါ။ ဒါ့အပြင် မလေးရှားနိုင်ငံကို သွားရောက်မယ့် စီးပွားရေးသမားတွေရယ်၊ အလည်အပတ် သွားရောက်မယ့်သူတွေပါ ဒီဆင်းကတ်တွေကို မလေးရှားသွားရောက်မယ့် ခိုင်မာတဲ့သက်သေပြပြီး ထုတ်ယူနိုင်ပါတယ်" ဟု Tone Plus ကုမ္ပဏီမှ ကိုယ်စားလှယ် ဦးသန်းဝင်းက ပြောသည်။

ယင်းဆင်းကတ်အသုံးပြုသူသည် မတော်တဆအသက်ဆုံးရှုံးမှုဖြစ်ပါက အသက်အာမခံကြေးအနေဖြင့် ရင်းဂစ်တစ်သိန်းတန်သည့် ကျပ်သိန်း ၃၀၀ ကို လျော်ကြေးအဖြစ်ပေးသွားမည်ဖြစ်သည်။

ထို့အတူ Tone Plus ဆင်းကတ်သုံးစွဲသူ အချင်းချင်း စာတိုပို့စနစ်ကိုလည်း အခမဲ့သုံးနိုင်မည်ဖြစ်ပြီး မလေးရှားနိုင်ငံသို့ ရောက်ရှိသောအခါ အကူအညီတစ်စုံတစ်ရာ မေးမြန်းနိုင်ရန်လည်း မြန်မာဘာသာစကားဖြင့် ပြန်လည်ဖြေကြားပေးသည့် call center ဖုန်းနံပါတ်ကိုလည်း ဖော်ပြပေးထားမည်ဖြစ်သည်။

အဆိုပါဆင်းကတ်များကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ပင်လုံသင်တန်ကျောင်းတွင် အခမဲ့ထုတ်ပေးသွားမည် ဖြစ်သည်။ ■

အွန်လိုင်းလူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်ပေါ်က နိဗ္ဗာန်ဆော်များ

အောင်ကျော်ညွန့်
ရေးသားသည်။

နိဗ္ဗာန်ဆော်မှုကား ကောင်းမှုကုသိုလ် ပြုလုပ်ရန် ဆော်ဩသူလို့ ကိုလိုနီခေတ် သိပ္ပံမောင်ဝ ရေးသားထားတဲ့ နိဗ္ဗာန်ဆော်စကားပြေမှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

မြန်မာလူမျိုးတွေရဲ့ စိတ်နှလုံးသားထဲမှာ သူတစ်ပါးကို ပေးကမ်းစွန့်ကြဲခြင်း၊ အလှူဒါန ပြုလုပ်ခြင်း၊ သူတစ်ပါးအခက်အခဲတွေကို ဝိုင်းဝန်းကူညီဖြေရှင်းပေးချင်တဲ့ စိတ်ထားတွေဟာ မွေးရာပါဗီဇတစ်ခု ဖြစ်ပါတယ်။

ယခုအခါ လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်အသုံးပြုမှု တွင်ကျယ်လာတာနဲ့အမျှ ဒီဖေ့စ်ဘွတ်ခ်ကို အသုံးပြုပြီး ဘယ်လိုအလှူအတမ်းတွေလုပ်မယ်၊ ဘယ်လိုကူညီထောက်ပံ့မှုလုပ်ငန်းမျိုးတွေလုပ်ရင် ကောင်းမလဲလို့ စဉ်းစားလာကြပါတယ်။

ဖေ့စ်ဘွတ်ခ်နိဗ္ဗာန်ဆော်တစ်ဦးဖြစ်သူ ဒေါ်ဝါဝါခိုင်မင်း က "တခြားအကြောင်းအရာ ကိစ္စတွေအတွက် ဖေ့စ်ဘွတ်ခ်မသုံးဘဲနေရင် နေနိုင်ပေမယ့် နိုင်ငံတကာမှာ နေထိုင်နေကြတဲ့ ပရဟိတစေတနာရှင် အလှူရှင်တွေနဲ့ ချိတ်ဆက်ပြီး အလှူဒါန၊ ပရဟိတတွေ ပိုမိုဆောင်ရွက်နိုင်စေဖို့ အတွက် ဖေ့စ်ဘွတ်ခ်က အမှန်တကယ်လိုအပ်ပါတယ်။ အလွန့်အလွန် အရေးပါတယ်လို့ပဲဖြေပါရစေရှင်။ ဖေ့စ်ဘွတ်ခ်ကြောင့်ပဲ အလှူဒါနပရဟိတ အလုပ်တွေ လုပ်ဖြစ်နေခဲ့တာမို့ ကျေးဇူးတင်စရာကောင်းလို့ ကျေးဇူးရှင်လို့တောင် ပြောလို့ ရပါတယ်ရှင်"လို့ ပြောပါတယ်။

ဒေါ်ဝါဝါခိုင်မင်းဟာ ကိုယ်ပိုင်ဘလော့ဂ်က တစ်ဆင့် အလှူခံခြင်းကို ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းက စတင်ခဲ့တယ်လို့ ဆိုပါတယ်။

"ပထမတုန်းက ဖေ့စ်ဘွတ်ခ်ကနေ အလှူရှင်တွေဖိတ်ခေါ်ဖို့ အကြံဉာဏ်မရှိခဲ့ပါဘူး။ ကျွန်မနိုင်ငံခြားမှာ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိနေစဉ်က ဘလော့ဂ်စရေးခဲ့တာပါ။ ဘလော့ဂ်ကနေတစ်ဆင့် စစ်ကိုင်းမှာ ကျောင်းတစ်ကျောင်းအတွက် သောက်ရေသန့်စက်လိုအပ်နေတဲ့ ဆရာတော်တစ်ပါးနဲ့ ဆက်သွယ်မိပြီး ရေသန့်စက်အလှူအတွက် ကျွန်မဘလော့ဂ်မှာ ပို့စ်တစ်ပုဒ်ရေးပြီးအလှူခံ ပေးခဲ့ပါတယ်။ နောက်တော့စစ်ကိုင်းတောင်ရိုးမှာ သံဃာတော်တွေ ဆွမ်းကွမ်း မလုံလောက်ကြကြောင်းကို ဆရာတော်ဦးကောဝိဒ (ယခု စစ်ကိုင်းတောင်ရိုးဆွမ်းလောင်းအသင်းဆရာတော်) ထံကနေ သိလိုက်ရပြီး စစ်ကိုင်းတောင်ရိုးမှာ သီတင်းသုံးနေထိုင်နေကြတဲ့ သံဃာတော်အပေါင်း ၄၀၀ ကျော်ကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆွမ်းလောင်းလှူဖို့အတွက် ဘလော့ဂ်ကနေ အလှူစုခံဖြစ်ခဲ့တာပါ"လို့ သူက ပြောပါတယ်။

ဘလော့ဂ်ကနေတစ်ဆင့် အလှူခံခဲ့ရာကနေ ဖေ့စ်ဘွတ်ခ်အလှူခံအဆင့် ရောက်ရှိသွားပုံကိုလည်း ဒေါ်ဝါဝါခိုင်မင်းက ပြောပြပါသေးတယ်။

"မြန်မာပြည်ပြန်ရောက်တော့ စီးပွားရေးတစ်ဖက်နဲ့မို့ အင်တာနက်လည်း သေချာမသုံးနိုင်ခဲ့ပါဘူး။ မြန်မာပြည်ပြန်ရောက်မှ ဖေ့စ်ဘွတ်ခ်ကို စသုံးဖြစ်ပါတယ်။ ဆွမ်းလောင်းအသင်းအတွက်လည်း ဖွင့်ရခက်တဲ့ ဘလော့ဂ်ကိုမသုံးဖြစ်တော့တာကြောင့် တနင်္လာပတ် ဆွမ်းအလှူခံတဲ့ပုံလေးတွေကို အလှူရှင်တွေ ကုသိုလ်သဒ္ဓါပွားပြီး သာဓုခေါ်ဆိုနိုင်ကြစေဖို့အတွက် ဖေ့စ်ဘွတ်ခ်မှာ ကွန်နက်ရှင်ကောင်းရင် ကောင်းသလို စတင်ပေးဖြစ်ခဲ့တာဖြစ်ပါတယ်" လို့ ဒေါ်ဝါဝါခိုင်မင်းက ပြောပါတယ်။

ကျန်းမာရေးချို့တဲ့သူတွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ အကူအညီပေးနိုင်ဖို့ ပရဟိတအဖွဲ့တွေက အလှူရှင်ဖိတ်ခေါ်တာ၊ ဆွမ်းလောင်းလှူနိုင်ရန် အလှူရှင်တွေ ဖိတ်ခေါ်တာ၊ ပျောက်ဆုံးနေတဲ့ ကလေးငယ်တွေနဲ့ လူကြီးတွေကို ဓာတ်ပုံနဲ့တကွ ဖေ့စ်ဘွတ်ခ်မှာ ကြေညာတာတွေကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြပြီဖြစ်ပါတယ်။

"ကျွန်တော့် ဖေ့စ်ဘွတ်ခ်မှာလည်း အလှူခံတဲ့ status တွေ တက်လာတယ်။ အဲဒါတွေကို ကျွန်တော်ကတော့ ကိုယ်မလှူနိုင်ပေမယ့် ကျွန်တော့်ဖေ့စ်ဘွတ်ခ်ကနေ တစ်နည်းနည်းနဲ့ အလှူပေးချင်တဲ့သူ တစ်ယောက်ယောက်ဆီ ရောက်လိုရောက်ငြားဆိုပြီးတော့ share ပေးလိုက်တာပါပဲ။ ကျွန်တော် share ပေး လိုက်တာကနေ နောက်သူငယ်ချင်းတွေကလည်း share ပေးလိုက်ရင် တစ်ချိန်ချိန်မှာ လှူဒါန်းနိုင်မယ့်သူဆီတော့ ရောက်သွားနိုင်တာပါပဲ။ ဖေ့စ်ဘွတ်ခ်မပေါ်ခင်တုန်းကဆိုရင် ဥပမာ-ရပ်ကွက်တစ်ခုမှာဆို မဏ္ဍပ်ကြီးထိုးပြီး ဒီရပ်ကွက်ကလူ၊ ဒီရပ်ကွက်ကို အလည်လာတဲ့သူတွေလောက်ပဲ လှူလို့ရမှာလေ။ ဖေ့စ်ဘွတ်ခ်ကျတော့ တစ်ကမ္ဘာလုံးကလူတွေ ဒီအလှူခံတဲ့ status ကြည့်ပြီး လှူဖို့ ဆန္ဒရှိရင် လာရောက် လှူဒါန်းနိုင်တယ်။ ပိုပြီးအလှူခံဖို့ နယ်မြေကျယ်သွားတာပေါ့" လို့ ၂၀၀၇ ခုနှစ်ကပင် ဖေ့စ်ဘွတ်ခ်အသုံးပြုသူ လူငယ်တစ်ဦးဖြစ်တဲ့ ကိုသိန်းထူးအောင်က ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က ဖြစ်ရပ်လေးတစ်ခုကြောင့်လည်း ဖေ့စ်ဘွတ်ခ်ရဲ့ အကျိုးရှိပုံဟာ ပိုမိုပေါ်လွင်ထင်ရှားခဲ့ပါတယ်။

နယ်ချဲ့အင်္ဂလိပ်နဲ့ ဖက်ဆစ်ဂျပန်တွေကို သတ္တိအပြည့်နဲ့ တော်လှန်တိုက်ပွဲဝင်ခဲ့တဲ့ တော်လှန်ရေးရဲဘော်ဟောင်း သခင်လှကြိုင်ဟာ ပဲခူးတံတားပေါ်မှာ တောင်းရမ်းစားသောက်နေရတဲ့ဖြစ်ရပ်ကို ဖေ့စ်ဘွတ်ခ်အသုံးပြုသူတစ်ဦးက ဖေ့စ်ဘွတ်ခ်ကနေ ဖော်ပြခဲ့လို့ လူအများသိရှိခဲ့ပြီး သခင်လှကြိုင်ကို ထောက်ပံ့ပေးလိုသူများ ပေါ်လာခဲ့သလို သခင်လှကြိုင်ဟာလည်း ကျန်ရှိတဲ့ ဘဝသက်တမ်းမှာ အဆင်ပြေပြေနေနိုင်သွားခဲ့ပါတယ်။

ဒါပေမဲ့ ဖေ့စ်ဘွတ်ခ်မှာ ဘယ်သူဘယ်ဝါမှန်းမသိ ဘယ်သူက အလှူခံမှန်းမသိဘဲ လှူဒါန်းငွေတွေကို အလှူရှင်တွေက ယုံယုံကြည်ကြည်နဲ့ လှူဒါန်းဝံ့မှာ မဟုတ်တဲ့အတွက် ဖေ့စ်ဘွတ်ခ် နိဗ္ဗာန်ဆော်များကလည်း အလှူရှင်ယုံကြည်မှုရှိ

စာမျက်နှာ ၂၃ သို့

Norton by Symantec
Authorised Distributor: KMD

ကွန်ပျူတာနှင့်မိုဘိုင်းပစ္စည်းဈေးနှုန်း (၂၁ဝင့်ဒုနှစ် – ဧပြေလ်ဝါရီလ – (၂၄) ရက်နေ့ပေါက်ဈေး)

ကွန်ပျူတာ	ဈေးနှုန်း
KMD Basic Model • Intel Dual Core G2030(3.0GHz)	၂၄၄,၀၀၀ကျပ်
KMD Classic Model • Intel Core i-3 3.4GHz (3240)	၃၀၂,၀၀၀ကျပ်
NEC PowerMate MB Desktop • Core-i3(3220),4GB, 500GB, 18.5" LCD	၅၅၀,၀၀၀ကျပ်

နုတ်ဘုတ်(စ်)	
Dell Inspiron 3437 • 4th G i3-4010U, 4GB, 500GB, 2GB Graphic	၅၇၀,၀၀၀ကျပ်
Lenovo G400S • Intel Pentium B2020, 2GB, 500GB	၄၁၂,၀၀၀ကျပ်
Lenovo C340 All in One PC • Intel Core i3-3220 • 4GB • 500GB	၅၉၀,၀၀၀ကျပ်

မိုဘိုင်း	
Lenovo A390 smartphone	၈၉,၀၀၀ ကျပ်
Lenovo S820 smartphone	၂၂၃,၀၀၀ ကျပ်
LG Optimus L5	၁၄၃,၀၀၀ ကျပ်
Sony Xperia C	၂၄၈,၀၀၀ ကျပ်
HTC Desire 700	၄၁၅,၀၀၀ ကျပ်
Lenovo A1000 Tablet	၁၂၉,၀၀၀ ကျပ်
Mo Mo Tablet 7" Wi-Fi	၅၇,၀၀၀ ကျပ်

Apple — 1 Year Warranty (International)

iPhone 5S (Gold) 16GB	၇၇၉,၀၀၀ ကျပ်
iPad mini(4G) 16GB	၄၆၂,၀၀၀ ကျပ်
iPad Air (WiFi) 16GB	၆၀၉,၀၀၀ ကျပ်
iPad Air (4G) 16GB	၇၈၅,၀၀၀ကျပ်
MacBook Pro i5 (13", Intel Core i5,8GB, 128GB SSD)	၁,၅၇၀,၀၀၀ ကျပ်

အမတ်များ၏ စွမ်းဆောင်ချက်ကို အသေးစိတ်ကြည့်နိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုလွှင့်တင်

ကျော်ဖုန်းကျော်

လွှတ်တော်သုံးရပ်စလုံးတွင် အမတ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ခဲ့မှုများကို အသေးစိတ်ကြည့်ရှုနိုင်မည့် အင်တာနက် ဝက်ဘ်စာမျက်နှာတစ်ခုကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစတင်၍ စမ်းသပ်လွှင့်တင်လိုက်ပြီဖြစ်ကြောင်း ထိုကိစ္စကို ဦးစီးသည့် ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့က ထုတ်ပြန်လိုက်သည်။

လက်ရှိတွင် ထိုဝက်ဘ်စာမျက်နှာသည် beta version ဟုခေါ်သည့် စမ်းသပ်ထုတ်လွှင့်ဆဲအဆင့်သာ ရှိသေးသဖြင့် ပြည့်စုံအောင် မဆောင်ရွက်ရသေးကြောင်း ပွင့်လင်းမြန်မာ့ရှေ့ဆောင်က ဝက်ဘ်ဆိုက်စတင်လွှင့်တင်သည့် နေ့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့သည် ဦးကိုကြီး၊ ဦးမင်းကိုနိုင်ကဲ့သို့သော ၈၈ မျိုးဆက် ကျောင်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ သုတေသနသမားများ၊ နည်းပညာကျွမ်းကျင်သူများနှင့် လူငယ်များပါဝင်သည့် အကျိုးအမြတ်မယူသော သုတေသနနှင့် ပညာရေးအဖွဲ့ဖြစ်သည်။

ထိုအဖွဲ့သည် လွှတ်တော်တွင် အမတ်များမေးမြန်းသည့်မေးခွန်းများကို သုတေသနပြုလုပ်ကာ ခွဲခြမ်းစိတ်ဖြာ လေ့လာထားသည့်စစ်တမ်းတစ်စောင်ကိုလည်း ထုတ်ပြန်ခဲ့ပြီး ထိုနှေ့၌ပင် www.omimyanmar.org အမည်ဖြင့် ဝက်ဘ်ဆိုက်ကို လွှင့်တင်လိုက်ခြင်း ဖြစ်သည်။

သို့သော် လွှတ်တော်ဆိုင်ရာအချက်အလက်အများစုသည် စာအုပ်စာတမ်းများဖြင့်သာရှိခြင်း၊ လွှတ်တော်များ၏ ကိုယ်ပိုင် ဝက်ဘ်စာမျက်နှာများသည်လည်း မပြည့်စုံခြင်း၊ ကွန်ပျူတာဖြင့် မှတ်တမ်းတင်မှု အားနည်းခြင်းတို့ကြောင့် သုတေသနသမားများအတွက်အခက်အခဲဖြစ်နေပြီး အဆိုပါဝက်ဘ်ဆိုက်ကို ပြီးပြည့်စုံစွာ အသုံးချနိုင်မည့် အချိန်ကို အတိအကျမပြောနိုင်သေးကြောင်း ဝက်ဘ်တာဝန်ခံ ကိုစိုးသီဟ နောင်က ပြောသည်။

"Application အရကွန်တော်တို့ ပြီးပြည့်စုံသွားပါပြီ။ အချက်အလက် ထည့်သွင်းဖို့ပဲလိုတော့တာပါ" ဟု ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ နည်းပညာအရာရှိလည်းဖြစ်သည့် ၎င်းက ဆက်ပြောသည်။

"ကိုယ်နေတဲ့ တိုင်းရယ်၊ မြို့နယ်ရယ်ကို ရွေးလိုက်။ အဲဒီမှာ သူ့(မဲဆန္ဒနယ်)ရဲ့ လွှတ်တော်အမတ်ကို မြင်နိုင်စွမ်းရှိတဲ့အနေအထားထိ စီစဉ်ထားတယ်။ အဲဒီမှာ သူ့အမတ် ဘာတွေအဆိုတင်ထားသလဲ။ ဘာတွေပြောထားသလဲ။ အဲဒီလိုလေ့လာနိုင်အောင်အထိပါ ကွန်တော်တို့ လုပ်ထားတယ်" ဟု ၎င်းကပြောသည်။

သီပေါမြို့မှ ပြည်သူ့လွှတ်တော်အမတ် ဦးရဲထွန်းက ထိုဝက်ဘ်ဆိုက်လွှင့်တင်မှုကို ကြိုဆိုသော်လည်း အချို့သော လွှတ်တော်အမတ်များသည် ၎င်းတို့ဆန္ဒရှင်များနှင့် ထိတွေ့မှုများပြားပြီး ပြည်သူများက ဖုန်းဖြင့်ဆက်သွယ်၍ အခက်အခဲများကို တင်ပြလာသည့် အခါ လွှတ်တော်တွင် 'အဆိုနှင့် မေးခွန်းများ တင်ပြမနေတော့ဘဲ' သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အာဏာပိုင်တို့နှင့် ညှိနှိုင်းဖြေရှင်းလိုက်သည့်ကိစ္စ အများအပြားရှိနေသဖြင့် လွှတ်တော်တွင် မှတ်တမ်းမဝင်ကြောင်း ရှင်းပြသည်။

"တချို့လွှတ်တော်အမတ်တွေကြတော့ နေတာကတစ်နေရာ၊ မဲဆန္ဒနယ်က တစ်နေရာဆိုတော့ အောက်ခြေက တံတားလေး တောင်းပေးပါဦး၊ လမ်းလေးခင်းပေးပါဦး ဆိုတာကို လွှတ်တော်မှာ တင်တော့ မှတ်တမ်းမှာပါလာတာပေါ့။ အဲဒါမျိုး အခြေအနေဆိုရင် ဒီဟာကမညီမမျှဖြစ်မယ်ထင်တယ်" ဟု ၎င်းက ပြောသည်။

ထိုဝက်ဘ်ဆိုက်ကို တာဝန်ယူသည့်အဖွဲ့အစည်းသည် လွှတ်တော်အမတ်များက ၎င်းတို့၏ ဆောင်ရွက်ချက်များကို ဖုန်းနှင့်ဖြစ်စေ၊ စာနှင့်ဖြစ်စေ၊ အီးမေးလ်နှင့်ဖြစ်စေ ဓာတ်ပုံများ၊ မှတ်တမ်းများကို ပေးပို့နိုင်သည့် လမ်းကြောင်းတစ်ခု ဖွင့်ထားသင့်ကြောင်းလည်း ဦးရဲထွန်းက အကြံပြုသည်။ ■

HTC **ကုမ္ပဏီက** HTC Desire **၇၀၀ စမတ်ဖုန်းကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့က တပ်မတော်ခန်းမတွင်ကျင်းပခဲ့သည့် မိုဘိုင်းဖုန်းပြပွဲ၌ မိတ်ဆက်ပြသနေစဉ်။ အဆိုပါဖုန်းတွင် စီဒီအမ်အေ ၈၀၀၊ ဒဗ္ဗလျူစီဒီအမ်အေနှင့် ဂျီအက်စ်အမ်ဆင်းကတ်များ ထည့်သွင်းအသုံးပြုနိုင်ပြီး အဆိုပါ နက်ဝပ်များ အတွက်** 3G **ထောက်ပံ့ပေးနိုင်သည်။ အရှေ့ နှင့်အနောက်ကင်မရာနှစ်လုံးနှင့် မျက်နှာပြင်အကျယ်ငါးလက်မ စကရင်ပါဝင်ပြီး ဈေးနှုန်းမှာ ကျပ်လေးသိန်း တစ်သောင်းငါးထောင်ဖြစ်ကြောင်းသိရသည်။** သတင်း - အောင်ကျော်ညွှန့်၊ ဓာတ်ပုံ - ဘူးသီး

အွန်လိုင်းလူမှုကွန်ရက် . . .

စာမျက်နှာ ၂၂ မှ

အောင် ဆောင်ရွက်ရပါသေးတယ်။

"အလှူရှင်တွေရဲ့ ယုံကြည်မှုကိုတော့ ကွန်မတို့ တကူးတကမတည်ဆောက်ခဲ့ရပါဘူး။ အလှူဖြစ်မြောက်ရန်အတွက် စအလှူခံပေးကတည်းက ကွန်မဂျပန်မှာနေစဉ်အချိန်တုန်းကဆိုကိုယ်တိုင်လည်း လှူတယ်။ တခြားသူများ အလှူဖြစ်မြောက်အောင်လည်း တတ်နိုင်သလောက် ဖိတ်ခေါ်ပေးခဲ့တယ်။ ကွန်မဘလော့ဂ်ရေးတော့ ကွန်မဘလော့ဂ်ကိုဖတ်ပြီး ကွန်မကို ချစ်ခင်နေကြတဲ့ မောင်နှမတွေစင်ကာပူမှာ အများဆုံးရှိကြတယ်။ အဲဒါကြောင့်စင်ကာပူမှ မောင်နှမများ လှူဒါန်းငွေ လက်ခံပေးဖို့ ကွန်မရင်းနှီးတဲ့ ဘလော့ဂ်ဂါမောင်ငယ်တစ်ယောက်ကို အလှူငွေလက်ခံပေးခိုင်းသလို၊ အမေရိကားမှာလည်း ရင်းနှီးတဲ့ဘလော့ဂ်ဂါတစ်ဦးကို အလှူငွေလက်ခံပေးခိုင်းခဲ့ပါတယ်။ ဒီလို နဲ့ မောင်နှမတွေစည်းစည်းလုံးလုံးနဲ့ အလှူငွေတွေ လက်ခံရတာနဲ့ မြန်မာပြည်ကို ပို့ပေးခဲ့ကြပါတယ်။ ကွန်မကလည်း စီစဉ်ဆောင်ရွက်ပေးနေတဲ့ ဆရာတော်ထံအလှူငွေများ လွှဲပြောင်းပါကြောင်း ဘလော့ဂ်မှ တင်ပေးခဲ့သလို မျိုးဖေ့ဘွတ်ခ်သုံးတော့လည်း ဖေ့ဘွတ်ခ်မှာ ပြေစာများနဲ့ တင်ပြပေးခဲ့ပါတယ်။ ဒီလို နဲ့ ဆရာတော်ဦးကောဝိနဲ့အတူ နိုင်ငံတကာမှ မောင်နှမများစည်းစည်းလုံးလုံး ဆောင်ရွက်ပေးခဲ့ကြလို့ နိုင်ငံတကာမှ အလှူရှင်များရဲ့ ယုံကြည်မှုကို ရခဲ့တာဖြစ်ပါတယ်" လို့ ဒေါ်ဝါဝါခိုင်မင်း ပြောပါတယ်။

"ဖေ့ဘွတ်ခ်ကိုအကျိုးရှိအောင် သုံးတတ်မယ်ဆိုရင် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ ပရဟိတလုပ်ဆောင်မှုတွေအတွက်တော့ အကျိုးရှိအောင် အသုံးချနိုင်ကြပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ ဖေ့ဘွတ်ခ်နဲ့ နိုင်ငံတကာကို ဆက်သွယ်လို့ ရနေတာမို့ ကိုယ့်အတွက်ရော၊ အများအတွက်ပါ တတ်နိုင်သလောက် အကျိုးရှိအောင်အသုံးပြုစေချင်ပါတယ်" လို့ သူက ပြောပါတယ်။ ■



ဆရာသည် ပညာရေးဥယျာဉ်မှူး၊ ပညာရေး စနစ်တစ်ခု၏ အခရာ

နှင်းဇော်ဝေ

ပညာရေးဌာနမှာ ဆရာကြီးတချို့ဟာ ဒုတိယဝန်ကြီး၊ ဝန်ကြီးတွေဖြစ်သွားကြပေမယ့် ဆရာလို့ပဲ အခေါ်ခံချင်ကြတယ်။ ကျောင်းဆရာ၊ တက္ကသိုလ် ဆရာဘဝမှာ တပည့်တွေရဲ့ ကြည်ညိုလေးစားမှုကို ခံရတဲ့ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ရင်ထဲက ပီတိဟာ ဘာနဲ့မှ လဲလို့မရပါလား။

ကွယ်လွန်သွားပြီဖြစ်ပေမယ့် ဆရာကြီး တပည့်တွေနဲ့ တပည့်မဖြစ်ဖူးတဲ့ ကျွန်မတို့လို ပညာရေး အသိုင်းအဝိုင်းက လူတွေကလည်း ဆရာကြီးရဲ့ ပညာသိက္ခာ၊ သမာဓိကို ကြည်ညိုလေးစားလွန်းလို့ အမြဲသတိရနေပါတယ်။ အဲဒီဆရာကြီးက ဆရာကြီး ဦးသောင်းထွဋ်ဖြစ်ပါတယ်။

ဆရာကြီးဦးသောင်းထွဋ်ဟာ အထက်တန်းပြဆရာ၊ ကျောင်းအုပ်ကြီး၊ ပညာရေးသုတေသနအရာရှိ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ပညာ)၊ ပညာရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်နဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်လို့ အခြေခံပညာ၊ အဆင့်မြင့်ပညာနဲ့ ပတ်သက်ပြီး ပိုင်ပိုင်နိုင်နိုင် သိရှိတဲ့အပြင် ပညာရေးသုတေသနအရာရှိဖြစ်ခဲ့လို့ ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့ စီစဉ်ဆောင်ရွက်ရာမှာလည်း ပါဝင်ခဲ့မှာ အမှန်ပါပဲ။ ပညာရေးနဲ့ပတ်သက်ပြီး အတွေးအခေါ်တွေ၊ စိတ်ကူးစိတ်သန်းတွေကောင်းတဲ့ အကြံဉာဏ်တွေ ဆရာကြီးဆီမှာ ရှိခဲ့လို့ ဆရာကြီးရေးတဲ့ ဆောင်းပါးတွေမှာ ဆရာကြီးရဲ့ ကိုယ်တွေ့အတွေ့အကြုံတွေ၊ မှတ်သားစရာတွေ၊ လိုက်နာကျင့်သုံးစရာတွေ များစွာ ရှိနေပါတယ်။

ဆရာကြီးရဲ့ 'ပညာအမွေ လက်ရွေးစင် ဆောင်းပါးများ' ကို စုစည်းစီစဉ်ပေးတဲ့ ပညာတန်ဆောင် စာတည်းအဖွဲ့ကို အထူးကျေးဇူးတင်ပါတယ်။ အဲဒီစာအုပ်ကို ကန်တော့ခံဆရာကြီး၊ ဆရာမကြီးတွေကို ထည့်ပေးလိုက်တဲ့ ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီကိုလည်း အထူးကျေးဇူးတင်ပါတယ်။

ဆရာကြီးရဲ့ ဆောင်းပါးတချို့ကို ကျွန်မ ဖတ်ဖူးပါတယ်။ ဆရာကြီးပြောသလိုရသစာပေဖတ်ပုံမျိုးနဲ့ ခုနှပ်ပုံကျော်လွှားဖတ်ခဲ့လို့ သိပ်မမှတ်မိပါ။

ယခုအခါ မြန်မာနိုင်ငံရဲ့ ပညာရေးကို ဝေဖန်တဲ့အသံတွေ ကြားရ၊ ဖတ်ရလို့ အငြိမ်းစား ပညာရေးဝန်ထမ်းတစ်ဦး အနေနဲ့ စိတ်ဝင်စားမိပြီး ကျွန်မတို့ လျှောက်လှမ်းခဲ့တဲ့ ပညာရေး အခြေအနေနဲ့ လက်ရှိပညာရေး အခြေအနေကို နှိုင်းယှဉ်မိပါတယ်။ အခြေခံ ပညာရေးက အလွန်အရေးကြီးတဲ့အတွက် ပိုပြီး လေ့လာမိပါတယ်။ အဘိုး၊ အဘွား အရွယ်ရောက်လာတဲ့တက္ကသိုလ်က ဆရာကြီး၊ ဆရာမကြီးတွေနဲ့ တွေ့တဲ့အခါ သူတို့ဟာ သူတို့ရဲ့ မြေးတွေရဲ့ ပညာရေးကို အလေးထားလာကြတော့ ဝေဖန် ပြောဆိုလာကြတယ်။ ဝေဖန်ခံရသူတွေက တချို့ဟာ မူလတန်းမှ အထက်တန်းပြဆရာတွေ ဖြစ်နေတာကို သိရပါတယ်။

ဆရာကြီး ဦးသောင်းထွဋ်ရေးတဲ့ ဆောင်းပါးတစ်ခုမှာ ဖော်ပြထားတဲ့ အချက်တစ်ချက်က ကျွန်မစိတ်ထဲမှာ စဉ်းစားနေတဲ့အချက်နဲ့ အလွန်ကိုက်ညီနေတယ်။ ဆရာကြီးစဉ်းစားမိတဲ့အချိန်က ၁၉၇၅ ခုနှစ်၊ ကျွန်မစဉ်းစားမိတဲ့အချိန်က ပညာရေးကို ဝေဖန်လာကြတဲ့ ၂၀၁၃ ခုနှစ်မှာ ဖြစ်ပါတယ်။

ဆရာကြီးပြောတာက "ကျွန်တော် စွဲစွဲမြဲမြဲ ယုံကြည်ထားတဲ့၊ ယုံကြည်နေတဲ့၊ ယုံကြည်နေဦးမယ့် ယုံကြည်ချက်တစ်ခုကတော့ ပညာရေးစနစ်တစ်ခုရဲ့ အောင်မြင်မှု၊ ကျဆုံးမှုကို အဆုံးအဖြတ်ပေးနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဆရာတွေ ဖြစ်တယ်။ ဆရာတွေမှာ မှန်ကန်တဲ့ အတွေးအခေါ် အယူအဆရှိပြီး ဆရာတစ်ဦးမှာ ရှိအပ်တဲ့ အရည်အချင်း၊ အရည်အသွေးတွေ ရှိသင့်သလောက်ရှိရင် ပညာရေး ဆောင်ရွက်ချက်ဟာ အောင်မြင်မှာပဲလို့ ကျွန်တော် ယုံကြည်တယ်။ အဲဒီအဓိကနှစ်ချက် မပြည့်စုံရင်တော့ ရေရှည်မှာ အောင်မြင်မယ် မထင်ဘူးလို့ ကျွန်တော် မှတ်ချက်ချပါတယ်"လို့ ဆရာကြီးက ရေးခဲ့ပါတယ်။

အလွန်ကောင်းတဲ့ ဖော်ပြချက်ဖြစ်ပါတယ်။ အခြေခံပညာက ဆရာအားလုံးကို မဆိုလိုပါ။ ဆရာကြီးပြောတဲ့ အချက်နှစ်ချက်စလုံးနဲ့ ပြည့်စုံတဲ့ ဆရာတွေ ရှိပါတယ်။ အခြေခံ (အထူးသဖြင့် မူလတန်း) က ဆရာ၊ ဆရာမတွေဟာ ကလေးတွေရဲ့ လက်ဦးဆရာဖြစ်ပြီး ပညာရေးဥယျာဉ်မူး လည်းဖြစ်လို့ ဆရာကောင်းတွေ များများရှိဖို့ လိုပါတယ်။ ညံ့တဲ့ဆရာတွေကလည်း ကိုယ့်ကိုယ်ကိုယ် ဆရာကောင်းဖြစ်လာဖို့ ဆရာကြီးရေးသားဖော်ပြထားတဲ့ 'စ' ငါးလုံးဆောင်၊ 'အ' ငါးလုံးရှောင် အောင်ရမည် ဆိုတဲ့ ဆောင်ပုဒ်ကို ကြည့်ရအောင်။

'စ' ငါးလုံးက

၁။ စိတ်ဓာတ်မွန်မြတ်ခိုင်မာခြင်း
၂။ စေတနာမှန်ခြင်း
၃။ စည်းကမ်းရှိသေလိုက်နာခြင်းနှင့် စာရိတ္တကောင်းခြင်း
၄။ စာပေကို စနစ်တကျလေ့လာခြင်း
၅။ စိစစ်ဝေဖန်သည့် အလေ့အကျင့် ပျိုးထောင်ခြင်း

'အ' ငါးလုံးက

၁။ အဂတိတရားလေးပါး ရှောင်ခြင်း
၂။ အရှက်မရှိလူမျိုး အလန္ဓိဖြစ်ခြင်းကို ရှောင်ခြင်း
၃။ အခြောင်ခိုမှုကို ရှောင်ခြင်း
၄။ အစွန်းရောက်မှုကို ရှောင်ခြင်း
၅။ အသပြာလောဘ၏ လွှမ်းမိုးမှုကို ရှောင်ခြင်းတို့ ဖြစ်ပါတယ်။

ဒါတွေရဲ့ အသေးစိတ်ကိုတော့ ဆရာကြီးက ရှင်းလင်း ဖော်ပြထားပါတယ်။ ဒီလိုဆိုရင် ဆရာတွေ အဲဒီလို ကျင့်ကြံအားထုတ်လာအောင် ဘယ်လိုများ လုပ်ပေးနိုင်မလဲ။ ဆရာကြီး စာအုပ်ထဲမှာ 'ဆရာများနေ့နဲ့ ဆရာမွန်များ' ဆိုတဲ့ ဆောင်းပါးထဲမှာ ဖော်ပြထားပါတယ်။ အိန္ဒိယနိုင်ငံမှာ 'ပညာရေးစီမံကိန်းနဲ့ အုပ်ချုပ်မှုသင်တန်း' ကို ဆရာကြီးသွားတက်တဲ့အခါမှာ ဆရာများနေ့ ကျင်းပတာနဲ့ ကြုံခဲ့တဲ့အကြောင်း၊ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းပြ ဆရာတွေထဲက ဆရာမွန်တွေကို ရွေးချယ်ပြီး အထူးချီးကျူးပွဲ ကျင်းပကာ သမ္မတကြီးကိုယ်တိုင် ဆုချီးမြှင့်တဲ့အကြောင်း ဖော်ပြထားပါတယ်။ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ မူလတန်းမှ အထက်တန်းအထိ ဆရာ၊ ဆရာမ တွေကို ဆရာမွန်အဖြစ် ရွေးချယ်ပြီး 'ဆရာမွန်' ဆုတွေပေါ်လာပါစေလို့ ဆုတောင်းမျှော်လင့်တဲ့ အကြောင်း ဆရာကြီးက ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလမှာ ရေးသားခဲ့ပါတယ်။

ဆရာကြီး မျှော်လင့်သလို ကျွန်မတို့ကလည်း ဆရာမွန်များ ပေါ်ထွက်လာရေးကို ဆုတောင်းရင်း လက်ရှိပညာရေး အောင်မြင်ဖို့ကို ရှေးရှုလျက် . . . ။ ■

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပ မီးရထားနုံးကျော်တံတားပေါ်တွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက် ၁ နာရီ ၄၀ မိနစ်ခန့်က ပြုတ်ကျခဲ့သည့် ခရီးသည်တင်မော်တော်ယာဉ်အား တွေ့ရစဉ်။ မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ကွေ့ဘက်မှ မရမ်းကုန်းမြို့နယ်ဘက်သို့ ယာဉ်မောင်း အောင်ကိုကို မောင်းနှင်လာသည့် ဘီအမ်ဟီးနိုး ခရီးသည်တင်ယာဉ်သည် တံတားပေါ်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တံတားလက်ရန်းပေါင်အား၀င်တိုက်ပြီး ပြုတ်ကျသွားခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်း ပွဲချင်းပြီးသေဆုံးခဲ့ပြီး ခရီးသည်ငါးဦးမှာ ထိခိုက်ပွန်းရှဒဏ်ရာများရရှိခဲ့သည်။ သတင်း - အောင်ကျော်မင်း၊ ဓာတ်ပုံ - ဘူးသီး

မှုခင်းသတင်းတိုများ

ခင်ပွန်းက ဇနီးကို ဓားဖြင့် ၁၄ ချက်ထိုးသတ်

ကျောက်တန်းမြို့နယ်နေ လင်မယားစကားများရန်ဖြစ်ရာမှ ခင်ပွန်းက ဇနီးကိုဓားဖြင့် ၁၄ ချက်ထိုးသတ်ခဲ့သည်ဆိုမှု ဖေဖော်ဝါရီလ ၂၄ ရက်နေ့ကဖြစ်ပွားခဲ့သည်။ အဆိုပါနေ့ကဇနီးဖြစ်သူ အသက် ၁၈ နှစ်ရှိမန္တယ်နိုက အသက် ၂၆ နှစ်အရွယ် ခင်ပွန်းဖြစ်သူ သိန်းဝင်း(ခ)သူဟန်အား ပဲမလူးဘဲနေသဖြင့် ပြောဆိုရာမှ စကားများကြပြီး သိန်းဝင်းက မန္တယ်နီအား အရိုးအသွား ခြောက်လက်မခန့်ရှိ မီးဖိုချောင်သုံးဓား ဖြင့် ထိုးခဲ့သည်ဟုဆိုသည်။ မန္တယ်နီ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် သုံးခွမြို့မ ရဲစခန်းက ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

ကျွန်းသစ်များ တရားမဝင်သယ်ဆောင်မှု

တိုက်ကြီးမြို့နယ်၌ ကျွန်းသစ်များ တရားမဝင်သယ်ဆောင်လာသည့်ယာဉ်ကို သက်ဆိုင်ရာက ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ဖမ်းဆီးရမိခဲ့သည်။ အဆိုပါနေ့ ညနေ ၅ နာရီအချိန်ခန့်တွင် တိုက်ကြီးမြို့နယ် သစ်တောဦးစီး အရာရှိနှင့်အဖွဲ့သည် အုတ်ဖိုဘက်မှရန်ကုန်သို့ မြောက်ဥက္ကလာပမြို့နယ်နေ ယာဉ်မောင်း ခင်မောင်ဇော်မောင်းနှင်လာသည့် ပရိုဘောက်စ် အဖြူရောင်ယာဉ်ကို တိုက်ကြီးတိုးဂိတ်၌စစ်ဆေးခဲ့သည်။ အဆိုပါယာဉ်ပေါ်တွင် ကျွန်းသစ်ခွသားများ ခုတင်အကြမ်းထည်သုံးလုံးကိုတင်ဆောင်လာသည့်ကို တွေ့ရှိသဖြင့် တိုက်ကြီးမြို့မရဲစခန်းက သစ်တောပုဒ်မ ၄၃(က) အရ အမှုဖွင့်အရေးယူထားသည်။

ယာဉ်တိုက်မှုကြောင့် မိုလ်ကြီးတစ်ဦးသေဆုံး

လှည်းကူးမြို့နယ်၌ ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ခရီးသည်တင်ယာဉ်ကို ကုန်တင်ယာဉ်က ဝင်ရောက်တိုက်မိခဲ့ရာက ဗိုလ်ကြီးတစ်ဦးသေဆုံးခဲ့ပြီး ခရီးသည်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါနေ့ နံနက် ၉ နာရီခွဲအချိန်ခန့်တွင် လှည်းကူးမြို့နယ်၊ အမှတ်(၂) လမ်းမကြီးအတိုင်း ဇရပ်ကွင်းရွာဘက်မှ ဆားတလင်းကျေးရွာဘက်သို့ ယာဉ်မောင်း အောင်ဆန်းကြည်၊ မောင်းနှင်လာသော နစ်ဆန်းဒီဇယ် ၁၂ ဘီးကုန်တင်ယာဉ်သည် ဗိုင်တိုင်အမှတ် (၂၆/၄)အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲဆည်မြောင်းမှတ်တိုင်၌ ခရီးသည်တင်/ချုပ်ပြုလုပ်နေသော လှည်းကူး၊ ဒါးပိန်၊ သဃ်နှံကျွန်းပြေးဆွဲသည့် ခရီးသည်တင် ဗိုင်နာယာဉ်၏ နောက်ဖက်မှဝင်ရောက်တိုက်မိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၁လရ(၇၂) လွိုင်ကော်မှ ဗိုလ်ကြီးစောနိုင်ဟိန်းမှာ ယာခြေသလုံးကျိုး၊ ကျောပြင်ညှိုမည်းဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌သေဆုံးသွားခဲ့ပြီး အခြားခရီးသည် သုံးဦးတို့တွင် ဖူးရောင်၊ နာကျင်ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်မောင်းအောင်ဆန်းကြည်အား ဒါးပိန်နယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။

သားမယားပြုကျင့်မှု

သုံးခွမြို့နယ်မြို့နယ် မိဘအုပ်ထိန်းမှုအောက်ရှိသမီးဖြစ်သူကို သားမယားပြုကျင့်ခဲ့သည်ဆိုကာတိုင်ကြားခဲ့မှု ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ဖြစ်ပွားခဲ့သည်။ အဆိုပါနေ့ နံနက် ၁၁ နာရီအချိန်ခန့်က သုံးခွမြို့နယ်နေ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးက သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာတွင်ရွာတန်းရှည်ရွာရှိ ပဲခင်းနှင့် ကိုက် ၅၀၀ ခန့်အကွာ ယာယီနေထိုင်ရန် ပြုလုပ်ထားသည့် တဲတွင်း မိဘအုပ်ထိန်းမှုအောက်ရှိ အသက်လေးနှစ်ကျော် အရွယ်သမီးဖြစ်သူကိုထားကာ ပဲခင်းအတွင်းပဲခူးရန်သွားစဉ် ရွေညောင်ပတုတ်ကျေးရွာနေ နေဝင်း (၃၈ နှစ်)ရောက် လာပြီး သားမယား အဖြစ်ပြုကျင့်ခဲ့ကြောင်း သမီးဖြစ်သူက ပြောပြသိရသဖြင့် အရေးယူပေးရန်တိုင်ကြားခဲ့သည်။ သုံးခွမြို့မ ရဲစခန်းက ပြစ်မှုပုဒ်မ ၃၇၆/၅၁၁ အရ အမှုဖွင့်ထားသည်။ **တိုးဝေအောင်နှင့်မင်းသုနောင်** ■

THE MYANMAR TIMES
မြန်မာသတင်း
Business Times
■ နိုင်ငံတကာ ■ ပြည်တွင်း
သောကြာနေ့၊ ဖေဖော်ဝါရီ ၂၈ - မတ် ၆၊ ၂၀၁၄

ယမကာတင်သွင်းခွင့်ပြုပါက ပြည်တွင်းလုပ်ငန်းများ မထိခိုက်ရန်လို

အေးသီတာကျော်နှင့် ဇော်ထိုက်

ဝိုင်၊ အရက်၊ ဘီယာမျိုးစုံ စသောယမကာတင်သွင်းခွင့်ကို အစိုးရက ခွင့်ပြုပေးရန်စီစဉ်လျက်ရှိရာ အရည်အသွေးနိမ့်ပြီးစျေးသက်သာသော ပစ္စည်းများ ဝင်ရောက်လာပါက ပြည်တွင်းထုတ် ယမကာလုပ်ငန်းများ နစ်နာမှုမရှိအောင် ထိန်းချုပ်သွားရန်လိုအပ်ကြောင်း မြန်မာနိုင်ငံယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်းမှ တာဝန်ရှိသူများက ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယမကာများတရားဝင်တင်သွင်းခွင့်ကို မတ်လမကုန်မီ နောက်ဆုံးထားကာ ခွင့်ပြုပေးရန်ရှိကြောင်းနှင့် အရက်၊ ဘီယာနှင့် ဝိုင်သုံးမျိုးစလုံး တစ်ပြိုင်နက် ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်အတွက် သွင်းကုန်စာရင်းတွင် ယမကာကို ထည့်သွင်းသွားနိုင်မည်ဖြစ်ကြောင်း ပြောသည်။

“ဘယ်လိုပြန်ဖွင့်ပေးဖို့ဆိုတာကို အသင့်တော်ဆုံးဖြစ်မယ့် လုပ်ထုံးလုပ်နည်းတွေ အတည်ပြုနေရတာဖြစ်တဲ့အတွက် ကြန့်ကြာသွားတာပါ။ မူလကဝိုင်တစ်ခုတည်းကို အရင်ဆုံးခွင့်ပြုမှာဖြစ်ပေမယ့် အခုတော့ အားလုံးကိုတစ်ပြိုင်နက် ခွင့်ပြုပေးသွားမယ်။ အမြန်ဆုံးဖြစ်မှာပါ”ဟု ၎င်းက ပြောသည်။

စက်တင်ဘာလအတွင်းမှစတင်ခါ ဒီဇင်ဘာသုံးလကျော်ကာလအတွင်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ဗဟို၏ မိုဘိုင်းတင်းက ပင်လယ်ရေလမ်းနှင့် မြဝတီလမ်းကြောင်းမှ ခွင့်ပြုချက်မရှိပဲဝင်ရောက်လာသော ကျပ်သိန်းထောင် ခရီတန် ဖိုးရှိသည့် ယမကာများကို ဝင်ရောက်ဖမ်းဆီးခဲ့သည်။

စျေးကွက်ထဲတွင် နေရာပေါင်းစုံမှ ဝင်ရောက်လာသောယမကာအတုများရှိနေပြီး ယင်းတို့မှာ အခွန်လွတ်ဆိုင်များမှ ဝယ်ယူသောယမကာစျေးနှုန်းထက်ပင် သက်သာနေကြောင်း ပွဲသို့တက်ရောက်လာသူ ယမကာလုပ်ငန်းရှင်များက ပြောသည်။

IBTC ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မိုးကျော်က အသင်းအနေဖြင့် အနည်းဆုံး တန်ဖိုးတစ်ခု သတ်မှတ်ပြီး တစ်ပုလင်းလျှင် ခြောက်ဒေါ်လာနှင့် အောက်ရှိသော အရက်ကို ထပ်မံတင်သွင်းခွင့်မပြုတော့ရန် အဆိုပြုသွားမည်ဖြစ်ကြောင်း ပြောသည်။

“တစ်လုံးကို တစ် ဒေါ်လာ၊ နှစ် ဒေါ်လာ တန်ဝင်လာတာကို နိုင်ငံတော်က မလိုလားပါဘူး။ အဲဒီအတွက် လူမှုရေးပြဿနာတွေ အများကြီးဖြစ်နေတော့ ကျွန်တော်တို့ အဖွဲ့က တစ်ပုလင်းကို ခြောက်ဒေါ်လာအထက်ပဲ တင်သွင်းခွင့်ပြုသင့်တယ်လို့ စီးပွားကူးသန်းဝန်ကြီးဌာနကို အကြံပြုတောင်းဆိုသွားမှာပါ” ဟု ၎င်းက ပြောသည်။

စျေးကွက်အတွင်း နာမည်ရတံဆိပ်ဖြစ်သည့် ဘူးခွံထဲတွင် အရည်အသွေးနိမ့်ပစ္စည်းများ သွတ်သွင်းထားခြင်း၊ တံဆိပ်တစ်ခုတည်းတွင် နိုင်ငံပေါင်းစုံမှ တင်သွင်းကြောင်း အစရှိသည့် ပြဿနာများ ကြုံတွေ့နေရကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိလည်ပတ်နေသော ယမကာထုတ်လုပ်ဖြန့်ဖြူးသည့် ပြည်တွင်းစက်ရုံပေါင်း ၂၅ ရုံခန့်ရှိကာ၊ အဆိုပါစက်ရုံများတွင် လုပ်ကိုင်နေသည့် အလုပ်သမား အရေအတွက်မှာ ၁၂,၀၀၀ ဦးခန့်ရှိကာ အဆိုပါစက်ရုံများအနက် IBTC ကုမ္ပဏီက ထုတ်လုပ်သော Grand Royal ဝီစကီစက်ရုံတစ်ခုတည်းတွင်ပင် လုပ်သားဦးရေ ၄,၀၀၀ခန့်ရှိသည်။

ABC ဘီယာနှင့် High Class ဝီစကီတို့ကို ထုတ်လုပ်သော ကုမ္ပဏီမှ ဒါရိုက်တာဦးဝင်းဇော်က “ကျွန်တော်တို့ အရက်ချက်ဖို့အတွက် ကုန်ကြမ်းကို ကန်ထရိုက်ချုပ်ပြီး ပြောင်းစိုက်ခိုင်းထားတဲ့ တောင်သူအရေအတွက် ၁၀,၀၀၀ ကျော်လောက်ရှိပါတယ်။ တကယ်လို့သာ ပြည်ပကနေ စျေးပေါပေါနဲ့အရက်တွေ လှိမ့်ဝင်လာရင် ကျွန်တော်တို့ ထုတ်လုပ်သူတင်မကပဲ သူတို့ကိုပါထိခိုက်မယ့် အနေအထားပါ”ဟု ပြောသည်။

IBTCကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မိုးကျော်က ပြည်တွင်းယမကာထုတ်လုပ်သည့် ကုမ္ပဏီများသည် အလုပ်အကိုင် ဖန်တီးပေးထားမှုများစွာ ရှိနေသည့်အတွက် ယင်းတို့ကို အကာအကွယ်ပေးမည့် အစီအမံတစ်ခုကို အစိုးရက ချမှတ်ပေးသင့်ကြောင်း ပြောသည်။

“စကော့ဝီစကီက စကော့တလန်ကလွဲရင် ဘယ်နေရာမှ ပုလင်းသွင်းလို့မရပါဘူး။ ဒါပေမဲ့ ဒီနိုင်ငံမှာ ဖြစ်နေပါတယ်။ ဒါကြောင့် အရည်အသွေးထိန်းချုပ်မှုနဲ့ပတ်သက်လို့ ဒီမှာရှိတဲ့ အက်ဖ်ဒီအေတွေက အရည်အသွေးနိမ့်တာတွေကို ဘယ်သူကအရေးယူမှာလဲ။ ပစ္စည်းတစ်ခုတည်းကို ထိန်းချုပ်ရတာမဟုတ်ပဲ လာသမျှကို ထိန်းရတာဖြစ်တဲ့အတွက် အရည်အသွေးပိုင်းမထိန်းချုပ်နိုင်ရင် ပြဿနာရှိတယ်”ဟု ၎င်းက ပြောသည်။

အဖျော်ယမကာများမှာ မြန်မာနိုင်ငံ၏ နယ်စပ်လိုင်းတစ်လျှောက် တရားမဝင် ကုန်သွယ်မှုလမ်းကြောင်းများမှ ဝင်ရောက်ခြင်းရှိသကဲ့သို့ ပြည်တွင်း၌လည်း အတုထုတ်လုပ်ရောင်းချနေမှုများကြုံတွေ့နေရကြောင်း ၎င်းက ပြောသည်။

အရက်၊ ဝိုင်နှင့် ဘီယာများကို တရားဝင်တင်သွင်းခွင့်ပြုရန် စီစဉ်နေခြင်းကြောင့် ရေရှည်တွင် ပြည်တွင်း လုပ်ငန်းရှင်များ မထိခိုက်စေရန် ပြင်ဆင်ထားသင့်ကြောင်း အဖျော်ယမကာထုတ်လုပ်သည့် လုပ်ငန်းရှင်များက ပြောသည်။ ဓာတ်ပုံ-အေအက်ဖ်ပီ

ယုဇနပလာဇာရှိ မပို မချို ယမကာအရောင်းဆိုင်မှ ဒေါ်ချိုချိုက ရောင်းချသူများသည် အခွန်ပြည့်အဝပေးဆောင်ပြီး ရောင်းချခွင့်အမြန်ဆုံးပေးမှသာ ရောင်းချသူစျေးကွက်မှာ မျှမျှတတဖြစ်လာမည်ဖြစ်ကြောင်း ပြောသည်။

“အရည် အသွေးကောင်း အရက် တွေကို ပြည်တွင်းမှာ အတုရောင်းနေတာကြတော့ ဘယ်လိုလုပ်မလဲ။ အစစ်ပဲရောင်းတဲ့ဆိုင်တွေမှာကျတော့ အမြဲတမ်းစျေးများနေတယ်။ ပြည်တွင်းမှာ အတုရောင်းနေတာတွေကို စိစစ်ပေးဖို့လိုတယ်။ ပြည်ပကသွင်းတာတွေကိုစစ်ဆေးသင့်သလို ပြည်တွင်းမှာအတုထုတ်နေတာတွေကိုလည်း စစ်ဆေးသင့်တယ်။ အစစ်ရောင်းတဲ့သူတွေက ဘာမှလုပ်လို့မရဘူး။ အခွန်ကိုလည်း တိတိကျကျပေးသွင်းပြီး တရားဝင်ဖြစ်အောင် လုပ်ချင်တယ်။ ကျွန်မတို့အခွန်ဆောင်ဖို့ အရေအတွက်တွေ အကုန်ပေးထားပေမယ့် ဘာမှအကြောင်းပြန်မလာဘူး။ အဲဒီတော့ ဘာမှ လုပ်လို့မရတော့ဘူး ထိုင်ပဲနေရတယ်”ဟု ၎င်းက ပြောသည်။

ထို့ကြောင့် အရည်အသွေးထိန်းချုပ်မှုရှိစေရန် ယမကာတံဆိပ်တစ်ခုချင်းစီအတွက် သွင်းသူတစ်ဦးသာ သီးသန့်သတ်မှတ်ပြီး သွင်းရန်၊ သို့မဟုတ် စျေးကွက်အပြိုင်ဖြစ်အောင် အားလုံးခွင့်ပြုချက်ရယူပြီး မည်သို့တင်သွင်းမည်ကို ဆုံးဖြတ်သင့်ကြောင်း ဦးအောင်မိုးကျော်က ပြောသည်။

ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ယမကာအရောင်းဆိုင်မှ ဦးသိခ်က “တင်သွင်းတဲ့စနစ်မှာ ဖြန့်ဖြူးသူအနေနဲ့သွင်းတာ ပိုပြီးတာဝန်ခံမှုရှိတယ်လို့ ထင်ပါတယ်။ အားလုံးကို တံခါးဖွင့်ပေးပြီးမှ သွင်းခိုင်းလိုက်မယ်ဆိုရင် တကယ်တာဝန်ခံမယ့်သူက အားနည်းသွားမယ်။ စားသုံးကုန်ဖြစ်တဲ့အတွက် တာဝန်ခံပြီးတစ်ခုတည်းသွင်းဖို့၊ စျေးကွက်မှာ လုံလောက်အောင် ဖြန့်ဖြူးနိုင်တဲ့ဝန်ဆောင်မှုတွေနဲ့ သွင်းသင့်တယ်လို့ ထင်ပါတယ်။ တစ်ဦးတည်းသွင်းလိုက်ရင်ပစ္စည်းပြတ်တာ၊ စျေးကစားတာမျိုး မဖြစ်အောင်တာဝန်ခံနိုင်မယ်ဆိုရင် တစ်ဦးတည်းသွင်းတာက ပိုပြီးကောင်းမယ်လို့ယူဆပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း ပြည်တွင်းယမကာသောက်သုံးမှုမှာ အာဆီယံနိုင်ငံများနှင့်ယှဉ်လျှင် အနည်းဆုံးဖြစ်သော်လည်း တစ်နှစ်ထက်တစ်နှစ် သောက်သုံးမှုပမာဏ မြင့်တက်လာနိုင်သောကြောင့် ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ခွင့်ကို ဘီယာစက်ရုံတစ်ခု ထက်ပို၍ပေးသွားမည် ဖြစ်ကြောင်းပြောသည်။

“ဘီယာစက်ရုံကို ဒီနှစ်ထဲမှာ အများဆုံးနှစ်ရုံထက်ပိုပြီး ခွင့်ပြုပေးမှာမဟုတ်ပါဘူး။ ပြည်တွင်းလိုအပ်ချက်အရပါ”ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

စာမျက်နှာ ၂၆ သို့

ပြည်တွင်းရွှေစျေး ပြန်တက်လာပြီး ရက်ပိုင်းအတွင်း စျေးအပြောင်းအလဲများ

မြတ်ငြိမ်းဒေးနှင့် မြတ်နိုးဦး

ရန်ကုန်ဗြို့တွင်းရှိ ရွှေဆိုင်တွင် အရောင်းအဝယ်လုပ်ကိုင်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇာနည်ဖြိုး

ဖြိုးခဲ့သည့် လများအတွင်း စျေးကျခဲ့သော ပြည်တွင်းရွှေစျေးနှုန်းသည် ဇန်ဝါရီလကုန်ပိုင်းမှစတင်ခါ တဖြည်းဖြည်းစျေးမြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၄ ရက်နေ့က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၈၇,၀၀၀ ဝန်းကျင်အထိ မြင့်တက်လာခဲ့ကြောင်း ရွှေအရောင်းအဝယ် လုပ်သူများက ပြောသည်။

လုပ်ငန်းရှင်များ၏အဆိုအရ လက်ရှိရွှေစျေးမှာ လွန်ခဲ့သည့် ၁၀ ရက်ခန့်ကစျေးဖြစ်သော ကျပ် ၆၉၁,၀၀၀ ဝန်းကျင်မှ ပြန်လည် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်းရွှေစျေး အတက်အကျဖြစ်ပေါ်နေခြင်းသည် ကမ္ဘာ့ရွှေစျေး အပြောင်းအလဲ လျင်မြန်စွာ ဖြစ်ပေါ်မှုကြောင့်ဖြစ်ကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များက သုံးသပ်သည်။ ဖြိုးခဲ့သည့်နှစ် နှောင်းပိုင်းတွင် ပြည်တွင်း ရွှေစျေးမှာသိသာစွာကျဆင်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၄၄,၂၀၀ အထိ ကျဆင်းသွားခဲ့သည်။

“ဒီရက်ပိုင်းထဲမှာ ကမ္ဘာ့ရွှေစျေးက စျေးအပြောင်းအလဲအရမ်းမြန်တယ်။ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးပေါ်လစီတွေ ပြောင်းလဲသွားလို့ ကမ္ဘာ့ရွှေစျေး မတည်မငြိမ်ဖြစ်လာလာတယ်လို့ ထင်ပါတယ်။ အခုပြည်တွင်းရွှေစျေးနဲ့ ကမ္ဘာ့ရွှေစျေးကလည်း အရင်လို ကွာဟမှုသိပ်မရှိတော့ ကမ္ဘာ့ရွှေစျေး အတက်အကျမြန်တာနဲ့ တန်းတူပြည်တွင်းရွှေစျေးကလည်း လိုက်ပြောင်းလဲ နေတာပါ” ဟု တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ဦးဇော်အောင်က မြန်မာတိုင်း(မ်)ကိုပြောသည်။

ပြည်တွင်းရွှေစျေးသည်လည်း ယခုရက်ပိုင်းအတွင်း ကမ္ဘာ့ရွှေစျေးကြောင့် စျေးနှုန်းမတည်ငြိမ်ဘဲ အတက်အကျဖြင့်သာ ဆက်လက်ဖြစ်ပေါ်သွားနိုင်ကြောင်း ၎င်းက ပြောသည်။

ကမ္ဘာ့ရွှေစျေးအပြောင်းအလဲကြောင့် ပြည်တွင်း ရွှေစျေးမှာ ရက်ပိုင်းအတွင်း လေးရာခိုင်နှုန်းခန့်မြင့်တက်သွားခဲ့ကြောင်း ကမ္ဘာ့ရွှေစျေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁,၃၁၈ ရှိကြောင်း ရွှေကျင်ရွှေဆိုင်ပိုင်ရှင် ကိုဌေးကပြောသည်။

“မြန်မာ့ရွှေစျေးက ကမ္ဘာ့ရွှေစျေးတက်တာနဲ့ တိုက်ရိုက်ပတ်သက်နေတာဆိုတော့ ဒီရက်ပိုင်း ကမ္ဘာ့ရွှေစျေးတက်လို့ လိုက်တက်နေတာပါ။ ကမ္ဘာ့ရွှေစျေးတက်တာကလည်း ကမ္ဘာ့ဘဏ်က ရွှေဝယ်မယ်ဆိုတဲ့ သတင်းထွက်လာလို့ပါ။ ကမ္ဘာမှာ ဝယ်လိုအားနဲ့ ရောင်းလိုအားမမျှတာကြောင့်လည်းပါတယ်။ ထုတ်လုပ်နိုင်မှု အားနည်းသွားတာကြောင့်လည်း ပါတယ်။ ဒါကြောင့် ကမ္ဘာ့ရွှေစျေးက ပြီးခဲ့တဲ့ရက်ပိုင်းမှာ စျေးအပြောင်းအလဲ များနေတာပါ” ဟု ၎င်းက ပြောသည်။

ကမ္ဘာ့ရွှေစျေးသည် ဇန်နဝါရီလကုန်ပိုင်းလောက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃,၀၀ ခန့်ရှိပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ဒေါ်လာ ၁,၃၂၂၀ ဝန်းကျင်အထိ စျေးတက်လာခဲ့သည်။

အမေရိကန်နိုင်ငံဗဟိုဘဏ် ပေါ်လစီပြောင်းလဲမှုနှင့် အာဖရိကရှိ ရွှေမိုင်းတွင်း ပြဿနာများကြောင့် ရွှေအထွက်လျော့နည်းလာခြင်းတို့မှာလည်း ကမ္ဘာ့ရွှေစျေးတက်ရခြင်း၏ အဓိကကျသော အကြောင်းအရင်းများဖြစ်ကြောင်း ဦးထုံရွှေဆိုင်ပိုင်ရှင် ဦးကျော်ဝင်းက ပြောသည်။ သို့သော် ပြည်တွင်းပြည်ပ ရွှေစျေးကွက်တွင်မူ ရွှေကုန်ကြမ်းရှားပါးမှုများသိသာစွာ မကြုံတွေ့ရသေးကြောင်း ၎င်းက ပြောသည်။

“အမေရိကန်ဗဟိုဘဏ်ရဲ့ ပေါ်လစီပြောင်းသွားတယ်။ အစက ငွေစက္ကူလျှော့ပြီး ထုတ်မယ်ဆိုပြီး နောက်ပိုင်းမှာ ပုံမှန်ပဲထုတ်မယ်ဆိုပြီး ပြန်ပြောင်းလဲသွားတော့ ငွေကြေးဖောင်းပွလာတာပေါ့။ အဲဒါကြောင့် ရွှေစျေးတက်တာပါ။ နောက်တစ်ခုက အာဖရိကနိုင်ငံတွေမှာ ဖြစ်ပွားတဲ့ ရွှေမိုင်းပြဿနာတွေကြောင့်လည်း ရွှေအထွက် နည်းနည်းလျော့သွားတယ်။ အဲဒါကြောင့် ကမ္ဘာ့ရွှေစျေး အတက်အကျဖြစ်သွားတယ်။ ဒါပေမဲ့ စျေးကွက်ထဲမှာ ရွှေကုန်ကြမ်းတော့မရှားသေးပါဘူး”ဟု ၎င်းကပြောသည်။

ယခုရက်ပိုင်းအတွင်း ရွှေစျေး အတက်အကျ ပြောင်းလဲမှုများသော်လည်း ရွှေဝယ်လိုအားမှာကောင်းမွန်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။ ■

ယမကာတင်သွင်းခွင့်ပြုပါက. . .

အဆုံးပိုစာမျက်နှာ ၂၅ မှ

ယမန်နှစ်မှ စတင်ခါ ခွင့်ပြုပေးခဲ့သည့် Carlsberg နှင့် Heniken တို့မှာ ပြည်တွင်းကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင်ရန်ဝင်ရောက်လာခဲ့ပြီး ယခု ၂၀၁၄ နှစ်လယ်ပိုင်းတွင် စက်ရုံဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

အဆိုပါအချိန်တွင် ပြည်တွင်းထုတ်လုပ်သူများမှာ ဘဏ်အတိုးနှုန်းမရရှိမှု၊ ကုန်ကြမ်းစျေးနှုန်းချိုသာစွာမရရှိနိုင်မှုနှင့် အခြေခံအဆောက်အအုံမပြည့်စုံမှုစသည့် ပြဿနာများ ကြုံတွေ့နေရသည့်အပြင် အာဆီယံစီးပွားရေးအဖွဲ့အစည်းသဘောတူညီချက်အရ ၂၀၁၅ ခုနှစ်တွင် ပြိုင်ဆိုင်ခွင့်ပေးမည့်အချိန်ကို စိုးရိမ်နေရကြောင်း ထုတ်လုပ်သူများက ပြောသည်။

အာဆီယံနိုင်ငံများအနက် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံများတွင် ဘာသာရေးအရ တင်သွင်းခွင့် တင်းကျပ်ပြီး အခွန်နှုန်းများစွာတင်ထားကာ တစ်ဖက်တွင်မူ ထိုင်းနှင့် ဖိလစ်ပိုင်ကဲ့သို့သောနိုင်ငံများမှာ တင်သွင်းမှုအတွက်ဖြေလျှော့ပေးထားကြောင်း ဦးအောင်မိုးကျော်က ပြောသည်။

“ထိုင်းနဲ့ ဖိလစ်ပိုင်တို့မှာ ဖြေလျှော့ထားတာတွေရှိပေမယ့် ပြည်တွင်းလုပ်ငန်းတွေကိုအကာအကွယ်ပေးထားတယ်။ ထိုင်းနိုင်ငံမှာလည်း အရက်တင်သွင်းမှုက ပုလင်း ၁၀၀ ဆို ၁၅ ပုလင်းလောက်ကခိုးသွင်းတာပါ။ ဒါပေမဲ့ နိုင်ငံတော်ကမိလိုက်တာနဲ့ ဆုကြေးကို သေချာပေးလို့ဖမ်းချင်တဲ့သူတွေချည်း ဖြစ်နေတယ်။ တရားဝင်နဲ့ ဝင်လာတဲ့ပစ္စည်းက ၈၀ ရာခိုင်နှုန်းရှိတဲ့အတွက် နိုင်ငံတော်အနေနဲ့လည်း အခွန်ရတယ်”ဟု ၎င်းက ပြောသည်။

ပြည်ပမှကုန်ပစ္စည်းများ တင်သွင်းရာတွင် ပြည်တွင်းထုတ်ကုန်များအား ထိခိုက်မှုမရှိစေရန် အကန့်အသတ်များ ပြုလုပ်ခြင်းသည် အခြားသော နိုင်ငံများတွင်လည်း လုပ်လေ့ရှိသည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာန၏ အရာရှိဟောင်း တစ်ဦးဖြစ်သူ စီးပွားရေးပညာရှင် ဦးလှမောင်က ပြောသည်။

“ဟောင်ကောင်မှာဆိုရင်လည်း သူ့ဆီမှာ အထည်အလိပ်တွေထုတ်လုပ်တော့ ပြည်တွင်းကတင်သွင်းတဲ့ အဝတ်အထည်တွေအပေါ် ကန့်သတ်ပြီး ဘယ်အမျိုးအစားဆို ဘယ်လောက် ပမာဏထက် ပိုမသွင်းရဆိုတာမျိုးတွေ လုပ်ပါတယ်။ ပြည်တွင်းကထုတ်လုပ်မှုက အလုပ်အကိုင်ပေးနိုင်တဲ့အတွက် သူတို့ကို ကုန်သွယ်မှု ထက်ပိုပြီး ဦးစားပေးရမယ်ဆိုတဲ့ အမြင်မျိုးကတော့ မှန်ကန်ပါတယ်။ ဒါပေမဲ့ အကန့်အသတ်လုပ်တဲ့နေရာမှာကတော့ စနစ်တကျနဲ့ လုပ်မှ လက်တွေ့မှာအကျိုးများနိုင်ပါလိမ့်မယ်။ ဘယ်စျေးအောက် မသွင်းရဆိုတာမျိုးလုပ်ရင် သွင်းတဲ့သူက စျေးလျှော့သွင်းတာမျိုးက ဖြစ်လာနိုင်တယ်။ ဒီတော့ နိုင်ငံတကာကုန်စျေးနှုန်းတွေကို အမှန်နဲ့ အနီးစပ်ဆုံးဖြစ်အောင် မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာမယ့် ပို့ကုန်သွင်းကုန်ကြီးကြပ်ရေး အဖွဲ့အစည်းမျိုး ဖွဲ့စည်းထားပြီး လုပ်တာမျိုးဆိုရင်တော့ ရမယ်ထင်တယ်”ဟု ပြောသည်။

“တချို့နိုင်ငံတွေမှာ အဖျော်ယမကာကို အခွန် ၃၀၀ ရာခိုင်နှုန်းလောက်အထိ ကောက်ကြတယ်။ ဒီလိုကောက်တာတောင် ပိုသွင်းလာနေသေးရင် ၄၀၀၊ ၅၀၀ ရာခိုင်နှုန်းလောက်အထိ မြှင့်ကောက်လိုက်တယ်။ ဒီခေတ်ကြီးထဲမှာ မတင်သွင်းနဲ့ဆိုပြီး ပိတ်ထားတာမျိုးကတော့ အံမဝင်တော့ပါဘူး။ အရာရှိကြီးတွေကိုပေးတဲ့ လက်ဆောင်ခြင်းတွေထဲမှာ သိန်းနဲ့ချီတန်ဖိုးရှိတဲ့အရက်ပုလင်းတွေပါနေတာ အများအမြင်ပဲလေ။ အရက်သောက်တဲ့သူကိုလည်း မသောက်နဲ့လို့ ပြောလို့ရတာမှ မဟုတ်တာ။ ဒီဟာမသောက်ရရင် ဟိုဟာသောက်မှာပဲလေ။ ဒီတော့ နိုင်ငံတကာမှာလိုပဲ စနစ်ကျတဲ့ပုံစံနဲ့ လိုင်စင်ကို ပေးသင့်တယ်”ဟု ဦးလှမောင်က ပြောသည်။

မြန်မာနိုင်ငံတွင်မူ ဟိုတယ်လုပ်ငန်းလိုင်စင်ရှိသူများနှင့် လေဆိပ်များအတွင်းရှိ Duty Free ဆိုင်များကိုသာ ခရီးသွားလုပ်ငန်းအတွက် ဝန်ဆောင်ပေးရန် အဖျော်ယမကာများကို တင်သွင်းခွင့်ပေးထားပြီး ယင်းတို့ကိုလည်း ဟိုတယ်နှင့် လေဆိပ်ပရဝုဏ်များအတွင်းတွင် သာရောင်းချခွင့်ပေးထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

“အခွန်တွေ တအားမြှင့်လိုက်တာမျိုးကိုတော့ ကျွန်တော်သိပ်မထောက်ခံချင်ဘူး။ ဒါမျိုးက မျောင်ခိုကိုအားပေးသလိုဖြစ်သွားနိုင်မယ်လို့ ထင်တယ်။ မျောင်ခိုနည်းလမ်းနဲ့ သွင်းတာထက် ဒီမှာလာပြီးစက်ရုံထောင်ပြီး ထုတ်လုပ်တာမျိုးဆိုရင်တော့ မပြောလိုဘူးလေ။ ဒီလိုလုပ်ခွင့်ပေးနေပြီလေ” ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ယခင်က အဖျော်ယမကာကို ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြေပ်ခဲ့ရာမှ ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် အခွန်စနစ်သစ်ဖြင့် ၅၀ ရာခိုင်နှုန်း ကောက်ခံလျှက်ရှိသည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်

ရွှေ (တစ်ကျပ်သား)	ကျပ်	၆၈၄,၅၀၀
ဆီဈေးနှုန်း(တစ်ပိဿာနှုန်း)		
ပဲဆီ	ကျပ်	၃,၇၀၀
စားအုန်းဆီ	ကျပ်	၁,၈၀၀
နှမ်းဆီ	ကျပ်	၄,၅၀၀
ဆန် (တစ်ပြည်)		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၅၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၂၀၀
ည့ေမထ	ကျပ်	၁,၁၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၁၀,၀၀၀
အမဲသား	ကျပ်	၈,၀၀၀
ဆိတ်သား	ကျပ်	၁၅,၀၀၀
ကြက်သွန်ဖြူ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၂,၅၀၀- ၂၀၀၀
ကြက်သွန်နီ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၁,၀၀၀-၈၀၀
စက်သုံးဆီဈေးနှုန်း (တစ်လီတာ)		
ဓာတ်ဆီ	ကျပ်	၈၁၄ ကျပ်
ဒီဇယ်	ကျပ်	၉၅၀ ကျပ်

မန္တလေး

ရွှေ(တစ်ကျပ်သား)	ကျပ်	၆၈၂,၀၀၀
ဆီ(သန့်)		
ပဲဆီ	ကျပ်	၂,၈၅၀
စားအုန်းဆီ	ကျပ်	၁,၇၉၀
နှမ်းဆီ(ရိုးရိုး)	ကျပ်	၃,၀၅၀
သန့်စင်ပြီးဆန် (တစ်တင်းခွဲအိတ်)		
ပေါ်ဆန်း	ကျပ်	၄၀,၀၀၀
မနောသုခ	ကျပ်	၃၄,၀၀၀
မဂျမ်းတော	ကျပ်	၄၂,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်(စီပီ)	ကျပ်	၆,၀၀၀
ကြက်(မြန်မာ)	ကျပ်	၆,၀၀၀
ဝက်သား	ကျပ်	၇,၂၀၀
ဆိတ်သား	ကျပ်	၉,၀၀၀
ကြက်သွန်ဖြူ		
အမြင့်/အနိမ့်	ကျပ်	၁,၅၀၀-၈၀၀
ကြက်သွန်နီ (လက်ကား)		
အမြင့်/အနိမ့်	ကျပ်	၇၅၀-၄၅၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၀၀၀
ဒီဇယ်	ကျပ်	၄,၂၀၀

နေပြည်တော် ပျဉ်းမနား

ရွှေ (တစ်ကျပ်သား)	ကျပ်	၆၈၃,၀၀၀
ဆန်(တစ်ပြည်) (အသစ်)		
ပေါ်ဆန်း (ရွှေဘို)	ကျပ်	၁,၇၀၀
ပေါ်ဆန်း(ဖျာပုံ)	ကျပ်	၁,၆၀၀
ဇီယာ	ကျပ်	၁,၀၀၀
မနောသုခ	ကျပ်	၁,၀၀၀
ဆီ (တစ်ပိဿာနှုန်း)		
မြေပဲဆီ	ကျပ်	၄,၀၀၀
နှမ်းဆီ	ကျပ်	၃,၅၀၀
စားအုန်းဆီ	ကျပ်	၁,၇၅၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၉၀၀-၇၀၀
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၂,၈၀၀- ၂,၀၀၀
တရုတ်ကြက်သွန်ဖြူကြီး		
တစ်ပိဿာ	ကျပ်	၁,၈၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
စီပီကြက်	ကျပ်	၇,၀၀၀
မြန်မာကြက်	ကျပ်	၇,၅၀၀
ဝက်(အသား)	ကျပ်	၆,၅၀၀
ဆိတ်	ကျပ်	၈,၀၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၄၀၀
ဒီဇယ်	ကျပ်	၃,၅၀၀

(ဖေဖော်ဝါရီလ ၂၅ ရက် ဈေးနှုန်း)

စက်မှုဇုန်ထုတ်ကားများ အရောင်းအဝယ်လိုက်လာ

ဟိုးဝေဇာဉာဏ်

ပြည်တွင်း ကားဈေးကွက်အတွင်း စက်မှုဇုန်ထုတ်ကားများကို သက်ဆိုင်ရာက အပ်နှံနိုင်ရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လွတ်တော်တွင်ထည့်သွင်း ဆွေးနွေးခဲ့သဖြင့် ဈေးကွက်အတွင်း စက်မှုဇုန်ထုတ်ကားများ အရောင်းအဝယ်လိုက်လာကြောင်း ကားဈေးကွက်အတွင်းမှ လုပ်ငန်းရှင်များက ပြောသည်။

"ဈေးကွက်ထဲမှာ ဒီရက်ပိုင်း စက်မှုဇုန်ထုတ်ကားတွေ အဝယ်လိုက်လာတယ်။ ဒီလ ၁၇ ရက်နေ့က အမျိုးသားလွတ်တော်မှာ ရထားပို့ဆောင်ရေးဒုဝန်ကြီးက ဒီကားတွေကိုအအပ်ခံဖို့စီစဉ်နေတယ်လို့ဖြေကြားသွားလို့ ဈေးကွက်ထဲမှာ ၁ က အကျရာကားတွေ အဝယ်နည်းနည်းပါးသွားပြီး စက်မှုဇုန်ထုတ်ကားတွေ အဝယ်လိုက်လာတယ်" ဟု ကားဝယ်ရောင်းကိုဦးက ပြောသည်။

အဆိုပါကားများမှာ စုစုပေါင်းသက်တမ်းအနှစ် ၂၀ မပြည့်သေးသော်လည်း အချို့ကားများမှာ အလွန်အမင်းပျက်ဆီးနေပြီး ဈေးကွက်တွင်လည်း ကားပုံစံနှင့် အမျိုးအစားပေါ်မူတည်ကာ ကျပ် ၃၅ သိန်းမှ သိန်း ၅၀ ဝန်းကျင်ခန့်သာ ပေါက်ဈေးရှိတော့ကြောင်း ဈေးကွက်အတွင်းမှ ဝယ်ရောင်းလုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းဈေးကွက်ထဲသို့ ၂၀၀၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြည်တွင်းစက်မှုဇုန်အသီးသီးမှ အမည်ပေါင်းစုံဖြင့်ထုတ်လုပ်ခဲ့သည့် ဂျပန်အင်ဂျင်နှင့် ကားဟောင်းများမှ ဆက်စပ်ပစ္စည်းပေါင်းစုံနှင့် ပြည်တွင်းထုတ် ဘော်ဒီနှင့် ဖရိန်များကိုအသုံးပြုကာထုတ်လုပ်ထားသည့် စက်မှုဇုန်ထုတ် ယာဉ်များမှာ ယခုအခါ ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားနည်းနေပြီး အရောင်းအဝယ်မှာလည်း အောက်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေခြင်းကြောင့် စက်မှုဇုန်ထုတ်ကားများကို သက်ဆိုင်ရာက အပ်နှံမှုလက်ခံရန် ဆောင်ရွက်နေခြင်းကြောင့် ယခုရက်ပိုင်းအရောင်းအဝယ်ပြန်လိုက်လာခြင်းဖြစ်ကြောင်း ကားဝယ်ရောင်းလုပ်ငန်းရှင်များက ပြောသည်။

"အခုလောလောဆယ် 'အ' အကျရာကားတွေအပ်နှံပြီး ရာခိုင်နှုန်းပြည့်နေတာတောင်နောက် ဘာမျိုးအစားနဲ့ အကျရာကားတွေကို လက်ခံမယ်ဆိုတာ ထွက်မလာသေးတဲ့အတွက်ကြောင့် ကားဟောင်းဝယ်တဲ့သူတွေတော်တော်များများက '၁က' အကျရာကားကို မှန်းချက်နဲ့ ဝယ်ပြီးစုထားကြတယ်။ ရှေ့မှာလည်း သာဓကတွေရှိတယ်။ 'ပ' အကျရာ အပ်ပြီးတာတောင် 'ဗ' အကျရာကို လက်ခံဖို့မကြေညာခင် လေလံကားနဲ့ တက္ကစီကားတွေကို အပ်ဖို့လက်ခံလိုက်သလိုမျိုး အခု 'အ' အကျရာကားတွေပြီးရင် စက်မှုဇုန်ထုတ် ကားတွေအပ်ခိုင်းဖို့ဆိုတာကို ဘယ်သူမှမပြောနိုင်ဘူး။ အဲဒီအတွက်ကြောင့် စက်မှုဇုန်ကားတွေ အဝယ်လိုက်လာတယ်" ဟု ကားဝယ်ရောင်း ကိုဇာနည်က ပြောသည်။

၂၀၀၂ ခုနှစ်နောက်ပိုင်းမှစတင်၍ စက်မှုဇုန်ထုတ်ကားများမှာ အမျိုးအစားပေါ်မူတည်ကာ ကျပ်သိန်း ၉၀ မှ ၁၅၀ ဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ကားအရည်အသွေးကောင်းမွန်မှုမရှိသဖြင့် ဈေးကွက်အတွင်း ဝယ်လိုအား ကျဆင်းကာ ဈေးနှုန်းကျပ်သိန်း ၁၀၀ အောက်သို့ ထိုးကျခဲ့သည်။ ထို့နောက် ပြည်တွင်းသို့ ကားသစ်များ တရားဝင်တင်သွင်းလာပြီးနောက်ပိုင်းတွင် အဆိုပါ ဇုန်ထုတ်ကားများမှာ ကျပ်သိန်း ၃၀ ဝန်းကျင်ခန့်ဖြင့် ဈေးနှိမ်ရောင်းချမှုများ ရှိလာခဲ့သည်။

"စက်မှုဇုန်ကားတွေကို အပ်နှံဖို့စီစဉ်ပေးမယ့် ကိစ္စ လွတ်တော်မှာဆွေးနွေးပြီးနောက်ပိုင်း ကားဈေးကွက်ထဲမှာ ဇုန်ထုတ်ကားတွေအဝယ်ရှိလာတယ်။ '၁က' အကျရာကားတွေတော့ အရောင်းအဝယ်နည်းနည်းပါးသွားပေမယ့် ဈေးကတော့ သိန်း ၇၀ ဝန်းကျင်လောက်ရှိတယ် ဇုန်ထုတ်ကားဈေးကလည်း သိန်း ၆၀ အထက်ကို ရောက်သွားတယ်။ အဲဒီလိုဖြစ်သွားတဲ့အတွက်ကြောင့် ကားဈေးကွက်ထဲမှာ အရောင်းအဝယ်တွေ ပြန်ဖြစ်လာပြီး အရောင်းအဝယ်လုပ်တဲ့သူတွေတော်တော်လေး တွက်ခြေကိုက်သွားကြတယ်" ဟု ကားအရောင်း အဝယ်လုပ်ကိုင်သူ ကိုဦးက ပြောသည်။

ဈေးကွက်အတွင်း သက်ဆိုင်ရာက ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစနစ်အရ 'အ' အကျရာကားများကို အပ်နှံရန် ယမန်နှစ်အောက်တိုဘာလ ၁၀ ရက်နေ့က ကြေညာခဲ့သော်လည်း လက်ရှိဈေးထက် မြင့်တက်ခဲ့ကြောင်း၊ ဈေးကွက်အတွင်း လက်ရှိ အအပ်ခံနေသည့် 'အ' အကျရာ အမည်ပေါက်မှာ ဖေဖော်ဝါရီလလယ်ပိုင်းက ကျပ် ၁၀၃ သိန်းနှင့် ၁၀၅ သိန်းကြားဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အပ်ကာ အမည်ပေါက် စလစ်ဈေးနှုန်းများမြင့်တက်နေသော်လည်း အပ်ကားမှာမူ ကျပ် ၆၅ သိန်းဝန်းကျင်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူများက ပြောသည်။ ■

First class information from a source you can trust is
now more important than ever.
Which is why more than half a million people read
the newspaper for business and lifestyle.

When you need information you can trust.
The Myanmar Times.
Still the benchmark.

Online or with our print editions you can be sure of accuracy and professionalism.
It's so easy to subscribe.
Just email subscribe.mt@gmail.com or dial our hotline +951 392 928

www.mmtimes.com
Heartbeat of the Nation

@TheMyanmarTimes

facebook.com/
myanmartimes

MCM

ဒေါက်တာခင်မိုးမိုးသို့ ရိုးသားစွာ တောင်းပန်ခြင်း

မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာလီမိတက် (အမ်စီအမ်)၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ကျွန်ုပ် ရော့စ်ဒန်ကလေသည် ယခုအထိတိုင်အောင် ကိုးနှစ်ကြာလက်တွဲလုပ်ကိုင်လျက်ရှိသော အမ်စီအမ်၏ လုပ်ဖော်ကိုင်ဖက် ဒါရိုက်တာတစ်ဦးလည်းဖြစ်သူ ဒေါက်တာဒေါ်ခင်မိုးမိုးအား ယခုဖော်ပြပါ စကားရပ်များဖြင့် အရိုးခံအတိုင်း ရိုးသားစွာ အနှုးအညွတ် တောင်းပန်အပ်ပါသည်။

လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလက မြန်မာတိုင်း(မ်)ရုံးပရဝုဏ်အတွင်း၌ ကျွန်တော်က ဒေါက်တာ ဒေါ်ခင်မိုးမိုးတို့အပေါ် ပြုမူခဲ့သော အပြုအမူနှင့်ပတ်သက်၍လည်း စိတ်မကောင်းဖြစ်ရကာ နောင်တကြီးစွာ ရမိပါသည်။

ထိုဖြစ်ရပ်ကြောင့်လည်း ဒေါက်တာဒေါ်ခင်မိုးမိုး ပူဆွေးသောကရောက်ခဲ့ရမည်ကိုလည်း ကောင်းစွာ နားလည်စာနာမိပါသည်။

ထိုထိုသော အကြောင်းကြောင့် ကျွန်တော်သည် ဆရာဝန်ကောင်း တစ်ဦးလည်းဖြစ်သူ ဒေါက်တာ ဒေါ်ခင်မိုးမိုးနှင့်တကွ ၎င်း၏မိသားစုဝင်များ၊ ရောင်းရင်းမိတ်ဆွေသူငယ်ချင်း များနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ဖြစ်ခဲ့ရသော စိတ်ကသိကအောက်ဖြစ်ခဲ့ရမှုနှင့် သောကရောက်ခဲ့ရမှု တို့အတွက် မှန်ကန်သော စိတ်စေတနာ အရင်းခံဖြင့် တောင်းပန်အပ်ပါသည်။

၎င်းအပြင် လွန်ခဲ့သောတစ်နှစ်ခန့်က မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေသော မြန်မာတိုင်း(မ်) သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့သည့် ဒေါက်တာ တင်ထွန်းဦး၊ ဒေါက်တာဒေါ်ခင်မိုးမိုးတို့နှင့် ပတ်သက်သည့် သတင်း၊ ကာတွန်း၊ ကြေငြာချက်များနှင့်ပတ်သက်၍လည်း အနှုးအညွတ် တောင်းပန်အပ်ပါသည်။

ကျွန်တော်သည် ထိုဖော်ပြချက်များကို သင်တို့နှစ်ဦး၏ဂုဏ်သိက္ခာ ကျဆင်းရန်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းမဟုတ်သည့်အတွက် စိတ်မကောင်းကြီးစွာ ဖြစ်မိပါသည်။ ယခုကဲ့သို့ကျွန်တော်တောင်းပန်သည်ကိုလည်း သဘောထားကြီးစွာ နားလည်လက်ခံပေးသည့် အတွက်လည်း လွန်စွာ ကျေးဇူးတင်မိပါသည်။

ဒေါက်တာ ဒေါ်ခင်မိုးမိုး၊ ခင်ပွန်းဖြစ်သူ ဒေါက်တာ တင်ထွန်းဦးနှင့် မိသားစုဝင်များအားလုံးအတွက်လည်း ရှေ့လျှောက် အနာဂတ်ကာလတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင်မြင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။ ယခုဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်နှင့် ပတ်သက်၍လည်း ၎င်းတို့ဘက်မှ ကောင်းမွန်သော စိတ်ထားဖြင့် သဘောထားကြီးပေးခဲ့မှုများအပေါ် အလွန်အမင်း ကျေးဇူးတင်ရှိပါသည်။

မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာလီမိတက်တွင်လည်း ကိုးနှစ်တာကာလတစ်လျှောက် သင်တို့နှင့် ကောင်းမွန်စွာ လက်တွဲလုပ်ကိုင်ရသည့်အတွက်လည်း ထပ်လောင်း ကျေးဇူး ဥပကာယတင်ရှိပါသည်။

Apology to Dr Khin Moe Moe

I, Ross Dunkley, the Managing Director of Myanmar Consolidated Media Ltd hereby offer my sincere apologies to Dr Khin Moe Moe, who was my fellow director at MCM Ltd for nine years until today.

I regret the incident that took place more than a year ago at the offices of *The Myanmar Times*. I understand this may have caused distress to Dr Khin Moe Moe and I wish to apologise to the good doctor, her family, friends and colleagues for any embarrassment, pain and suffering.

In addition, I do apologise for the news, cartoon and announcements published in *The Myanmar Times* in both languages a year ago. It was never my intention to defame Dr Tin Tun Oo and Dr Khin Moe Moe and I sincerely regret the misunderstanding that arose from that. I thank them for accepting graciously my apology.

I wish Dr Khin Moe Moe and her husband Dr Tin Tun Oo and all of their family the very best in the future and thank them for the genuine good will they have shown over this matter and in the nine years we have worked together as directors of Myanmar Consolidated Media Ltd.

Sincerely
Ross Dunkley
Editor in Chief & Managing Director
Yangon, 24 February 2014

MYANMAR TIMES HEARTBEAT OF THE NATION

Unlocking Myanmar's Potential

UOB Foreign Direct Investment Symposium

Yangon
26 February
2014

UOB Managing Director Mr Frederick Chin

စီးပွားကူးသန်း ဒုတိယဝန်ကြီးဌေးက်တာပွင့်ဆန်း

စင်ကာပူသံအမတ်ကြီးနှင့် Ms May Wong

UOB တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ

UMFCCI ဥက္ကဋ္ဌဦးဝင်းအောင်နှင့် အထူးဧည့်သည်တစ်ဦး

Mr Sam Cheong Chwee Kin

UOB ပွဲတက်ရောက်လာသော လုပ်ငန်းရှင်များ

UOB ပွဲတက်ရောက်လာသည့်ဧည့်သည်တော်များ

UOB Managing Director နှင့်ဧည့်သည်တော်တစ်ဦး

ဦးရဲမင်းအောင်နှင့် Mr Thng Tieen Tat

Mr Tan Cheng Chuan နှင့်ဧည့်သည်တစ်ဦး

Mr Peter Witton

ဦးပြည့်ဝထွန်း

Ms Jean Khong Lye Yee & Ms Tan Ping Ping

THE MYANMAR TIMES
ဒဂုံတိုင်းမြန်မာသတင်းစာ
Property
■ နိုင်ငံတကာ ■ ပြည်တွင်း
သောကြာနေ့၊ ဖေဖော်ဝါရီ ၂၈ - မတ် ၆၊ ၂၀၁၄

သီလဝါအများပိုင်ကုမ္ပဏီ ဒေါ်လာ ၂၁ သန်းကျော် ရှယ်ယာ ရောင်းမည်

ဇော်ထိုက်

သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည် ဖော်ဆောင်ရေးစီမံကိန်း ဆောင်ရွက်နေသည့် မြန်မာသီလဝါ ဟိုးဒင်း အများပိုင်ကုမ္ပဏီလီမိတက်သည် အမေရိကန် ဒေါ်လာ ၂၁ သန်းကျော်ဖိုးရှိ အစုရှယ်ယာပေါင်း ၂ ဒသမ ၁၄၅ သန်းအား လာမည့်မတ်လ ၃ ရက်မှစတင်ခါ ထုတ်ရောင်းတော့မည် ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

မကြာမီ ထုတ်ရောင်းမည့် အဆိုပါ အစုရှယ်ယာများ၏တန်ဖိုးမှာ ရှယ်ယာတစ်ခုလျှင် ကျပ် ၁၀,၀၀၀ ဖြစ်ကာ ရှယ်ယာအရေအတွက် အနည်းငယ်မျှကိုသာ ဝယ်ယူရန် အဆိုပြုသူအား ဦးစားပေးရောင်းချမည်ဖြစ်ပြီး ရှယ်ယာအရေအတွက်အများအပြားဝယ်ယူရန် အဆိုပြုထားသူများကို Prorata ခေါ် ကိုတာစနစ်ဖြင့် ရောင်းချပေးမည်ဟု သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်က ပြောသည်။

"ဥပမာ ရှယ်ယာငါးသိန်းဖိုးလောက်ပဲ ဝယ်မယ့်သူနဲ့ သိန်းငါးဆယ်ဖိုး၊ သိန်းငါးရာဖိုး ဝယ်မယ့်သူတွေကိုယူဉ်ရင် ငါးသိန်းဖိုးလောက်ပဲ ဝယ်မယ့်သူကို အပြည့်အဝရောင်းပြီး ကျန်တဲ့သူကို ကျန်တဲ့ရှယ်ယာတွေကို ကိုတာစနစ်နဲ့ ရောင်းမှာပါ"ဟု ၎င်းက ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်သူအဖြစ် ဆောင်ရွက်နေသည့် မြန်မာ-ဂျပန် ပူးပေါင်းတည်ထောင်ထားသော Myanmar - Japan Thilawa Development ၏ ရှယ်ယာများကို မြန်မာဘက်မှ ၅၁ ရာခိုင်နှုန်းနှင့် ဂျပန်ဘက်မှ ၄၉ ရာခိုင်နှုန်းပိုင်ဆိုင်ရာတွင် နှစ်ဖက်အစိုးရက နှစ်ဖက်ရှယ်ယာများ၏ ၁၀ ရာခိုင်နှုန်းစီကို ထည့်ဝင်မည်ဖြစ်ကာ ၄၁ ရာခိုင်နှုန်းနှင့် ၃၉ ရာခိုင်နှုန်းတို့ကို နှစ်ဖက်ပုဂ္ဂလိကလုပ်ငန်းရှင်များက ထည့်ဝင်လုပ်ကိုင်ကြမည် ဖြစ်သည်။

မတ်လ ၃ ရက်တွင် စတင်ရောင်းချမည့် ရှယ်ယာများသည် မြန်မာနိုင်ငံဘက်၏ ပုဂ္ဂလိက ကဏ္ဍမှ Myanmar Thilawa SEZ Holdings Public Ltd က ထည့်ဝင်လုပ်ကိုင်မည်ဖြစ်သော ၄၁ ရာခိုင်နှုန်းရှယ်ယာများအနက်မှ ထုတ်ရောင်းခြင်းဖြစ်သည်။

အဆိုပါ မြန်မာ သီလဝါ အများပိုင်ကုမ္ပဏီတွင် ပြည်တွင်း၌တည်ထောင်ထားပြီးဖြစ်သော နိုင်ငံသားပိုင် အများပိုင်ကုမ္ပဏီ ကိုးခုက ကနဦးရှယ်ယာရှင်များအဖြစ် ပါဝင်လုပ်ကိုင်လျက်ရှိပြီး ထုတ်ရောင်းမည့်ရှယ်ယာများအား ဝယ်ယူမည့် ရှယ်ယာရှင်များသည် ကနဦးရှယ်ယာရှင်များနှင့်တန်းတူ ဆန္ဒပြုခွင့် ရရှိမည်ဖြစ်သည်ဟု ဦးဆက်အောင်က ကတိပြုပြောကြားခဲ့သည်။

မြန်မာသီလဝါ ဟိုးဒင်း အများပိုင်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းအောင်က "ကျွန်တော်တို့နဲ့ သဘောတူထားတဲ့ ဘဏ်တွေရဲ့ ဘဏ်ခွဲရုံးတွေကတစ်ဆင့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ရှယ်ယာတွေကိုရောင်းချသွားမှာပါ။ ကျွန်တော်တို့ ရည်ရွယ်ချက်ကတော့ တကယ့်ကို အများပိုင်ဖြစ်ရေးပါပဲ။ မတ်လ ၃ ရက်နေ့ နောက်ပိုင်း တစ်လအတွင်းရှယ်ယာတွေကို ရောင်းချသွားမှာပါ"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ရှယ်ယာများကို ရောင်းချပြီးနောက် ရှယ်ယာတစ်ဆင့်ပြန်လည်ရောင်းချရေး ဌာနကိုလည်း တစ်ပြိုင်တည်း ဆက်လက်ဖွင့်လှစ်မည်ဟု ၎င်းက ပြောသည်။

စီးပွားရေးပညာရှင် ဦးလှမောင်က "ဒီရှယ်ယာတွေက အထူးစီးပွားရေးဇုန်မှာ ကုန်ထုတ်လုပ်ငန်းတွေ လုပ်မယ့်လုပ်ငန်းအတွက်ရောင်းတာမဟုတ်ဘဲ ဇုန်အကောင်အထည်ဖော်ဖို့ လုပ်မယ့်တည်ဆောက်ရေးလုပ်ငန်းအတွက် ရောင်းတာဆိုတော့ လုပ်ငန်းအလားအလာကိုတော့ ခန့်မှန်းရခက်သေးတာပေါ့"ဟု ပြောသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအား မြေငှားရမ်းမှုများကိုလည်း လာမည့် ဧပြီလကုန်သို့မဟုတ် မေလဆန်းပိုင်းတွင် စတင်ငှားရမ်းမည်ဖြစ်ကြောင်း ဦးဝင်းအောင်က ပြောသည်။

"ပြင်ပစက်မှုဇုန်တွေထက် မြေငှားခ ၃၀ ရာခိုင်နှုန်းဝန်းကျင်သက်သာမှာပါ။ အခုတောင် ပြည်တွင်းပြည်ပကုမ္ပဏီတချို့က လာပြီးစုံစမ်းနေကြပြီ။ အထည်ချုပ်တွေ၊ စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းတွေ၊ လျှပ်စစ်ပစ္စည်း

သီလဝါအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဂျပန် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဒုဝန်ကြီး မစ္စတာနိုဘူဟီကိုဆာဆာကီတို့အား သီလဝါစက်မှုဇုန်သဘောတူစာချုပ် လက်မှတ်ရေးထိုးအပြီး တွေ့ရစဉ်။ ဓာတ်ပုံ- ဘူးသီး

"အထူးစီးပွားရေးဇုန်မှာက အခွန်သက်သာမယ်၊ မြေငှားခသက်သာမယ်ဆိုပေမယ့် နှစ် ၂၀ စာမြေငှားခကို ကာလရှည်တွက်ပြီး ပေးရမှာလေ။ ဒီတော့ ပြည်တွင်းလုပ်ငန်းရှင်တွေက ဒီငွေတစ်လုံးတစ်ခဲတည်းပေးပြီး လုပ်နိုင်ဖို့ မလွယ်ဘူး။ မြေငှားခကို ငါးနှစ်စာလောက်စီ ခွဲပေးပြီး လုပ်လို့ရရင်တော့ တစ်မျိုးပေါ့။ ပြင်ပစက်မှုဇုန်မှာက တစ်နှစ်ချင်းငှားခပေးပြီး လုပ်လို့ရတယ်လေ"ဟု စီးပွားရေးလုပ်ငန်းရှင်ဦးမြတ်သင်းအောင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များလက်ရှိမြေငှားခနှုန်းထားမှာ ပျမ်းမျှအားဖြင့် ၁ စတုရန်းပေလျှင် တစ်လစာအတွက် ၂၂၅ ကျပ်မှ ကျပ် ၃၀၀ အတွင်း ရှိသည်ဟု မယ့် ဒေါ်လာသန်း ၉၀ ကို သန်း ၄၀ ကျော် ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်၏ စက်မှုလုပ်ငန်းများစီမံကိန်းဧရိယာသည် စုစုပေါင်း ၅,၇၈၇ ဒသမ ၁၇၈ ဧကဖြစ်ကာ စီမံကိန်းပထမအဆင့် ဧရိယာ (Class A) သည် ၉၇၅ ဒသမ ၆၉၁ ဧကရှိသည်။ အဆိုပါ အကျယ်အဝန်းတွင် ဧက ၄၀၀ ကို မြေယာပြုပြင်ခြင်း၊ လမ်းဖောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကာ ဆောင်ရွက်မှု ၇၀ ရာခိုင်နှုန်းအထိ ပြီးစီးပြီဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၁၈၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းကြောင်း ဦးဆက်အောင်က ပြောသည်။

ဦးဝင်းအောင်က "မြန်မာဘက်က ကုန်ကျစီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

ကျော်လောက်နဲ့ဖြစ်အောင် လုပ်သွားမှာပါ။ သဘောကတော့ စီမံကိန်းမပြီးခင် မြေငှားခကနေ ရမယ့်ပိုက်ဆံတွေကို ထပ်ပြီးရင်းနှီးမြှုပ်နှံသွားမှာပါ။ ဒီပမာဏနဲ့ မလောက်မှပဲ အခုရောင်းမယ့် ရှယ်ယာ ၂ ဒသမ ၁၄၅ သန်းအပြင် နောက်ထပ် ရှယ်ယာအသစ် ထုတ်ရောင်းမှာပါ" ဟု ပြောသည်။

အဆိုပါရှယ်ယာများအား ဝယ်ယူသည့် ရှယ်ယာရှင်များသည် ပြည်တွင်းရှိ အခြားသော အများပိုင်ကုမ္ပဏီများက ယင်းတို့၏ရှယ်ယာရှင်များအား တစ်နှစ်လျှင်အမြတ် ရာခိုင်နှုန်းနှင့် တူသော အကျိုးအမြတ်များအား ရရှိမည်မဟုတ်ဘဲ ရှယ်ယာစျေးမြင့်တက်မှုအကျိုးအမြတ်ကိုသာ အဓိကခံစားရမည်ဟု ဦးဆက်အောင်က ပြောသည်။

"သီလဝါအထူးစီးပွားရေးဇုန်ကို နိုင်ငံတကာပုံစံအတိုင်းဖော်ဆောင်မှာဆိုတော့ ဖွံ့ဖြိုးမှုသိပ်မရှိသေးတဲ့ အများပိုင်ကုမ္ပဏီကလည်း ရှယ်ယာတွေကို နိုင်ငံတကာ ကျင့်ထုံးအတိုင်းပဲ စီမံဆောင်ရွက်မှာပါ။ နိုင်ငံတကာမှာက ရှယ်ယာဝယ်တာဟာ Share Appreciation လို့ ခေါ်တဲ့ ရှယ်ယာစျေးတက်တာကို လိုချင်လို့ပါ။ မြန်မာနိုင်ငံမှာကတော့ Dividend ဆိုတဲ့ နှစ်စဉ်အမြတ်တွေကို လိုချင်လို့ ရှယ်ယာဝယ်တာများတယ်။ ဒီလိုသာ နှစ်စဉ်အမြတ်ရာခိုင်နှုန်းတွေ အများကြီးထုတ်ပေးနေရင် စတော့စျေးကွက်ကို ဝင်တဲ့အခါ ရှယ်ယာစျေး အချိန်တိုအတွင်း အတက်အကျ အရမ်းများနိုင်ပါတယ်။ ဒီအတွက် နိုင်ငံတကာမှာလိုပဲ နှစ်စဉ်အမြတ်ကို တစ်ရာခိုင်နှုန်း၊ နှစ်ရာခိုင်နှုန်းလောက်စီပဲ ပုံမှန်နှုန်းနဲ့ ထုတ်ပေးနေမှာပါ။ အဓိကတော့ Share Appreciation ကိုပဲ ခံစားရပါမယ်"ဟု ၎င်းက ပြောသည်။

အဆိုပါရှယ်ယာများအား မြန်မာသီလဝါ ဟိုးဒင်းအများပိုင်ကုမ္ပဏီနှင့် သဘောတူညီချက်ရရှိထားသော ဧရာဝတီ၊ မြန်မာ့ရှေ့ဆောင်၊ သမဝါယမ၊ ရိုးမနှင့် ကမ္ဘောဇ အစရှိသည့် ဘဏ်ခွဲများမှတစ်ဆင့် ရောင်းချသွားမည်ဖြစ်ကာ အသက် ၁၈ နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသား မည်သူမဆို ဝယ်ယူနိုင်မည် ဖြစ်သည်။ ■

အဆင့်မြှင့်ပြောင်းလဲမည့် ရုပ်ရှင်ရုံနေရာဟောင်းများ ပုံမပေါ်သေး

မြတ်ငြိမ်းဇော်

မြန်မာရုပ်ရှင်လုပ်ငန်းက လွန်ခဲ့သည့်နှစ်နှစ်ခန့်က ရန်ကုန်မြို့တွင် နှစ်ရှည်စီမံကိန်းဖြင့် ဌားရမ်းထားသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံအချို့အား ပုဂ္ဂလိက လုပ်ငန်းရှင်များထံ အပြီးပိုင်ရောင်းချပြီးသည့်နောက်ပိုင်းတွင် လုပ်ငန်းရှင်အများစုမှာ ယင်းရုပ်ရှင်ရုံနေရာများတွင် ခေတ်မီအထပ်မြင့်အဆောက်အအုံများနှင့်အတူ အသေးစားရုပ်ရှင်ရုံများကို ထည့်သွင်းတည်ဆောက်ရန် ပြင်ဆင်မှုများရှိလာသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီကလည်း ပုဂ္ဂလိကလုပ်ငန်းများထံ နှစ်ရှည်စီမံကိန်းဖြင့် ဌားရမ်းထားရှိသောရုပ်ရှင်ရုံများကို ၂၀၁၃ ခုနှစ်၊ ဇွန်လခန့်မှစတင်ခါ ပြသမှုပုံစံနှင့် ရုပ်ရှင်ရုံအပြင်အဆင်များ ပြောင်းလဲရန် တရားဝင် သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် ၂၀၁၄ ခုနှစ်သို့စတင်ကူးပြောင်းလာခဲ့ပြီဖြစ်သော်လည်း ရန်ကုန်မြို့တွင် အဆင့်မြင့်ရုပ်ရှင်ရုံများနှင့် ခေတ်မီအထပ်မြင့်အဆောက်အအုံအဖြစ်ပြောင်းလဲ တည်ဆောက်ရန်ဖြိုဖျက်ထားသည့် ပုဂ္ဂလိကပိုင်ရုပ်ရှင်ရုံများမှာ ယခုအချိန်ထိ ရုပ်လုံးပေါ်မလာသေးပေ။

လက်ရှိရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိမြို့များတွင်လည်း ရုပ်ရှင်ရုံလုပ်ငန်းနှင့် အဆင့်မြင့်ရုပ်ရှင်ရုံများမှာ လက်ချိုးရေတွက်နိုင်သည်အထိ နည်းပါးနေသေးသည်။

လုပ်ငန်းရှင်များမှာလည်း ရုပ်ရှင်ရုံလုပ်ငန်းတစ်ခုတည်းနှင့်ပင် စီးပွားဖြစ်မရပ်တည်နိုင်သည့်အတွက် အဆင့်မြင့်ပြင်ဆင်ကာ ဒစ်ဂျစ်တယ်စနစ်သုံးရုပ်ရှင်ပြသမှုများကို ကူးပြောင်းရန်မလွယ်ကူနိုင်သည့်အတွက် ကြန့်ကြာနေကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်ရုံကော်မတီမှ ဥက္ကဋ္ဌ ဦးဌေးအောင်က မြန်မာတိုင်း(မဲ) ကို ပြောသည်။

“ဖလင်စနစ်နဲ့ပြသနေတဲ့ အရင်ရုပ်ရှင်ရုံအဟောင်းတွေကို အဆင့်မြင့်အောင်ပြုပြင်ရမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုပိုင်းက အတော်ကိုများပါတယ်။ ရုပ်ရှင်ပြစက်ပြောင်းရမယ်၊ ထိုင်ခုံတွေပြောင်းရမယ်၊ပြီးတော့ ရုံအပြင်အဆင်နဲ့ လေအေးပေးစက်တွေတပ်ပြီးတော့ အဆင့်မြင့်တဲ့ရုပ်ရှင်ရုံပြောင်းမယ်ဆိုရင် အနည်းဆုံး သိန်းနှစ်ထောင်ကနေ သုံးထောင်လောက် ကုန်ကျမှာပါ။ ပြုပြင်မယ့်သူတွေကလည်း ဒီစရိတ်ကို ပြန်ကာမိနိုင်မလားလို့ တွေးနေကြတယ်။ ဒီတော့ ပြောင်းလဲမှုက ကြန့်ကြာနေတာပါ” ဟု ၎င်းက ပြောသည်။

ဝယ်ယူထားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှာလည်း ရုပ်ရှင်ရုံလုပ်ငန်းတစ်ခုတည်းနှင့် စီးပွားဖြစ်မရပ်တည်နိုင်သည့်အတွက် ရန်ကုန်မြို့တွင် လိုအပ်လျက်ရှိသော မြေနေရာနှင့် ခေတ်မီအထပ်မြင့်အဆောက်အအုံများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပူးပေါင်းကာ တည်ဆောက်မှုများပြုလုပ်ကြမည်ဖြစ်ကြောင်း ဦးဌေးအောင်က ပြောသည်။

“အစိုးရကနေပြန်ဝယ်ထားတဲ့ တချို့ရုပ်ရှင်ရုံတွေက ဆောက်လုပ်ရေးလုပ်ငန်းနဲ့ပူးပေါင်းပြီး အထပ်မြင့်အဆောက်အအုံတွေဆောက်ဖို့ ပြုလုပ်နေတာတွေ တွေ့ရပါတယ်။ အဆောက်အအုံထဲမှာ ဈေးဝယ်စင်တာတွေထည့်ဆောက်မယ်၊ လူနေထိုင်ဖို့ ကွန်ဒိုတိုက်ခန်းတွေထည့်ဆောက်မယ်ဆိုရင် ရုပ်ရှင်ရုံလုပ်ငန်းအပြင် တခြားလုပ်ငန်းတွေကလည်း အကျိုးအမြတ်တွေရလာမှာ။ ရုပ်ရှင်ရုံလုပ်ငန်း တစ်ခုတည်းနဲ့ကတော့ အခုခေတ်မှာ ဘယ်လိုမှမရပ်တည်နိုင်ဘူး” ဟု ၎င်းက ပြောသည်။

သို့သော် ရန်ကုန်မြို့တွင် အထပ်မြင့်ဆောက်လုပ်ရန်အတွက် ရုပ်ရှင်ရုံအချို့မှာ ဖြိုဖျက်ထားသည်မှာ ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်ထိ အကောင်အထည် ပေါ်မလာသေးပေ။ ထိုကဲ့သို့ အကောင်အထည်မပေါ်သေးသည့် အခြေအနေများမှာလည်း အထပ်မြင့်ဆောက်လုပ်ရေးအတွက် ဆောင်ရွက်မှုအဆင့်များ မပြီးမြောက်နိုင်သည့်အတွက် ကြာမြင့်နေခြင်းဖြစ်ကြောင်း ဆုထူးပန်ရုပ်ရှင်ရုံအား ပြန်လည်ပြုပြင်တည်ဆောက်မည့် ဝါဝါဝင်းရုပ်ရှင်လုပ်ငန်းမှ ဒေါ်ဝါဝါဝင်းရွှေက ပြောသည်။

“အရင်က ၁၃ နှစ်လောက် အစိုးရဆီကနေ အငှားယူခဲ့တယ်။ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ အစိုးရဆီကနေဝယ်ယူထားတာပါ။ အဲဒီအချိန်မှာ ရုံကလည်းဟောင်းနွမ်းနေပြီဆိုတော့ ဖြိုဖျက်ပြီး အထပ်မြင့်အဆောက်အအုံဆောက်ပြီး အထဲမှာ အသေးစားရုပ်ရှင်ရုံလေးတွေ ထည့်သွားဖို့ စီစဉ်ခဲ့ပါတယ်။ ဒါပေမဲ့ အထပ်မြင့်ဆောက်ဖို့က မှန်းသလောက် မလွယ်ဘူး။ ရုံးလုပ်နည်းတွေအရ အဆင့်ဆင့်သွားရတယ်။ အခုလည်းလုပ်နေတုန်းပါပဲ ဒါပေမဲ့ ဒီနှစ်ထဲမှာ အကောင်အထည်ဖော်နိုင်အောင်တော့ ကြိုးစားနေပါတယ်”ဟု ၎င်းကပြောသည်။

ထို့ပြင် ရန်ကုန်မြို့၏ လက်ရှိရုပ်ရှင်ရုံလုပ်ငန်းအခြေအနေများကြောင့် နောက်ပိုင်းတွင် ရုပ်ရှင်ရုံများမှာ အသေးစားရုပ်ရှင်ရုံများအဖြစ်သို့ ပြောင်းလဲသွားနိုင်ကြောင်း လုပ်ငန်းရှင်များကသုံးသပ်သည်။

“အရင်တုန်းက ရုပ်ရှင်ရုံတစ်ရုံကို ခုံ ၈၀၀ ကနေ ၉၀၀ ဆုံတဲ့ရုံကြီးတွေက အကုန်လုံးရုံပြည့်တယ်။ အခုနောက်ပိုင်းမှာ ခုံ ၃၀၀ လောက်တောင် မပြည့်ချင်ဘူး။ ရုပ်ရှင်ရုံလူဝင်နှုန်းက သုံးပုံတစ်ပုံလောက်ပဲ ရှိတော့တဲ့အခြေအနေဆိုတော့ နောက်ပိုင်းမှာရုံပိုင်ရှင်တွေက ထိုင်ခုံ ၂၀၀ ကနေ ၃၀၀ ပဲဆုံတဲ့ အသေးစားရုပ်ရှင်ရုံတွေတည်ဆောက်ဖို့ပဲ များလာတော့တယ်” ဟု ရွှေမန်းရုပ်ရှင်ရုံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးသက်ကပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်လုပ်ငန်းမှာလည်း ယခင်ရုပ်ရှင်ရုံအဟောင်းများကို ပိုင်ဆိုင်ထားသည့်သူများမှာ ခေတ်မီအထပ်မြင့် အဆောက်အအုံပြန်လည်တည်ဆောက်မည်ဆိုပါက အနည်းဆုံးအသေးစားရုပ်ရှင်ရုံ နှစ်ရုံခန့် ထည့်သွင်းတည်ဆောက်ရန် ထုတ်ပြန်ထားပြီးဖြစ်သည်။

သို့သော် အစိုးရက ပုဂ္ဂလိကလုပ်ငန်းရှင်များထံ ရောင်းချထားသည့် ရုပ်ရှင်ရုံများမှာ ရန်ကုန်မြို့တွင် ၁၀ ရုံခန့်ရှိပြီး အချို့သောလုပ်ငန်းရှင်များမှာ ဆောက်လုပ်ရေးလုပ်ငန်းများထံ ပြန်လည်ရောင်းချမှုများလည်း ရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှာ ရုပ်ရှင်ရုံမြေနေရာများကို ရွေးချယ်ဆောက်လုပ်ခြင်းမဟုတ်ဘဲ အဆောက်အအုံတည်ဆောက်ရန် နေရာအချက်အချာကျကာကောင်းမွန်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာက ခွင့်ပြုပါက မည်သည့်နေရာတွင်မဆို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နိုင်ဂရု(၀) ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်ငန်းပိုင်းဆိုင်ရာအရာရှိဖြစ်သူ ဦးစောမြင့်အောင်က ပြောသည်။

ယင်းကဲ့သို့ ရုပ်ရှင်ရုံမြေနေရာများတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်လာခြင်းများနှင့် ပတ်သက်၍ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဖြစ်သူ ဦးသာဌေးက အဆောက်အအုံများထဲတွင် ရုပ်ရှင်ရုံများ ပြန်လည်ထည့်သွင်းတည်ဆောက်ပေးခြင်းက ပိုမိုကောင်းမွန်ကြောင်း ပြောသည်။

“ဆောက်လုပ်ရေး လုပ်ငန်းတွေကတော့ ရုပ်ရှင်ရုံမြေနေရာတွေဆိုပြီး ရွေးပြီးဆောက်တာတော့မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ရုပ်ရှင်ရုံနေရာမှာ အထပ်မြင့်အဆောက်အအုံဖြစ်ပြီး ရုပ်ရှင်ရုံ ပြန်မဖြစ်လာဘူးဆိုရင်တော့ ရုံတွေအားနည်းလာမှာပေါ့။ ပြန်ပြီးထည့်သွင်းတည်ဆောက်ပေးတာက ပိုကောင်းပါတယ်။ တခြားနိုင်ငံတွေမှာလည်း ဒီလိုပဲအဆောက်အအုံတွေထဲမှာ ရုပ်ရှင်ရုံတွေပြန်ထည့်ပြီး တည်ဆောက်နေကြတာပါပဲ” ဟု ၎င်းက ပြောသည်။

ရုပ်ရှင်ရုံလုပ်ငန်းမှာ ရန်ကုန်မြို့တွေသာမက အခြားမြို့ကြီးအချို့နှင့် နယ်မြို့နယ်များတွင်လည်း အားနည်းသည့်အတွက် ယင်းဒေသများတွင်လည်း တိုးတက်ရန် လိုအပ်ကြောင်း ဦးဌေးအောင်က ပြောသည်။

“ရုပ်ရှင်ရုံလုပ်ငန်းက ရန်ကုန်မှာရှိသလို မျိုး တခြားမြို့ကြီးတွေနဲ့ နယ်မြို့တွေမှာလည်း ရှိသင့်တယ်။ တချို့မြို့တွေဆိုရင် ရုပ်ရှင်ရုံရှိပေမယ့် မပြဘဲထားတာတို့။ တချို့ဆိုရင် အစိုးရဆီကဝယ်ထားပြီးမှ ရုပ်ရှင်မပြစားပဲ ဂိုဒေါင်လုပ်စတာတွေ ရှိတယ်” ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့တွင် ရုပ်ရှင်ရုံစုစုပေါင်းမှာ ရုပ်ရှင်လုပ်ငန်းလက်အောက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားများသာပြသသည့် ရုံပေါင်း ၂၀ ခန့်သာရှိပြီး အစိုးရမှ ရောင်းချထားသည့် ရုံမှာ ၁၀ ရုံဝန်းကျင်ခန့်ရှိကာ ခေတ်မီအထပ်မြင့်အဆောက်အအုံ ပြန်လည်တည်ဆောက်ရန် ဖြိုဖျက်ထားသည့် ရုံမှာ သုံးလေးရုံခန့်ရှိသည်။ အစိုးရက လက်ရှိငှားရမ်းထားသည့် ရုပ်ရှင်ရုံများအား ဒစ်ဂျစ်တယ်စနစ်ပြသမှုနှင့် အဆင့်မြင့်ရုပ်ရှင်ရုံများအဖြစ်ပြောင်းလဲမှသာ ငှားရမ်းမှု နှစ်ရှည်အား ရှုစ်နှစ်အထိ တိုးပေးသွားမည်ဖြစ်ပြီး မပြောင်းလဲပါက ရုံများအား ပိတ်သိမ်းသွားမည်ဖြစ်သည်။ ■

အထပ်မြင့်အဆောက်အအုံနှင့် အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် ပြောင်းလဲတည်ဆောက်ရန်ရှိသည့် ရန်ကုန်မြို့၊ မြေနီကုန်းရှိ တပင်ရွှေထီးရုပ်ရှင်ရုံကို တွေ့ရစဉ်။ ဓာတ်ပုံ-ဘူးသီး

ယခင် နိုင်ငံခြားသားအမည်ပေါက် မြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမည်

မြတ်ငြိမ်းဇော်

ယခင်က ခွင့်မပြုခဲ့သည့် နိုင်ငံခြားသားအမည်ပေါက်မြေပေါ်တွင် အဆောက်အအုံတည်ဆောက်ခွင့်အား ယခုနှစ်စပိုင်းမှ စတင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (အဆောက်အအုံ) ဌာနမှ တာဝန်ရှိသူများက ပြောသည်။

"အရင်တုန်းက နိုင်ငံခြားသားအမည်ပေါက်မြေပေါ်မှာ အဆောက်အအုံအသစ်တည်ဆောက်တာ ဖြိုဖျက်တာတွေကို ခွင့်မပြုခဲ့ဘူး။ တစ်ကယ်လို့ ဆောက်လုပ်ခွင့် တင်ပြလာတာတွေက နိုင်ငံခြားသားအမည်ပေါက်ဖြစ်နေရင် စည်ပင်သာယာက ဆုံးဖြတ်လို့မရဘူး။ ပြည်ထဲရေးကို ပြန်တင်ပြရတယ်။ အခု ပြည်ထဲရေးကနေပြီးတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို ဆက်လက်ဆောင်ရွက်ခွင့်ပေးလိုက်တာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (အဆောက်အအုံ) ဌာနမှ လက်ထောက်ဌာနမှူးဖြစ်သူ ဦးနေဝင်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်လက်ထက်၌ နေထိုင်ခဲ့သည့် နိုင်ငံခြားသားများပိုင်ဆိုင်သောမြေကွက်များပေါ်တွင် မြေကငယ်များစိတ်ပိုင်းရောင်းချပြီး ရောင်းဝယ် သူအချင်းချင်း အရပ်စာချုပ်များဖြင့်သာချုပ်ဆိုကာ အဆင့်ဆင့် လက်ဆင့်ကမ်းပြောင်းရွှေ့နေထိုင်မှုများသည် ရန်ကုန်မြို့နယ်များတွင် အများအပြားရှိခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ထိ အဆိုပါမြေနေရာပေါ်တွင် အဆောက်အအုံတည်ဆောက်ခွင့် မပြုခဲ့ပေ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (အဆောက်အအုံ) ဌာနတွင် ယင်းကဲ့သို့ နိုင်ငံခြား အမည်ပေါက်မြေများပေါ်တွင် နှစ်ထပ်နှင့် သုံးထပ်ရှိသော အဆောက်အအုံများဆောက်လုပ်ရန် ဆောက်လုပ်ခွင့်တင်ထားသည့်အဆောက်အအုံ အလုံး ၂၀၀ ခန့်ရှိကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့ဆုံးဖြတ်တာကတော့ ဒီမြေကို ပိုင်ဆိုင်ခဲ့တဲ့ နိုင်ငံခြားသားတွေလည်း အခုချိန်မှာမရှိတော့ဘူး။ လက်ရှိ အဲဒီမြေနေရာမှာနေထိုင်ကြတဲ့သူတွေကလည်း ၁၅ နှစ်အနှစ် ၂၀ ရှိတယ်ဆိုတော့ သူတို့ကိုဆောက်ခွင့်ပေးလို့ရတယ်ဆိုပြီး ဆောက်ခွင့်ပေးလိုက်တာပါ။ လောလောဆယ် ကျွန်တော်တို့ အမြင့်ဆုံးသုံးထပ်ရှိတဲ့ အဆောက်အအုံလောက်ပဲပေးဆောက်ထားပါတယ်" ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့၏ တွင်ကျယ်လျက်ရှိသော မြေအရောင်းအဝယ်များသည် ရောင်းဝယ်သူအချင်းချင်းသာ နားလည်မှုဖြင့်စာချုပ်ချုပ်ဆိုကာ ရောင်းချဝယ်ယူကြပြီး အစိုးရထံတွင် အခွန်ပေးဆောင်ကာ မြေအားပိုင်ဆိုင်သူအမည်ပေါက်ရအောင် ပြုလုပ်သူနည်းနေသေးနည်းကြောင်း စည်ပင်သာယာမှ တာဝန်ရှိသူများက ပြောသည်။

မူလမြေပိုင်ရှင်၏ မြေကများမှ တစ်စိတ်တစ်ပိုင်း မြေဝယ်သူများသည် မိမိဝယ်ယူထားသော မြေအား နှစ်ဦးသဘောတူ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရပြီး ရန်ကုန်မြို့တော်စည်ပင်သာယာတွင် ဝယ်ယူထားကြောင်းတင်ပြရသည်။ ထိုသို့စာရင်းသွင်းပြီးခါနှိပ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာမှ အင်ဂျင်နီယာများက ဝယ်ယူထားသည့် မြေဧရိယာအတိုင်း တိုင်းတာသတ်မှတ်ပြီး ဝယ်ယူသူအမည်ဖြင့် စာရင်းသွင်းသတ်မှတ်မှသာလျှင် ပိုင်ဆိုင်မှုမှန်ကန်ကာ အဆိုပါမြေမှာ ဝယ်ယူသူ၏အမည်ပေါက်ဖြစ်ကြောင်း ဌာနမှ တာဝန်ရှိသူများက ပြောသည်။

"တော်တော်များများက ဒီနေရာမှာ သားစဉ်မြေးဆက်နေလာကြတယ်။ ဒါပေမဲ့ အမည်ပေါက်အောင်မလုပ်ကြဘူး။ ရုံးလာရတာတို့ အခွန်ဆောင်ရတာတို့ကို မလုပ်ချင်ကြဘူး။ အဲဒီလိုမြေနေရာတွေကို ကျွန်တော်တို့က ပိုင်ဆိုင်မှုမမှန်ဘူးလို့ သတ်မှတ်ထားတယ်။ ပိုင်ဆိုင်မှုမမှန်တဲ့မြေက မြန်မာနိုင်ငံသားပိုင်တယ်ဆိုရင်တော့ ပြဿနာမရှိဘူး ။ ဆောက်ချင်ရင် သုံးထပ်ထိပေးဆောက်တယ်။ နိုင်ငံခြားသားအမည်ပေါက်ဆိုရင် အရင်က ဆောက်ခွင့်မပေးဘူး။ အခုတော့ သူ့ကိုလည်း သုံးထပ်ထိဆောက်ခွင့်ပေးထားတယ်" ဟု ဦးနေဝင်းကပြောသည်။

ယခုလက်ရှိ ရန်ကုန်မြို့တွင် နိုင်ငံခြားသားအမည်ပေါက်မြေများမှာ နည်းပါးသွားပြီဖြစ်သော်လည်း အချို့နေရာများတွင်မူ ကျန်ရှိသေးကြောင်း အိမ်ခြံမြေ အကျိုးဆောင်များကပြောသည်။

အင်းစိန်မြို့နယ်၊ သဃ်နန်းကျွန်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်များတွင် ယင်းကဲ့သို့ မြေများကျန်ရှိသေးသော်လည်း ယခင်ပိုင်ဆိုင်ခဲ့သည့် ကျယ်ဝန်းသည့်မြေဧရိယာများပေါ်တွင် ယခုအခါတွင် မြေကများစွာ ခွဲစိတ်ရောင်းချမှုများကြောင့် နေထိုင်သူများစွာဖြင့် နေထိုင်ကြကြောင်း စိုင်းခွန်နောင် အိမ်ခြံမြေအကျိုးဆောင်မှ အထွေထွေမန်နေဂျာဦးရန်အောင်က ပြောသည်။

"ကိုယ်ဝယ်ထားတဲ့မြေကို ကိုယ့်နာမည်ပေါက် လုပ်ထားတာ အကောင်းဆုံးပါပဲ။ ကိုယ့်မြေကလက်ဆင့်ကမ်းပြီး အရပ်စာချုပ်နဲ့ရောင်းထားတဲ့မြေဖြစ်ပေမယ့် ကိုယ့်လက်ထက်မှာတော့ ကိုယ့်နာမည်ဖြစ်အောင် လုပ်သင့်တယ်။ နိုင်ငံခြားသားအမည်ပေါက်ဖြစ်နေတယ်ဆိုရင်လည်း တရားရုံးမှာ ကိုယ့်အမည်ပြောင်းလျှောက်တင်ပြီး အခွန်ဆောင်မယ်ဆိုရင် ရတယ်။ ကိုယ့်မြေက ကိုယ်ဝယ်ထားပြီး ကိုယ့်အမည်မပေါက်ရင် တစ်ချိန်ချိန်မှာ အဆင်မပြေဖြစ်နိုင်တယ်" ဟု ၎င်းကပြောသည်။ ■

> **ကိုယ်ဝယ်ထားတဲ့မြေကို ကိုယ့်နာမည်ပေါက် လုပ်ထားတာ အကောင်းဆုံးပါပဲ ကိုယ့်မြေက လက်ဆင့်ကမ်းပြီး ...**

ဝင်ကြေးမြင့်တက်လာနိုင်သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သိရိလူ

လာမည့်နှစ် တိရစ္ဆာန်ရုံဝင်ကြေး ပိုလာနိုင်

ဇေးသီတာကျော်

ပုဂ္ဂလိကမှ တာဝန်ယူဆောင်ရွက်နေသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဌာနရပ်ခမှာ လာမည့်နှစ် ၂၀၁၅ ခုနှစ် ဒုတိယအကြိမ်စာချုပ်ချုပ်ဆိုမှုတွင် ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်မည်ဖြစ်သောကြောင့် ရုံဝင်ကြေးပါမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

သစ်တောဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၂၀၁၁ ခုနှစ်၊ ဧပြီလ မှစတင်ခါ ထူးကုမ္ပဏီသို့ ၁၀ နှစ်သက်တမ်းစာချုပ်ဖြင့် ငှားရမ်းခဲ့သည်။ အဆိုပါစာချုပ်အရ နှစ်နှစ်တစ်ကြိမ်ပြန်လည်ချုပ်ဆိုခွင့်ရှိမည်ဖြစ်ကာ တစ်ကြိမ်ချုပ်ဆိုမှုတွင် ၁၀ ရာခိုင်နှုန်းထက်မပိုသော ငှားရမ်းခတိုးမြှင့်နိုင်သည်။ လက်ရှိတိရစ္ဆာန်ရုံဝင်ကြေးနှုန်းထားများမှာ ကလေးကျပ် ၅၀၀၊ လူကြီးကျပ် ၁,၀၀၀ ဖြစ်သည်။

"အခုစာချုပ်သက်တမ်းရဲ့ ဒုတိယအကြိမ်ချုပ်ဆိုမှုကိုရောက်နေပြီ။ ဒုတိယအကြိမ် ချုပ်ဆိုခဲ့တုန်းက ကျပ်သန်း ၇၀၀ ပဲဖြစ်ပြီး တိုးမြှင့်တာမျိုးတွေ မလုပ်ခဲ့ဘူး။ ဒါပေမဲ့ ရန်ကုန်တိရစ္ဆာန်ရုံက မန္တလေးရတနာပုံနဲ့ နေပြည်တော်က တိရစ္ဆာန်ရုံတွေနဲ့ယှဉ်ရင် အမြတ်အစွန်းပိုရတဲ့အတွက် တိုးမြှင့်ဖို့စဉ်းစားထားတယ်။ ထူးကုမ္ပဏီနဲ့ ဆွေးနွေးရဦးမယ်"ဟု သစ်တောဝန်ကြီးဌာန၏ ရန်ကုန်တိုင်းဒေသ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ပြောသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်က တိရစ္ဆာန်ရုံသို့ လာရောက်လည်ပတ်သူဦးရေမှာ ၆၀၀,၀၀၀ ကျော်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်းကမူ တစ်သန်းကျော်ခဲ့သည်။ ယခုနှစ်တွင်မူ ယမန်နှစ်ထက် ဝင်ရောက်သူပိုများရန် ခန့်မှန်းထားသည်။ ■

ရန်ကုန်မြို့လယ်ရှိ ဆိုင်ခန်းများ စျေးတက်

မြတ်နိုးဦး

ရန်ကုန်မြို့တွင်း အချက်အချာကျသည့် မြို့လယ်လမ်းမတန်းများပေါ်တွင် တည်ရှိသည့် ဆိုင်ခန်းစျေးများမှာ အဆမတန်မြင့်မားလျက်ရှိပြီး အချို့ဆိုင်ပိုင်ရှင်များမှာ နေရာပြောင်းရွှေ့သွားကြကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

မြို့၏အချက်အချာကျသည့် နေရာများတွင် အိမ်ခြံမြေစျေးကွက်မှာ အတက်ဘက်သို့သာဦးတည်နေပြီး ယခုအခါ နိုင်ငံတကာနှင့် ဆက်သွယ်မှုများလည်း ပိုမိုကျယ်ပြန့်လာကာ ပစ္စည်းများရောင်းချရန် ဆိုင်ခန်းများ လိုအပ်လာသည့်အတွက် မြို့လယ်ရှိဆိုင်ခန်းအငှားစျေးကွက်မှာ အဆမတန်တက်နေကြောင်း စိုင်းခွန်နောင်အိမ်ခြံမြေမှ အထွေထွေမန်နေဂျာ ဦးရန်အောင်က ပြောသည်။

"မြို့ထဲလမ်းမတန်းက အငှားစျေးတွေက မြေညီထပ်က ၁၅ ပေလောက်အကျယ်ရှိတဲ့ အခန်းတွေဆိုရင် တစ်လကို ၂၅ သိန်းကနေစပြီး သိန်း ၅၀ နဲ့ ၁၀၀ ဝန်း ကျင်လောက်ရှိတယ်။ အရောင်းပြခန်းဖွင့်မယ်ဆိုရင်တော့ စျေးကတစ်မျိုးပေါ့"ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့၏ အချက်အချာကျသည့် မြို့လယ်လမ်းမများသည် စီးပွားရေးပြုလုပ်ရာတွင် အရေးပါသည့်နေရာများဖြစ်သည့်အတွက် စျေးမှာပုံမှန်တက်နေပြီး ငှားရမ်းမည့်သူများ၍ ဆိုင်ခန်းနည်းနေသည့်အတွက် စျေးမှာ အတက်ဘက်သာဦးတည်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

"မြို့ထဲဘက်ကဆိုင်ခန်းတွေက တစ်နှစ်တစ်ခါ စာချုပ်ပြီးငှားကြတာများတယ်။ တစ်ခါချုပ်ပြီး နောက်တစ်ခါထပ်ချုပ်ရင် စျေးကတက်သွားတာပဲ။ တချို့ဒီဘက်က ဆိုင်ခန်းစျေးကို မတတ်နိုင်တဲ့သူတွေကတော့ တောင်ဥက္ကလာ၊ သဃ်နန်းကျွန်း၊ မရမ်းကုန်းနဲ့ ပုဇွန်တောင်ဘက်က လမ်းမတန်းတွေကို ပြောင်းငှားကြတယ်"ဟု ရွှေကံမြေ အိမ်ခြံမြေမှ ဦးခင်မောင်အေးကပြောသည်။

ရန်ကုန်မြို့လယ် လမ်းမတန်းပေါ်ရှိ ဆိုင်ခန်းစျေးနှုန်းများ မြင့်မားမှုကြောင့် ဆိုင်ပိုင်ရှင်အချို့သည် စျေးသင့်သည့် အခြားဆင်ခြေဖုံးမြို့နယ်များရှိ လမ်းမတန်းများသို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကြောင့် ၎င်းနေရာများတွင်လည်း စျေးနှုန်းများမြင့်တက်လာကြောင်း ထိုနေရာတွင် နေထိုင်သူများက ပြောသည်။

"တောင်ဥက္ကလာနဲ့ သဃ်နန်းကျွန်းလမ်းမတွေဆိုရင် စျေးနှုန်းတွေတက်လာတယ်။ ရတနာလမ်းမပေါ်မှာဆို ရင် ပေ ၄၀ x ၆၀ ကို တစ်လ သိန်း ၅၀ ဝန်းကျင် ပေးရတယ်။ တချို့နေရာတွေကတော့ သိန်း ၃၀ ဝန်းကျင်လောက်ရှိတယ်"ဟု မြပန်းသခင်အိမ်ခြံမြေမှ ကိုမင်းမင်းစိုးက ပြောသည်။

ဆိုင်ခန်းများငှားရမ်းသည့်အခါ အချို့မှာ တစ်နှစ်စာချုပ်ချုပ်ကြပြီး နှစ်ဦးသဘောတူညီမှုနဲ့ တစ်နှစ်လျှင်ရာခိုင်နှုန်းမည်မျှတက်မည်ကို ကြိုတင်သဘောတူညီမှုများရှိကြပြီး အချို့မှာမူ ကာလပေါက်စျေးပေါ်မူတည်၍ စျေးတက်ကြောင်း အိမ်ခြံမြေ အကျိုးဆောင်များက ပြောသည်။

မြို့လယ်လမ်းမတန်းရှိ မြေညီထပ်တိုက်ခန်းအငှားစျေးကွက်မှာ မြင့်တက်လျက်ရှိသကဲ့သို့ ပထမထပ်တွင် ဆိုင်ခန်းဖွင့်ရန် သင့်တော်သည့်အတွက် စျေးနှုန်းများလည်း မြင့်တက်လာပြီး ၁၅ ပေအကျယ်ခန့်ရှိ တစ်ခန်းကို အနည်းဆုံး တစ်လလျှင် ကျပ် ၅၀၀,၀၀၀ ဝန်းကျင်ရှိကြောင်း လသာမှ အိမ်ငှားနေထိုင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်က ဝယ်ယူသူတွေအဆင်ပြေပြေနဲ့ ဝယ်လို့ရအောင်ဖွင့်ချင်လို့ မြို့ထဲမှာပဲရွှေးပြီး ဖွင့်ဖြစ်တာပါ။ ဆိုင်ခန်းခကစျေးကြီးပေမယ့်လည်း ရောင်းအားက ကောင်းနေမယ်ဆိုရင်တော့ အဆင်ပြေပါတယ်။ ဆိုင်ခန်းငှားခက အိမ်ရှင်ရဲ့ အခြေအနေပေါ်မှာလည်း အဓိကမူတည်နေပါသေးတယ်။ တချို့က အဆင်ပြေပေမယ့် တချို့တွေကတော့ တဖြည်းဖြည်းနဲ့ တိုးပြီးတောင်းတယ်။ ဆိုင်ခန်းငှားခ စျေးတက်ပြီး ရောင်းအားကပုံမှန်ပဲဆိုရင်တော့ အဆင်မပြေဘူး"ဟု ဗိုလ်အောင်ကျော်လမ်းမပေါ်တွင် ဖွင့်လှစ်ထားသော RUN YGN အထည်ဆိုင်က ပြောသည်။ ■

မှော်ဘီတစ်ဝိုက် မြေစျေးတက်ပြီး ဝယ်လက်မရှိဘဲ အရောင်းအေးနေ

နိုနိုအောင်

မှော်ဘီမြို့နယ်တွင် ဥယျာဉ်စိုက်ပျိုးပြီးသား လယ်ယာမြေများအား နေထိုင်ရန် ဝယ်ယူသူများပြားလာသဖြင့် မြေစျေးနှုန်းများမြင့်တက်လာသော်လည်း အရောင်းအဝယ်အေးနေကြောင်း ဒေသခံနှင့်အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

ခြံဝင်းကျယ်ကျယ်နှင့် နေထိုင်လိုသူများပြားလာခြင်းကြောင့် မှော်ဘီမြို့နယ်တစ်ဝိုက်တွင် မြေနေရာများ ဝယ်လိုအားတက်လာခဲ့ပြီး လယ်မြေများကိုပါ ခြံမြေအဖြစ်ရောင်းချခြင်းများ ရှိလာကြောင်း ဒေသခံများကပြောသည်။

"လောလောဆယ် မှော်ဘီမှာ လယ်ယာမြေတွေကို ပြန်ရောင်းတာများနေတယ်။ တစ်မြို့နယ်လုံးနီးပါးပါပဲ။ အရင်ကတော့ ရန်ကုန်မြို့တွင်းမှာနေတဲ့လူတွေက ခြံဝင်းနဲ့နေထိုင်ချင်လာကြတာကြောင့် မှော်ဘီဘက်မှာ ခြံလာဝယ်ထားကြတယ်။ တရုတ်တွေလည်း လာဝယ်ကြတယ်။ လမ်းမတန်းတစ်ဧကကို သိန်း ၂၀၀ ရှိပြီး အတွင်းလမ်းတွေဆိုရင် သိန်း ဆယ်ဂဏန်းရှိတယ်"ဟု ဒေသခံ ကိုသက်နိုင်က ပြောသည်။

မှော်ဘီမြို့နယ်သည် မြို့နယ်အဆင့်အဖြစ် သတ်မှတ်ထားသော်လည်း ကျေးရွာများလည်း ပါဝင်နေဆဲဖြစ်ပြီး ယခင်က အငြိမ်းစားအရာရှိနှင့် အစိုးရဝန်ထမ်းအချို့ အေးဆေးစွာ အနားယူရန် ခြံမြေများဝယ်ယူလေ့ရှိကြသည်။ သို့သော် ၂၀၁၁ ခုနှစ်မှစတင်၍ မှော်ဘီတွင် ခြံဝင်းဝယ်ယူသူအရေအတွက် များပြားလာခဲ့ကြောင်း ဒေသခံများက ပြောသည်။

"၂၀၁၁ လောက်ကနေစပြီး ဒီဘက်မှာ ခြံမြေအရောင်းအဝယ်တွေ သိသိသာသာဖြစ်လာတယ်။ အများဆုံးကတော့ ၂၀၁၃ ခုနှစ်ပါပဲ။ ဒါပေမဲ့ အစိုးရက လယ်ယာပုံစံ ၇ ထုတ်ပြီးနောက်မှာတော့ အရောင်းအဝယ် နည်းနည်းအေးသွားတယ်။ မှော်ဘီဘက်မှာတော့ အကျိုးဆောင်လုပ်ငန်းတွေနဲ့ ချိတ်ဆက်လုပ်တာထက် အရပ်ပွဲစားခေါ်တဲ့ ဒေသခံ အကျိုးဆောင်တွေနဲ့ပဲ လုပ်ကြတာများတယ်"ဟု ကိုသက်နိုင်က ပြောသည်။

မှော်ဘီမြို့နယ်တွင် ပြီးခဲ့သည့်လအထိ မြေအရောင်းအဝယ်များပြားခဲ့သော်လည်း ၂၀၁၄ နှစ်ဆန်းပိုင်းမှစ၍ အရောင်းအဝယ်အေးလျက်ရှိကြောင်း ဒေသခံ အကျိုးဆောင်တစ်ဦးက ပြောသည်။

"ဝယ်ချင်သူများတော့ ပိုင်ရှင်တွေက ကြိုက်စျေးတွေခေါ်လာတယ်။ ဒီတော့စျေးတွေကမြင့်နေပြီး ဝယ်မယ့်လူမရှိတော့ဘူး။ ခေါ်စျေးပဲရှိတော့တယ်။ စောင့်ကြည့်ရမှာပေါ့" ဟု ၎င်းက ပြောသည်။ ■

FREE Classifieds

■ အိမ်ခြံမြေကဏ္ဍ ■ ကွန်ပျူတာနှင့် အိုင်တီ

သောကြာနေ့၊ ဖေဖော်ဝါရီ ၂၈ - မတ် ၆၊ ၂၀၁၄

ဘယ်လို ကြော်ငြာရမလဲ

ဖက်စ်ပို့လိုလျှင်
အီးမေးလ်ပို့လိုလျှင်
စာတိုက်မှတဆင့်

၉၅၁၂၄၄၃၁၈

classified.mcm@gmail.com

၁၀၉၊ ၃၀၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဒီနေ့ဂျာနယ်ကြော်ငြာပို့လျှင်

ခင်မွန်မွန်ရည်- ၉၅၁-၂၅၃၆၄၂၊ ၃၉၂၉၂၈
classified.mcm@gmail.com

အိမ်ခြံမြေ (အငှား)

ကြည့်မြင်တိုင်/ သဃ်နံးကျွန်း/ တောင်ဥက္ကလာ

(၁) အောက်ကြည့်မြင်တိုင်လမ်းမ၊ ပေ ၁၃၀နှင့် ပေ ၁၆၀၊ မြေ (ညှိနှိုင်း)။ (၂) လေးထောင့်ကန်လမ်းမ၊ ပေ ၁၈၀နှင့် ဂု၀ ပေ၊ မြေ၊ သိန်း ၁၅၀၊ (၃) ဝေဇယန္တာလမ်းမ၊ ပေ ၃၀၀ နှင့် ပေ ၁၆၀၊ မြေ၊ (ညှိနှိုင်း)။ (၄) ပါရမီ၊ မောင်ဝိတိအိမ်ရာ၊ ပေ ၈၀ ပတ်လည်၊ 2RC, ၆၅ သိန်း။ ဖုန်း-၀၉-၅၅၀-၅၄၈၂၊ ၀၉-၇၂၁-၀၅၂၉၆။

စက်မှုနှင်

(၁) ရွှေလင်ပန်း၊ ၆၀၀၀၀ စ/ပေ၊ ဂိုဒေါင်၊ 315 KVA, ရေ၊ ဖုန်း (တစ်ပေ ၂၈၀ ကျပ်)။ (၂) ဒဂုံဆိပ်ကမ်း ဇုန်-၂၊ ၄၀၀၀၀ စ/ပေ၊ ဂိုဒေါင်၊ 315 KVA, ရေ၊ဖုန်း၊ သိန်း ၈၀။ (၃) တောင်ဒဂုံ၊ ဇုန်-၃၊ ပေ ၁၀၀နှင့် ၁၅၀ ပေ၊ ဂိုဒေါင်၊ ပါဝါမီတာ၊ ရေ၊ဖုန်း၊ သိန်း ၅၀။ ဖုန်း-၀၉-၄၉၃-၁၀၂၄-၀၅၂၆၊ ၀၉-၅၁၁-၂၂၂၂၆။

ကမာရွတ်

အင်လျားလမ်း၊ ပေ၁၀၀ပတ်လည်၊ 2RC, 4MBR, A/C, ရေမြေ။ တစ်လ သိန်း ၁၀၀။ ဖုန်း-၀၉-၄၂၁-၈၅၇၆၊ ၀၉-၇၂၁-၀၅၂၉၆။

ပုဇွန်တောင်/ မရမ်းကုန်း

(၁) ၅၂ လမ်း၊ ၂၅ ပေနှင့် ၆၀ ပေ၊ ၄-ထပ်၊ 3BR, Lift ပါ၊ တစ်လ ၁၅ သိန်း။ (၂) ကန်ဓိပ်သာလမ်း၊ ၎၅ ပေနှင့် ၁၅၀ ပေ၊ 2RC, 5MBR. USD 15000. ဖုန်း-၀၉-၄၂၁-၈၅၇၆။

ဗဟန်း/ အလုံ/ လှိုင်

(၁) တက္ကသိုလ်ရိပ်သာလမ်းသစ် လမ်းမ၊ ပေ ၁၀၀ ပတ်လည်၊ 2RC, ၁၂၀ သိန်း။ (၂) အလုံလမ်းမ၊ ပေ ၁၂၀ ပတ်လည်၊ 2RC, သိန်း ၂၅၀။ (၃) ကမ်းနားလမ်းမ၊ ၉၃ ပေနှင့် ၁၆၃ ပေ၊ မြေ၊ သိန်း ၁၅၀။ ဖုန်း-၀၉-၅၂၀-၁၄၂၆၊ ၀၉-၇၂၁-၀၅၂၉၆။

ကမာရွတ်/ ဗိုလ်တထောင်/ မင်္ဂလာတောင်ညွှန့်

(၁) မေသူကွန်ဒိုမီနီယံ !600Sqft,2MR, 1SR, ပရိဘောဂအစုံ၊ USD 2000. (၂) ရွှေပုန်းညက်ရိပ်မွန်၊ 1250 Sqft, 1MR, 2SR, ပရိဘောဂအစုံ၊ USD 1200. (၃) Mother Son Condo, 1450 Sqft,1MR,1SR,ပရိဘောဂအစုံ၊ USD 2000. (၄) မြန်မာ့ဂုဏ်ညွှန့် ကွန်ဒို၊ 1600 sqft, 2MR, 1SR, ပရိဘောဂအစုံ၊ USD 2500. ဖုန်း-၀၉-၄၂၀-၁၄၇၉၊ ၀၉-၄၂၁-၀၅၂၉၆။

ကမာရွတ်/ သာကေတ/ သဃ်နံးကျွန်း/ မရမ်းကုန်း

(၁) ပြည်လမ်းမ၊ (၀.၄) ဧက၊ 2RC2, 2BN. သိန်း ၁၅၀။ (၂) ဇရောဏီလမ်းမ၊ ပေ ၆၀နှင့် ပေ ၁၁၀၊ မြေ၊ သိန်း ၂၅၀။ (၃) လေးထောင့်ကန်လမ်းမ၊ ပေ ၅၀နှင့် ပေ ၈၀၊ 5RC. သိန်း ၁၈၀။ (၄) ကမ္ဘာအေးဘုရားလမ်းမ၊ ပေ ၈၀နှင့် ပေ ၁၃၀။ 2RC. သိန်း ၁၅၀။ ဖုန်း-၀၉-၅၂၀-၁၄၇၈၊ ၀၉-၇၂၁-၀၅၂၉၆။

ဗဟန်း/ လှိုင်/ သဃ်နံးကျွန်း

(၁) ဆရာစံလမ်းမ၊ ပေ ၁၅၀နှင့် ပေ ၁၈၀၊ 2RC. သိန်း ၃၅၀။ (၂) အင်းယားမြို့လမ်း၊ (၀.၂၅) ဧက၊ 2RC, တိုက်သစ်၊ ရေကူးကန်၊ USD 14000. (၃) ရွှေပိတောက် ရိပ်မွန်၊ ၆၈ ပေနှင့် ပေ ၆၀၊ 5RC, 2 Lift. သိန်း ၁၇၀။ (၄) လေးထောင့်ကန်လမ်းမ၊ ၆၀ ပေနှင့် ၈၀ ပေ၊ 5RC. သိန်း ၁၈၀။ ဖုန်း-၀၉-၅၂၀-၁၄၇၈၊ ၀၉-၇၂၁-၀၅၂၉၆။

ဟိုတယ်

(၁) ဗိုလ်တထောင်၊ ၃၀ ပေနှင့် ၆၀ ပေ၊ 4RC,24MBR.(၂) ကြည့်မြင်တိုင်၊ ၆၀ ပေနှင့် ၁၀၀ ပေ၊ 9RC, 2 Lift, 120 MBR. (၃) မင်္ဂလာတောင်ညွှန့်၊ ပေ ၈၀ ပတ်လည်၊ 9RC, 2 Lift. 116 MBR. (၄) လမ်းမတော်၊ ပေ ၆၀နှင့် ၂၅ ပေ၊ 9RC, Lift. 42 MBR. ဖုန်း-၀၉-၅၂၀-၁၄၇၈၊ ၀၉-၇၂၁-၀၅၂၉၆။

ဗဟန်း/ တာမွေ/ သဃ်နံးကျွန်း

(၁) တက္ကသိုလ်ရိပ်သာလမ်းသစ် လမ်းမ၊ ပေ ၁၀၀ ပတ်လည်၊ 2RC. သိန်း ၁၂၀။ (၂) ဆရာစံလမ်းမ၊ ပေ ၆၀ ပတ်လည်၊ 2RC. သိန်း ၁၀၀။ (၃) ကျိုက္ကဆံလမ်းမ၊ ပေ ၁၆၀နှင့် ပေ ၂၅၀၊ မြေ၊ ညှိနှိုင်း။ (၄) လေးထောင့်ကန်လမ်းမ၊ ပေ ၁၉၀နှင့် ပေ ၃၀၀၊ မြေ၊ သိန်း ၁၅၀။ ဖုန်း-၀၉-၄၂၁-၀၅၂၉၆၊ ၀၉-၇၂၁-၀၅၂၉၆။

စမ်းချောင်း/ ရွှေဂုံတိုင်

(၁) ယုဇနတာဝါ၊ ၂၄၅၀ Sqft,2M, 2BR, A/C, Lift. ၁၎ သိန်း။ (၂) စိမ်းလဲ့ရိပ်သာ၊ ၁၆၆၀ Sqft, 1M, 2BR, pk. ၁၅ သိန်း။ (၃) စိမ်းလဲ့ရိပ်သာ၊ ၁၆၀၀ Sqft, 2B, 2A/C. ၁၂ သိန်း။ (၄) ရှင်းလင်းကွန်ဒို၊ ၁၆၀၀ Sqft, 1M, 2BR, 2A/C, Fully Furniture, pk, Lift. US 1500. (၅) ညောင်တုန်းလမ်း၊ ၂၅ ပေနှင့် ပေ ၆၀၊ 2BR, 2A/C, pk. US 700. (၆) ပြည်လမ်းမပေါ် ၁၎၅၀ Sqft, 2M, 2BR, ph, A/C, Lift. ၂၁ သိန်း။ (၇) ကမ်းနားလမ်း မပေါ်၊ ၁၂၅၀ Sqft, 2M, 2BR, ph,A/C, Lift. ၁၂ သိန်း။ (၈) ပညာဝတီကွန်ဒို၊ ၁၆၅၀ Sqft, 1M, 3BR, ph, 4A/C, pk, Lift. US 3000. (၉) ရွှေဂုံတိုင်ကွန်ဒို၊ ၁၅၀၀ Sqft, 1M, 2BR, pk, Fully Furniture, Lift. ၁၆ သိန်း။ (၁၀) ရွှေဂုံတိုင်ကွန်ဒို၊ ၂၀၀၀ Sqft, 1M, 3BR, pk, Lift, Fully Furniture. ၂၂ သိန်း။ (၁၁) ကန်လမ်းသွယ်၊ ပေ ၈၀ ပတ်လည်၊ 5M, 2BR, A/C, 2RC. US 5500. Lucky Home Co., Ltd. - ဖုန်း-၀၉-၄၂၀-၀၂၄၆၊ ၀၉-၂၅၅၉၉-၂၈၄၆။

စမ်းချောင်း/ ကမာရွတ်/ လှိုင်/ ဗဟန်း

(၁) ပန်းလှိုင်လမ်းမ၊ ပေ ၆၀နှင့် ပေ ၈၀၊ 2RC. သိန်း ၄၀။ (၂) ပြည်လမ်းမ၊ (၀.၄) ဧက၊ 2RC-2, 2BN, 1PT. သိန်း ၁၅၀။ (၃) ရွှေပိတောက်ရိပ်မွန်၊ ၆၈ ပေနှင့် ပေ ၆၀၊ 5RC, Lift. သိန်း ၁၇၀။ (၄) ဆရာစံလမ်းမ၊ ပေ ၈၀နှင့် ပေ ၁၃၀၊ 1RC, 2RC. သိန်း ၁၆၀။ ဖုန်း-၀၉-၄၃၀-၅၅၈၂၊ ၀၉-၇၂၁-၀၅၂၉၆။

လှိုင်/ တဥ/ မရမ်းကုန်း

(၁) ပြည်လမ်းမ၊ ပေ ၁၅၀ ပတ်လည်၊ 2RC. (၂) ဝေဖယန္တာလမ်း၊ ပေ ၈၀နှင့် ပေ ၁၇၀၊ မြေ။ (၃) ရွှေဟယ်လမ်း၊ ပေ ၄၀နှင့် ပေ ၈၀၊ 2BN. ဖုန်း-၀၉-၄၂၁-၀၅၂၉၆၊ ၀၉-၇၂၁-၀၅၂၉၆။

မရမ်းကုန်း

ကန်ဓိပ်သာလမ်း၊ ၎၅ ပေနှင့်ပေ ၁၅၀၊ 2RC, 5MBR, USD 15000.ဖုန်း-၀၉-၄၂၀-၈၇၄၆။

ဗဟန်း/ လမ်းမတော်

(၁) ကမ္ဘာအေးဘုရားလမ်းမ၊ ပေ ၈၀ နှင့်ပေ ၁၂၀၊ 2RC(၂) ဝါးတန်းလမ်း၊ ပေ ၉၀ နှင့်ပေ ၁၀၀၊ 2RC. နှစ်ရှည်ရှာ ဖုန်း-၀၉-၄၂၁-၀၅၀၆၂၊ ၀၉-၇၂၁-၀၅၂၉၆။

ရွှေတောင်ကြား

၃ ထပ်တိုက်သစ်၊ ပစ္စည်းအပြည့် အစုံဖြင့် ငှားလိုပါက ငှားမည့်သူ ကိုယ်တိုင်ဆက်သွယ်ပါ။ ၃၅ သိန်း။ (ပွဲခပေးစရာ မလိုပါ။) ဖုန်း-၀၉-၅၁၁-၈၃၂၀။

ကျောက်မြောင်း

အောင်မင်္ဂလာ ကားမုတ်တိုင်အနီး၊ စာသင်ခန်း အချိန်ပိုင်းငှားမည်။ ဖုန်း-၀၉-၅၁၀၉-၆၉၉၄။

ချမ်းသာကွန်ဒို

၁၎၅၀ Sqft, 2MBR, 2BR, 4 AC, အဆင့်မြှင့်ပြင်ဆင်ပြီး၊ တစ်လ ၁၎ သိန်း။ ဖုန်း-၀၉-၅၁၀၉-၅၅၂၂၊ ၅၆၆၁၆၇။

တာမွေ/ ဗဟန်း/ အလုံ

(၁) ဗိုးစိန်လမ်းမ၊ ပေ ၁၀၀နှင့် ပေ ၈၀၊ 2RC,သိန်း ၁၀၀။(၂)ရွှေဂုံတိုင် လမ်းမ၊ ပေ ၅၀နှင့် ၆၅ ပေ၊ 5RC, သိန်း ၁၂၀။ (၃) အလုံလမ်းမ၊ ပေ ၁၂၀ ပတ်လည်၊ 2RC, USD 25000. (၄) ဗဟိုလမ်းမ၊ L-ကွက်၊ ၀.၅ ဧက၊ 1½RC, USD 15000. ဖုန်း-၀၉-၅၀-၅၄၈၂၊ ၀၉-၇၂၁-၀၅၂၉၆။

RC တိုက်အိမ်

ညှိနှိုင်းစေ့ဖြင့်ငှားမည်၊ ရန်ကုန်မြို့ဝင်အကောင်းဆုံး RC တိုက်အိမ်၊ ကျိုက်ထိုင်းဘုရားနား၊ မင်းကျောင်းလမ်း၊ ကမ္ဘာ့ထိပ်နှဲနှင်းမျာဖွင့်ရန် နေရာကောင်းတွင်ရှိသည့် ပေ ၁၀၀ ပတ်လည်ဦဦပြန်းကျယ်နှင့် အိမ်ကို ရှာနေလား၊ သူရအောင်၊ ဖုန်း-၀၉-၅၀၅၊-၅၄၆၆။

ငှားလိုသည်

မြို့နယ်စုံ

လမ်းမတန်း၊ လုံးချင်း၊ မြေကွက် (အကွက်အကွင်း ဝင်/ထွက် ကောင်း) ကွန်ဒို၊ အလွှာစုံ၊ မြေညီ အခန်းများ၊ အဝယ်/ငှားရှိရှိ ပိုင်ရှင်များ အပြန်ဆက်သွယ်ကြပါရန်။ နေရာကောင်းရင် ဈေးကောင်းရမည်။ ဖုန်း-၀၉-၅၁၀၈-၁၄၆၀။

မရမ်းကုန်း

Showroom ဖွင့်ရန် လမ်းမတန်း လုံးချင်းအိမ်၊ မြေနီကုန်းတစိုက်တွင် ရုံးခန်းဖွင့်ရန်အတွက် တိုက်ခန်းနှင့် ကျယ်များ၊ ကမာရွတ်၊ အလုံ၊ ဒဂုံ တို့တွင် မြေကွက်ကျယ်များ၊ လှိုင်၊ ရွှေဟယ်ကွန်ဒိုရှိ အခန်းများ၊ ရန်ကင်း၊ ဗဟန်းတို့ရှိ တိုက်ခန်းများ အပြန်ငှားလိုသည်။ ဖုန်း-၀၉-၅၂၀-၁၄၇၈၊ ၀၉-၇၂၁-၀၅၂၉၆၊ ညှိနှိုင်းစေ့။ ဖုန်း-၀၉-၅၁၀၉-၅၅၂၂၊ ၅၆၆၁၆၇။

မော်တော်

အမှတ်၃၀၉ဝိပက္ခာ၊ စည်ပင်သာယာ ဈေးနှီး၊ ကျောင်းနှီး၊ ကားလေးဂိတ် အနီး၊ အရွယ်အရှင်းကင်း၊ အမည် ပေါက်ဖြဲမြေ ဇရီယာ (၄, ၃၅) ဧက၊ ရောင်းရန် (ညှိနှိုင်းစေ့)။ ဖုန်း-၀၉-၅၂၀-၁၄၇၂၂၊ ၀၉-၄၃၀-၃၀၀၉၉။

တိုက်ခန်း

၁၃ ပေနှင့် ၄၅ ပေ၊ မြေညီ၊ (Air Con၊ ကြိုးဖုန်း၊ ကြွေပြားခင်း၊ ကြွေပြားကပ်၊ သိန်း ၁၂၀၀၊ ဖုန်း-၀၉-၅၂၀-၄၃၆၃၊ ၀၉-၃၁၀-၀၄၉၃၆။

ကျောက်တန်း

ကွင်းအမှတ် (၆၂၁)၊ ဦးပိုင်အမှတ် ၇၃/၂ ရှိ (၀.၆၆) ဧက၊ ဦးပိုင်အမှတ် ၇၃/၂ ရှိ (၀.၆၆) ဧက၊ ခရုချောင်း အနောက်ကွင်း၊ ရှမ်းစုကျေးရွာ၊ ညောင်တိုင်းကျေးရွာအုပ်စု၊ သီလဝါ စက်မှုဇုန်အနောက်၊ ပိုင်ရှင်အမည် ပေါက်၊ ညှိနှိုင်းစေ့။ ဖုန်း-၀၉-၅၁၀၉-၅၂၆၃၊ ၀၉-၃၁၀-၀၄၉၃၆။

ဝယ်/ငှား

မြောက်ဒဂုံ/ တောင်ဥက္ကလာ

မြောက်ဥက္ကလာ၊ အင်းစိန်၊ အလုံ၊ ကြည်မြင်တိုင်၊ သာကေတ၊ ဒေါပုံ မြို့နယ်၊ လမ်းမတန်းရှိအကျယ် (၁၀၀ ပေနှင့် ၁၅၀ ပေ) နှင့် အထက်မြေကွက်များအား လုပ်ငန်း လုပ်ကိုင်ရန်အတွက် ဝယ်/ နှစ်ရှည် ငှားလိုသည်။ ပိုင်ရှင်များကိုယ်တိုင် ဆက်သွယ်ပါ။ ဖုန်း-၀၉-၄၂၁-၂၄၅၀၉။

မရမ်းကုန်း/ ကမာရွတ်

(၁) နဂါးရုံဘုရားလမ်း၊ ပေ ၎၀ ပတ် လည်၊ (၂) ၆ ပိုင်၊ ပြည်လမ်းသွယ်၊ ပေ ၈၀နှင့် ပေ ၁၅၀။ (၃) ၆ ပိုင်၊ ပြည်လမ်းသွယ်၊ ပေ ၅၀ နှင့် ပေ ၁၀၀။ ဖုန်း-၀၉-၄၂၁-၀၅၀၆၂၊ ၀၉-၇၂၁-၀၅၂၉၆။

ရန်ကုန် (အရောင်း)

စမ်းချောင်း

နေရာကောင်း၊ ရှင်စောပုရပ်ကွက်၊ ၁၅ ပေနှင့် ၅၅ ပေ၊ ၄-ထွာ၊ ရေမီးစုံ၊ ပြင်ဆင်ပြီး၊ သိန်း ၎၅၀။ ဖုန်း-၀၉-၅၁၀၉-၂၆၃၁၊ ၀၉-၇၂၁-၀၅၂၉၆။

ကျောက်တန်း

ကွင်းအမှတ် (၆၂၁)၊ ဦးပိုင်အမှတ် ၇၃/၂ ရှိ (၀.၆၆) ဧက၊ ခရုချောင်း အနောက်ကွင်း၊ ရှမ်းစုကျေးရွာ၊ ညောင်တိုင်းကျေးရွာအုပ်စု၊ သီလဝါ စက်မှုဇုန်အနောက်၊ ပိုင်ရှင်အမည် ပေါက်၊ ညှိနှိုင်းစေ့။ ဖုန်း-၀၉-၅၁၀၉-၅၂၆၃၊ ၀၉-၃၁၀-၀၄၉၃၆။

ဒဂုံဆိပ်ကမ်း

ဒဂုံတောင်ပိုင်း၊ ဒဂုံအရှေ့ပိုင်း၊ ဒဂုံ မြောက်ပိုင်းရှိ မြေကွက်များ ပေါက် ဈေးအတိုင်း ဝယ်လိုသည်။ ဖုန်း-၀၉-၄၂၁-၄၅၅၅၊ ၀၉-၄၃၀-၃၀၀၉၉၊ ၀၉-၄၂၀-၄၅၅၅၊ ၀၉-၄၂၁-၂၀၀၉၉။

လှိုင်/ ကမာရွတ်

လမ်းမတန်းတိုက်ခန်းကျယ်များ၊ ကမာရွတ်၊ စမ်းချောင်း၊ အလုံ၊ ကြည်မြင်တိုင်တို့တွင် မြေညီထပ် တိုက်ခန်းကျယ်များ၊ လှိုင်သာယာ၊ ရွှေလင်ပန်း၊ ရွှေပြည်သာစက်မှုဇုန် တို့တွင် မြေ (၁, ၅) ကောခန့် အမြန် ဝယ်လိုသည်။ ဖုန်း-၀၉-၄၂၁-၀၀၉၉၁။

ရောင်း/ငှား

ဝိုဒေါင်

စက်မှုဇုန်မြေ တစ်ကောကျော်၊ ၄၀,၀၀၀ Sqft ဝိုဒေါင်၊ ၃၁၅၅ KVA Transformer ရေ၊ ကြိုးဖုန်း တစ်လုံးအပါအဝင်။ ဖုန်း-၀၉-၅၁၀၉-၅၂၆၃၊ ၀၉-၃၁၀-၀၄၉၃၆။

မင်္ဂလာတောင်ညွှန့်

၂၉၊ ပ-ထပ်၊ ၆-လမ်း၊ ပုသိမ်ညွှန့် ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်၊ ပေ ၁၁၅ ပေနှင့် ပေ ၅၀၊ ဟောတိုက်၊ ရေမီးအဆင့်မြှင့် ပြင်ဆင်ပြီး။ ဖုန်း-၀၉-၅၀၁-၁၉၂၃။

ဝယ်/ငှား

မြောက်ဒဂုံ/ တောင်ဥက္ကလာ

မြောက်ဥက္ကလာ၊ အင်းစိန်၊ အလုံ၊ ကြည်မြင်တိုင်၊ သာကေတ၊ ဒေါပုံ မြို့နယ်၊ လမ်းမတန်းရှိအကျယ် (၁၀၀ ပေနှင့် ၁၅၀ ပေ) နှင့် အထက်မြေကွက်များအား လုပ်ငန်း လုပ်ကိုင်ရန်အတွက် ဝယ်/ နှစ်ရှည် ငှားလိုသည်။ ပိုင်ရှင်များကိုယ်တိုင် ဆက်သွယ်ပါ။ ဖုန်း-၀၉-၄၂၁-၂၄၅၀၉။

မရမ်းကုန်း/ ကမာရွတ်

(၁) နဂါးရုံဘုရားလမ်း၊ ပေ ၎၀ ပတ် လည်၊ (၂) ၆ ပိုင်၊ ပြည်လမ်းသွယ်၊ ပေ ၈၀နှင့် ပေ ၁၅၀။ (၃) ၆ ပိုင်၊ ပြည်လမ်းသွယ်၊ ပေ ၅၀ နှင့် ပေ ၁၀၀။ ဖုန်း-၀၉-၄၂၁-၀၀၉၉၁၊ ၀၉-၇၂၁-၀၅၂၉၆။

ရန်ကုန် (အရောင်း)

စမ်းချောင်း

နေရာကောင်း၊ ရှင်စောပုရပ်ကွက်၊ ၁၅ ပေနှင့် ၅၅ ပေ၊ ၄-ထွာ၊ ရေမီးစုံ၊ ပြင်ဆင်ပြီး၊ သိန်း ၎၅၀။ ဖုန်း-၀၉-၅၁၀၉-၂၆၃၁၊ ၀၉-၇၂၁-၀၅၂၉၆။

ကျောက်တန်း

ကွင်းအမှတ် (၆၂၁)၊ ဦးပိုင်အမှတ် ၇၃/၂ ရှိ (၀.၆၆) ဧက၊ ခရုချောင်း အနောက်ကွင်း၊ ရှမ်းစုကျေးရွာ၊ ညောင်တိုင်းကျေးရွာအုပ်စု၊ သီလဝါ စက်မှုဇုန်အနောက်၊ ပိုင်ရှင်အမည် ပေါက်၊ ညှိနှိုင်းစေ့။ ဖုန်း-၀၉-၅၁၀၉-၅၂၆၃၊ ၀၉-၃၁၀-၀၄၉၃၆။

မော်တော်

အမှတ်၃၀၉ဝိပက္ခာ၊ စည်ပင်သာယာ ဈေးနှီး၊ ကျောင်းနှီး၊ ကားလေးဂိတ် အနီး၊ အရွယ်အရှင်းကင်း၊ အမည် ပေါက်ဖြဲမြေ ဇရီယာ (၄, ၃၅) ဧက၊ ရောင်းရန် (ညှိနှိုင်းစေ့)။ ဖုန်း-၀၉-၄၂၁-၄၅၅၅၊ ၀၉-၄၃၀-၃၀၀၉၉၊ ၀၉-၄၂၀-၄၅၅၅၊ ၀၉-၄၂၁-၂၀၀၉၉။

တိုက်ခန်း

၁၃ ပေနှင့် ၄၅ ပေ၊ မြေညီ၊ (Air Con၊ ကြိုးဖုန်း၊ ကြွေပြားခင်း၊ ကြွေပြားကပ်၊ သိန်း ၁၂၀၀၊ ဖုန်း-၀၉-၄၂၁-၄၃၆၃၊ ၀၉-၃၁၀-၀၄၉၃၆။

ကြည့်မြင်တိုင်/ မြေနီကုန်း/ တာမွေ/ ဗဟန်း

(၁) စံပယ်လမ်း၊ ၂၅ ပေနှင့် ၅၀ ပေ၊ မြေညီ၊ ရေမီး၊ သိန်း ၁၅၀၀။ (၂) မဟာဘောဂလမ်း၊ ၁၂ နှင့် ၅ ပေနှင့် ပေ ၅၀၊ ၈/၈ နှစ်လွှာ၊ ရေမီးဖုန်း၊ ပါကင်းခင်း၊ သိန်း ၆၅၀။ (၃) နတ် ချောင်း ၂ လမ်း၊ ၁၂ ပေနှင့် ၅၀ ပေ၊ မြေညီ၊ နှစ်လွှာ၊ ရေမီး၊ သိန်း ၁၅၀၀။ (၄) ရွှေဂုံတိုင်၊ (၀.၅) ဧက၊ 4RC, ရေမီး၊ (ညှိနှိုင်းစေ့)၊ ဖုန်း-၀၉-၄၂၁-၈၇၆၆။

ပန်းဘဲတန်း

၂၆ လမ်း၊ အလယ်ဘလောက်၊ ၆ လွှာ၊ (၂၆ ပေနှင့် ၅၅ ပေ) တိုက်ခန်း။ ဖုန်း-၀၉-၄၂၁-၄၃၆၃၊ ၀၉-၄၂၁-၀၅၂၉၆။

လမ်းမတော်

၀၊းတန်းလမ်း၊ ကီလိမိရိပ်သာကွန်ဒို ၂၄၄၄ sqft, 3MB ပြင်ဆင်ပြီး၊ ကျွန်းပါကောဇတိုက်သစ်၊ သိန်း၄၀၀။ ဖုန်း-၀၉-၄၁၁-၀၆၁၆၊ ၀၉-၄၂၁-၂၀၈၅၅။

သန်လျင်/ မြောက်ဒဂုံ

(၁) အမှုထမ်းရပ်ကွက်၊ ရွှေဂါလမ်း သွယ် (၂)၊ ပေ ၄၀နှင့် ပေ ၆၀၊ နှစ်ကွက်တွဲ၊ (၂) ၄၃-ရပ်ကွက်၊ အေးရိပ်သာ (၂) လမ်း၊ ပေ ၄၀နှင့် ပေ ၆၀၊ မြေကွက်၊ RC (20'x45') ၂ ထပ်၊ ဂရန် - ၆၀ နှစ် (အဝီစိတွင်း ပါ)ဖုန်း-၁၈၁၃၆၅၅၊ ၀၉-၄၂၀-၅၅၀၆၃။

ဆင်မလိုက်ဈေးကွန်ဒို

၁၀-လွှာ၊ ၁၎၀၀ စတုရန်းပေ၊ အခန်းသစ်၊ 1MB, 2SR, ဆေး သုတ်ပြီး၊ ရေချိုးခန်းအိမ်သာ ကြွေ ပြားတပ်ပြီး၊ ကမ်းနားလမ်းမပေါ်။ ရွှေတိုင်တုရားနှင့် River View ကောင်းစွာမြင်ရ၊ သိန်း ၃၀၀၀ (ညှိနှိုင်း)၊ ပွဲစားမလို။ ဖုန်း-၀၉-၅၀၉-၃၃၃၃။

လှိုင်/ ကမာရွတ်/ အင်းစိန်

(၁) မြကန်သာ ၃ လမ်း၊ ပေ ၈၀ နှင့် ၈၅ ပေ၊ 2RC. (၂) ၎-မိုင်၊ ပြည်သူ့လမ်း၊ (၀.၄၅) ဧက၊ မြေ။ (၃) ဘုရင့်နောင်၊ လှိုင်မြစ်လမ်းမ၊ (၀.၂၅) ဧက၊ မြေ။ ဖုန်း-၀၉-၄၂၁-၀၅၀၆၂၊ ၀၉-၇၂၁-၀၅၂၉၆။

လှိုင်သာယာ/ မြောက်ဒဂုံ

(၁) ပေ၂၀နှင့်ပေ၆၀၊ ရှင်ဖြူရွှင်လမ်း နှင့်မြိုင်လမ်းထောင့်၊ ရေမီးစုံ၊ ဂရန်ပါ၊ သိန်း ၂၇၀။(၂)ပင်လုံဆေးရုံ ရှေ့၊ လုံးချင်းအိမ်ရာ၊ RC နှစ်ထပ်၊ ၇၉ ပေနှင့် ၎၂ ပေ၊ သိန်း ၃၅၀၀။ (၃) ၆၂ ပေနှင့် ၈၃ ပေ၊ ဗိုလ်မင်း ရောင်လမ်း၊ မြေသီးသန့်၊ သိန်း ၁၅၀၀။ ဖုန်း-၀၉-၄၂၀-၅၅၀၆၃၊ ၀၉-၄၂၁-၂၀၈၅၅။

မင်္ဂလာဒုံ

ပေ ၆၀နှင့် ပေ ၇၀၊ ကုန်းတလ ပေါင်းရပ်ကွက်၊ ရွှေစေတီ(၃)လမ်း။ ဖုန်း-၀၉-၄၂၂-၀၃၇၀၈။

ဒလတွဲတေး

လမ်းမကြီးဘေး၊ ပေ ၄၀နှင့် ပေ ၁၂၀၊ ပိတ်စွယ်၊ ဖုန်း-၀၉-၄၃၂-၀၃၇၁၈။

ကြည့်မြင်တိုင်/ မြေနီကုန်း/ တာမွေ/ ဗဟန်း

(၁) စံပယ်လမ်း၊ ၂၅ ပေနှင့် ၅၀ ပေ၊ မြေညီ၊ ရေမီး၊ သိန်း ၁၅၀၀။ (၂) မဟာဘောဂလမ်း၊ ၁၂ နှင့် ၅ ပေနှင့် ပေ ၅၀၊ ၈/၈ နှစ်လွှာ၊ ရေမီးဖုန်း၊ ပါကင်းခင်း၊ သိန်း ၆၅၀။ (၃) နတ် ချောင်း ၂ လမ်း၊ ၁၂ ပေနှင့် ၅၀ ပေ၊ မြေညီ၊ နှစ်လွှာ၊ ရေမီး၊ သိန်း ၁၅၀၀။ (၄) ရွှေဂုံတိုင်၊ (၀.၅) ဧက၊ 4RC, ရေမီး၊ (ညှိနှိုင်းစေ့)၊ ဖုန်း-၀၉-၄၂၁-၈၇၆၆။

မြေနီကုန်း/ သဃ်နံးကျွန်း/ ဗဟန်း

(၁) မဟာဘောဂလမ်း၊ ၁၃ ပေနှင့် ၅၅ ပေ၊ ၈/၈ နှစ်လွှာ၊ ပါကင်းခင်း၊ သိန်း ၆၅၀။ (၂) သုမင်္ဂလာလမ်း၊ (၀.၃၆) ဧက၊ 1RC, ဂရန်မြေ၊ 1Sqft - ၂.၅ ၅ သိန်း။ (၃) အင်းယားမြို့၊ (၀.၂၈) ဧက၊ ဘိုးဘွားမြေ၊ ညှိနှိုင်းစေ့။ ဖုန်း-၀၉-၄၂၀-၅၅၀၆၃၊ ၀၉-၄၂၁-၂၀၈၅၅။

မရမ်းကုန်း

၅-လွှာ၊ ၁၎ ပေနှင့် ပေ ၅၀၊ ပါကင်း ခင်း၊ မီးဖိုခန်းကြွေပြားခင်း၊ အခန်း ဖွဲ့ပြီး၊ လှသီတာအိမ်ရာ၊ သမိုင်း ဘူတာရုံလမ်း၊ သိန်း ၄၅၀။ ဖုန်း-၀၉-၄၁၀-၆၆၆၆၊ ၀၉-၄၂၁-၂၀၆၉၆။

မြောက်ဒဂုံ

(၁) ၁၁-ရပ်ကွက်၊ ဟိုက်ဆင့်ဒီးဝါး လမ်းမပေါ်၊ တပင်ရွှေထီးလမ်းမ ကြိုနှင့် ဗိုလ်မင်းခေါင်လမ်းအနီး၊ ဆည်းဆာရိပ်ဘိုးသာအနီး၊ ပေ ၂၀နှင့်ပေ ၆၀၊ ၂-ထပ်၊ တိုက်ခံလုံးချင်း အိမ်နှင့်မြေ၊ ၂၉၅၅ သိန်း၊ (၂) ဘေလီတံတားအဆင်း၊ ၃၂-ရပ်ကွက်၊ ပင်လုံလမ်းမကြိုးနှင့် Capital Hyper Market အနီးရှိ ချမ်းမြေ့သာယာ လမ်းမပေါ်တွင် ရှိသော ပေ ၄၀နှင့် ပေ ၆၀၊ ဂရန် မြေကွက်နှင့် ၂ ထပ်တိုက်ခံလုံးချင်း အိမ်၊ သိန်း ၁၅၀၀ (ညှိနှိုင်း)။ ဖုန်း-၀၉-၄၂၀-၆၁၁၀၂။

သဃ်နံးကျွန်း

(၁) ၁/က၊ သမာဓိ (၄) လမ်း၊ (ဆ/က) ရပ်ကွက်၊ ၃-လွှာ၊ ၁၂ ပေနှင့် ၄၅ ပေ၊ လူနေနွင်းကျိုး၊ ပါကောဇင်း၊ အခန်းဖွဲ့ပြီး၊ အိမ်သန်းပါ၊ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုချောင်၊ ရေကန်ကြွေပြားကပ်ပြီး မီးဖိုမုံ ဘေစင်ပါ(ထောင့်ကွက်)။ သိန်း ၂၀၀။ (၂) ၁၀၁ ရတနာသုခလမ်း သွယ်၊ (ဆ/က) ရပ်ကွက်၊ မြေညီ၊ ၁၄ပေနှင့် ၃၀ ပေ၊ ရေမီးစုံ၊ လူနေရန် အသင့်၊ မီးဖိုခုံဘေစင်ပါ၊ ရေကန်ပါ။ ၁၅၅ သိန်း။ (၃) ၁၀၁ ရတနာသုခ လမ်းသွယ်၊ (ဆ/က) ရပ်ကွက်၊ ၂-လွှာ၊ ၁၄ ပေနှင့် ၃၀ ပေ၊ ရေမီးစုံ၊ လူနေရန်အသင့်၊ မီးဖိုခုံဘေစင် ပါ၊ ရေကန်ပါ၊ ၁၃၅ သိန်း။ (၄) ၆၀၊ သရဖီလမ်း၊ (က) ရပ်ကွက်၊ သုဝဏ္ဏ၊ ဗိုလ

t r w i ; t v q i E i t r j c a j r

Fax: 254158

Home Co., Ltd. ဖုန်း–၀၉–၄၂၀၁–၀၂၃၆၇၊ ၀၉–၂၅၅၉၉–၂၈၄၄၆။

အင်းလျားမြို့ငှါ

စုပေါင်းလမ်း၊ ၀.၂၈ ကော၊ 1RC, ရေမီးဖုန်း၊ ညှိနှိုင်းစေ့။ ဖုန်း–၀၉–၄၃၃–၈၇၇၆၉။

ဗဟန်း

ရွှေတောင်ကြား (၁)၊ ပေ ၆၀ ပတ်လည်၊ 3RC (အသစ်)၊ ရေမီး ဖုန်း သိန်း ၂၂၀၀၀။ ဖုန်း–၀၉–၄၃၃–၈၇၇၆၉။

တာမွေ

နတ်ချောင်း (၂) လမ်း၊ ၁၂ ပေနှင့် ပေ ၅၀၊ မြေညီ၊ ထပ်ခိုးပါ၊ ၁၆ ပေ အမြင့်၊ (တိုက်သစ်) သိန်း ၁၂၀၀။ ဖုန်း–၀၉–၄၃၁–၈၇၇၆၉။

ဒဂုံ

မြေညီထပ်၊ ၂၄ ပေ နှင့် ၅၀ ပေ၊ အမှတ်(၆၆–ဘီ)၊ အခန်း(၎–ဘီ)၊ ယောမင်းကြီးလမ်း၊ ဒဂုံ။ ဖုန်း–၂၄၉၁၉၆၊ ၂၄၉၄၂၇၊ ၀၉–၅၅၀–၈၅၄၅၅။

သဃ်ိန်းကျွန်း

မေခအိမ်ရာအနီး၊ ၁၂ ၅၀ ပေနှင့်ပေ ၅၀၊ ပထပ်၊ ရေချိုးခန်း၊ ဘိုထိုင်အိမ်သာ၊ မီးဖိုခုံ ကြေပြားကပ်ပြီး၊ သံပန်း၊ ဆန်ရိုက်ပါ၊ ပတ်ဝန်းကျင် သန့်၊ ဖုန်း–၀၉–၂၅၄၀–၀၆၇၁၂။

သဃ်ိန်းကျွန်း/ အင်းစိန်/ တာမွေ

(၁) လေးထောင့်ကန်လမ်းမ၊ L ကွက်၊ (၀.၀၁၆) ကော၊ 2BN. သိန်း ၄၀၀။ (၂) လှိုင်မြစ်လမ်းမ၊ အင်းစိန်ဈေးနီး၊ ၃၅ ပေနှင့် ပေ ၁၃၀၊ 1BN. သိန်း ၈၅၀။ (၃) ကျိုက္ကဆံလမ်းမ၊ ပေ ၅၀နှင့်ပေ ၈၀၊ 2RC. သိန်း ၃၀၀၀။ (၄) သမိန်ဗရမ်းလမ်းမ၊ ပေ ၅၀နှင့် ပေ ၁၀၀၊ မြေ၊ သိန်း ၃၀၀၀။ ဖုန်း–၀၉–၅၅၀–၆၅၈၂။

တောင်ဒဂုံ

၁၀၅ ရပ်ကွက်၊ ဈေးလမ်း၊ ပေ ၂၀နှင့် ပေ၆၀၊ ကွန်ကရစ်ခင်းပြီး၊ ပဉ္စင်းကတိုး အိမ်ပါ၊ ရေမီးစုံး၊ သိန်း ၂၀၀။ ဖုန်း–၀၉–၀၂၃၀–၀၉၃၆၅။

သန်လျင်

အောင်ချမ်းသာ(၂)၊ တိုးချဲ့မြေကွက် အမှတ်–၁၅၆၅၊ ဟိန္ဒူကုလားဘုရား ကျောင်းဘေး၊ ပေ ၄၀နှင့် ပေ ၆၀၊ သိန်း ၄၀၀။ ဖုန်း–၀၉–၄၂၁၀–၀၉၅၅၈၈၊ ၀၉–၀၃၀–၈၆၄၄၈။

လမ်းမတော်

၄၀/၄၆၊ လမ်းမတော် ၁–လမ်း၊ အခန်း–၃၊ ၄၊ မြေညီထပ်၊ ဟောင်ကောင်ပုံစံ၊ ၁၅ ပေနှင့် ပေ ၅၀၊ နှစ်ချိုင်းမြေ၊ ပိုင်ရှင်ကိုယ်တိုင်။ ဖုန်း–၀၉–၀၃၀–၈၁၀၈၈။

သဃ်ိန်းကျွန်း/ အင်းစိန်/ တာမွေ

(၁) လေးထောင့်ကန်လမ်းမ၊ L ကွက်၊ (၀.၀၁၆) ကော၊ 2BN. သိန်း ၄၀၀။ (၂) လှိုင်မြစ်လမ်းမ၊ အင်းစိန်ဈေးနီး၊ ၃၅ ပေနှင့် ပေ ၁၃၀၊ 1BN. သိန်း ၈၅၀။ (၃) ကျိုက္ကဆံလမ်းမ၊ ပေ ၅၀နှင့်ပေ ၈၀၊ 2RC. သိန်း ၃၀၀၀။ (၄) သမိန်ဗရမ်းလမ်းမ၊ ပေ ၅၀နှင့် ပေ ၁၀၀၊ မြေ၊ သိန်း ၃၀၀၀။ ဖုန်း–၀၉–၅၅၀–၆၅၈၂။

တောင်ဒဂုံ

၁၀၅ ရပ်ကွက်၊ ဈေးလမ်း၊ ပေ ၂၀နှင့် ပေ၆၀၊ ကွန်ကရစ်ခင်းပြီး၊ ပဉ္စင်းကတိုး အိမ်ပါ၊ ရေမီးစုံး၊ သိန်း ၂၀၀။ ဖုန်း–၀၉–၄၂၁၀–၀၉၅၅၈၈၊ ၀၉–၀၃၀–၈၆၄၄၈။

လမ်းမတော်

၄၀/၄၆၊ လမ်းမတော် ၁–လမ်း၊ အခန်း–၃၊ ၄၊ မြေညီထပ်၊ ဟောင်ကောင်ပုံစံ၊ ၁၅ ပေနှင့် ပေ ၅၀၊ နှစ်ချိုင်းမြေ၊ ပိုင်ရှင်ကိုယ်တိုင်။ ဖုန်း–၀၉–၀၃၀–၈၁၀၈၈။

သာကေတ

(၁) ကမာကြည်လမ်း၊ ပေ ၄၀နှင့် ပေ ၆၀၊ မြေ ၃၊ ၅ သိန်း။ (၂) မြန်မာညီအိမ်ရာ၊ ပေ ၄၀နှင့်ပေ ၆၀၊ 2RC, 3BR. ၈ သိန်း။ ဖုန်း–၄၀၁၂၉၄၊ ၀၉–၀၃၁–၃၉၉၆၈၊ ၀၉–၄၂၀၁–၃၉၂၁၁။

မြောက်ဒဂုံ

(၁) ၄၉–ရပ်ကွက်၊ ပိတောက် ၃ လမ်း၊ ပေ၄၀နှင့်ပေ၆၀၊ ပျဉ်ထောင်၊ ရေမီး၊ သိန်း ၄၈၀။ ဖုန်း–၀၉–၄၃၁–၈၇၇၆၉။ (၂) ၄၀–ရပ်ကွက်၊ အိမ်ခြံမြေ၊ သိန်း ၁၈၀၀။ ဖုန်း–၀၉–၂၅၆၂–၈၉၄၂။

မရမ်းကုန်း

(၁) ပြည်သူလမ်း၊ ၀.၄၅ ကော၊ ဘိုးဘွား၊ (၂) ၉–မိုင်၊ ဝိဇ္ဇာလမ်း၊ ပေ ၄၀ နှင့်ပေ ၆၅။ (၃) ရွှေနှင်းဆီလမ်း၊ ပေ ၄၀ နှင့်ပေ ၁၂၀။ ဖုန်း–၀၉–၄၂၁၁–၀၃၀၂။

ဒဂုံဆိပ်ကမ်း

ပေ ၄၀နှင့် ပေ ၆၀၊ သိန်း ၂၀၀။ ဖုန်း–၀၉–၄၂၀၀–၀၆၂၅၆။

ဗဟန်း

၈–လွှာ၊ MB1,အဆင့်မြင့်ပြင်ဆင်ပြီး၊ Lift ပါ။ SSC အနီး၊ လမ်းမကြီးပေါ်၊ ကွန်ဒို။ သိန်း ၁၅၀၀။ ဖုန်း–၀၉–၅၁၁၆–၉၃၈၆၊ ၀၉–၂၀၄–၄၂၆၂။

သာကေတ၊ အလုံ

(၁) ဇောဝဏ်လမ်းမ၊ ၁၁၃ ပေနှင့် ပေ ၆၀။ (၂) ဇောဝဏ်လမ်းမ၊ ၁၃၀၀ Sqft.(၃) ဦးဝိစာရနှင့်အလုံ လမ်း၊ ကွန်ဒို၊ ၁၈၀၀ Sqft. ဖုန်း–၀၉–၄၂၁၁–၀၃၀၂။

လှိုင်သာယာ

မီးခွက်ဈေး၊ မင်္ဂလာ/သင်တန်း ခန်းမ၊ စတိုးဆိုင်ဖွင့်နိုင်သော ဈေး လမ်းမကြီး၊ ၂၇ ပေနှင့် ပေ ၆၀၊ ဈေးနီးပေပို့ရိုထောင့်ကွက်၊ ရေမီးစုံး ၀၆ပါ၊ ၂၉/၁၀၊ ဘိုးရာဇာလမ်း၊ ၇–ရပ်ကွက်၊ အိမ်ခြံမြေ၊ သိန်း ၁၈၀၀။ ဖုန်း–၀၉–၂၅၆၂–၈၉၄၂။

မရမ်းကုန်း

ခြံရောင်းမည်၊ ပိုင်ရှင်ကိုယ်တိုင်၊ ပွဲစားမလို၊ ၅၀ ပေ နှင့် ၉၀ ပေ၊ ၎၃ (ဃ)၊ မြကန်သာလမ်းသွယ်၊ စော်ဘွားကြီးကုန်း၊ ၁၀ မိုင်ကုန်းဈေး အနီး။ ဖုန်း–၀၉–၄၂၈၀–၁၉၉၉၆၊ ၀၉–၀၂၂–၀၄၀၁၅။

မင်္ဂလာဈေး

ကားမှတ်တိုင်အနီး၊ ၄–လွှာ၊ အခန်းကျယ်။ ဖုန်း–၀၉–၅၀၉–၆၀၉၄၊ ၀၉–၄၂၀၁–၃၉၂၆၄။

သဃ်ိန်းကျွန်း

သုမင်္ဂလာလမ်း၊ ၀.၃၆၉ ကော၊ 1RC, ဂန္ဓမြေ ၁ ပေပတ်လည် ၂.၅ သိန်း။ ဖုန်း–၀၉–၄၃၁–၈၇၇၆၉။

ပန်းဘဲတန်း

လမ်း ၃၀၊ မြေညီထပ် ၂ လွှာ၊ ၁.၅ ၅ ပေနှင့် ၄၀ ပေ၊ သိန်း ၁၈၀၀။ ဖုန်း–၀၉–၄၃၁–၈၇၇၆၉

အလုံ

အောက်ကြည့်မြင်တိုင်လမ်း၊ ၅၀ ပေနှင့် ၇၀ ပေ၊ Pat House. သိန်း ၄၅၀၀။ ဖုန်း–၀၉–၄၃၁–၈၇၇၆၉။

အင်းယားလမ်း

ပေ ၄၀ နှင့်ပေ ၆၀၊ မြေသီးသန့်၊ မျက်နှာစာပေ ၇၀ ကျော်၊ ရောင်းဈေး၊ သိန်း ၁၈၀၀။ ဖုန်း–၀၉–၅၀၉–၆၀၉၄၊ ၀၉–၅၁၆–၄၂၀၃။

မ/ဥက္ကလာ

အိပ်ခန်း ၄ ခန်း ၊ အဲကွန်း၂ လုံး၊ ကြိုးဖုန်း၁ လုံး၊ ဆိုင်ခန်း ၁ ခန်း၊ ကျိုးပြုံအိမ်ရေလိုင်းနှစ်လိုင်း၊ သံသုမာမိန်းလမ်းမကြီးပေါ်တွင်ရှိသည်။ ပေ ၁၃နှင့်ပေ ၁၂၀ ရှိအိမ်ကို ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဖုန်း–၀၉–၄၂၁–၂၁၅၃၇၊ ၅၀၃၂၅။

ရန်ကင်း

(၁) ပါရမီလမ်းမ၊ ၃၂၀၀ sqft၊ သိန်း–၁၅၀၀၀။ (၂) ပါရမီလမ်းမ၊ (ပေ ၃၀ နှင့် ပေ ၈၀)၊ ရောင်း–1sqft – ၄ ၅ သိန်း ။ (၃) ပါရမီလမ်းမ၊ (ပေ ၎၀ နှင့် ပေ ၁၈၀)၊ ရောင်း–1 sqft– ၄ ၅ သိန်း။ (၄) ကမ္ဘာအေး လမ်းမ၊ (ပေ ၅၀ နှင့် ပေ ၁၆၀)၊ ရောင်း–1sqft – ၆ ၅ သိန်း။ ဖုန်း–၀၉–၈၆၁–၃၃၈၈။

ရန်ကင်း

ပေ၁၀နှင့်ပေ၉၀ရှိသောမြေကွက်တွင် အခန်းပေးအခန်းယူ ကွန်ဒို ဆောက်လုပ်သည်။ ဆောက်လုပ်ရေး ကုမ္ပဏီများ တိုက်ရိုက်ဆက်သွယ်ပါ။ ဖုန်း–၀၉–၄၃၀–၈၃၀၈၁။

ဘုရင့်နောင်

တံတားမှ နာရီဝက်ခန့်အကွာ၊ ရန်ကုန်–ပုသိမ်လမ်းမကြီးမှ ထန်းတပင်မြို့သို့သွားကားလမ်းမဘေးရှိ လယ်မြေ (၂၃) ကောခန့်နှင့် ဥယျာဉ်ခြံမြေ (၃၊ ၈) ကေဖြစ်သည်။ လမ်းမျက်နှာစာအလျားပေ (၁၅၀၀) ခန့်ရှိပြီးပုံစံ (၁၀၅) အမည်ပေါက်၊ အရှေ့အရှည်းကင်း၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်နှင့် ၂ မိုင် ခန့်အကွာတွင်ရှိသည်။ (ခွဲဝေယလို ပါက ညှိနှိုင်းနိုင်သည်)။ ဖုန်း–၀၉–၅၀၀–၆၂၂–၀၆၉၃၃။

နယ်အလှူး

မန္တလေး

၇၈ လမ်း၊ ခင်စောမူကွေ့၊ မြေ။ ဖုန်း–၀၉–၂၅၀၀–၆၀၀၆၆။

နေပြည်တော်

ဒက္ခိဏသီရိ၊ ပေ ၁၀၀ ပတ်လည်၊ 1RC, တစ်လ ၃.၅ သိန်း။ ဖုန်း–၀၉–၈၆၁–၀၃၄၆။

နယ်အရောင်း

နေပြည်တော်

(၁) ပဉ္စသီရိစေ့းမြောက်ဘက်၊ ကွန်ကရစ်လမ်းဘေးရှိ ၂ ထပ် ပျဉ်ထောင်အိမ်ပါ ပေ ၆၀ နှင့် ပေ ၁၈၀၊ မြေကွက်၊ စက်မှုလုပ်ငန်း လုပ်နိုင်။ (၂) ရန်ကုန်–မန္တလေး လမ်းဟောင်း၊ ဆာဖာရီဥယျာဉ် ရှေ့ရှိ မြေ (၄) ကော။ ဖုန်း–၀၉–၂၅၄၁–၅၅၅၂၅။

ပဲခူး

(၁) ဟံသာဝတီလေဆိပ်နှင့် အပြန်လမ်းမကြီးကြား၊ ရော်ဘာခြံ ကေ ၃၀၀ (၅ နှစ်သား အပင် ၄၀၀၀၀ စိုက်ပျိုးပြီး)၊ ၁ ကော သိန်း ၇၀၊ (၂) ဟံသာဝတီ လေဆိပ်နှင့်ကပ် လျက်၊ ရော်ဘာခြံ ကော ၆၀၊ ၁ ကော သိန်း ၁၀၀ (တရားဝင်စာရွက်စာတမ်းအပြည့်အစုံပါပြီး) ဖုန်း–၀၉–၄၂၈၁–၉၃၉၆၅။

ပဲခူး

၆၇ ပေနှင့် ပေ ၈၀၊ မြေကွက်၊ ဥသာမြို့သစ်၊ လေယာဉ်ကွင်းသစ် စီမံကိန်းအနီး၊ ခြံစက်ပြီး။ ဖုန်း–၀၉–၄၂၀၀–၃၀၉၉၁

မွေဆောင်

မြေတစ်ကောပေါ်တွင် ဘန်ဂလို ၁၂ လုံး၊ စားသောက်ဆိုင်၊ Reception, Housekeeping ပစ္စည်းစုံ၊ လုပ်ငန်းလည်ပတ်လျက်ရှိသော အခြေအနေနှင့် လက်ရှိအတိုင်း ရောင်းမည်၊ ရေမီးစုံ သိန်း ၃၆၀၀။ ဖုန်း–၀၉–၅၀၄–၈၂၄၃။

ပဲခူး/ ထောက်ကြန့်

(၁) ၆၇ ပေနှင့် ၈၀ ပေ၊ ခြံစက်ပြီး၊ ဥသာမြို့သစ်၊ (လေယာဉ်ကွင်း သစ်စီမံကိန်းအနီး)။ (၂) 1RC, ပေ ၃၀ နှင့် ပေ ၅၅၊ 1F, ရေမီးစုံ၊ ပြင်ဆင်ပြီး၊ 2R. ဖုန်း–၀၉–၄၂၀၀–၃၀၉၉၁။

တောင်ကြီး

ကျောက်တစ်လုံးကြီးမြို့နယ်၊ ကပ် ကူဘုရားသွားလမ်းမဘေး၊ ပေ ၁၁၀ နှင့် ပေ ၆၀၊ ခြံစက်ပြီး၊ သိန်း ၂၀၀ (ညှိနှိုင်း)။ ဖုန်း–၀၉–၀၃၆၃၃၊ ၀၉–၂၅၀၆–၈၁၈၄။

ပုသိမ်/ ပဲခူး

(၁) ပုသိမ် (ငွေဆောင်လမ်းမပေါ်)၊ ၈၀ ၅၀၀ ရာဘာစိုက်ခင်း (၂၀၀) ရာဘာစိုက်ပြီး၊ တစ်ကော ၂၅ သိန်း။ (၂) ဆယ်မိုင်ကုန်း၊ Paris Hotel အနီး၊ ဥယျာဉ်ခြံမြေ၊ ၈ ကော ၁၀၀၀ သိန်း။ (၃) ဘုရားကြီးနား၊ ဖုန်နီး၊ 2RC, အဝီစိ၊ မီးပါ၊ လန–၁၉၊ ၁၂ ကော ၃၀၀၀ သိန်း။ (၄) ရန်ကုန်–နေပြည်တော် အမြန်လမ်းသစ်၊ လမ်းမပေါ် ၁၄ မိုင်၊ ရွှေလော်အင်းရွာ၊ လယ်မြေ ၂၀ ကော၊ (ညှိနှိုင်းစေ့)၊ တစ်ကော ၆၅ သိန်း။ (၅) ရန်ကုန်–နေပြည်တော် အမြန်လမ်းသစ်၊ လမ်းမပေါ် ၁၄ မိုင်၊ ရွှေလော်အင်းရွာ၊ လယ်မြေ ၂၀ ကော၊ (ညှိနှိုင်းစေ့)၊ တစ်ကော ၆၅ သိန်း။ (၆) ရဲမွန်တပ်နား၊ လန–၃၉၊ ၂၀ ကော၊ တစ်ကော ၄၂၀ သိန်း။ ဖုန်း–၀၉–၅၀၈–၅၀၄၆။

ပြင်ဦးလွင်

DSTA အနီး ၊ ရပ်ကွက်ကြီး ၁၂ ပေ ၅၅ နှင့် ပေ ၁၅၀၊ ခြံခတ်ပြီး၊ သံပန်းတံခါး၊ ညှိနှိုင်းစေ့။ (ပွဲစား မလို)။ ဖုန်း–၀၉–၀၃၂–၀၄၆၃၃။

ပြင်ဦးလွင်

ပဒေသာမြို့သစ်၊ CC-15, သီရိလမ်းသွယ် (၂)၊ မြန်နှာရပ်ကွက်၊ ပေ ၆၀နှင့် ပေ ၁၂၀၊ 1M, 2BR, ရေပူရေအေး၊ ပါကေး၊ ဂရန်။ သိန်း ၅၀၀၀။ ဖုန်း–၀၉–၅၄၀–၁၂၆၇။

တောင်ကြီး

မြို့မစေ့းဝိုင်းခန်း၊ K-1, မြေညီ၊ အလယ်ဘာလောက်။ သိန်း ၁၃၀၀။ ဖုန်း–၀၉–၅၁၈–၀၈၄၁။

တောင်ငူ

မင်းကြီးညိုရပ်ကွက်၊ ပေ၆၀နှင့်ပေ ၈၀၊ နှစ်ထပ်တိုက်၊ အခန်းပွဲပြီးကား နှစ်စီးဆန့်ပိုဒေါင် Servant Quarter + အိမ်ရှေ့ဆိုင်ခန်းပါဝင် ပြီးဝင်းအပြည့်ကွန်ကရစ်ခင်း၊ အုတ် တံတိုင်းတစ်ပြီး ရေမီးစုံအသင့်နေ နိုင်သည့် အရှေ့မျက်နှာလှည့်၊ နှစ် (၃၀) ဂရန်၊ သိန်း ၃၇၀၊ ပိုင်ရှင် ကိုယ်တိုင် ညှိနှိုင်းစေ့ပြင့်ရောင်း မည်။ ဖုန်း–၀၉–၈၆၄–၁၀၄၀။

မြစ်ကြီးနား

စာသင်ကျောင်း၊ အဆောက်အအုံ (သို့) ဘုရားကျောင်း ဆောက်လုပ် ရန်အကျယ်ရှိ မြေကွက်ရောင်း မည်။ အိမ်ဆောက်လိုပါက ပိုင်း ရောင်းမည်၊ ညှိနှိုင်းစေ့။ ဖုန်း–၀၉–၄၀၀၀–၂၁၄၀၅။

ညောင်တုန်း

ဆန့်စက်၊ မဲဇလီအောက်စုံပြကျေး ရွာ (မဲဇလီတံတား မိုင်တိုင် ၂၁ မိုင် ၃ ဖာလုံ) ၁၅ တန်ကျ၊ မြေပေ ၆၀ နှင့် ပေ ၂၀၀ ကျော်၊ စက်ရှေ့လမ်း၊ စက်နောက်မြစ်ချောင်း၊ အဆောက် အအုံ ၄၅ ပေနှင့် ၅၂ ပေ၊ သွပ်မိုး အုတ်တံတိုထားပြီး၊ ညှိနှိုင်းစေ့။ ဖုန်း–၀၉–၅၁၈–၀၈၄၁၆။

နေပြည်တော်

ဘူတာကြီး၊ ပုဗ္ဗစေ့းကြီးမြောက် ဘက်ရှိ ကွန်ကရစ်လမ်းဘေး၊ ပေ ၆၀ နှင့် ၁၈၀ ပေ၊ မြေကွက်၊ သက်သက်သာသာစေ့းဖွင့် ရောင်း မည်။ စက်မှုလုပ်ငန်းလုပ်နိုင်။ ဖုန်း–၀၉–၂၅၄၁–၅၅၅၂၅။

နေပြည်တော်

ဥတ္တရသီရိ Ocean Super Center, Sinma Living Mall အနီးရှိ ပေ ၁၂၀ နှင့် ပေ ၆၀၊ အဆောက်အအုံ၊ အမြန်ငှားမည်။ စားသောက်ဆိုင်ဖွင့်ရန် နေရာ ကောင်း။ ဖုန်း–၀၉–၂၅၄၁–၅၅၅၂၅။

ပုံပုံမြို့သစ်အနီး

ဇရာဝတီမြစ်နဘေး၊ ကမ်းပါးအမြင့် နေရာတွင် ဆိတ်ငြိမ်ပြီး၊ ၂.၆၅ ဧက ကျယ်ဝန်းသောမြေကွက်။ လူ နေအဆောက်အအုံဆောက်လုပ် နိုင်သည်။ ဖုန်း–၀၉–၄၂၀၁–၆၄၆၂၂။

နေပြည်တော်

ဇေယျာသီရိမြို့နယ်၊ ဘောဂသီရိ ကားဝန်းအနီး၊ ကျောက်ချက်ဝဲကြီး လမ်းမဘေး၊ ပေ ၁၀၀ နှင့် ပေ ၁၃၀၊ ခြံဝန်းကျယ်၊ နှစ်ထပ်တိုက်ခံ၊ ရေမီး၊ ကိုယ်ပိုင်မီတာ၊ မှန်းမြို့ရေးလုပ်ငန်း လုပ်ရန်ကောင်း၊ ပိုထောင်ဆောက် ရန်ကောင်း၊ ပိုင်ဆိုင်မှုစာချုပ်၊ ဖုန်း–၀၉–၄၂၁၁–၆၀၄၆၁။

အိမ်ခြံမြေအကျိုးဆောင်

အိမ်ခြံမြေအကျိုးဆောင်

၁။ **PROGRAMMERS & SUPPORT ENGINEERS**

– ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ (၂) နှစ်၊ အင်္ဂလိပ်ဘာသာအရေး၊ အဖတ်၊ အပြောကျွမ်းကျင်သူ၊ အလုပ်ကို အမှန်တကယ်အားထည့်လုပ်ဆောင်နိုင်သူ၊ Mr. Accounting ERP, POS, BAR CODE, PRODUCTION, HR Payroll, F&B အတွက် အလုပ်လိုအပ်ချက်ရှိပါက မြန်မာပြည်တွင်းသာမက၊ ပြည်ပသို့ပါ သွားလာနိုင်ရမည်၊ VB, SQL, Crystal Report, VB.NET, Networking, Hardware, Database Management System, တို့အားကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊

၂။ **ACCOUNTANTS**

– CPA (သို့) B.Com, ACCA, CIMA ၊အသက် (၄၀) နှစ်အောက်၊ စာရင်းနှင့် ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ (၂) နှစ် Computerized Accounting Software တတ်ကျွမ်းသူ၊

Authorized Sole Distributor: **IT MYANMAR**
Lot 203, Second Floor, Olympic Tower, Bo Aung Kyaw Street,
Kyauktada Township 11182, Yangon, Myanmar
Tel: 951 - 392 869, 392 880, 392 873
HOTLINE SERVICE: 951 - 382 798
E-mail: tamaya@mptmail.net.mm
www.mr-accounting.com
www.wavesoft.com
www.posiflex.com

it MYANMAR အိုင်တီမြန်မာ

Email : classified.mcm@gmail.com
Ph: 253642, 392676

အိမ်ခြံမြေ

မန္တလေး
၆၄ လမ်း၊ ၂၆ x ၂၇ လမ်းကြား၊ ပေ ၂၀ နှင့်ပေ ၉၀၊ ရှေ့လှည်း၊ ညီနှိုင်းစျေး။ သိန်း ၆၀၀။ ဖုန်း-၀၉-၄၃၁-၆၀၇၁၄။

မန္တလေး
၂၆ x ၂၇ လမ်းကြား၊ ၅၈ လမ်း၊ ပေ ၄၀ နှင့်ပေ ၆၀၊ အိမ်နှင့်ဆိုင်ခန်းများ။ ဂရန်ပါ၊ ရေမီးစုံ ရောင်းမည်။ ၀၉-၉၁၀၀-၄၉၈၈။

မန္တလေး
၈၆ လမ်း၊ ၂၁ x ၂၂ လမ်းကြား၊ ရွှေတချောင်းအရှေ့ဘက်၊ ၆၅ ပေ နှင့်ပေ ၇၀၊ ထောင့်ကွက်၊ ဘိုးဘွားပိုင်၊ သိန်း-၄၀၀၀။ ဖုန်း-၀၉-၇၃၃-၉၇၇၃။

မန္တလေး
စိန်ပန်းလမ်းမကြီးနှင့် တာရိမ်လမ်း ထောင့်၊ စာတိုက်တန်းရပ်ကွက်၊ ယခင်တရားရုံးဟောင်း၊ တောင်ဘက်၊ စိန်ပန်း၊ ၂၅ ပေနှင့်ပေ ၃၀၊ လုံးချင်းအိမ်ပါ။ ဖုန်း-၀၉-၄၀၂၆-၀၇၉၉၅။

မန္တလေး
သရက်ကုန်း၊ ၆၄ x ၆၅ ကြား၊ ၂၅ လမ်း၊ ပေ ၃၀ နှင့်ပေ ၄၀၊ ဖုန်း-၀၉-၇၃၄၉-၁၂၉၆။

မန္တလေး
လမ်း ၆၀၊ ၁၉ x ၂၀ လမ်း၊ ရဲစွာနည်းလမ်း၊ အောင်စစ်သည်ရပ်ကွက်၊ နန်းရေ့၊ ပေ ၄၀ နှင့် ၈၅ ပေ၊ အိမ်အနောက်မြေပိုရှိရှင့် ငါးကန်ရှိ RC နံကပ်၊ တစ်ထပ်ခွဲတိုက်၊ 2BR, 1MBR, 3AC, ကားဂိုဒေါင်ပါ၊ ကြွေပြားနှင့် ခြင်လုံဆန့်ကာ တပ်ပြီး၊ အနောက်လှည့်၊ နှစ် ၃၀ ဂရန်ခံမြေ။ သိန်း-၃,၀၀၀။ ဖုန်း-၀၉-၉၃၀-၁၁၂၀၊ ၀၉-၉၃၀-၆၅၄၄၊

မန္တလေး
လမ်း ၈၀ နှင့် ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ တရုတ်တန်း၊ ရှေ့တော်ပေါင်းဝန်း။ ၁၈ ပေနှင့် ပေ ၈၀၊ နှစ်ထပ်တိုက်၊ ဘိုးဘွားပိုင်မြေ။ ဖုန်း-၀၉-၅၁၂-၈၉၃၃။

ပြင်ဦးလွင်
ပြင်ဦးလွင်-မိုးကုတ်လမ်း၊ မိုင်တိုင် ၁ သမိအင်းရွာ၊ မိုးကြိုးပစ်ကျေး ရွာအုပ်စု၊ ရပ်ကွက်ကြီး ၂၁၊ အောင်သိဒ္ဓိဘုရားလမ်းမပေါ်၊ သီရိနှင်္ဂါ စုပေါင်းစိုက်ပျိုးရေးခြံ၊ ၀.၆၁ ဧက၊ တစ်ထပ်တိုက်သစ်၊ နဂါးမောက်ပင် ၆၀၀ ကျော်၊ သစ်ပွေး ၃၀၊ သီးပင်စာပင်စုံ၊ ရေမီးစုံ၊ အဆင့်မြင့် ပြင်ဆင်ပြီး။ သိန်း-၆,၀၀၀။ ဖုန်း-၀၉-၅၀၀-၉၁၆၆၊ ၅၂၇၂၈၅။

မြင်းခြံ
၁၆၊ ကျောဇေယျရပ်ကွက်၊ စွန်းလွန်းဂူကျောင်းရှေ့၊ ပေ ၆၀ ပတ်လည်မြေ ထောင့်၊ အရှေ့အရှင်းကင်း၊ ပွဲစား မလို။ ဖုန်း-၀၉-၅၁၀၀-၅၅၀၀၊ ၀၉-၄၂၁-၃၃၀၀၀။

မန္တလေး
၁၅၊ ၁၆ ကြား၊ ၈၃ လမ်းပေါ်၊ ၁၂၈ ပေ၊ ပေ ၂၀ ပတ်လည်မြေ ကွက်ပေါ်တွင် ၁၈ ပေ x ပေ ၄၀ RC အသစ်၊ ၂ ထပ်တိုက် ၁ လုံးပါ၊ ရေမီးစုံ၊ ဘိုးဘွားပိုင်မြေ။ သိန်း-၂,၈၀၀။ ဖုန်း-၀၉-၂၀၃-၆၀၅၉၊ ၀၉-၉၁၀၄-၉၁၈၂။

မန္တလေး
လမ်း ၈၀ နှင့် ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ တရုတ်တန်း၊ ရှေ့တော်ပေါ်းဝန်း။ ၁၈ ပေနှင့် ပေ ၈၀၊ နှစ်ထပ်တိုက်၊ ဘိုးဘွားပိုင်မြေ။ ဖုန်း-၀၉-၅၁၂-၈၉၃၃။

ပြင်ဦးလွင်
ပြင်ဦးလွင်-မိုးကုတ်လမ်း၊ မိုင်တိုင် ၁ သမိအင်းရွာ၊ မိုးကြိုးပစ်ကျေး ရွာအုပ်စု၊ ရပ်ကွက်ကြီး ၂၁၊ အောင်သိဒ္ဓိဘုရားလမ်းမပေါ်၊ သီရိနှင်္ဂါ စုပေါင်းစိုက်ပျိုးရေးခြံ၊ ၀.၆၁ ဧက၊ တစ်ထပ်တိုက်သစ်၊ နဂါးမောက်ပင် ၆၀၀ ကျော်၊ သစ်ပွေး ၃၀၊ သီးပင်စာပင်စုံ၊ ရေမီးစုံ၊ အဆင့်မြင့် ပြင်ဆင်ပြီး။ သိန်း-၆,၀၀၀။ ဖုန်း-၀၉-၅၀၀-၉၁၆၆၊ ၅၂၇၂၈၅။

မန္တလေး
ချမ်းအေးသာဇံမြို့နယ်၊ ၇၄ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ သုံးထပ်တိုက်၊ မြေ ၅၅ ပေနှင့် ပေ ၅၀။ သိန်း-၁,၀၀၀။ ညှိနှိုင်း။ ဖုန်း-၀၉-၅၀၀-၈၃၁၉။

မင်္ဂလာဒုံ
၀ါယာလက်၊ ပလရအိမ်ခြေ ၁၀၀၊ ပေ ၄၀ နှင့် ပေ ၆၀၊ ပါမစ်မြေ ပေါ်တွင် ၂ ထပ်တိုက်ခံပျဉ်ထောင်၊ အဝီစိတွင်း၊ မီတာပါ။ လူနေရန် အသင့်၊ ညှိနှိုင်းစျေး။ ဖုန်း-၀၉-၅၃၃-၆၂၄၂၀။

အိမ်ရာဆောက်လုပ်ခြင်း
ပြင်ဦးလွင်၊ မန္တလေး အနီးတဝိုက်တွင် စေ့စုံနှုန်းချိသာ၍ ပုံဆန်းပြား သော လုံးချင်းအိမ်လေးများ ဆောက်လုပ်လိုပါက အမြန်ဆက်သွယ်လိုက်ပါ။ လက်ရှိရတနာပုံတယ်လီပို့အနီးတွင် ဆောက်လုပ်ရေး လုပ်ငန်းခွင် ရှိသည်။ လေ့လာနိုင်သည်။ ကုန်ကျစရိတ် သက်သာစွာ ဝန်ဆောင်မှုပေးမည်။ ဖုန်း-၀၉-၅၃၃-၆၂၄၆၅၊ ၀၉-၄၂၁-၃၃၀၀၀။

မန္တလေး
စိန်ပန်းလမ်းမကြီးနှင့် တာရိမ်လမ်း ထောင့်၊ စာတိုက်တန်းရပ်ကွက်၊ ယခင်တရားရုံးဟောင်း၊ တောင်ဘက်၊ စိန်ပန်း၊ ၂၅ ပေနှင့်ပေ ၃၀၊ လုံးချင်းအိမ်ပါ။ ဖုန်း-၀၉-၄၀၂၆-၀၇၉၉၅။

မန္တလေး
သရက်ကုန်း၊ ၆၄ x ၆၅ ကြား၊ ၂၅ လမ်း၊ ပေ ၃၀ နှင့်ပေ ၄၀၊ ဖုန်း-၀၉-၇၃၄၉-၁၂၉၆။

မန္တလေး
လမ်း ၆၀၊ ၁၉ x ၂၀ လမ်း၊ ရဲစွာနည်းလမ်း၊ အောင်စစ်သည်ရပ်ကွက်၊ နန်းရေ့၊ ပေ ၄၀ နှင့် ၈၅ ပေ၊ အိမ်အနောက်မြေပိုရှိရှင့် ငါးကန်ရှိ RC နံကပ်၊ တစ်ထပ်ခွဲတိုက်၊ 2BR, 1MBR, 3AC, ကားဂိုဒေါင်ပါ၊ ကြွေပြားနှင့် ခြင်လုံဆန့်ကာ တပ်ပြီး၊ အနောက်လှည့်၊ နှစ် ၃၀ ဂရန်ခံမြေ။ သိန်း-၃,၀၀၀။ ဖုန်း-၀၉-၉၃၀-၁၁၂၀၊ ၀၉-၉၃၀-၆၅၄၄၊

မန္တလေး
လမ်း ၈၀ နှင့် ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ တရုတ်တန်း၊ ရှေ့တော်ပေါ်းဝန်း။ ၁၈ ပေနှင့် ပေ ၈၀၊ နှစ်ထပ်တိုက်၊ ဘိုးဘွားပိုင်မြေ။ ဖုန်း-၀၉-၅၁၂-၈၉၃၃။

ပြင်ဦးလွင်
ပြင်ဦးလွင်-မိုးကုတ်လမ်း၊ မိုင်တိုင် ၁ သမိအင်းရွာ၊ မိုးကြိုးပစ်ကျေး ရွာအုပ်စု၊ ရပ်ကွက်ကြီး ၂၁၊ အောင်သိဒ္ဓိဘုရားလမ်းမပေါ်၊ သီရိနှင်္ဂါ စုပေါင်းစိုက်ပျိုးရေးခြံ၊ ၀.၆၁ ဧက၊ တစ်ထပ်တိုက်သစ်၊ နဂါးမောက်ပင် ၆၀၀ ကျော်၊ သစ်ပွေး ၃၀၊ သီးပင်စာပင်စုံ၊ ရေမီးစုံ၊ အဆင့်မြင့် ပြင်ဆင်ပြီး။ သိန်း-၆,၀၀၀။ ဖုန်း-၀၉-၅၀၀-၉၁၆၆၊ ၅၂၇၂၈၅။

မန္တလေး
ချမ်းအေးသာဇံမြို့နယ်၊ ၇၄ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ သုံးထပ်တိုက်၊ မြေ ၅၅ ပေနှင့် ပေ ၅၀။ သိန်း-၁,၀၀၀။ ညှိနှိုင်း။ ဖုန်း-၀၉-၅၀၀-၈၃၁၉။

အကြီးဆောင်
'ပြည့်စုံဝင်း' တိုက်၊ အိမ်၊ မြေမြေ ရောင်းဝယ်ရေးနှင့်အကျိုးဆောင် လုပ်ငန်း-လလ-၂/၆ (၈) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း-၀၉-၂၀၃၂၂၇၃။

ကွန်ပျူတာ

ကွန်ပျူတာပြုပြင်
ကွန်ပျူတာများကို window တင်ခြင်း၊ Driver ထည့်ခြင်း၊ Game ထည့်ခြင်း၊ Virus သတ်ခြင်း (Update) လုပ်ခြင်း၊ ဖုန်းဖြင့် Internet ချိတ်ဆက်ခြင်း၊ ကွန်ပျူတာပြုပြင်ခြင်း စသည့် ကွန်ပျူတာနှင့် သက်ဆိုင်သော ပြဿနာများကို အိမ်အရောက် ဝန်ဆောင်မှုပေးပါသည်။ ဖုန်း-၀၉-၄၉၅၉-၉၀၄၃၉၊ ၀၆၁-၄၂၄၃၃။ (နေပြည်တော်)မြို့မစေ့။

ကွန်ပျူတာ
'ရွှေစကား' မန္တလေး ကွန်ပျူတာ အိမ်လိုက်သင်သည်။ Computer ForKids,BasicAccountingfor job i-Office, Advanced Excel Course, DTP Course, MYOB Software, Peach Tree Software, Window Shortcut Course, Email & Internet Course, Mp3, Mp4, Video Editing, Multimedia Course. ဖုန်း-၀၉-၄၄၄၀-၁၁၂၄၉။

ကျွမ်းကျင်ဝန်ဆောင်မှု

ဥရောပကားမျိုးစုံ
လှုံကြီးမင်းတို့၏ ဥရောပ ကားမျိုးစုံကို (OBD) စက်ဖြင့် စိတ်တိုင်းကျ ပြုပြင်ပေးပါသည်။ 'တံခွန်တိုင်' ရန်ကုန်-မန္တလေးလမ်းမတော်။ Dr Kyaw Oo: ဖုန်း-၂၂၁၀၅၃၁၊ ၀၉-၄၀၂၅-၀၀၈၁၁။

အိမ်ရာဆောက်လုပ်ခြင်း
ပြင်ဦးလွင်၊ မန္တလေးအနီး တစ်ထိုက်တွင် စေးနှုန်းချိသာ၊ ပုံစံဆန်းပြားသော လုံးချင်းအိမ်လေးများ ဆောက်လိုပါက ကုန်ကျစရိတ် သက်သာစွာဝန်ဆောင်မှုပေးပါသည်။ ရတနာပုံ တယ်လီပို့အနီးတွင် လုပ်ငန်းခွင် လေ့လာနိုင်သည်။ ဖုန်း-၀၉-၅၃၃-၆၂၄၆၅၊ ၀၉-၄၂၁-၃၃၀၀၀။

အော့ဖ်စက်၊ ဂရုပ်ဖစ်ဒီဇိုင်း
'ကိုကို' အော့ဖ်စက် ကွန်ပျူတာ၊ ဂရုပ်ဖစ်ဒီဇိုင်း၊ ပလပ်စတစ်တံဆိပ်ရိုက်၊ ဖိတ်စာနှင့် ရောင်စုံပုံနှိပ် လုပ်ငန်း- ၄လမ်း၊ အမှတ် (၃) ကားဂိတ်အနီး၊ စိန်ပန်း၊ မန္တလေး။ ဖုန်း-၀၉-၉၃၀-၀၁၉၀၂။

ဆေးရုံ၊ ဆေးခန်း

သွားနှင့်ခံတွင်းဆေးခန်း
'ယူဒွင့်သာ' သွားနှင့်ခံတွင်းဆေးခန်း ဆေးခန်းဖွင့်ချိန်-နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီထိ ပ-၄/၈၄၊ ၆၂ လမ်း၊ ၄၁ x ၄၂ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၉-၂၀၃-၃၀၈၅၊ ၀၂-၆၂၂၈၃။

သွားနှင့်ခံတွင်းအထူးကု
'မင်းဝါ' သွားနှင့်ခံတွင်းအထူးကု ဆေးခန်း-၃၁၊ ၃၈ လမ်း၊ ၇၂ x ၇၃ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၂-၉၁၀၉၃၃၊ ၉၁၀၉၈၄၅၅။

အထွေထွေနှင့် နာတာရှည်
'ထူးကဲ' ဆေးခန်း၊ အထွေထွေနှင့် နာတာရှည်အထူးကု-၁၆၃/အေ၊ ၃၂ လမ်း၊ ၇၆ x ၇၇ လမ်းကြား၊ ကဉ္စနမဟိရပ်ကွက်၊ မန္တလေး။ ဖုန်း-၀၉-၂၀၃-၄၆၅၃။

သွား နှင့် ခံတွင်း
'ပုလဲမာလာ' သွား နှင့် ခံတွင်း ဆေးခန်း- ဖွင့်ချိန်-နံနက် ၈ နာရီ မှ ည ၈း၃၀ ထိ။ ၃၄၉၊ ၆၂ လမ်း၊ ၃၃ နှင့် ၃၄ လမ်းကြား၊ ချမ်းအေးသာစံ၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၂၅၆၃၃၊ ၀၉-၂၀၁-၃၂၄၄၅။

ပညာရေး

သင်ကြားပေးသည်
ONE-STOP Int'l Edu Centre Foreign & Local Teacher IGCSE/GCE 'O' (all subjects) www.facebook.com/ superstarigcse theinhtikesan01@gmail.com. 09-732-55281, 09-513-9298

သင်ကြားပေးသည်
One-stop IGCSE Edu Centre: ဘာသာစုံ Int'l ကျောင်းပြီး London GCE 'O' Level ဘာသာစုံဂုဏ်ထူးရှင်မှ ဦးစီးသော ဆရာများဖြင့် သင်ကြားသည့် တစ်ခုတည်းသောနေရာ။ Foreign & Local Teacher များဖြင့် English စာအား အထူး သင်ကြားသည့် IGCSE သင်တန်းကျောင်း။ မြန်မာ ကျောင်းနှင့် Int'l ကျောင်း (၈/၉) တန်းအောင် ကျောင်းသားများလည်း ဖြေဆိုနိုင် သည့် နိုင်ငံတကာ ကျောင်းဝင်ခွင့် IGCSE Exam ကျူရှင် ထပ်ယူစရာမလိုအောင် Study Guide များထားရှိပေးသည့် A* (ဂုဏ်ထူး) များစွာထွက်သည့် သင်တန်း။ ဆေးနှင့်အင်ဂျင်နီယာ ကျောင်းဝင်ခွင့် အတွက် (၁၀)တန်း အမှတ် နည်းနေသူများအတွက် ဖြေဆို သင့်သည့် IGCSE Exam ရပ်ဝေး ကျောင်းသား/သူများ အတွက် နေ/စား စီစဉ်ပေးသည်။ ဘာသာစုံ စခန်းသွင်း စာသင်ပိုင်းများ ကြိုတင်စာရင်းသွင်းအပ်နှံနိုင်ပြီ။ သင်၊ ကျက်၊ Guide ထိရောက်စွာ လေ့ကျင့်ပေးခြင်း။ No.757, 2nd Flr, Mahabandoola Rd, Lanmadaw, Ygn. Ph: 09-7325-5281, 09-513-9298.

သင်ကြားပေးသည်
Int'l ကျောင်းသားများအတွက် Study Guide Starters, Movers, Flyers and English Language 4 Skills. အိမ်အရောက် သင်ကြားပေးသည်။ ဖုန်း-၀၉-၇၃၀၉-၃၉၉၉။

၁၀ တန်းပိုက်
၂၀၁၃-၁၄ ပညာသင်နှစ်အတွက် ၁၀ တန်း သီးသန့် Study Gide လုပ်ပေးပါသည်။ ကျောင်းသား/သူများကို တစ်ရက်စာ တစ်ရက်ပြီး ပြတ်အောင် ကူညီ၍ ကျက်မှတ်ပေးသည်။ Teacher စုမြတ်သဒ္ဒါ-ဖုန်း-၀၉-၂၀၃-၆၀၅၉၉။

ဝန်ထမ်းအလိုရှိသည်

အလိုရှိသည်
အလှအပဆိုင်ရာ အသက်မွေးဝမ်းကြောင်း အတတ်ပညာ အမှန်တကယ် တတ်လိုသူ ရိုးသားကြိုးစားသော မိန်းကလေးများ ဆက်သွယ်နိုင်ပါသည်။ အမျိုးသမီးသီးသန့် Beauty Spa တွင် အလုပ်သင်ဝန်ထမ်း အလိုရှိသည်။ အသက် ၁၈ နှစ် ၁၀ ဦး၊ Body Spa, ဆံပင်ပညာ၊ လက်သည်း ပညာများကို ပညာအခြေခံနှင့် ရိုး သားမှုအပေါ်မူတည်၍ သင်ကြား ပေးမည်။ မန္တလေးမြို့တွင် တာဝန် ထမ်းဆောင်ရမည်။ ဖုန်း-၀၉-၄၃၁-၂၈၆၁၅၊

ဘာသာစကား

အင်္ဂလိပ်
ခရီးသွားလုပ်ငန်းခွင် (ယာဉ်မောင်း) လက်တွေ့အသုံးချ အင်္ဂလိပ်စကား ပြောနှင့် ခရီးသွားဝန်ဆောင်မှု အတတ်ပညာ-မသိမဖြစ်သိထား ရမည့်၊ အခြေခံသတင်းအချက်အလက်များ၊ ယဉ်ကျေးမှု ထုံးတမ်း အစဉ်အလာများ၊ သမိုင်းဆိုင်ရာ အချက်အလက်များကို အခြေခံ အကျဆုံး ရှင်းလင်းပြသခြင်းများ။ Mandalay In Blool (MIB) Travel Services: ၅၉/၉၉၊ ရွှေတိမ္မုန်လမ်းသွယ်၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ ၅၈ လမ်း၊ ရွှေမန်တောင်ရပ်ကွက်၊ မဟာအောင်မြေပြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၆၂၆၆၆၊ ၀၉-၄၀၂၆-၂၂၄၄၅။

သင်တန်းကျောင်း

သိုင်းဖြောင်းပြန်
နာယကဆရာကြီး ဦးမောင်လေး၏ ကမ္ဘာ့ဇနီးတွင်း ခွူးကာချန့်သိုင်း ပြောင်းပြန်ကိုယ်လုံပညာသင်တန်းမှ သိုင်းပြောင်းပြန်ပညာရပ်ကို ဆရာကြီး ဦးမောင်မောင် ဦးစီး၍ သင်ကြားပေးနေပါပြီ။ ၁၆ လမ်း ၈၃ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၉-၄၂၀၃-၃၈၄၃၊ ၀၉-၄၂၀၃-၃၀၄၆၆။

အထွေထွေ

ပရိဘောဂ
Super Fine - Furniture : ဃ-၂၂၁/၁၊ ၆၂ လမ်း၊ မနောဟရီနှင့် စိန်ပန်းလမ်းကြား၊ ဖုန်း-၀၉-၅၂၆-၃၄၅၉၊ ၀၉-၉၉၁၀၀-၃၅၀၂။

ပရိဘောဂ
ဦးလှရွှေ ဒေါ်သင်းသင်းကြည် "Sweety Home" အဆင့်မြင့် ပရိဘောဂနှင့် မင်္ဂလာခန်းဝင်ပစ္စည်း အမျိုးမျိုး၊ သိမ်းနှံလမ်းမကြီး၊ လားရှိ။ ဖုန်း-၀၉-၅၂၆-၀၅၃၇၊ ၀၈၂-၂၂၄၆၂၊ ၀၈၂-၂၅၉၇၉။

ဆန်နှင့်ကုန်မျိုးစုံ
'စိတ်တိုင်းကျ' ဆန်နှင့်ကုန်မျိုးစုံ ရောင်းဝယ်ရေး - ၃၊ ၂-ရပ်ကွက်၊ ပြည်လမ်း၊ လားရှိ။ ဖုန်း-၀၈၂-၂၃၄၃၆၀၊ ၀၉-၆၃၀-၀၃၄၅၊

ထုံးနှင့်မြို့အုတ်ရောင်းဝယ်ရေး
ဦးစီးထွန်း၊ ဒေါ်ခင်လေး-သမီး မခင်စိုးပိုင် ထုံးရောင်းဝယ်ရေးနှင့် မြို့အုတ်လုပ်ငန်း၊ (၈/၆၈)၊ ၈-ရပ်ကွက်၊ နယ်မြေ (၂)၊ ကျောက်မဲ၊ ဖုန်း-၀၉-၄၃၀-၆၀၀၅၊ ၀၉-၄၃၀-၉၂၄၄။

ရောင်းဝယ်ရေး
မစမ်းစမ်းအေး 'ထွန်း' ရောင်းဝယ်ရေး၊ ၉-ရပ်ကွက်၊ ရွှေဖိုးလမ်း၊ ကျောက်မဲ၊ ဖုန်း-၀၈၂-၄၀၁-၆၆၆။

အလှပြုပြင်ရေး
'ဇာနည်' မိတ်ကပ်နှင့်ဆံပင်၊ ၈၉ လမ်း၊ လမ်း ၃၀ ထောင့် ပြည်ကျော်စေ့။ ဖုန်း-၀၉-၄၃၁-၀၀၄၇၁၊ ၀၉-၄၃၁-၉၀၁၄၀။

ကုန်စိမ်း
ကိုဇော်လင်း၊ 'မြ' ရောင်းဝယ်ရေး၊ အခန်း-၃/၂၂၊ သီရိမာလာကုန်စိမ်း စျေးကြီး၊ ၂၆ လမ်းအနောက်ထိပ်။ ဖုန်း-၀၉-၅၁၅-၂၅၂၉၊ ၀၉-၉၁၀၀-၁၄၁၅၅။

ဆိုင်ကယ်ဝပ်ရှော့
ကိုသားကြီး-ဆိုင်ကယ်ဝပ်ရှော့၊ ၇၅ လမ်း၊ ၃၅ နှင့် ၃၆ လမ်းကြား။ ဖုန်း-၀၉-၉၁၀၅-၀၈၀၀၊ ၀၉-၂၅၆၁-၈၁၇၅။

အလှပြုပြင်ရေး
IQ Beauty Salon, လမ်း ၃၀၊ ၇၃ နှင့် ၇၄ လမ်းကြား။

ဖက်ရှင်ဒီဇိုင်း
မစုမြတ် (Dozo) ဦးစီးသော အမှတ်တရဖက်ရှင်ဒီဇိုင်းနှင့် စက် ချုပ်ဆိုင် ၂၇ လမ် - ၇၅ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၉၁၀-၂၃၉၀၅။

မိတ်ကပ်ဆံပင် အလှပြင်
ရွှိုင်ရယ်စမိုင်းလ် ညည-၁၉/၁၀(ခ)၊ အောင်ဆန်း လမ်းနှင့် ၆၈ လမ်း၊ သင်ပန်းကုန်းရပ်၊ ပြည်ကြီး တံခွန်၊ ဖုန်း-၀၉-၄၀၂၇-၆၉၉၁၂။

ကမ္ဘာ့အကြီးဆုံးဂီတ ပွဲတော်မှာ သွားဖျော်ဖြေ နိုင်ဖို့ ရန်ပုံငွေပွဲလုပ်မယ့် Side Effect အဖွဲ့

Side Effect အဖွဲ့မှ အဓိကအဆိုရှင် Darko။ ဓာတ်ပုံ - Greg Holland

လွင်မာထွန်း

အမျိုးသားအင်ဒီဂီတအဖွဲ့ Side Effect ဟာ လာမယ့်မတ်လထဲမှာ အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်၊ အော်စတင်မြို့မှာ ကျင်းပမယ့် ကမ္ဘာ့အကြီးဆုံးဂီတပွဲတော် (The South by Southwest (SXSW)) မှာ ပါဝင်ဖျော်ဖြေခွင့် ရရှိတာမို့ အဲဒီပွဲကိုသွားရောက်နိုင်ဖို့အတွက် ပြည်တွင်းမှာ ရန်ပုံငွေဖျော်ဖြေပွဲတစ်ပွဲ ကျင်းပမှာ ဖြစ်ပါတယ်။

"သွားဖျော်ဖြေခွင့်ရတယ်ဆိုပေမယ့် ကိုယ့်စရိတ်နဲ့ကိုယ် သွားရမှာပါ။ အဲဒီတော့ ကျွန်တော်တို့က အဲဒီလောက်များတဲ့ ပိုက်ဆံတွေမတတ်နိုင်တော့ အခုလိုမျိုး Side Effect ရဲ့ရန်ပုံငွေအနေနဲ့ ရလာအောင် ပွဲလေးစီစဉ်ဖြစ်တာပါ" လို့ အဖွဲ့ရဲ့ ဂစ်တာသမားတစ်ဦးလည်းဖြစ်၊ အဓိကအဆိုရှင်လည်းဖြစ်တဲ့ Darko (၃၂ နှစ်)က မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

ကျွန်တော်တို့အကုန်လုံး အဲဒီပွဲအတွက် အရမ်း စိတ်လှုပ်ရှားနေပါတယ်။ ကံကောင်းထောက်မစွာနဲ့ သွားဖျော်ဖြေချိန်မှာ...

ရန်ပုံငွေဖျော်ဖြေပွဲကို မတ်လ ၁ ရက်နေ့မှာ ရန်ကုန်အင်တာနေရှင်နယ် ဝင်းအတွင်းမှာ ရှိတဲ့ Flamingo Bar မှာ ည ၇ နာရီမှစတင်ကာ ကျင်းပသွားမှာဖြစ်ပြီး Side Effect နဲ့အတူ တခြားရော့ခ်အဖွဲ့တွေအပြင် ဟစ်ပ်ဟော့အဆိုရှင်များကပါ ကူညီဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ ဝင်ကြေးကို ကျပ်ငါးထောင်သတ်မှတ်ထားပါတယ်။ "Flamingo Bar က နေရာကူညီတာပါ။ အဲဒီမှာ ပွဲသေးလေးလုပ်မယ်။ ဒီပွဲလေးကနေ ဂီတခရီးသွားဖို့ လုံလောက်တဲ့ရန်ပုံငွေရှာနိုင်ဖို့ မျှော်လင့်ထားရအောင်" လို့ Darko က ဆိုပါတယ်။

အစပိုင်းမှာ ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်နေ့မှာ ကန်တော်ကြီးမျှော်စင်ကျွန်းထဲမှာ ပြုလုပ်သွားမယ်လို့ ကြေညာထားခဲ့ပေမယ့် ပွဲပါမစ်ကြေး ဈေးများလွန်းတာကြောင့် ရက်ရွှေ့ပြီး နေရာလည်း ပြောင်းလိုက်ရတယ်လို့ ပြောပြပါတယ်။

"ဒီဖျော်ဖြေပွဲကို ကျွန်တော်တို့က ရန်ပုံငွေလေး ထွက်လာအောင်လုပ်ပြီး SXSW မှာ သွားဖျော်ဖြေဖို့အတွက်ပေါ့။ ကန်တော်ကြီးကနေရာပေးတယ်။ ဒါပေမဲ့ ပွဲပါမစ်ပေါ့။ အစကကျွန်တော်တို့ထင်တာက ကျပ်နှစ်သိန်းလောက်ပဲ ကျမယ်ထင်တာပေါ့။ တကယ်တမ်း လုပ်မယ်ဆိုတော့ ကျပ်ခြောက်သိန်းလောက် ကုန်မယ်။ ပြီးတော့ တစ်ရက်တည်းနဲ့ပြီးသွားတာမျိုးလည်း မဟုတ်တော့ အဲဒီနေ့မှာ မလုပ်ဖြစ်တော့ဘဲ ငွေအတွက် ရည်ရွယ်ပြီးလုပ်တဲ့ ပွဲဖြစ်တာကြောင့် ကျပ်ခြောက်သိန်း အရင်းအနှီးထုတ်လို့ အဲဒီငွေတွေ ပြန်ရဖို့ဆိုတာ မသေချာဘူးလို့လည်း သူက ဆိုပါတယ်။

SXSW ပွဲကို မတ်လ ၇ ရက်နေ့မှ စတင်ကာ ၁၆ ရက်နေ့ထိ ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး စတိတ်ချိစင်ပေါင်း ၁၀၀ ကျော်မှာ ကမ္ဘာတစ်ဝှမ်းမှ တီးဝိုင်းအဖွဲ့ပေါင်း ၂,၂၀၀ ကျော် ပါဝင်ဆင်နွှဲကြမယ့်ပွဲဖြစ်တယ်လို့ သိရပါတယ်။

"ကျွန်တော်တို့အကုန်လုံး အဲဒီပွဲအတွက် အရမ်း စိတ်လှုပ်ရှားနေပါတယ်။ ကံကောင်းထောက်မစွာနဲ့ သွားဖျော်ဖြေချိန်မှာ မြန်မာပြည်က တီးဝိုင်းအဖွဲ့နဲ့ ခွေလုပ်ချင်တယ်ဆိုတဲ့ ပရိုဂျူဆာမျိုးနဲ့တွေ့ဖို့ မျှော်လင့်မိတယ်" လို့လည်း Darko က ပြောပါတယ်။

မျှော်လင့်သလိုမဖြစ်ရင်တောင် နိုင်ငံတကာက တီးဝိုင်းအဖွဲ့တွေအများကြီးနဲ့ တွေ့ဆုံခွင့်ရမှာဖြစ်ပြီး ဂီတကို မျှဝေလို့ ရနိုင်ပါသေးတယ်လို့လည်း သူက ဆိုပါတယ်။

ဒီပွဲတော်မှာ ပါဝင်နိုင်ဖို့အတွက် လျှောက်လွှာတင်ရတာဖြစ်ပြီး သူတို့နှစ်သက်တဲ့ နိုင်ငံခြားတီးဝိုင်းအဖွဲ့ကို SXSW မှာ ဖျော်ဖြေနေတာကြည့်ပြီးတဲ့အချိန်ကစပြီး သူတို့ကိုယ်တိုင်လည်း ဒီပွဲမှာ ပါဝင်ချင်စိတ်တွေဖြစ်လာတာမို့ လျှောက်ကြည့်ဖြစ်တာလို့ အဖွဲ့ရဲ့ ဒရမ်သမားဖြစ်တဲ့ Tser Htoo (၃၁ နှစ်)က ပြောပြပါတယ်။

"အွန်လိုင်းကနေ ကျွန်တော်တို့လျှောက်လွှာတင်တော့ နောက်ဆုံးအချိန်ဖြစ်နေပြီ။ ရပ့ါမလားဆိုပြီးတော့ တင်လိုက်တာပဲ။ နောက်သုံးရက်လောက်နေတော့ သူတို့ဘက်က ပြန်အကြောင်းကြားစာရတယ်ပေါ့။ သွားဖျော်ဖြေခွင့်ရတယ် ဆိုပြီးတော့"လို့ ပြောပြပါတယ်။

ပွဲတော်မှာ သူတို့အဖွဲ့က အချိန်မိနစ် ၄၀ ဖျော်ဖြေခွင့်ရမှာဖြစ်ပြီး အင်္ဂလိပ်သီချင်းနဲ့ မြန်မာသီချင်းကိုမျှပြီး ၁၀ ပုဒ်ထက်မနည်း ပြင်ဆင်ထားတယ်လို့လည်း ဆိုပါတယ်။ ပွဲတော်အပြီးမှာတော့ နယူးယောဒ်ခန့် လော့စ်အိန်ဂျလိစ်မြို့တွေဆီ သွားရောက်ပြီး ဖျော်ဖြေနိုင်ဖို့လည်း စီစဉ်ထားတယ်လို့ ဆိုပါတယ်။

"ကိုယ့်ဟာကိုယ် စီစဉ်ပြီးလုပ်သွားမှာပါ။ ဖိတ်ထားလို့ သွားတာမျိုး မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာကျွန်တော်တို့ ခိုတ်ဆက်ပြီး သွားမှာပါ။ အမေရိကားလိုနေရာမျိုးကို ရောက်ဖို့ဆိုတာခဲယဉ်းပါတယ်။ ပိုက်ဆံတွေအများကြီး အကုန်ခံပြီးမှပဲ ဖျော်ဖြေပြီး ပြန်လာတာမျိုး မလုပ်ချင်လို့ တခြားပွဲတွေဆက်ဖို့ စီစဉ်ရတာဖြစ်တယ်"လို့ Darko က ဆိုပါတယ်။

ဒီဂီတပွဲတော်ဟာ သူတို့ဖျော်ဖြေရတဲ့ပထမဆုံးနိုင်ငံတကာပွဲတော့ မဟုတ်ပါဘူး။ Side Effect ဟာ ဂျာမနီနဲ့ အင်ဒိုနီးရှားနိုင်ငံက ဂီတပွဲတော်တွေမှာလည်း သွားရောက်ဖျော်ဖြေခဲ့ဖူးပါတယ်။

၂၀၀၄ ခုနှစ်မှ စဖွဲ့ခဲ့တဲ့ဒီအဖွဲ့ဟာ ဂီတသက်တမ်း ၁၀ နှစ်ကြာခဲ့ပြီဖြစ်သလို အဖွဲ့ဝင်

စာမျက်နှာ ၄၆ သို့

နယ်လှည့်ပြီး ဝမ်းစာရှာကြရတဲ့ ဆယ့်နှစ်ပွဲစျေးသည်တွေရဲ့ ဘဝ

နန္ဒာဇော်
ရေးသားသည်။

သန်လျင်၊ ကျိုက်ခေါက်ဘုရားပွဲစျေးတန်းရှည်ထဲက အချက်အချာကျရာနေရာတစ်ခုမှာ ဆိုင်တည်ထားတဲ့ ဆယ့်နှစ်ပွဲစျေးသည် မခင်ဝင်းစိန်ဟာ ကောက်ညှင်းကျည်တောက်တစ်ချောင်းကို မားမနဲ့ ကျင်လည်စွာထိုးခဲ့ရင်း "အစားအသောက်ဆိုတာ ကိုယ်တိုင်လုပ်ရောင်းမှ ကောင်းတာ။ ကိုယ်ကြိုက်မှ သူများကြိုက်မှာ။ အမြတ်ကျန်မကျန်ကို မတွက်ဘူး။ ကိုယ့်အတွက် နာမည်ကျန်ဖို့ပဲ လိုတယ်" လို့ပြောပါတယ်။

တစ်ဆက်တည်းမှာပဲ သူ့ဆိုင်ရှေ့မှာ စောင့်နေတဲ့ဝယ်သူကိုလည်း ကောက်ညှင်းကျည်တောက်ကို ဘယ်လိုစားရင် အရသာပိုကောင်းပြီး ကြာရှည်ခံအောင် သိမ်းဆည်းပုံကိုလည်း လေသံသွက်သွက်နဲ့ ရှင်းပြလိုက်ပါသေးတယ်။

"ကိုယ့်နာမည်ကျန်မှ ကိုယ့်ကလေးတွေလက်ထက်မှာ နာမည်ကောင်းရမှာ။ သမီးကိုလည်း ဒီလိုပဲ မှာထားတယ်။ အမြတ်ကျန်ဖို့ မလုပ်ဘဲ အရသာကောင်းအောင်၊ ကြာကြာထားခံအောင် လုပ်ခိုင်းတယ်"လို့လည်း အနားမှာ သူ့ကိုပိုင်းကူညီနေတဲ့ ဆယ်ကျော်သက်အရွယ်သမီးကို မေးထိုးပြရင်း စျေးသည်မကြီးက ဆိုလိုက်ပြန်ပါတယ်။

မခင်ဝင်းစိန်ဟာ မြန်မာတစ်ပြည်လုံး လှည့်လည်ပြီး စည်ကားတဲ့ ဘုရားပွဲစျေးတွေမှာ ကောက်ညှင်းကျည်တောက်နဲ့ ထမနဲ ရောင်းချသူတစ်ဦးပဲ ဖြစ်ပါတယ်။ ရင်စေ့အကျီခပ်နွမ်းနွမ်းကို ချည်ထည်အနွေးထည်ပါးပါးလေးထပ်ဝတ်လို့ ထဘီကိုတော့ ရင်ခေါင်းထိတက်ကာ ဖြစ်သလိုဝတ်ထားပြီး ခပ်ညစ်ညစ်အသားအရေမျက်နှာက အရေးအကြောင်းရှည်တွေက ဝါကျင်ကျင်မီးရောင်အောက်မှာ သူ့အသက်သုံးဆယ်ကျော်ဆိုတာထက် ပိုပြီးအိုစာပုံပေါက်နေပါတယ်။

လက်တွေ့ဟာလည်း ဝါးကြမ်းကြမ်းကို လက်အိတ်မပါ၊ အဝတ်မပတ်ထားဘဲ အမြဲလိုလို ကိုင်တွယ်နေရတာကြောင့် ကြမ်းတမ်းနေပြီး လက်မကြီးကလည်း ရောင်နေတယ်လို့ထင်ရအောင် လုံးဝန်းနေပါတယ်။ ဒါပေမဲ့ ရိုးသားတဲ့ပုံစံ၊ ပွင့်လင်းတဲ့အပြောအဆိုတွေနဲ့ ဖော်ရွေမှုတွေနဲ့ သူ့ဖောက်သည်တွေကို ဝန်ဆောင်မှုပေးတာကတော့ ပထမတန်းပါပဲ။

တပို့တွဲလထဲမှာ ကျင်းပလေ့ရှိတဲ့ ကျိုက်ခေါက်ဘုရားပွဲမှာ နှစ်စဉ်စျေးလာရောင်းလေ့ရှိပြီး ဒီပွဲအပြီးမှာ ကျိုက်ဝိုင်းဘုရားပွဲဆီရွှေ့မယ်လို့ ဆိုပါတယ်။ အဲဒီကမှ နေထိုင်ရာပြည်နဲ့ သာယာဝတီမြို့ကြားက လက်ပံတန်းရွာကို ပြန်မှာဖြစ်ပြီး သီတင်းကျွတ်လဆန်းပိုင်းလောက်မှာ နယ်လှည့်စျေးရောင်းတဲ့ခရီးစဉ်ကို ပြန်ပြီး စတင်မယ်လို့ ဆိုပါတယ်။

ဆယ့်နှစ်ပွဲစျေးသည်အလုပ်ကို အသက် ၁၂ နှစ်အရွယ်လောက်ကတည်းက မိဘတွေနဲ့အတူ လုပ်ကိုင်ခဲ့တာဖြစ်ပြီး အခုအသက် ၃၅ နှစ်အရွယ် သားသမီးနှစ်ယောက်ရတဲ့အချိန်အထိ မိဘတွေရဲ့ လုပ်ငန်းအမွေကို ဆက်ခံထားဆဲပဲဖြစ်ပါတယ်။ အသက် ၁၃ နှစ်အရွယ်သားငယ်ကို အိမ်မှာ မိဘတွေနဲ့ထားခဲ့ကာ ခင်ပွန်းသည်၊ သမီးကြီးနဲ့အတူ ဘုရားပွဲတွေမှာ စျေးလှည့်လည်ရောင်းချတာက မခင်ဝင်းစိန်တို့မိသားစုရဲ့ အဓိကစီးပွားရေးလုပ်ငန်းဆိုလည်း မမှားပါဘူး။

"တစ်နေ့ကို နှစ်သိန်းကျော်ဖိုးလောက် ရောင်းရပါတယ်။ အထွေထွေအသုံးစရိတ်တွေ နုတ်ပြီးရင် စားဖို့သောက်ဖို့ အသုံးစရိတ်အပို အနည်းငယ်လောက်ပဲ ကျန်တာပါ။ ဒါပေမဲ့ နယ်စုံရောက်ဖူးတာကြောင့် ဒီအလုပ်မှာ ပျော်တယ်" လို့ မခင်ဝင်းစိန်က တက်တက်ကြွကြွပဲ ပြောလိုက်ပါတယ်။ အချိန်က ညသန်းခေါင်နားကပ်နေပြီဆိုပေမယ့် မခင်ဝင်းစိန်တို့မိသားစုအတွက်ကတော့ သာမန်မိသားစုတွေနဲ့ခြားနားစွာ နိုးနိုးကြားကြားနဲ့ ရောင်းဝယ်ဖောက်ကားလို့ အကောင်းဆုံးအချိန်ပဲ ဖြစ်ပါတယ်။

သူတို့အတွက် အိပ်ရာဝင်ချိန်ဟာ အစောဆုံးမနက် ၃ နာရီပဲဖြစ်ပါတယ်လို့ မခင်ဝင်းစိန်ကဆိုပါတယ်။ တစ်နာရီလောက် တရေးတမော အိပ်ပြီး မနက် ၄ နာရီခွဲလောက်မှာ ပြန်ထကာ အဲဒီနေ့မှာ ပြန်ရောင်းဖို့အတွက် ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ ထင်းစတဲ့ လိုအပ်တာတွေ အဝယ်ထွက်ကြရပါတယ်။ ပြန်လာတဲ့အခါ တစ်အောင့်လောက် ထပ်နားပြီး ညနေ ၄ နာရီလောက်မှာ ဆိုင်ခင်းဖို့အတွက် အစားအစာတွေကို လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ရတယ်လို့လည်း ဆိုပါတယ်။

"လိုအပ်တဲ့ကုန်ကြမ်းတွေကိုက စျေးရောင်းတဲ့နေရာရောက်မှပဲ ဝယ်ပြီးပြန်ရောင်းတာပေါ့။ အစားအစာတွေကိုလည်း တစ်နေ့စာပဲလုပ်တယ်"လို့လည်း ပြောပါတယ်။ "သူများတွေကကိုယ့်ဆိုင်က မုန့်တွေဝယ်ပြီး စားသောက်သွားကြတာ။ ကိုယ်တွေကတော့ တစ်ခါတလေ အလုပ်များလွန်းလို့ ထမင်းစားဖို့တောင် လွတ်သွား တယ်" လို့လည်း နယ်လှည့်စျေးသည်တွေ လှုပ်ရှားရတဲ့ဘဝပုံစံကို ပြောပြပါတယ်။

မခင်ဝင်းစိန်ရဲ့ နယ်လှည့်စျေးသည်ဘဝကလင်ရယ်၊ သမီးရယ်နဲ့ သိုင်းသိုင်းဝိုင်းဝိုင်းရှိပေမယ့် အပျော်စီးရဟတ်လုပ်ငန်းကို လုပ်ကိုင်သူ

ဓာတ်ပုံ - အောင်ဌေးလှိုင်

ဓာတ်ပုံ - အောင်ဌေးလှိုင်

ကျိုက်ခေါက်ဘုရားပွဲမှာ တွေ့ရတဲ့ ဆယ့်နှစ်ပွဲစျေးသည်များရဲ့ပုံရိပ်များ။ (ပေါ်(ဘယ်/ညာ)၊ အောက်)

အထွေထွေအသုံးစရိတ် တွေနုတ်ပြီးရင် စားဖို့ သောက်ဖို့ အသုံးစရိတ် အပိုအနည်းငယ်လောက်ပဲ ကျန်တာပါ။ ဒါပေမဲ့...

အလုပ်ပါ"လို့လည်း သူ့အသက်မွေးဝမ်းကျောင်းအလုပ်ပေါ်မှာ ကျေနပ်တဲ့ဟန်ပန်နဲ့ဆိုပါတယ်။

အရင်တုန်းကဆို ဘုရားပွဲစျေးမှာသာ မြန်မာ့ရိုးရာမုန့်တွေကို တစ်နေရာတည်းမှာ စုံစုံလင်လင် ဝယ်စားနိုင်တာဖြစ်ပေမယ့် ခုနောက်ပိုင်းမှာတော့ မြို့ကြီးတွေမှာဆိုရင် စျေးဝယ်စင်တာတွေ၊ လက်ဖက်ရည်ဆိုင်ကြီးတွေမှာလည်း ရိုးရာမုန့်မျိုးစုံကို ရရှိနိုင်ပြီဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရိုးရာမုန့်ပဲသရေစာတွေကို မီးရောင်ထိန်ထိန်အောက်မှာ အကြော်အလှော်ညှော်နဲ့တွေကို ရှုချိုက်ရင်း စားရတဲ့အရသာကတော့ ပွဲစျေးတန်းတွေအပြင် တခြားဘယ်နေရာမှာမှ မရနိုင်ပါဘူး။ ခေတ်မီကစားကွင်းတွေ ဘယ်လောက်ပဲ များလာလာ လူတွေတက်ပြီးလှည့်ရတဲ့ ရိုးရာရဟတ်တွဲကြီးကို တပျော်တပါးစီးရတဲ့ကိုအောင်မြတ်စိုး (၃၆ နှစ်)ကတော့ တစ်ကိုယ်တည်းဘဝနဲ့ နယ်တကာလှည့်ရရှာသူဖြစ်ပါတယ်။ မိရိုးဖလာ ရဟတ်လုပ်ငန်းကို လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်က ဦးစီးလုပ်ကိုင်ခဲ့စဉ်က စလို့ ဇနီး၊သားနဲ့ အတူနေရချိန်က တစ်နှစ်ပတ်လုံးမှာ လေး၊ ငါးလလောက်ပဲရှိတာကြောင့် အနေဝေးလို့ ဆက်ဆံရေးလည်း အဆင်မပြေဖြစ်ရတယ်လို့ ဆိုပါတယ်။

"ဒီအလုပ်က အဖေတွေ၊ အဘိုးတွေလက်ထက်ကတည်းက လုပ်လာကြတာ။ ကျွန်တော်ကလည်း ဒါကိုပဲ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်ပြီး တခြားအလုပ် မလုပ်တတ်ဘူး။ ဒါပေမဲ့ နယ်လှည့်နေရတဲ့အလုပ်ဖြစ်တော့ ကျွန်တော့် ဇနီးက မကြိုက်ဘူး။ အခုလည်း သူနဲ့ကွဲနေတာပါပဲ။ ဒါပေမဲ့ လိုအပ်တာတွေကို သူ့ကို ထောက်ပံ့ပေးဖြစ်ပါတယ်"လို့ ပါးစပ်ကလည်း ကွမ်းအပြည့်ဝါးရင်း မိသားစုကို သတိရဟန်နဲ့ ပြောပြပါတယ်။

ကိုအောင်မြတ်စိုးနဲ့ မခင်ဝင်းစိန်တို့နှစ်ဦးဟာ ဆယ့်နှစ်ပွဲစျေးသည်ချင်းအတူတူ၊ မိဘလုပ်ငန်းကို ဆက်ခံကြတာချင်းတူကြသလို သူတို့လုပ်ငန်းကို ကျွမ်းကျင်ရှိသေပြီး အလုပ်နဲ့ပတ်သက်တဲ့အပေါ် ထားရှိတဲ့ ခံယူချက်ချင်းကလည်း တူညီကြနေကြပါတယ်။

"ကျွန်တော်တို့ ရဟတ်လုပ်ငန်းကျတော့ နေရာကျယ်ကျယ်ယူရလို့ မြေနေရာအတွက် ကုန်သလို၊ အလုပ်သမားစရိတ်တွေ၊ ရွှေ့ပြောင်းစရိတ်တွေလည်း ရှိတယ်။ ဒါပေမဲ့ ဘုရားပွဲတစ်ပွဲတစ်ပွဲကိုတော့ ရှုံးတာလည်းရှိသလို မြတ်တာလည်းကြုံဖူးနေပါပြီ။ ရှုံးလည်း ကိုယ့်အတွက်၊ မြတ်တာက မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ တန်ခိုးကြီးဘုရားတွေကို နှစ်စဉ် တစ်နှစ်တစ်ကြိမ် ဖူးရတယ်လေ"လို့ ရန်ကုန်က၊ ဒေါပုံမြို့နယ်သားဖြစ်တဲ့ ကိုအောင်မြတ်စိုးက ဆိုပါတယ်။

"ဘုရားပွဲတစ်ပွဲမှာ ဘုရားဂေါပကတွေကို ရဟတ်ယာဉ်တွဲအလိုက် အခွန်ပေးဆောင်ရတယ်ဆိုပေမယ့် ဘုရားကို လှူတယ်လို့ပဲ သဘောထားပါတယ်။ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အရသာဟာလည်း ဘုရားပွဲစျေးတန်းမှာပဲ ရနိုင်တာဖြစ်ပါတယ်။

ရဟတ်လုပ်ငန်းလုပ်ကိုင်ရာမှာ ဘုရားပွဲတစ်ပွဲနဲ့တစ်ပွဲ ကုန်ကျစရိတ်မတူဘဲ အထက်မြန်မာပြည်က မြေစျေးသက်သာတာကြောင့် ရယ်၊ အေးဆေးနေထိုင်တဲ့သူတွေ များတာရယ်ကြောင့် လုပ်ငန်းလုပ်ကိုင်ရတာပိုကောင်းတယ်လို့ဆိုပေမယ့် သယ်ယူပို့ဆောင်စရိတ်ကတော့ စျေးကြီးတယ်လို့ ကိုအောင်မြတ်စိုးက ဆိုပါတယ်။ အောက်ပြည်ကတော့ ပို့ဆောင်စရိတ်နည်းပေမယ့် မြေစျေးကြီးပြီး ရမ်းကားတဲ့သူတွေများလို့ လုပ်ငန်းလုပ်ကိုင်ရာမှာ အနှောင့်အယှက် အနည်းငယ်ဖြစ်စေတယ်လို့ သူက ရှင်းပြပါတယ်။

သူ့ရဲ့ရဟတ်မှာ အတွဲ ၂၄ တွဲပါရှိပြီး တစ်တွဲကို လူလေးယောက်စီးလို့ရတဲ့အပြင် စီးနင်းခတစ်ယောက်ကို ကျပ် ၃၀၀၊ ၅၀၀ ဆိုပြီး နှစ်မျိုးကောက်ခံတယ်လို့ဆိုပါတယ်။ ရဟတ်လုပ်ငန်းမှာ အသက်အန္တရာယ်မဖြစ်စေဖို့ ရဟတ်တွဲတွေအတွက် ပုံစံချိုးတာတွေကို တွင်ခုံဆရာတွေနဲ့ စနစ်တကျ ကြိုးကြပ်လုပ်ကိုင်တဲ့အပြင် တစ်နှစ်တစ်ကြိမ် ကျွမ်းကျင်တဲ့အင်ဂျင်နီယာနဲ့ တိုင်ပင်ပြီး စစ်ဆေးပြီးမှ အသိအမှတ် ပြုလက်မှတ်ထိုးခိုင်းလေ့ရှိတယ်လို့လည်း ပြောပြပါတယ်။

သူကတော့ ကျိုက်ခေါက်ဘုရားပွဲစျေးအပြီးမှာ ပဲခူး၊ လယ်ဝေးဖောင်တော်ချက်မပွဲစျေး၊ ပခုက္ကူ၊ မြင်းခြံနှစ်ကျိပ်ရှစ်ဆူ၊ ပုလိပ်၊ တောင်ပြန်း၊ မိတ္ထီလာ၊ မလှိုင်၊ ရွှေဘိုမြို့ထောင့်စေတီ၊ မတ္တရာ၊ မုံရွာ၊ ရမည်းသင်း၊ ရန်ကုန်၊ တောင်ကြီး တန်ဆောင်တိုင်စတဲ့ အထက်မြန်မာပြည်ရောအောက်မြန်မာပြည်ကိုပါ အစုန်အဆန်သွားလာနေတဲ့ ဆယ့်နှစ်ရာသီစျေးသည်စစ်စစ်ကြီးတစ်ယောက်ပါ။

တန်ခူးလကစလို့ တပေါင်းလကုန်အထိ ဆယ့်နှစ်လရာသီလုံး မြန်မာပြည်အနှံ့အပြားမှာ ဘုရားပွဲတွေရှိနေတတ်တာ ဟိုးဘိုးစဉ်ဘောင်ဆက်ကတည်းကဖြစ်သလို ပွဲကြိုက်ခင်တွေပေါများလှတာကြောင့် အိမ်မှာ ဆန်၊ ဆီနည်းနေရင်နေပါစေ မိမိတို့လက်လှမ်းမှီတဲ့နေရာတွေမှာ နှစ်စဉ်ပြုလုပ်နေကျ ဆယ့်နှစ်လရာသီပွဲတော်တွေကို ရောက်အောင်သွားတတ်ကြတာ

ဓာတ်ပုံ - အောင်ဌေးလှိုင်

ကလည်း မြန်မာတိုင်းရင်းသားအားလုံးရဲ့ ဓလေ့ထုံးစံတစ်ခုလည်းပဲ ဖြစ်ပါတယ်။

ရှေးယခင်ကတော့ ဘုရားပွဲဈေးတွေဟာ အိမ်ရှင်မတွေရဲ့ ဈေးဝယ်စင်တာတွေဖြစ်ခဲ့ကြပြီး အနယ်နယ်အရပ်ရပ်က ထွက်ကုန်တွေကို လာရောက်ရောင်းချကြတဲ့ ဆယ်နှစ်ပွဲဈေးသည်တွေဟာ အရောင်းအဝယ်တော်တော်လေးသွက်ခဲ့တာပါ။ အခုအချိန်မှာတော့ အစားထိုးပစ္စည်းတွေ၊ အသုံးအဆောင်တွေ၊ ဈေးဝယ်စင်တာကြီးတွေ၊ စတိုးဆိုင်ကြီးငယ်တွေက နေရာယူလာတာကြောင့် နယ်လှည့်ဈေးသည်တွေရဲ့ရောင်းအားကို အနည်းအများဆိုသလို ထိခိုက်လျော့ကျသွားစေတာတော့ အမှန်ပဲ ဖြစ်ပါတယ်။

ပွဲဈေးသည်အများစုကတော့ စားသောက်ကုန်တွေဖြစ်တဲ့ မုန့်ဟင်းခါး၊ ထမနဲ၊ ပုသိမ်ဟလဝါ၊ ရေမုန့်၊ အာပုံ၊ ဘူးသီးကြော် စတဲ့ မြန်မာ့ရိုးရာမုန့်မျိုးစုံအပြင် အသုံးအဆောင်တွေဖြစ်တဲ့ ကြိမ်ထည်၊ ငွေထည်၊ စဉ့်ထည်၊ မြေထည် စတဲ့လက်မှုပစ္စည်းတွေ၊ အိပ်ရာ၊ စောင်၊ ခြင်ထောင်၊ ရိုးရာအထည်တွေ၊ ဆေးမျိုးစုံနဲ့ ရွှေဘိုသနပ်ခါးတုံး စတာတွေကို ရောင်းချကြတာ ဖြစ်ပါတယ်။

လက်မှုထည်တွေဖြစ်တဲ့ စဉ့်ထည်၊ ကြွေထည်နဲ့ မြေထည်တွေကို နယ်လှည့်ပြီး ဘုရားပွဲတွေမှာ ရောင်းချတဲ့ ဦးဝင်းမြင့်ကတော့ အစားထိုးပစ္စည်းတွေရှိပေမယ့် ရိုးရာကို နှစ်သက်သူတွေ၊ တန်ဖိုးထားသူတွေ ရှိသေးသရွေ့ သူ့လုပ်ငန်းကတည်မြဲနေမှာပါလို့ ဆိုပါတယ်။

"ရွှေ့ပြောင်းရခက်တဲ့ပစ္စည်းတွေကို နယ်တကာလှည့်ပြီး ရောင်းချနေရတာကြောင့် ကိုယ်တိုင် ဦးစီးဦးဆောင်လုပ်နိုင်မှ ရတာ။ တခြားသူတွေနဲ့ လွဲလို့မရဘူး။ အရင်းအနှီးများတယ်။ အခုဆိုရင် အစားထိုးပစ္စည်းတွေ ဝင်လာတာကြောင့် ဦးတို့ကုန်သည်တွေကိုလည်း ရိုးရာလက်မှုပစ္စည်းတွေနဲ့ပတ်သက်လို့ အရည်အသွေးကအစ ဒီဇိုင်းကအစ ဆန်းသစ်နေဖို့ ပြောထားရတယ်"လို့ ဦးဝင်းမြင့်က ပြောပါ တယ်။

"ဒါပေမဲ့ ဒီလုပ်ငန်းက ပျောက်မယ့်အရာတော့ မဟုတ်ပါဘူး။ မြန်မာမိန်းကလေးတွေ သနပ်ခါးလိမ်းနေသရွေ့ ကျောက်ပျဉ်ဆိုတာရှိမှာပဲ။ ငါးပိစားနေသရွေ့ စဉ့်အိုး၊ မြေအိုးဆိုတာလည်း ရှိနိုင်သလို ဘုရားရှိခိုးနေသရွေ့ ပန်းအိုးကိုလည်း သုံးနေကြမှာပါပဲ"လို့လည်း ပြောပါသေးတယ်။

စဉ့်နဲ့ပတ်သက်တဲ့ ဖယောင်းတိုင်ထွန်းတဲ့ ခွက်တွေကအစ တန်ဖိုးကျပ် ၃၀၀ လောက်ကနေ ကျပ် ၃၀,၀၀၀ လောက်ထိရှိတဲ့ ကျောက်ထည်၊ စဉ့်ထည်တွေနဲ့ မြေထည်တွေကို ရောင်းချနေပြီး ပွဲတစ်ရက်ကို ကျပ် သုံးသိန်းကနေ ၁၀ သိန်းဖိုးလောက်ထိ ရောင်းထွက်တယ်လို့ ဆိုပါတယ်။ အသက် ၁၉ နှစ်လောက်ကတည်းက စဉ့်ထည်လုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်ခဲ့တဲ့ ဦးဝင်းမြင့်ဟာ ကျိုက်ခေါက်ဘုရားပွဲမှာ နှစ် ၃၀ လောက် လာရောက်ဈေးရောင်းချခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ ခရမ်း၊ အဇမ်းပွဲတွေအပြင် ကျောက်တန်းပွဲတွေမှာလည်း သွားရောက်ရောင်းချတယ်လို့ ဆိုပါတယ်။

ဦးဝင်းမြင့်လိုမျိုး ဆယ့်နှစ်ပွဲဈေးသည်တွေရဲ့ ဘဝကတော့ ဘုရားပွဲတွေ နှစ်စဉ်ကျင်းပနေသေးသရွေ့ ဝါသနာအရ၊ မိရိုးဖလာအရ၊ စီးပွားရေးအရ ဘယ်နေရာမှာပဲဖြစ်ဖြစ် အရောက်သွားပြီး ရောင်းဝယ်ဖောက်ကားနေကြဦးမှာပဲ ဖြစ်ပါတယ်။ ■

ယုန်လေးရဲ့ ‘လူဆိုးကြီးများနေ့’

ဒဒါကာလပ်စ်လောင်း

ယုန်လေးရဲ့ ‘လူဆိုးကြီးများနေ့’အခွေက‘နောက်ဆုံးအခွင့်အရေး’ ဆိုတဲ့သီချင်းကို ကျွန်တော် ပထမဦးဆုံးအကြိမ် နားထောင်ကြည့်လိုက်တဲ့ အချိန်မှာပဲ တစ်ခုခုတော့ မှားနေပြီလို့ စိတ်ထဲ ဖြစ်မိပါတယ်။

သီချင်းက အစပိုင်းမှာတော့ အဆိုတော် ချမ်းချမ်းရဲ့ သာယာနွဲ့ပျောင်းတဲ့ အသံချိုမြမြဟာ စည်းချက်ကျကျထွက်ပေါ်နေတဲ့ ဂစ်တာသံချို့ချို့နဲ့အတူ စည်းကိုက်ဝါးကိုက်ရှိလှတာမို့ နားဆင်ရတာ စိတ်ထဲနှစ်သက်ကျေနပ်မိပါတယ်။ ဒါပေမဲ့ နောက်မိနစ်ဝက်လောက်မှာတော့ သီချင်းက ဖရိုဖရဲနဲ့ တော်တော်လေးကို အလွဲလွဲအချော်ချော် ဖြစ်သွားပါတယ်။ အဲဒါကတော့ ယုန်လေး မိုက်ခရိုဖုန်းကိုယူပြီး ရက်ပ်စာသားတွေကို တေးသွားစည်းချက်နဲ့ တခြားစီဆိုးဆိုးဝါးဝါး စတင်ရွတ်ဆိုလိုက်တဲ့ အချိန်ပါပဲ။

ချမ်းချမ်းကတော့ ပေါ့ပ်သီချင်းစာသားချို့ချို့ကို သီဆိုနေတဲ့အချိန်မှာ ယုန်လေးကတော့ သူတစ်ယောက်ပဲ ကြားနိုင်လောက်တဲ့ ဘိသံသံနဲ့အတူ ရက်ပ်စာသားတွေကို ပျင်းတိပျင်းတွဲ ရွတ်နေတာပါ။ ဒီသီချင်းကို နားထောင်ရတာ ရေဒီယိုအသံလွှင့်ဌာနနှစ်ခုက ရေဒီယိုလိုင်းနှစ်လိုင်းကို နားထောင်နေရသလိုပါပဲ။ ကျွန်တော့် စိတ်ထဲမှာ ဟစ်ပ်ဟော့ရေဒီယို ပိတ်လိုက်ပြီး ချန်းချန်းတစ်ယောက်ပဲ ဆိုနေတဲ့သီချင်းကို အနှောင့်အယှက်ကင်းကင်းနဲ့ နားထောင်ချင်စိတ်တွေ ပေါက်လာပါတယ်။

ယုန်လေးကို ကံဆိုးစေတာကတော့ ကျွန်တော်က ဟစ်ပ်ဟော့သီချင်းတွေကို အမြဲလိုလိုရွေးပြီး နားထောင်နေကျပါ။ လူတချို့က လွဲပြီး ရက်ပ်စာသားတွေကို လိုက်မိအောင် မဆိုနိုင်ကြပါဘူး။ ရက်ပ်စာသားတွေကို ရွတ်တဲ့အခါမှာ စာသားတွေကို မိုက်ခရိုဖုန်းခွက်ထဲ အနှုတ်နေတာမျိုးထက် ပညာသားပါတဲ့ အချက်တွေရှိပါတယ်။ အူမြူးနေတဲ့ ကလပ်တက်သူတွေ အလွဲသုံးစားလုပ်ခဲ့တဲ့အတွက် နှစ်ပေါင်းများစွာ အဓိပ္ပာယ်မရှိလုနီးပါး ဖြစ်ခဲ့ရတဲ့ ပန့်ခ်လိုမျိုး အုပ်စုလိုက်အကြမ်းပတမ်း သီဆိုတင်ဆက်တာမျိုးထက်လည်း ပိုပြီးပညာသားပါဖို့ လိုပါတယ်။ ဟစ်ပ်ဟော့သီဆိုရာမှာ အချိန်ကိုက်သီဆိုနိုင်ဖို့လိုသလို flow ရှိဖို့လည်း လိုပြီး အသံကိုလိုသလို ပြောင်းလဲပြင်လွယ်နိုင်ဖို့လည်း လိုပါတယ်။ ပြီးတော့ soul သီချင်းအမျိုးအစားအဖြစ် သတ်မှတ်ဖို့ လိုအပ်တဲ့

ကျွန်တော့်အိုင်ပေါ့ထဲက ‘လူဆိုးကြီးများနေ့’ကို ကျွန်တော်ဖျက်ခွင့်ရှိသလို မျိုး သူလည်း သူ့ရဲ့ဖန်တီးနိုင်စွမ်းတွေကို ...

ရှင်းပြရခက်တဲ့ တခြားလိုအပ်ချက်တွေလည်း ရှိပါသေးတယ်။

ကျွမ်းကျင်တဲ့ ရက်ပ်ပါတွေကတော့ အဲဒီအချက်တွေကိုမီအောင် အလွယ်တကူလုပ်နိုင်ပုံရပေမယ့် ရက်ပ်စာသားတွေကို အားရစရာမရှိအောင် တစ်ယောက်ယောက်က ဆိုလိုက်တဲ့အခါမှာ ရက်ပ်ပါတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့ အရည်အချင်းတွေကို ပိုင်ဆိုင်ထားတဲ့သူတွေကို တန်ဖိုးထားစိတ် ဖြစ်ပေါ်လာစေပါတယ်။

ဒီအချက်ကို ယုန်လေးရဲ့ ‘လူဆိုးကြီးများနေ့’ အခွေထဲက နားထောင်လို့ အကောင်းဆုံး သီချင်းဖြစ်တဲ့ ‘Underground ဘဝ’မှာ အသေအချာ ဖော်ပြနေပါတယ်။ ခြောက်မိနစ်စာ သီချင်းမှာ ည့ဉ်သည်ရက်ပ်ပါ နာမည်ကျော်တွေဖြစ်တဲ့ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ စေတန်၊ Player k နဲ့ မိစန္ဒီတို့ ပါဝင်သီဆိုပေးထားပါတယ်။ အီလက်ထရစ်တူရိယာသံမျိုးစုံနဲ့ သီချင်းကို ပုံပိုးပေးထားပေမယ့် ည့ဉ်သည်တော်ရက်ပ်ပါတွေဟာ ပထမငါးမိနစ်မှာ မြန်မာဟစ်ပ်ဟော့ဟာ flow ရှိပြီး အားကောင်းသလို မြူးကြွတာကိုလည်း ဖော်ထုတ်ပြသပေးနိုင်ခဲ့ကြပါတယ်။ ဘော့စ်သံတွေကိုဖယ်ပြီး နားထောင်ကြည့်မယ်ဆိုရင် စည်းချက်ကျကျဆိုနေတဲ့ အသံတွေနဲ့အတူ ဘိသံသံတွေ ထွက်ပေါ်နေတာကို ခံစားရမှာပါ။

နောက်ဆုံးတစ်မိနစ်မှာတော့ ယုန်လေးက သူ့ရဲ့လေးတွဲ့တွဲ့ ပျင်းစရာအသံနဲ့ စည်းမကျဝါးမကျ ဆိုလိုက်တဲ့အခါမှာတော့ သီချင်းလည်း ပျက်စီးသွားပါတော့တယ်။ သီချင်းရဲ့ အနှစ်သာရပျက်သွားတာကို နားဆင်သူက သတိပြုမိပါတယ်။ ဘာနဲ့တူသလဲဆိုတော့ မီးပုံပွဲ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲနေချိန်မှာ မီးပုံကို ရေအေးနဲ့ လောင်းချလိုက်သလိုပါပဲ။ တရှဲရှဲမြည်ပြီး နောက်ဆုံးမှာ မီးငြိမ်းသွားသလိုမျိုး ခံစားလိုက်ရပါတယ်။

ယုန်လေးဟာ ‘အရင်လိုနှစ်ယောက်တည်း’ လို သီချင်းမျိုးတွေမှာတော့ တော်တော်ကောင်းကောင်း ဆိုနိုင်တာ တွေ့ရပါတယ်။ ရိုးရိုးရှင်းရှင်းလေးနဲ့တွဲဖက်ပြီး ပေါ့ပ်သီချင်းကို သီဆိုခဲ့တာပါ။ ဒါပေမဲ့ အပြင်ပန်းကကြည့်ရင် ဟစ်ပ်ဟော့အယ်လ်ဘမ်လို့ပြောရမယ့် ဒီသီချင်းခွေထဲမှာတော့ သူသီဆိုပုံက တော်တော်လေးပျင်းတဲ့နေပြီး တလွဲတွေလည်း ဖြစ်နေပါတယ်။

ဒါပေမဲ့ ယုန်လေးဟာ မြန်မာပေါ့ပ်စတားတော်တော်များများအတွက် သီချင်းတွေစပ်ပေးရာမှာ တော်တော်လေးပြောင်မြောက်ပါတယ်။ ‘လူဆိုးကြီးများနေ့’ကိုပဲ နားထောင်ကြည့်မိသူတွေကတော့ သူ့ရဲ့ အားသာချက်ဖြစ်တဲ့ ဒီအချက်ကို မသိနိုင်ပါဘူး။ သီချင်းရေးတာကတော့ သူ့ရဲ့ ပထမဦးဆုံး အောင်မြင်မှုရတဲ့ ကဏ္ဍဖြစ်သလို သူကျွမ်းကျင်မှုလည်း ဖြစ်ပုံရပါတယ်။

ခုချိန်အထိတော့ ယုန်လေးကို သီချင်းဆိုတာရပ်ဖို့ ကျွန်တော်အကြံပေးနေတာတော့ မဟုတ်ပါဘူး။ ဒီသုံးသပ်ချက်ကိုရေးပြီးတာနဲ့ ကျွန်တော့် အိုင်ပေါ့ထဲက ‘လူဆိုးကြီးများနေ့’ကို ကျွန်တော် ဖျက်ခွင့်ရှိသလိုမျိုး သူလည်း သူ့ရဲ့ဖန်တီးနိုင်စွမ်းတွေကို သူနှစ်သက်ရာနေရာမှာ အသုံးချခွင့်ရှိပါတယ်။

သီရိမင်းထွန်း ဘာသာပြန်သည်။ ■



ယုန်လေးရဲ့ ‘လူဆိုးကြီးများနေ့’ အယ်လ်ဘမ်ကာဗာ။

ကမ္ဘာ့အကြီးဆုံးဂီတပွဲတော်မှာ သွားဖျော်ဖြေနိုင်ဖို့ ရန်ပုံငွေပွဲလုပ်မယ့် Side Effect အဖွဲ့...

စာမျက်နှာ ၄၃ မှ

အပြောင်းအလဲတွေလည်း ရှိခဲ့ပါတယ်။ စစချင်းမှာ အဖွဲ့ဝင်သုံးဦးနဲ့ စတင်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှာတော့ Darko ရဲ့သူငယ်ချင်းများဖြစ်တဲ့ ဇော်ထက်ဝေနဲ့ ချမ်းဟိန်းစိုးတို့ ထွက်သွားခဲ့ရာ Darko ရဲ့ညီဖြစ်သူ Joseph နဲ့ Tser Htoo တို့တွေ အဖွဲ့ဝင်တွေ ဖြစ်လာခဲ့ကြပါတယ်။ Joseph ထွက်သွားပြီးနောက် အခုလက်ရှိအဖွဲ့မှာတော့ Darko၊ ဟိန်းလွင်၊ Eaih Di နဲ့ Tser Htoo တို့ ပါဝင်ကြပါတယ်။

Tser Htoo ဟာ အသက် ၁၁ နှစ်အရွယ်ကတည်းက ဒရမ်တီးခဲ့တာဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်တစ်ယောက်အနေနဲ့ ဘုရားကျောင်းမှာ ဓမ္မတေးတွေ ဆိုခဲ့မှာပါ။ “Summer school မှာ ဂစ်တာသင်တန်းတွေ တက်ခဲ့တယ်။ အဲဒီနောက်မှာမှ ဒရမ်သင်တန်းတက်ခဲ့တာ” လို့ Tser Htoo က ပြောပြပါတယ်။

Darko ကတော့ သူတို့အဖွဲ့တွေ သီချင်းစလုပ်ခဲ့စဉ်က နိုင်ငံတွင်းမှာ အင်ဒီမြူးဇစ်ဟာ ပေါ်ပြူလာမဖြစ်သေးဘူးလို့ ဆိုပါတယ်။ “ဒီတော့ ကျွန်တော်တို့က စလုပ်ခါစမှာ အော်လ်တာနေးတစ်ဆန့်တဲ့သီချင်းတွေပဲ ပိုဖန်တီးဖြစ်တယ်” လို့ သူက ပြောပါတယ်။ သူတို့နှစ်သက်တဲ့ နိုင်ငံခြားတီးဝိုင်းအဖွဲ့တွေဖြစ်တဲ့ The Strokes, The Libertines, Franz Ferdinand, Yeah Yeah Yeahs, The White Stripes တို့ရဲ့ လွှမ်းမိုးမှုတွေကို သူတို့သီချင်းတွေမှာ

လက်ရှိ Side Effect အဖွဲ့သား‌များ။ ဓာတ်ပုံ - Greg Holland

မြင်နိုင်တယ်လို့လည်း ဆိုပါသေးတယ်။

“တမင်သက်သက်ကြီး လုပ်ယူတာမဟုတ်ပေမယ့် အလိုလိုကို သူတို့နဲ့ သွားတူနေတာ။ ဘာလို့လဲဆိုတော့ သူတို့ကို အရမ်းကြိုက်ပြီး မှတ်ဉာဏ်ထဲမှာ သူတို့ရဲ့သီချင်းတွေက စွဲနေတော့ အဲဒီလို ဖြစ်သွားတာ။ နောက်ပိုင်းတော့ ပြုပြင်ရင်းနဲ့ အင်ဒီရော့ခ်မြူးဇစ်က ကျွန်တော်တို့အဖွဲ့နဲ့ လိုက်ဖက်တယ်လို့ ခံစားရပြီး ဒီဂီတကိုပဲ တစိုက်မတ်မတ်နဲ့ လုပ်ဖြစ်လာတာ”လို့ Darko က ဆိုပါတယ်။

ရန်ကုန် underground ဂီတလောကမှာ ကျင်လည်ခဲ့ကြတာမို့လည်း ပြည်တွင်းက တချို့လူတွေနဲ့ နိုင်ငံခြားမီဒီယာတွေက သူတို့အဖွဲ့ကို ပန့်ခ်ဂီတအဖွဲ့လို့ အထင်မှားတာတွေ ရှိတယ်လို့လည်း ပြောပြပါတယ်။

“အရင်က လုပ်ခဲ့တဲ့ ဂီတပုံစံကလည်း အော်လ်တာနေးတစ်ဖြစ်နေပြီး underground မှာက heavy metal နဲ့ metal rock တွေကများတော့ ကျွန်တော်တို့ကိုလည်း အဲလိုပဲထင်ကြတယ်။ တချို့သီချင်းပုံစံတွေက ပန့်ခ်နည်းနည်းဆန်ပေမယ့် ဘယ်တုန်းကမှ ကျွန်တော်တို့က ပန့်ခ်ဆိုပြီး လုပ်ခဲ့တာမဟုတ်သလို၊ ပန့်ခ်အဖွဲ့လည်း ဖြစ်လာမှာမဟုတ်ဘူး”လို့ Darko က ပြောလိုက်ရင်း ပန့်ခ်တွေရဲ့ DIY (Do It Yourself) စိတ်ဓာတ်ကိုတော့ အရမ်းသဘောကျတယ်လို့လည်း ဆိုပါတယ်။

သူတို့အဖွဲ့ဟာ www.pledgemusic.com/sideeffect ဝက်ဘ်ဆိုက်ကနေလည်း ရန်ပုံငွေရှာဖွေနေပြီး ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ နှစ်သောင်းလောက် လိုအပ်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ အွန်လိုင်းကနေ ကန်ဒေါ်လာ ၁၂,၅၀၀ ပဲ အလှူခံရရှိဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။ ■

အကောင်းအဆိုးတွေနဲ့ ဧရာဝတီစာပေပွဲတော်

yawmrusi;yci wpvavmu t vuwn;ua'ocuAsmq&m50avmueumwe;q&m30avmuu tp;&e tcsw t qu&w...

ဒေါက်ကလပ်စ်လောင်း
ရေးသားသည်။

မန္တလေးမှာ ဖေဖော်ဝါရီ ၁၄ ရက်ကနေ ၁၆ ရက်အထိ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ်မြောက် ဧရာဝတီစာပေပွဲတော်ကတော့ မကျေနပ်စရာ တချို့နဲ့ အောင်မြင်စွာကျင်းပပြီးစီးသွားခဲ့ပါပြီ။

ပွဲတော်မကျင်းပခင် တစ်လလောက်အလို ကတည်းက ဒေသခံ ကဗျာဆရာ ၅၀ လောက်နဲ့ ကာတွန်းဆရာ ၃၀ လောက်က အစိုးရနဲ့အချိတ်အဆက်ရှိတဲ့ စာရေးဆရာအသင်းက စာရေးဆရာတွေ ပါဝင်တာကို ခံပြင်းမှုအပါအဝင် အကြောင်းပြချက်တချို့နဲ့ ဒီပွဲကို သပိတ်မှောက်တယ်လို့ ကြေညာခဲ့ပါတယ်။

စာပေပွဲတော် စတင်ကျင်းပနေတဲ့အချိန်မှာလည်း နိုင်ငံတကာက စာရေးဆရာတချို့ဟာ ဒီပွဲကို ထူးကုမ္ပဏီက ပံ့ပိုးပေးတာနဲ့ပတ်သက်ပြီး ညည်းညူပြောဆိုနေတာမျိုးလည်း ရှိပါတယ်။

နိုင်ငံတကာအသိုင်းအဝိုင်းမှာ ထင်ရှားနိုင်ခွင့် မရှိသေးတဲ့ လူသိနည်း စာရေးဆရာတွေကို ထင်ပေါ်လာစေဖို့ ...”

ဘန်ကောက်အခြေစိုက်စာရေးဆရာတစ်ဦးက ဒီပွဲမှာ ဦးတေဇ ပါဝင်ပတ်သက်မှုရှိတယ်ဆိုတာကိုသိရင် သူ ဒီပွဲကို မလာပါဘူးလို့ ပြောပါတယ်။ တခြားစာရေးဆရာတစ်ဦးလည်း သူ့လို အမြင်မျိုးရှိတယ်လို့ သူက ကျွန်တော့်ကို ပြောပြပါတယ်။

ဒီလိုခံစားချက်တွေကတော့ ပွဲတော်က အပြန် ရန်ကုန်လေဆိပ်မှာ မမျှော်လင့်ဘဲဆုံခဲ့တဲ့ လုပ်ငန်းငယ်လေးတစ်ခုရဲ့ ပိုင်ရှင်အပါအဝင် ကျွန်တော့်ရဲ့ ဒေသခံမိတ်ဆွေတွေအတွက် ရယ်စရာအဖြစ် ပြောစရာမျိုးဖြစ်နေပါတယ်။ ဦးတေဇနဲ့ပတ်သက်ပြီး အဲဒီလုပ်ငန်းရှင်အမျိုးသမီး မိတ်ဆွေပြောလိုက်တာကတော့ “တေဇက ကျန်တဲ့လူတွေထက်တော့ ပိုမဆိုးပါဘူး။ အခုလိုပြောကြစတမ်းဆို မျှမျှတတဖြစ်အောင် မြန်မာကုမ္ပဏီကြီးတွေက ပံ့ပိုးပေးတဲ့ အရာအားလုံးကို ရှင်တို့ သပိတ်မှောက်ရတော့မှာပဲ”တဲ့။

စာပေပွဲတော်ကို ကုသိုလ်တော်ဘုရားဝင်းမှာ ကျင်းပဖို့ စီစဉ်ထားတာပါ။ ဒါပေမဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက အဲဒီမှာ ကျင်းပခွင့်ပေးထားတာကို အချိန်ကပ်ပြီးမှ ပြန်ရုပ်သိမ်းလိုက်တဲ့အတွက် စာပေပွဲတော်ပထမနေ့မှာ ဝရုန်းသုန်းကား ဖြစ်ခဲ့ရပါသေးတယ်။ စာပေပွဲတော် ကျင်းပမယ့်နေရာကို Mandalay Hill resort မှာ ရုတ်ခြည်းပြောင်းရွှေ့ကျင်းပခဲ့ရပါတယ်။

ပွဲကျင်းပရာနေရာ အပြောင်းအလဲဖြစ်သွားတဲ့အတွက် စာပေပွဲတော်ပထမနေ့ ပျက်သွားပြီလို့ မန္တလေးမှာ ကောလာဟလတွေပျံ့နှံ့သွားခဲ့ပါသေးတယ်။ တကယ်တော့ ဟိုတယ်မှာ ပြောင်းရွှေ့ကျင်းပတာကို လျင်လျင်မြန်မြန်နဲ့ အချိန်မလွန်ခင် ပြန်လည် စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ဆွေးနွေးပွဲ ပထမအစီအစဉ်ကို သတ်မှတ်ထားတဲ့အချိန်ထက် တစ်နာရီလောက်ပဲ နောက်ကျပြီး စတင်နိုင်ခဲ့ပါတယ်။

စာပေပွဲတော်မှာ မူခင်းအကြောင်း ရေးနည်းနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြတဲ့ စာရေးဆရာများ။ (Duncan Jepson၊ Douglas Kerr နဲ့ Tom Vater (ဘယ်မှညာ))။ ဓာတ်ပုံ - ဒေါက်ကလက်

ကောလဟလကြောင့် ပွဲတော်ပထမနေ့ တစ်နေ့တော့ ပရိသတ် နည်းသွားခဲ့ပါတယ်။ ကျွန်တော် တက်ရောက်နားထောင်ဖြစ်ခဲ့တဲ့ ဆွေးနွေးပွဲ ပထမအစီအစဉ်ကတော့ သတင်းဆောင်းပါးတွေရေးတဲ့ Douglas Kerr၊ Tom Vater နဲ့ Duncan Jepson တို့က မူခင်းအကြောင်း ရေးနည်းနဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့ပွဲပါ။ အဲဒီဆွေးနွေးပွဲကိုတော့ ဟိုတယ်အနောက်ဘက် သစ်ပင်တစ်ပင်အောက်မှာ ကျင်းပခဲ့တာဖြစ်ပြီး လူပေါင်း တစ်ဒါဇင်လောက် စိတ်ဝင်တစား နားထောင်ခဲ့ကြပါတယ်။ ညနေပိုင်း Mr Vater ဆွေးနွေးတဲ့အချိန်မှာတော့ ပရိသတ်ဦးရေက သုံးဆလောက် တိုးလာတာတွေ့ရပါတယ်။

ဒီစာပေပွဲတော်ရဲ့ အဓိက ဆွဲဆောင်မှု (အများစုအတွက်ကတော့ တစ်ခုတည်းသော ဆွဲဆောင်မှု)ကတော့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီပွဲမှာ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ဆွေးနွေးဖြစ်တာနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ ဝမ်းသာဝမ်းနည်းဖြစ်မိပါတယ်။ ဟုတ်ပါတယ်။ သူဒီပွဲမှာ ပါဝင်ဆွေးနွေးဖြစ်တာ

စာမျက်နှာ ၄၈ သို့

ပုပ္ပားတောင် ပြန်လည်စိုပြည်ရေး ရည်ရွယ်ကျင်းပမယ့် အနုပညာပွဲတော်

y0ijyo|ur ,xuwc\ye;c\q&mawuye;c\um;wpum;v;a&mi;&aiu vL'e;|uy;wc\uawma&mi;&ai&wp0u(o)...



ပုပ္ပားအနုပညာပွဲတော်မှာ တွေ့မြင်ရမယ့် ပန်းချီစိုးဌေးရဲ့ ပုပ္ပားတောင်ပန်းချီကား။

ဇွန်ပန်းပွင့်

ပုပ္ပားတောင်ကနေ စီးကျလာတဲ့ ကြည်လင်သန့်စင်တဲ့ရေဟာ ပတ်ဝန်းကျင်ရှာကလေးတွေဆီကို အရှိန်အဟုန်နဲ့ စီးဆင်းဖို့ ခွန်အားမရှိတော့ဘူး။ စာရေးဆရာ၊ ကဗျာဆရာတွေကလည်း ပုပ္ပားတောင်ကို ပန်းပေါင်းစုံပေါတဲ့ ဌာနေလို့ စာမဖွဲ့နိုင်ကြတော့ဘူး။ လူတွေရဲ့ အတ္တ၊ ရှားပါးမှု၊ မသိနားမလည်မှုတွေကြောင့် တဖြည်းဖြည်းချင်း ပျက်သုဉ်းလာတဲ့ သစ်တောအုပ်တွေဟာ ပုပ္ပားကိုသာမက၊ ပတ်ဝန်းကျင်ရှစ်ခွင်တိုင်းကို ရာသီဥတုမမျှတမှုတွေ၊ ရေရှားပါးမှုတွေ ဖန်တီးနေပါတယ်။

ဒါတွေကို ရပ်တန့်သွားဖို့ အသိပညာပေးတဲ့ အနေနဲ့ ပန်းချီဆရာ၊ စာရေးဆရာတွေစုပေါင်းပြီး ပုပ္ပားအနုပညာပွဲတော်ကို ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၂ ရက်နေ့ထိ ပြည်သူ့ရင်ပြင် (ကွင်းအမှတ်၁)မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

"ပုပ္ပားတောင်နဲ့ ရှစ်မိုင်ဝေးတဲ့ ကျွန်တော့် ဇာတိ ကျောက်ပန်းတောင်းမှာ နှစ်စဉ် ရေရှားပါးမှုကြုံတွေ့ရပါတယ်။ ပုပ္ပားကနေ ရေလုံလုံလောက်လောက်မရတော့ ရေဝယ်သုံးနေရတယ်။ ပုပ္ပားရေ အလုံအလောက်ရဖို့ဆိုကျွန်တော်တို့ သစ်ပင် ပြန်စိုက်ကြရပါမယ်။ ကျွန်းကျင်သူတွေက ထိန်းသိမ်းရမှာဖြစ်ပြီး အာဏာရှိတဲ့သူတွေကလည်း မည္သာမတာသစ်ပင်ခုတ်ထွင်နေတဲ့ လူချမ်းသာတွေကို တားဆီးရမယ်"လို့ အနုပညာပွဲတော် ဖြစ်မြောက်ရေးအတွက် အဓိက ကမကထလုပ်ဆောင်တဲ့ ကျောက်ပန်းတောင်းနယ်သား ကိုမျိုးက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

ပုပ္ပားအနုပညာပွဲတော်မှာ ပုပ္ပားကိုချစ်တဲ့ ပန်းချီဆရာ ၁၀၀ ကျော်က ပုပ္ပားတောင်ရဲ့အလှကို ရှုထောင့်မျိုးစုံက ရေးဆွဲထားတဲ့ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်ပန်းချီကားပေါင်း ၄၀၀ ကျော်ကို ပြသကြမှာဖြစ်ပါတယ်။ ပွဲတော်မှာ ရန်ကုန်မြို့ပေါ်က စာအုပ်ဆိုင်ကြီး ၁၀၀ ခန့်ကလည်း ဆိုင်ခန်းဖွင့်လှစ်ပြီး စာအုပ်များကိုလည်း ရောင်းချသွားမှာ ဖြစ်ပါတယ်။

ပွဲတော်ရက်တစ်ရက်ဖြစ်တဲ့ မတ်လ ၁ ရက်နေ့မှာ အိပ်မက်ဆုံရာရဲ့ ဂီတဖျော်ဖြေရေးအစီအစဉ်ကို ထည့်သွင်းထားပြီး ပွဲတော်ဖွင့်ပွဲနေ့ဖြစ်တဲ့ ဖေဖော်ဝါရီ ၂၈ ရက်နေ့မှာတော့ ဦးထွန်းလွင် (မိုးလေဝသ)နဲ့ ဆရာမ ဒေါ်သန်းမြင့်အောင်တို့ရဲ့ ဟောပြောပွဲ၊ ပွဲတော်နောက်ဆုံးရက်ဖြစ်တဲ့ မတ်လ ၂ ရက်နေ့မှာတော့ ကဗျာရွတ်ပွဲတွေကို ကျင်းပသွားမှာ ဖြစ်ပါတယ်။

"လူတွေဟာ သဘာဝကို ချစ်မြတ်နိုးစိတ်မရှိတော့ဘူး။ စန္ဒကူးအနှစ် တစ်ကျပ်သားရဖို့ စန္ဒကူးတစ်ပင်လုံးကို ခုတ်လဲပစ်တယ်။ ဆေးဖော်ဖို့အတွက် သစ်ပင်တွေကို ဝိုဒေါင်အပြည့် ခုတ်လှဲဝင်ကြတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ပုပ္ပားတောင်ဟာ အပူအအေး အလွန်မျှတတဲ့ အိုအေစစ်ပဲ။ အခုတော့ အကာအကွယ်သစ်တောမရှိတော့ အပူအအေးလွန်ကဲလာတယ်။ ဒေသခံတွေကလည်း အပူကြောင့်ဖြစ်တဲ့ ရောဂါတွေ ခံစားလာရသလို အအေးကြောင့်ဖြစ်တဲ့ ရောဂါတွေလည်း ခံစားလာရတယ်။ ကျွန်တော်တို့ ကျောက်ပန်းတောင်းမှာ အရင်က လေးဘက်နာဆိုရင် ကြားတောင်မကြားဖူးတာအခု လေးဘက်နာဖြစ်တဲ့နှုန်း များလာတယ်"လို့ ကိုမျိုးက ပြောပါတယ်။

"ပုပ္ပားအနုပညာပွဲတော်ကို ကျွန်တော့်ရဲ့ ပန်းချီပြခန်း (The Last Leaf) မှာ ကျင်းပဖို့ စီစဉ်ထားပေမယ့် ပုပ္ပားကိုချစ်မြတ်နိုးတဲ့ အနုပညာရှင်တွေက ပန်းချီကားတွေ ဝိုင်းဆွဲပေးကြတာ အရေအတွက်တဖြည်းဖြည်း များလာတာနဲ့ ပြည်သူ့ရင်ပြင်မှာ စီစဉ်ဖြစ်သွားတာပါ"လို့ လည်း သူက ဆက်ပြောပါတယ်။

ပွဲတော်မှာ ပါဝင်ပြသကြမယ့်ထဲက တချို့ ပန်းချီဆရာတွေက ပန်းချီကားတစ်ကားလုံး ရောင်းရင်ငွေကို လူဒါန်းကြပြီး တချို့ကတော့ ရောင်းရင်ငွေရဲ့တစ်ဝက် (သို့) ၃၀ ရာခိုင်နှုန်းကို လူဒါန်းကြတယ်လို့ ပြောပါတယ်။ အလှူငွေတွေကို ပုပ္ပားတောင် စိမ်းလန်းစိုပြည်ရေးအတွက် အလုပ်လုပ်နေကြတဲ့ အဖွဲ့အစည်းတွေကို လူဒါန်းသွားမယ်လို့လည်း ပြောပြပါတယ်။ ■

"လူတွေရဲ့ အတ္တ၊ ရှားပါးမှု၊ မသိနားမလည်မှုတွေကြောင့် တဖြည်းဖြည်းချင်း ပျက်သုဉ်းလာတဲ့ သစ်တောအုပ်တွေဟာ ပုပ္ပားကို ..."

အကောင်း အဆိုးတွေနဲ့ ဧရာဝတီစာပေပွဲတော် . . .

စာမျက်နှာ ၄၇ မှ

ကောင်းပါ တယ်။ ပြီးတော့ ဒီပွဲကို တက်ရောက်လာတဲ့ နိုင်ငံခြားသားစာရေးဆရာတွေအတွက် လည်း ဆွဲဆောင်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ဒီပွဲကို မြန်မာလွှတ်တော်အမတ်တော်တော်များများ ပါဝင်တက်ရောက်ဖို့ ဖိတ်ကြားသင့်ပေမယ့် ဒေါ်အောင်ဆန်းစုကြည် တစ်ယောက်တည်းကိုပဲ ဖိတ်ကြားထားတာဟာ မမျှတဘူးလို့ ကျွန်တော်ထင်ပါတယ်။ ပြီးတော့လည်း ဒေါ်အောင်ဆန်းစုကြည် နှစ်ကြိမ် ပါဝင်ခဲ့တဲ့အချိန်မှာ တခြားစာပေဆွေးနွေးပွဲ ၁၀ ခု ကျင်းပလို့ ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆွေးနွေးပွဲဖြစ်တဲ့ Dame Joan Bakewell နဲ့ အမေးအဖြေပြုလုပ်တဲ့ပွဲကို ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ တော်တော်လေးကျဉ်းတဲ့နေရာမှာ ထိုင်ခုံနေရာရဖို့အတွက် တခြားသူတွေနဲ့ အလုအယက် တိုးဝှေ့ဝင်ခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ မီဒီယာဝင်ခွင့်ကတ်ကတော့ ကျွန်တော့်ကို အဆင်ပြေစေခဲ့ပါတယ်။ အင်နဲအယ်လ်ဒီက လုံခြုံရေးက ပထမဦးဆုံး နိုင်ငံခြားသားစာရေးဆရာတွေကို ဝင်ခွင့်ပေးပြီး သူတို့နောက်က နိုင်ငံခြားသားမီဒီယာကို ပေးဝင်ပါတယ်။ ပြီးတော့မှ ကျန်တဲ့သူတွေကို ပေးဝင်ပါတယ်။

ကျွန်တော်က အနောက်နိုင်ငံသားအဖြူဖြစ်နေတာ အခုတော့ ကံကောင်းသွားပါတယ်။ အဝမှာ စောင့်နေတဲ့ အင်နဲအယ်လ်ဒီရဲ့ လုံခြုံရေးတာဝန်ယူထားတဲ့သူက ကျွန်တော့်ကို အခန်းထဲ ဝင်ခွင့်ပေးလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်နောက်မှာ ရပ်နေတဲ့ ထိုင်းမီဒီယာသမားကတော့ မီဒီယာဝင်ခွင့်ကတ်ချိတ်ဆွဲထားပေမယ့်လည်း ကျွန်တော့်နောက်ကနေ ဝင်ခွင့်မရခဲ့ပါဘူး။ နောက်ဆုံးတော့ သူ အခန်းထဲ ဝင်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ အင်နဲအယ်လ်ဒီရဲ့နေရာချတဲ့အစီအစဉ်အတိုင်း အဆင့်ဆင့် နေရာချပေးပြီးမှသာ ဝင်ခွင့်ရခဲ့တာပါ။

အမေးအဖြေပြောဆိုခန်းက သိပ်ပြီး တက်တက်ကြွကြွမရှိလှပါဘူး။ မေးခွန်းတွေက အရင်က အကြိမ်တစ်ရာလောက်မေးခဲ့ဖူးတဲ့ ဖန်တရာတေနေတဲ့မေးခွန်းတွေ ဖြစ်နေပါတယ်။ နေအိမ်အကျယ်ချုပ်ကျနေစဉ်မှာ သူ့ရဲ့အချိန်ကို ဘယ်လိုကုန်ဆုံးစေခဲ့သလဲ၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့ စာအုပ်တွေ တော်တော်များများ ဖတ်ဖြစ်လားစတဲ့မေးခွန်းတွေပါ။

Ms Bakewell က မြောက်အိုင်ယာလန်နိုင်ငံက ကက်သလစ်ဘာသာဝင်နဲ့ ပရိုတက်စတင့်ဘာသာဝင်တွေကြားက အခက်အခဲကို ပြောပြပြီး ဗုဒ္ဓဘာသာတွေရဲ့ နိုင်ငံရေးအမြင်နဲ့ ပတ်သက်ပြီး မေးမြန်းလိုက်တဲ့ အချိန်မှာတော့ စကားပြောဝိုင်းက ပိုပြီးတက်ကြွလာတယ်လို့ ကျွန်တော် ထင်ပါတယ်။ "ဟော. . စပြီ။ မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ ဘာသာရေးအခိုက်ရုက်အကြောင်း"လို့ ကျွန်တော် တွေးလိုက်ပါတယ်။

"ကျွန်မကတော့ ခရစ်ယာန်တွေဟာ နိုင်ငံရေးမှာ ခရစ်ယာန်တစ်ယောက် လုံးဝဖြစ်ရမယ်လို့ ကျွန်မ မထင်ပါဘူး။ ဟုတ်တယ်မလား။ အဲဒီလိုပါပဲ၊ ဗုဒ္ဓဘာသာဝင်ဟာလည်း နိုင်ငံရေးမှာသေချာပေါက်ဗုဒ္ဓဘာသာ မဟုတ်တော့ပါဘူး။ သူတို့ရဲ့ လူမှုရေးဘဝမှာတောင် ဗုဒ္ဓဘာသာသူက ပြောပါတယ်။ ဒါကတော့ အငြင်းပွားဖွယ်ရာ ကိစ္စတစ်ခုပါပဲ။

အဲဒီနေ့နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ကပဲ အဓိကထားဆွေးနွေးခဲ့တဲ့ 'စာပေသူရဲကောင်းများနှင့်ဗီလိန်များ'ကိုတော့ အခန်းထဲ အပင်ပန်းခံ တိုးဝှေ့ဝင်တာမျိုး မလုပ်တော့ဘဲ ဟိုတယ်ရဲ့ရေကူးကန်အနီးမှာ ထောင်ထားတဲ့ ဗီဒီယိုစကရင်ကြီးကနေပဲ စောင့်ကြည့်ခဲ့ပါတယ်။

မြန်မာ့စာပေမြင်ကွင်းကို လေ့လာပြီး ဗဟုသုတယူဖို့ လာကြတယ်ဆိုတာကို တွေ့ရပါတယ်။ နောက်ဆိုရင်တော့ ဧရာဝတီစာပေပွဲတော်ဟာ ...

ဒီဆွေးနွေးပွဲကတော့ ပထမပွဲကထက် နည်းနည်းလေးပိုပြီး စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါပေမဲ့ စိတ်ညစ်စရာကောင်းတာကတော့ ကိုးကားချက်အများစုဟာ ဟိုးရှေးခေတ်က စာရေးဆရာတွေဖြစ်တဲ့ ဝီလျံရှိတ်စပီးယား၊ ချားလ်စ်ဒစ်ကင်နဲ့၊ ဂျိန်းအော်စတင်၊ ဂျော့ဂျ်အီလီယော့တို့ရဲ့ စာသားတွေ ဖြစ်နေတာပါ။

ပါဝင်ဆွေးနွေးသူတစ်ဦးဖြစ်တဲ့ Captain Corelli's Mandolin (1994) ကို ရေးသားခဲ့သူ Louis de Bernieres က Gabriel Garcia Marquez ရဲ့စာသားတွေနဲ့ ၂၀ ရာစုနောက်ပိုင်း စာရေးဆရာရဲ့ အရေးအသားတွေအကြောင်းကို ပြောလိုက်တဲ့အခါမှာတော့ ပရိသတ်တွေက အားပါးတရ လက်ခုပ်တီးညြှာပေးကြပါတယ်။ ဒါကတော့ သူ့အတွက်ထိုက်တန်ပါတယ်။

တရုတ်နွယ်ဖွား ဇြတိန်စာရေးဆရာ Jung Chang နဲ့ မြန်မာ့ဘွတ်ခ်စင်တာဥက္ကဋ္ဌ ဦးသော်ကောင်းတို့ကတော့ အာရှစာပေနဲ့ပတ်သက်ပြီး လက်ခံနိုင်ဖွယ်ကောင်းပြီး ဗဟုသုတရှိတဲ့ကိုးကားချက်တွေကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

ကျွန်တော့်အတွက်ကတော့ တနင်္ဂနွေနေ့ပွဲက စိတ်ဝင်စားဖွယ် အကောင်းဆုံးပါပဲ။ ပထမနေ့ထက်လည်း လူပိုများပါတယ်။ ဒါပေမဲ့ စနေနေ့ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို အော်ဟစ်အားပေးတဲ့သူတွေကတော့ တနင်္ဂနွေနေ့မှာ မရှိတော့ပါဘူး။ ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုက ဒီနေ့တော့ ပွဲတော်မှာပါဝင်ဆင်နွှဲတဲ့ စာရေးဆရာတွေနဲ့ စာပေကိုယ်စားလှယ်တွေဘက် ပြန်လှည့်လာပါပြီ။

ဒီစာပေပွဲတော်မှာ ကျွန်တော်အကြိုက်ဆုံး အချိန်တွေထဲက တချို့ကတော့ Duncan Jepson နဲ့ Michael Vatikiotis လို စာရေးဆရာတွေနဲ့ Marysia Juszczakiewicz၊ Kerry Glencorse နဲ့ Kelly Falconer တို့လို စာပေကိုယ်စားလှယ်တွေ တစ်ဦးချင်း အပြန်အလှန်မေးကြဖြေကြတဲ့ အချိန်ပါပဲ။

မြန်မာနိုင်ငံက မူဝါဒချမှတ်သူတွေကို ဒီမိုကရေစီနည်းကျကျ ပြုမူတတ်စေဖို့၊ သန်းခေါင်စာရင်းကောက်ယူဖို့၊ ဒါမှမဟုတ် စီးပွားရေးတွေ စတင်ဖို့ သင်ကြားပေးရအောင် နိုင်ငံခြားက ကျွမ်းကျင်သူတွေ မြန်မာနိုင်ငံကို အလုံးအရင်းနဲ့ ဝင်လာတဲ့အချိန်မှာ အာရှက စာရေးဆရာတွေ ရေးသားထားတဲ့စာပေတွေကို ဒီစာရေးဆရာတွေနဲ့ စာပေကိုယ်စားလှယ်တွေက တကယ့်ကို စိတ်ဝင်စားတယ်ဆိုတာကို ကြားရတာကတော့ အားရစရာပါပဲ။

သူတို့ ဒီကိုလာကြတာဟာ မြန်မာတွေကို စာရေးသားနည်းနဲ့ ထုတ်ဝေပုံတွေ သင်ကြားပေးဖို့ ဟန်ကြီးတစ်ခွဲသားနဲ့ ရောက်လာကြတာလို့ ကျွန်တော် မမြင်မိပါဘူး။ မြန်မာ့စာပေမြင်ကွင်းကို လေ့လာပြီး ဗဟုသုတယူဖို့ လာကြတယ်ဆိုတာကို တွေ့ရပါတယ်။ နောက်ဆိုရင်တော့ ဧရာဝတီစာပေပွဲတော်ဟာ ပြောဆိုဆွေးနွေးစရာတခြားစင်မြင့်တွေ အများကြီးရှိနေတဲ့ လူသိထင်ရှားနိုင်ငံရေးသမားတွေကို နေရာပေးတာမျိုး ထက် နိုင်ငံတကာအသိုင်းအဝိုင်းမှာ ထင်ရှားနိုင်ခွင့်မရှိသေးတဲ့ လူသိနည်းစာရေးဆရာတွေကို ထင်ပေါ်လာစေဖို့ အခွင့်အရေးတွေပိုပေးရင်းနဲ့ ဒီလိုမျိုး ယဉ်ကျေးမှုဖလှယ်တာမျိုးတွေကို တတ်စွမ်းနိုင်သလောက် ဖော်ဆောင်ပေးနိုင်မယ်လို့ ကျွန်တော် ထင်ပါတယ်။

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

Brand New Toyota Showroom Opening Soon

TTAS CO., LTD.

Head Office & Aye & Sons Services Ltd.
Brand New Car Showroom

အမှတ်(၈၅–က)၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
စတိုက်ဆေတ္ထာအမှတ် ၁၀၂၀၁၊
ဖုန်းနံပါတ် – (၉၅၁)၅၄၀၇၄၀၊ ဖက်(စ်) – (၉၅၁)၅၄၅၄၂၄
အီးမေးလ် – ayensons@ttasmyanmar.com.mm
ရုံးချိန် – တနင်္လာ – စနေနေ့အထိ နံနက်(၉)နာရီ မှ ညနေ(၆)နာရီအထိ
ပိတ်ရက် – တနင်္ဂနွေ နှင့် အများပြည်သူရုံးပိတ်ရက်

TTAS CO., LTD.

Body Repair & Paint Center

အမှတ်(၈၅)၊မင်းစရာလမ်းနှင့်သံလွင်လမ်းထောင့်၊
လှိုင်သာယာစက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ် – (၉၅၁)၄၂၁၇၀၄၀၊ ၄၅၀၀၆၂၉၉၅
အီးမေးလ် – ttasbp@gmail.com
ရုံးချိန် – တနင်္လာ – စနေနေ့အထိ နံနက်(၉)နာရီ မှ ညနေ(၆)နာရီအထိ
ပိတ်ရက် – တနင်္ဂနွေ နှင့် အများပြည်သူရုံးပိတ်ရက်

MYANMAR NATIONAL LEAGUE
TOYOTA
Official Car Sponsor of Myanmar National League

MYANMAR
TOYOTA
Supporting Partner of Myanmar Women's National Football Team

Together with Myanmar, Toyota supports football to bring joy and excitement to local communities by partnering with the Myanmar National League and Myanmar Football Federation.

www.toyota-myanmar.com

Together, Tomorrow, Toyota

TOYOTA

ရွှေပါရမီဖောင်ဒေးရှင်းရဲ့ပညာသင်ဆုချီးမြှင့်ပွဲ

ကိုစိုးနိုင်နှင့် မဟန်နီ

မခင်ချိုဦး မခင်စန္ဒာမြင့်

UAG ရဲ့ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ

Grace

မပိုးအိဖြူစင်

ကိုမိုးစက်မုန်း

Misss Shampoo ပွဲတော်

Misss အဖွဲ့သားများ

Sponde electric ရဲ့ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ

Ma Dimple

ကိုဇော်ဝင်းထွန်း

UAB ဘဏ်ဖွင့်ပွဲ

မသန္ဓာသင်းနှင့် မမြတ်စန္ဒာမိုး

CHEVROLET Showroom ဖွင့်ပွဲ

Mr Keith Pang

Ms Kim Pang and Ms Nynn Pang

Arsenal Myanmar Supporter club

ကိုမောင်မောင်အေးနှင့် ကိုအောင်အောင်

ကိုဇော်မိုးမြင့်နှင့် ကိုဟိန်းတေဇ

မိုမိုသော်
ရေးသားသည်။

မင်္ဂလာပါ . . ဆိုရှယ်ပရိသတ်တို့ရေ။ ဒီတစ်ပတ်တော့ မမသွားရတဲ့ပွဲတွေ များလိုက်တာရှင်။ ရာသီဥတုကလည်း ပူလာတယ်ဆိုတော့ အလှအပတွေပြင်ပြီး အပြင်ထွက်ရတာ နည်းနည်းတော့ပင်ပန်းပေမယ့် ဆိုရှယ်မမကတော့ လူတွေနဲ့တွေ့ဆုံသိကျွမ်းရတာကို နှစ်သက်သူဆိုတော့ ပျော်စရာကောင်းတဲ့ရက်သတ္တပတ်ကို ရရှိခဲ့ပါတယ်ရှင့်။ သွားဖြစ်ခဲ့တဲ့ပွဲတွေက ပုံရိပ်လေးတွေကိုလည်း ဆိုရှယ်ပရိသတ်တွေအတွက် ပြန်လည် ဝေမျှပေးလိုက်ပါတယ်နော်။ ဆိုရှယ်ပရိသတ်တွေ ကျန်းမာ၊ ချမ်းသာစေဖို့လည်း ဆုတောင်းပေးနေပါတယ်လို့နော်။

EPSON ရဲ့ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ

Mr Sittideth

Mr Yunyong

ဦးအောင်ကျော်မိုး

ကူဝိတ်နိုင်ငံလွတ်လပ်ရေးနေ့

ကူဝိတ်သံအမတ်ကြီးနှင့် ဇနီး၊ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး

ပါ့ခ်ရိုင်ရယ်ရဲ့ Fitness Center relaunch ပွဲ

Mr Ram ၊ ကိုအောင်ကျော်စိုး၊ ဒေါ်ခင်မာလာနှင့် ကိုငယ်

Mr Takahiro Saeki

Mr Hajime Suzuki

LA VIE RN ROSE ကိတ်မြည်းပွဲ

HTC ရဲ့ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ

မပြည့်မွန်ဆွေနှင့် အဖွဲ့သားများ

Fitness Xpress ဖွင့်ပွဲ

မဆိုဖီရာ

နိုင်နိုင်

Dell ရဲ့စာနယ်ဇင်းပွဲ

ကိုချစ်ကိုကို

မသပြေအောင်

Ms Sadanan

Myanmar Cuisine, Culture & Customs စာအုပ်မိတ်ဆက်ပွဲ

ကိုပြည့်

ကိုအောင်ကျော်မိုးနှင့် Ms Mohana Gill

တစ်ပတ်စာ သင်္ဂါကဲ့တာ

ပရောဂက်မြတ်သစ် (နက္ခတ္တဝေဒပညာရှင်)
အခန်း(၂၀၁)၊ ဒုတိယထပ်၊ တိုက်(၄)၊ သီရိဂုဏ်ဆိပ်ကမ်းရာ
ဝေဃယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်ိန်းကျွန်း။
ဖုန်း ၀၉ ၇၃၀၀ ၄၉၃၂၊ ၅၆၄၇၆၅၊ ၅၇၇၉၉၀။

၂၀၁၄၊ ဧပြေလ်ဂိုလ် ၂၈ ရက်မှ
မတ်လ ၆ ရက်အထိ

မိသရာသီဖွား (Aries) *မတ် ၂၂ မှ ဧပြီ ၂၀* – ကံကောင်းနေတတ်သည်။ အမွေ၊ မြေယာ၊ သယံဇာတနှင့် ရေးဟောင်းပစ္စည်းများ အကျိုးပေးနေမည်။ လုပ်ငန်းလိုင်စင်လျှောက်ခြင်း၊ လုပ်ငန်းသစ် ထူထောင်ခြင်းတို့ အကျိုးရှိနိုင်၏။ ရင်ဆိုင်နေရသည့် အမှုကိစ္စ အပြီးပြတ်အနိုင်ရမည်။ ကြိုးစား လုပ်ဆောင်မှုများ ထိရောက်အောင်မြင်နေမည်။ မိတ်ဆွေကောင်း တိုးပွားမည်။

ယတြာ – **စနေထောင့်၌ ဆွမ်းနှင့် ဆွမ်းဟင်း ကပ်လှူပါ။**

ပြိဿရာသီဖွား (Taurus) *ဧပြီ ၂၀ မှ မေ ၂၀* – အကြီးအကဲတို့ထံမှ ပံ့ပိုးကူညီမှုရမည်။ ဆရာကောင်း တွေ့မည်။ သတင်းကောင်း ကြားရမည်။ အရည်အချင်းနှင့် ဂုဏ်သိက္ခာ တိုးတက်နေမည်။ အပင်ပန်းခံ ဇွဲရှိမှုကြောင့် လုပ်ငန်းများ ပြီးမြောက်အောင်မြင်မည်။ ဆောင်ရွက်ရန်ကိစ္စ ပိုများလာလိမ့်မည်။ စည်းစိမ်ချမ်းသာတိုးမည်။ ဆန္ဒစောရ၍ ရေလမ်းကုန်သွယ်မှု မပြုသင့်သေး။

ယတြာ – **မွေးနံ့ထောင့်၌ ငွေဖလားနှင့် နွားနို့ကပ်လှူပါ။**

မေထုန်ရာသီဖွား (Gemini) *မေ ၂၂ မှ ဇွန် ၂၂* – ရင်းနှီးမြှုပ်နှံမှုများ အကျိုးအမြတ်ဖြစ်မည်။ လက်လွန်ငွေ ပြန်ရမည်။ ဝင်ငွေကောင်းသလို ထွက်ငွေများမည်။ ကုန်သွယ်မှု တိုးတက်မည်။ မိသားစုစီးပွားတက်မည်။ အများ၏ အထင်ကြီးလေးစားခြင်းခံရမည်။ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ လေလံတင်ဒါကိစ္စများ အောင်မြင်မည်။ သူတော်စင်များအား ဖူးတွေ့ရတတ်သည်။

ယတြာ – **တန်းဆွမ်း လောင်းလှူပါ။**

ကရကဋ်ရာသီဖွား (Cancer) *ဇွန် ၂၃ မှ ဇူလိုင် ၂၃* – သံတမန်၊ နိုင်ငံခြားကုမ္ပဏီ၊ ပြည်ပကုန်သွယ်မှု၊ ဖက်စပ်လုပ်ငန်းများ အထူးအကျိုးပေးမည်။ ပရဟိတနှင့် စည်းရုံးရေး၊ ဝါဒဖြန့်ချိရေး လုပ်ငန်းများ အောင်မြင်နေမည်။ အိမ်ခြံမြေ၊ ကား အသင့်အတင့်အကျိုးပေးမည်။ လုပ်ပိုင်ခွင့်၊ ရာထူးတိုးလာသလို ဌာနအပြောင်းအလဲကြုံရတတ်သည်။ ၂၈ ရက်၊ ၄ ရက်၊ ၆ ရက်များ ကံပွင့်နေမည်။

ယတြာ – **သောကြာထောင့်၌ သစ်သီးဆွမ်း ကပ်လှူပါ။**

သိဟ်ရာသီဖွား (Leo) *ဇူလိုင် ၂၄ မှ ဩဂုတ် ၂၃* – အကြံအစည်အကောင်အထည်ဖော်ရန် အများနှင့် ပူးပေါင်းရတတ်သည်။ ဖက်စပ်နှင့် ပရဟိတလုပ်ငန်းများ အားကြိုးမာန်တက် ထမ်းရွက်ရလိမ့်မည်။ လက်လွန်ငွေ ပြန်ရနိုင်သည်။ ဝေးကွာနေသော ချစ်သူခင်သူတို့နှင့် ပြန်ဆုံဆည်းရတတ်၏။ စွမ်းရည်သတ္တိနှင့် ကြိုးစားမှုကြောင့် အရောင်းအဝယ်ကိစ္စများ အကျိုးအမြတ်ကောင်းစွာ ထွက်ပေါ်နိုင်၏။

ယတြာ – **ဆေးဝါးဓာတ်စာ လှူဒါန်းပါ။**

ကန်ရာသီဖွား (Virgo) *ဩဂုတ် ၂၄ မှ စက်တင်ဘာ ၂၃* – ပင်မအလုပ် တိုးတက်မည်။ ကြိုးစားမှုကြောင့် ဝင်ငွေတိုးမည်။ ငွေပေးငွေယူ၊ စာချုပ်ချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့၌ သတိရှိသင့်၏။ မြေယာ၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့်ခရီးပို့ဆောင်ရေးတို့ ကောင်းကျိုးပေးနေမည်။ ရေရှည်လုပ်ငန်းကြီးများ စတင်ဆောင်ရွက် အကောင်အထည်ဖော်ရတတ်သည်။ မြေယာ၊ ဥယျာဉ်ခြံစသည် ဝင်ရောက်မည်။

ယတြာ – **အခမဲ့ဆေးကုခန်းသို့ ထိုးဆေးများ လှူဒါန်းပါ။**

တူရာသီဖွား (Libra) *စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၂၃* – အတိတ်ကံပွင့်လန်းနေ၍လူနေမှုအဆင့်အတန်း မြင့်လာမည်။ အိမ်ခြံမြေ၊ ကား၊ သတ္တုတွင်း၊ ကျောက်မျက်၊ လျှပ်စစ်ပစ္စည်းများ အကျိုးပေးမည်။ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းမှ အမြတ်ရမည်။ မိတ်ဆွေကောင်းတို့ ပံ့ပိုးကူညီမည်။ ဇိမ်ခံပစ္စည်း ဝင်မည်။ လုပ်ငန်းလုပ်ပိုင်ခွင့် ရရှိနိုင်သည်။ ကောင်းသတင်းနှင့် ကျော်စောမည်။

ယတြာ – **ဆရာ၊ ဆရာမတစ်ဦးအား တတ်စွမ်းသမျှဖြင့် ကန်တော့ပါ။**

ဗြိစ္ဆာရာသီဖွား (Scorpio) *အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂* – အကြံအစည်အကောင်အထည်ဖော်ရာ၌ ကြန့်ကြာနေတတ်သည်။ လုံလုပိထုတ်ရန် လိုနေမည်။ မိသားစုနှင့် အမျိုးအနွယ် ဂုဏ်တက်ရန် ကြိုးစားမှုအရာရောက်မည်။ ရပ်ဝေးသတင်းကောင်း ကြားရမည်။ သားသမီး၊ တပည့်တပမ်း၊ ပင်မအလုပ်နှင့် ဝင်ငွေ အကျိုးပေးမည်။ ယှဉ်ပြိုင်ဆောင်ရွက်ရာတွင် အသားစီးရအောင်မြင်မည်။

ယတြာ – **ထီး၊ ဖိနပ်စသည် လှူပါ။**

ဓနုရာသီဖွား (Sagittarius) *နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၂* – စာနယ်ဇင်း၊ ဘာသာပြန်၊ မီဒီယာ လုပ်ငန်း အကျိုးပေးနေမည်။ ပြောဆိုသမျှ အရာရောက်မည်။ မမျှော်လင့်သောကောင်းကျိုးနှင့် လက်လွန်ငွေ ပြန်ရနိုင်သည်။ စကားအရာ လိမ္မာလေ စီးပွားရေးကောင်းလေဖြစ်မည်။ မိတ်ဆွေကောင်း တိုးပွားမည်။ နိုင်ငံရေးဂုဏ်သိက္ခာတိုးမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေတတ်သည်။

ယတြာ – **မွေးနံ့ထောင့်၌ ပန်းရောင်စုံ ကပ်လှူပါ။**

မကာရရာသီဖွား (Capricorn) *ဒီဇင်ဘာ ၂၃ မှ ဇန်နဝါရီ ၁၉* – ၂၈ ရက်နှင့် ၄ ရက်နေ့တို့၌ အရေးကြီးကိစ္စ အောင်မြင်မည်။ အစုစပ်လုပ်ငန်း အထူးကောင်းမည်။ ဆက်ဆံရေးကောင်းသော ဝန်ထမ်းကြောင့် လုပ်ငန်းအဆင်ပြေလာမည်။ ငယ်ရွယ်သူအဖို့ နှစ်လိုဖွယ်ရာရှိမှုကြောင့် ချစ်ခင်သူပေါများနေမည်။ နိုင်ငံရေးဂုဏ်သိက္ခာနှင့်အသိပညာ တိုးမည်။ ကျေးဇူးသိသောတပည့်ကြောင့် စိတ်ချမ်းမြေ့ရမည်။

ယတြာ – **ကြာသပတေးထောင့်၌ ဂန္ဓမာပန်များ ကပ်လှူပါ။**

ကုံရာသီဖွား (Aquarius) *ဇန်နဝါရီ ၂၀ မှ ဖေဖော်ဝါရီ ၁၉* – ယှဉ်ပြိုင်ဘက်ကြောင့် နာမည်ကောင်းရလာသလို စီးပွားလည်းတက်မည်။ ရန်နှင့် အခက်အခဲတို့ကို ကျော်လွှားနိုင်မည်။ အမှုအခင်းကြုံရသူတို့ အနိုင်ဒီကရီ ရရှိမည်။ ၂ ရက်နေ့၌ အရေးကြီးကိစ္စ၊ စာချုပ်စာတမ်း၊ ဘဏ်နှင့် ဟောပြောဆွေးနွေးခြင်းများ မပြုသင့်။ ၆ ရက်နေ့တွင် မိမိအစွမ်းအစဖြင့် အောင်မြင်မှုရနိုင်၍ လုပ်ငန်းသစ်စတင်သင့်၏။

ယတြာ – **စနေထောင့်၌ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပါ။**

မိန်ရာသီဖွား (Pices) *ဖေဖော်ဝါရီ ၂၀ မှ မတ် ၂၀* – အိမ်ခြံမြေ၊ ကား၊ မီဒီယာ၊ စာအုပ်နှင့် စာရေးကိရိယာ၊ ရေလမ်းကုန်သွယ်မှု၊ သီးနှံကုန်သွယ်မှုတို့ အကျိုးပေးမည်။ အကြီးအကဲတို့ထံမှ အကြံဉာဏ် ကောင်း ရယူသင့်၏။ ၎င်းတို့ကျေးဇူးဖြင့် ကြီးပွားတိုးတက်မည်။ ဥာဏ်ကောင်းမှုကြောင့် အောင်မြင်မှု ရာခိုင်နှုန်းတိုးတက်မည်။ အရေးကြီးကိစ္စများကို ၂၈ ရက်နှင့် ၄ ရက်နေ့တို့တွင် ဦးစားပေးပြုလုပ်သင့်၏။

ယတြာ – **အဂါထောင့်၌ ရောင်စုံနှင်းဆီများ ကပ်လှူပါ။**

ကာတွန်း

ဒီ တစ် ပတ် ရုပ် ရှင်

အခုတစ်ပတ်မှာတော့...

သမ္မတ၊ သွင်၊ မင်္ဂလာ(၁) နဲ့ **တော့ရွိုင်ရယ်** ရုပ်ရှင်ရုံတွေမှာ ဒါရိုက်တာ မိုက်တီး ရိုက်ကူးထားတဲ့ **'မာကြီးရှည်'** ဟာသဇာတ်ကားကိုပဲ ဆက်လက် ရုံတင်ထားပါတယ်။

မင်္ဂလာ(၂) နဲ့ **ရှေ့ဆောင်(၂)** ရုပ်ရှင်ရုံမှာ လည်း **"3AM Part 2"** သရိုးဒီ ထိုင်းဇာတ်ကားကိုပဲ ဆက်လက် ရုံတင်ထားပြီး **ရှေ့ဆောင်(၁)** ရုပ်ရှင်ရုံမှာတော့ **"Pon Peii"** သရိုးဒီ ရောမစစ်ကား စတင်ရုံတင်လာပါတယ်။

နေပြည်တော် ရုံမှာတော့ အမေရိကန်-တောင်ကိုရီးယား စိတ်ကူးယဉ်သိပ္ပံ တူးဒီအက်ရှင်ဇာတ်ကား **"Snowpiercer"** ကိုပဲ ဆက်ရုံတင်ထားပါတယ်။

ဂျန်းရှင်းမော်တင် ရုပ်ရှင်ရုံမှာတော့ **'မာကြီးရှည်'** ဇာတ်ကားနဲ့ **"Lego Movie"** သရိုးဒီကာတွန်းဇာတ်ကားတို့ကို ဆက်လက်ပြသနေပြီး

ဂျန်းရှင်းစကွဲ ရုပ်ရှင်ရုံမှာတော့ **'မာကြီးရှည်'**၊ **"Jai Ho"** တူးဒီအိန္ဒိယအက်ရှင် ဇာတ်ကားနဲ့ **"Lego Movie"** သရိုးဒီကာတွန်းဇာတ်ကားတို့ကို ရုံတင်ထားပါတယ်။

နေပြည်တော်ဂျန်းရှင်း Minitheatre မှာ ဒါရိုက်တာ ပိုင်း ရိုက်ကူးပြီး နေတိုး၊ ဖွေးဖွေး၊ သက်မွန်မြင့်တို့ အဓိကပါဝင် သရုပ်ဆောင်ထားတဲ့ **'မာယာပရောဂျက်'** ဇာတ်ကားကိုပဲ ဆက်လက်ရုံတင်ထားပြီးပါတယ်။

အိအိသူ ■

ဝမ်းနည်းနေသူ . .

အမျိုးသားတစ်ဦးဟာ ကွယ်လွန်သွားသူမိခင်ကြီးရဲ့ အုတ်ဂူပေါ်မှာ ပန်းစည်းချထားပြီးတဲ့နောက် ရပ်ထားတဲ့ကားဆီပြန်သွားချိန်မှာ အုတ်ဂူတစ်ခုရှေ့မှာ ဒူးထောက်ထိုင်နေတဲ့ အမျိုးသားတစ်ဦးထံ အာရုံရောက်သွားပါတော့တယ်။

အမျိုးသားဟာ အူလှိုက်သည်းလှိုက် ခံစားချက်နဲ့ ဆုတောင်းနေပုံရပြီး "မင်း . . ဘာဖြစ်လို့ သေသွားတာလဲ"ဆိုတဲ့စကားကို ထပ်တလဲလဲ ရေရွတ်နေပါတယ်။

ပထမအမျိုးသားဟာ အနားကို



ချဉ်းကပ်သွားပြီး "ခင်ဗျားရဲ့ကိုယ်ပိုင်ခံစားချက်ကို အနှောင့်အယှက်ပေးဖို့ မရည်ရွယ်ပါဘူး။ ဒါပေမဲ့ ခင်ဗျားရဲ့ နာကျင်ခံစားမှုဟာ အရင်က ကျွန်တော်တွေ့ဖူးတာတွေထက် ပိုဆိုးနေတယ်။ ဘယ်သူ့အတွက်ကိုမျှား ခင်ဗျားပူဆွေးနေတာလဲဗျာ။ ကလေးအတွက်လား၊ ဒါမှမဟုတ် မိဘအတွက်လားဗျာ"လို့ မေးလိုက်ပါတယ်။ မေးခွန်းကြောင့် ပူဆွေးနေတဲ့အမျိုးသားဟာ သူ့ကိုယ်သူထိန်းချုပ်လိုက်ပြီး ပြန်ဖြေလိုက်တာက "ဒီဂူထဲကလူက ကျွန်တော့်မိန်းမရဲ့ ပထမ အမျိုးသားပါဗျာ" တဲ့။

မိုမိုသော် ဘာသာပြန်သည်။ ■

PHYO'S COOKING ADVENTURE

ပုစွန်ကင်နှင့် ပြောင်းဖူးဖုတ် salsa

ဒီတစ်ပတ်တော့ ဘာဘီကျူးကို salsa လို့ခေါ်တဲ့ ချဉ်စပ်အသုပ်ဆန်ဆန် ဆော့စ်လေးတွေနဲ့ တွဲပြီး ချက်ဖို့ စီစဉ်ထားပါတယ်။ Salsa ဆိုတာ စပိန်၊ မက်ဆီကန်စတိုင်တို့လိုမျိုး ချဉ်စပ်ကလေးသုပ်ထားတဲ့ ဆော့စ်ပါ။ အကင်တွေနဲ့ တွဲစားလေ့ရှိပါတယ်။ ပုစွန်ကတော့ ကင်စားရတာ လွယ်ကူသလို ပြောင်းဖူးနဲ့လည်း လိုက်ဖက်တာမို့ ပုစွန်ကင်ကို ပြောင်းဖူးဖုတ်လေးသုပ်ပြီး တွဲထားပါတယ်။ ခရမ်းချဉ်သီးအစိမ်းကိုတော့ ချဉ်ငန်လေးသုပ်ထားပါတယ်။

ပုစွန်ကင်နှင့် ပြောင်းဖူးဖုတ် salsa

ပုစွန်ကင်နှင့် ပြောင်းဖူးဖုတ် salsa

ပါဝင်ပစ္စည်း (၄ ဦးစာ)

- ပုစွန်ကျား ၄၅၀-၅၀၀ ဂရမ်
- ပြောင်းဖူး ၃ ဖူး
- ကညွတ် ၂ စည်း
- ဟင်းသီးဟင်းရွက်ဆီ စားပွဲဇွန်း ၄ ဇွန်း
- သံပရာရည် စားပွဲဇွန်း ၂ ဇွန်း -၂ ဇွန်းခွဲ
- ငံပြာရည် စားပွဲဇွန်း ၁ ဇွန်းခွဲ
- သကြား လက်ဖက်ရည်ဇွန်း ၁ ဇွန်း
- ကြက်သွန်နီ အလတ် ၁ ဥ
- ကြက်သွန်ဖြူ ၃ မြှာ
- ငရုတ်သီးအနီတောင့်/အစိမ်းတောင့်ရှည် ၁ တောင့် (အစပ်ကြိုက်တတ်သူများ ပိုထည့်နိုင်ပါတယ်)
- ပူစီနံ (သို့) နံနံပင် လက်တစ်ဆုပ်စာ

ဖြင်ဆင်ပုံ

ပုစွန်ကျားများကို ရေဆေးကာ လက်တံများနဲ့ နှုတ်ခမ်းမွေးများကို ကတ်ကြေးနဲ့ကိုက်ပြီး ရေဆေးစစ်ထားပါ။ ပြီးရင် ခေါင်းအောက်ကနေ ကျောကုန်းအတွင်းကို ကတ်ကြေးထိပ်ပိုင်းလေး ထိုးသွင်းပြီး အကောင်တစ်ဝက်သာသာအထိ အခွံကိုညှပ်ပါ။ ပြီးရင် အနက်ကြောင်းကို ထုတ်ယူပါ။ ပြောင်းဖူးကိုလည်း အခွံနဲ့အမျှင်များ ခွာကာ ရေဆေးပြီး စစ်ထားပါ။ ကညွတ်များကိုလည်း ရေဆေးကာ အနုလေးများချိုးပြီး ရေစစ်ထားပါ။ နောက် မီးမပြင်းတပြင်းနဲ့ ပြောင်းဖူးများကို ကင်ပါ (သို့) ဖုတ်ပါ။ ကင်နေစဉ်အတွင်း အကျက်ညီအောင် ပြောင်းဖူးများကို လှည့်ပေးပါ။ ပြီးရင် အအေးခံထားပါ။

ပြောင်းဖူးကင်နေစဉ်အတွင်း ကညွတ်များကိုလည်း မီးကင်ပေးပါ။ အကျက်ညီအောင် သူ့ကိုလည်း လှည့်ပေးပါ။ ဆီအနည်းငယ်သုတ်ပြီးကင်ရင် ပိုကောင်းပါတယ်။ ကညွတ်များ နူးရင် အအေးခံပါ။ နောက် ပုစွန်များကို ကင်ပါ။ တစ်ကောင်ကို သုံးမိနစ်နီးပါးလောက် ကင်ပါ။ အကောင်ကြီးလျှင်တော့ နည်းနည်းလေး ပိုကင်ပါ။ အကြာကြီးကင်စရာမလိုပါဘူး။။ ပုစွန်များ လိမ္မော်ရောင်သန်းလာပြီဆိုရင် တစ်ဖက်ကို လှည့်ပေးပါ။ နောက်ပြီး ပုစွန် စကွေးပြီဆိုရင် စက္ကန့် ၃၀ လောက်ထားပြီး မီးဖိုပေါ်မှ ချလို့ရပါတယ်။ သူ့အရှိန်လေးနဲ့ သူဆက်ပြီး အထဲမှာ ကျက်သွားပါလိမ့်မယ်။

ပြောင်းဖူးအေးပြီဆိုရင်တော့ ပြောင်းဖူးများကို ဓားနဲ့ခြစ်ချပါ။ ကြက်သွန်နီကို နုပ်နုပ်လှီးပါ။ ငရုတ်သီးကို ထက်ခြမ်းခြမ်း၊ အစေ့ထုတ်ကာ နုပ်နုပ်လှီးပါ။ ကြက်သွန်ဖြူများကိုလည်း ညှစ် (သို့) နုပ်နုပ်စဉ်းပါ။ ကညွတ်များကို အနေတော်အရွယ် ပိုင်းဖြတ်ပါ။ Dressing အတွက် သံပရာရည်၊ သကြား၊ ငံပြာရည်၊ ဆီနဲ့ ကြက်သွန်ဖြူ နီများကို ပန်းကန်အသေးတစ်လုံးထဲမှာထည့်ပြီး နှံ့အောင်မွှေပါ။ အားလုံးပြီးပြီဆိုရင်တော့ ပန်းကန်တစ်ခုထဲမှာ ပြောင်းဖူးနဲ့ ကညွတ်တို့ကိုရောပြီး dressing ဆမ်းကာ နှံ့အောင်နယ်ပါ။ ပုစွန်ကင်များကို ပန်းကန်ထဲမှာ ခွဲထည့်ကာ ပြောင်းဖူး salsa နဲ့တွဲပြီး စားသုံးနိုင်ပါတယ်။

ခရမ်းချဉ်သီးစိမ်း salsa

ပါဝင်ပစ္စည်း (၄ ဦးစာ)

- ခရမ်းချဉ်သီးစိမ်း ၄ လုံး
- ကြက်သွန်နီ ၁ ဥ
- နံနံပင် လက်တစ်ဆုပ်စာ
- ဟင်းသီးဟင်းရွက်ဆီ စားပွဲဇွန်း ၂ ဇွန်း
- သံပရာရည် လက်ဖက်ရည်ဇွန်း ၁ ဇွန်းခွဲ
- ဆား အနည်းငယ်
- ငရုတ်ကောင်းအနက်မှုန့် အနည်းငယ်

ဖြင်ဆင်ပုံ

ခရမ်းချဉ်သီးများကို နုပ်နုပ်လှီးပါ။ အစေ့များကို ထုတ်ပစ်ပါ။ အရည် ရွဲမနေစေရန် ဖြစ်ပါတယ်။ ကြက်သွန်နီနဲ့ နံနံပင်တို့ကို နုပ်နုပ်လှီးပါ။

Dressing အတွက် ဆီ၊ သံပရာရည်၊ ဆားနဲ့ ငရုတ်ကောင်းအနက်မှုန့်တို့ကို ဖန်ခွက်အသေးတစ်ခုထဲမှာ ရောစပ်ပါ။ ပြီးရင် ပန်းကန်ထဲမှာ ခရမ်းချဉ်သီးနဲ့ ကြက်သွန်နီတို့ကို ရောစပ်ကာ dressing လေးဆမ်းပြီး သုံးဆောင်နိုင်ပါတယ်။ ဘာဘီကျူးအသား၊ ပင်လယ်စာတို့နဲ့ လိုက်ဖက်ပါတယ်။ ■

ထိုင်ပြီး အပန်းဖြေဖို့အတွက်ပဲကောင်းတဲ့ ဗိုလ်ရာညွန့်လမ်းက စားသောက်ဆိုင်ငယ်လေး

ဂှစ်တန်ိလိုက်တ်

ရန်ကုန်ရဲ့ ခေတ်ဆန်တဲ့ နေရာတွေထဲမှာ ပါဝင်တဲ့ ဗိုလ်ရာညွန့်လမ်းထဲက Fat Man ဆိုတဲ့ စားသောက်ဆိုင်လေးက စေတနာကောင်းရှိတယ်ဆိုတာကို ဆိုင်လေးရဲ့အပြင်ဘက်က နေရာလွတ်ကလေးကို ကောင်းကောင်းအသုံးချထားတာကို ကြည့်တာနဲ့ သိနိုင်ပါတယ်။ ချစ်စရာကောင်းတဲ့ သစ်သားစားပွဲလေးတွေကို ပန်းအိုးနဲ့စိုက်ထားတဲ့ အပင်စိမ်းစိမ်းစိုစိုလေးတွေရှိရာ ဥယျာဉ်ငယ်လေးနဲ့ ဝန်းရံထားပါတယ်။

နေ့တစ်နေ့အတွက် အထူးရနိုင်တဲ့အစားအစားနဲ့ သောက်စရာစာရင်းကိုတော့ သင်ပုန်းပေါ်မှာ မြေဖြူနဲ့ရေးထားပေးသလို ခေတ်ပေါ်သီချင်းတွေကိုလည်း ဖွင့်ပေးထားပါတယ်။ ဆိုင်လေးရဲ့ဝန်ထမ်းတွေက အမြဲတမ်း ပြုံးရွှင်နေပြီး စားသုံးသူတွေ စိတ်ကျေနပ်မှုရှိအောင် ဝန်ဆောင်ပေးလိုစိတ်လည်း ရှိကြပါတယ်။ ဒီနေရာလေးကတော့ ရုံးဖွင့်ရက် အလုပ်လုပ်စရာမပါတဲ့ညမျိုးတွေမှာ ကော့တေးတစ်မျိုးမျိုးနဲ့ ငြိမ့်လို့ကောင်းတဲ့ နေရာလေးပါပဲရှင့်။

ဒါပေမဲ့အစားအသောက်တွေ သိပ်မကောင်းတာမျိုး၊ အစားအစာတွေရောက်လာဖို့ အကြာကြီးစောင့်ရတာမျိုးစတဲ့ အားနည်းချက်တွေကိုတော့ အပြင်ပန်းအပြင်အဆင်တွေက ထေမိအောင် မစွမ်းဆောင်နိုင်ပါဘူး။ ပြီးတော့ ကော်ဖီ၊ သစ်သီးဖျော်ရည်နဲ့ ကော့တေး စတဲ့ သောက်စရာတစ်မျိုးတည်း ဇွတ်ကောင်းနေတာမျိုးနဲ့လည်း စားသောက်ဆိုင်တစ်ဆိုင်အဖြစ် ရပ်တည်လို့ မရပါဘူး။

ရုံးမတက်ခင်မှာ ကော်ဖီနဲ့ မနက်စာကောင်းကောင်းလေး စားသွားကြမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ရုံးဖွင့်ရက်တစ်ရက် မနက် ၈ နာရီ ၂၀ လောက်မှာ ကျွန်မတို့အုပ်စု အဲဒီဆိုင်လေးဆီရောက်ဖြစ်ခဲ့ကြပါတယ်။ ထိုင်ခုံမှာထိုင်ချလိုက်ပြီးတာနဲ့ပဲ ကိုယ်စားချင်တာတွေကို အသီးသီးမှာ လိုက်ကြပါတယ်။ အဲဒီနောက်မှာတော့ ကျွန်မတို့ စောင့်ဆိုင်းပွဲကြီးစတင်ပါတော့တယ်။

Fat Man **ဆိုင်မှဝန်ထမ်းတစ်ဦး ယမကာဖျော်စပ်နေစဉ်။** ဓာတ်ပုံ - အောင်ဌေးလှိုင်

ကျွန်မတို့ရဲ့ ကာပူခရီနို၊ ကော်ဖီနဲ့ ထောပတ်သီးဖျော်ရည်တွေကတော့ နာရီဝက်လောက်ကြာမှ စတင်ရောက်လာပါတယ်။ ဒီလိုစောင့်ရတာမျိုးကို အရင်တစ်ခေါက်တုန်းကလည်း ကျွန်မ ကြုံခဲ့ရပါသေးတယ်။ အဲဒီတုန်းကတော့ စောင့်ရတာကြာနေတာကို ဆိုင်ဝန်ထမ်းလေးက အနှေးအညှက်တောင်းပန်ပါတယ်။ ကော်ဖီဖျော်စက်က နည်းပညာအသစ်ဖြစ်နေတာကြောင့် ဝန်ထမ်းက ဘယ်လိုသုံးရမှန်းမသိဖြစ်နေတာကြောင့် ကြာသွားရတာပါတဲ့။ ဒါက ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ နည်းပညာအသစ်နဲ့စက်ကိုသုံးမယ်ဆိုမှတော့ ဝန်ထမ်းကိုလည်း စက်ဘယ်လိုသုံးရမလဲဆိုတာကို ကျွမ်းကျင်အောင် သင်ထားပေးသင့်တယ်လို့ထင်ပါတယ်။

ပထမဦးဆုံးရောက်လာတဲ့ အစားအစာကတော့ ပေါင်မုန့်ကင်ကို ကြက်ဥကြော်နဲ့ ကိုယ်နှစ်သက်ရာ အသားတစ်မျိုးမျိုးပါတဲ့ American Breakfast (ကျပ် ၃,၀၀၀) ပဲ ဖြစ်ပါတယ်။ တကယ်တော့ အဲဒါက အင်္ဂလန်မနက်စာနဲ့ပဲ ပိုတူနေပါတယ်။ ကြက်ဥမွှေကြော်ကလည်း ဆီများလို့ ပြောင်လက်နေပြီး ပေါင်မုန့်ကင်ကလည်း ပေါင်မုန့်ကြော်ပုံစံပေါက်နေပါတယ်။ ဝက်ပေါင်ခြောက်နဲ့ ဝက်အူချောင်းကြော်ကလည်း တော်တော်လေး ဝါးရပါတယ်။ အမေရိကန်မနက်စာလို့အမည်ပေးထားတဲ့ ဒီပေါင်မုန့်ကင်ထဲမှာ စားရတာ စိတ်ထဲနှစ်လိုဖွယ်ရာဖြစ်စေတဲ့ ခရမ်းချဉ်သီးကင်လေးလည်း ပါပါတယ်။ နောက် ၁၅ မိနစ်လောက်ကြာတော့ French Toast (ကျပ် ၂,၀၀၀) ရောက်လာပါတယ်။ ဒါကိုမြင်တော့ ကျွန်မတို့တစ်ဖွဲ့လုံး ဝါးကနဲ ထရယ်မိကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မီနူးမှာရေးထားတာက ပေါင်မုန့်မီးကင်ကို သကြား၊ whipped cream နဲ့ နို့ဆီ ပါတယ်လို့ ရေးထားတာပါ။ တကယ်တမ်း လာချပေးတာကတော့ မုန်လာဥနီနဲ့ မုန်လာဥဖြူအမျှင်တွေ ဖြူးထားတဲ့ အဆာပလာ ပါလေကာရုံ ဆမ်းထားပေးတဲ့ ပေါင်မုန့်ကင်မျိုး ဖြစ်နေပါတယ်။ ကျွန်မတို့တောင်းဆိုမှပဲ ဆိုင်ဝန်ထမ်းတစ်ဦးက whipped cream ဘူးတစ်ဘူးရယ်၊ ပျားရည်ခွက်သေးလေး တစ်ခွက်ရယ် လာချပေးပါတယ်။ အဲဒီတော့မှပဲ French Toast ကို အောင်အောင်မြင်မြင်စားလို့ရသွားပါတော့တယ်။ ကျွန်မတို့အုပ်စု စိတ်ပျက်စရာတွေ ဆက်တိုက်ကြုံနေရပါတယ်။ တစ်နာရီလောက် အချိန်ပေးခဲ့ရပြီးတဲ့နောက်မှာ ထောပတ်သီးဖျော်ရည်နဲ့ Healthy Breakfast ရောက်လာဖို့ ထပ်ပြီးစောင့်နေရတုန်းပါပဲ။ ဒီတစ်ခါတော့ ဆိုင်ဝန်ထမ်းလေးတွေဟာ သူတို့ကြောနေတာကို သေသေချာချာသိသွားကြတဲ့ပုံပါပဲ။ စားသုံးသူတွေကို မေတ္တာလက်ဆောင်အဖြစ်ပေးတဲ့ ပန်ကိတ်တစ်ခု လာချပေးပါတယ်။ ဒီအချိုပွဲကို ဘယ်လောက်ကြာကြာ အချိန်ပေးခဲ့ရလဲဆိုတာ မသိပေမယ့် ပန်းသီးစိတ်ခပ်ပါးပါးလေးတွေ၊ ဝက်ဆားနယ်ခြောက်ကြော် ခပ်ကြွပ်ကြွပ်နဲ့ ကရင်မနည်းနည်းဖြူးထားတဲ့ ပန်ကိတ်က အကောင်းဆုံးစားစရာ ဖြစ်နေပါတယ်။

Healthy Breakfast (ကျပ် ၃,၀၀၀)ကတော့ ကျန်းမာရေးနဲ့ လုံးဝကို မညီညွတ်ပါဘူး။ အဲဒါကတော့ ပါးပါးလှီးထားတဲ့ ဆလတ်ရွက်၊ ဂေါ်ဖီနဲ့ မုန်လာဥနီပုံပေါ်မှာ ကြက်ဥပြုတ် အတုံးလေးတွေနဲ့ အဆီများများ ဝက်ဆားနယ်ခြောက်အလွှာလေးတွေ အပေါ်ကတင်ပေးထားတဲ့ ဆီအိနေတဲ့ အရွက်သုပ်ပါပဲ။

အရင်အခေါက်တွေ သွားတုန်းကလည်း တူနာဆင်းဒ်ဝှစ်ချ်၊ အာလူးချောင်းကြော်နဲ့ ကြက်ကင်တို့ကို မြည်းစမ်းကြည့်ခဲ့ဖူးပါတယ်။ အဆိုးကြီး မဟုတ်သလို ကောင်းလှချည်ရဲ့လို့လည်း ပြောလို့မရပါဘူး။ အမေရိကန်မြောက်ပိုင်းက စွေးပေါတဲ့စားသောက်ဆိုင်က အစားအစာမျိုးတွေကို တောင့်တတယ်ဆိုရင်တော့ ဒီဆိုင်မှာစားလို့ အဆင်ပြေမှာပါ။ ဒါပေမဲ့ အခုလို အပြိုင်အဆိုင်များလှတဲ့ ပတ်ဝန်းကျင်မှာ ဆိုင်ဖွင့်ထားရင်တော့ Fat Man ရဲ့ဆိုင်ရှင်ဟာ ဒီထက်ပိုကောင်းအောင် ကြိုးစားသင့်တယ်လို့ ကျွန်မထင်ပါတယ်။ ဒါပေမဲ့ ဝန်ဆောင်မှုမှာ ကျွမ်းကျင်မှုမရှိတာ ဒီစားသောက်ဆိုင်တစ်ခုတည်း မဟုတ်ပါဘူး။ ပြီးတော့ ရန်ကုန်မှာ စားသောက်ဆိုင်အသစ်တွေနဲ့ ဝန်ဆောင်မှုပေးချင်တဲ့၊ အကူအညီကောင်းတွေရှာဖို့ ကြိုးစားနေတဲ့ စားသောက်ဆိုင်ပိုင်ရှင်အသစ်တွေကို တချို့ကတော့ သနားကောင်း သနားကြမှာပါ။ ပြီးတော့ ရန်ကုန်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်တွေနဲ့ မုန့်ဆိုင်တွေမှာဆိုရင် စားစရာသောက်စရာတွေကို အမြန်ဆုံးနှုန်းထားနဲ့ စားပွဲတွေပေါ်ချပေးနိုင်ကြပါတယ်။ အပြောင်းအလဲတွေကိုလည်း စက္ကန့်ပိုင်းအတွင်းမှာ လုပ်ပေးနိုင်ကြပါတယ်။ ဒီလိုလျင်မြန်ဖျတ်လတ်မှုတွေထဲက နည်းနည်းလောက်ရှိရင် ဒီဆိုင်လည်း အပြစ်ပြောစရာနည်းသွားမယ်လို့ ထင်ပါတယ်။ ■

Food	5
Beverage	8
Service	5
X-factor	7
Value for money	7
Total Score	**6.4 /10**

DOMESTIC FLIGHT SCHEDULES

YANGON TO NAY PYI TAW

Flight	Days	Dep	Arr
YH 833	2	7:00	8:10
FMI A1	1,2,3,4,5	7:30	8:30
Y5 777	1,2,3,4,6	7:45	8:25
FMI A1	6	8:00	9:00
FMI B1	1,2,3,4,5	11:30	12:30
FMI A1	7	15:30	16:30
FMI C1	1,2,3,4,5	16:30	17:30

NAY PYI TAW TO YANGON

Flight	Days	Dep	Arr
FMI A2	1,2,3,4,5	8:50	9:50
FMI A2	6	10:00	11:00
YH 834	2	13:00	13:55
FMI B2	1,2,3,4,5	13:00	14:00
FMI A2	7	17:00	18:00
Y5 778	1,2,3,4,6	17:30	18:10
FMI C2	1,2,3,4,5	18:00	19:00

YANGON TO MANDALAY

Flight	Days	Dep	Arr
YH 917	2,5	6:00	7:40
YH 909	1,3,4,6,7	6:00	7:40
YJ 891	Daily	6:00	8:05
YJ 901	Daily	6:10	7:35
YH 917	1,3,4,6,7	6:10	8:30
Y5 234	Daily	6:15	7:30
6T 401	Daily	6:20	8:25
YH 833	2	7:00	9:10
W9 201	Daily	7:30	8:55
8M 6603	2,4,7	9:00	10:10
YJ 751/W9 7751	5,7	10:30	12:25
YJ 761	1,2,4,6	10:30	12:25
YJ 211	5,7	11:00	12:25
YJ 201	2,3,4	11:00	12:25
YJ 601/W9 7601	6	11:00	13:05
YH 737	3,7	11:15	13:25
YH 727	1	11:15	13:25
YH 729	6	11:15	14:15
W9 251	2,5	11:15	12:40
YH 737	5	11:30	13:40
YH 729	2,4	11:30	14:30
YJ 003	3	11:30	12:55
6T 807	7	11:30	12:55
6T 807	1	12:00	13:25
W9 129	Daily	15:00	16:55
YH 731	Daily	15:00	17:10
6T 501	Daily	15:30	17:30
W9 211	Daily	15:30	16:55

MANDALAY TO YANGON

Flight	Days	Dep	Arr
YJ 901	Daily	7:50	9:55
YH 909	1,3,4,6,7	7:40	9:45
Y5 233	Daily	8:10	9:25
YJ 891	Daily	8:20	10:15
YH 918	1,3,4,6,7	8:30	10:45
6T 402	Daily	8:45	10:45
YH 918	2,5	9:10	11:05
W9 201	Daily	9:10	11:05
W9 144	Daily	9:20	10:45
Y5 132	3,5,6,7	9:30	10:30
YH 834	2	12:00	13:55
YH 832	4,6	12:30	13:55
6T 808	7	13:15	15:15
YJ 212	7	15:00	16:55
6T 808	1	13:45	15:45
YJ 212	5	15:00	16:55
YJ 202	2,4	15:30	16:55
YJ 202	3	16:00	17:55
YJ 762	1,2,4,6	16:05	17:30
YJ 602/W9 7602	6	16:20	17:45
W9 120	1,3,6	16:30	17:55
YH 728	1	16:45	18:10
YH 738	5	17:05	19:00
W9 129	Daily	17:10	18:35
YH 732	Daily	17:10	19:15
W9 211	Daily	17:10	19:15
8M 6604	2,4,7	17:20	18:30
YJ 752/W9 7752	5,7	17:20	18:45
YH 738	3,7	17:25	18:50
6T 502	Daily	17:50	19:55
YJ 004	3	18:00	19:25
YH 730	6	18:00	19:25
YH 730	2,4	18:15	19:40

YANGON TO NYAUNG U

Flight	Days	Dep	Arr
YJ 891	Daily	6:00	7:20
YH 917	2,5	6:00	8:25
YH 909	1,3,4,6,7	6:00	8:25
YH 909	2,5	6:10	7:45
YH 917	1,3,4,6,7	6:10	7:45
YJ 901	Daily	6:10	8:20
W9 141	Daily	6:15	7:35
6T 401	Daily	6:20	7:40
6T 351	1,2,3,4,6,7	6:30	7:50
W9 143	Daily	7:15	8:35
YJ 601/W9 7601	6	11:00	12:20
YH 731	Daily	15:00	17:55
W9 211	Daily	15:30	17:40
6T 501	Daily	15:30	18:20

NYAUNG U TO YANGON

Flight	Days	Dep	Arr
YJ 891	Daily	7:35	10:15
YH 917	1,3,4,6,7	7:45	10:45
W9 141	Daily	7:50	10:40
YH 918	2,5	8:25	11:05
YH 910	1,3,4,6,7	8:25	9:45
YJ 901	Daily	8:35	9:55
W9 144	Daily	8:50	10:10
YH 910	2,5	9:35	10:55
6T 351	5	10:50	13:55
W9 211	Daily	17:55	19:15
YH 732	Daily	17:55	19:15
6T 502	Daily	18:35	19:55

YANGON TO MYITKYINA

Flight	Days	Dep	Arr
YH 833	2	7:00	10:35
YH 831	4,6	7:00	10:35
YJ 201	2,4	11:00	13:50
YJ 201	3	11:00	14:20
W9 251	2,5	11:15	14:10

MYITKYINA TO YANGON

Flight	Days	Dep	Arr
YH 834	2	10:35	13:55
YH 832	4,6	10:35	13:55
YJ 202	2,4	14:05	16:55
YJ 202	3	14:35	17:55
W9 252	2,5	16:05	19:00

YANGON TO HEHO

Flight	Days	Dep	Arr
YJ 891	Daily	6:00	8:50
YH 917	2,5	6:00	9:55
YH 909	2,5	6:10	8:40
YH 917	1,3,4,6,7	6:10	9:35
W9 141	Daily	6:15	8:20
6T 401	Daily	6:20	9:20
6T 351	1,2,3,4,6,7	6:30	8:45
W9 201	Daily	7:30	9:40
YJ 751/W9 7751	5,7	10:30	11:40
YJ 761	1,2,4,6	10:30	11:40
YH 505	3,4,6,7	10:30	11:55
YH 737	3,7	11:15	12:40
YH 727	1	11:15	12:40
YH 505	2	11:30	12:55
YH 737	5	11:30	12:55
YJ 201	3	11:00	12:10
W9 203	Daily	11:00	12:10
W9 119	1,3,6	11:15	12:25
6T 807	7	11:30	13:50
6T 807	1	12:00	14:20
W9 129	Daily	15:00	16:10
YH 731	Daily	15:00	16:25
6T 501	Daily	15:30	16:40

HEHO TO YANGON

Flight	Days	Dep	Arr
W9 141	Daily	8:35	10:40
YH 910	2,5	8:40	10:55
6T 352	Daily	9:00	11:10
YJ 891	Daily	9:05	10:15
YH 918	1,3,4,6,7	9:35	10:45
6T 402	Daily	9:35	10:45
YH 918	2,5	9:55	11:05
W9 201	Daily	9:55	11:05
YH 505	3,4,6,7	11:55	14:00
W9 204	Daily	12:25	13:35
YH 505	2	12:55	15:00
6T 808	7	14:05	15:15
6T 808	1	14:35	15:45
W9 120	1,3,6	15:45	17:55
YJ 762	1,2,4,6	15:20	17:30
YJ 212	5,7	15:45	16:55
YH 728	1	16:00	18:10
YH 738	3,7	16:40	18:50
W9 129	Daily	16:25	18:35
YH 731	Daily	16:25	19:15
YJ 202	3	16:45	17:55
6T 501	Daily	16:55	19:55
YH 738	5	17:50	19:00

YANGON TO SITTWE

Flight	Days	Dep	Arr
YH 511	1	10:30	12:05
6T 605	Daily	11:15	13:15
YH 511	5	11:30	13:05
W9 309	1,3,5,6,7	11:30	12:55
6T 611	4,6	14:30	15:55

SITT WE TO YANGON

Flight	Days	Dep	Arr
YH 511	1	12:05	13:55
YH 511	5	13:05	14:55
6T 606	Daily	13:35	15:00
6T 612	4,6	16:15	17:40

YANGON TO MYEIK

Flight	Days	Dep	Arr
YH 633	1,3,5,7	7:00	9:15

MYEIK TO YANGON

Flight	Days	Dep	Arr
YH 634	1,3,5,7	11:25	13:25

YANGON TO THANDWE

Flight	Days	Dep	Arr
W9 141	Daily	6:15	9:35
6T 351	1,2,3,4,6,7	6:30	10:00
YH 511	1	10:30	13:05
YH 505	3,4,6,7	10:30	13:10
6T 605	Daily	11:15	12:10
YH 505	2	11:30	14:10
W9307	2,4	11:30	13:50
W9 309	1,3,5,6,7	11:30	13:50
YH 511	5	11:30	14:05

THANDWE TO YANGON

Flight	Days	Dep	Arr
W9 141	Daily	9:50	10:40
6T 632	1,2,3,4,6,7	10:15	11:10
6T 605	Dailys	12:25	15:00
6T 632	5	13:00	13:55
YH 512	1	13:05	13:55
YH 506	3,4,6,7	13:10	14:00
W9 307	2,4	14:05	14:55
W9 309	1,3,5,6,7	14:05	14:55
YH 512	5	14:05	14:55
YH 506	2	14:10	15:00

Domestic Airlines

Air Bagan Ltd. (W9)
Tel : 513322, 513422, 504888, Fax : 515102

Air KBZ (K7)
Tel: 372977~80, 533030~39 (Airport),
Fax: 372983, Hot Line: 373766

Air Mandalay (6T)
Tel : (Head Office) 501520, 525488,
Fax: 525937. Airport: 533222~3, 09-73152853.
Fax: 533223.

Asian Wings (YJ)
Tel: 951 515261~264, 512140, 512473, 512640.
Fax: 951 532333, 516654

Golden Myanmar Airlines (Y5)
Tel: 95 9 400446999, 95 9 400447999,
Fax: 01 860 4051

Yangon Airways(YH)
Tel: (+95-1) 383 100, 383 107, 700 264,
Fax: 652 533.

FMI Air Charter - Sales & Reservations
Tel: (95-1) 240363, 240373 / (+95-9) 421146545

Domestic

6T = Air Mandalay
W9 = Air Bagan
YJ = Asian Wings
K7 = AIR KBZ
YH = Yangon Airways
FMI = FMI AIR Charter
Y5 = Golden Myanmar Airlines

Subject to change without notice

Day			
1	= Monday	4	= Thursday
2	= Tuesday	5	= Friday
3	= Wednesday	6	= Saturday
		7	= Sunday

First class information from a source you can trust is now more important than ever.
Which is why more than half a million people read the newspaper for business and lifestyle.

When you need
information you can trust.
The Myanmar Times.
Still the benchmark.

www.mmtimes.com
Heartbeat of the Nation

@TheMyanmarTimes

facebook.com/
myanmartimes

Online or with our print editions you can be sure of accuracy and professionalism.
It's so easy to subscribe. Just email subscribe.mt@gmail.com or dial our hotline +951 392 928

INTERNATIONAL FLIGHT SCHEDULES

YANGON TO BANGKOK

Flights	Days	Dep	Arr
PG 706	Daily	7:15	9:30
8M 335	Daily	8:40	10:25
TG 304	Daily	9:50	11:45
PG 702	Daily	10:30	12:25
TG 302	Daily	14:55	16:50
PG 708	Daily	15:20	17:15
8M 331	Daily	16:30	18:15
PG 704	Daily	18:20	20:15
Y5 237	Daily	18:05	19:50
TG 306	Daily	19:45	21:40

YANGON TO DON MUENG

Flights	Days	Dep	Arr
DD 4231	Daily	8:00	9:45
FD 2752	Daily	8:30	10:20
FD 2756	Daily	12:50	14:40
FD 2754	Daily	17:35	19:25
FD 2758	1,2,3,4	20:55	22:50
DD 4239	Daily	21:00	22:55

YANGON TO SINGAPORE

Flights	Days	Dep	Arr
MI 509	1,2,6,7	0:25	5:00
8M 231	Daily	8:00	12:25
8M 233	5,6,7	14:00	18:25
Y5 233	Daily	10:10	14:40
SQ 997	Daily	10:25	14:45
3K 586	Daily	11:40	16:20
MI 517	Daily	16:40	21:15
TR 2827	1,6,7	15:10	19:35
TR 2827	2,3,4,5	17:10	21:35
3K 588	2,3,5	19:30	00:10+1

YANGON TO KUALA LUMPUR

Flights	Days	Dep	Arr
8M 501	1,3,5,6	8:55	12:55
AK 1427	Daily	8:30	12:50
MH 741	Daily	12:15	16:30
MH 743	Daily	16:00	20:15
AK 1421	Daily	19:05	23:20

YANGON TO BEIJING

Flights	Days	Dep	Arr
CA 906	2,3,4,6,7	14:15	21:55

YANGON TO GAUNGZHOU

Flights	Days	Dep	Arr
8M 711	2,4,7	8:40	13:15
CZ 3056	3,6	11:35	15:50
CZ 3056	1,5	17:40	22:05

YANGON TO TAIPEI

Flights	Days	Dep	Arr
CI 7916	1,2,3,5,6	10:50	16:15

YANGON TO KUNMING

Flights	Days	Dep	Arr
MU 2012	1,3	12:20	18:20
MU 2032	Daily	14:40	18:00
CA 906	2,3,4,6,7	14:15	17:35

YANGON TO CHIANG MAI

Flights	Days	Dep	Arr
W9 9607	4,7	14:30	16:20

YANGON TO HANOI

Flights	Days	Dep	Arr
VN 956	1,3,5,6,7	19:10	21:25

YANGON TO HO CHI MINH CITY

Flights	Days	Dep	Arr
VN 942	2,4,7	14:25	17:10

YANGON TO DOHA

Flights	Days	Dep	Arr
QR 619	Daily	7:30	11:15

YANGON TO PHNOM PENH

Flights	Days	Dep	Arr
8M 403	1,3,6	8:35	12:30

YANGON TO SEOUL

Flights	Days	Dep	Arr
0Z 770	4,7	0:50	8:50
KE 472	2,3,4	23:35	07:45+1

YANGON TO HONG KONG

Flights	Days	Dep	Arr
KA 251	1,2,4,6	01:10	05:35

YANGON TO TOKYO

Flights	Days	Dep	Arr
NH 914	Daily	22:10	06:45+1

YANGON TO SIEM REAP

Flights	Days	Dep	Arr
8M 401	1,3,6	8:35	10:45

YANGON TO GAYA

Flights	Days	Dep	Arr
8M 601	1,3,5,6	9:00	10:20

YANGON TO DHAKA

Flights	Days	Dep	Arr
BG 061	1,4	19:30	20:45

MANDALAY TO BANGKOK

Flights	Days	Dep	Arr
TG 2982	1,2,4,6	9:50	12:00
TG 2984	3,5	19:35	21:45
PG 710	Daily	14:15	16:40

MANDALAY TO DON MUENG

Flights	Days	Dep	Arr
FD 2761	Daily	12:50	15:15

MANDALAY TO KUNMING

Flights	Days	Dep	Arr
MU 2030	Daily	14:40	17:20

NAYPYIDAW TO BANGKOK

Flights	Days	Dep	Arr
PG 722	1,2,3,4,5	19:45	22:45

BANGKOK TO YANGON

Flights	Days	Dep	Arr
8M 336	Daily	11:55	12:40
TG 303	Daily	8:00	8:45
PG 701	Daily	8:50	9:40
TG 301	Daily	13:00	13:45
PG 707	Daily	13:40	14:30
PG 703	Daily	16:45	17:35
TG 305	Daily	17:50	18:45
8M 332	Daily	19:20	20:05
PG 705	Daily	20:00	21:15
Y5 238	Daily	21:10	21:55

DON MUENG TO YANGON

Flights	Days	Dep	Arr
DD 4230	Daily	6:30	7:15
FD 2751	Daily	7:15	8:00
FD 2755	Daily	11:35	12:20
FD 2753	Daily	16:20	17:05
FD 2757	1,2,3,4	19:35	20:25
DD 4238	Daily	19:25	20:15

SINGAPORE TO YANGON

Flights	Days	Dep	Arr
SQ 998	Daily	7:55	9:20
3K 585	Daily	9:10	10:40
8M 232	Daily	13:25	14:50
TR 2826	1,6,7	13:10	14:30
MI 518	Daily	14:20	15:45
TR 2826	2,3,4,5	15:00	16:30
Y5 234	Daily	15:35	17:05
3K 587	2,3,5	17:20	18:50
8M 234	5,6,7	19:25	20:50
MI 520	1,2,6,7	22:10	23:35

BEIJING TO YANGON

Flights	Days	Dep	Arr
CA 905	2,3,4,6,7	8:05	13:15

KAULA LUMPUR TO YANGON

Flights	Days	Dep	Arr
AK 1426	Daily	6:55	8:00
MH 740	Daily	10:05	11:15
MH742	Daily	13:50	15:00
8M 502	1,3,5,6	14:00	15:00
AK 1420	Daily	17:20	18:25

GUANGZHOU TO YANGON

Flights	Days	Dep	Arr
CZ 3055	3,6	8:35	10:35
CZ 3055	1,5	14:40	16:40
8M 712	2,4,7	14:15	15:50

TAIPEI TO YANGON

Flights	Days	Dep	Arr
CI 7915	1,2,3,5,6	7:00	9:55

KUNMING TO YANGON

Flights	Days	Dep	Arr
MU 2011	1,3	8:25	11:40
CA 905	2,3,4,6,7	13:00	13:15
MU 2031	Daily	13:30	14:00

CHIANG MAI TO YANGON

Flights	Days	Dep	Arr
W9 9608	4,7	17:20	18:10

HANOI TO YANGON

Flights	Days	Dep	Arr
VN 957	1,3,5,6,7	16:35	18:10

HO CHI MINH CITY TO YANGON

Flights	Days	Dep	Arr
VN 943	2,4,7	11:40	13:25

DOHA TO YANGON

Flights	Days	Dep	Arr
QR 618	Daily	21:15	06:29+1

GAYA TO YANGON

Flights	Days	Dep	Arr
8M 602	1,3,5,6	11:20	14:30

PHNOM PENH TO YANGON

Flights	Days	Dep	Arr
8M 404	1,3,6	13:30	14:55

SEOUL TO YANGON

Flights	Days	Dep	Arr
KE 471	2,3,4	18:30	22:30
0Z 769	3,6	19:30	23:40

TOKYO TO YANGON

Flights	Days	Dep	Arr
NH 913	Daily	11:45	17:15

HONG KONG TO YANGON

Flights	Days	Dep	Arr
KA 250	1,3,5,7	21:50	23:45

DHAKA TO YANGON

Flights	Days	Dep	Arr
BG 060	1,4	16:15	18:30

BANGKOK TO MANDALAY

Flights	Days	Dep	Arr
TG 2981	1,2,4,6	7:45	9:00
TG 2983	3,5	17:30	18:45
PG 709	Daily	12:05	13:25

DON MUEANG TO MANDALAY

Flights	Days	Dep	Arr
FD 2760	Daily	10:55	12:20

KUNMING TO MANDALAY

Flights	Days	Dep	Arr
MU 2029	Daily	13:55	13:50

BANGKOK TO NAYPYIDAW

Flights	Days	Dep	Arr
PG 721	1,2,3,4,5	17:15	19:15

International Airlines

Air Asia (FD)
Tel: 251 885, 251 886.

Air Bagan Ltd.(W9)
Tel : 513322, 513422, 504888, Fax : 515102

Air China (CA)
Tel : 666112, 655882.

Air India
Tel : 253597~98, 254758. Fax: 248175

Bangkok Airways (PG)
Tel: 255122, 255 265, Fax: 255119

Condor (DE)
Tel: + 95 1 -370836 up to 39 (ext : 810)

Dragonair (KA)
Tel: 95-1-255320, 255321, Fax : 255329

Golden Myanmar Airlines (Y5)
Tel: 95 9 400446999, 95 9 400447999,
Fax: 01 860 4051

Malaysia Airlines (MH)
Tel : 387648, 241007 ext : 120, 121, 122
Fax : 241124

Myanmar Airways International(8M)
Tel : 255260, Fax: 255305

Silk Air(MI)
Tel: 255 287~9, Fax: 255 290

Thai Airways (TG)
Tel : 255491~6, Fax : 255223

Vietnam Airlines (VN)
Fax : 255086. Tel 255066/ 255088/ 255068.

Qatar Airways (Temporary Office)
Tel: 379845, 379843, 379831, Fax: 379730

Biman Bangladesh Airlines (BG)
Tel: 371867~68, Fax: 371869.

International

FD & AK = Air Asia	
TG = Thai Airways	
8M = Myanmar Airways International	
Y5 = Golden Myanmar Airlines	
PG = Bangkok Airways	
MI = Silk Air	
VN = Vietnam Airline	
MH = Malaysia Airlines	
CZ = China Southern	
CI = China Airlines	
CA = Air China	
KA = Dragonair	
Y5 = Golden Myanmar Airlines	
IC = Indian Airlines Limited	
W9 = Air Bagan	
3K = Jet Star	
AI = Air India	
QR = Qatar Airways	
KE = Korea Airlines	
NH = All Nippon Airways	
SQ = Singapore Airways	
DE = Condor Airlines	
MU=China Eastern Airlines	
BR = Eva Airlines	
DE = Condor	
AI = Air India	
BG = Biman Bangladesh Airlines	

Subject to change without notice

Day		
1	=	Monday
2	=	Tuesday
3	=	Wednesday
4	=	Thursday
5	=	Friday
6	=	Saturday
7	=	Sunday

ပြည်တွင်းဘုရားဖူးခရီးသွားလေးသန်းခွဲခန့် ရှိလာနိုင်

အိအိသူ
ရေးသားသည်။

ပြည်တွင်းဘုရားဖူးလုပ်ငန်းများ တိုးတက်လာလျက်ရှိရာ ၂၀၁၄ ခုနှစ်အတွင်းပြည်တွင်းဘုရားဖူးခရီးသွားသူ အရေအတွက် ၄ ဒသမ ၅ သန်းခန့် ရှိလာ နိုင်ရန်ခန့်မှန်းထားကြောင်း ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးသန်းဌေးက မြန်မာတိုင်း(မ်)ကို ပြောသည်။

"မြန်မာလူမျိုးတွေအနေနဲ့ ခရီးသွားရမယ်ဆိုတာကိုသိလာကြပါတယ်။ လမ်းတွေ၊ ကားတွေ အရင်ကထက်ပိုကောင်းလာတာကြောင့် အချိန်တိုအတွင်း ခရီးသွားနိုင်ငံပြိုဖြစ်တဲ့အတွက် ခရီးသွားတဲ့သူတွေ ပိုများလာကြပါတယ်။ ပြည်တွင်းဘုရားဖူးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး ဈေးနှုန်းကလည်း သက်သာတာကြောင့် လူတိုင်းသွားနိုင်ကြပါပြီ" ဟု ၎င်းက ပြောသည်။

ပြည်တွင်းဘုရားဖူး ခရီးသွားအရေအတွက်သည် ၂၀၁၀ ပြည့်နှစ်တွင် ၁ ဒသမ ၁ သန်းခန့်ရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၃ ဒသမ ၅ သန်းခန့် အထိတိုးတက်လာခဲ့သည်ဟု ဦးသန်းဌေးက ဆိုသည်။

"တိုးတက်ပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေကြောင့် သွားလိုတဲ့နေရာဒေသကို လွတ်လွတ်လပ်လပ်သွားလာနိုင်ကြပြီး ဈေးနှုန်းကလည်း လူတန်းစားမျိုးစုံ သွားလာနိုင်တဲ့အတွက် ပြည်တွင်းခရီးသွားည့်သည်တွေ တစ်နှစ်ထက်တစ်နှစ်ပိုများလာတာပါ" ဟု ၎င်းက ပြောသည်။

အများဆုံးသွားကြသောနေရာများမှာ ကျိုက်ထီးရိုး၊ ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်၊ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ မုံရွာ စသည်တို့ဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် အင်းတော်ကြီးသို့လည်း အသွားများကြကြောင်း ၎င်းကပြောသည်။

"ပြီးခဲ့တဲ့ ပြည်ထောင်စုနေ့က တစ်ခါမှ မကြုံဘူးတဲ့ ကျိုက်ထိုကနေ ကင်ပွန်းစခန်းအထိ ကျိုက်ထီးရိုးကိုသွားတဲ့ ဘုရားဖူးကားတွေကြောင့် ကားလမ်းတွေပိတ်တဲ့အထိဖြစ်ခဲ့ပါတယ်" ဟု ဦးသန်းဌေးက ပြောသည်။

၂၀၁၃ ခုနှစ်မှစတင်ပြီး ပြည်တွင်းဘုရားဖူးခရီးသွားများပိုမိုများပြားလာကာ ပို့ဆောင်ပေးသောယာဉ်များကိုလည်း အဆင့်မြင့်ကားအသစ်များဖြင့် အစားထိုးပြေးဆွဲပေးခဲ့ပြီး ထပ်မံ၍ ပြည်တွင်းဘုရားဖူးခရီးသွားလုပ်ငန်းရှင်များနှင့် ဘုရားဖူးခရီးသွားည့်သည်တို့အကြား အဆင်ပြေစေရန် ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အသင်းကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

"မြန်မာတွေ ခရီးသွားတတ်လာကြတယ်။ ကိုယ့်ဒေသမှာမရှိတဲ့ ဘုရားပုထိုးတွေကိုဖူးချင်လာကြတယ်။ ထူးထူးဆန်းဆန်းနေရာတွေကို သွားချင်လာကြတယ်" ဟု ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းအဖွဲ့ဝင် သုခမိန်စာပေပြည်တွင်းဘုရားဖူးပို့ဆောင်ရေးမှ ဦးမျိုးဦးက မြန်မာတိုင်း(မ်)ကိုပြောသည်။

ပြည်တွင်းဘုရားဖူးခရီးသွားလုပ်ငန်းသည် တစ်မြို့နှင့်တစ်မြို့ကူးလူးဆက်သွယ်မှုပေးနိုင်သောကြောင့် ဘုရားဖူးည့်သည်များသည် ဘုရားဖူးရင်း ဒေသထွက်ကုန်များကို ဝယ်ယူကြသည်။ ည့်သည်အလာများသော ဒေသသည် သူ့အလိုလို ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသရှိ ဘုရားပုထိုးကျောင်းကန်များနှင့် သာသနိကအဆောက်အအုံများတိုးတက်လာကြသည်။

ထို့ကြောင့် ပြည်တွင်းဘုရားဖူးခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ အကျိုးစီးပွားကိုထောက်ပံ့ပေးနိုင်သောကြောင့် အရေးပါသော ကဏ္ဍတွင် ပါဝင်နေသည်ဟု ဦးမျိုးဦးကပြောသည်။

ရန်ကုန်မြို့အတွင်း ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်းရှင်ပေါင်း ၃၀၀ ကျော်ရှိပြီး ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဝင်အရေအတွက် ၁၈၀ နီးပါးခန့်ရှိသည်။ ■

THE MYANMAR TIMES
အင်္ဂလိပ်ဘာသာ
Sport
■ နိုင်ငံတကာ ■ ပြည်တွင်း
သောကြာနေ့၊ ဖေဖော်ဝါရီ ၂၈ - မတ် ၆၊ ၂၀၁၄

၂၃+၁၈ နဲ့ ခံစစ်လျော့ရဲရဲကြီးမှာ လူးလွန့်နေတဲ့ လီဗာပူး

ဒေါင်မိုးဇော်

ဆွမ်ဆီးအသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူပြီး အောင်ပွဲခံနေသည့် လီဗာပူးတိုက်စစ်မှူးဆွာရက်ဇ်နှင့် စတားရစ်ချ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

လီဗာပူးဆိုတာ ပရီမီယာလိဂ် ချန်ပီယံဖလားနဲ့ ဝေးနေတာ အတော်ကိုကြာပါပြီ။ အခုနောက်ပိုင်းမှာ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့တောင် အတော်ကို ဝေးကွာနေတဲ့အသင်းဖြစ်ပါတယ်။ အခုနှစ်ရာသီမှာတော့ လီဗာပူးဟာ ချန်ပီယံအိပ်မက်ကို ရေးရေးလေးမက်ခွင့်ရနေသလို ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာကိုတော့ မျှော်လင့်နိုင်စရာဖြစ်လာနေပြီဖြစ်ပါတယ်။ ပွဲစဉ်(၂၇) ကစားအပြီးမှာ ၅၆ မှတ်နဲ့ အဆင့်(၄)နေရာကို ရရှိထားခဲ့ပြီးထိပ်ဆုံးက ချယ်လ်ဆီးနဲ့ လေးမှတ် အကွာဆိုတဲ့ အနေအထားက လီဗာပူးအတွက် ဘာမဆိုဖြစ်နိုင်စရာလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်သလို ချန်ပီယံလိဂ်ဝင်ခွင့်ဆိုတာလည်း ဖြစ်လာနိုင်တဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်ထိ သူတို့ရဲ့ တိုက်စစ်က အကောင်းဆုံးပုံစံမှာ ရှိနေပြီး ခံစစ်ကတော့ လျော့ရဲရဲခံစစ်ဖြစ်နေတော့ ချန်ပီယံဖြစ်ချင်မှ ဖြစ်နိုင်သလို ချန်ပီယံလိဂ်ဝင်ခွင့်ဆိုတာလည်း လက်လွတ်ချင်လက်လွတ်သွားရနိုင်တာမျိုးလည်း ဖြစ်လာဖွယ်ရှိနေပါတယ်။

လက်ရှိပရီမီယာလိဂ်မှာ ဂိုးအများဆုံးသွင်းထားနိုင်တဲ့အသင်းက လီဗာပူးဖြစ်လာနေပြီဖြစ်ပါတယ်။ ပထမရာသီဝက်ကာလက မန်စီးတီးဟာ ပရီမီယာလိဂ်မှာ ဂိုးအများဆုံးသွင်းထားတဲ့အသင်းဖြစ်နေပြီး အခုဒုတိယရာသီဝက်မှာတော့ မန်စီးတီးတိုက်စစ်ဟာ ဂိုးသွင်းအားကျဆင်းသွားခဲ့ပြီး လီဗာပူးက ဂိုးသွင်းအားတည်ငြိမ်ခြင်းနဲ့ အကောင်းဆုံးတိုက်စစ်ကို ထိန်းထားနိုင်ဆဲဖြစ်နေပါတယ်။ လူးဝစ်ဆွာရက်ဇ်၊ စတားရစ်ချ်ဆိုတဲ့ တိုက်စစ်အတွဲက လီဗာပူးရဲ့ပြယုဂ်ပဲဖြစ်ပါတယ်။ ၂၃+၁၈ ဆိုတာ ပွဲစဉ်(၂၇)အပြီးမှာ ဆွာရက်ဇ်နဲ့စတားရစ်ချ်တို့ ပရီမီယာလိဂ်မှာ သွင်းထားတဲ့ သွင်းဂိုးတွေပဲဖြစ်ပါတယ်။ လီဗာပူးရဲ့ပွဲတစ်ပွဲမှာ ဆွာရက်ဇ် ဂိုးသွင်းရင်သွင်း၊ မသွင်းရင် စတားရစ်ချ်က သွင်း၊ ဒါမှမဟုတ်ရင် နှစ်ဦးစလုံးကသွင်း၊ ဒီကြားထဲမှာ စတာလင်၊ ကော်တင်ညို၊ ဂျရတ်၊ ဟင်ဒါဆင်တို့က ဂိုးတွေကြိုးကြားကြိုးကြား သွင်းဆိုတာက လီဗာပူးရဲ့တိုက်စစ်ကောင်းခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒီလိုတိုက်စစ်တွဲကောင်းတဲ့ အသင်းမျိုးက မန်စီးတီးမှာပဲ ရှိနိုင်ပြီး ချယ်လ်ဆီး၊ အာဆင်နယ်တို့မှာ ဒီလိုမျိုးမရှိကြပါဘူး။ အခုဆိုရင် ပွဲစဉ်(၂၇)ကစားအပြီးမှာ လီဗာပူး တိုက်စစ်ဟာ ဂိုး ၇၀ သွင်းထားပြီဖြစ်ပါတယ်။ ဆွာရက်ဇ်-စတားရစ်အတွဲက ၂၃+၁၈=၄၁ ဂိုးသွင်းထားကြပြီဖြစ်ပါတယ်။ ဆွာရက်ဇ်ဟာ အခုနောက်ပိုင်းမှာ ဂိုးသွင်းနိုင်မှုလျော့သွားခဲ့ပေမယ့် စတားရစ်ချ်ကတော့ ရှစ်ပွဲဆက်တိုက် ဂိုးသွင်းလာနိုင်သူဖြစ်လာခဲ့ပါတယ်။ဆွာရက်ဇ်ဟာ ပြိုင်ဘက်တွေရဲ့ ထိန်းချုပ်ခြင်းခံရချိန်မှာ စတားရစ်ချ်က အကောင်းဆုံးအဆုံးသတ်ခွင့်တွေရခဲ့ပြီး စတားရစ်ချ်ဟာလည်း အကောင်းဆုံးပုံစံကို ပြလာခဲ့တာပဲဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်ထဲမှာ လီဗာပူးဟာ ရှစ်ပွဲကစားထားအပြီးမှာ ၂၆ ဂိုးသွင်းထားခဲ့ပြီးဖြစ်ပါတယ်။ မန်နေဂျာ ဘရန်ဒန်ရော်ဂျာရဲ့ ထူးခြားတဲ့ ပြင်ဆင်မှုလို့ ဆိုရမှာပါ။ အခုနောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်နှစ်ပွဲမှာတော့ လီဗာပူးဟာ သူတို့ရဲ့ တိုက်စစ်အားကောင်းခြင်းကို အကောင်းဆုံး ပြသနိုင်ခဲ့ပြီး သရေပွဲတွေ၊ အရှုံးပွဲတွေက ကျော်လွန်ဖြတ်သန်းသွားနိုင်ခဲ့ကြပါတယ်။ ဖူလ်ဟမ်ပွဲမှာ ၃-၂ ဂိုး၊ ဆွမ်ဆီးပွဲမှာ ၄-၃ ဂိုးတွေနဲ့ အနိုင်ရ ကျော်ဖြတ်နိုင်ခဲ့ပြီး ထိပ်ဆုံးက ချယ်လ်ဆီးနဲ့ လေးမှတ်အကွာကို ဆုပ်ကိုင်ထားနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒီနှစ်ပွဲအခြေအနေကိုကြည့်လိုက်ရင် တိုက်စစ်က အစွမ်းကုန် ကောင်းခဲ့လို့သာ နိုင်ပွဲတွေဖြစ်ခဲ့တာကိုတွေ့ရမှာပဲဖြစ်ပါတယ်။ တကယ်လို့မျှားသာ ဒီနှစ်ပွဲမှာ လီဗာပူးတိုက်စစ်က စတားရစ်ချ်-ဆွာရက်ဇ်၊ ကော်တင်ညို၊ ဂျရတ်၊ ဟင်ဒါဆင်တို့အတွဲလိုက် ကစားအားမကောင်းခဲ့ဘူးဆိုရင် ဒီပွဲတွေဟာ အမှတ်ဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ရမှာပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လီဗာပူးခံစစ်ဟာ လျော့ရဲရဲဖြစ်နေခြင်းကြောင့် လီဗာပူးတိုက်စစ်ဟာ အသေအလဲကစားပြီး အနိုင်တွေရသွားတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘရန်ဒန်ရော်ဂျာက'တိုက်စစ်က အကောင်းဆုံးဖြစ်နေပေမယ့် ခံစစ်က ဂိုးပေးရတာကတော့ စိတ်ပျက်စရာပါ'လို့ ပြောဆိုသွားခဲ့တာဖြစ်ပါတယ်။

ဘရန်ဒန်ရော်ဂျာဟာ အစောပိုင်းက ဆွာရက်ဇ်-စတားရစ်ချ်-ကော်တင်ညိုအတွဲကို တိုက်စစ်မှာထားပြီး ကစားခဲ့ပေမယ့် စတားရစ်ချ် ဒဏ်ရာရသွားချိန်မှာ စတာလင်ဟာ နေရာရခဲ့ပြီး စတာလင်ကပါ ခြေစွမ်းပြလာတော့ စတားရစ်ချ်ပြန်ကောင်းလာတဲ့အခါမှာတော့ အားထားရတဲ့ တိုက်စစ်မှူးတွေကို တစ်ချိန်တည်းသုံးပြီး တိုက်စစ်အားကိုးပြီး ဒုတိယရာသီဝက်ကို ဖြတ်သန်းလာနေတာပဲဖြစ်ပါတယ်။ အသင်းကြီးအများစုဟာ passing-game ကို ဦးစားပေးကစားကြပေမယ့် လီဗာပူးကတော့ direct-longball ကစားဟန်နဲ့ ကစားနေတဲ့အသင်းပဲဖြစ်ပါတယ်။ တိုက်စစ်ဟာ မြန်ဆန်လွန်းပြီး ခံစစ်အားပြုကာ တိုက်ရိုက်ကန်ပို့ဟန်နဲ့ တန်ပြန်ထိုးဖောက်ပြီး ကစားနေတာပဲ ဖြစ်ပါတယ်။

တိုက်စစ်က အကောင်းဆုံးပုံစံမှာရှိပေမယ့် လီဗာပူး ခံစစ်ကတော့ ထိပ်တန်းအသင်းပုံစံမှာ ရှိမနေတာက လီဗာပူးချန်ပီယံဖြစ်ဖို့ အတွက်၊ ချန်ပီယံလိဂ်ဝင်ခွင့်နေရာအတွက်တော့ နှောင့်နှေးမှုပဲ ဖြစ်ပါတယ်။ လီဗာပူးရဲ့ နောက်တန်းအတွင်းလူနေရာဟာ ဘရန်ဒန်ရော်ဂျာအတွက် ပြဿနာတစ်ရပ်ပဲဖြစ်ပါတယ်။ စကာတယ်-ကိုလိုတိုရေးအတွဲဟာ တိုက်စစ်ကောင်းသလောက် ခံစစ်မှာတော့ စိတ်ပျက်စရာပဲဖြစ်ပါတယ်။ ဝက်စ်ဘရွန်းပွဲမှာ လီဗာပူးဟာ အနိုင်ရသင့်လျက်နဲ့ ကိုလိုတိုရေးရဲ့ မမှားသင့်တဲ့အမှားကနေ ချေပဂိုးပေးရပြီး သုံးမှတ်ကနေ တစ်မှတ်နဲ့ ကျေနပ်ခဲ့ရခြင်း၊ ဖူလ်ဟမ်ပွဲမှာ ကိုလိုတိုရေးပဲ မမှားသင့်တဲ့ အမှားကနေ ဂိုးပေးလိုက်ရခြင်း၊ ဆွမ်ဆီးပွဲမှာ တိုရေးကိုမသုံးဘဲ အက်ဂါနဲ့ စကာတယ်ကို တွဲသုံးပေမယ့် စကာတယ်ရဲ့ မမှားသင့်တဲ့ အမှား တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်တောင်မှားပြီး ဂိုးတွေ ပေးရတာကတော့ လီဗာပူး အပေါ်မှာ စိတ်ပျက်စရာပဲဖြစ်ပါတယ်။ ဖူလ်ဟမ်၊ ဆွမ်ဆီးပွဲတွေမှာ တိုက်စစ်ကသာ ဂိုးတွေမသွင်းနိုင်ခဲ့ဘူးဆိုရင် လီဗာပူးဟာ ဒီအခြေနဲ့ ဝေးသွားမှာပဲ ဖြစ်ပါတယ်။ ဘရန်ဒန်ရော်ဂျာ အနေနဲ့ နောက်တန်းအတွင်းနေရာပြဿနာကိုအခြားနည်းနဲ့ ဖြေရှင်းဖို့ပဲ လိုပါတော့တယ်။ လီဗာပူးတိုက်စစ်ဟာ ဂိုးမသွင်းနိုင်တဲ့ နေ့ရက်နဲ့ ကြုံသွားမယ်ဆိုရင် လီဗာပူးဟာ ရှုံးပွဲနဲ့ကြုံတွေ့ရဖို့ရှိမှာပဲဖြစ်ပါတယ်။ ဂိုးသွင်းဖို့ဆိုတာ အစဉ်သဖြင့် မှန်ကန်ဖို့ဆိုတာ မလွယ်ကူတဲ့အရာပါ။ လီဗာပူးနောက်ဆုံးကစားထားတဲ့ ၂၄ ပွဲမှာ ဂိုးသွင်းမခံရတဲ့ပွဲက သုံးပွဲသာ ရှိထားတာက လီဗာပူး ခံစစ်အားနည်းနေတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ "ဒါဟာ ကျွန်တော်တည်ဆောက်ထားတဲ့ပုံစံမဟုတ်ပါဘူး။ ရလဒ်တွေကြည့်ပြီး ကျေနပ်လည်း မနေပါဘူး။ ဒါကျွန်တော် တစ်ယောက်တည်းတင် မဟုတ်ပါဘူး။ လေ့ကျင့်ရေးကွင်းမှာ တိုက်စစ်နဲ့ ခံစစ်ကို ဟန်ချက်ညီစေဖို့ လေ့ကျင့်နေတာပါ။ ဖိအားပေးကစားနေတဲ့အခါ၊ ခံစစ်ကို အားပြုမယ့်ကာလ၊ တိုက်စစ်ပြန်ကစားချိန်တွေမှာ ဟန်ချက်ညီဖို့ လေ့ကျင့်ထားတာပါ။ ဒါပေမဲ့ ခံစစ်က တကယ်ကစားတဲ့အခါမှာ အားနည်းနေခဲ့ပါတယ်။ အဲဒါနည်းပြပိုင်းမဟုတ်တော့ဘူး"လို့ ဘရန်ဒန်ရော်ဂျာဟာရှင်းပြခဲ့ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဆွမ်ဆီးပွဲမှာ လီဗာပူးတိုက်စစ်ဟာ မိနစ် ၂၀ အတွင်းမှာ နှစ်ဂိုးသွင်းထားနိုင်ပေမယ့် ခံစစ်က ဂိုးတွေ ပြန်ပေးခဲ့ရလို့ ကံကောင်းပြီး ၄-၃ နဲ့ အနိုင်ရသွားခဲ့ပါတယ်။ ဒါဟာ လီဗာပူးရဲ့ ခံစစ်လျော့ရဲမှုပဲဖြစ်ပါတယ်။

အခုသီတင်းပတ်မှာတင်ပဲ လီဗာပူးဟာ အိမ်ကွင်းကစားအားကောင်းတဲ့ ဆောက်သမ်တန်နဲ့ ကြုံတွေ့နေပြီဖြစ်ပါတယ်။ လီဗာပူးတိုက်စစ်မှာ ဆွာရက်ဇ်-စတားရစ်ချ်အတွဲ အကောင်းဆုံးပုံစံဖြစ်နေပေမယ့် ခံစစ်ကလျော့ရဲရဲဖြစ်နေခြင်းကတော့ လီဗာပူးရဲ့အဝေးကွင်းတွေ့ရောက်ရင်တော့ သတိထားစရာ ဖြစ်လာနေပါရဲ့ . . . ။ ■

မလေးရှားနိုင်ငံ အကျဉ်းဦးစီးဌာနအတွက် ဆရာဝန်ခေါ်ယူခြင်း

လိုအပ်သော အရည်အချင်းများ

၁။ အသက် (၅၈) (ငါးဆယ့်ရှစ်) နှစ်ထက် ပိုမကြီးစေရ။
၂။ အနည်းဆုံး M.B.,B.S ဘွဲ့ရှိရမည့်အပြင် အလုပ်သင် ဆရာဝန်သက်မပါ အတွေ့အကြုံ (၅) နှစ်ရှိရမည်။
၃။ ဆေးတက္ကသိုလ် (၁)၊ (၂)နှင့် ဆေးတက္ကသိုလ် (မန္တလေး)တို့မှ အောင်မြင်ခဲ့သူ ဖြစ်ရမည်။
၄။ မလေးဘာသာစကားအနည်းငယ် ပြောဆိုနိုင်ပါက ပိုအားသာသည်။ သို့မဟုတ် ဘာသာစကားကို လေ့လာလိုစိတ်ရှိရမည်။
၅။ အမျိုးသား (၆) ဦးနှင့် အမျိုးသမီး (၁) ဦး ခေါ်ယူမည်။
၆။ တစ်နှစ် စာချုပ်ဖြစ်၍ (ခြွင်းချက်ဖြင့်) သက်တမ်းထပ်တိုးနိုင်ခြေ ရှိသည်။
၇။ မလေးရှားနိုင်ငံ (အနောက်မလေးရှား) တောင်ဘက်ရှိ အကျဉ်းထောင်များတွင် တာဝန်ချထားမည်။
၈။ မလေးရှား ဝင်ငွေခွန်ဆောင်အပြီးအသားတင် လစာရင်းဂစ် ၇,၆၀၀ (မြန်မာငွေ ကျပ် ၂၂ သိန်း ဝန်းကျင်) ရမည်။

မှတ်ချက် - အသေးစိတ် သိလိုပါကဒေါက်တာရန်ကျင်းဖောင် (၀၉-၂၅၀၄၅၈၀၁၃) (ကိုယ်စားလှယ် မဟုတ်ပါ) သို့မဟုတ် dockidoc@hotmail.com (+၆၀၁၉၃၇၇၂၂၇) သို့ဆက်သွယ် မေးမြန်းနိုင်သည်။ မတ်လဒုတိယပတ်တွင် ရန်ကုန်တွင် လာရောက် လူတွေ့မေးမြန်းခေါ်ယူမည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၈)

အဝေးကွင်းမှာ အသင်းကြီးတွေ အနိုင်ရပါ့မလား

ဇေအာင်ပိုင်းဇော်

အဲဗာတန် - ဝက်စ်ဟမ်း

အဲဗာတန်အနေနဲ့ ပရီမီယာလိဂ်မှာခြေစွမ်းက အကျဘက်ဆီကိုရောက်နေပါတယ်။ ဝက်စ်ဟမ်းကတော့ အကောင်းဆုံးပုံစံနဲ့ ဖြတ်သန်းနေပါတယ်။ နိုင်ပွဲတွေ ဆက်တိုက်ရယူနေပါတယ်။ ဝက်စ်ဟမ်းဟာ ခံစစ်ရော၊ တိုက်စစ်ပါအကောင်းဆုံးဖြစ်နေပါတယ်။ အခုအဝေးကွင်းမှာ ဝက်စ်ဟမ်းခံစစ်ကို ဦးစားပေးလာနိုင်ပါတယ်။ အဲဗာတန်ခက်ခက်ခဲခဲကစားရမယ့်ပွဲဖြစ်ပါတယ်။ အကြိတ်အနယ်ဖြစ်လာနိုင်ပြီး သရေကျဖို့များပါတယ်။

ဖူလ်ဟမ် - ချယ်လ်ဆီး

ဒီပွဲက လန်ဒန်အနောက်ပိုင်းဒါဘီပွဲဖြစ်ပါတယ်။ အသင်းက ကွာဟမ္မရှိနေပါတယ်။ ဒီပွဲမှာ ချယ်လ်ဆီး နှစ်ဂိုးပြတ်အနိုင်ရမှဖြစ်မယ့်ပွဲဖြစ်ပါတယ်။ ဖူလ်ဟမ် ကစားအားတက်နေပါတယ်။ ဖူလ်ဟမ်နည်းပြ ပြောင်းထားပြီး ပြောင်းလဲမှုအသစ်ဖြစ်နေတာက ချယ်လ်ဆီးအတွက် အခက်အခဲဖြစ်လာနိုင်ပါတယ်။ ချယ်လ်ဆီးဂိုးမပြတ်နိုင်ပါဘူး။ ဖူလ်ဟမ်က နေရမယ့်ပွဲဖြစ်ပါတယ်။

ဟားလ်စီးတီး - နယူးကာဆယ်

ဟားလ်စီးတီးက ကာဒစ်ဖ်ကိုဂိုးပြတ်နဲ့ အဝေးကွင်းမှာ အနိုင်ရထားပါတယ်။ နယူးကာဆယ်လည်း နိုင်ပွဲပြန်တွေ့ထားပါတယ်။ နှစ်သင်းစလုံးက အလယ်အလတ်အသင်းတွေ ဖြစ်နေပါတယ်။ ပထမအကျော့မှာ နယူးကာဆယ်ရှုံးထားပါတယ်။ ဟားလ်စီးတီးကွင်းမှာ နယူးကာဆယ် ထပ်ပြီး ရှုံးနိမ့်ရနိုင်ပါတယ်။ ဟားလ်စီးတီးတိုက်စစ်က ဒုတိယရာသီဝက်မှာ ပိုကောင်းနေပါတယ်။ အကြိတ်အနယ်ဖြစ်လာနိုင်ပြီး ဟားလ်စီးတီး အနိုင်ရသွားပါလိမ့်မယ်။

စတုတ် - အာဆင်နယ်

စတုတ်က အသင်းကြီးတွေဆိုအခက်တွေ့အောင်ကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ အိမ်ကွင်းဆိုရင် ပိုကောင်းတဲ့အသင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်ကလည်း မန်စီးတီး အတော်လေးကစားယူခဲ့ရပါတယ်။ အခုအိမ်ကွင်းဆိုတော့ အာဆင်နယ်ခက်ခက်ခဲခဲကစားရပါလိမ့်ဦးမယ်။ အာဆင်နယ်အဝေးကွင်းကစားပုံ ကောင်းတယ်ဆိုပေမယ့် ဝက်စ်ဘရွန်းကို သရေသာ ကစားနိုင်ခဲ့တာက ဒီပွဲကို သတိပြုစရာဖြစ်ပါတယ်။ စတုတ်ခပ်မာမာကစားတာကို ခံရပါလိမ့်ဦးမယ်။ စတုတ်ကို ရွေးရမယ့်ပွဲဖြစ်ပါတယ်။

ဆောက်သမ်တန် - လီဗာပူး

ပထမအကျော့တုန်းက လီဗာပူးကွင်းမှာ ဆောက်သမ်တန်အနိုင်ရသွားခဲ့တာကို ပြန်လည်အမှတ်ရပါ။ အခုအိမ်ကွင်းမှာဆိုတော့ လီဗာပူး ခက်ခက်ခဲခဲကစားရပါလိမ့်ဦးမယ်။ လီဗာပူးနောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲမှာ လီဗာပူး ခက်ခက်ခဲခဲချည်းကစားခဲ့ရပါတယ်။ တိုက်စစ်ကကောင်းလွန်းလို့သာ အနိုင်တွေရသွားတာပါ။ အခုဆောက်သမ်တန်ကွင်းမှာ လီဗာပူးခံစစ် ဂိုးပေးရပါလိမ့်ဦးမယ်။ ဆောက်သမ်တန်ရဲ့ အသင်းလိုက်ကစားအားကို လျှော့မတွက်ပါနဲ့။ ဆောက်သမ်တန်အနိမ့်ဆုံး သရေကစားပါလိမ့်မယ်။

ဗီလာ - နော်ဝစ်ခ်္ဆ

ဒီနှစ်သင်းက ခြေမကွာကြပါဘူး။ ဗီလာနိုင်ပွဲပျောက်နေတာ လေးပွဲဆက်တိုက်ပဲဖြစ်ပါတယ်။ ဗီလာကစားပုံက ခံစစ်ကောင်းပြန်တော့တိုက်စစ်က အားနည်းသွားပြန်ပါတယ်။ တိုက်စစ်ကကောင်းပြန်တော့ ခံစစ်က အားနည်းပြန်ပါတယ်။ ဟန်ချက်မညီကြပါဘူး။ နော်ဝစ်ခ်္ဆက စပါးကို အနိုင်ရလိုက်တဲ့အတွက် အားပြန်တက်သွားပါတယ်။ ကစားပုံလည်းကောင်းပါတယ်။ ဒီပွဲဟာ အကြိတ်အနယ်ဖြစ်နိုင်ပြီး သရေနဲ့ ပြီးနိုင်တဲ့ပွဲဖြစ်ပါတယ်။

စပါး - ကာဒစ်ဖ်

စပါးခြေပြန်ပျက်သွားပါတယ်။ ယူရိုပါလိဂ်လည်း ကစားထားရလို့ ပွဲပန်းနေမယ့်ပုံမှာရှိပါတယ်။ ကာဒစ်ဖ်က စပါးထက်ပိုပြီး အခြေအနေဆိုးနေပါတယ်။ အိမ်ကွင်းနှစ်ပွဲဆက်တိုက်ကစားရပေမယ့် တစ်မှတ်ပဲရထားပါတယ်။ အသင်းက အတော်ကိုပြောင်းလဲသွားတာ တွေ့ရပါတယ်။ စပါးကွင်းမှာ ကာဒစ်ဖ် ဘယ်လောက်ခံကစားနိုင်မလဲဆိုတာကို စောင့်ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။ စပါးအနိမ့်ဆုံး နှစ်ဂိုးပြတ်အနိုင်ရမှာ သေချာပါတယ်။

ဆွမ်ဆီး - ခရစ္စတယ်

ဆွမ်ဆီးဟာ ပွဲပန်းနေပါတယ်။ ယူရိုပါလိဂ်ကို အဝေးကွင်းမှာ ကစားရတဲ့အတွက် အခုပွဲမှာကြိုခိုင်မှု အားနည်းနေနိုင်ပါတယ်။ လီဗာပူးကို တော်တော်လေးကစားထားလို့ ဒီပွဲမှာ လွယ်ကူမယ်ထင်ရပေမယ့် ခရစ္စတယ်ကို လျှော့မတွက်ပါနဲ့။ သရေတစ်မှတ်ကို ရအောင်ကစားနိုင်စွမ်းရှိနေနိုင်ပါတယ်။ ဆွမ်ဆီးအိမ်ကွင်းဆိုတဲ့ အားသာချက်ရှိထားပါတယ်။ ခရစ္စတယ်နည်းပြတိုနီပူးလစ်ဟာ ပြင်ဆင်နိုင်စွမ်းကောင်းသူဖြစ်လို့ ဒီပွဲဟာ သရေကျသွားနိုင်တဲ့ပွဲဖြစ်ပါတယ်။ ■

ပရီမီယာလိဂ် ပွဲစဉ် (၂၇)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ချယ်လ်ဆီး	၂၇	၁၈	၆	၃	၄၉	၂၁	၆၀
အာဆင်နယ်	၂၇	၁၈	၅	၄	၅၂	၂၇	၅၉
မန်စီးတီး	၂၆	၁၈	၃	၅	၆၉	၂၇	၅၇
လီဗာပူး	၂၇	၁၇	၅	၅	၇၀	၃၅	၅၆
စပါး	၂၇	၁၅	၅	၇	၃၆	၃၃	၅၀
မန်ယူ	၂၇	၁၃	၆	၈	၄၃	၃၁	၄၅
အဲဗာတန်	၂၆	၁၂	၉	၅	၃၇	၂၇	၄၅
နယူးကာဆယ်	၂၇	၁၂	၄	၁၁	၃၃	၃၈	၄၀
ဆောက်သမ်တန်	၂၇	၁၀	၉	၈	၃၈	၃၂	၃၉
ဝက်စ်ဟမ်း	၂၇	၈	၇	၁၂	၃၁	၃၄	၃၁
ဟားလ်စီးတီး	၂၇	၈	၆	၁၃	၂၉	၃၁	၃၀
ဆွမ်ဆီး	၂၇	၇	၇	၁၃	၃၆	၄၀	၂၈
ဗီလာ	၂၇	၇	၇	၁၃	၂၇	၃၇	၂၈
နော်ဝစ်ခ်္ဆ	၂၇	၇	၇	၁၃	၂၀	၃၉	၂၈
စတုတ်	၂၇	၆	၉	၁၂	၂၇	၄၂	၂၇
ခရစ္စတယ်ပဲလေ့စ်	၂၆	၈	၂	၁၆	၁၈	၃၆	၂၆
ဝက်စ်ဘရွန်း	၂၇	၄	၁၃	၁၀	၃၁	၃၉	၂၅
ဆန်းဒါးလန်း	၂၆	၆	၆	၁၄	၂၆	၄၂	၂၄
ကာဒစ်ဖ်	၂၇	၅	၇	၁၅	၁၉	၄၈	၂၂
ဖူလ်ဟမ်	၂၇	၆	၃	၁၈	၂၇	၅၉	၂၁

ပရီမီယာလိဂ်ပွဲစဉ်(၂၇)

လီဗာပူး	၄-၃	ဆွမ်ဆီး
နယူးကာဆယ်	၁-၀	ဗီလာ
နော်ဝစ်ခ်္ဆ	၁-၀	စပါး
ချယ်လ်ဆီး	၁-၀	အဲဗာတန်
အာဆင်နယ်	၄-၁	ဆန်းဒါးလန်း
ကာဒစ်ဖ်	၀-၄	ဟားလ်စီးတီး
မန်စီးတီး	၁-၀	စတုတ်
ဝက်စ်ဘရွန်း	၁-၁	ဖူလ်ဟမ်
ဝက်စ်ဟမ်း	၃-၁	ဆောက်သမ်တန်
ခရစ္စတယ်ပဲလေ့စ်	၀-၂	မန်ယူ

သွင်းဂိုးအများဆုံး

ဆွာရက်ဇ် (လီဗာပူး)	၂၃ ဂိုး
စတားရစ်ခ်္ဆ (လီဗာပူး)	၁၈ ဂိုး
အဂူရို (မန်စီးတီး)	၁၅ ဂိုး
ယာယာတိုရေး (မန်စီးတီး)	၁၃ ဂိုး
ဟာဇက် (ချယ်လ်ဆီး)	၁၂ ဂိုး

ယူရို ၂၀၁၆ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုများ

အုပ်စု(က)	အုပ်စု(ခ)
နယ်သာလန်	ဘော့စနီးယား
ချက်	ဘယ်လ်ဂျီယံ
တူရကီ	အစ္စရေး
လတ်ဗီးယား	ဝေးလ်
အိုက်စလန်	ဆိုက်ပရပ်စ်
ကာဇက်စတန်	အန်ဒိုရာ

အုပ်စု(ဂ)	အုပ်စု(ဃ)
စပိန်	ဂျာမနီ
ယူကရိန်း	အိုင်ယာလန်
ဆလိုဗက်ကီးယား	ပိုလန်
ဘီလာရုစ်	စကော့တလန်
မက်ဆီဒိုးနီးယား	ဂျော်ဂျီယာ
လူဇင်ဘတ်	ဂျီဘရော်တာ

အုပ်စု(င)	အုပ်စု(စ)
အင်္ဂလန်	ဂရိ
ဆွစ်ဇာလန်	ဟန်ဂေရီ
ဆလိုဗေးနီးယား	ရိုမေးနီးယား
အက်စတိုးနီးယား	ဖင်လန်
လစ်သူယေးနီးယား	မြောက်အိုင်ယာလန်
ဆန်မာရီနို	ဖာရိုးကျွန်းစုများ

အုပ်စု(ဆ)	အုပ်စု(ဇ)
ရုရှား	အီတလီ
ဆွီဒင်	ခရိုအေးရှား
ဩစတြီးယား	နော်ဝေ
မွန်တီနီဂရိုး	ဘူဂေးရီးယား
မော်လ်ဒိုဗာ	အဇာဘိုင်ဂျန်
လိုင်ချင်စတိန်း	မော်လ်တာ

အုပ်စု(ဈ)
ပေါ်တူဂီ
ဒိန်းမတ်
ဆားဘီးယား
အာမေးနီးယား
အယ်လ်ဘေးနီးယား

ယူရို ၂၀၁၆ ခြေစစ်ပွဲ အုပ်စုများ မဲခွဲပွဲကျင်းပ

ပြင်သစ်နိုင်ငံတွင် ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲ အုပ်စုများ မဲခွဲပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ ယခုခြေစစ်ပွဲယှဉ်ပြိုင်မည့်အသင်းများတွင် ဂျီဘရော်တာနိုင်ငံမှာ ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင်လာခဲ့သည်။ ယင်းနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင်မှ ဥရောပဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲများကို ယခုနှစ် စက်တင်ဘာလမှစ၍ ၂၀၁၅ အောက်တိုဘာလအထိ ကျင်းပသွားမည်ဖြစ်သည်။



အလက်တီကိုနဲ့ ရီးယဲလ်တို့ရဲ့ မက်ဒရစ်ဒါဘီကို ရင်ခုန်မယ်

ဟိန်းသန့်

အလက်တီကို – ရီးယဲလ်မက်ဒရစ်

လာလီဂါကတော့ အပြောင်းအလဲတွေနဲ့ ချန်ပီယံလမ်းကြောင်းဟာ စိတ်ဝင်စားစရာ ဖြစ်လာပြန်ပါပြီ။ ဘာစီလိုနာရဲ့ ရှုံးပွဲကြောင့် ထိပ်ဆုံးနေရာရောက်လာတဲ့ ရီးယဲလ် ဒီနေရာကို ဘယ်လောက်ကြာကြာ ဆက်ထိန်းထားနိုင်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းလာပါတယ်။ အလက်တီကိုမက်ဒရစ်တုန်းကတော့ ထိပ်ဆုံးနေရာကို တစ်ပတ်ပဲ ထိန်းနိုင်ခဲ့ တယ်။ ဒါကလည်း အလက်တီကိုရဲ့အတွေ့အကြုံအားနည်းမှုကြောင့်လို့ ပြောနိုင်နေပြီး ရီးယဲလ်ကတော့ အတွေ့အကြုံရှိတဲ့အသင်းဝိုဝိ ရလာတဲ့ အခွင့်အရေးတစ်ခုကို အကောင်းဆုံးဆက်ထိန်းနိုင်မယ့် အနေအထားမျိုးမှာ ရှိနိုင်တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ရီးယဲလ်အတွက် စိန်ခေါ်မှုတစ်ခုကတော့ ထိပ်ဆုံးနေရာကိုရယူပြီး တစ်ပတ်အကြာမှာကစားရမယ့် ပွဲစဉ်(၂၆) မှာ ရင်ဆိုင်ရမယ့်အသင်းက အဓိကပြိုင်ဘက်တစ်သင်းဖြစ်နေတဲ့ အလက်တီကိုမက်ဒရစ်ဖြစ်နေတဲ့အချက်ပါပဲ။ ကစားရမှာကလည်း အလက်တီကိုရဲ့ကွင်းမှာဆိုတော့ ရီးယဲလ်အတွက် စိန်ခေါ်မှုအပြည့်နဲ့ပွဲလို့ပဲ ပြောရတော့မယ်။

လက်ရှိ ဒီနှစ်သင်းရဲ့အနေအထားကလည်း သိသိသာသာကွာဟမှုမျိုးတော့ မရှိပါဘူး။ အလက်တီကိုအတွက် အခွင့်အရေးသာနေတယ်လို့ ပြောနိုင်တာက ဒီပွဲမတိုင်မီ ရီးယဲလ်ဟာ ချန်ပီယံလိဂ်ပွဲအဖြစ် အဝေးကွင်းမှာ ရှော်လ်ကေးနဲ့ ကစားထားခဲ့ရပြီး အလက်တီကိုကတော့ ကြားရက်မှာ အနားကောင်းကောင်းရထားခဲ့လို့ အခုပွဲအတွက် ကြိုတင်ပြင်ဆင်ချိန် အပြည့်အဝ ရထားတဲ့အချက်ပါပဲ။

လက်ရှိ အလက်တီကိုကစားနေပုံကလည်း အိမ်ကွင်းဆိုရင် အကောင်းဆုံးကစားပြနေနိုင်တဲ့အပြင် အခုနောက်ပိုင်း အိမ်ကွင်းပွဲတွေမှာလည်း ဂိုးသွင်းနှုန်းပြန်ကောင်းလာတာတွေ့ရတယ်။

ရီးယဲလ်ကတော့ ကိုပါဒယ်ရေး အဝေးကွင်းပွဲမှာ အလက်တီကို ကို ၂-၀ နဲ့ အနိုင်ရထားခဲ့တဲ့အပြင် အလက်တီကိုနဲ့ ကိုပါဒယ်ရေး နှစ်ပွဲစလုံးမှာလည်း ပေးဂိုးမရှိအောင် ကစားထားနိုင်ခဲ့လို့ ရီးယဲလ်ရဲ့ခံစစ်ပိုင်းဟာ အလက်တီကိုတိုက်စစ်ကို ထိန်းချုပ်ဖို့အတွက် ယုံကြည်မှုအပြည့်ရှိနေနိုင်ပါတယ်။ ဒါ့ပြင် လာလီဂါသုံးပွဲအပယ်ခံထားရတဲ့ ရော်နာဒိုကလည်း ပွဲဝယ်ပြစ်ဒဏ်ပြည့်သွားပြီဖြစ်လို့ အလက်တီကိုနဲ့ ပွဲမှာ ပြန်ပါလာနိုင်တာက ရီးယဲလ်အတွက် တအားပါပဲ။ ဒါပေမဲ့ ရီးယဲလ်ရဲ့လာလီဂါမှာ အဝေးကွင်း ကစားပုံတွေကိုကြည့်ရင် ကစားပုံသိပ်စိတ်မချရသေးဘူးလို့ ပြောလို့ရတယ်။ အထူးသဖြင့် ခံစစ်ပိုင်းဟာ အဝေးကွင်းရောက်ရင် စိတ်ချထားလို့မရသေးဘူး။ နောက်ဆုံး အဝေးကွင်းသုံးပွဲမှာ ဘီလ်ဘာအိုကို သရေကျပြီး ဘက်တစ်နဲ့ ဂီတာဖေးလို အသင်းတွေကို ဂိုးပြတ်အနိုင်ရခဲ့တာမှန်ပေမယ့် ခံစစ်မာကျောတဲ့ အိမ်ရှင်အသင်းတွေနဲ့တွေ့ရင် ရီးယဲလ်တိုက်စစ်က ဂိုးရဖို့ ရုန်းကန်ရလေ့ရှိတာကိုလည်း သတိထားရလိမ့်မယ်ထင်တယ်။

ရီးယဲလ်နောက်ခံလူ ကာဗာဂျယ်လ်(ယာ)၏ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို အယ်လ်ချီ ဂိုးသမားဟာရဲရာ(အောက်) ကာကွယ်နေစဉ်။

အလက်တီကိုကတော့ လာလီဂါမှာ ဘာစီလိုနာနဲ့ အိမ်ကွင်းမှာ ဂိုးမရှိသရေကစားပြီး နောက်ပိုင်းကစားခဲ့တဲ့ အိမ်ကွင်းနောက်ဆုံးလေးပွဲမှာ ဆီဗီလာနဲ့ပွဲ တစ်ပွဲကိုသာ တစ်ဂိုးပဲ ပေးထားရတယ်။ ဒါကြောင့် အလက်တီကိုရဲ့ အိမ်ကွင်းခံစစ်မာကျောမှုကိုလည်း အသိအမှတ်ပြုထားဖို့လိုလိမ့်မယ်။ ဒီပွဲကလည်း ချန်ပီယံဆုအတွက် အရေးပါတဲ့ပွဲမျိုး ဖြစ်နေလို့ အလက်တီကိုဟာ ကိုပါဒယ်ရေးမှာ ရီးယဲလ်ကို ရင်ဆိုင်ခဲ့တာထက်ပိုပြီး သတိထားကစားသွားဖို့ကလည်း များနေပါတယ်။ အထူးသဖြင့် အလက်တီကို ရဲ့ခံစစ်နဲ့ ကွင်းလယ်မာကျောမှုဟာ ရီးယဲလ်အတွက် ရင်ဆိုင်ရခက်မယ့် အဓိကအချက်လို ဖြစ်လာနိုင်ပြီး ပွဲပန်းနေနိုင်တဲ့ ရီးယဲလ်အနေနဲ့ အလက်တီကို ရဲ့မာကျောမှုကို ရင်ဆိုင်ရာမှာ အခက်တွေ့ဖို့က ပိုများလိမ့်မယ် ထင်ပါတယ်။ အလက်တီကိုဟာ ဘာစီလိုနာနဲ့ အိမ်ကွင်းမှာ ရင်ဆိုင်တုန်းကတောင် အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့လို့ အခုရီးယဲလ်နဲ့ပွဲမှာလည်း ခံစစ်ပိုင်းကို အဓိကထားပြီး ဂိုးမပေးရရေးကို ဦးစားပေးကစားသွားဖို့များနေတယ်။ ရီးယဲလ်ကို ပထမအကျော့မှာလည်း နိုင်ထားပြီဖြစ်လို့ နှစ်သင်းထိပ်တိုက် တွေ့ဆုံမှုမှာ အလက်တီကို အနေနဲ့ အခုပွဲကိုသရေကစားနိုင်ခဲ့ရင်တောင် ရီးယဲလ်ကို အသာရမှာဖြစ်လို့ အဓိက မနှုံးရရေးကိုပဲ ဦးစားပေးကစားကာ ရီးယဲလ်ရဲ့တိုက်စစ် အကွဲကို စောင့်ကစားပြီး ဂိုးရဖို့ကြိုးစားလိမ့်မယ် ထင်ပါတယ်။ ဒါကြောင့် ဒီပွဲဟာ ရီးယဲလ်တိုက်စစ်တကယ် ထက်မြက်မှုရှိ၊ မရှိက အဖြေထုတ်ပေးနိုင်မယ့်အနေအထားမျိုးဖြစ်နေတယ်။ အမှားမရှိအောင် ထိန်းကစားမယ့် အလက်တီကို နဲ့ ဂိုးအနည်းကိုပဲ ရွေးထားချင်ပါတယ်။ ■

စပိန်လာလီဂါ ပွဲစဉ် (၂၅)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရီးယဲလ်	၂၅	၂၀	၃	၂	၇၁	၂၄	၆၃
ဘာစီလိုနာ	၂၅	၁၉	၃	၃	၇၀	၂၀	၆၀
အလက်တီကို	၂၅	၁၉	၃	၃	၅၉	၁၉	၆၀
ဘီလ်ဘာအို	၂၅	၁၄	၅	၆	၄၅	၃၀	၄၇
ဗီလာရီးယဲလ်	၂၅	၁၃	၄	၈	၄၆	၃၀	၄၃
ဆိုဆီဒက်	၂၅	၁၂	၇	၆	၄၆	၃၅	၄၃
ဗလင်စီယာ	၂၅	၁၀	၅	၁၀	၃၈	၃၆	၃၅
ဆီဗီလာ	၂၅	၉	၈	၈	၄၃	၄၁	၃၅
လီဗန်တေး	၂၅	၈	၉	၈	၂၄	၃၁	၃၃
အက်စ်ပန်ညို	၂၅	၉	၅	၁၁	၂၉	၃၂	၃၂
ဆယ်လ်တာ	၂၅	၈	၆	၁၁	၃၂	၃၆	၃၀
အိုဆာဆူနာ	၂၅	၈	၅	၁၂	၂၄	၃၃	၂၉
ဂရန်နာဒါ	၂၅	၈	၃	၁၄	၂၂	၃၂	၂၇
အယ်လ်ချီ	၂၅	၆	၈	၁၁	၂၂	၃၃	၂၆
အယ်လ်မီရီယာ	၂၅	၃	၅	၁၃	၂၄	၄၂	၂၆
ဂီတာဖေး	၂၅	၃	၅	၁၃	၂၃	၄၀	၂၆
မာလာဂါ	၂၅	၆	၃	၁၂	၂၃	၃၄	၂၅
ဗယ်လာဒိုးလစ်	၂၅	၄	၁၀	၁၁	၂၃	၃၃	၂၂
ရာယို	၂၅	၆	၂	၁၇	၂၅	၅၉	၂၀
ဘက်တစ်	၂၅	၃	၅	၁၇	၂၀	၅၅	၁၄

စပိန်လာလီဂါ ပွဲစဉ်(၂၅)

အက်စ်ပန်ညို	၁-၂	ဗီလာရီးယဲလ်	
ရာယို	၀-၁	ဆီဗီလာ	
ဘက်တစ်	၀-၂	ဘီလ်ဘာအို	
ဗလင်စီယာ	၂-၁	ဂရန်နာဒါ	
အိုဆာဆူနာ	၃-၀	အလက်တီကို	
ရီးယဲလ်	၃-၀	အယ်လ်ချီ	
ဆယ်လ်တာ	၁-၁	ဂီတာဖေး	
ဆိုဆီဒက်	၃-၁	ဘာစီလိုနာ	
အယ်လ်မီရီယာ	၀-၀	မာလာဂါ	
ဗယ်လာဒိုးလစ်	၁-၁	လီဗန်တေး	

သွင်းဂိုးအများဆုံး

ရော်နယ်ဒို (ရီးယဲလ်)	၂၂ ဂိုး
ကော်စတာ (အလက်တီကို)	၂၁ ဂိုး
ဆန်းချက်ဇ် (ဘာစီလိုနာ)	၁၅ ဂိုး
ဂရစ်ဇ်မန်း (ဆိုစီဒက်)	၁၅ ဂိုး
ဘင်ဇီမာ (ရီးယဲလ်)	၁၄ ဂိုး

ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၃)

အစဉ်အလာဆိုတာ တစ်ခါတစ်ရံမှာ ကျော်လို့ရတဲ့ ကိစ္စတွေမဟုတ်ဘူး

ဒီတစ်ပတ် ဘွန်ဒက်စ်လီဂါမှာ အကောင်းဆုံးပွဲတစ်ပွဲတော့ ရှိနေပါတယ်။ အဲဒါကတော့ ဘိုင်ယန်မြူးနစ်နဲ့ ရှော်လ်ကေးတို့ရဲ့ပွဲပါပဲ။ နောက်ဆုံး (၇) ကြိမ်တွေဆုံရာမှာ အသာစီးရထားတဲ့ ဘိုင်ယန် အခုတစ်ကြိမ်မှာရော ရှော်လ်ကေးကို ဘာတွေလုပ်ပြနိုင်ဦးမလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းမနေဘူးလား။

ကိုထွဋ် (စိန့်ဂျွန်း)

ဖရန့်ဖတ် – စတုဂတ်

ပ - အင်ကျော့ရုလန်၊ စတုဂတ် ၁-၁ ဖရန့်ဖတ်

အိမ်ရှင်ဖရန့်ဖတ်ဟာ အဆင့် (၁၃) နေရာရပ်တည်နေပြီး စတုဂတ် အဝေးကွင်းရလဒ်က သူတို့အိမ်ကွင်းခြေစွမ်းထက်တောင် ပိုလှနေပါတယ်။ စတုဂတ်ကိုပဲ ရွေးချယ်အားပေးရမှာ ဖြစ်ပါတယ်။

ဟာသာဘာလင် – ဖရိုင်းဘတ်

ပ-အင်ကျော့ရုလန်၊ ဖရိုင်းဘတ် ၁-၁ ဟာသာဘာလင်

ဟာသာဘာလင်အနေနဲ့ နောက်ဆုံးအိမ်ကွင်းပွဲစဉ် သုံးပွဲစလုံးမှာ ရှုံးထားတာတွေ့ရပါတယ်။ ဒါကြောင့် ဒီပွဲစဉ်ဟာလည်း သရေရလဒ်ကို ဦးတည်နေတဲ့ပွဲစဉ်ဖြစ်ပါတယ်။

ဒေါ့မွန် – နရင်ဘတ်

ပ-အင်ကျော့ရုလန် - နရင်ဘတ် ၁-၁ ဒေါ့မွန်

အစဉ်အလာပိုင်းအရ ဒေါ့မွန်အိမ်ကွင်းသုံးကြိမ်တွေ့ဆုံရမှာ ဒေါ့မွန်ကချည်း ဂိုးပြတ်တွေနဲ့ အနိုင်ရထားတာကို တွေ့ရပါတယ်။ ဒေါ့မွန် ချန်ပီယံလိဂ်ကစားဖို့ ရှိနေပေမယ့်လည်း နုရင်ဘတ်ကို ဂိုးပြတ်အနိုင်ကစားလိမ့်မယ်။

လေဗာကူဆင် – မိန့်ဇ်

ပ-အင်ကျော့ရုလန် - မိန့်ဇ် ၁-၄ လေဗာကူဆင်

အိမ်ကွင်း သုံးပွဲဆက်တိုက်မှာ ရှုံးနိမ့်ထားခဲ့တဲ့ လေဗာကူဆင်ကို ယုံကြည်ဖို့ အရမ်းခက်ခဲလွန်းပါတယ်။ မိန့်ဇ် သရေခံကစားသွားရင် ကိုယ်ကျိုးနည်းမယ့် ကိစ္စတွေ ဖြစ်လာနိုင်ပါတယ်။

ဝါဒါဘရီမင် – ဟမ်းဘတ်

ပ-အင်ကျော့ရုလန် - ဟမ်းဘတ် ၀-၂ ဝါဒါဘရီမင်

အမှတ်ကွာခြားချက် သုံးမှတ်သာရှိပြီး ဟမ်းဘတ်က တန်းဆင်းဇုန်ကနေ လွတ်အောင်ရုန်းမယ့် အသင်းဆိုတာ သတိထားရပါလိမ့်မယ်။ ဟမ်းဘတ်ကိုပဲ အသာစီးပေးရလိမ့်မယ်။

အော့စ်ဘတ် – ဟန်နိုဗာ

ပ-အင်ကျော့ရုလန် - ဟန်နိုဗာ ၂-၁ အော့စ်ဘတ်

ဇယားအလယ်က ပြိုင်ဆိုင်မှု ပြင်းထန်မယ့် ပွဲတစ်ပွဲ ဖြစ်ပါတယ်။ အစဉ်အလာပိုင်းအရ ဒီပွဲစဉ်မှာတော့ ဟန်နိုဗာဘက်က ရပ်တည်ပေးရပါလိမ့်မယ်။

ဘရောက်ချ် – မွန်ချင်ဂလက်ဘတ်

ပ-အင်ကျော့ရုလန် - မွန်ချင် ၄-၁ ဘရောက်ချ်

တန်းစီဇယားရဲ့ အောက်ဆုံးမှာရှိနေတဲ့ ဘရောက်ချ် မွန်ချင်ကို ခံကစားနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ နှစ်ပွဲဆက်တိုက် သရေကျထားတဲ့ မွန်ချင် အမှားခံမယ်လို့ မထင်မိပါဘူး။ အဝေးကွင်းဖြစ်ပေမယ့်လည်း မွန်ချင်ကို အားပေးရမှာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ် – ရှော်လ်ကေး

ပ-အင်ကျော့ရုလန် - ရှော်လ်ကေး ၀-၄ ဘိုင်ယန်

အစဉ်အလာပိုင်းအရ ဘိုင်ယန်ကိုကျော်လို့ မရနိုင်ပါဘူး။ နောက်ပြီး ဘိုင်ယန်ရဲ့ အိမ်ကွင်းရလဒ်ကလည်း အရမ်းကောင်းနေပါတယ်။ အိမ်ကွင်း ၁၁ ပွဲမှာ ရာခိုင်နှုန်းပြည့် အနိုင်ရရှိထားတာကို တွေ့ရပါတယ်။ ဘိုင်ယန်မြူးနစ်နဲ့ အတူ ကခုန်ရပါမယ်။

ဟော့ဖန်ဟိမ်း – ဝုဖ်ဘတ်

ပ-အင်ကျော့ရုလန် - ဝုဖ်ဘတ် ၂-၁ ဟော့ဖန်ဟိမ်း

အဝေးကွင်းမှာ ဝုဖ်ဘတ် နှစ်ပွဲဆက်တိုက် နိုင်ထားလို့ ဝုဖ်ဘတ်သွေးကြွနေနိုင်ပါတယ်။ ဒါကြောင့် ဝုဖ်ဘတ်နဲ့ နှစ်သင်းပေါင်း သွင်းဂိုး အများကို ရွေးချယ်သင့်ပါတယ်။ ■

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၂)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘိုင်ယန်	၂၂	၂၀	၂	၀	၆၁	၉	၆၂
လေဗာကူဆင်	၂၂	၁၄	၁	၇	၃၉	၂၅	၄၃
ဒေါ့မွန်	၂၂	၁၃	၃	၆	၅၁	၂၃	၄၂
ရှော်လ်ကေး	၂၂	၁၂	၅	၅	၄၁	၃၀	၄၁
ဝုဖ်ဘတ်	၂၂	၁၂	၃	၇	၃၈	၂၆	၃၉
ဂလက်ဘတ်	၂၂	၁၀	၅	၇	၃၉	၂၈	၃၅
ဟာသာဘာလင်	၂၂	၁၀	၄	၈	၃၄	၂၃	၃၄
အော့စ်ဘတ်	၂၂	၁၀	၄	၈	၃၄	၃၂	၃၄
မိန့်ဇ်	၂၂	၁၀	၄	၈	၃၁	၃၅	၃၄
ဟော့ဖန်ဟိမ်း	၂၂	၆	၈	၈	၄၆	၄၆	၂၆
ဟန်နိုဗာ	၂၂	၇	၃	၁၂	၂၉	၄၁	၂၄
နုရင်ဘတ်	၂၂	၄	၁၁	၇	၂၃	၃၃	၂၃
ဖရန့်ဖတ်	၂၂	၅	၇	၁၀	၂၄	၃၈	၂၂
ဝါဒါဘရီမင်	၂၂	၅	၇	၁၀	၂၅	၄၆	၂၂
စတုဂတ်	၂၂	၅	၄	၁၃	၃၅	၄၃	၁၉
ဟမ်းဘတ်	၂၂	၅	၄	၁၃	၃၈	၅၁	၁၉
ဖရိုင်းဘတ်	၂၂	၄	၆	၁၂	၂၂	၄၄	၁၈
ဘရောက်ချ်	၂၂	၄	၃	၁၅	၁၆	၄၁	၁၅

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၁)

ဖရန့်ဖတ်	၀-၀	ဝါဒါဘရီမင်	
ဟန်နိုဗာ	၀-၄	ဘိုင်ယန်မြူးနစ်	
မွန်ချင်ဂလက်ဘတ်	၂-၂	ဟော့ဖန်ဟိမ်း	
ဟမ်းဘတ်	၃-၀	ဒေါ့မွန်	
နုရင်ဘတ်	၂-၁	ဘရောက်ချ်	
ဖရိုင်းဘတ်	၂-၄	အော့စ်ဘတ်	
စတုဂတ်	၁-၂	ဟာသာဘာလင်	
ရှော်လ်ကေး	၀-၀	မိန့်ဇ်	
ဝုဖ်ဘတ်	၃-၁	လေဗာကူဆင်	

သွင်းဂိုးအများဆုံး

အက်ဒီယန်ရာမို့စ်(ဟာသာဘာလင်)	၁၄ ဂိုး
လီဝမ်ဒေါစကီး (ဒေါ့မွန်)	၁၄ ဂိုး
အော်ဘာမီယန် (ဒေါ့မွန်)	၁၃ ဂိုး
မန်ဇူကစ် (ဘိုင်ယန်)	၁၃ ဂိုး

2014 Rio Open အောင်ပွဲနဲ့ ကမ္ဘာ့နံပါတ်(၁) နာဒါးလ်

ကျော်ကျော်မင်း

King of Clay လို့ တင်းနစ်ကမ္ဘာမှာ ကျော်ကြားသူ စပိန်တင်းနစ်စတား ရာဖေးလ်နာဒါးလ်ဟာ ၂၀၁၄ တင်းနစ်ရာသီဖွင့်ပွဲတွေဖြစ်တဲ့ ဩစတြေးလျအိုးပင်း ဂရင်းဆလမ်ပွဲစဉ်မှာ ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့ပေမယ့် ကျောဒဏ်ရာကြောင့် ဩစတြေးလျသား စတန်နစ်ဆလာက ချန်ပီယံဖြစ်ခဲ့ရတယ်ဆိုတာကို သက်သေပြတဲ့ အနေနဲ့ အခုပူပူနွေးနွေးကျင်းပသွားခဲ့တဲ့ Rio Open တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖလားရယူပြသွားခဲ့ပြီပဲဖြစ်တယ်လို့ ဘရာဇီးလ်မီဒီယာတွေက အမွှမ်းတင်ဂုဏ်ပြုလာပါတယ်။ ကမ္ဘာကျော် ဘရာဇီးလ်မြို့တော် ရီယိုဒီဂျနေးရိုးမြေမှာ ကျင်းပတာကြောင့် Rio Open လို့ ညွှန်းဆိုကြတာဖြစ်ပြီး မြေစေးမျက်နှာပြင်မှာ ယှဉ်ပြိုင်ရတဲ့ ခက်ခဲတဲ့ပွဲသစ်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ၂၀၀၁ ကာလကတည်းက ဘရာဇီးလ်နဂရိသတ်တွေနဲ့ အဆက်ပြတ်နေသူ စပိန်တင်းနစ်စတား နာဒါးလ်နဲ့ ဗိုလ်လုပွဲစဉ်မှာ ဆုတွေ့ခဲ့သူက ယူကရိန်းဒွေကြယ်ပွင့် ဒိုဂိုပိုကော့ဗ်ပဲဖြစ်ပါတယ်။ ဘရာဇီးလ်မြေမှာ တစ်ကြိမ်တစ်ခါမှ အရေးနိမ့်ခဲ့ဖူးသေးခြင်းမရှိသေးသူ မြေစေးဘုရင်ဟာ ရမ္ဘတ် ၆-၃၊ ၇-၆၊ နဲ့ Rio Open ချန်ပီယံဖလားကို သိမ်းပိုက်ခွင့်ရခဲ့ပြီး တတိယမြောက် ဘရာဇီးလ်ဆုဖလားဖြစ်တယ်ဆိုတာကိုလည်း စပိန်မီဒီယာတွေက ကောင်းချီးပေးနေကြပါတယ်။

နာဒါးလ်

2013 ATP World Tour Final ပွဲစဉ်မှာ ဂန္ဆဝင် ၁၀ ဦးစာရင်းမှာ နံပါတ်(၇)နေရာရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အခု ၂၀၁၄ မှာ ကစားခဲ့တဲ့ ပွဲစဉ်(၁၆)ပွဲမှာ ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲတစ်ပွဲမှာသာ ရာဖေးလ် အရေးနိမ့်ခဲ့ဖူးပြီး မြေစေးကွင်း အနိုင်စံချိန်မှာတော့ ၂၉စပွဲ အနိုင်မှတ်တမ်း၀င်ခဲ့ပြီး ၂၁ ပွဲသာ ရှုံးနိမ့်ထားတာဟာ လူငယ်လက်တက် ဒွေကြယ်ပွင့်သစ်တွေအတွက် အားကျအတုယူစရာလို့ ညွှန်းဆိုရမှာပဲမဟုတ်ပါလား။ နာဒါးလ်ရဲ့ မြေစေးကွင်း အနိုင်စံချိန်ဟာ Open Era မှာ အကောင်းဆုံးစံချိန်ဖြစ်ခဲ့ရတာကိုလည်း အားလုံးခြွင်းချက်မရှိလက်ခံခဲ့ကြရပြီပဲ မဟုတ်ပါလား။

Nike, Armani တို့နဲ့ နှစ်ရှည်စာချုပ် ချုပ်ထားသူ စပိန်ဒွေကြယ်ပွင့်ဟာ Rio အောင်ပွဲအတွက် ဆုကြေးဒေါ်လာ သုံးသိန်းနှစ်သောင်းပိုင်ဆိုင်ခွင့်ရခဲ့သလို ဆယ်စုနှစ်တစ်ခုကျော် ကင်းကွာနေခဲ့တဲ့ ဘရာဇီးလ်ပရိသတ် အကြိုက်တွေ့အောင်လည်း အကောင်းဆုံးလက်စွမ်းပြကစားပေးသွားခဲ့ပါတယ်။ ပေကျင်းအိုလံပစ်မှာ ရွှေတံဆိပ်ရခဲ့သူ ရာဖေးလ်က လာမယ့် ၂၀၁၆ ရီယိုအိုလံပစ်မှာလည်း ရွှေတံဆိပ် ဆက်လက်ရယူဖို့ ရည်မှန်းထားတယ် ဆိုတာကိုလည်း ဘရာဇီးလ်ဘောလုံးမင်းသား ရော်နယ်ဒိုနဲ့ အတွေ့မှာ အသိပေးစကားဆိုသွားပါတယ်။ ယူကရိန်းနိုင်ငံရေး၀ယက်ကြောင့် ပရိသတ်အများစု လာရောက်အားပေးဖို့ မဖြစ်နိုင်ခဲ့ပေမယ့် ဘရာဇီးလ်ပရိသတ်တွေက ဆီဒင်(၇) ရထားတဲ့ ယူကရိန်းစတား ဒိုဂိုပိုကော့ဗ်ကို လည်း တစ်ခဲနက်အားပေးခဲ့ကြတာကြောင့် မျှတတဲ့ပြိုင်ဆိုင်မှုပါလို့ ESPN က ဆိုခဲ့ပါတယ်။

စပိန်တင်းနစ်စတားတွေထဲမှာ ပထမဆုံး ကမ္ဘာ့နံပါတ်(၁)ဖြစ်လာသူ ဘယ်သန်တင်းနစ်ချန်ပီယံနာဒါးလ်က ပရော်ဖက်ရှင်နယ်ဘ၀ကို ၂၀၀၁ မှာ စတင်ခဲ့သူဖြစ်ပြီး အားလပ်ချိန်တွေမှာ ဂေါက်ရိုက်တတ်သူတစ်ဦးပါပဲ။ စပိန်ဂုဏ်ဆောင်အိုလံပစ်ဆုရှင်က "ဘရာဇီးလ်မြေဟာ ကျွန်တော်အတွက်တော့ အောင်မြေလိုပဲ ခံစားရပါတယ်။ အရင်နှစ်ခါ ကစားတော့လည်း နိုင်ခဲ့ဖူးသလို အခုနှစ်သစ်မှာလည်း ပွဲဦးထွက် ပျော်ရွှင်ခွင့်ရတာကြောင့် ကြည်နူးဝမ်းမြောက်ရပါတယ်။ ဘယ်ပြိုင်ပွဲမျိုးကိုမဆို ကျွန်တော်အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။ လာမယ့် ရီယိုအိုလံပစ်မှာ ထပ်မံဆုံတွေ့ကြဦးမှာပါ။ လှိုက်လှိုက်လှဲလှဲ အားပေးခဲ့ကြတဲ့ အတွက် ကျေးဇူးကမ္ဘာပါ"လို့ ESPN နဲ့ တွေ့ဆုံစဉ်မှာ ဖြေကြားသွားကြောင်း တင်ပြရင်း . . . ။ ■

၂၀၁၄ ဆိုချီ ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ ပြီးဆုံး

ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၂၃ ရက်နေ့ အထိ ရုရှားနိုင်ငံ၊ ဆိုချီမြို့တွင် ကျင်းပပြုလုပ်ခဲ့သော (၂၂)ကြိမ်မြောက် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲတွင် အိမ်ရှင် ရုရှားအသင်းက ရွှေ ၁၃ ခု၊ ငွေ ၁၁ ခု၊ ကြေး ကိုးခုနှင့် ဆုတံဆိပ်စုစုပေါင်း ၃၃ ခုဖြင့် ဆုတံဆိပ်ရရှိမှုဇယားတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ ထိုပြိုင်ပွဲသို့ နိုင်ငံပေါင်း ၈၈ နိုင်ငံမှ ကစားသမားပေါင်း ၂,၈၇၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အားကစားအမျိုးအစား ခုနစ်မျိုးတွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၉၈ မျိုး ထည့်သွင်းကျင်းပခဲ့သည်။ ဆုတံဆိပ်ရရှိမှုဇယားတွင် နော်ဝေနိုင်ငံက ရွှေ ၁၁ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၀ ခု၊ စုစုပေါင်း ၂၆ ခုဖြင့် ဒုတိယ၊ ကနေဒါနိုင်ငံက ရွှေ ၁၀ ခု၊ ငွေ ၁၀ ခု၊ ကြေး ငါးခု၊ စုစုပေါင်း ၂၅ ခုဖြင့် တတိယ၊ အမေရိကန်နိုင်ငံက ရွှေ ကိုးခု၊ ငွေခုနစ်ခု၊ ကြေး ၁၂ ခု၊ စုစုပေါင်း ၂၈ ခုဖြင့် စတုတ္ထ အသီးသီးရပ်တည်ခဲ့သည်။ ပြိုင်ပွဲတွင် ရွှေ ၉၉ ခု၊ ငွေ ၉၇ ခု၊ ကြေး ၉၉ ခုဖြင့် စုစုပေါင်း ဆုတံဆိပ် ၂၉၅ ခု ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ■

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	ပေါင်း
၁	ရုရှား	၁၃	၁၁	၉	၃၃
၂	နော်ဝေ	၁၁	၅	၁၀	၂၆
၃	ကနေဒါ	၁၀	၁၀	၅	၂၅
၄	အမေရိကန်	၉	၇	၁၂	၂၈
၅	နယ်သာလန်	၈	၇	၉	၂၄
၆	ဂျာမနီ	၈	၆	၅	၁၉
၇	ဆွစ်ဇာလန်	၆	၃	၂	၁၁
၈	ဘီလာရုစ်	၅	၀	၁	၆
၉	ဩစတြီးယား	၄	၈	၅	၁၇
၁၀	ပြင်သစ်	၄	၄	၇	၁၅

Simply the Best

Are you stuck in a rut at work? Are you looking for a new position and a company that will challenge you, inspire you and take your career to new heights? Then it's time to take the leap – and join the most dynamic media company in Myanmar.

Myanmar Consolidated Media, Ltd, one of Myanmar's most highly respected and well-established media organisations, is the publisher of The Myanmar Times in both languages, two websites and NOW! magazine. With more 360 staff in our Yangon, Mandalay and Nay Pyi Taw bureaus, we have a news-gathering force of nearly 100, trained to the highest international standards of reporting. Sophisticated layout and award-winning photos and editorial make MCM the one to beat when it comes to publishing in Myanmar.

MCM is expanding into exciting new directions in 2014. We are seeking qualified, experienced Myanmar nationals to fill the following openings in the Yangon office (unless otherwise noted.) All require basic computer skills and high competency in spoken and written English.

Newsroom	1	Editorial Secretary
	1	Receptionist (evening shift)
	1	Translator (Myanmar to English)
Online	2	Interns (2-3 months, with potential for long-term hire)
	1	Social Media Coordinator (part time)
	1	Senior Web programmer (at least 3 yrs /exp)
Printing	1	Director (7+ yrs exp required; returned national a plus)
Circulation & Distribution	2	Customer Care Representatives
	1	Quality Control Manager (prior experience in QC a plus)
Human Resources	1	Director (5+ yrs HR exp required; Mgmt degree/returned national a plus)
	1	Hiring Coordinator (3+ yrs exp req)
	1	Driver
NOW! magazine	1	Photographer (2-3yrs exp in magazines or photo shots)
	3	Marketing Assistants (+1 yr exp)
Security	4	FT Security Guards (2 day-duty; 2 night-duty)

Applications close at 5pm on Friday, 14 February 2014.
Early applications will receive priority consideration.
To apply, send a one-page CV and one-page cover letter explaining how your skills, experience or degree are relevant to the position.
Include specific ideas about what you would do on the job to add value to the newspaper and the company.

MCM

The Human Resources Manager: Myanmar Consolidated Media Ltd.
379-383 Bo Aung Kyaw Street, Kyauktada T/S, Yangon
Email applications to: administration@myanmartimes.com.mm

လာမည့် ၂၀၁၅ စင်ကာပူဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာဘိုးလင်းအသင်း ပြင်ဆင်လျက်ရှိ

ကျော်ဇင်လှိုင်
ရေးသားသည်။

(၁၆) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဘိုးလင်းပြိုင်ပွဲတွင် စင်ကာပူ ကစားသမားတစ်ဦး (ဝဲ) ပြိုင်ပွဲဝင်နေစဉ်။

(၁၇) ကြိမ်မြောက် အာရှလူငယ် ဘိုးလင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့သည့် စင်ကာပူ အမျိုးသမီးအသင်း။

လာမည့် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာဘိုးလင်းအသင်းသည် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါ (၂၈)ကြိမ်မြောက် ဆီးဂိမ်းအတွက် ပဏာမလက်ရွေးစင်ရွေးချယ်ပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ရန်ကုန်မြို့၊ သာကေတမြို့နယ်ရှိ အေးရှားပွိုင့် ဘိုးလင်းစင်တာတွင် ကျင်းပပြုလုပ်ခဲ့ပြီး အလွတ်တန်းပြိုင်ပွဲနှင့် အပျော်တန်းပြိုင်ပွဲအမျိုးအစားများကို ထည့်သွင်းကျင်းပပြုလုပ်ခဲ့သည်။ အလွတ်တန်းပြိုင်ပွဲမှ အမျိုးသား ၁၂ ဦးနှင့် အရန်တစ်ဦး၊ အမျိုးသမီး ၁၂ ဦးနှင့် အရန်တစ်ဦး ရွေးချယ်ကာ နေပြည်တော်(ရွှေ) အားကစားလေ့ကျင့်ရေးစခန်းတွင် မတ်လမှစတင်၍ စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်းသိရသည်။ အပျော်တန်းပြိုင်ပွဲမှ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီးရှစ်ဦးကို ရွေးချယ်၍ ရန်ကုန်မြို့တွင် အရန်အားကစားစခန်းအဖြစ် ရန်ကုန်မြို့တွင် လေ့ကျင့်ပေးလျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလက မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိုးလင်းအားကစားနည်းကို ထည့်သွင်းကျင်းပပြုလုပ်ခဲ့ခြင်းမရှိ၍ မြန်မာဘိုးလင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရရှိခဲ့ဘဲ လာမည့်စင်ကာပူဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိရန်အတွက် အကြိုပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ဘိုးလင်းအားကစားနည်းတွင် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲ၊ လေးယောက်နှင့်အထက် အသင်းလိုက်ပြိုင်ပွဲ၊ မာစတာဂိမ်းပြိုင်ပွဲအစရှိသော ပြိုင်ပွဲအမျိုးအစားငါးမျိုးရှိပြီး မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစားအားလုံးတွင် ပါဝင်နိုင်ရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အိမ်ရှင်ဆီးဂိမ်းမှာ မပါဖြစ်ခဲ့တာက ကျွန်တော်ဘိုးလင်းအဖွဲ့ချုပ်အနေနဲ့ ရွှေတံဆိပ် ကျိန်းသေရမယ်လို့ အာမခံနိုင်ခဲ့ဘူး။ အားကစားဝန်ကြီးဌာနဘက်ကလည်း ရွှေတံဆိပ်ရဖို့ မကျိန်းသေတဲ့ အားကစားနည်းဖြစ်တာကြောင့် ထည့်သွင်းမကျင်းပခဲ့တာလို့ ထင်ပါတယ်။ လာမယ့် စင်ကာပူဆီးဂိမ်းအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် ပြည်ပခရီးစဉ်တွေ သွားရောက်ဖို့နဲ့ နိုင်ငံခြားသားနည်းပြ ငှားရမ်းတဲ့ အပိုင်းမှာ အားကစားဝန်ကြီးဌာနက တစ်ဖက်တစ်လမ်းက ကူညီပေးသွားမယ်လို့ သိရပါတယ်။ ဆီးဂိမ်းမတိုင်မီ ကိုရီးယားနိုင်ငံသား နည်းပြတစ်ဦးကို ငှားရမ်းဖို့ စီစဉ်ထားပါတယ်။ လက်ရှိစခန်းသွင်းထားတဲ့ ဘိုးလင်းအားကစားသမားတွေကို အဖွဲ့ချုပ်ကပဲ ထောက်ပံ့ပေးနေပါတယ်။ အရည်အချင်းရှိတဲ့ ကစားသမားတွေကို ဘိုးလင်းဖိနပ်၊ ဘိုးလင်းဘောလုံးတွေကို ပေးထားပါတယ်။ အားကစားသမားတိုင်းကို မပေးနိုင်ဘူးဆိုတာက ကျွန်တော်တို့ ဘိုးလင်းအားကစားနည်းက အားကစားပစ္စည်းတွေ အရမ်းဈေးကြီးပါတယ်။ ဘောလုံးတစ်လုံးကို ကျပ်နှစ်သိန်းလောက်တန်ပါတယ်။ ဘိုးလင်းကစားတဲ့ ဖိနပ်ဆိုရင်လည်း အမေရိကန်ဒေါ်လာ ၃၅၀ လောက်ရှိပါတယ်။ ဒါကြောင့် ကစားသမားတိုင်းကို မထောက်ပံ့နိုင်ပါဘူး။ တကယ့်အရည်အချင်းရှိတဲ့ ကစားသမားတွေကိုတော့ မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်က ထောက်ပံ့ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးမျိုးအောင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

လက်ရှိတွင် ပြည်တွင်းနည်းပြများနှင့် အပျော်တန်းအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းခဲ့ပြီး ဆီးဂိမ်းအတွက် အရန်အသင်းအနေဖြင့် တွေကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ်ဆိုရင်တော့ လက်ရှိဘိုးလင်းအားကစားကွင်းတွေကို ပြန်လည်ပြင်ဆင်ပြီး အောင် နိုင်ငံခြားသားနည်းပြ ငှားရမ်းရပါမယ်။ မြန်မာ့ပဏာမလက်ရွေးစင် ဘိုလင်းအသင်းမှာ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရှိတဲ့ ကစားသမားတွေနဲ့ မျိုးဆက်သစ်ကစားသမားတွေကို ပေါင်းစပ်ဖွဲ့စည်းထားသော အသင်းတစ်သင်းဖြစ်ပါတယ်။ ကစားသမားတွေ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရဖို့ နိုင်ငံတကာပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ပြင်ဆင်ရပါမယ်။ ပြည်တွင်းမှာလည်း ပြိုင်ပွဲတွေကို မကြာခဏကျင်းပပြုလုပ်ပေးသင့်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရပါမယ်။ နိုင်ငံတကာပြိုင်ပွဲ ဘိုးလင်းအားကစားရုံ အခက်အခဲကြောင့် မထည့်သွင်းခဲ့တာလို့ ထင်ပါတယ်။ လာမယ့် စင်ကာပူဆီးဂိမ်းအတွက် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌက ကစားသမားတွေကို အကောင်းဆုံးပံ့ပိုးပေးထားပါတယ်။ လာမယ့် စင်ကာပူဆီးဂိမ်းမှာ မြန်မာဘိုးလင်းအသင်း ရလဒ်ကောင်းတစ်ခုရရှိမယ်လို့ မျှော်လင့်ပါတယ်။ ရလဒ်ကောင်းရအောင်လည်း ကြိုးစားယှဉ်ပြိုင်သွားမှာပါ"ဟု မြန်မာ့လက်ရွေးစင် ဘိုးလင်းအားကစားသမား တင့်ဆွေဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

"ကျွန်တော်တို့ မြန်မာဘိုးလင်းအသင်းအနေနဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတွေကို အဓိကယှဉ်ပြိုင်ရပါတယ်။ သူတို့ရဲ့စံချိန်တွေကို လိုက်မီနိုင်အောင် ကြိုးစားသွားမှာပါ။ မြန်မာ ကစားသမားတွေနဲ့ နိုင်ငံခြားသားကစားသမားတွေနဲ့ ကွာခြားချက်ကတော့ သိပ်ကြီးကြီးမားမားမရှိပါဘူး။ မြန်မာ ကစားသမားတွေအတွက် နိုင်ငံခြားသားနည်းပြ မရှိတာနဲ့ ခေတ်မီအားကစား အထောက်အကူပစ္စည်း အလုံအလောက်မရှိတဲ့အချက်တွေက နိုင်ငံခြားကစားသမားတွေနဲ့ ယှဉ်ပြိုင်ရာမှာ ခက်ခဲစေပါတယ်။ နောက်ပြီး ဘိုးလင်းအားကစားသမားတစ်ယောက်မှာ ကိုယ်ပိုင်ဘောလုံး ရှိရမယ်။ ကျွန်တော်တို့ဆီမှာ အလုံအလောက်မရှိပါဘူး။ နိုင်ငံခြားသားကစားသမားတွေမှာဆိုရင် ကိုယ်ပိုင်ဘောလုံးနှစ်လုံး၊ သုံးလုံးရှိတယ်။ မြန်မာနိုင်ငံမှာဆိုရင် ကျွန်တော်တို့လို လက်ရွေးစင်ကစားသမားဟောင်းတွေမှာပဲ ကိုယ်ပိုင်ဘောလုံးရှိတယ်။ ကိုယ်ပိုင်ဘောလုံးရှိမှ ဘိုးလင်းအားကစားက ပိုအဆင်ပြေနိုင်ပါတယ်။ နည်းပြပိုင်းမှာဆိုလည်း တကယ့် နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ နည်းပြတွေက သင်ကြားပေးနိုင်မှ ကစားသမားတွေရဲ့ အရည်အချင်း တိုးတက်ကောင်းမွန်လာမှာပါ။ အားကစားနည်းတိုင်းကို နိုင်ငံတကာက သေချာ အားထည့်ပြင်ဆင်နေတာကြောင့် နိုင်ငံတကာနဲ့ ယှဉ်နိုင်အောင် ကိုယ့်ဘက်ကလည်း အတတ်နိုင်ဆုံးကြိုးစားပြင်ဆင်သင့်တယ်လို့ ထင်ပါတယ်။ ဒီအချက်တွေ ပြင်ဆင်သွားနိုင်မယ်ဆိုရင် မြန်မာဘိုးလင်းအားကစားသမားတွေလည်း နိုင်ငံတကာပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေရရှိလာမှာပါ။ နောက်ပြီး နွေရာသီမှာ ဘိုးလင်းအခြေခံသင်တန်းလေးတွေများများပို့ချပြီးတော့ လေ့ကျင့်ပေးနိုင်မယ်ဆိုရင် မျိုးဆက်သစ်ကစားသမားတွေကိုလည်း မွေးထုတ်နိုင်ပါလိမ့်မယ်"ဟု ဘိုးလင်း အားကစားသမား တင့်ဆွေဦးက ဘိုးလင်းအားကစားနည်းနဲ့ပတ်သက်၍ သူ့အမြင်ကို ပြောကြားခဲ့သည်။ ■

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိုးလင်းအားကစားနည်းကို ထည့်သွင်းကျင်းပပြုလုပ်ခဲ့ခြင်းမရှိ၍ မြန်မာဘိုးလင်း...

အီတလီစီးရီးအပွဲစဉ်(၂၆)

ရိုးမားတို့ နိုင်ပွဲဆက်ဦးမယ်

ဝက္ကာ(စမ်းချောင်း)

အတ္တလန္တာ-ချီယေဗို

ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ပါးမားကို လေးဂိုးပြတ်ရှုံးပြီးနောက် ယူဒီးနိစ်ကွင်းမှာ ၁-၁ သရေကစားခဲ့လို့ အတ္တလန္တာရဲ့ ခြေစွမ်းအမှန်ကို မှန်းဆရခက်သွားတယ်။ ချီယေဗိုကတော့ တောက်လျှောက် စိုက်ဆင်းနေပေမယ့် ပြီးခဲ့တဲ့ပွဲစဉ်မှာ ကာတာနီးယားကို နှစ်ဂိုးပြတ်နိုင်လိုက်လို့ ခြေစွမ်းပြန်တက်လာနိုင်တယ်။ ချီယေဗိုဘက်က အရဲစွန့်သင့်တယ်။

ကက်ဂလီယာရီ-ယူဒီနီးစ်

ကက်ဂလီယာရီခြေစွမ်းက အကောင်းဘက်မှာ မရှိသေးပေမယ့် ပြီးခဲ့တဲ့ အင်တာမီလန်ကွင်းမှာ ၁-၁ သရေကစားသွားတဲ့ ခြေစွမ်းကို ဆက်ထိန်းနိုင်မယ်ဆိုရင်တော့ လျှော့တွက်လို့မရဘူး။ ချီလီတိုက်စစ်မှူး ပင်နယ်လာနဲ့ ကိုလံဘီယာတိုက်စစ်မှူး အိုင်ဘာဘိုအတွဲကို တော်ရုံနောက်တန်းထိန်းနိုင်မယ် မထင်ဘူး။ ယူဒီးနိစ်ကတော့ ပြီးခဲ့တဲ့သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်သွားရာမှာ ပေးဂိုးခြောက်ဂိုးရှိလို့ နောက်တန်းမလုံခြုံတာ ပေါ်လွင်နေတယ်။ ကက်ဂလီယာရီကို ပိုကြိုက်တယ်။

ဖီအိုရင်တီးနား-လာဇီယို

စီးရီးအနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲနှစ်ခု တစ်ပြိုင်နက်တည်း ကစားနေရချိန်မှာ ထိခိုက်ဒဏ်ရာရသူတွေ ရှိနေလို့ ဖီအိုရင်တီးနားတို့ ဘေးကျပ်နံကျပ်တွေ ရင်ဆိုင်နေရတယ်။ လာဇီယိုလည်း စီးရီးအနဲ့ ယူရိုပါလိဂ် ပြိုင်ပွဲနှစ်ခု တစ်ပြိုင်နက်တည်းကစားနေရပေမယ့် ခြေစွမ်းကတော့ အကျဘက်ကို ရောက်နေတယ်။ ပြီးခဲ့တဲ့ သုံးပွဲဆက်တိုက်မှာ ခြောက်ဂိုးသွင်းခံထားရလို့ လာဇီယို နောက်တန်း 'ပွင့်'တာ ပေါ်လွင်နေတယ်။ ဖီအိုရင်တီးနား နိုင်ခြေများပါတယ်။

ဂျီနိုအာ-ကာတာနီးယား

ဖေဖော်ဝါရီလထဲမှာ ဂျီနိုအာခြေစွမ်းပြန်တက်လာတယ်။ အထူးသဖြင့် ဂိုးသွင်းနှုန်း တိုးတက်လာတယ်။ အာဂျင်တီးနားကစားသမားအများစုပါဝင်တဲ့ ကာတာနီးယားကတော့ ပြီးခဲ့တဲ့ပွဲစဉ်မှာ လူအပြောင်းအလဲတွေ ပြုလုပ်လိုက်လို့ ချီယေဗိုကို နှစ်ဂိုးပြတ် ရှုံးသွားတယ်။ ကာတာနီးယားဟာ တိုက်စစ်ကောင်းပေမယ့် ခြေစွမ်းတည်ငြိမ်မှု နည်းသေးတယ်။ ဂျီနိုအာဘက်က အလေးသာတယ်။

လီဗော်နို-နာပိုလီ

ခြေစွမ်းအားဖြင့် သာမန်အောက်ဘက်မှာ ရှိနေပေမယ့် တန်းမဆင်းရဖို့ စိတ်ဓာတ်ထည့်သွင်းပြီး အားစိုက်ကစားနေလို့ လီဗော်နိုကို အထင်သေးလို့မရဘူး။ ဒါပေမဲ့ နာပိုလီကိုတော့ လီဗော်နိုတို့ ဘက်စုံထောင့်စုံက မယှဉ်နိုင်သေးဘူး။ နာပိုလီဟာ တိုက်စစ်ပြန်လည်ထက်မြက်လာပြီး ပွဲတိုင်းကို အာရုံစိုက်ကစားလာလို့ အနိုင်ပြတ်သားတဲ့ပွဲတွေများလာတယ်။ တိုက်စစ်မှူး ဟီဂူအင် ဂိုးသွင်းခြေစွမ်းမှန်လာလို့ နာပိုလီကို ရွေးချယ်သင့်တယ်။

ရိုးမား-အင်တာမီလန်

ဆက်တိုက်ခြေမှန်ပြီး နိုင်ပွဲရနေတဲ့ ရိုးမားဟာ စီးရီးအေမှာ ပွဲတိုင်းကို အာရုံစိုက်ကစားနေတယ်။ အထူးသဖြင့် ဂျူဗင်တပ်ကို ဖိအားပေးဖို့အတွက် ပွဲတိုင်းနိုင်အောင် 'ညှစ်'ကစားနေတာ တွေ့ရတယ်။ ရိုးမားတိုက်စစ်မှာ လူငယ်တွေဖြစ်တဲ့ ဒက်စထရိုး၊ ဖလိုရန်ဇီတို့ကို ဂျာဗင်ဟိုနဲ့ တွဲပေးထားလို့ ကစားအား၊ တိုးအားကောင်းလာတယ်။ အင်တာမီလန်ကတော့ ခြေစွမ်းမငြိမ်သေးဘူး။ နောက်တန်းမှာ တိုးတက်လာပေမယ့် တိုက်စစ်မငြိမ်သေးဘူး။ ရိုးမားကို ပိုကြိုက်တယ်။

ဆက်စူလို-ပါးမား

တောက်လျှောက်စိုက်ဆင်းနေတဲ့ ဆက်စူလိုဟာ တန်းပြန်ဆင်းရဖို့ သေချာသွားလို့ အဖြည့်ခံအဆင့်ကို ရောက်သွားပေမယ့် စိတ်ဓာတ်မကျဘဲ ရသလောက် ဖျစ်ညှစ်ကစားနေသေးတယ်။ ဒါပေမဲ့ ပါးမားကလည်း လတ်တလောမှာ ခြေတက်နေတယ်။ ဝါရင့်တိုက်စစ်မှူး ကာဆာနိုက ဦးဆောင်မောင်းနှင်နေလို့ ဂိုးသွင်းအားကောင်းလာတယ်။ ပါးမားရဲ့ လက်ရှိအခြေအနေအရ ပါးမားကို ရွေးချယ်သင့်တယ်။

တိုရီနို-ဆမ်ဒိုးရီးယား

ပွဲကျပ်တွေဆက်နေလို့ တိုရီနိုတို့ နိုင်ပွဲကျဲသွားပေမယ့် တကယ်ညစ်ကစားရင် ခြေစွမ်းရှိတယ်ဆိုတာ ပြီးခဲ့တဲ့ ဂျူဗင်တပ်နဲ့ပွဲမှာ ပေါ်လွင်ခဲ့တယ်။ ဆမ်ဒိုးရီးယားကတော့ ခြေစွမ်းပြန်လည်ကျဆင်းသွားပြီး နှစ်ပွဲဆက်တိုက်ရှုံးခဲ့ရာမှာ ငါးဂိုးသွင်းခံလိုက်ရပေမယ့် တစ်ဂိုးမှ ပြန်မသွင်းနိုင်လို့ တိုက်စစ်ရော၊ ခံစစ်ပါ ဆိုးရွားနေတယ်။ တိုရီနိုကို ပိုကြိုက်တယ်။

ဗီရိုနာ-ဘိုလော့နာ

တိုက်စစ်ဖွင့်ကစားတဲ့အသင်းဖြစ်လို့ နောက်တန်းစိတ်မချရပေမယ့် ဂိုးသွင်းအားရှိလို့ ဗီရိုနာကို ထိပ်သီးတွေတောင် လျှော့မတွက်ရဲဘူး။ ဗီရိုနာဟာ အိမ်ကွင်းစွာတယ်။ ဘိုလော့နာကတော့ အဝေးကွင်းခြေစွာလေ့မရှိသလို လတ်တလော ရှုံးပွဲတွေများနေတယ်။ ပြီးခဲ့တဲ့လေးပွဲမှာ သုံးပွဲရှုံးခဲ့ပြီး ရှုံးခဲ့တဲ့ သုံးပွဲစလုံး ဂိုးမသွင်းနိုင်ခဲ့လို့ တိုက်စစ်အားရစရာမရှိဘူး။ ဗီရိုနာတို့ သုံးမှတ်သေချာတဲ့ပွဲပါ။ ■

အီတလီ စီးရီးအပွဲစဉ်(၂၅)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရတိုး	ပေးဂိုး	ရမှတ်
ဂျူဗင်တပ်	၂၅	၂၁	၃	၁	၆၀	၁၉	၆၆
ရိုးမား	၂၄	၁၇	၆	၁	၄၉	၁၁	၅၇
နာပိုလီ	၂၅	၁၅	၆	၄	၅၀	၂၈	၅၁
ဖီအိုရင်တီးနား	၂၅	၁၃	၆	၆	၄၅	၂၈	၄၅
အင်တာမီလန်	၂၅	၁၀	၁၀	၅	၄၃	၂၉	၄၀
ဗီရိုနာ	၂၅	၁၂	၃	၁၀	၄၃	၄၂	၃၉
ပါးမား	၂၄	၉	၁၀	၅	၃၈	၂၉	၃၇
တိုရီနို	၂၅	၉	၉	၇	၃၉	၃၂	၃၆
အေစီမီလန်	၂၅	၉	၈	၈	၃၉	၃၅	၃၅
လာဇီယို	၂၅	၉	၈	၈	၃၃	၃၄	၃၅
ဂျီနိုအာ	၂၅	၈	၈	၉	၂၈	၃၂	၃၂
ယူဒီးနိစ်	၂၅	၈	၄	၁၃	၂၉	၃၆	၂၈
ဆမ်ပိုးရီးယား	၂၅	၇	၇	၁၁	၂၇	၃၃	၂၈
အတ္တလန္တာ	၂၅	၈	၄	၁၃	၂၅	၃၃	၂၈
ကက်ဂလီယာရီ	၂၅	၅	၁၀	၁၀	၂၃	၃၅	၂၅
ချီယေဗို	၂၅	၅	၆	၁၄	၁၉	၃၅	၂၁
ဘိုလော့နာ	၂၅	၄	၉	၁၂	၂၂	၄၁	၂၁
လီဗော်နို	၂၅	၅	၅	၁၅	၂၆	၄၅	၂၀
ကာတာနီးယား	၂၅	၄	၇	၁၄	၁၉	၄၃	၁၉
ဆက်စူလို	၂၅	၄	၅	၁၆	၂၅	၅၄	၁၇

အီတလီစီးရီးအပွဲစဉ်(၂၅)

ပါးမား	၂-၂	ဖီအိုရင်တီးနား
နာပိုလီ	၁-၁	ဂျီနိုအာ
လီဗော်နို	၂-၃	ဗီရိုနာ
ချီယေဗို	၂-၀	ကာတာနီးယား
အင်တာမီလန်	၁-၁	ကက်ဂလီယာရီ
ဆမ်ပိုးရီးယား	၀-၂	အေစီမီလန်
ယူဒီးနိစ်	၁-၁	အတ္တလန္တာ
ဂျူဗင်တပ်	၁-၀	တိုရီနို
လာဇီယို	၃-၂	ဆက်စူလို
ဘိုလော့နာ	၀-၁	ရိုးမား

သွင်းဂိုးအများဆုံး

ဂူဆစ်ပီရော့စီ (ဖီအိုရင်တီးနား)	၁၄ ဂိုး
တေဗက်ဇ် (ဂျူဗင်တပ်)	၁၄ ဂိုး
အင်မ်မိုဘိုင်း(တိုရီနို)	၁၃ ဂိုး
လူကာတိုနီ (ဗီရိုနာ)	၁၃ ဂိုး
ဂွန်ဇာလို ဟီဂူရင်(နာပိုလီ)	၁၃ ဂိုး

ဆန်စိရိုမှာ ဂျူဗိကိုပဲ ယုံရမှာလား

ဝက္ကာ(စမ်းချောင်း)

အေစီမီလန်-ဂျူဗင်တပ်

ရလဒ်များ ဆိုးရွားကျဆင်းလာသောကြောင့် နည်းပြဟောင်း အယ်လီဂရီကို ထုတ်ပယ်လိုက်သော အေစီမီလန်သည် တစ်ချိန်က ၎င်းတို့၏ကစားသမားဟောင်း ဖြစ်သော ကလဲရင့်ဆီးဒဲ့ဖ်ကို နည်းပြသစ်အဖြစ် အစားထိုးပြီးနောက် ရလဒ်များ ပြန်လည်ကောင်းမွန်လာသည်ကို တွေ့ရသည်။

ပြီးခဲ့သော ဇန်နဝါရီအပြောင်းအရွှေ့စျေးကွက်တွင် အေစီမီလန်သည် တိုက်စစ်မှူး တာရက်ဘ်နှင့် ဆာပိုနာရာ၊ ကွင်းလယ်လူ ဟွန်ဒါနှင့် အက်ဆီယန်၊ နောက်ခံလူ အဲဒဲလ်ရာမီတို့ကို ခေါ်ယူအားဖြည့်လိုက်ခြင်းကြောင့် ရှေ့လယ်နောက် အချိုးအစားညီညီ အင်အားဖြည့်တင်းနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင် နည်းပြအပြောင်းအလဲကြောင့် အသင်းတည်ငြိမ်မှုမဆိုစလောက် ထိခိုက်သွားဖွယ်ရှိသော်လည်း နည်းပြသစ် ဆီးဒဲ့ဖ်သည် အေစီမီလန်တွင် 'ဩဇာ'ရှိခဲ့ သူဖြစ်ပြီး ကစားသမားများနှင့် ဆက်ဆံရေး အဆင်ပြေသောကြောင့် အသင်းစိတ်ဓာတ်နှင့် စွမ်းဆောင်ရည်ပိုင်းကို ပြန်လည် 'ဆွဲတင်'နိုင်ခဲ့သည်။

နည်းပြသစ် ဆီးဒဲ့ဖ်လက်ထက်တွင် အေစီမီလန် ၏ တိုက်စစ်ဗျူဟာနှင့် လူအခင်းအကျင်း ပိုင်း၌အပြောင်းအလဲများဖြစ်လာသည်။ ဆီးဒဲ့ဖ်သည် အသင်းလိုက် 'ညှစ်အား'ကို ရယူလိုသောကြောင့် အသစ်ရောက်လာသူများနှင့် လူငယ်ကစားသမား ခပ်များများကို ထည့်သွင်းကစားခဲ့သည်။ လူငယ်၊ လူသစ်များသည် အေစီမီလန်ကဲ့သို့ အစဉ်အလာကြီးမားသော အသင်းတွင် နေရာရလိုသောကြောင့် 'ရုန်း'ကြရာ အသင်းလိုက် ကစားအားနှင့် စွမ်းဆောင်ရည်ပိုင်း မြင့်တက်လာသည်။

နည်းပြသစ်ဆီးဒဲ့ဖ်လက်ထက်တွင် အေစီမီလန် နောက်တန်းကို ဝါရင့်နောက်ခံလူများဖြစ်သော အဲဒဲလ်ရာမီ(၂၈ နှစ်)၊ ဇက်ကာဒို (၃၂ နှစ်)၊ အဘာတီ (၂၇ နှစ်) တို့ဖြင့် နောက်တန်းအထိုင်ချလိုက်သောကြောင့် အထိုက်အလျောက် တည်ငြိမ်လာသည်။

အစောပိုင်းက တောက်လျှောက် 'ပေါက်'နေသောကြောင့် ပေးဂိုးများခဲ့သော အေစီမီလန် နောက်တန်းသည် နည်းပြသစ် ဆီးဒဲ့ဖ်လက်ထက်တွင် ပေးဂိုးနည်းလာသည်။ ဖိအားများသောပွဲများတွင် ပျာယာခတ်ခြင်း သိပ်မရှိတော့တာကို တွေ့ရသည်။

သို့ရာတွင် ကွင်းလယ်ကစားသမားဟောင်း ဆီးဒဲ့ဖ်သည် နည်းပြဖြစ်လာသောအခါ ကွင်းလယ်ကို အများဆုံးပြုပြင်ပြောင်းလဲရန် ကြိုးစားလာသည်။ သိသာသောအချက်မှာ ကွင်းလယ်သည် တစ်သင်းကို အဓိက မောင်းနှင်သော 'ဗဟိုချက်'အဖြစ် အားယူစုစည်းရန်ကြိုးပမ်းလာသည်။ ကွင်းလယ်တွင် သမ္ဘာရှိသူအချို့ကို အသင်း 'ထိန်းကျောင်း'ရန်အတွက် ထည့်သုံးသော်လည်း တကယ်တန်းတွင်မူ ကစားအား

"အော့စဗဲလ်ဒိုသည် အသင်းသစ်တွင် အချိန်တိုအတွင်းမှာပင် အထိုင်ကျသွားသောကြောင့် ဂျူဗင်တပ်၏..."

ရှိသော လူငယ်များနှင့် တိုက်စစ်အားသန်သူများဖြင့် 'တည်'ကာ ဝါရင့်အချို့ကို 'ဝန်းရံ'ပေးရုံလောက်သာ ထည့်သုံးသည်။

နည်းပြသစ်ဆီးဒဲ့ဖ်လက်ထက်တွင် အေစီမီလန်၏ တည်ငြိမ်မှုအနည်းဆုံး အစိတ်အပိုင်းမှာ တိုက်စစ်ဖြစ်သည်။ ဒဏ်ရာ၊ ပွဲပယ်များရှိနေခြင်းနှင့်အတူ အေစီမီလန်ရှေ့တန်းတွင် လူထုတ်ပုံများ တစ်ပွဲနှင့်တစ်ပွဲ မတူညီဘဲ အချို့ပွဲစဉ်များ၌ ကွင်းလယ်တိုက်စစ်သမား ဟွန်ဒါကိုပင် တိုက်စစ်တွင် ထည့်ကစားလာသည်။

တစ်ဖက်တွင် အေစီမီလန်နှင့် ရင်ဆိုင်မည့် ဂျူဗင်တပ်သည် စီးရီးအေတွင် တည်ငြိမ်မှုအရှိဆုံးအသင်းအဖြစ် အမှတ်ပေးဇယားကို တောက်လျှောက်ဦးဆောင်နေသည်။

ဂျူဗင်တပ်သည် ပြီးခဲ့သော ဇန်နဝါရီလ၌ ခြေစွမ်းမပြနိုင်သော တိုက်စစ်မှူးမာထရီကို နေရာတွင် အီတလီလက်ရွေးစင် တိုက်စစ်မှူး အော့စဗဲလ်ဒိုဖြင့် အစားထိုးကာ တိုက်စစ်အပြောင်းအလဲ ပြုလုပ်ခဲ့သည်။

တိုက်စစ်မှူး အော့စဗဲလ်ဒိုသည် အသင်းသစ်တွင် အချိန်တိုအတွင်းမှာပင် အထိုင်ကျသွားသောကြောင့် ဂျူဗင်တပ်၏ တိုက်စစ်အင်အားစုသည် တောင့်တင်းထက်မြက်သွားသည်။ အော့စဗဲလ်ဒိုရောက်လာပြီးနောက် ဂျူဗင်တပ်သည် အဝေးဘော၊ အမြင့်ဘောများကို ပို၍ထိရောက်စွာ အားပြုကစားလာသည်။

ဂျူဗင်တပ်ကွင်းလယ်သည် စီးရီးအေတွင် လူထည့်သွင်းကစားပုံ အတည်ငြိမ်ဆုံးနှင့် ကျစ်လျစ်မှုအရှိဆုံးဖြစ်သည်။ တစ်ဖန် စိတ်ဓာတ်ကောင်းပြီး အတွေ့အကြုံ၊ ပရိယာယ်များသည်။ နိုင်လိုစိတ်ပြင်းပြသောကြောင့် 'ညှစ်' အားရှိသည်။ ပြိုင်ဘက်၏ အားနည်းချက်ကို အမြန်ဆုံးရှာဖွေ ထိုးဖောက်တတ်သည်။ ဂျူဗင်တပ်နောက်တန်းသည် စီးရီးအေတွင် လုံခြုံကျစ်လျစ်မှုအရှိဆုံး ဖြစ်သည်။

ဂျူဗင်တပ်၏ အားသာချက်တစ်ခုမှာ နည်းစနစ်ပိုင်းအရ ပြောင်းလွယ်ပြင်လွယ်ရှိသောကြောင့် ပြိုင်ဘက်အနေအထားပေါ် မူတည်ကာ နည်းဗျူဟာနှင့် ကစားကွက် အပြောင်းအလဲ၊ ကစားရှိန် အတင်အချကို ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ သုံးယောက်ခံစစ်ကို အသုံးပြုပြီး ကွင်းလယ်ကစားသမားငါးယောက် ထည့်သွင်းကစားသောကြောင့် ဂျူဗင်တပ်သည် ကွင်းလယ် 'မြိုင်'ပြီး ကစားကွက်ဖော်ရာတွင် ထိရောက်သည်။

ဆိုရပါလျှင် အေစီမီလန်သည် နည်းပြသစ် ဆီးဒဲ့ဖ်လက်ထက်၌ တက်ရိပ်ပြလာသော်လည်း သမ္ဘာနှင့် ကစားကွက်တည်ငြိမ်မှုတွင် ဂျူဗင်တပ်ကို မယှဉ်နိုင်သေးပေ။ ဂျူဗင်တပ်သည် ရှေ့လယ်နောက် ချိန်ခွင်လျှာမျှပြီး 'ညှစ်အား'ရှိသည်။ ပြိုင်ဘက်ပေါ်မူတည်ကာ အနိုးပေး၊ အဝေးပေးစနစ်များကို ကျွမ်းကျင်ထိရောက်စွာ ကစားနိုင်သည်။ အိမ်ကွင်း၊ အဝေးကွင်းမရွေး ဂိုးသွင်းအားလည်းရှိသည်။ သို့ကလို့ကြောင့် ဂျူဗင်တပ်ဘက်က အလေးသာနေပြီး ဂိုးများသောပွဲ ဖြစ်လာနိုင်သည်။ ■

ဂျူဗင်တပ်တိုက်စစ်မှူး အယ်လ်လိုရန်ဇီ(လယ်)၏ထိုးဖောက်မှုကို တိုရီနိုကစားသမားနှစ်ဦး လိုက်လံဖျက်ထုတ်နေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

THE G•E•M•S

Garden Condominiums

Glimmering New Heights in The Heart of The City

21st January to 21st April
Special Promotion for Our Customers

Stylish Urban Living..... Now Has a New Address in Yangon

ရိုးရှင်းလှပသောဒီဇိုင်း၊ ခေတ်မှီသေသပ်သော ဒီဇိုင်းဖြင့် နိုင်ငံတကာ အဆင့်မှီ လူနေမှုစနစ်၏ ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်သော The Gems Garden Condominiums သည် သင့်အား ဆိတ်ငြိမ်အေးချမ်းသည့်, လူနေမှု အဆင့်အတန်း တစ်ခုကို ပိုင်ဆိုင်စေပါလိမ့်မည်။

ရန်ကုန်မြို့.ထော်၏ နလုံးသည်းမွတ်နေရာတွင် တည်ရှိလာမည့် The Gems Garden Condominiums သည် (၂၁)ထပ်အဖြင့် ရှိသောကြောင့် ရန်ကုန်မြို့.၏ လှပစိမ်းလန်းသောရှုမြင်ကွင်းများအား ကောင်းကင်မှ ကြည့်.ရှုခံစား နေရသကဲ့သို့ အတွေ့.အကြုံ အသစ်များအား သင့်အားပေးစွမ်းနိုင်ပါလိမ့်မည်။

The Gems Garden Condominiums တွင် ခေတ်မှီလှပသော မြင်ကွင်းကျယ်ရေကူးကန်နှင့်တကွ .....
-ခေတ်မှီစုံလင်သောအားကစားခန်းမ
-ကလေးရေကူးကန်
-ပွဲလမ်းသဘင်ကျင်းပသောခန်းမ
-အားကစားကွင်း
-Barbecue ပြုလုပ်ရန်နေရာ
-အပြေးလေ့ကျင့်ရန်လမ်း
-စိမ်းလန်းစိုပြေသော ဥယျာဉ် တို့.ပါရှိမည်ဖြစ်ပါသည်။



Visit our GALLERY
113 Innsein Road, Hlaing Township
For Information Please Call
01 526146, 01 526148, 01 526170

Mandalay OFFICE
No.24, 26(B)Road, between 86st x 87st
Aung Myay Thar San Township.
02 32590, 02 61536, 02 61538

CAPITAL DEVELOPMENT LIMITED

Quality Developer.....Reliable Developer.....Responsible Developer

ဆောက်သမ်းနှင့် ဇေကပင် သရေဖြင့်သာ ပြီးဆုံး

ကျော်ဇင်လှိုင်

၂၀၁၄ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၄) အဖြစ် ပြီးခဲ့သည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော ဆောက်သမ်းမြန်မာအသင်းနှင့် ဇေကပင်အသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်သာထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဇေကပင်အသင်းသည် အသင်း၏ အမာခံကစားသမားများဖြစ်သော ကန်တာရီ၊ ဂျိုနိုဆီယမ်၊ အမာအိုဘီ အစရှိသော နိုင်ငံခြားကစားသမားများနှင့် ဆောက်သမ်းမြန်မာအသင်းကို အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ဆောက်သမ်းမြန်မာအသင်းမှ ပြည်တွင်းကစားသမားများ၏ မာကျောသော နောက်တန်းကို ကျော်လွှန်နိုင်ခဲ့ခြင်းမရှိဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဇေကပင်အသင်းသည် ပွဲအစကတည်းက ဆောက်သမ်းမြန်မာအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးကို ပွဲချိန် လေးမိနစ်တွင် ဂျပန်တိုက်စစ်မှူးကန်ရိတာက အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် ဆောက်သမ်းမြန်မာအသင်းသည် တန်ပြန်တိုက်စစ်မှတစ်ဆင့် ချေပဂိုးရရန် ကြိုးစားခဲ့ရာ ပွဲချိန် ၂၂ မိနစ်တွင် ထက်အောင်က ခေါင်းတိုက်သွင်းယူပြီး ဆောက်သမ်းမြန်မာအသင်းအတွက် ချေပဂိုးကို ရယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ဇေကပင်အသင်းသည် ဆောက်သမ်းမြန်မာအသင်းကို ပိုမိုဖိအားပေးကစားနိုင်ခဲ့သော်လည်း ဇော်ခါးနှင့် သိန်းစိုးမင်းတို့ ဦးဆောင်သော ဆောက်သမ်းမြန်မာနောက်တန်းကို မကျော်လွှန်နိုင်ခဲ့သလို ဆောက်သမ်းမြန်မာအသင်း ဂိုးသမားတင်နိုင်ထွန်းက အကောင်းဆုံးပုံစံဖြင့် ဇေကပင်အသင်း၏ ဂိုးကန်သွင်းမှုများကို ကာကွယ်နိုင်ခဲ့သည်။

"ကျွန်တော်တို့အသင်း ဒုတိယပိုင်းမှာ အခွင့်အရေးတွင် အများကြီးရခဲ့ပေမယ့် အဆုံးသတ်ပိုင်း အားနည်းချက်တွေရှိနေတာကြောင့် အနိုင်ဂိုးမရခဲ့ပါဘူး။ နောက်ပွဲတွေမှာ ဒီအားနည်းချက်တွေကို ပြင်ဆင်ရပါမယ်။ကျွန်တော်တို့အသင်းက ကစားသမားတွေ ပွဲအပေါ်အာရုံစူးစိုက်မှု အားနည်းနေလို့ ချေပဂိုးပေးလိုက်ရပါတယ်။ ဆောက်သမ်းမြန်မာအသင်းက ပြည်တွင်းကစားသမားတွေနဲ့ ဖွဲ့စည်းထားပေမယ့် အကောင်းဆုံး ကြိုးစားကစားသွားတဲ့အတွက်ကြောင့် ခီးကျူးပါတယ်"ဟု ဇွဲကပင်ယူနိုက်တက်အသင်း၏နည်းပြ ဦးအောင်မင်းဦးက ပြောသည်။

ဆောက်သမ်းမြန်မာနှင့် ဇွဲကပင်ယူနိုက်တက်တို့ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်တွင် နှစ်ဖက်ကစားသမားများ ဘောလုံးယှဉ်လုနေစဉ်။

"ဇွဲကပင်အသင်းက ဖွဲ့စည်းပုံကောင်းမွန်တဲ့အသင်းဖြစ်တာကြောင့် ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကစားသမားတွေ အကောင်းဆုံးကြိုးစားကစားနိုင်ခဲ့တဲ့အတွက် ဒီရလဒ်ကို ကျေနပ်ပါတယ်။ ကျွန်တော့်အသင်းရဲ့ကစားပုံ တစ်ပွဲထက်တစ်ပွဲ တိုးတက်လာတာတွေ့ရတော့ ကျေနပ်ပါတယ်။ ကျွန်တော်တို့အသင်းရဲ့ အမာခံကစားသမားတွေ ဒဏ်ရာရနေတဲ့အတွက် အသင်းမှာ အားနည်းချက်တွေရှိပါတယ်။ ဒီရာသီကိုလည်း ပြည်တွင်း ကစားသမားတွေနဲ့ပဲ ဖြတ်သန်းသွားမှာပါ"ဟု ဆောက်သမ်းမြန်မာအသင်း နည်းပြချုပ်ကင်ဝေါ်ဒန်က ပြောသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ဧရာဝတီယူနိုက်တက်အသင်းကို ၄-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ်(၄) အပြီးတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် ရမှတ် ၁၀ မှတ်ရရှိကာ ဒုတိယနေရာမှ ရတနာပုံအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ ရတနာပုံအသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ကတောင်ကြီးမြို့တွင် ကမ္ဘောဇအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

အခြားပွဲစဉ်များတွင် ဇေယျာရွှေမြေအသင်းက GFA အသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သလို မကွေးအသင်းကလည်း ချင်းယူနိုက်တက်အသင်းကို ၃-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နေပြည်တော်အသင်းသည် မနောမြေအသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၄)အပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့သည် ရမှတ် ၁၀ မှတ်စီဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး နေပြည်တော်အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့က ရမှတ်ကိုးမှတ်စီဖြင့် အဆင့်(၃)နှင့် အဆင့်(၄)နေရာများတွင် အသီးသီးရပ်တည်နေသည်။ အမှတ်ပေးဇယားအောက်ခြေတွင် တန်းတက်ချင်းယူနိုက်တက်အသင်းနှင့် GFA အသင်းတို့က ရပ်တည်နေသည်။

မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၅)ပွဲစဉ်များကို လာမည့် မတ်လ ၁၊ ၂၊ ၃ ရက်နေ့များတွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ပွဲစဉ်(၅)တွင် အမှတ်ပေးဇယားကို အမှတ်တူဖြင့် ဦးဆောင်နေသော ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့၏ တွေ့ဆုံမှုသည် အမှတ်ပေးဇယားဦးဆောင်ခွင့်အတွက် အကြိတ်အနယ်ရှိလာနိုင်သလို ယခုနှစ်ရာသီတွင် အသင်းကြီးများကို အခက်တွေ့စေသည့် မနောမြေနှင့် ဇေယျာရွှေမြေတို့၏ တွေ့ဆုံမှု၊ မကွေးနှင့် ကမ္ဘောဇ၊ ချင်းယူနိုက်တက်နှင့် ဇွဲကပင်ယူနိုက်တက်၊ နေပြည်တော်နှင့် GFA၊ ဆောက်သမ်းမြန်မာနှင့် ဧရာဝတီယူနိုက်တက်တို့တွေ့ဆုံမှုများဖြင့် ကြည့်ကောင်းသောပွဲစဉ်များ ဖြစ်လာနိုင်သည်။ ■

မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၄)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရန်ကုန်	၄	၃	၁	၀	၁၃	၅	၁၀
ရတနာပုံ	၄	၃	၁	၀	၅	၂	၁၀
နေပြည်တော်	၄	၃	၀	၁	၈	၄	၉
ဇေယျာရွှေမြေ	၄	၃	၀	၁	၆	၈	၉
မနောမြေ	၄	၂	၀	၂	၅	၄	၆
မကွေး	၄	၂	၀	၂	၅	၅	၆
ကမ္ဘောဇ	၄	၁	၂	၁	၅	၆	၅
ဇွဲကပင်	၄	၁	၁	၂	၈	၅	၄
ဆောက်သမ်း	၄	၁	၁	၂	၄	၅	၄
ရောဝတီ	၄	၁	၀	၃	၆	၈	၃
ချင်း	၄	၁	၀	၃	၄	၇	၃
GFA	၄	၀	၀	၄	၁	၁၁	၀

ဘိုင်ယန် ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်

ကျော်ဇင်လှိုင်

ကျာမနီနိုင်ငံ၊ ဘွန်ဒက်စ်လီဂါ ထိပ်တန်းကလပ် ဘိုင်ယန်မြူးနစ်အသင်းက ကြီးမှူးကျင်းပမည့် ၂၀၁၄ ခုနှစ်ဘိုင်ယန်မြူးနစ်လူငယ်ဖလား ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အသက် ၁၆ နှစ်အောက် လူငယ်ကစားသမားငါးဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ အသက် ၁၆ နှစ်အောက် လူငယ်ကစားသမားငါးဦးကို စိစစ်ရွေးချယ်ကာ ထိုင်းနိုင်ငံမှ လူငယ်ငါးဦးနှင့်အတူ ပူးပေါင်း၍ အသင်းဖွဲ့စည်းကာ အရှေ့တောင်အာရှကိုယ်စားပြုအသင်းအနေဖြင့် အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို လာမည့်မေလအတွင်း ဘိုင်ယန်မြူးနစ်ကလပ် လူငယ်လေ့ကျင့်ရေးစခန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အိမ်ရှင်ဂျာမနီလူငယ်အသင်းနှင့်အတူ ဘရာဇီးလ်၊ အီတလီ၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာနှင့် ထိုင်းတို့ပေါင်းစပ်ထားသည့် အရှေ့တောင်အာရှကိုယ်စားပြုအသင်း စုစုပေါင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲပုံစံမှာ အသင်းအားလုံး အုပ်စုပတ်လည် စနစ်ဖြင့်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အမှတ်အနည်း၊ အများအပေါ်မူတည်၍ ပထမ၊ ဒုတိယ၊ တတိယ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပွဲကစားချိန်ကို တစ်ပိုင်းလျှင် ၃၅ မိနစ်အဖြစ် ကစားစေမည်ဖြစ်သည်။ ပြိုင်ပွဲတွင် တစ်ဖက်ကစားသမား ခုနစ်ယောက်စီ ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ရွေးချယ်ခံရသည့် လူငယ်အသင်းအားလုံးကို ဘိုင်ယန်မြူးနစ်အသင်းက နာမည်ကြီးကစားသမားဟောင်းကြီးများနှင့် နည်းပြများက ဘောလုံးအခြေခံနည်းစနစ်များ၊ ကစားပုံများနှင့် ပတ်သက်၍ အသိပညာပေးအချိန်ပိုင်းသင်တန်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကာ ပြိုင်ပွဲတွင် ခြေစွမ်းပြပြီး အလားအလာရှိသော လူငယ်ဘောလုံးသမားများကိုရွေးချယ်၍ ဘိုင်ယန်မြူးနစ်လူငယ်အသင်းတွင် လာရောက်ပူးတွဲ လေ့ကျင့်နိုင်မည့်အခွင့်အရေးရရှိမည်ဖြစ်သည်။

မြန်မာလူငယ်အဖွဲ့နှင့် နည်းပြများသည် ယခုနှစ် မတ်လကုန်တွင် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ ■

အမျိုးသမီး လမ်းလျှောက်ပွဲ ကျင်းပပြုလုပ်မည်

ကျော်ဇင်လှိုင်နှင့် အောင်သူရ

မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာနနှင့် Mega Lifesciences Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည် သွေးအားနည်းရောဂါတိုက်ဖျက်ရေး အမျိုးသမီးလမ်းလျှောက်ပွဲကို လာမည့် မတ်လ၊ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ လမ်းလျှောက်ပွဲသည် အရှည် ငါးကီလိုမီတာခန့်ရှိမည်ဖြစ်ပြီး နံနက် ၆ နာရီတွင် ပြည်လမ်း အင်းလျားကန်ပေါင်မှ စတင်၍ ပြည်သူ့ရင်ပြင်၌ တာဝင်မည်ဖြစ်သည်။ ပါဝင်ဆင်နွှဲသူများအတွက် အသက်အရွယ်အပိုင်းအခြား ကန့်သတ်ထားခြင်းမရှိဘဲ မည်သည့်အမျိုးသမီးမဆို ဝင်ရောက်ဆင်နွှဲနိုင်မည်ဖြစ်သည်။ ပွဲဝင်ကြေးပေးစရာမလိုဘဲ အခမဲ့ ဝင်ရောက်ဆင်နွှဲနိုင်မည်ဖြစ်သည်။ အဆိုပါလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူ အမျိုးသမီးများအား Ferrovit က ဆုတံဆိပ်များ၊ လက်ဆောင်ပစ္စည်းများ၊ နံနက်စာနှင့် သွေးစစ်ဆေးမှုများ အခမဲ့ပြုလုပ်နိုင်မည်ဖြစ်ပြီး ဖျော်ဖြေရေးနှင့် ဂိမ်းကစားပွဲများကိုလည်း ထည့်သွင်းထားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလမ်းလျှောက်ပွဲ ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေအနေနဲ့ သွေးအားနည်းခြင်းအကြောင်းကို သိရှိမှာဖြစ်ပြီး ကာကွယ်နိုင်မယ့်နည်းလမ်းလည်း ရရှိမှာဖြစ်လို့ အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပွဲမှာ မြန်မာအမျိုးသမီးအားလုံး ပါဝင်ဆင်နွှဲခြင်းဖြင့် သွေးအားနည်းခြင်းကင်းတဲ့ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ တစ်ဖက်တစ်လမ်းက ပါဝင်နိုင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု Mega Lifesciences Ltd Myanmar ၏ Brads Director Brajesh Hurkat က ပြောသည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် သတ်မှတ်ထားသော ဂျာနယ်များတွင် Registration Form ပါဝင်မည်ဖြစ်ပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်များရေးသားကာ နီးစပ်ရာ ဆေးဆိုင်ကြီးများမှတစ်ဆင့် စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ SMS ဖြင့် ဝင်ရောက်လျှောက်ထားလိုပါကလည်း နံပါတ် ၁၈၈၇၇ ကို အမည်၊ မှတ်ပုံတင်အမှတ်၊ အသက်နှင့် အီးမေးလ်လိပ်စာကို ပေးပို့ခြင်းဖြစ်စေ၊ ဖေ့စ်ဘွတ်ခ်ဖြင့် လျှောက်ထားခြင်းဖြစ်စေ ပါဝင်နိုင်မည်ဖြစ်သည်။ ■

အကြမ်းဖက်မှုများမြင့်တက်လာလျှင် တိုင်းပြည်ပြုလဲသွားနိုင်ဟု ထိုင်းစစ်တပ်အကြီးအကဲ သတိပေး

xi;ppwyu xi;jynovxEirvtyaom&iqiraqmi&u&etitm;Eivueuro;v[q

ဘန်ကောက် - ၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော ပဋိပက္ခ၌ သက်ဆင်လိုလားသည့် ရှပ်နီတို့၏ ဆန္ဒပြမှုကို စစ်တပ်က အကြမ်းဖက်နှိမ်နင်းခဲ့ရာ လူ ၉၀ ကျော် သေဆုံးခဲ့ပြီးကတည်းက အဆိုရွားဆုံးဖြစ်သည့် ထိုင်းနိုင်ငံ၏ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခတွင် မကြာသေမီ ရက်များအတွင်းက တိုက်ခိုက်မှုများကြောင့် ကလေးသုံးဦး သေဆုံးခဲ့ရပြီးနောက်ပိုင်း အကြမ်းဖက်မှုများ ဆက်လက်မြင့်တက်လာမည်ဆိုလျှင် နိုင်ငံပြိုလဲမည့်အန္တရာယ်ရှိကြောင်း ထိုင်းစစ်တပ် အကြီးအကဲက ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ သတိပေးပြောကြားခဲ့သည်။

"ဒီအကြမ်းဖက်မှုတွေကို မထိန်းသိမ်းနိုင်ရင် တစ်နေ့တခြား ပိုပိုဆိုးလာမှာဖြစ်တယ်။ ဆုံးရှုံးမှုတွေ ဆက်ဖြစ်နေမယ်ဆိုရင် နိုင်ငံပြိုလဲသွားမှာ အသေအချာပါပဲ" ဟု ထိုင်းစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာက ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်သည့် မိန့်ခွန်းတစ်ရပ်တွင် သတိပေးပြောကြားခဲ့သည်။

၎င်းက ပြန်လည်သင့်မြတ်ရေးဆောင်ရွက်ပြီး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ထိုင်းစစ်တပ်က ၎င်းတို့၏ တာဝန်ကိုထမ်းဆောင်ရန် အသင့်ရှိနေသော်လည်း ထိုင်းပြည်သူလူထုနှင့် မလိုအပ်သောရင်ဆိုင်မှု ဆောင်ရွက်ရန် အင်အားနှင့် လက်နက်မသုံးလိုကြောင်း ပရာယုက ပြောကြားခဲ့သည်။

စစ်တပ်အာဏာသိမ်းနိုင်ရေး ကြိုးစားပေးနေသည်ဟု ဆန္ဒပြသူများကို သက်ဆင်ထောက်ခံသူများက စွပ်စွဲထားသည်။ လေးလနီးပါး ကြာမြင့်နေပြီဖြစ်သည့် အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြမှုများတွင် လူ ၂၁ ဦး သေဆုံးခဲ့ပြီး ၇၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ဇွန်းချမ်းစွာ ဆန္ဒပြသူများကို အစိုးရက အင်အားသုံး လူစွဲခွဲခြင်းမပြုလုပ်ရန် ပြီးခဲ့သည့် ရက်သတ္တပတ်က တရားရုံးတစ်ရုံးက အမိန့်ချခဲ့ကြောင်း ထိုင်းအစိုးရက ပြောကြားခဲ့သည်။

ဘန်ကောက်မြို့၏ လူစည်ကားရာဈေးဝယ် နေရာတစ်ခုတွင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ကဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုကြောင့် အသက် ၅၉ နှစ်အရွယ် အမျိုးအမီးကြီးတစ်ဦး အပါအဝင် အသက်လေးနှစ်နှင့် ခြောက်နှစ်အရွယ်ရှိ မောင်နှစ်မနှစ်ဦး သေဆုံးခဲ့သည်။ အသက်လေးနှစ်အရွယ်ကလေးငယ်မှာ ဖေဖော်ဝါရီလ ၂၃ ရက်က သေဆုံးခဲ့ပြီး အသက်ခြောက်နှစ်အရွယ်ကလေးငယ်မှာ ဖေဖော်ဝါရီလ ၂၄ ရက်က သေဆုံးခဲ့ရသည်။

ထိုင်းစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယု ချန်အိုချာ။ ဓာတ်ပုံ-အေအက်ဖ်ပီ

ဘန်ကောက်မြို့၏ သမိုင်းဝင်နေရာ၌ အစိုးရဆန့်ကျင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ အကြား ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများတွင် ရဲတပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် လူခြောက်ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နှောင်းပိုင်းကလည်း နိုင်ငံအရှေ့ပိုင်း ထရက် အရွယ်ကလေးငယ်မှာ ဖေဖော်ဝါရီလ ၂၄ ရက်က သေဆုံးခဲ့ခြင်းဖြစ်သည်။

> **ဒီအကြမ်းဖက်မှုတွေကို မထိန်းသိမ်းနိုင်ရင်တစ်နေ့တခြား ပိုပိုဆိုးလာမှာဖြစ်တယ်။ ဆုံးရှုံးမှုတွေ ဆက်ဖြစ်နေမယ်ဆိုရင် နိုင်ငံပြိုလဲသွားမှာ ...**

ဘန်ကောက်မြို့လယ် စည်ကားသော ဈေးဝယ်နေရာတစ်ခုတွင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ လူအုပ်အတွင်းသို့ မည်သူမည်ဝါမှန်း မသိရသူများကပစ်လိုက်သောဗုံးမှာ M79 ပခုံးထမ်းလောင်ချာကို အသုံးပြု၍ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံရေး အကျပ်အတည်း၌ တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းနှင့်ပတ်သက်ပြီး အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ကလေးသုံးဦး သေဆုံးခဲ့ပြီးနောက် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ် ဘန်ကီမွန်းက ပြစ်တင်ရှုတ်ချခဲ့ပြီး ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်ကလည်း အကြမ်းဖက်လုပ်ရပ်များဖြစ်သည်ဟု ၎င်း၏ တရားဝင်ဖွဲ့စည်းတည်ခဲ့စာမျက်နှာပေါ်တွင် ဖေဖော်ဝါရီလ ၂၃ ရက် နှောင်းပိုင်းက ဖော်ပြခဲ့သည်။

"အခုကစပြီး အကြမ်းဖက်မှုတွေ ဆက်လက်ဖြစ်ပွားလာမှာသေချာပါတယ်။ ဒါကြောင့် ဆန္ဒပြမှုတွေမှာမပါဝင်တဲ့ ဘယ်သူမဆို ဆန္ဒပြသူတွေနားကို မသွားသင့်ပါဘူး။ ဒါဟာ ထိန်းချုပ်ရခက်မယ်လို့ ကျွန်တော်ယူဆပါတယ်" ဟု အလုပ်သမားဝန်ကြီး ချာလန်း ယူဘမ်ရန်းက ပြောကြားခဲ့သည်။

ဆန္ဒပြသူများ စုဝေးရာနေရာများအနီး ကလေးငယ်များ ရှိမနေစေရန် ကုလသမဂ္ဂ နိုင်ငံတကာ ကလေးများ ရန်ပုံငွေအဖွဲ့ UNICEF ကလည်း ဆန္ဒပြသူများကို တိုက်တွန်းပြောကြားခဲ့သည်။

အစိုးရနှင့် အတိုက်အခံ နှစ်ဖက်စလုံးက တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပြစ်တင်ပြောဆိုနေကြသည်။

ဆန္ဒပြခေါင်းဆောင် ဆူသက်သောင်ဆူဘန်က ပြီးခဲ့သည့်ရက်သတ္တပတ်အကုန် အကြမ်းဖက်မှုများအတွက် အစိုးရတွင် တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။ "ဒါဟာ သက်ဆင်ထောက်ခံသူတွေရဲ့ လုပ်ဆောင်ချက်တွေဖြစ်ပါတယ်" ဟု ဆူသက်က ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နှောင်းပိုင်းက အစိုးရ ဆန့်ကျင်ဆန္ဒပြသူများကို ပြောကြားခဲ့သည်။ ထိုင်းအထူး စုံစမ်းထောက်လှမ်းရေးဌာနအကြီးအကဲ တာရစ်ပန်ဒစ်ကလည်း နှစ်ဖက်စလုံး ထိန်းထိန်းသိမ်းသိမ်းနှင့် စိတ်ရှည်သီးခံကြရန် ရုပ်မြင်သံကြားမိန့်ခွန်းတစ်ခုတွင် တိုက်တွန်း ပြောကြားခဲ့သည်။

ထိုင်းစစ်တပ်အကြီးအကဲ ပရာယုချန်အိုချာက အကယ်၍ နှစ်ဖက်စလုံး စည်းမျဉ်းဥပဒေများကို မလိုက်နာလျှင် ပြည်တွင်းစစ်ဖြစ်သွားနိုင်ကြောင်း အေအက်ဖ်ပီသို့ ပြောကြားခဲ့ပြီးနောက် တာရစ်ပန်ဒစ်က ထိုသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။ ■

သတင်းတိုများ

ထိုင်း ဆောက်လုပ်ရေးလုပ်ငန်းခွင် ကွန်ကရစ်ရက်မပြိုကျ၊ လူ ၁၀ ဦးသေ

ဘန်ကောက် - ဘန်ကောက်မြို့ အပြင်ဘက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ကွန်ကရစ်ရက်မကြီးတစ်ခု ပြိုကျခဲ့ရာ အလုပ်သမား ၁၀ ဦး ထက်မနည်း သေဆုံးပြီး အခြား ၁၇ ဦးဒဏ်ရာ ရရှိခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ဘန်ကောက်နှင့်ကပ်လျက်ရှိသော ဆာမွတ် ပရာကန်ခရိုင်ရှိ အပျက်အစီးများဖြင့် ပြန့်ကျဲနေသော ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပြိုကျသွားသည့် ကွန်ကရစ်ရက်မကြီး၏ အကျိုးအပဲ့များအောက်၌ ပိမိသူများကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေနေကြသည့်ပုံကို ရုပ်မြင်သံကြား၌ ပြသခဲ့သည်။ သေဆုံးသူ ၁၀ ယောက်ရှိပြီး ထိခိုက်ဒဏ်ရာရသူ ၁၇ ယောက်ကို ဆေးရုံ၌ ကုသပေးလျက်ရှိသည်ဟု သိရသည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။

ကျပန် အလုပ်သမားတစ်ဦး သတ္တုရည်လောင်၍ သေဆုံး

တိုက္ကျိ - ကျပန်နိုင်ငံ၊ အနောက်တောင်ပိုင်းရှိ နီပွန်ဒန်ကိုစက်ရုံတွင် ဖေဖော်ဝါရီလ ၂၂ ရက်က အပူချိန်ဒီဂရီ ၁,၃၀၀ ဆဲလ်ဆီးယပ်စ် (ဖာရင်ဟိုက်ဒီဂရီ ၂,၄၀၀) ဝန်းကျင် အပူပေး၍ အရည်ကျိုထားသော သတ္တုစပ် အရည်များပါဝင်သည့် ပုံးကြီးတစ်ပုံးအောက်တွင် အလုပ်လုပ်နေသော အသက် ၂၃ နှစ်အရွယ်ရှိ ကာဇူကီတာဒါအမည်ရှိ ကျပန် အလုပ်သမားတစ်ဦး၏ ကိုယ်ပေါ်သို့ လေထဲတွင် တွဲလောင်းဆွဲထားသည့်ပုံးကြီး ဟန်ချက်ပျက်ကာ သတ္တုရည်များမှောက်ကျခဲ့ရာ တာဒါ သေဆုံးသွားခဲ့ရသည်ဟု ကျပန် ရဲတပ်ဖွဲ့က ဖေဖော်ဝါရီလ ၂၄ ရက်က ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။

ရှီကျင့်ဖျင် မီးခိုးမြူထူမိ

ပေကျင်း - တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပေကျင်းမြို့တော် တောင်ဘက်တွင် ကပ်လျက် တည်ရှိသော စီးတီးမျော်စင်အနီး လူစည်ကားသည့် ဈေးကွက်ရှိရာ နန်လူ ဝေါကူရှန်ရပ်ကွက်သို့ မီးခိုးမြူထူများ အန္တရာယ်မှကာကွယ်ပေးသည့် မျက်နှာဖုံးစွပ် မပါဘဲ ရောက်ရှိလာခဲ့သည်။ ယခု ရက်သတ္တပတ်အတွင်း နေ့စဉ်ရက်ဆက် ဆိုသကဲ့သို့ အန္တရာယ်များသည့် မီးခိုးမြူထူများ ပေကျင်းမြို့နှင့် ပတ်ဝန်းကျင်ဒေသများကို ဖုံးလွှမ်းလျက်ရှိသည်။ ထိုအခြေအနေတွင် တရုတ်သမ္မတ ရောက်ရှိလာခြင်းကို ''ဒီမြေနေဒီလေရူးပြီး ကောင်းတူဆိုးဖက်ခံစားမည့် ခေါင်းဆောင်ကြီး''ဟု တရုတ်သတင်းစာများက ရေးသားခဲ့သည်။ **(အေအက်ဖ်ပီ)**

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။

အာဖဂန်စစ်အခြေခံစခန်း တာလီဘန်တိုက်

အစ္စလမ္မာဘတ် (အာဖဂန်နစ္စတန်) - အာဖဂန်စစ်အခြေခံစခန်းတစ်ခုကို ဖေဖော်ဝါရီ ၂၃ ရက်နေ့၌ တာလီဘန် သောင်းကျန်းသူများက ဝင်ရောက်စီးနင်းရာ စစ်သား ၂၁ ဦးသေဆုံးခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ကတည်းကစပြီး အစိုးရစစ်တပ်များအား တစ်ချီတည်းနှင့် အဆိုးဝါးဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း အစိုးရနှင့် သောင်းကျန်းသူများဘက်မှ တာဝန်ရှိသူများက ဆိုသည်။ အဆိုပါ တိုက်ခိုက်မှုသည် နိုင်ငံအရှေ့ပိုင်း နယ်စပ်အနီး ခူနာပြည်နယ်၊ ခါဇီယာဘက်ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"အာဖဂန်စစ်တပ် စစ်ဆေးရေးဂိတ်မှာ ဖြစ်ပွားတဲ့တိုက်ခိုက်မှုမှာ အာဖဂန်တပ်မတော်က စစ်သား ၂၁ ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရတယ်" ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဇဟီရာအဇီမီက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောဆိုခဲ့သည်။

"ရာကျော်ရှိတဲ့စစ်သွေးကြွတွေက နယ်စပ်ရဲ့ဟိုဘက်ခြမ်းက ရောက်လာပြီး ဝင်ရောက်တိုက်ခိုက်တာတွေရှိတယ်" ဟု အာဖဂန် ပြည်ထဲရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

"အကြမ်းဖက်သမားများ၏ နှစ်နိုင်ငံလုံးအပေါ် ခြိမ်းခြောက်မှုမှာ စိုးရိမ်စရာဖြစ်နေသည့် အတွက် အာဖဂန်အစိုးရနှင့် ပူးပေါင်းဖို့ အရေးတကြီး လိုအပ်နေကြောင်းနှင့် အကြမ်းဖက်သမားများ ရှိရာနေရာများကို အပြီးပြတ်ချေမှုန်းရန် ထိရောက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ဖို့ လိုကြောင်း ပါကစ္စတန်အစိုးရကို သမ္မတ ကာဇိုင်းက ချက်ချင်းအကြောင်းကြား ပြောဆိုခဲ့သည်" ဟု သမ္မတရုံးမှ ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ဂိတ်မှ တာဝန်ကျစစ်သားအချို့က တာလီဘန်တို့အားအကူအညီပေးခဲ့သည်ဟု ယူဆရကြောင်း ကူနာပြည်နယ်အုပ်ချုပ်ရေးမှူး ရှာဂျာ ယူလ်မွတ်ဂျလာလာက အေအက်ဖ်ပီသို့ ပြောကြားသည်။

ယင်းအချက်မှာ အတည်ပြုနိုင်ခြင်းမရှိဘဲ တာလီဘန်တို့ဘက်မှလည်း အတွင်းလူ၏ အကူအညီယူခဲ့သည်ဟု ပြောကြားခြင်းမရှိခဲ့ပေ။

အနောက်နိုင်ငံမှ ထောက်ပံ့ပေးနေသော အာဖဂန်အစိုးရသည် ယခုနှစ်ကုန်တွင် ဆုတ်ခွာမည့် ပြည်ပမှတပ်ဖွဲ့များမထွက်ခွာမီ တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးရယူရန် ကြိုးစားနေသည်။ ယခုအချိန်ထိမူ ကာဇိုင်းအစိုးရဘက်မှ ကမ်းလှမ်းလာသည့်ငြိမ်းချမ်းရေးဆွေးနွေးမှုများကို တာလီဘန်တို့က ပယ်ချနေဆဲဖြစ်သည်။

နိုင်ငံမှ ထွက်ခွာရန် အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင် ငါးသောင်းခွဲ ကျန်ရှိနေသေးသော်လည်း သမ္မတကာဇိုင်း နေရာတွင် ဆက်ခံမည့်သူကို ရွေးချယ်ရန် အာဖဂန်၌ ဧပြီလ ၅ ရက်တွင်ရွေးကောက်ပွဲပြုလုပ်သွားမည်ဖြစ်သည်။

အာဖဂန်အစိုးရနှင့် စာချုပ်ချုပ်ဆိုရန် ကြုန့်ကြာနေမည်ဆိုလျှင် လေ့ကျင့်ရေးနှင့် အကြမ်းဖက် တိုက်ခိုက်မှုများ နှိမ်နင်းရေးအတွက် အမေရိကန်စစ်သားအယောက် ၈,၀၀၀ မှ ၁၂,၀၀၀ ကြားကို ၂၀၁၅ ခုနှစ်မှ စတင်ကာ တပ်ဖြန့်ချထားဖွယ်ရှိသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

တိုက်ခိုက်ခံခဲ့ရသော စစ်ဆေးရေးဂိတ်ကို အာဖဂန်စစ်တပ်က စစ်ဆေးနေစဉ်။ အေအက်ဖ်ပီ

တရုတ် အချမ်းသာဆုံး အမျိုးသမီး လျူယင်ရှာ။ ဓာတ်ပုံ-အေအက်ဖ်ပီ

တရုတ်အချမ်းသာဆုံး အမျိုးသမီးကို ထိပ်တန်းနိုင်ငံရေးအဖွဲ့မှ ထုတ်ပယ်

ပေကျင်း - တရုတ်နိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ် ၅၀ စာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်သည့် စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးကို ထိပ်တန်းနိုင်ငံရေးအဖွဲ့တစ်ဖွဲ့မှ ထုတ်ပယ်လိုက်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားပြီး ၎င်းသည် အဂတိလိုက်စားမှုနှင့် စွပ်စွဲခံနေရသော အဆင့်မြင့် အရာရှိဟောင်းတစ်ဦးနှင့် အဆက်အသွယ်ရှိသည်ဟုလည်း ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် Hurun Report တွင် ယွမ်ငွေ လေးဘီလျံ (အမေရိကန်ဒေါ်လာ သန်း ၆၆၀) ပိုင်ဆိုင်သူ တရုတ်နိုင်ငံ၏ ၄၆ ဦးမြောက် အချမ်းသာဆုံး အမျိုးသမီးအဖြစ် ဖော်ပြခံခဲ့ရသူ လျူယင်ရှာသည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) အဖွဲ့ဝင်အဖြစ်မှ ဖယ်ရှားခံခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၀ ရက်ညပိုင်းတွင် ထုတ်ပြန်သည့် ရှင်ဟွာသတင်းတွင်ဖော်ပြခဲ့သည်။

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် (CPPCC) သည် ကွန်မြူနစ်ပါတီက ထိန်းချုပ်ထားသော အစိုးရ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး တိုင်ပင်ဆွေးနွေးကြရသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သဖြင့် တစ်နှစ်တစ်ကြိမ် မတ်လတွင် တွေ့ဆုံဆွေးနွေးလေ့ရှိသည်။

ယင်းအမျိုးသမီး ထုတ်ပယ်ခံရမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာသတင်းဌာနက အကြောင်းပြချက်တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိပေ။

၁၉၇၂ ခုနှစ်ဖွား လျူသည် အသက် ၂၀ ၌ နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ ဟာဘင်မြို့တွင် ကုမ္ပဏီ တစ်ခုထူထောင်ခဲ့ပြီး ယခုအခါ ယင်းကုမ္ပဏီက အိမ်ခြံမြေလုပ်ငန်းနှင့် လမ်းဖောက်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြောင်း Xiaoxiang Morning Herald ၏ ဖေဖော်ဝါရီ ၂၁ ရက်ထုတ် သတင်းတွင် ရေးသားထားသည်။

၎င်းအမျိုးသမီးသည် စစ်တပ်မှအဆင့်မြင့် အရာရှိတစ်ဦး၏သားနှင့် လက်ထပ်ထားသည်ဟု စွပ်စွဲခံနေရကြောင်းလည်း ဖော်ပြထားသည်။

၂၀၁၂ ခုနှစ်တွင် ၎င်းသည်တရုတ် အမျိုးသား ရေနံကော်ပိုရေးရှင်း (CNPC) နှင့် အခြားသော နိုင်ငံပိုင် အဖွဲ့အစည်းနှစ်ခုနှင့်အတူ ယွမ် ဘီလျံ ၁၁၀ တန်ဖိုးရှိ ရေနံပိုက်လိုင်းစီမံကိန်းတွင် သူ၏ ငွေများကို ရင်းနှီးမြှုပ်နှံခဲ့သည်ဟု ၎င်း သတင်းစာကဆိုသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ချုပ်ဆိုပွဲသို့ တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း ကုမ္ပဏီဥက္ကဋ္ဌ ကျန်းကျဲ့မင်း တက်ရောက်ခဲ့သည်ဟုလည်း ရေးထားသည်။

> **"တရုတ်နိုင်ငံ၏ ၄၆ ဦးမြောက် အချမ်းသာဆုံး အမျိုးသမီးအဖြစ် ဖော်ပြခံခဲ့ရသူ အတိုင်ပင်ခံကွန်ဖရင့်အဖွဲ့ဝင်..."**

တရုတ်နိုင်ငံတွင် ရေနံပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်း၌ ပါဝင်ခွင့်ပြုခဲ့သော ပထမဦးဆုံး ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

CPPCC အဖွဲ့သည် ၎င်းတို့၏ အဖွဲ့ဝင်လေးဦးကို ဖယ်ရှားခဲ့ပြီး ၎င်းတို့သည်လည်း တရားဥပဒေချိုးဖောက်မှုဖြင့် စစ်ဆေးမေးမြန်းခံနေရကြောင်း Xiaoxiang Morning Herald တွင်ရေးသားထားသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

Careers at MCM

Myanmar Consolidated Media, Ltd (MCM), the respected and well-established publisher of *The Myanmar Times* (in both English and Myanmar) and NOW! magazine, is seeking to hire ambitious, highly competent professionalsfor the following positions in Circulation & Distribution (Myanmar nationals only). Proficiency in spoken and written English and solid computer skills are required for both positions.

Customer Care Representative (2)

Serving as the human interface between MCM and the public, the Customer Care Rep:

- calls new subscribers to verify their info
- calls current subscribers to ensure satisfactory delivery
- handles subscriber suggestions and complaintsonducts phone polls.

Requirements: University degree, good communications skills, pleasant phone voice; experience in customer relations or telemarketing a plus.

Copy Controller

Serving as the link between the Printing and Finance, the Copy Controller:

- confirms print runs and double-checks data against physical output
- ensures accurate allotment of copies to various depts
- maintains list of complimentary copies are accounted for and delivered in a timely ashion

Requirements: University degree, highly organized and efficient; background in accounting or auditing a plus.

Application deadline: 5pm Mon, 3 March, 2014
Early applications will receive priority consideration.
To apply, send a one-page CV and one-page cover letter explaining how your skills, experience or degree are relevant to the position. Include specific ideas about what you would do on the job to add value to the newspaper and the company.

MCM

The Human Resources Manager: Myanmar Consolidated Media Ltd.
379-383 Bo Aung Kyaw Street, Kyauktada T/S, Yangon
Email applications to: mcmhrd@myanmartimes.com.mm

ဗီယက်နမ် မြေယာပဋိပက္ခ လူရမ်းကားအုပ်စုကို ငှား၍ ဆန္ဒပြလယ်သမားများကို ပစ်ခတ်ရှင်းလင်းခဲ့ဟုဆို

ရောမစီမံကိန်းကြီးကြောင့် ဖျက်ဆီးခံခဲ့ရသော လယ်ယာမြေများ ပြန်လည်ရရှိရေး တောင်းဆိုကြသော လက်နက်မဲ့ လယ်သမားများကို ဗီယက်နမ်နိုင်ငံ၏ မြို့တော် အစွန်အဖျားမှ မြို့ငယ်လေးတွင် လုပ်ကိုင်နေသော ကုမ္ပဏီမှ (ငှားရမ်းထားသည့် လက်နက်ကိုင် အုပ်စုတစ်စု) က ပစ်ခတ်ခဲ့ရာ ငါးဦးဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သတင်းရင်းမြစ်များကဆိုသည်။

ပစ်ခတ်ခံရသည့် လယ်သမားများမှာ ၂၀၁၂ ခုနှစ်၊ ဧပြီတွင် လယ်များ သိမ်းယူခံခဲ့ရသည့် အတွက် ကန့်ကွက်ဆန္ဒပြခဲ့ကြသော ဟွန်းယန်းပြည်နယ်၊ ဗင်ဂိရန်ခရိုင်မှ ဒေသခံများထဲတွင် ပါဝင်သူများဖြစ်ပြီး အာဏာပိုင်တို့၏ လူသားချင်းစာနာမှု ကင်းမဲ့စွာဖြင့် ဖိနှိပ်ခြယ်လှယ်မှုကို ခံခဲ့ရသူများလည်းဖြစ်သည်။ ယင်းသို့ ဆန္ဒပြပြီးနောက် နှစ်နှစ်နီးပါး ကြာလာသော်လည်း ယင်းပြဿနာမှာ ဖြေရှင်းနိုင်ခြင်းမရှိဘဲ ဆန္ဒပြပွဲဖြစ်ပွားရာ ဖွန်းကောင်းရွာမှ ဒေသခံများသည် ၎င်းတို့၏ မြေယာများပြန်လည်ရရှိရန် ဗဟို အစိုးရသို့ အသနားခံစာ ဆက်လက်တင်ပြခဲ့ကြသည်။

အမေရိကန်ဒေါ်လာ ရှစ်ဘီလျံတန်ဖိုးရှိ Eco Park စီမံကိန်း ဖော်ဆောင်နေသော ကုမ္ပဏီမှ (ငှားရမ်းထားသော လက်နက်ကိုင်အုပ်စုက) လယ်ယာမြေများ ပြန်လည်ရရှိရန် ကြိုးစားသူ ရွာသားများကို ပစ်ခတ်ရန် အိမ်လုပ်သေနတ်များကို အသုံးပြုခဲ့ကြခြင်းဖြစ်သည်ဟု ဖွန်းကောင်း ရွာမှ အမည်မဖော်လိုသူတစ်ဦးက ပြောကြားခဲ့သည်။

"အသိမ်းခံထားရတဲ့လယ်တွေနား လူစုနေချိန်မှာ လူရမ်းကားတချို့က အိမ်လုပ်သေနတ်တွေနဲ့ ကျွန်တော်တို့ကို ပစ်တော့တာပဲ။ ဆောင်ခဲ့ကြသည်။

လယ်များသိမ်းယူခံခဲ့ရသည့်အတွက် ကန့်ကွက်ဆန္ဒပြခဲ့ကြသော ဟွန်းယန်းပြည်နယ်၊ ဗင်ဂိရန်ခရိုင်မှ ဒေသခံများထဲတွင် ပါဝင်သူများဖြစ်...

အစိုးရက ဟက်တာ ၅၀၀ (ဧက ၁,၂၀၀) ငါးယောက် သေနတ်မှန်တယ်။ တစ်ယောက်ကို ဆေးရုံတင်ထားရတယ်။ ကျန်တဲ့လေးယောက်ကိုတော့ အိမ်ပြန်ပို့လိုက်ပြီ" ဟု ၎င်းက ပြောသည်။

နံနက်ခင်းပိုင်းတွင် လယ်သမားများကို ၎င်းတို့အုပ်စုက ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ အာဏာပိုင်များထံ ဆက်သွယ်အကြောင်းကြားခဲ့သော်လည်း ၎င်းတို့၏တိုင်ကြားမှုကို လျစ်လျူရှုခံခဲ့ရသည်ဟု ဆိုသည်။

EcoPark စီမံကိန်းအတွက် လယ်ယာမြေများကို ၂၀၀၉ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် နှစ်ကြိမ် သိမ်းယူခဲ့သည်။ သို့သော် ၎င်းတို့ ရရှိမည့် လျော်ကြေးပမာဏသည် ရသင့်သည်ထက် သိသိသာသာ လျော့နည်းသည်ဟု ဆိုကာ အိမ်ထောင်စု ထောင်ပေါင်းများစွာက အစိုးရက ပေးမည်ဆိုသော လျော်ကြေးငွေကို မယူခဲ့ပေ။

ဤသို့ဖြင့် ၂၀၁၂ ခုနှစ်တွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားပြီး ဒေသခံများက မေလတွင် ဘင်ဂျီယန် ပြည်သူ့တရားရုံးသို့ ဦးတိုက်လျှောက်ထားပြီး ၂၀၀၉ ခုနှစ်က ဥပဒေအရဟုဆိုကာ စတင် နှင်ထုတ်ခံခဲ့ရသည့်အတွက်လည်း ခရိုင်အကြီးအကဲကို တရားစွဲဆိုခဲ့သည်။

ခိုင်လုံသည့် သက်သေအထောက်အထား မရှိဟုဆိုကာ ၎င်းတို့၏ တောင်းဆိုချက်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် တရားရုံးက ပယ်ချခဲ့သည်။

ဗီယက်ဟန် မြို့ပြဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီက စီစဉ်သော မြို့တော် ဟန္ခိုင်းအတွက် ကျယ်ပြန့်သော ဧရိယာ ၁၆၀ ဟက်တာ (၄၀၀ ဧက) ခန့်ကို သိမ်းယူခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်လယ်သမားများ ဓိုက်ပျိုးရေးလုပ်ငန်းခွင်ဝင်ရောက်ချိန်။ ဓာတ်ပုံ-အေအက်ဖ်ပီ

ရေရှည် မြို့ပြစီမံကိန်းဖော်ဆောင်ရေး Eco Park စီမံကိန်းကို အစိုးရက ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်တွင် မြေယာများအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ပြီး ပြည်သူများမှာ ၎င်းမြေကို အသုံးပြုခွင့်သာရှိပြီး လူသိ များသည့် ဆူပူအုံကြွမှုများသည် အာဏာပိုင်များက မြေယာများသိမ်းယူထားသည့် ကိစ္စတို့နှင့် ဆက်နွယ်နေသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■

သတင်းတို

မိုးခေါင်လျက်ရှိသော မလေးရှားပြည်နယ်တစ်ခု ရေကို ခွဲတမ်းဖြင့်သုံးနေရ

ကွာလာလမ်ပူ - အပူပိုင်းမိုးရွာသွန်းမှုမှ ပုံမှန်အားဖြင့် ရေရရှိတတ်သည်ဟု လူသိများသော မလေးရှားနိုင်ငံတစ်ဝန်းရှိ ရေလှောင်ကန်များတွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် ခန်းခြောက်လာသည့်အတွက် အာဏာပိုင်များသည် နိုင်ငံ၏လူဦးရေထူထပ်သော ဆီလမ်ဂေါပြည်နယ်ရှိ ထောင်ပေါင်းများစွာသော အိမ်ထောင်စုများအား ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ရေများကို ခွဲတမ်းဖြင့် စတင်ပေးခဲ့သည်။ မလေးရှားနိုင်ငံအနှံ့တွင် တစ်လတာကာလမျှအထိ မိုးတစ်ပေါက်မျှ မကျလောက်အောင် ပူပြင်းခြောက်သွေ့ခဲ့သည့် အခြေအနေကြုံတွေ့ခဲ့ရသည်။ အပူချိန်မြင့်မားမှုကြောင့် ရေတွင်းရေကန်များ ခန်းခြောက်ခဲ့ကာ စိုးရိမ်စရာဖြစ်ခဲ့ရသည်။ တောမီးလောင်ကျွမ်းမှုများ ပိုမိုလာခဲ့ကာ ကွာလာလမ်ပူမြို့တော် အနီးရှိ အပူချိန် အမြင့်ဆုံးဒဏ်ခံစားကြရသော အချို့ဒေသများ၌ ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ရသည်။ မလေးရှားနိုင်ငံသည် နှစ်တစ်နှစ်၏ အစောပိုင်းကာလတွင် ခြောက်သွေ့သည့် ရာသီဥတုကို ခံစားရလေ့မရှိသော်လည်း ယခုတစ်ကြိမ်သည် မကြုံစဖူး ထူးထူးခြားခြားပင် ကာလတာရှည်လျက်ရှိသည်။ မိုးရေချိန်လုံးဝ မရသည့်အတွက်ကြောင့် ထိတ်လန့်တုန်လှုပ်မှုများ မြင့်တက်လာရကာ၊ အထူးသဖြင့် ကွာလာလမ်ပူမြို့အနီးရှိ ဆီလမ်ဂေါပြည်နယ်နှင့် အနီးအပါးဒေသများတွင် အဆိုးဆုံးဖြစ်လျက်ရှိပြီး မိုးလေဝသပညာရှင်များကလည်း ယခုကဲ့သို့ ပူပြင်းခြောက်သွေ့မှုသည် နောက်တစ်လအထိပင် ကာလတာရှည်နိုင်သည်ဟု သတိပေး ပြောဆိုထားကြသည်။

ယင်းပြည်နယ်အတွင်း ရေကို ခွဲတမ်းဖြင့်ပေးဝေမှုသည် အိမ်ထောင်စုပေါင်း ခန့်မှန်းခြေ ၄၅,၀၀၀ ခန့်ကို သက်ရောက်လိမ့်မည်ဖြစ်ကြောင်းနှင့် ဆီလမ်ဂေါပြည်နယ်သည် ရာသီဥတု ပြန်လည်ကောင်းမွန်လာသည့် အချိန်အထိ သုံးစွဲပြီးရေများကို ရေသန့်စင်စက်ရုံလေးရုံနှင့် ပြန်လည်သန့်စင်သွားမည်ဟု ပြည်နယ်အစိုးရ၏ ပြောခွင့်ရအမျိုးသမီးတစ်ဦးက ပြောသည်။ အာဏာပိုင်များကလည်း မိုးရွာချရေးအတွက် စေ့ဆော်ပေးမည့် အစီအစဉ်များကိုပြုလုပ်သွားရန် လေယာဉ်များကို အဆင်သင့်ထားရှိပြီးဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း ပြောခွင့်ရအမျိုးသမီးကမူ ယင်းသို့ မိုးရွာချစေရေးအတွက် လုံလောက်သည့် တိမ်တောင်ဖွဲ့စည်းမှုမရှိသေးသည့်အတွက် အခက်အခဲကြုံနေဆဲဖြစ်နေသည်။ ဆီလမ်ဂေါပြည်နယ်ရှိ ဘယ်လာကွန် မြို့နေလူထုက ဘုံဘိုင်ရေပြတ်လပ်မှုကြောင့် မကျေမနပ်ပြောဆိုခဲ့ကြပြီး မြို့နေလူ ၂၀၀ ခန့်သည်ရေပေးဝေရေးအတွက် အာဏာပိုင်များကို ဆန္ဒပြခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ **(အေအက်ဖ်ပီ)**

စေ်ဝင်း ဘာသာပြန်သည်။

စင်ကာပူနိုင်ငံနှင့် နိုင်ငံခြားသား ပြဿနာ

စင်ကာပူနိုင်ငံတွင် နိုင်ငံခြားသား ကြောက်ရွံ့သည့်ရောဂါ ရှိနေပြီလော။ လူမျိုးပေါင်း စုံပြီး သေးငယ်လှသည့် ကျွန်းနိုင်ငံငယ်လေးတွင် စင်ကာပူနိုင်ငံသားများနှင့် နိုင်ငံခြားသားများအကြား သဘောထားကွဲလွဲမှုများကို ဖော်ပြသည့်သတင်းများမှာ လွန်ခဲ့သည့် တစ်လတာကာလအတွင်း မပါသလောက်ပင် ဖြစ်ခဲ့သည်။

နိုင်ငံခြားသားများ အလုံးအရင်းနှင့် ဝင်ရောက်လာသည့်အတွက် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း စင်ကာပူနိုင်ငံ၏ လူဦးရေမှာ အဆမတန် မြင့်တက်လာခဲ့ပြီး ယခုအခါ နေထိုင်သူဦးရေ ငါးဦးတွင် နိုင်ငံခြားသား နှစ်ဦးနှုန်းခန့်ပင်ရှိလာသည်။ ယင်းအတွက်ကြောင့် လုပ်ငန်းခွင်၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံများတွင် မလောက်ငမှုများဖြစ်ပေါ်လာရပြီး စင်ကာပူနိုင်ငံသားများ၏ အမှတ်လက္ခဏာများ ပျောက်ကွယ်မည်ကိုပင် စိုးရိမ်လာကြသည်။

မျှော်လင့်ထားသည့်အတိုင်းပင် အကျိုးဆက်အားဖြင့် လူမှုကွန်ရက်များ၌ လစာမြင့်မားသော နိုင်ငံခြားသားပညာရှင်များမှအစ တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ အခြေခံလုပ်သားများအထိ ရှိသော နိုင်ငံခြားသားလုပ်သားများကို ချိုးနှိမ်ပြောဆိုမှုများနှင့်အတူ ဒေါသူပုန်ထသည့် လူမှုရေးတုံ့ပြန်မှုများ ဖြစ်ပေါ်လာတော့သည်။

လူသိများသည့် နောက်ဆုံးအဖြစ်အပျက်တစ်ခုတွင် ဇြတိသျှဘဏ်လုပ်ငန်းရှင် အန်တန် ကေစီသည် လွန်ခဲ့သည့်လက အလုပ်ပြုတ်ခဲ့ပြီး ဇနီးသည်ဖြစ်သူ စင်ကာပူ အလှမယ်ဟောင်းနှင့် ၎င်း၏ သားငယ်နှင့်အတူ နိုင်ငံအတွင်းမှ ထွက်ပြေးခဲ့ရလောက်အောင်ဖြစ်ခဲ့ရသည်။ ကေစီသည် ဖေ့ဘွတ်ခ်ပေါ်တွင် ပြည်သူပိုင်ယာဉ်များကိုအသုံးပြုနေသည့် 'ဆင်းရဲသားများ' ဟူ၍ လှောင်ပြောင်သည့် အရေးအသားများကို ပြုခဲ့အပြီး အသက်အန္တရာယ် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ခဲ့ရသည်။

ပြီးခဲ့သည့်လအတွင်း အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် အလုပ်သမားများက စင်ကာပူနိုင်ငံ၏ လစ်တဲအိန္ဒိယဒေသတွင် ဆူပူခဲ့ကြအပြီး လူမှုရေးကွန်ရက်ပေါ်တွင် အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရာမှ ဝန်ကြီးချုပ် လီရှန်လွန်းက "နိုင်ငံခြားသားများအပေါ် အမုန်းပွားစေသည့်ပြောဆိုမှုများ၊ အထူးသဖြင့် အွန်လိုင်းပေါ်တွင် ရေးသားပြောဆိုမှုများ" မပြုလုပ်ကြရန် သတိပေးပြောဆိုခဲ့ရသည်။

ဩစတြေးလျနိုင်ငံ၏ ဖလင်ဒါ တက္ကသိုလ်မှ ဒေါက်တာမိုက်ကယ်ဘားက လူအဖွဲ့အစည်း၏ ခေတ်ရေစီးအတွင်း လူမျိုးရေး ခွဲခြားဆက်ဆံမှုနှင့် နိုင်ငံခြားသားများကို ပစ်မှတ်ထားမှုတို့အကြား ခြားနားချက်ကို ခွဲခြားသိမြင်ရန် အရေးပါသည်ဟု ပြောသည်။

"စင်ကာပူဟာ အရမ်းကို လူမျိုးရေးဝါဒ ပြင်းတယ်။ သူတို့ရဲ့ ကိုယ်ပိုင်လူနည်းစုတွေ အပေါ်မှာတောင် ဒီလိုတွေရှိတယ်။ ဒါပေမဲ့ ဒါကိုလူနည်းစုတွေကိုယ်၌က လုံခြုံမှုရှိပြီး ကြွယ်ဝချမ်းသာသလို အိမ်လို့ တကယ့်ကို ပြောလို့ရနိုင်တဲ့ လူအဖွဲ့အစည်းထဲမှာ နေထိုင်ရတဲ့အတွက် အများအားဖြင့် လက်ခံထားကြပါတယ်" ဟု ဒေါက်တာဘားက ပြောသည်။

စင်ကာပူနိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၉၆၃ ခုနှစ်တွင် ယခင် ဝန်ကြီးချုပ်လီကွမ်းယူ အစိုးရက စစ်မှန်သည့် လူမျိုးစုံလူအဖွဲ့အစည်းတစ်ခုကို ဖန်တီးရန် ဇြတိသျှတို့ထံမှ အမွေဆက်ခံရရှိခဲ့သည့် တင်းကျပ်လှသော လူမျိုးရေးခွဲခြားဆက်ဆံမှုကို ချေဖျက်ရန် ကြိုးစားခဲ့ကြောင်း ဒေါက်တာဘားက ဆိုသည်။

သို့ရာတွင် ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းကာလမှစ၍ လမ်းကြောင်းပြောင်းခဲ့ကာ အိန္ဒိယနှင့် မလေးလူမျိုး လူနည်းစုများပါဝင်သည့် တရုတ်လူအဖွဲ့ အစည်းတစ်ခုကိုသာ ဖန်တီးလာကြသည်။ ယင်းနောက်မှစတင်ပြီး လူမျိုးဆိုသည်မှာ စင်ကာပူလူမျိုးများအတွက် အရေးပါသည့် လူမှုရေးလက္ခဏာ တစ်ရပ်ဖြစ်လာကာ အစိုးရ၏ လိုက်လျောမှုနှင့် တွန်းအားပေးမှုဖြင့် လူမျိုးရေး ခွဲခြားသည့် လူအဖွဲ့အစည်းဖြစ်လာတော့သည်။

"ကံမကောင်း အကြောင်းမလှစွာပဲ ဒါဟာ ၂၀၀၀ ပြည့်နှစ်တွေနဲ့ ၂၀၁၀ ပြည့်နှစ်တွေမှာ ဒီလိုမျိုးတွေဖြစ်ခဲ့တယ်။ အဲဒီအချိန်က နိုင်ငံခြားသား အလုပ်သမားတွေနဲ့ စျေးကွက်ကို လွှမ်းမိုးမယ်ဆိုတဲ့ အစိုးရရဲ့ ဆုံးဖြတ်ချက်ကြောင့် နိုင်ငံခြားသား အလုပ်သမားတွေဟာ စင်ကာပူလူမျိုးတွေ မျက်မှောက်မှာပဲ ရောက်ရှိလာကြချိန်မှာ စင်ကာပူလူမျိုးတွေကတော့ လူမျိုးရေးခွဲခြားဖို့အတွက် ပုံသွင်းထားပြီးဖြစ်နေကြပြီ။ ဒါဟာ တစ်သက်စာ ပုံသွင်းထားတာပါ" ဟု ဒေါက်တာဘားက ပြောသည်။

နိုင်ငံခြားသားများသည် ယခုအခါ စုစုပေါင်း လူဦးရေ ၅ ဒသမ ၃ သန်း၏ ၃၈ ရာခိုင်နှုန်းဖြစ်ကာ ၁၉၉၀ ပြည့်နှစ်က စုစုပေါင်းလူဦးရေသုံးသန်းရှိစဉ်က နိုင်ငံခြားသား ၁၄ ရာခိုင်နှုန်းထက် များပြားလာသည်။

"လူမျိုးရေးခွဲခြားမှုအားလုံးဟာ စီးပွားရေးကို အခြေခံပြီးဖြစ်လာတာပါ။ စင်ကာပူလည်း ဒီအတိုင်းပါပဲ" ဟု အတိုက်အခံပါတီခေါင်းဆောင် ကဲနက်ဂျီယာရက်နမ်က ပြောသည်။

"ကျွန်တော်တို့လူမျိုးတွေအတွက် အနည်းဆုံး လုပ်ခလစာနဲ့ အကာအကွယ်တွေကိုပို ပြီးတိုးမြှင့်ပေးမယ်ဆိုရင် နိုင်ငံခြားသားတွေကို ကန့်ကွက်သွားဖို့ မရှိပါဘူး။ ဒီလိုမှမဟုတ်ဘဲ ကျွန်တော်တို့မှာ နိုင်ငံခြားသားတွေကို ဝင်ခွင့်ပြုရင် စင်ကာပူတွေအတွက် တွန်းအားရမယ်ဆိုတဲ့ အကြောင်းပြောဆိုနေတဲ့ လီကွမ်းယူလိုမျိုး အဘိုးကြီးတွေရှိနေတယ်။ အန်တန်ကေစီရဲ့ အဖြစ်ကိုပဲ ကြည့်ပါ။ စင်ကာပူ လူမျိုးတွေဟာ ကိုယ့်လောက်လည်း ပညာမတတ်တဲ့၊ ဒါမှမဟုတ် လည်း တစ်ခုခုမှာ အရမ်းကျွမ်းကျင်တဲ့ နိုင်ငံခြားသားတွေရဲ့ ခေါင်းပုံဖြတ်ခံနေရတယ်လို့ ခံစားနေကြရပြီ" ဟု ၎င်းကဆိုသည်။

(The Diplomat)

စေ်ဝင်း ဘာသာပြန်သည်။ ■

စင်ကာပူနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ နိုင်ငံခြားသားလုပ်သားများ။ ဓာတ်ပုံ-အေအက်ဖ်ပီ

Diethelm Travel Myanmar

We are a well-established travel management company with worldwide branches and wish to invite qualified Myanmar citizens to apply for this position. An attractive package awaits suitable candidates.

Sale/ Ticketing Manager

- Min 3 to 5 years experience with Diploma or Degree in similar capacity
- Knowledge of GDS would be an added advantage
- Internet savvy and computer literate
- Able to communicate effectively with written and spoken English
- Able to work independently with minimum supervision under challenging environment
- Develop and manage new business opportunities, partnerships and achieve sales growth
- Develop, maintain and execute sales plans, implementations, program management and MIS reports

Please send in full resume including a photograph:
The Management
412, Merchant Street, Corner of 45 Street, Botahtaung Township, Yangon. 8610458-460 Ext :300
leisure@mm.diethelmtravel.com, maythethtar.o@mm.diethelmtravel.com

GREAT DIAMOND
GEMS & JEWELLERY

2014 New Year Promotional Sales Event & Dinner to honour Customers

Date: 23rd Feb 2014

At: Mandalay Hill Resort Hotel



ဂျပန်စာကြည့်တိုက်ရှိ စာအုပ်များဖျက်ဆီးခံခဲ့ရသည့် အန်းဖရန့်ခ် နေ့စဉ်မှတ်တမ်း။

အန်းဖရန့်ခ်၏ နေ့စဉ်မှတ်တမ်း စာအုပ်များ ဖျက်ဆီးခံရ

တိုကျို - တိုကျိုမြို့ရှိ ပြည်သူ့စာကြည့်တိုက်များတွင် ထားရှိသော အန်းဖရန့်ခ်၏ "Diary of a Young Girl" စာအုပ်များ ဖျက်ဆီးခံရကြောင်း သတင်းများ ဖေဖော်ဝါရီလ ၂၁ ရက်က ထွက်လာ၍ လက်ယာယိမ်း ဂျပန်နိုင်ငံရေး အသိုင်းအဝိုင်းတစ်ခုလုံး ပွက်လောရိုက်သွားသည်။

ယင်းစာအုပ် အုပ်ရေအနည်းဆုံး ၂၅၀ ထဲမှ စာမျက်နှာများနှင့် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတို့က ဂျူးလူမျိုးများအား ညှဉ်းဆဲသတ်ဖြတ်ခဲ့သည့် အကြောင်းများပါဝင်သော အန်းဖရန့်ခ်၏ ကိုယ်ရေးအကြောင်း ဖော်ပြသည့် ဝတ္ထုစာအုပ်များ ဖျက်ဆီးခံရကြောင်း တိုကျိုပြည်သူ့စာကြည့်တိုက်များကောင်စီက ကြေညာခြင်းဖြစ်သည်။

တိုကျိုမြို့အနီး ဒေသနှစ်ခုရှိ စာကြည့်တိုက်များမှ စာအုပ်တစ်ဒါဇင်ကျော် ပျက်စီးသွားကြောင်း မီဒီယာတွင် ဖော်ပြသည်။ တိုကျိုမြို့ရှိ ၂၃ ရပ်ကွက်အနက် ရပ်ကွက်ပေါင်း ငါးခုတွင် ဖျက်ဆီးခံရသော်လည်း ပျက်စီးသည့် စာအုပ်အရေအတွက်ကို မသိရှိရသေးကြောင်း၊ ဖြစ်ရသည့်အကြောင်းရင်းနှင့် ဖျက်ဆီးသူများကို မသိရှိရသေးကြောင်း ကောင်စီဥက္ကဋ္ဌက အေအက်ဖ်ပီသို့ ပြောကြားသည်။

ရှင်ဂျူကူရပ်ကွက် ဗဟိုစာကြည့်တိုက်မှ မော်ကွန်းဒါရိုက်တာ၏ အဆိုအရ စာကြည့်တိုက်သုံးခုမှ စာအုပ်ပေါင်း ၃၉ အုပ် ပျက်စီးသွားသည်။ ဆူဂျိနာမီဒေသရှိ စာကြည့်တိုက် ၁၃ ခုအနက် ၁၁ ခုမှ စာအုပ်ပေါင်း ၁၁၉ အုပ် ပျက်စီးသွားကြောင်း ယင်းဖြစ်ရပ်မျိုး ယခင်မကြုံတွေ့ဖူးကြောင်း ရပ်ကွက် ဗဟိုစာကြည့်တိုက် ဒုတိယ ဒါရိုက်တာ တိုရှိဟီရို အိုဘာယာရှိက ပြောသည်။

ယခုဖြစ်ရပ်ကြောင့် တုန်လှုပ်မိပြီး အလွန်စိုးရိမ်ကြောင်း အမေရိကန် အခြေစိုက်နိုင်ငံတကာ ဂျူးအခွင့်အရေး ကာကွယ်ရေးအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် Simon Wiesenthal Center ဝက်ဘ်ဆိုက်က ဖော်ပြကြသည်။

ယခုလိုလုပ်လိုက်ခြင်းသည် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတို့ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် ဂျူးလူမျိုးကလေးပေါင်း တစ်သန်းခွဲ၏ အထင်ရှားဆုံး ဝုဏ်သတင်းကို စီမံချက်ဖြင့် မှေးမှိန် ဖျောက်ဖျက်ပစ်ခြင်းပင်ဖြစ်သည်ဟု ယင်းအဖွဲ့ တွဲဘက်မော်ကွန်းထိန်း အေဘရာဟင်ကူးပါးက ဆိုသည်။

"တစ်ယူသန်အမူအကျင့်နဲ့ အမုန်းစိတ်များသူတွေကသာ သမိုင်းတွင်တဲ့ အန်းရဲ့ကြမ္မာငင် သေကိန်း ကြံုရတော့မယ့်ဆဲဆဲမှာ ပြောဆိုသွားခဲ့တဲ့ သတ္တိ၊ မျှော်လင့်ချက်နဲ့ မေတ္တာတရားတို့ကို ဖျက်ဆီးကြတာဖြစ်ပါတယ်။ ဒီလုပ်ရပ်ရဲ့ တရားခံကို ဖော်ထုတ် အပြစ်ပေးဖို့လည်း ဂျပန်အာဏာပိုင်တွေကို ကျွန်တော်တို့ မေတ္တာရပ်ခံ နှိုးဆော်ထားပါတယ်"ဟု ၎င်းက ပြောသည်။

ဤနေ့စဉ်မှတ်တမ်း "Diary of a Young Girl" ကို ဂျူးအမျိုးသမီးလေး အန်းက အမ်စတာဒမ်မြို့တွင် ပုန်းအောင်းနေစဉ် (နာဇီတို့က ဂျူးလူမျိုးများကို မီးလောင်တိုက်သွင်း၍ အစုလိုက် အပြုံလိုက် သတ်ဖြတ်နေချိန်) ရေးခဲ့ရာ ကုလသမဂ္ဂ ပညာရေး သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) ကအောက်မေ့ဖွယ်ကမ္ဘာ့မှတ်တမ်း (Memory of the World Register) တစ်ခုအဖြစ် ၂၀၀၉ ခုနှစ်ကပင် တရားဝင် ထည့်သွင်းထားပြီးဖြစ်သည်။

(အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။ ■

အိန္ဒိယတွင် လွတ်နေသော ကျားသစ်တစ်ကောင်ကြောင့် လူများ ထိတ်လန့်

ဆောက်လုပ်နေဆဲ အဆောက်အအုံတခုအတွင်း ပြေးဝင်လာသည့် လွတ်နေသောကျားသစ်။

နယူးဒေလီ - အိန္ဒိယနိုင်ငံမြောက်ပိုင်း မြို့တစ်မြို့ဖြစ်သည့် မီရွတ်၌ လွတ်နေသော ကျားသစ်တစ်ကောင်ကြောင့် လူများ ထိတ်လန့်၊ တုန်လှုပ်နေကြကြောင်း အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂၄ ရက်က ပြောသည်။ ထိုကျားသစ်သည် ဆေးရုံတစ်ရုံထဲဝင်၊ ရုပ်ရှင်ရုံတစ်ရုံထဲဝင်ပြီး လူနေတိုက်ခန်းများရှိသည့် အဆောက်အအုံထဲဝင်ထွက်သွားလာခဲ့ရာ ယခုအချိန်ထိ ဖမ်းမမိသေးကြောင်း သိရသည်။ နယူးဒေလီမြို့၏ အရှေ့မြောက် ၃၇ မိုင် အကွာအဝေး၌ရှိသည့် မီရွတ်မြို့ရှိ လမ်းများပေါ်၌ သွားလာနေသည့် ကျားသစ်ကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရှိခဲ့ရာ လူအများနှင့် လိုက်လံရှာဖွေနေဆဲဖြစ်သည်။ အာဏာပိုင်များသည် ကျောင်းများနှင့် ကောလိပ်များကို ပိတ်ထားခဲ့သည်။

ထိုကျားသစ်ကို စစ်ဆေးရုံတစ်ရုံ၏ မည်သူမျှမရှိသည့် လူနာခန်းတစ်ခန်းအတွင်း၌ တွေ့လိုက်ရာ မေးဆေးမြားငယ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သော်လည်း သံပန်းများကြားမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

လူခြောက်ဦးတို့အား ဒဏ်ရာရရှိစေခဲ့သည့် ကျားသစ် ဖမ်းဆီးမမိမီ လူဦးရေ ၃ သန်း ရှိ မြို့၏ စွေးများပိတ်ထားပေးရန် အာဏာပိုင်များကို တိုက်တွန်းထားကြောင်း Press Trust of India (PTI) သတင်းဌာနက ပြောသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်ကလည်း အလယ်ပိုင်းပြည်နယ်ဖြစ်သည့် ချာ့တစ်ဂါ၌ ကျားသစ်နောက် တစ် ကောင် သည် ငါးနှစ် အရွယ် ယောကျ်ားလေးတစ်ဦးအား ကိုက်သတ်ခဲ့သည်။ ဤတိရစ္ဆာန်များ နေထိုင်ကျက်စားရာ နေရာများ လျော့ပါးလာသောကြောင့် လူနေထူထပ်သည့် နေရာများသို့ ထိုတိရစ္ဆာန်များ ရောက်လာခြင်း ဖြစ်ရာ စိုးရိမ်မှုများ ပေါ်ပေါက်လျက်ရှိသည်။

ယခင်နှစ်ကလည်း မွန်ဘိုင်းမြို့၌ ကျားသစ်တစ်ကောင် လူနေတိုက်ခန်း အဆောက်အအုံတစ်ခု၏ အဝင်ခန်းမထဲမှ ခွေးငယ်တစ်ကောင်အား ဝင်ရောက်ဆွဲသွားသည့် ဗီဒီယိုရိုက်ထားသည့်ပုံကို တွေ့ရသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက မြောက်ပိုင်းပြည်နယ် တစ်ခုဖြစ်သည့် ဥတ္တာပရာဒက်ရှ်၌ လှည့်လည်ချောင်းမြောင်း သွားလာနေသည့် ကျားသစ်တစ်ကောင်သည် လူ ၁၀ ယောက်ထက်မနည်းသတ်ခဲ့ကြောင်း ယူဆရပြီး တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအရာရှိများက ယခုတိုင် လိုက်လံရှာဖွေလျက်ရှိသည်။ ထိန်းသိမ်းရေးအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် World Wildlife Fund (WWF) က တောများကို ကောင်းမွန်စွာ ထိန်းသိမ်းရန်နှင့် အိန္ဒိယနိုင်ငံ ကျားသစ်များ ကျက်စားနေထိုင်သည့် နေရာများကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ရန် တောင်းဆိုခဲ့သည်။ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ ကျားသစ်ကောင်ရေ ၁,၁၅၀ ရှိကြောင်းသိရသည်။

"ကျားသစ်အားလုံးကို လျော်အိမ်များထဲမထည့်နိုင်ကြောင်း တောများအနီးတစ်ဝိုက် နေထိုင်လျက်ရှိသည့် လူများအားလုံးကိုလည်း မရွှေ့ပြောင်းပေးနိုင်ဘူး။ ဤအခြေအနေကို အတတ်နိုင်ဆုံး နည်းလမ်းများဖြင့် ဖြေရှင်းရမှာဖြစ်ကြောင်း" WWF အိန္ဒိယမှ ဒီပင်ကာဂုရှ်က ပြောသည်။

(အေအက်ဖ်ပီ)

သောင်းညွှန့် ဘာသာပြန်သည်။ ■

အာသံနယ်သား မီးရှို့ဆန္ဒပြ

အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေး၊ မြေယာအခွင့်အရေးနှင့် အလုပ်အကိုင်ရရှိရေးအပါအဝင် ကျယ်ပြန့်သော ပြဿနာအရေးကိစ္စမျိုးစုံကို တောင်းဆိုလှုပ်ရှားနေသော တောင်သူလယ်သမားအဖွဲ့အစည်း ဆီဆတ်မူဇတီဆန် ဂရမ် ဆာမတီ (KMSS) အဖွဲ့မှ တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ပရာနှဘ်ဘိုရိုသည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်က ဂုဝါဟာတီမြို့ရှိအာသံပြည်နယ် အတွင်းဝန်ချုပ်ရုံးရှေ့၌ ဒေသခံပြည်သူတို့၏ မြေယာပိုင်ဆိုင်ခွင့်တောင်းဆိုရင်း သူ့ကိုယ်သူ မီးရှို့ဆန္ဒပြခဲ့ရာ သူ့ခန္ဓာကိုယ်၏ ၉၀ ရာခိုင်နှုန်း မီးလောင်ခံခဲ့ရသောဒဏ်ရာဖြင့် ဆေးရုံရောက်ပြီးနောက် သေဆုံးခဲ့ရသည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

THE MYANMAR TIMES
မြန်မာ့အသံ
World
■ အမေရိကား ■ ဥရောပ ■ အရှေ့အလယ်ပိုင်း
သောကြာနေ့၊ ဖေဖော်ဝါရီ ၂၈ - မတ် ၆၊ ၂၀၁၄

တပ်ဖွဲ့များအားလုံးကို ရုပ်သိမ်းသွားမည်ဟု အာဖဂန်သမ္မတကို အိုဘားမား သတိပေး

ဝါရှင်တန် - လုံခြုံရေးသဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးရန် အာဖဂန်ခေါင်းဆောင်၏အကြိမ်ကြိမ် ငြင်းဆန်မှုကြောင့် သမ္မတ ဘားရက်အိုဘားမားက ၎င်းသည် အာဖဂန်မြေမှ တပ်ဖွဲ့အားလုံးကို ရုပ်သိမ်းသွားရန် ယခုပင် စီစဉ်လျက်ရှိသည်ဟု အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းကို ဖေဖော်ဝါရီလ ၂၅ ရက်က သတိပေးပြောကြားခဲ့သည်။

သို့ရာတွင် သမ္မတကာဇိုင်းနှင့်ရှားတောင့်ရှားပါး တယ်လီဖုန်းခေါ်ဆိုပြောဆိုမှု၌ သမ္မတအိုဘားမားသည် အာဖဂန်၏ နောင်တက်လာမည့်အစိုးရနှင့်အတူ ၂၀၁၄ ခုနှစ်လွန် သင်တန်းတစ်ခုနှင့် အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့တစ်ဖွဲ့အတွက် သဘောတူညီဖွယ်ရှိသည့် အစီအစဉ်ကိုလည်း ဆိုင်းငံ့ထားခဲ့သည်။ အမေရိကန်၏ ခြိမ်းခြောက်မှုသည် ဝါရှင်တန်အစိုးရကို ဧပြီလရွေးကောက်ပွဲများအပြီး သမ္မတရာထူးမှ ထွက်ခွာသည်အထိ မခံချိမခံသာဖြစ်အောင် ပြုမူသွားမည်ဟု ယတိပြတ် ဆုံးဖြတ်ထားဟန်ရှိသူ ကာဇိုင်းနှင့် ကာလရှည်ကြာ နိုင်ငံရေးအားပြိုင်မှုတစ်ခုတွင် နောက်ဆုံးလှုပ်ရှားမှုဖြစ်လာသည်။

အိုဘားမားအစိုးရက ယင်း၏ဆန္ဒမှာ ယခုနှစ်အကုန်၌ အမေရိကန်တပ်များကို အာဖဂန်နစ္စတန်မြေမှ ရုပ်သိမ်းသည့်အခါ အမေရိကန်တပ်တစ်တပ်ကို ထားရှိခဲ့လိုကြောင်း ပြောခဲ့သည်။ သို့ရာတွင် သမ္မတကာဇိုင်းက လက်မှတ်ထိုးမည်မဟုတ်သည့် နှစ်နိုင်ငံအစိုးရ၏ အပြန်အလှန် လုံခြုံရေးသဘောတူညီချက် (BSA) ဖြင့် ဥပဒေအရ အကာအကွယ်ပေးခြင်းများမရှိဘဲ ထိုသို့ ဆောင်ရွက်မည်မဟုတ်ပေ။

"သူဟာ BSA ကို လက်မှတ်ထိုးဖွယ်မရှိမယ့် အပြုအမူတွေရှိခဲ့တာကြောင့် သမ္မတအိုဘားမားက သမ္မတကာဇိုင်းကို ဒီလိုပြောခဲ့တာပါ။ အမေရိကန်ပြည်ထောင်စုဟာ ဖြစ်လာတဲ့အခြေအနေပေါ် မူတည်ပြီး အရေးပေါ် အစီအစဉ်တွေနဲ့ ဆက်ပြီးဆောင်ရွက်သွားပါမယ်"ဟု အိမ်ဖြူတော် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

"အထူးသဖြင့် တကယ်လို့ အမေရိကန်ပြည်ထောင်စုဟာ ၂၀၁၄ ခုနှစ်နောက်ပိုင်း အာဖဂန်မှာ ဘယ်လိုတပ်ဖွဲ့မျိုးကိုမှ ထားရှိတော့မှာမဟုတ်ဘူးဆိုရင် ဒီနှစ်အကုန်မှာ အစီအစဉ်တကျ တပ်အားလုံးကို ရုပ်သိမ်းဖို့ လုံလောက်တဲ့အစီအစဉ်တွေကို အသေအချာ ဆောင်ရွက်

ဝါရှင်တန် ထိပ်သီးဆွေးနွေးပွဲတစ်ခုတွင် မိန့်ခွန်းပြောနေသော သမ္မတ အိုဘားမား။

ထားဖို့ သမ္မတအိုဘားမားက ပင်တဂွန်ကို အမိန့်ပေးထားပါတယ်" ဟု ထုတ်ပြန်ချက်က ဆိုသည်။

ယမန်နှစ်အတွင်းက ခေါင်းကိုက်လောက်ဖွယ်ဆွေးနွေးမှုများကို ကာဇိုင်း၏ ခေါင်းမာစွာမလိုက်လျောမှုသည် ရွေးချယ်စရာမရှိ ဖြစ်စေခဲ့ကြောင်း အိမ်ဖြူတော်က ယခင်ကပင် သတိပေးခဲ့ပြီးဖြစ်သည်။

ထုတ်ပြန်ချက်အရ အိုဘားမားသည် အာဖဂန်အစိုးရသစ်ကလိုလားပါက BSA ကို အာဖဂန်နစ္စတန်နှင့်အတူ နောက်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်သွားရန် သီးသန့်ထားရှိသွားမည်ဟု သိရသည်။ ယင်းသည် အာဖဂန်နစ္စတန်ရှိ အနာဂတ်ကဏ္ဍနှင့် စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်ချက်တစ်ခု မချမီ အာဖဂန်ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အမေရိကန်အစိုးရက စောင့်ကြည့်နိုင်ခဲ့သည့် အခိုင်မာဆုံးသော လက္ခဏာတစ်ရပ် ဖြစ်ခဲ့သည်။

သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ကာဇိုင်းက ငြင်းဆန်ထားလင့်ကစား ကာဇိုင်းနေရာတွင် ရောက်ရှိလာမည့် သမ္မတလောင်းအချို့ကမူ လက်မှတ်ရေးထိုးသွားမည့် အရိပ်အယောင်များ ပြသထားသည်။ ယင်းသဘော တူညီချက်ကို လူမျိုးစု ရပ်မိရပ်ဖများကောင်စီတစ်ခုကလည်း သဘောတူ လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

သို့ရာတွင် အနာဂတ် အစိုးရသစ်တစ်ရပ်သည် လက်ခံမည် လက်မခံမည်ဟူ၍မူ အမေရိကန်အစိုးရက မသေချာခဲ့ကြောင်း အိမ်ဖြူတော် ပြောခွင့်ရပုဂ္ဂိုလ် ဂျေးကာနေက ပြောသည်။

"ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့အခြေအနေတွေကိုထောက်ရင် ဘာတွေဖြစ်မယ်ဆိုတာကို အသေအချာပြောနိုင်မယ်လို့ ကျွန်တော်မထင်ပါဘူး" ဟု အခြေအနေနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု၏ စိတ်မရှည်မှုကို ဆန့်ကျင်စွာပင် ၎င်းကပြောသည်။

"BSA သဘောတူညီချက်မရှိဘဲ ကျွန်တော်တို့ဆက်ပြီးကြာကြာသွားလေလေ BSA သဘောတူညီခဲ့ရင်တောင် ရွေးချယ်စရာ နည်းလာလေလေဖြစ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး အဖွဲ့ဟာလည်း ပမာဏ၊ ရည်ရွယ်ချက်နဲ့ လိုအပ်ချက်အရ သေးသွားလေလေဖြစ်ပါလိမ့်မယ်" ဟု ဂျေးကာနေက ပြောသည်။

(အေအက်ဖ်ပီ)

အာဖဂန် ရှေ့တန်းစစ်မြေပြင်ရောက် အမေရိကန်စစ်သည်တစ်စု။ ဓာတ်ပုံ-အေအက်ဖ်ပီ

သတင်းတိုများ

တောင်ဆူဒန် တိုက်ခိုက်ရေးသမားများ ဆေးရုံကိုဖျက် လူနာများကိုသတ်ဖြတ်

ဂျူးဘား (တောင်ဆူဒန်) - တောင်ပိုင်း ဆူဒန် နိုင်ငံတွင် စစ်ပွဲကို တိုက်ခိုက်နေကြသော လက်နက်ကိုင်များက ဆေးရုံများကို ဝင်ရောက်၍ လုယက်ကာ လူနာများကို သတ်ဖြတ်ခဲ့ကြသည်ဟု နယ်စည်းမခြား ဆရာဝန်များအဖွဲ့က ဖေဖော်ဝါရီ ၂၆ ရက်က ပြောကြားခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုမှာ တိုက်ခိုက်ခံနေရပြီး လူနာများကို ခုတင်များပေါ်တွင် ပစ်သတ်ခဲ့ကြကာ လူနာဝန်းများကို မီးရှို့ခဲ့၍ ဆေးပစ္စည်းကိရိယာများကို လုယက်ယူငင်သွားကြသည်။ ဖြစ်ရပ်တစ်ခုတွင် ဆေးရုံတစ်ခုလုံးကို ဖျက်ဆီးခဲ့သည်ဟု အမ်အက်စ်အက်ဖ်ခေါ် နယ်စည်းမခြား ဆရာဝန်များအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြခဲ့သည်။ လွန်ခဲ့သည့် နှစ်လအတွင်း အစိုးရတပ်ဖွဲ့များနှင့် သူပုန်များဖြစ်မှားခဲ့သော တိုက်ပွဲများကြောင့် လူပေါင်း ထောင်ချီ၍ အသတ်ခံခဲ့ရပြီး ၉၀၀,၀၀၀ နီးပါးမှာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ သူပုန်အကြီးအကဲ မာချာ၏ ဇာတိမြို့ဖြစ်သော လီယာဒေသတွင် အမ်အက်စ်အက်ဖ်၏ဆေးရုံမှာ တိုက်ခိုက်မှုများကြောင့် လုံးဝပြိုကျသွားခဲ့ရသည်။ ယင်းအဖွဲ့၏ တောင်ဆူဒန်နိုင်ငံသား ၂၄၀ မှာ အနီးဝန်းကျင်ရှိ ချုံပုတ်များအတွင်းသို့ ပြေးဝင်ပုန်းအောင်းနေခဲ့ကြရသည်။ **(အေအက်ဖ်ပီ)**

အန်းဖရန့်ခ် စာအုပ်များ တိုကျို စာကြည့်တိုက်သို့ အစွန့်ရေးကပို့ပေးမည်

တိုကျို - အန်းဖရန့်ခ်၏ နေ့စဉ်မှတ်တမ်း "Diary of a Young Girl" စာအုပ်များ ရာနှင့်ချီ၍ ဖျက်ဆီးခဲ့ခဲ့ပြီးနောက် တိုကျို စာကြည့်တိုက်များသို့ ၎င်းစာအုပ်မျိုး စောင်ရေ ၃၀၀ ကို ပေးပို့လှူဒါန်းမည် ဖြစ်ကြောင်း ဂျပန်နိုင်ငံရှိ အစွန့်ရေးသံရုံးက ဖေဖော်ဝါရီ ၂၆ ရက်က ကြေညာခဲ့သည်။ ဂျပန်နိုင်ငံရှိ အစွန့်ရေးသံရုံးနှင့် ဂျူးလူမျိုး အသိုင်းအဝိုင်းတို့က ဖေဖော်ဝါရီ ၂၇ ရက်တွင် အဆိုပါစာအုပ်များကို တိုကျို မြို့တော်၏ ဆူဂီနာမီရပ်ကွက်သို့ လှူဒါန်းမည်ဟုသိရသည်။ ၎င်းရပ်ကွက်ရှိ စာကြည့်တိုက်များမှာ အဆိုပါ စာအုပ်များ အဓိက ဖျက်ဆီးခံခဲ့ရသည့် နေရာဖြစ်သည်ဟု သိရသည်။ ဒေသတွင်း မီဒီယာများ အဆိုအရ ၎င်းစာအုပ်ပေါင်း အနည်းဆုံး ၃၀၈ အုပ်မှ စာမျက်နှာများကို ဆုတ်ဖြဲခဲ့သည်ဟု သိရသည်။ ဆူဂီနာမီရပ်ကွက်ရှိ ပြည်သူ့စာကြည့်တိုက် ၁၃ ခုတွင် စုစုပေါင်းစာအုပ် ၁၂၁ အုပ် ဖျက်ဆီးခံခဲ့ရသည်ဟု စာကြည့်တိုက်မှူးက ဆိုသည်။ အန်းဖရန့်ခ်မှာ ၁၉၂၉ ခုနှစ်က ဖရန့်ဖတ်မြို့တွင် မွေးဖွားသော ဂျာမန် ဂျူးအမျိုးသမီးကလေးဖြစ်သည်။ **(အေအက်ဖ်ပီ)**

ယူကရိန်းပဋိပက္ခ ငြိမ်းရေး ဥရောပသမဂ္ဂနှင့် ရုရှားကြိုးပမ်း

ကိဗ်ယက် - ယူကရိန်းနိုင်ငံတွင် ရုရှားကိုလိုလားသော သမ္မတ ဗစ်တာယာနူကိုဗစ်ကိုဖြုတ်ချခဲ့ပြီးနောက် လက်ရှိ တာဝန်ယူထားရသော ယာယီအာဏာပိုင်များက စီးပွားရေးပြိုလဲမှုနှင့် ဂိုဏ်းဝါဒကွဲပြားမှုစသော အန္တရာယ်များနှင့် လုံးပန်းနေရချိန် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ယူကရိန်းနိုင်ငံတွင် ပေါ်ပေါက်နေသော တင်းမာမှုများကို ပြေလျော့ရန် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ကြိုးစားခဲ့ကြသည်။

သမ္မတယာနူကိုဗစ်ကို ပြီးခဲ့သည့်ရက်သတ္တပတ်က ယူကရိန်းပါလီမန်၌ မဲခွဲဆုံးဖြတ်ကာရာထူးမှ ဖယ်ရှားလိုက်ခြင်းနှင့် ပတ်သက်ပြီး ရုရှားနိုင်ငံ၏ မကျေမနပ်ပြောဆိုသံများ လျော့ပါးလာသည်ကိုလည်းတွေ့ရသည်။ ယာနူကိုဗစ်က ရုရှားနှင့် ပူးပေါင်းရေးအတွက် ကြိုးစားခဲ့သော်လည်း ယူကရိန်းခေါင်းဆောင် အသစ်များက အနောက်နိုင်ငံများနှင့် ပေါင်းစည်းရေး လမ်းကြောင်းအတိုင်း သွားလိုကြောင်းပြော အရှေ့ဘက်ဒေသက ခွဲထွက်သွားနိုင်သည့် အကြီးအကဲ ကက်သရင်းအက်ရှ်တန်ကလည်း ကြားခဲ့သည်။

ယာယီသမ္မတ အိုလက်ဇန်းဒါး တာချိနော့ဗ်က ခွဲထွက်ရေးသမားများ၏ အန္တရာယ်ကို သတိပေးထားသည်။ ထို့ပြင် နိုင်ငံ၌ ဒေဝါလီခံရသည့် အဖြစ်မျိုးမရောက်ရှိရေးအတွက် ဒေါ်လာ ၃၅ ဘီလျံ(ယူရို၂၅ဘီလျံ)အကူအညီပေးရန်ယူကရိန်းနိုင်ငံက တောင်းဆိုထားသည့်အလျောက် အမေရိကန်၊ ဥရောပနှင့် ရုရှားသံတမန်များအကြား ဆွေးနွေးပြောဆိုမှုများ ပေါ်ပေါက်လာခဲ့သည်။ ဥရောပသမဂ္ဂကမူ ယူကရိန်းနိုင်ငံကို ခြွင်းချက်သဘောပါသည့် ဘဏ္ဍာရေးအကူအညီများ ပေးရန် အဆင်သင့်ရှိကြောင်း ပြောထားသည်။

ယာနူကိုဗစ် အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုများ လပေါင်းများစွာ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အနောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုလားသော အစိုးရတစ်ရပ် နိုင်ငံကို တာဝန်ယူပြီးနောက် ရုရှားလိုလားသော ယူကရိန်း အကြီးအကဲများနှင့် ဆက်ဆံရေးတွင် ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။

ယူကရိန်းပါလီမန်ရှေ့တွင် ဖေဖော်ဝါရီလ ၂၅ ရက်ကတွေ့ရသည့် ဆန္ဒပြသမားများ။ ဓာတ်ပုံ-အေအက်ဖ်ပီ

အန္တရာယ်ရှိကြောင်းကို "ယူကရိန်းနိုင်ငံရဲ့ ဒေသတချို့မှာ ခွဲထွက်ရေးလှုပ်ရှားမယ့် အန္တရာယ်ရှိနေပါတယ်" ဟု တာချိင်နော့ဗ်က ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ပါလီမန်၌ ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက အစပိုင်းတွင် ယူကရိန်း နိုင်ငံရေး အပြောင်းအလဲနှင့်ပတ်သက်ပြီး ဒေါသတကြီးတုံ့ပြန်ခဲ့သော်လည်း ဖေဖော်ဝါရီလ ၂၅ ရက်နေ့က "ယူကရိန်းနိုင်ငံကို ရုရှားနဲ့ အနောက်နိုင်ငံတွေကြား တစ်ခုခုကိုရွေးဖို့ အတင်းအကျပ်ဖိအားမပေးသင့်ပါဘူး" ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောကြားခဲ့ရာ ယူကရိန်းအရေးနှင့်ပတ်သက်ပြီး ပြောဆိုရာတွင် ယခင်ကထက် ပျော့ပျောင်းလာသည်ကို တွေ့ရသည်။ ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ဟု ၎င်းက မော်စကိုမြို့၌ ပြောကြားခဲ့သည်။

ထို့ပြင် ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာမူဝါဒကိုဗ်ယက်မြို့၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း တင်းမာမှုများ ပြေပျောက်စေရန် ရည်ရွယ်ကာ ပြောဆိုခဲ့သည်ကိုတွေ့ရသည်။

အနောက်နိုင်ငံများက ယူကရိန်းကို ၎င်းတို့၏ သြဇာလွှမ်းမိုးမှု စက်ကွင်းအတွင်း ဆွဲသွင်းချင်နေသည်ဆိုသော စွပ်စွဲပြောဆိုမှုများကို ပြေပျောက်စေရန်အတွက် အက်ရှ်တန်က "ကျွန်မတို့က အထောက်အပံ့ပေးတာပါ။ ယူကရိန်းရဲ့ အနာဂတ်အရေးကို ဝင်စွက်ဖက်မှာ မဟုတ်ပါဘူး" ဟု သတင်းထောက်များကို ပြောကြားသည်။

ယူကရိန်းနိုင်ငံတွင် ရွေးကောက်ပွဲများကို မေလ ၂၅ ရက်နေ့၌ ကျင်းပရန် စီစဉ်ထားရာ အဓိကဆန္ဒပြခေါင်းဆောင် သုံးဦးထဲမှ တစ်ဦးဖြစ်ပြီး ဟဲဗီးဝိတ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံတစ်ဦးဖြစ်သူ ဗီတာလီ ကလစ်ချ်ကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၅ ရက်က ပြောကြားခဲ့သည်။

ပါလီမန်က မဲခွဲဆုံးဖြတ်ကာ သမ္မတ ယာနူကိုဗစ်ကို ဖယ်ရှားလိုက်ပြီးမကြာမီ ဝန်ကြီးချုပ်ဟောင်း ယူလီယာ တီမိုရှင်ကိုလည်း နှစ်နှစ်ကြာ အကျဉ်းကျခံခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်လာသည်။

အကျဉ်းထောင်မှလွတ်လာသည့် တီမိုရှင်ကိုကို ကက်သရင်းအက်ရှ်တန်က ကြိုဆိုစဉ်။

ထို့ပြင် အတိုက်အခံများ ကြီးစိုးသော ယူကရိန်းပါလီမန်က တိမ်းရှောင်နေသော ဖြုတ်ချခံသမ္မတ ယာနူကိုဗစ်ကို ဆန္ဒပြသူ အမြောက်အများအား သတ်ဖြတ်မှုဖြင့် နိုင်ငံတကာ ပြစ်မှုတရားရုံးသို့တင်ရန် မဲခွဲဆုံးဖြတ်ခဲ့ပြီး အများက မျှော်လင့်နေသည့် အစိုးရအဖွဲ့သစ်တစ်ရပ် ဖွဲ့စည်းရေးကို ဖေဖော်ဝါရီလ ၂၇ ရက်အထိ ရွှေ့ဆိုင်းထားသည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကလည်း ယူကရိန်းနိုင်ငံကို အရှေ့နှင့်အနောက် အားပြိုင်သည့် စစ်မြေပြင်တစ်ခုအဖြစ် သဘောမထားသင့်ကြောင်း ပြောကြားခဲ့သည်။

"ယူကရိန်းနိုင်ငံက ရုရှားနိုင်ငံ အပါအဝင် နိုင်ငံအများအပြားဆီက ငွေကြေး အကူအညီလိုအပ်နေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ အရှေ့နဲ့ အနောက် အားပြိုင်နေလို့မရပါဘူး။ ယူကရိန်းပြည်သူတွေက သူတို့ရဲ့ အနာဂတ်အတွက် သူတို့ပဲရွေးချယ်ရမှာဖြစ်ပါတယ်" ဟု ယူကရိန်းနိုင်ငံ၏ နယ်မြေအချုပ်အခြာပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဝီလျံ ဟေ့ဂ်က ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

လိင်တူချင်းဆက်ဆံမှု ဆန့်ကျင်သည့်ဥပဒေ ယူဂန်ဒါသမ္မတ လက်မှတ်ထိုး

အင်တက်ဘီ (ယူဂန်ဒါ) - အနောက်နိုင်ငံမှ ထောက်ပံ့နေသူများ၏ သတိပေးချက်များကို ဆန့်ကျင်ပြီး ကမ္ဘာပေါ်တွင် ဖြေရှင်းရအခက်ခဲဆုံး လိင်တူချင်းဆက်ဆံသူများ ဆန့်ကျင်ရေး ဥပဒေများထဲမှ တစ်ခုကို လက်မှတ်ရေးထိုးအတည်ပြုလိုက်သည့် ဖေဖော်ဝါရီ ၂၄ ရက်တွင် လိင်တူချင်း ဆက်ဆံသူများအား ကြေးစားပြည့်တန်ဆာများဟု ယူဂန်ဒါသမ္မတက ပြောဆိုလိုက်သည်။

"ချောမောလှပတဲ့ အမျိုးသမီးတွေကို စိတ်မဝင်စားဘဲနဲ့ အမျိုးသားကိုမှ နှစ်သက်တယ်ဆိုတာကို သူ့အနေနဲ့ နားမလည်နိုင်ဖြစ်ရကြောင်း" သမ္မတ ယိုဝီရီမူဆီဗီနီက ပြောသည်။

"အဲဒီ အပြုအမူတွေက တကယ် အကြီးအကျယ် ပြဿနာတက်နိုင်တဲ့ ကိစ္စဖြစ်တယ်။ ဒီလိုဖြစ်ပြီဆိုရင် တစ်ခုခု မှားယွင်းနေပြီဆိုတာသေချာတယ်" ဟု တိုင်းပြည်အုပ်ချုပ်နေသည်မှာ ဆယ်စုနှစ် အတန်ကြာပြီဖြစ်ပြီး ဧဝံဂေလိအသင်းဝင် ဘာသာရေးကိုင်းရှိုင်းသူ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သည့် မူဆီဗီနီကပြောကြားခဲ့သည်။

"လိင်တူချင်းဆက်ဆံတဲ့သူတွေဟာ တကယ်တော့ ကြေးစားတွေပဲ။ ဒါပေမဲ့ သူတို့ဟာ ငွေကြောင့်သာ လိင်တူဆက်ဆံသူတွေ ဖြစ်လာတယ်လို့ သူတို့ကပြောတယ်။ ဒါဆိုရင်တော့ ဒီလုပ်ရပ်ဟာ ငွေလိုချင်လို့ ပြည့်တန်ဆာလုပ်တာပဲ" ဟု ၎င်းကပြောသည်။

၎င်းအတည်ပြုလိုက်သည့် ဥပဒေမူကြမ်းတွင် လိင်တူချင်း ဆက်ဆံသူများသည် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံသင့်ကြောင်း လိင်တူချင်းဆက်ဆံမှုကို အားပေးအားမြှောက်ပြုလုပ်ခြင်းကို ခွင့်မပြုကြောင်းနှင့် ယင်းသို့ လိင်တူချင်းဆက်ဆံသူ များကိုလည်း ရှုတ်ချဆက်ဆံဖို့လိုကြောင်း အစရှိသည်တို့ပါဝင်သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ယူဂန်ဒါအစိုးရနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးပြိုကွဲနိုင်သည်ဟု ပြင်းထန်သည့် သတိပေး ဝေဖန်ပြောဆိုမှုများ ရှိနေသည့်ကြားမှ အဆိုပါ ဥပဒေကို အတည်ပြုရေးထိုးခဲ့ ခြင်းဖြစ်သည်။

ယင်းသို့ သတ်မှတ်လိုက်ခြင်းသည် အလွန်ဆိုးရွားသည့် ဥပဒေဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျေးကာနေးက ပြောဆိုလိုက်ပြီး မူဆီဗီနီက စတင်လိုက်သည့် ယင်း ဥပဒေသည် ယူဂန်ဒါနှင့် ကမ္ဘာပေါ်ရှိ နိုင်ငံတို့အတွက် စိတ်မကောင်းစရာ နေ့ရက်များဖြစ်ကြောင်း အိုဘားမား၏ နိုင်ငံလုံခြုံရေးအကြံပေးဆူစန်ရိုက်စ်က ပြောကြားလိုက်သည်။

"ဒီလိင်တူဆက်ဆံတဲ့ ကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်က ကျွန်တော်တို့နဲ့ ဆက်ပြီးအလုပ်မလုပ်ချင်ဘူးဆိုရင် ကျွန်တော်တို့ကလည်း ကိုယ့်ဘာသာကိုယ် ပိုပြီး လွတ်လွတ်လပ်လပ် နေလို့ရတာပေါ့" ဟု မူဆီဗီနီက ပြောကြားပြီး ယူဂန်ဒါနိုင်ငံအား ပြစ်တင်ပြောဆိုသူများအား လူမှုရေးနယ်ပယ် ချဲ့ထွင်ရာတွင် လိပ်ပြာမလုံစရာ ကိစ္စများ မည်သို့ပြုမူနေသည်တို့ကို စွပ်စွဲပြောဆိုခဲ့သည်။

ကုလသမဂ္ဂက လူ့အခွင့်အရေးဆိုင်ရာ သံအမတ်ကြီး နေဗီပီလေးက "ယင်းဥပဒေသည် အာဏာအလွဲသုံးစားမှုနှင့် တစ်စုံတစ်ယောက်အား စွပ်စွဲပြောဆိုမှုများ ကျယ်ကျယ်ပြန့်ဖြစ်ပေါ်စေရန် ဖန်တီးလိုက်ခြင်းသာဖြစ်သည်" ဟု သတိပေး ပြောကြားလိုက်သည်။

"တရားစီရင်ရေးအဖွဲ့က အဲဒီလို ဥပဒေတွေကို ထောက်ခံအတည်ပြုနေမယ်ဆိုရင် ကျွန်တော်တို့ဘက်ကလည်း ဒီလိုကိစ္စတွေမှာ ကူညီဖို့ဆန္ဒမရှိပါဘူး"ဟု ပြောကြားကာ နယ်သာလန်နိုင်ငံက ယူဂန်ဒါနိုင်ငံ၏ ဥပဒေနှင့် ညီညွတ်သော ဖွဲ့စည်းပုံစနစ်အတွက် ထောက်ပံ့ပေးနေသော ယူရို ခုနစ်သန်းကို ရပ်တန့်ထားမည်ဟု ပြောကြားသည်။

ဒိန်းမတ်နှင့် နော်ဝေနိုင်ငံတို့ကလည်း ယူဂန်ဒါ



လိင်တူချင်းဆက်ဆံမှုဆန့်ကျင်ရေးဥပဒေကို လက်မှတ်ရေးထိုးနေသည့် သမ္မတ မူဆီဗီနီ။

အစိုးရ၏ ကဏ္ဍအသီးသီးသို့ ထောက်ပံ့နေသော ယူရိုခြောက်သန်းခန့်ကို ပြန်လည်ရုပ်သိမ်းသွားမည်ဟုဆိုသည်။

ဖေဖော်ဝါရီ ၂၅ ရက်ထုတ် ယူဂန်ဒါ သတင်းစာတွင် လိင်တူဆက်ဆံသူ ဦးရေ ၂၀၀ ရှိကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။

အမေရိကန် ဥပဒေပြု အထက်လွှတ်တော် အမတ် ပက်ထရစ် လေဟိုင်းက ယူဂန်ဒါသို့ပေးနေသည့် အကူအညီများ ရပ်ဆိုင်းထားမည်ဟု ဖေဖော်ဝါရီ ၂၅ ရက်တွင်ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■

အီဂျစ်ဝန်ကြီးချုပ်သစ်က အကြမ်းဖက်ဝါဒ ဆန့်ကျင်ပြီး နိုင်ငံအေးချမ်းရေးကြိုးပမ်းမည်

ကိုင်ရို - စစ်တပ်အကြီးအကဲက အာဏာကို ဆက်လက်သိမ်းယူထားမည်ဟု မျှော်လင့်ရသော သမ္မတရွေးကောက်ပွဲမတိုင်မီတွင် ဟော်စနီ မူဘာရက်၏ အင်အားကြီး အာဏာရပါတီက ထုတ်ပယ်ထားသော အဖွဲ့ဝင်ဟောင်းတစ်ဦးကို စစ်တပ်ကခန့်အပ်ထားသော အီဂျစ် အာဏာပိုင်များက ဖေဖော်ဝါရီ ၂၅ ရက်တွင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်သည်။

အစိုးရပိုင် ဆောက်လုပ်ရေးလုပ်ငန်းမှ အကြီးအကဲဟောင်းဖြစ်သူ အီဘရာဟင်မ်မားလက်သည် အကြမ်းဖက်ဝါဒကို တိုက်ထုတ်ပြီး ကမ္ဘာလှည့်ခရီးသည်များကို ပြန်လည် ဆွဲဆောင်သွားမည်ဟု ကတိပြုခဲ့သည်။ တစ်ချိန်တည်းမှာပင် ၎င်းသည် ဝန်ကြီးချုပ် ဟက်ဇမ် အယ်လ်ဘီဘလာဝီ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရုတ်တရက် နုတ်ထွက်ပြီးသည့်နောက် အစိုးရအဖွဲ့သစ်ဖွဲ့စည်းရေးကို ဆက်လက်လုပ်ဆောင်နိုင်ရန် စတင်အားထုတ်ခဲ့သည်။

အီဂျစ်နိုင်ငံတွင် ဒီမိုကရေစီနည်းအရပထမဆုံးလွတ်လပ်စွာ ရွေးချယ်ခဲ့သော သမ္မတဖြစ်သည့် အစ္စလမ္မစ် မိုဟာမက်မော်စီကို စစ်တပ်က ဖြုတ်ချခဲ့ပြီးနောက် ဇူလိုင်လတွင် ဘီဘလာဝီအစိုးရ တက်လာခဲ့ရာ ၎င်းအစိုးရသည် အီဂျစ်နိုင်ငံ၏ ပထမဆုံး အရပ်သားဝန်ကြီးချုပ်လည်း ဖြစ်သည်။ သို့သော် ၎င်းအစိုးရသည် စီးပွားလုပ်ငန်းတွင် စမ်းတဝါးဝါးဖြစ်နေပြီး စက်မှုလုပ်ငန်းဆိုင်ရာ မငြိမ်သက်မှုများ ပိုမိုဆိုးရွားလာခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသည့်အတွက် ဝေဖန်ပြောဆိုမှုအမျိုးမျိုးတို့နှင့် ရင်ဆိုင်ခဲ့ရပြီး နုတ်ထွက်ခဲ့ရသည်။

အစိုးရသစ်ကိုသုံးလေးရက်အတွင်း ဖွဲ့စည်းရန်ကြားဖြတ်သမ္မတ အက်ဒလီမန်ဆူးက ၎င်းအားတာဝန်ပေးခဲ့သည်ဟု ဘီဘလာဝီ၏ အစိုးရဝန်ကြီးအဖွဲ့တွင် အိမ်ရာစီမံကိန်း ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မားလက်က ပြောသည်။

အီဂျစ်လူမျိုးများအတွက် ပိုမိုကောင်းမွန်သည့် တာဝန်များကို ကြိုးကြိုးစားစားဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက် ဝါဒကိုလည်း တိုက်ထုတ်သွားမည်ဟု ၎င်းက ကတိပေးပြောကြားခဲ့သည်။

ကြည်းတပ်မှ စစ်သေနာပတိချုပ် ဖီးလ်မာရှယ် အက်ဘ်ဒယ်လ်ဖတ်တား အယ်လ်စီစီအား ကာကွယ်ရေးဝန်ကြီးအဖြစ်မှ ဖယ်ပေးပြီး သမ္မတအဖြစ် တာဝန်ထမ်းဆောင်စေမည်ဟု အစိုးရအဖွဲ့အတွင်း တာဝန်များ ပြန်လည်ဖွဲ့စည်းရေးအဖွဲ့မှ အချို့သောသူများက ယူဆထားကြသည်။

အသက် ၆၀ ရှိပြီဖြစ်သည့် မားလက်သည် အရှေ့အလယ်ပိုင်းတွင် ရှေ့ဆုံးမှ ဦးဆောင်နေသော ဆောက်လုပ်ရေး ကုမ္ပဏီများထဲမှ တစ်ခုဖြစ်သော အီဂျစ်အစိုးရပိုင် Arab Contractors Company ဥက္ကဋ္ဌအဖြစ် ၁၁ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာတွင် ကုမ္ပဏီမှ အနားယူခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာ အယ်လ်ဟာရမ်က ဖော်ပြခဲ့သည်။

"အရင်အစိုးရက ဘယ်လူကြီး အုပ်ချုပ်တာကိုမှ ကျွန်တော်တို့အလိုမရှိပါဘူး။ အထူးသဖြင့် အခုလို ပြည်သူတွေကြားမှာ ကွဲလွဲမှုတွေရှိနေတဲ့ အချိန်မှာပေါ့" ဟု ရေနံကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ဟတ်ဆန် ယက်ယာက ပြောသည်။

"အမျိုးသားဒီမိုကရက်တစ် ပါတီအဖွဲ့ဝင်ဟောင်းဖြစ်နေတယ်ဆိုတာကို မတွေးဘဲ အီဘရာဟင်မ် မားလက်မှာ လေးစားလောက်တဲ့ အရည်အချင်းတွေရှိပြီး အုပ်ချုပ်ရေးပိုင်းမှာ အဆင့်အတန်းရှိတဲ့သူ ဖြစ်တယ်ဆိုတာကိုပဲ စဉ်းစားကြည့်လိုက်ပါ" ဟု မားလက်ကို ထောက်ခံသူ ရွှေ့နေ မာမွတ် အယ်လ် မီလီဂျီက ပြောသည်။

"ဖီးလ်မာရှယ် စီစီကို ရာထူးလွှဲပြောင်းပေးဖို့ ဆုံးဖြတ်တယ်ဆိုရင် သူလည်း နာမည်ကောင်းရှိတဲ့ အစိုးရနဲ့ ပူးပေါင်းလုပ်ဆောင်ချင်မှာပါ။ ပြီးတော့ ပြည်သူတွေရင်ဆိုင်နေရတဲ့ လတ်တလော အရေးကြီး ပြဿနာတွေကိုလည်း သူ့အနေနဲ့ ကူညီဖြေရှင်းပေးနိုင်မှာပါ" ဟု ကိုင်ရိုတက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာနမှ ပါမောက္ခ မူစတာဖာ ကက်မယ်လ် အယ်ဆေရစ်က ပြောကြားသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■



အီဂျစ်ဝန်ကြီးချုပ်သစ် အီဘရာဟင်မ် မားလက်။ ဓာတ်ပုံ-အေအက်ဖ်ပီ

ပွန်နှင့် မေရီတို့တွေ့ရှိခဲ့သည့် ရွှေဒင်္ဂါးများပါသော ရွှေအိုးကြီးတစ်လုံး။ ဓာတ်ပုံ-အေအက်ဖ်ပီ

ကယ်လီဖိုးနီးယားဇနီးမောင်နှံ ရွှေဒင်္ဂါးများတွေ့

လော့စ်အိန်ဂျလိစ် - အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းမှ ဇနီးမောင်နှံသည် ၎င်းတို့၏ ခွေးကလေးကိုပါခေါ်၍ လမ်းလျှောက်ထွက်ခဲ့ရာ သစ်ပင်အိုကြီးတစ်ပင်၏ အရိပ်အောက်တွင် မြှုပ်ထားသော ရွှေအိုးတစ်လုံးကို တူးဖော်ရရှိကာ ပွဲပေါက်တိုးခဲ့ကြရသည်။

၎င်းရွှေအိုးထဲတွင် ရွှေဒင်္ဂါးများ ပါဝင်ပြီး ကာလတန်ဖိုးအရ ဒေါ်လာ ၁၀ သန်းကျော် တန်ဖိုးရှိသည်ဟု သိရသည်။

ရှေးဟောင်း ရွှေဒင်္ဂါးများကို အထူးအလေးထားလေ့လာသည့် 'ကာဂျင်'ကုမ္ပဏီ၏အဆိုအရ Saddle Ridge ဟုခေါ်သည့် အဆိုပါအဖိုးတန်ပစ္စည်း တွေ့ရှိမှုသည် အမေရိကန်ပြည်ထောင်စုတွင် ရှာဖွေမတွေ့ဖူးသည့် အဖိုးတန်ဆုံး ပိုင်ရှင်မဲ့ ရတနာသိုက်ဟု ယူဆရသည်။ ၎င်းတို့၏အမည်ကို ပွန်နှင့် မေရီဟုသာ သိရှိသော ၎င်းတို့ဇနီးမောင်နှံသည် ငေါထွက်နေသည့် တစ်ဝက်တစ်ပျက် မြှုပ်နေသော အိုးတစ်လုံးကိုတွေ့ရှိပြီးနောက် ဆက်ပြီး တူးကြည့်ရာ နောက်ထပ် အိုးနှစ်လုံးတွေ့သဖြင့် စုစုပေါင်း ရွှေဒင်္ဂါး ၁,၄၂၇ ပြား ရရှိခဲ့သည်။

ထိုရွှေဒင်္ဂါးအားလုံးနီးပါးသည် ခရစ်နှစ် ၁၈၄၇ မှ ၁၈၉၄ ခုကာလအတွင်းမှဖြစ်ပြီး နွေစွဲမျိုးစုံပါရှိကာ အသစ်အတိုင်း ရှိနေကြောင်း ကာဂျင်ကုမ္ပဏီပိုင်ရှင် ဒေါ်နယ်ကာဂျင်က ဆိုသည်။

"နှစ်ပေါင်းများစွာ နေ့စဉ်လိုလို ဒီလမ်းကြောင်းအတိုင်း လမ်းလျှောက်ပါတယ်။ အိုးကြီးတစ်လုံး မြေကြီးထဲက ငေါထွက်နေတာကို ကျွန်တော်တွေ့ခဲ့တယ်"ဟု ပွန်က ပြောပြသည်။

၎င်းတို့သည် တုတ်တစ်ချောင်းဖြင့် တူးပြီးနောက်ထပ် စူးစမ်းရှာဖွေသည့် သတ္တုကိရိယာဖြင့် ဆက်လက်တူးရာ အိုးရှစ်လုံး တူးဖော်ရရှိခဲ့ကြသည်။

အသက် ၄၀ ခန့်ရှိသော ထိုစုံတွဲသည် လတ်တလော အမည်မဖော်ဘဲ ထားရန်ဆုံးဖြတ်ကြသည်။

"မကြာသေးမီက လူတော်တော်များများလိုပဲ ကျွန်တော်တို့မှာ ငွေရေးကြေးရေး မပြည့်စုံပါဘူး။ ကျွန်တော်တို့မှာ သည်းခြေကြိုက်ပစ္စည်း သိမ်းထားနိုင်ပြီဖြစ်လို့ အလွန်အလွန် ကျေးဇူးတင်နေပါတယ်"ဟု ပွန်က ပြောသည်။

(အေအက်ဖ်ပီ)

ညွှန့်ညွှန့်၀င်း ဘာသာပြန်သည်။ ■

ပျောက်နေသော သရက်သီးကြီးပြန်တွေ့

ဆစ်ဒ်နီ - ဩစတြေးလျနိုင်ငံ၊ ကွင်းစလန်းပြည်နယ်၊ ဘိုဝင်မြို့ရှိ ၁၀ မိတာမြင့်ပြီး ခုနစ်တန်လေးသည့် သရက်သီးသဏ္ဌာန် The Big Mango သုံးထပ်အဆောက်အအုံမှာ ဖေဖော်ဝါရီ ၂၄ ရက် ညသန်းခေါင်ယံက လူခိုးခံရပြီးနောက် ၂၅ ရက်နေ့တွင် ပြန်လည်တွေ့ရှိကြောင်းနှင့် ယင်းဖြစ်ရပ်မှာ အမြန်ပြင်စားသောက်ဆိုင်တစ်ဆိုင်၏ အရောင်းမြှင့်တင်ရေးနှင့် ခရီးသည်များ စိတ်ဝင်စားအောင် လုပ်ကြံဖန်တီးမှုတစ်ခုသာဖြစ်ကြောင်း သက်ဆိုင်ရာက ဝက်ဘ်ဆိုက်တင်၍ ထုတ်ဖော်ပြောပြခဲ့သည်။

ဩစတြေးလျ၏ သရက်သီးထွက်ရှိရာမြို့အဖြစ် ထင်ရှားသည့် ဘိုဝင်မြို့မှ အထင်ကရ The Big Mango ကြီးပျောက်ဆုံးပြီး နောက်တစ်နေ့မှာပင် သက်ဆိုင်သူ 'နန်ဒို'က မိမိတို့ ကုမ္ပဏီ၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ မိမိတို့၏ လှုပထည်ဝါသော သရက်သီးကြီးကို စိတ်ထားဖြူစင်မှုတစ်စွာ ငှားရမ်းအသုံးချခွင့် ပြုခြင်းအတွက် ကျေးဇူးတင်ကြောင်း၊ သရက်သီးကြီးကိုလည်း မူလနေရာသို့ မကြာမီ ပြန်လည်ပြောင်းရွှေ့ထားပေးမည်ဖြစ်ကြောင်း ပြောဆိုသည်။

The Big Mango ကဲ့သို့ပင် ဩစတြေးလျတစ်ဝန်း ဆက်စပ်ရာဒေသများတွင် The Big Banana, The Pineapple, The Big Stawberry, The Big Apples, The Big Oranges အဆောက်အအုံများ၊ ဧရာမငါးများ၊ ပုစွန်တုပ်များ၊ ပင်ဂွင်ဒ်၊ ကန်းဂရူး၊ ကိုအာလာများ၊ ဧရာမ ဝိုင်အရက်စည်ကြီးများပုံသဏ္ဌာန် အဆောက်အအုံကြီးများကိုလည်း အဆန်းတကြယ် ဆောက်လုပ်ပြသထားကြသည်။ The Big Mango ကို ၂၀၀၂ ခုနှစ်က တည်ဆောက်ခဲ့သည်။

(အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။ ■

ကွင်းစလန်းပြည်နယ်၊ ဘိုဝင်မြို့မှ အခိုးခံခဲ့ရသော သရက်သီးရုပ်တုကြီး။ ဓာတ်ပုံ-အေအက်ဖ်ပီ

ဟစ်တလာလက်မှတ်ပါ 'မိန်းကမ့်' လေလံပစ်မည်

လော့စ်အိန်ဂျလိစ် - နာဇီခေါင်းဆောင် အဒေါ်ဟစ်တလာ ကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့သည့် ရှားပါးစာအုပ်ဖြစ်သော 'မိန်းကမ့်' စာအုပ်နှစ်အုပ်ကို လော့စ်အိန်ဂျလိစ်မြို့၌ လေလံတင်မည်ဖြစ်ကြောင်း လေလံပစ်သူများက ဖေဖော်ဝါရီ ၂၅ ရက်ကပြောသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပုံနှိပ်ထားသည့် ဟစ်တလာ၏ အနာဂတ်အတွက် နိုင်ငံရေးမူဝါဒ ကြေညာစာတမ်းကို ဖေဖော်ဝါရီ ၂၇ ရက်၌ ဈေးအမြင့်ဆုံးပေးနိုင်သူကို အွန်လိုင်းမှတစ်ဆင့် ရောင်းချမည်ဖြစ်ကြောင်း Nate D.Sanders လေလံပွဲက ပြောသည်။

စာအုပ်နှစ်အုပ်စလုံးကို ဟစ်တလာက လက်မှတ်ထိုးထားပြီး Josef Bauer အား ရည်စူးထားခြင်းဖြစ်သည်။ Josef Bauer သည် နာဇီပါတီဝင်ဖြစ်ပြီး ဗာဘေးရီးယား အဓိုးရအား ဖြုတ်ချရန် ၁၉၂၃ ခုနှစ် ဘီယာခန်းမဟု အမည်တွင်သည့်အင်အားသုံး၍ အဓိုးရအား ရုတ်တရက် ဖြုတ်ချရန်ကြိုးပမ်းမှုဌ ခေါင်းဆောင်တစ်ဦးဖြစ်သည်။

၁၉၂၅ နှင့် ၁၉၂၆ ခုနှစ် ခရစ္စမတ်လက်ဆောင်များအဖြစ် Josef Bauer အား ပေးခဲ့နိုင်ဖွယ်ရှိကြောင်း လေလံပစ်သူများက ပြောသည်။ ထိုစာအုပ်နှစ်အုပ်သည် ဟစ်တလာ၏ ရည်ရွယ်ချက်များကို ကမ္ဘာအား သတိပေးခဲ့သော်လည်း အချည်းနှီးဖြစ် ခဲ့ သည်။ နာဇီအသင်း၀င် တစ်ယောက်ကို လက်မှတ်ရေးထိုးပေးခဲ့ခြင်းကြောင့်လည်း ရှားပါးသည့် စာအုပ်များဖြစ်ကြောင်း လေလံပစ်သူများက ဆက်လက်ပြောခဲ့သည်။

Mein Kampf (ကျွန်ုပ်၏ရုန်းကန်မှု) စာအုပ်အား ဟစ်တလာယေဘုယျ၀င်ဘ၀ ထောင်ကျနေစဉ် ရေးသားခဲ့ကာ သူနိုင်ငံရေး၀ါဒကို ဖော်ပြခဲ့ပြီး ဂျာမနီနိုင်ငံ ဒုက္ခရောက်နေရသည့် အကြောင်းရင်းများ၌ အဖွဲ့အစည်းများကို ဖော်ပြခဲ့ရာ ဂျူးလူမျိုးများနှင့် မာ့၀ါဒီများ ပါ၀င်ခဲ့သည်။

၁၉၃၃ ခုနှစ် ဟစ်တလာ၏ ဩဇာအာဏာတိုးတက်လာချိန်၌ ဤစာအုပ်ကို သန်းချီပြီး ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ၁၉၃၆ ခုနှစ်အထိ နာဇီဂျာမနီနိုင်ငံသည် မင်္ဂလာဆောင်ပြီးစ စုံတွဲအားလုံးကို တစ်အုပ်စီ လက်ဆောင်အဖြစ် ပေးခဲ့သည်။

(အေအက်ဖ်ပီ)

သောင်းညွှန့် ဘာသာပြန်သည်။ ■

နာဇီခေါင်းဆောင် ဟစ်တလာကိုယ်တိုင် လက်မှတ်ထိုးထားသည့် မိန်းကမ့်စာအုပ်။

အမေရိကန်က ဗင်နီဇွဲလားသံတမန်များကို နှင်ထုတ်

ကာရာကတ်စ် - အမေရိကန်ပြည်ထောင်စုသည် လက်တုံပြန်သည့်အနေဖြင့် ဗင်နီဇွဲလားသံတမန်သုံးဦးကို နှင်ထုတ်လိုက်ကြောင်း ကြေညာခဲ့စဉ်မှာပင် ဗင်နီဇွဲလားမြို့တော် ကာရာကတ်စ်ရှိ အစိုးရဆန့်ကျင်သော ဆန္ဒပြပွဲများ၏ နောက်တစ်ရက်ဖြစ်ရာ ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌ ဆန္ဒပြကျောင်းသားများသည် ကျူးဘားသံရုံးသို့ ချီတက်ခဲ့ကြသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်က အမေရိကန်သံတမန်သုံးဦးကို နှင်ထုတ်ခဲ့သည်ကို တုံ့ပြန်လိုက်သည့် အမေရိကန်ပြည်ထောင်စု၏ အပြုအမူသည် သမ္မတ နီကိုလပ်မာဒူရိုက ၎င်း၏အစိုးရသည် အမေရိကန်ဆိုင်ရာ သံအမတ်တစ်ဦးကို ခန့်အပ်မည်ဟု ပြောဆိုခဲ့အပြီး တစ်ရက်အကြာမှာပင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဗင်နီဇွဲလား သံတမန်များသည် နိုင်ငံအတွင်းမှ ထွက်ခွာရန် ၄၈ နာရီအချိန်ရမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ ဆက်ဆံရေး ကောင်းမွန်မှုအတွက် ဗင်နီဇွဲလားအစိုးရသည် ခိုင်မာသည့် အလေးထားမှုပြသရန်လိုအပ်ခဲ့ကြောင်း ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ပနားမားအစိုးရက ဗင်နီဇွဲလားပြဿနာကို ဆွေးနွေးအဖြေရှာရေးအတွက် အမေရိကန်နိုင်ငံများ အစည်းအရုံး၏ နိုင်ငံခြားရေး၀န်ကြီးများ အရေးပေါ်အစည်းအဝေးကို ခေါ်ယူရန် တိုက်တွန်းခဲ့သည်။ လူလတ်တန်းစားရပ်ကွက် လမ်းများတွင် အမှိုက်ပုံများ၊ အုတ်ကျိုးအုတ်ပဲ့များနှင့် ပိတ်ဆို့နေဆဲဖြစ်သည့်တိုင် နေရာအနှံ့အပြား ဖြစ်ပေါ်ခဲ့သည့် အဓိကရုဏ်းများ၏ တစ်ညတာကာလအလွန်တွင် ကရာကတ်စ်မြို့သည် ပုံမှန်အခြေအနေသို့ တဖြည်းဖြည်းချင်း ရောက်ရှိလာလျက်ရှိသည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက်ခင်း၌ လူငယ်အုပ်စုများသည် ကျူးဘားသံရုံးဆီသို့ ချီတက်သွားခဲ့ကြသဖြင့် အခြားသော ပေါက်ကွဲလုအခြေအနေ ဖြစ်ပေါ်နိုင်သည့်အလားအလာနှင့် အတိုက်အခံများဘက်မှ အမျက်ဒေါသ ပစ်မှတ်တစ်ခု ဖြစ်နိုင်ပေသည်။

''ဆန္ဒမပြတဲ့ ဗင်နီဇွဲလားတွေ ဒီအတိုင်းထိုင်ကြည့်မနေကြပါနဲ့။ ကျူပ်တို့နဲ့ လာပေါင်းကြပါ'' ဟု ကျောင်းသားအုပ်စုအတွင်းမှ အော်ဟစ်ခဲ့သည်။

သို့ရာတွင် ယင်းနေ့ နေ့လယ်ခင်းမတိုင်မီမှာပင် လူအုပ်ငယ်လေးသည် ပိုမို ကြီးထွားလာခဲ့သဖြင့် မာဒူရို၏ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ အမျိုးသားဆွေးနွေးပွဲ အကြိုနေ့တွင် ဖိအားတစ်ခုဖြစ်လာခဲ့ပြန်သည်။ မာဒူရိုက အသေးစိတ် ပြောဆိုခြင်းမရှိသော်လည်း အမျိုးသားငြိမ်းချမ်းရေးညီလာခံသို့ပါဝင်ရန် လူမှုရေး၊ နိုင်ငံရေး၊ သမဂ္ဂနှင့် ဘာသာရေးအဖွဲ့များအားလုံးကို ဖိတ်ကြားထားသည်။

ဟူဂိုချာဗက်ဇ်၏ လက်ရွေးစင်အဖြစ်မှ အရိုက်အရာဆက်ခံခဲ့သူမာဒူရိုသည် ဗင်နီဇွဲလားပြည်တွင်းရေးကို နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းမှုတစ်ခုဟု ၎င်းကစွပ်စွဲပြောဆိုထားသည့် ဆန္ဒပြမှုများကို စုံစမ်းစစ်ဆေးရန် ကော်မရှင်တစ်ခု ဖွဲ့စည်းရေးအတွက် အမျိုးသားညီလာခံကို တောင်းဆိုသွားမည်ဟုလည်း ပြောဆိုထားသည်။

(အေအက်ဖ်ပီ) စော်၀င်း ဘာသာပြန်သည်။

အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရသည့်ဘေးမှ အသက်ရှင်ကျန်ရစ်သူ အသက် ၁၁၀ အရွယ်တွင် ကွယ်လွန်

လန်ဒန် - ဒုတိယကမ္ဘာစစ်အတွင်း နာဇီများက ဂျူးများကို အစုလိုက်အပြုံလိုက် လောင်တိုက်သွင်း သတ်ဖြတ်ခဲ့သည့် ဟိုလိုကော့စ်ဖြစ်ရပ်၌ အသက်ရှင်ကျန်ရစ်ခဲ့သူလည်းဖြစ်၊ ယခုနှစ် အော်စကာဆု ဆန်ခါတင်စာရင်းတွင် ပါဝင်သော မှတ်တမ်းရုပ်ရှင်ကားတစ်ကား၌ ၎င်းဇာတ်လမ်းအကြောင်း ရိုက်ကူးမှတ်တမ်းတင်ခံခဲ့ရသူလည်းဖြစ်သည့် ကမ္ဘာ့အသက်အကြီးဆုံး စန္ဒရားပညာရှင်နှင့် ဟိုလိုကော့စ် အသက်ရှင်ကျန်ရစ်သူ အဲလစ္စ ဟာ့ဇ်ဆွမ်မာသည် အသက် ၁၁၀ တွင် လန်ဒန်မြို့၌ ကွယ်လွန်သွားကြောင်း ၎င်းမိသားစုက ဖေဖော်ဝါရီလ ၂၃ ရက်က ကြေညာခဲ့သည်။

ဟာ့ဇ်ဆွမ်မာသည် ယခု ချက်သမ္မတနိုင်ငံ၏ မြို့တော် (ယခင် ဘိုဟီးမီးယားနိုင်ငံ၏မြို့တော်) ဖြစ်သော Prague ဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း ချက်ကိုစလိုဗက်ကီးယားနိုင်ငံရှိ နာဇီစစ်အကျဉ်းစခန်း Terezin ၌ နှစ်နှစ်ကြာ အကျဉ်းကျခံနေရစဉ်အတွင်း အခြားသော အကျဉ်းကျနေသူများကို စန္ဒရားတီး ဖျော်ဖြေပေးခဲ့ရသည်။

အဘွားဖြစ်သူ အဲလစ္စဆွမ်မာက နံဘေး၌ မိသားစုဝင်များ စုံစုံညီညီ ရှိနေသည့်အချိန်တွင် ငြိမ်းငြိမ်းချမ်းချမ်း ဘဝကူးသွားခြင်းဖြစ်ကြောင်း ၎င်း၏မြေးဖြစ်သူ အေရီ ယယ်လ်ဆွမ်မာက ပြောကြားခဲ့သည်။

အသက် ၁၁၀ အရွယ်တွင် ကွယ်လွန်သွားသည့် အဲလစ္စ ဟာ့ဇ်ဆွမ်မာ။ ဓာတ်ပုံ-အေအက်ဖ်ပီ

"အဘွားက ကျွန်တော်တို့ကို ချစ်ခင်ယုယခဲ့တယ်။ ကျွန်တော်တို့နဲ့အတူ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့တယ်။ နောက်ပြီး တေးဂီတကိုလည်း ချစ်မြတ်နိုးခဲ့တယ်။ အဘွားက ကျွန်တော်တို့ လေးစား အတုယူရသူတစ်ယောက် ဖြစ်ပါတယ်။ သူကွယ်လွန်သွားတဲ့အတွက် ကျွန်တော်တို့ ဝမ်းနည်းကြေကွဲရပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။ အော်စကာဆု ဆန်ခါတင်စာရင်းတွင် ပါဝင်သည့် ဟာ့ဇ်ဆွမ်မာ မှတ်တမ်းရုပ်ရှင်ကား "The Lady In Number 6: Music Saved My Life" ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ၎င်းနေထိုင်ရာ တိုက်ခန်း၌ပင် နေထိုင်လျက်ရှိပြီး ထို့နောက် နှစ်ရက်တာ ဆေးရုံတက် ဆေးကုသမှုခံယူခဲ့ပြီး နောက် ဖေဖော်ဝါရီလ ၂၃ ရက်နေ့နံနက်ပိုင်းက ကွယ်လွန် သွားခြင်းဖြစ်ကြောင်း ယင်းဖေ့စ်ဘွတ်ခ်စာမျက်နှာ၌ ဖော်ပြခဲ့သည်။

၃၈ မိနစ်ကြာ အဆိုပါမှတ်တမ်းရုပ်ရှင်တွင် ဟာ့ဇ်ဆွမ်မာက ၎င်း၏ဇာတ်လမ်းအကြောင်း၊ တေးဂီတ၏ အရေးပါပုံနှင့် ဘဝတွင်ပျော်ပျော်ရွှင်ရွှင် နေထိုင်နည်းများကို ပြန်လည်မျှဝေပေးထားကာ ယင်းမှာ အကောင်းဆုံး ဇာတ်လမ်းတို့မှတ်တမ်းရုပ်ရှင်ကားတစ်ကားအဖြစ် ယခုနှစ် အော်စကာဆု ဆန်ခါတင်စာရင်းတွင် ပါဝင်လာသည်။ "တစ်ကမ္ဘာလုံးက ကလေးတွေဟာ လူစွမ်းကောင်းတွေကို အားကျအတုယူရင်း ကြီးပြင်းလာကြတာပါ။ လူစွမ်းကောင်းတွေဟာ အဲလစ္စ ဟာ့ဇ်ဆွမ်မာလို ထူးကဲကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေ၊ တကယ့်လက်တွေ့ဘဝက ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကို အခြေခံထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့တွေက သူတို့တွေကို ပြောပြရမှာက မှတ်တမ်းရုပ်ရှင်ဆိုတာ တကယ့် လူစွမ်းကောင်းစစ်စစ်တွေရဲ့အကြောင်း ရိုက်ကူးထားတယ်ဆိုတာကိုဖြစ်ပါတယ်" ဟု အဆိုပါ မှတ်တမ်းရုပ်ရှင်ကို ထုတ်လုပ်သူ နီကိုလတ်စ် ရိဒ်က ပြောကြားခဲ့သည်။ တေးဂီတက ၎င်းကို မည်သို့ကယ်တင်ပေးခဲ့ပုံကို အဆိုပါ မှတ်တမ်းရုပ်ရှင်ကား၏ ဝက်ဘ်ဆိုက် စာမျက်နှာပေါ်မှတစ်ဆင့် ဟာ့ဇ်ဆွမ်မာက ပြောပြခဲ့သည်။

"ကျွန်မက ဂျူးလူမျိုးတစ်ယောက်ပါ။ ဒါပေမဲ့ ဘီသိုဗင်က ကျွန်မရဲ့ ကိုးကွယ်ရာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

"ဒုတိယကမ္ဘာစစ်အတွင်းက ဟစ်တလာရဲ့ အကျဉ်းစခန်းတွေမှာ ဂျူးလူမျိုးတွေကို မျိုးသုဉ်းသတ်ဖြတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဟာ့ဇ်ဆွမ်မာရဲ့ စန္ဒရားအတီးကျွမ်းကျင်မှုက သူ့အသက်ကို ကယ်ခဲ့တာပါ" ဟု LA Times ၏ ရုပ်ရှင်ဝေဖန်ရေးသမား ဘက်စီရှာကီးက ပြောကြားခဲ့သည်။ ဟာ့ဇ်ဆွမ်မာ စန္ဒရားတီးခတ်စဉ် ထိုင်ခဲ့ရသည့် ခုံနံပါတ်မှာ နံပါတ် (၆) ဖြစ်ကြောင်း သိရသည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

BACK PAGE BEATS

DELIVERED BY **J-ME**

မျက်နှာများတဲ့ စာအုပ်

ဒွန် ၂၀၀၉ ခုနှစ်၊ လန်ဒန်အချိန်နဲ့ ရက်စွဲ အတိအကျမမှတ်မိ။ "နင်... Facebook မရှိဘဲ ဘယ်လို နေသလဲ"ဟု မ Sandy မေးသောအခါ ခေါင်းမော့ ရင်ကော့၍ "It seems that I can still survive without Internet" ဟု အမြင်ကပ်အောင်ပင် အင်္ဂလိပ်လို ပြန်ဖြေထည့်လိုက်သည်။ သူမည်သို့မျှ comment မပေးလိုတော့သည့် ပုံစံဖြင့် ဟိုဘက်လှည့်သွားလေသည်။ Eminem တစ်ခါပြောတာ နားစွန်နားဖျား ကြားဖူးပါရဲ့။ "ကျွန်တော် internet ပေါ်မှာ အလုပ်မလုပ်ဘူး၊ လုပ်မိပြန်လည်း၊ သို့မဟုတ် လုပ်မိခဲ့သည်ရှိသော် ကျွန်တော်တစ်ချိန်လုံး ကလိမိနေမှာပဲ" ဟူ၏။ friendster ခေတ်စားတုန်းက လုပ်ရတာလည်းခက်ခဲ (ဥာဏ်မမီသောကြောင့်) အချိန်လည်းမပေးနိုင်တာနဲ့ အရေးမကြီးတကြီး ကိစ္စတွေပဲလိုက်လုပ်နေမိတယ်။ ကျွန်တော်မှတ်မိသလောက်ကတော့ Cyclone အဖွဲ့က ကိုသုတအေး (Thuta ILL) ဟာ ကျွန်တော်တို့ အသိုင်းအိုင်းမှာ အစောဆုံး Facebook စသုံးသူတွေထဲက တစ်ဦးပဲ။ တစ်ရက် သူနဲ့ ကျွန်တော် ကြည့်မြင်တိုင် အိမ်မှာ အင်္ဂေတလူလူနဲ့ ရထားမောင်းနေကြတုန်း chatting, Internet ကိစ္စလေးတွေ

စာမျက်နှာ ၄ သို့

HEARTBEAT OF THE NATION

မြန်မာတိုင်းမ်

MYANMAR TIMES

Connect with us @ | SMS 09 5000 613 | email newsroom@mmtimes.com | facebook facebook.com/themyanmartimes | twitter @TheMyanmarTimes

ယင်လပ် မြောက်ပိုင်းရောက်ချိန် ဘန်ကောက်၌ပစ်ခတ်မှုဖြစ်

ဘန်ကောက် - ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်ကဉင်းကို ထောက်ခံသူများရှိရာ ထိုင်းနိုင်ငံမြောက်ပိုင်း အမာခံနယ်သို့ ဖေဖော်ဝါရီလ ၂၆ ရက်က သွားရောက်နေစဉ် ဘန်ကောက်မြို့ရှိ အတိုက်အခံ ဆန္ဒပြသူများ စုဝေးရာနေရာအချို့အနီး၌ သေနတ်သမားများ၏ ပစ်ခတ်မှုများပေါ် ပေါက်ခဲ့ကာ မြို့တော်အတွင်း တင်းမာမှုများ မြင့်တက်လာသည်။

လူ ၂၂ ဦးသေဆုံးခဲ့ပြီး ရာပေါင်းများစွာဒဏ်ရာရရှိခဲ့သော လေးလနီးပါး ကြာမြင့်နေပြီဖြစ်သည့်ထိုင်းဆန္ဒပြမှုများအတွင်း ဆန္ဒပြသူများကို ပစ်မှတ်ထားသည့် အကြမ်းဖက် တိုက်ခိုက်မှုများ မကြာခဏဆိုသလို ဖြစ်ပွားလာသည်ကို တွေ့ရသည်။

ဖေဖော်ဝါရီလ ၂၆ ရက် အစောပိုင်းတွင် မည်သူမည်ဝါမှန်းမသိရသည့် သေနတ်သမားများက ဘန်ကောက်မြို့ရှိ အဆင့်မြင့်စျေးဝယ်စင်တာများနှင့် ဇိမ်ခံဟိုတယ်များအနီး ဆန္ဒပြသူများ စခန်းချရာနေရာများထဲမှ နေရာသုံးခုတွင် တစ်နာရီနီးပါးကြာ ပြတ်တောင်းပြတ်တောင်း ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ တိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရသူမရှိကြောင်း သိရသည်။

"ဘယ်ဘက်ကလူက ပစ်ခတ်တိုက်ခိုက်ခဲ့တာလဲဆိုတာ မသိပါဘူး။ ဒါပေမဲ့ သေနတ်သမားတွေရဲ့ ရည်ရွယ်ချက်ကတော့ လူတွေကို ကြောက်လန့်တကြား ဖြစ်စေချင်တာဖြစ်ပါတယ်" ဟု ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိတစ်ဦးဖြစ်သည့် အနူချာရိုမိုင်ယာနန်းက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ထိုင်းရဲဌာနချုပ်ရှေ့တွင် ကြွေးကြော်သံဆိုင်းဘုတ်များဖြင့် ဆန္ဒပြကြစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

အဂတိလိုက်စားမှုများ ပေါ် ပေါက်ခဲ့သည်ဟုအတိုက်အခံတို့ကပြောဆိုထားသည့် ဆန္ဒပြဝါးဝယ်ယူရေး အစီအစဉ်နှင့် ပတ်သက်ပြီး တာဝန်ပျက်ကွက်မှုများရှိသည်ဟူသော စွဲချက်ဖြင့် ဝန်ကြီးချုပ်ယင်လပ်ကို ဖေဖော်ဝါရီလ ၂၇ ရက်တွင် စစ်ဆေးရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့က ဆင့်ခေါ် ထားသည်။ အကယ်၍ အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်လပ်အနေဖြင့် ရာထူးမှ ဖယ်ရှားခံရမည်ဖြစ်ကာ နိုင်ငံရေးလုပ်ခွင့် ငါးနှစ်ပိတ်ပင်ခံရမည်ဖြစ်သည်။

ယင်လပ်မှာ အစိုးရကဲ့ပုံပိုးထားသည့် စီမံကိန်းများကို စစ်ဆေးရန် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင် (Chiang Rai) မြို့သို့ ဖေဖော်ဝါရီလ ၂၆ ရက်က သွားရောက်ခဲ့ခြင်းဖြစ်ကာ ထိုင်းနိုင်ငံလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ၎င်းအား လာရောက် အစစ်ဆေးခံရန် ဆင့်ခေါ်ထားမှုကို တက်ရောက်ရန် ပျက်ကွက်ကောင်း ပျက်ကွက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး သတင်းထောက်များက ယင်လပ်ကိုမေးမြန်းရာတွင် ၎င်းက ယခုထိမဆုံးဖြတ်ရသေးကြောင်း ပြန်လည်ဖြေကြားသည်။

သို့သော်လည်း ယင်လပ်က ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိရှိနေမည်ဟု ခန့်မှန်းရကြောင်း အမည်မဖော်လိုသူ အစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ယင်လပ်သည် ဆန္ဒပြသူများနှင့် တွေ့ဆုံရာသို့ ထွက်ပြေးတိမ်းရှောင်သွားခြင်းမဟုတ်ကြောင်း အရာရှိများက ပြောကြားခဲ့သည်။ ဆန္ဒပြသူများကလည်း ယင်လပ် မည်သည့်နေရာသို့သွားသည်ဖြစ်စေ ၎င်းနောက်မှ ထက်ကြပ်မကွာလိုက်ရန် သန္နိဋ္ဌာန်ချထားပြီး အစိုးရဌာန အဆောက်အအုံများကိုလည်း သိမ်းပိုက်ထားသည်။

"ဝန်ကြီးချုပ်က ဘန်ကောက်မြို့မှာဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေတွေကို ရှောင်သွားတာမဟုတ်ပါဘူး" ဟုပို့ဆောင်ရေးဝန်ကြီး ချက်ချာတ် စစ်တီပန့်တ်က ပြောကြားခဲ့သည်။

အကြမ်းဖက်မှုများဖြစ်ပွားခြင်းနှင့် ပတ်သက်ပြီး ယင်လပ်ကိုထောက်ခံသူများအား အတိုက်အခံများဘက်က ပြစ်တင်ပြောကြားထားသည့် အချိန်တွင် အစိုးရ ထောက်ခံသူများကလည်း အတိုက်အခံဆန္ဒပြသူများက စစ်တပ်ကြားဝင်ဖြေရှင်းလာစေရေး ကြိုးစားနေသည်ဟု စွပ်စွဲထားသည်။

အစိုးရဆန့်ကျင်ဆန္ဒပြသူ ရာပေါင်းများစွာက ဘန်ကောက်မြို့ရှိ ရဲဌာနချုပ် အပြင်ဘက်တွင် ဖေဖော်ဝါရီလ ၂၆ ရက်က စုဝေးဆန္ဒပြခဲ့ကြပြီး အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သည့်ကလေးငယ်များအတွက် တရားမျှတမှုရရန် တောင်းဆိုခဲ့ကြသည်။

ဝန်ကြီးချုပ်ယင်လပ်သည် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ဒေသများမှ ကျေးလက်ဒေသနေပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံမှုဖြင့် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။ ■

THE MYANMAR TIMES မြန်မာ့အလင်း

Mandalay

မြည်တွင်း

သောကြာနေ့၊ ဖေဖော်ဝါရီ ၂၈ - မတ် ၆၊ ၂၀၁၄

၁၃၀၀ ပြည့် အရေးတော်ပုံ ၇၅ နှစ်ပြည့် အခမ်းအနား အောင်မြင်စွာကျင်းပ

၁၃၀၀ ပြည့်အရေးတော်ပုံ အခမ်းအနားတွင် အာဇာနည်ဗိမာန်သို့ ချီတက်အလေးပြုသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

စည်သူလွင်

မြန်မာ့သမိုင်းတွင်အရေးပါသော ၁၃၀၀ ပြည့် အရေးတော်ပုံ ၇၅ နှစ်ပြည့်အခမ်းအနားကို မန္တလေးမြို့တွင် ယခုလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့ အထိ သုံးရက်တိုင် အောင်မြင်စွာကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့ များတွင် စာပေဟောပြောပွဲများကို အိမ်တော်ရာဘုရား ၁၄ ခန်း ဓမ္မာရုံတွင် ကျင်းပခဲ့ကြပြီး ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဘုရားကြီးရှိ သာသနာ ၂၅၀၀ ဓမ္မာရုံမှ အာဇာနည် ၁၇ ဦး၏ ဓာတ်ပုံများကို ကိုင်ဆောင်ကာ စတင် လမ်းလျှောက်ခဲ့ပြီး အာဇာနည် ဗိမာန်သို့ ချီတက်အလေးပြုခဲ့ကြသည်။

လမ်းလျှောက်ချီတက်အလေးပြုရာတွင် နိုင်ငံရေးအင်အားစုများ၊ လူမှုရေး အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ အလုပ်သမား၊ လယ်သမားများ၊ ကျောင်းသားများအပြင် အခြားမြို့များဖွစ်ကြသော ရန်ကုန်မြို့၊ မတ္တရာမြို့နှင့် စစ်ကိုင်းမြို့များမှ နိုင်ငံရေးအဖွဲ့အစည်းများနှင့် အခြားသော အသင်းအဖွဲ့များ စုစုပေါင်း အဖွဲ့အစည်း ၄၀ ခန့်မှ အာဇာနည်ဗိမာန်သို့ လာရောက်ပြီး ဂုဏ်ပြုပန်းစည်း၊ ပန်းခွေများ ဖြင့် အလေးပြုခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ကျဆုံးခဲ့သော မန္တလေးမြို့မှ အာဇာနည် ၁၇ ဦးအနက်မှ သုံးဦး၏ မိသားစုဝင်များလည်း လာရောက်ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

"အာဇာနည် ၁၇ ဦးဟာ အခုချိန်ထိ လုံးဝမသေသေးပါဘူး။ ကျွန်တော်တို့ နှလုံးသားထဲမှာ ရှင်သန်နေဆဲပါပဲ"ဟု သတင်းစာဆရာကြီး ဦးဝင်းတင်က အခမ်းအနားတွင် ပြောကြားခဲ့သည်။

၁၃၀၀ပြည့်အခမ်းအနား ၇၅ နှစ်ပြည့်အထိမ်းအမှတ် ကျောက်တိုင် ဖွင့်လှစ်စိုက်ထူနိုင်ခဲ့သော်လည်း မန္တလေးမှ အာဇာနည်တစ်ဦးဖြစ်သော သခင်ဗဟိန်း အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူနိုင်ရန် ကြိုးစားမှုမှာမူ ခွင့်ပြုချက်မရရှိသဖြင့် မစိုက်ထူလိုက်နိုင်ကြောင်း သိရသည်။

"သခင်ဗဟိန်းအတွက် အထိမ်းအမှတ်ကျောက်တိုင်ကို စိုက်ထူနိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာပါ။ အခုအခမ်းအနားပြီးဆုံးသွားပေမယ့် အာဇာနည် ၁၇ ဦး ဗိမာန်ကို ထာဝရလေ့လာနိုင်ဖို့အတွက် မြို့လူထုနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားမှာပါ " ဟု ၁၃၀၀ ပြည့်အရေးတော်ပုံ ၇၅ နှစ်ပြည့်အခမ်းအနားဖွစ်မြောက်ရေး ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးမင်းထက်ငြိမ်းချမ်းက ဆိုသည်။ ■

တရုတ် နှစ်သစ်ကူးပြီးသော်လည်း တရုတ်ဝယ်လက်များ မရှိ၍ ကျောက်ဝိုင်းတွင် စျေးကွက်အေးနေ

လှိုင်ကျော်စိုး

ကျောက်ထည်များအား ကြည့်ရှုနေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - လှိုင်ကျော်စိုး

မန္တလေးမြို့ရှိ မဟာအောင်မြေကျောက်ဝိုင်းတွင် တရုတ်နှစ်သစ်ကူးပြီးသော်လည်း တရုတ်ဝယ်လက်များ လာရောက်မှုနည်းပါးသောကြောင့် ကျောက် စျေးကွက် အေးနေပြီး ဝယ်လက် တရုတ်ကုန်သည်များကလည်း စျေးပေးမှုနည်းသောကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းပါးကြောင်း မဟာအောင်မြေကျောက်ဝိုင်း အတွင်းရှိ ကုန်သည်၊ ပွဲစားများက ယခုလ ၂၃ ရက်နေ့က ပြောသည်။

တရုတ်နှစ်သစ်ကူးမစမီအချိန် ဇန်နဝါရီလမှစပြီး နှစ်သစ်ကူးပြီးခဲ့သည့် ယခုဖေဖော်ဝါရီလကုန်ပိုင်းအထိ စျေးကွက်အေးခဲ့ပြီး ရောင်းဝယ်မှု မဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်ဖြစ်သော်လည်း အမြတ်နည်းပြီး ကျောက်၏ တန်ရာတန်ကြေး မရခဲ့ကြောင်း၊ တရုတ်ဝယ်လက်များကလည်း အပြိုင်အဆိုင် စျေးပေးပြီး ဝယ်ယူမှုနည်းပါးသေးကြောင်း အပွင့်ဝိုင်းမှ ကုန်သည် ကိုဝေဖြိုးအောင်က ပြောသည်။

"အရောင်းအဝယ်မဖြစ်တာ နှစ်လလောက်ရှိပြီ။ အခုအချိန်က တရုတ်ဝယ်လက်ကလည်း လာတာနည်းသေးတယ်။ မြန်မာကုန်သည်တွေနဲ့ တရုတ်ကုန်သည်တွေ အပြိုင်အဆိုင် စျေးပေးပြီး ဝယ်ရင်မဆိုးပါဘူး။ အခုလာတဲ့ တရုတ်ဝယ်လက်တွေ စျေးပေးတာနည်းတယ်။ ကျောက် အရည်အသွေးကိုကြည့်ပြီး စျေးလိုက်တဲ့ ကုန်သည်တွေနည်းလာတယ်။ အခုနောက်ပိုင်းတော့ ကုန်သည်တွေ လက်ထဲမှာပစ္စည်းတွေက ပုံနေပြီ။ ထုတ်ရောင်းလည်း စျေးမပေးတော့ မရောင်းကြဘူး" ဟု ၎င်းကပြောသည်။

စစ်ကိုင်းဘော်ဂါပုတီးကျောက်ဝိုင်းတွင်လည်း အရောင်းအဝယ်ဖြစ်မှုနည်းပါးနေပြီး ဝယ်လက်များ မရှိသေး၍ မြန်မာကုန်သည် အချင်းချင်း အရောင်းအဝယ်လုပ်ကြကြောင်း အမြတ်အစွန်း နည်းပါးသော်လည်း အလုပ်သမားများအလုပ်အကိုင်မပျက်စေရန် အရောင်းအဝယ်ပြုလုပ်ရကြောင်း၊ ပုံမှန် အားဖြင့် ဧပြီလကုန်တွင် အရောင်းအဝယ်စတင်ပြီး ကောင်းကြောင်း ကိုခိုင်ဇော်လင်းက ပြောသည်။

"တရုတ်ဝယ်လက်မရှိတော့ အရောင်းအဝယ်က နည်းတယ်။ ပုတီးဝိုင်းက တရုတ်ကုန်သည်ကို အားထားရတယ်။ မြန်မာအချင်းအချင်း ပြန်ဝယ်လည်း စျေးရတာနည်းတယ်။ ဒါပေမဲ့ အလုပ်သမားခတွေရှိတော့ အမြတ်နည်းလည်း ရောင်းပေးရတယ်။ အခုလိုအချိန်တွေဆို အလုပ်သမားတွေ အလုပ်အကိုင်မပြတ်အောင် ထိန်းသိမ်းထားတဲ့သဘောနဲ့ အရောင်းအဝယ် လုပ်ကြတယ်။ စျေးကွက်ကောင်းရင် အဆင်ပြေပါတယ်။ တရုတ်တွေက သူတို့ နှစ်သစ်ကူးအချိန်ဆိုတော့ အရောင်းအဝယ်မလုပ်ကြဘူး။ ပုံမှန်အားဖြင့် သင်္ကြန်ပြီးရင် အရောင်းအဝယ်ဖြစ်ပါမှာ"ဟု ၎င်းကပြောသည်။

ဖားကန့်မြို့ရှိကျောက်တွင်းများတွင်လည်း လက်ကျင်းများဖြင့် တူးရသောကြောင့် ကျောက်ထွက်ရှိမှု နည်းပါးနေပြီး အရည်အသွေးကောင်းကျောက်များ ရရှိမှု နည်းပါးနေကာ အရောင်းအဝယ်အားဖြင့် စျေးကွက်ကိုကြည့်ပြီး အရောင်းအဝယ်ပြုလုပ်နေကြကြောင်း ဖားကန့်မြို့မှ ပြန်လာသူ ကုန်သည် ကိုစိုးညွှန့်ကပြောသည်။

"ကျောက် သမားတွေ အကုန် လုံးက စျေးကွက်ကို စောင့်ကြည့်နေကြတယ်။ အရောင်းအဝယ်အရတော့ မန္တလေးထက် ကောင်းတယ်လို့ ပြောလို့ရတယ်။ ဖားကန့်မှာ ခါးကျောက်တွေတော့ ထွက်တာများတယ်။ အရည်ပါကျောက်တွေက ရှားကုန်ပြီ။ တရုတ်ကုန် သည်တွေဝင်ရောက်မှု နည်းသေးတဲ့ အတွက် မြန်မာအချင်းချင်းပဲ အရောင်းအဝယ် လုပ်ကြတယ်။ စျေးလည်းရပါတယ်" ဟု ၎င်းကပြောသည်။

"ကျွန်တော်တို့က အထည်တွေဆင်ပြီး ရောင်းတာပါ။ ရွှေလီမှာလည်းဝယ်လက်တွေ ရှားတယ်။ ဝယ်လည်းစျေးမပေးတော့ မရောင်းနိုင်ဘူး။ မန္တလေးကျောက်ဝိုင်းထက်ကို စျေးပေးတာနည်းတယ်။ စျေးမပေးတော့ မရောင်းဘဲပြန်လာခဲ့ရတယ်။ ကျောက်ရဲ့ တန်ရာတန်ကြေးမရတော့ မရောင်းဘူး။ အထည်ဆင်တော့ လက်ခတွေကလည်း ရှိသေးတယ်။ ဒီတစ်ခေါက်ပဲကြုံဖူးတာပါ။ အရင် အခေါက်တွေက အရောင်းအဝယ်ဖြစ်တယ်။ တရုတ်ဝယ်လက်တွေ ရှားတာလည်းပါတယ်။ အခုလ ၂၃ ရက်နေ့ကမှ ရွှေလီကပြန်ရောက်တာပါ" ဟု တရုတ်နိုင်ငံ ရွှေလီကျောက်ဝိုင်းမှ ပြန်လာသူ ကိုဝေဖြိုးသူက ပြောသည်။ ■

ရွှေလုပ်သား ဆန္ဒပြ ခေါင်းဆောင် ဖမ်းဆီးခံရ

အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီမှ မိုးထိမိုးမိ ဒေသရွှေလုပ်သားများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယခုလ ၂၃ ရက်နေ့က မန္တလေးမြို့၌ ပြုလုပ်ရာတွင် လာရောက်နားထောင်သူ ဆန္ဒပြရွှေလုပ်သားခေါင်းဆောင်ကိုဝင်းအောင်ကို ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှ လာရောက်ဖမ်းဆီးခဲ့သည်။

"သူကို ကျွန်တော်တို့ တရားခံပြေးအဖြစ် သတ်မှတ်ထားတာပါ။ တရားခံပြေးအဖြစ် ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၉ ရက်နေ့က သတ်မှတ်လိုက်တာပါ"ဟု ရမည်းသင်းမြို့မရဲစခန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယခုလ ၂၄ ရက်နေ့တွင် ပြောသည်။

ကိုဝင်းအောင်ကို ရမည်းသင်းမြို့နယ်ရဲစခန်းက ပြစ်(ပ)နံပါတ် ၁၆။၂၀၁၄ ပြစ်မှုပုဒ်မ ၁၄၃ (၅ဦးထက်ပိုလူစု)၊ ပြစ်မှုပုဒ်မ ၁၄၇ (ရုန်းရင်းဆန်ခတ်မှု)၊ ပြစ်မှုပုဒ်မ ၅၀၅ (ခ) (နိုင်ငံတော်အကြည်ညိုပျက်စေမှု) တို့နှင့် အမှုဖွင့်ထားပြီး ယခုအခါ ရမည်းသင်း အကျဉ်းထောင်သို့ ရောက်ရှိသွားပြီဟု ရမည်းသင်း မြို့မရဲစခန်းမှသိရသည်။

သတင်းစာရှင်းလင်းပွဲသို့ လာရောက်ရန် ကုမ္ပဏီမှ ဖိတ်ကြားထားသည့် အတွက် လာရောက်ခြင်းဖြစ်ကြောင်း ကိုဝင်းအောင်၏ အစ်မဖြစ်သူ မခင်အေးက ပြောကြားသော်လည်း သတင်းသမားတစ်ဦးက ဆန္ဒပြသူကိုဝင်းအောင်ကို ဖိတ်ကြားထားပါသလားဟု ကုမ္ပဏီမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးထွန်းအောင်စိုးကို မေးမြန်းရာတွင် ဖိတ်ကြားထားခြင်းမရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ **မောင်ဇော်** ■

ခေတ်ရေစီးကြောင်းထဲမှာ တိမ်မြုပ်လာတဲ့ စောင်းပညာ

ကြေးမုံဝင်း
ရေးသားသည်။

မျိုးဆက်သစ်လူငယ်တစ်ဦး စောင်းပညာသင်ယူနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ကြေးမုံဝင်း

ကျက်သရေရှိတဲ့ အဆင်းသဏ္ဌာန်ကို ပိုင်ဆိုင်ထားပြီး သာယာငြိမ့်ညောင်းတဲ့ သံစဉ်တွေကို ထုတ်လုပ်ပေးနိုင်တဲ့ စောင်းတူရိယာဟာ မြန်မာမှု တူရိယာတွေထဲမှာတောင် ခက်ခဲနက်နဲ့ လွန်းတယ်လို့ မှတ်ကျောက်အတင်ခံရတဲ့ တူရိယာတစ်မျိုးပါ။ တူရိယာတွေမှာ အခြေခံအားဖြင့် ဒိုရေမီဖာဆိုလာဒီဆိုပြီး အသံခုနစ်သံရှိပေမယ့် စောင်းမှာတော့ အသံ ငါးသံပဲ ပါဝင်ပါတယ်။ ကျန် အသံနှစ်သံကိုတော့ လက်နဲ့ ထောက်ပြီး တီးခတ်ရတာဖြစ်လို့ သင်ယူတတ်မြောက်လွယ်တဲ့ တူရိယာတစ်မျိုးလည်း မဟုတ်ပြန်ပါဘူး။

"စောင်းကို လူငယ်တွေ စိတ်ဝင်စားမှုနည်းရတဲ့ ပထမဆုံးအချက်ကတော့ သင်ရတာခက်တယ်။ တခြားတူရိယာတွေမှာ အသံ ခုနစ်သံပါပေမယ့် သူက ငါးသံပဲ ပါတော့ ကျန်တဲ့အသံနှစ်သံက ခိုးတီးရတာ။ ကျန်တဲ့ တူရိယာတွေနဲ့ တီးပုံတီးနည်းလည်း မတူဘူး။ အခက်ဆုံးက ကြိုးညှိရတာပဲ။ ကီးပြောင်းတိုင်းကို ကြိုးကို ပြောင်းညှိရတယ်။ ဒါကြောင့် တီးတတ်ဖို့တင်မက ကြိုးညှိတတ်ဖို့ပါ လိုလာတယ်။ ဒါကြောင့် သင်မယ်ဆိုရင် ကိုယ့်ရဲ့ ပါရမီနဲ့ ကြိုးစားမှုပေါ်မူတည်ပြီး အချိန်က အကန့်အသတ်မရှိ ကြာနိုင်တယ်။ နေ့မအား ညမနား ကြိုးစားရင်တောင် လပိုင်းအတွင်းမှာ တီးတတ်တယ်ဆိုရုံပဲ တီးတတ်တယ်။ တကယ့်ပညာရှင်ဖြစ်ဖို့ဆိုနှစ်ချီပြီး လေ့ကျင့် တီးခတ်ရတယ်" လို့ ပန်တျာကျောင်းက စောင်းဆရာတစ်ဦးဖြစ်တဲ့ ဦးစိုးဝင်းက ဆိုပါတယ်။

ဒီလို သင်ယူရတာခက်ခဲရုံသာမက မဟာဂီတ၊ ခေတ်ဟောင်းသီချင်းစတဲ့ သီချင်းမျိုးတွေကိုသာ တီးခတ်နိုင်တာကြောင့်လည်း ဆူဆူညံညံ ခေတ်ပေါ်တေးဂီတတွေကိုမှ ကြိုက်တတ်တဲ့ လူငယ်တွေရဲ့ စိတ်ဝင်စားမှုကလည်း အားနည်းပါတယ်။

"အခုနောက်ပိုင်းလူငယ်တွေက မြန်မာသံကို ကောင်းလို့ မကောင်းလို့ကြောင့်ကို မဟုတ်ဘူး။ ဘယ်လောက် အားကြိုးမာန်တက်လုပ်လုပ် ဒီခေတ်ကလေးတွေရဲ့ နားထဲမှာ မဟာဂီတဆိုတာထားတော့ ခေတ်ဟောင်းတေး ဆိုတာမျိုးကိုတောင် လက်မခံနိုင်ကြတော့ဘူး။ စောင်းဆိုတာကလည်း မြန်မာသံစစ်စစ် သီချင်းကြီး၊ သီချင်းခဲ့၊ ခေတ်ဟောင်းတေးလိုဟာမျိုးနဲ့ပဲ လိုက်ဖက်တာ။ စတီရီယိုသီချင်းလို ခပ်မြန်မြန်ဆိုရင် တီးလို့ရပေမယ့် နားထောင်တဲ့လူက အံဝင်ခွင်ကျမဖြစ်ဘူး။ ဒါကြောင့် မြန်မာသံမကြိုက်တဲ့ လူငယ်တွေကြားထဲ မြန်မာသံပဲ သီးသန့်တီးနိုင်တဲ့ စောင်းက ရေပန်းမစားတော့ဘူးပေါ့"လို့ ကိုယ်ပိုင် စောင်းတေးဂီတအဖွဲ့ကို တည်ထောင်ထားတဲ့ စောင်းပညာရှင်တစ်ဦးကလည်း ပြောပါတယ်။

စောင်းကို ဘုရားထီးတင်ပွဲ၊ ဘုန်းတော်ကြီးများရဲ့ မွေးနေ့ပွဲ၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲ၊ အလှူတွေအပြင် အထက်တန်းလွှာအသိုင်းအဝိုင်းအချို့ရဲ့ မင်္ဂလာပွဲတွေမှာ အသုံးပြုလာကြပေမယ့် အမြဲတမ်း အလုပ်ဖြစ်တဲ့ စီးပွားရေးတစ်ခုတော့ မဟုတ်ဘူးလို့ စောင်းပညာရှင်တွေက ဆိုပါတယ်။

စောင်းဟာ ရှေးတုန်းက ထီးသုံးနန်းသုံး တော်ဝင်တူရိယာတစ်ခု ဖြစ်ခဲ့တာကြောင့် မန္တလေးက ရန်ကုန်ထက် စောင်းပညာပိုထွန်းကားမယ်လို့ အများက ထင်ကြပါလိမ့်မယ်။ ဒါပေမဲ့ သိပေါမင်း ပါတော်မူပြီးနောက်ပိုင်း မန္တလေးစောင်းပညာရှင် အများစုဟာ ပွဲလမ်းသဘင် ပေါမျှားတဲ့ ရန်ကုန်ကို ဆင်းပြီး အသက်မွေးဝမ်းကျောင်းကြတဲ့ အတွက် တကယ်တမ်းမှာတော့ ရန်ကုန်က မန္တလေးထက် စောင်းပညာ ပိုထွန်းကားတယ်လို့ သိရပါတယ်။

"မန္တလေးမှာ စောင်းပညာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့တဲ့အချိန်တွေလည်း ရှိခဲ့တယ်။ ကျွန်တော်တို့ စပြီး စောင်းတီးသင်တုန်းက စောင်းဆိုတာ လုံးဝခေတ်မစားဘူး။ စောင်းအဖွဲ့ရယ်လို့လည်း သိပ်မရှိဘူး။ ၁၉၈၀ ပြည့်နှစ်လောက်မှာ ပြန်ခေတ်စားလာပြီး ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေ ကျင်းပတဲ့ ၁၉၉၂ နောက်ပိုင်းမှာတော့ လူတွေရဲ့ စိတ်ဝင်စားမှုကို ပြန်ရလာတယ်လို့ ပြောရမှာပဲ။ အဲဒီနောက်ပိုင်းတော့ ပုံမှန်ပဲသွားနေတာပါပဲ။ သိပ်ပြီး အတိုးအလျော့တော့ သိပ်မရှိလှဘူး"လို့ ဦးစိုးဝင်းက ပြောပါတယ်။

၁၉၉၂ ခုနှစ် နောက်ပိုင်းမှာ စောင်းပညာကို စိတ်ဝင်စားတဲ့သူ တိုးလာတယ် ဆိုပေမယ့် စောင်းပညာရပ်ကို တရားဝင် သင်ကြားပေးနေတဲ့ ပန်တျာကျောင်းမှာတော့ တစ်နှစ်ထက် တစ်နှစ် စောင်းတီးသင်တဲ့လူ နည်းသွားတယ်လို့ ဦးစိုးဝင်းက ဆိုပါတယ်။

"စောင်းသင်တဲ့လူကတော့ သိသိသာသာလျော့သွားတယ်။ ဒီနှစ်ဆို တစ်ယောက်၊ နှစ်ယောက်ပဲ ရှိတယ်။ ၁၉၉၉ ခုနှစ် ဒီမှာ စောင်းဆရာ စလုပ်တော့ ဒီလောက်မဆိုးသေးဘူး။ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာတော့ နှစ်ယောက်၊ သုံးယောက်ဆိုတာ အများဆုံး ဖြစ်လာတယ်။ ပန်တျာကျောင်းမှာ ဆိုင်း၊ ပတ္တလား၊ နဲ့၊ စောင်းစတဲ့ မြန်မာမှုတူရိယာတွေကို သင်ပေးသလို တယောထိုး၊ စန္ဒရားတီးလည်း သင်ပေးတယ်။ ဒါပေမဲ့ စောင်းက ဆိုင်းတို့၊ စန္ဒရားတို့လောက် သင်မယ့်သူမရှိဘူး။ စောင်းပညာရှင်တစ်ယောက် အနေနဲ့ ဘဝရပ်တည်မှု ခက်ခဲတာလည်းပါသလို ပန်တျာကျောင်းမှာ အရင်ကလို နေစရာ အဆောင်၊ ပညာသင် ထောက်ပံ့ကြေးတွေ မရတော့တာနဲ့လည်း ဆိုင်တယ်။ အရင်က စတုတ္ထတန်းအောင်တာနဲ့ ပန်တျာကျောင်းမှာ အချိန်ပြည့် ကိုယ်သင်ချင်တဲ့အနုပညာဘာသာရပ်ကို သင်ကြားလို့ရတယ်။ အခု သတ္တမတန်း အောင်တဲ့လူမှ သင်တန်းသားအဖြစ် လက်ခံတယ်။ မနက်ပိုင်းကို ကျောင်းစာသင်ပြီး နေ့လယ်ပိုင်းမှ အနုပညာကို သင်ရတော့ အရင်ကလောက် အနုပညာမှာ ထူးချွန်တဲ့ လူလည်း ပေါ်ထွက်မလာတော့ဘူး။ နောက်ပြီး တခြားကျောင်းတွေနဲ့ ကုန်ကျစရိတ်ချင်းအတူတူဆိုရင်တောင် ပန်တျာကျောင်းက သင်တန်းဆင်းလက်မှတ်ပဲ ပေးနိုင်တာဆိုတော့ သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းကလည်း ရှားပါးတယ်"လို့ သူက ဆက်ပြောပါတယ်။

အခုဆိုရင် မန္တလေးမှာရှိတဲ့ ပညာရှင်အရေအတွက်က ဆယ်ယောက်ပြည့်အောင်တောင် မရှိတော့ပါဘူး။ တစ်ခေတ်တစ်ခါက မန္တလေးရဲ့ နာမည်ကျော် စောင်းဆရာကြီးတစ်ဦးဖြစ်တဲ့ ဦးမြင့်မောင်ရဲ့ ဇနီးဖြစ်သူ ဒေါ်ခင်မေကတော့ စောင်းပညာကို နက်နက်နဲနဲ နားလည်ပြီး ကောင်းကောင်း ပြန်လည်ဖြန့်ဝေနိုင်တဲ့လူ မရှိသလောက်ဖြစ်နေပြီလို့ ဆိုပါတယ်။

"အမေတို့က စောင်းပညာကို ၁၉၆၄ ခုနှစ်လောက်ကတည်းက သင်ပေးလာတာပါ။ ခုချိန်ထိလည်း သင်ပေးနေတုန်းပါပဲ။ ဒါပေမဲ့ အမေလည်း ဆရာဦးမြင့်မောင်လောက်တော့ မသိ၊ မတတ်ပါဘူး။ သူ့ဆီက ရခဲ့တဲ့ ပညာလေးတွေကိုပဲ ပြန်ဖြန့်ဝေပေးနေတာပါ။ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေ နောက်ပိုင်း စောင်းတီးသင်ချင်တဲ့ကလေးတွေ၊ စောင်းပညာကို မြတ်နိုးတဲ့ကလေးတွေ များလာပါတယ်။ တော်တဲ့ကလေးတွေလည်း ရှိပေမယ့် အားရလောက်တဲ့ အနေအထားမျိုးတော့ မရှိဘူးပေါ့လေ"လို့ သူက ပြောပါတယ်။

တကယ်တမ်းတော့ မန္တလေးမှာ စောင်းပညာရှင်တင် ရှားပါးသွားတာမဟုတ်ဘဲ စောင်းတူရိယာ ပြုလုပ်ရောင်းချတဲ့ လူကလည်း ရှားပါးသွားပြီဖြစ်တာကြောင့် စောင်းဝယ်ချင်ရင် ရန်ကုန်ကနေ တစ်ဆင့်မှာယူရတယ်လို့ မန္တလေးက လက်မှုအနုပညာရှင်တစ်ဦးကလည်း ဆိုပါတယ်။

"မန္တလေးမှာ စောင်းတူရိယာလုပ်တဲ့မျိုးဆက်ကပြတ်သွားပြီ။ ၁၉၉၄ ခုနှစ်လောက်ကစပြီး မန္တလေးမှာ စောင်းလိုချင်ရင် ရန်ကုန်ကို မှာသုံးနေရတယ်။ ရန်ကုန်က စောင်းတွေက အသံထွက်ကောင်းတယ်။ ဒါပေမဲ့ အနုစိတ်လက်ရာတွေကျတော့ မန္တလေးမှာ ပြန်လုပ်ပေးရတယ်။ ကျွန်တော်တို့က ရန်ကုန်က အဖြူထည်ကိုမှာ၊ ဒီရောက်ရင် ပန်းခင်း၊ ကျောက်ကပ်၊ ရွှေချစတဲ့ အနုစိတ် လက်ရာတွေကို ပြန်လုပ်ပေးရတယ်။ ဈေးနှုန်းကတော့ တစ်လက်ကို ကျပ် တစ်သိန်းခွဲကနေ နှစ်သိန်းလောက်ထိ ရှိတယ်။ စောင်းကရောင်းကောင်းရင်တောင် တစ်နှစ်လုံးနေမှ ၁၀ လုံးလောက် ရောင်းရတာမျိုးဆိုတော့ ဆိုင်မှာ အရံသင့်မထားဘူး။ မှာတဲ့လူရှိမှ ရန်ကုန်ကို ပြန်မှာပေးတယ်။ ရန်ကုန်မှာ လုပ်ပြီးသား ရှိရင်တော့ သုံးရက်နဲ့ ရတယ်။ မန္တလေးက အနုစိတ်လက်ရာကို လိုချင်ရင်တော့ ၁၀ ရက်လောက် စောင့်ရတယ်"လို့ ကျွန်းလုံးဥသျှောင်ရပ်ကွက်မှာနေတဲ့ လက်မှုပညာရှင် ကိုဝင်းသန်းက ပြောပါတယ်။

သမားစဉ်အရ စောင်းတစ်လက်မှာ အိုးကပိတောက်သား၊ အဖျားက ရှားကောက်နဲ့ သမင်ရေကို အသုံးပြုပြီး ပြုလုပ်ရတာဖြစ်ပေမယ့် အခုအချိန်မှာ သမင်ရေအစား နွားကလေးရေကို အသုံးပြုတာ၊ ရှားကောက်ကလည်း နဂိုကောက်မဟုတ်တော့ဘဲ ဖြတ်ပြီးဆက်ရတာတွေ ရှိလာတယ်လို့လည်း စောင်းပညာရှင်တွေက ဆိုပါတယ်။ အိုးပြုလုပ်ရာမှာလည်း ဘေးနှုတ်ခမ်းသားထူ၊ ကျောရိုးထူပြီး ကျန်တဲ့ နေရာတွေပါးမှ အသံထွက်ကောင်းတာဖြစ်သလို၊ သမင်ရေကို ကျက်တာကောင်းလေ အသံထွက်ကောင်းလေဖြစ်တယ်လို့လည်း မှတ်သားဖူးပါတယ်။

စောင်းတူရိယာကို အများဆုံးဝယ်ယူကြတာကတော့ ဟိုတယ်တွေ၊ နိုင်ငံခြားသား ဧည့်သည်တွေနဲ့ နိုင်ငံခြားသွားမယ့်သူတွေဖြစ်ပြီး ကီးတွေတပ်ထားတဲ့ ကီးစောင်းထက် ဘွဲ့ကြိုးတွေနဲ့ ရစ်ပတ်ပြီး ကြိုးညှိရတဲ့ ဘွဲ့စောင်းက ရောင်းအားပိုကောင်းတယ်လို့လည်း သူက ဆိုပါတယ်။ တီးစောင်းက ၂၆ လက်မ၊ ၂၇ လက်မ အရှည်ပဲ ပြုလုပ်ရပေမယ့် အလှစောင်းဆိုရင်တော့ ၈ လက်မကနေ ငါးပေ၊ ခြောက်ပေ၊ ၁၀ ပေလောက်ထိလည်း ပြုလုပ်ကြတယ်လို့ ဆိုပါတယ်။

မြန်မာမှုတူရိယာဖြစ်တဲ့စောင်းကို နိုင်ငံခြားသားတွေ အလာများတဲ့ ဟိုတယ်၊ စားသောက်ဆိုင်လို နေရာမျိုးတွေမှာ ဖျော်ဖြေရေးအနေနဲ့ ထားတတ်ကြသလို နိုင်ငံခြားကို လက်ဆောင်ပေးဖို့ မှာယူတတ်ကြတယ်လို့သိရတော့ မြန်မာနိုင်ငံသားတွေထက် နိုင်ငံခြားသားတွေက တမြတ်တနိုး တန်ဖိုးထားနေကြသလိုတောင် ဖြစ်နေပါတယ်။

"နောင်တစ်ချိန်မှာ မြန်မာမှုနဲ့ပတ်သက်လို့ နိုင်ငံခြားသားတွေကို ကိုယ်ကတောင် ဆရာ ခေါ်ရလောက်တယ်လို့ ဆရာဦးမြင့်မောင်က ပြောခဲ့ဖူးပါတယ်။ မြန်မာ့စောင်းက တခြားနိုင်ငံက စောင်းတွေနဲ့ ပုံစံရော၊ တီးပုံတီးနည်းရောမတူတော့ နိုင်ငံတကာကလူတွေက အမြတ်တနိုးနဲ့ လေ့လာသင်ယူကြတယ်။ မြန်မာ့စောင်းက စောင်းကြိုးကို ဘွဲ့ကြိုးနဲ့ ကြိုးကြိုးချင်းညှိရတာဆိုတော့ အဲဒါကိုပဲ နိုင်ငံခြားကလူတွေက သဘောကျနေကြတာ။ အမေ့ဆီမှာဆိုလည်း စောင်းပညာ လာသင်တဲ့ ဂျပန်အမျိုးသမီး၊ အမေရိကန်အမျိုးသားတွေ ရှိတယ်။ နိုင်ငံခြားသားတွေက အမြတ်တနိုးရှိနေတဲ့ မြန်မာ့စောင်းကို မြန်မာလူငယ်တွေ စိတ်ဝင်စားလာအောင် ဘာလုပ်ရမလဲလို့ မေးရင်တော့ ဘာမှ

ဒီပညာကသာ ကိုယ့်ဘဝရပ်တည်မှုအတွက် အဆင်ပြေမယ်။ ဒီပညာနဲ့ချမ်းသာမယ်၊ စီးပွားဖြစ်မယ်ဆိုရင် . . .

လုပ်လို့မရဘူးလို့ ဖြေရမှာပဲ။ သူတို့ကိုယ်တိုင်က မြန်မာ့စောင်းကို မြတ်နိုးပြီး မြန်မာ့ဂီတကို သဘောကျနှစ်ခြိုက်မှပဲ စိတ်ဝင်တစားနဲ့ သင်ယူလာကြမှာပါ" လို့ ဒေါ်ခင်မေကလည်း သူ့အမြင်ကို ပြောပါတယ်။

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့မှုအနုပညာ အဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားရတဲ့ နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်တဲ့ ပညာရပ်အချို့ဟာ ပညာအမွေဆက်ခံမယ့်လူ မရှိတဲ့ ပြဿနာကြောင့် စိုးရိမ်စရာ အနေအထားမျိုးကို ရောက်ရှိနေပါပြီ။

"ကျွန်တော်တို့ အခုစောင်းပညာကို သင်ပေးနေတယ်ဆိုပေမယ့် ကိုယ့်ဆရာတွေရဲ့ အပုံ ၁,၀၀၀ ပုံ တစ်ပုံတောင် ပညာမတတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ခံယူထားတာပါ။ အခု ကိုယ့်တပည့်တွေ ကျတော့လည်း ကိုယ့်တစ်ဝက်လောက်တောင် မလိုက်နိုင်ကြဘူး။ အဓိကတော့ စီးပွားရေးပါပဲ။ ဒီပညာကသာ ကိုယ့်ဘဝရပ်တည်မှုအတွက် အဆင်ပြေမယ်၊ ဒီပညာနဲ့ ချမ်းသာမယ်၊ စီးပွားဖြစ်မယ်ဆိုရင် အားကြိုးမာန်တက်နဲ့ သင်ကြမယ်။ သင်မယ့်လူပေါလာရင် ဒီပညာလည်း ထွန်းကားလာမယ်။ နောက်လည်း မျိုးဆက်သစ်တွေ အများကြီးဖြစ်လာနိုင်တယ်လေ။ လက်ရှိအခြေအနေမှာတော့ ဒီပညာနဲ့ ဘဝရပ်တည်ဖို့တောင် ခက်နေတော့ ပညာအမွေဆက်ခံမယ့်လူလည်း နည်းလာပါတယ်"လို့ စောင်းပညာရှင်တစ်ဦးဖြစ်တဲ့ ဦးစိုးဝင်းက ဆိုပါတယ်။ ■

ဒီခေတ်ကလေးတွေရဲ့ နားထဲမှာ မဟာဂီတဆိုတာထားတော့ ခေတ်ဟောင်းတေးဆိုတာမျိုးကိုတောင် လက်မခံနိုင်ကြတော့ဘူး . . .

ယာဉ်ကြိုခိုင်မှု အနေအထားအရ ဇုန်ကားများကို ယာဉ်ဟောင်းအပ်ခွင့်ပေးခြင်းမှာ မှန်ကန်ဟု သုံးသပ်

ဖြိုးဝေကျော်နှင့် လှိုင်ကျော်စိုး

မောင်းနှင်ရင်း ရှေ့ဘီးကျွတ်ထွက်သွားသော ဂျစ်ကားတစ်စီးကို မန္တလေးကျဲုးဘေး ၂၆ လမ်းပေါ်တွင် တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

မြည်တွင်း စက်မှုဇုန်ထုတ်ကားများ၏ လက်ရှိ ယာဉ်ကြိုခိုင်မှုအနေအထားများတွင် အားနည်းချက်များ ရှိနေခြင်းကြောင့် အဆိုပါကားများကို ယာဉ်အိုယာဉ်ဟောင်း အပ်နှံခွင့်ပြုခြင်းမှာ မှန်ကန်သော ကိစ္စဖြစ်ကြောင်း ကားလောကတွင် ကျင်လည်နေသူများက သုံးသပ်ပြောကြားသည်။

ယခုလ ၁၇ ရက်ကကျင်းပခဲ့သော အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဒေါက်တာမြတ်ဉာဏ်စိုးက စက်မှုဇုန်များမှ ထုတ်လုပ်ခဲ့သည့် အရည်အသွေးနိမ့်ကျသော မော်တော်ယာဉ်များအတွက် ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုတွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိသိလိုကြောင်းမေးမြန်းခဲ့ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးချန်မောင်က စက်မှုဇုန်ထုတ်မော်တော်ယာဉ်များမှာ မှတ်ပုံတင် သက်တမ်း အနှစ် ၂၀ ကျော်သို့ မရောက်သေးသော်လည်း ဇုန်ထုတ် မော်တော်ယာဉ်အချို့သည် အရည်အသွေးကျဆင်းသဖြင့် အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာရေးအတွက် ပြုပြင်၊ ပြင်ဆင်မှုများစွာ လုပ်ဆောင်နေရကြောင်း၊ သို့ပါ၍ အပ်နှံမှုတွင် ထည့်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း ဖြေကြားခဲ့သည်။

၎င်းတွင် ယခုလ ၂၅ ရက်နေ့အထိ အပ်နှံနိုင်မည့်အချိန်ကာလ အတိအကျမထွက်သေးသော်လည်း ကားပွဲစား၊ ဝပ်ရှော့ဆရာ၊ ကားထုတ်လုပ်ခဲ့သူများက အဆိုပါယာဉ်များ၏ ကြိုခိုင်မှု အနေအထားအရ ထိုသို့အပ်နှံခွင့်ပေးခြင်းမှာ ဖြစ်သင့်ကြောင်း ပြောကြားသည်။

"အခုဆို ဇုန်ထုတ်ဂျစ်ကားတွေမှာ တချို့ကားတွေက ကြိုခိုင်မှုအတော်အားနည်းတာကို တွေ့ရပါတယ်။ အခြေအနေသိပ်မဆိုးသေးတဲ့ ကားတွေလည်း ရှိသေးပေမယ့် အများစုက မကြိုခိုင်တော့တာ များပါတယ်။ အပ်ခွင့်ခေါ်မယ်ဆိုရင် ခေါ်သင့်တဲ့ကားတွေပါ" ဟု မန္တလေးမြို့ရှိ ပြည်ကြီးမျက်ရှင်ကားကွင်းမှ ကားပွဲစား ကိုဇော်ရှင်းက ယခုလ ၂၅ ရက်တွင် ပြောသည်။

ပြီးခဲ့သော ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ် ဝန်းကျင်အထိ ဇုန်ထုတ်ကားများ ခေတ်ကောင်းစဉ်က ကားထုတ်လုပ်သူများတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး ယခုအခါ ဂျစ်ကားထုတ်လုပ်ခြင်း မရှိတော့သည့် ကေအိုကားထုတ်လုပ်ရေးမှ ဦးကိုဦးကလည်း ဂျစ်ကားများမှာ ဘော်ဒီအတွဲအစပ် အပိုင်းများတွင် အားနည်းကြောင်း ပြောသည်။

"ဂျစ်တွေက ဂျပန်ပစ္စည်းတွေနဲ့ တွဲစပ်ထားလို့ တချို့ကားတွေက ပစ္စည်းပိုင်းမှာ အန္တရာယ်ကင်းသေးတယ်ဆိုရင်တောင် ဘော်ဒီပိုင်းဆိုင်ရာကြောင့် ယာဉ်အိုယာဉ်ဟောင်းစာရင်းထဲ ပါသင့်ပါတယ်"ဟု ၎င်းကပြောသည်။

မန္တလေးမြို့ ၃၇ လမ်းပေါ်ရှိ ဂျပန်ကားဝပ်ရှော့မှ အောင်အောင်က ဂျစ်ကားများတွင် အင်ဂျင် အခြေအနေကောင်းသော ကားများကို တွေ့ရသေးသော်လည်း အများစုမှာ အင်ဂျင်ကိုင်သုံး၊ အကြမ်းသုံး သုံးနေကြရကြောင်း ပြောသည်။

အဓိုးရသစ်လက်ထက်တွင် ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစ၍ မော်တော်ယာဉ်အအို၊ အဟောင်းများကို အစားထိုးလဲလှယ်ပြီး ပြည်ပမှ အစားထိုးတင်သွင်းခွင့်ပါမစ် ခွင့်ပြုပြီး နောက်ပိုင်း၌ မန္တလေးမြို့တွင် ၂၀၀၀ ပြည့်နှစ်မှ စတင်ခဲ့သော ပြည်တွင်းစက်မှုဇုန်ထုတ် ကားလုပ်ငန်းများမှာ ယခုအခါ လုံးဝရပ်ဆိုင်းသွားပြီဖြစ်ပြီး လိုက်ထရပ် ကြိုကြားထုတ်လုပ်သူများသာ ရှိသည်။

"အရင်ကတော့ ကားသွင်းခွင့်ဆိုတာလည်း မရှိတော့ ပြည်တွင်းထုတ်ကားကိုပဲ ဝမ်းသာအားရသုံးခဲ့ရတာပေါ့။ ပြည်ပကနေ တစ်ပိုင်းစီသွင်းလာတဲ့ ကားပစ္စည်းအစိတ်အပိုင်းတွေကို ဒီမှာပဲပြန်တပ်ပြီး ထုတ်ခဲ့ကြရတာဆိုတော့ မောင်းရာမှာ အောက်ပိုင်းမငြိမ်တာတွေ၊ စတီယာရင် အခေါက်ရခက်တာတွေ ကြုံရပါတယ်။ ဘော်ဒီမငြိမ်တာအပြင် ကားတချို့ ဝင်ရိုးကျိုးတာ၊ မောင်းရင်း ဘီးကျွတ်တာတွေလည်း တွေ့ဖူးတာပဲ။ တချို့ကားတွေလည်း အင်ဂျင် ခဏခဏ ပြန်ကိုင်သုံးနေကြတယ်။ ဒီလိုပြန် အပ်ခံမယ်သိရတော့ ဝမ်းသာတာပေါ့။ အချိန်ကာလ အတိအကျ သိရရင် ကျွန်တော်ကတော့ ပြန်အပ်မယ်"ဟု ဂျစ်ကားပိုင်ရှင်တစ်ဦးဖြစ်သူ ဦးကျော်က ပြောသည်။

လက် ရှိ တွင် ဂျစ် ကား တစ် စင်းလျှင် အနည်းဆုံးကျပ် ၃၅ သိန်း ဝန်းကျင်မှ ကျပ် သိန်း ၅၀ အထက်ဝန်းကျင်အထိ ခေါ်ဈေး ရှိသည်ဟု ကားပွဲစားများက ပြောသည်။ ■

ရွှေလုပ်သားများအနေဖြင့် အစိုးရဌာနကိုသာ ဆန္ဒပြရန် ကုမ္ပဏီဥက္ကဋ္ဌ ပြော

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ မိုးထိမိုးမိရွှေလုပ်သားများအနေဖြင့် လုပ်ငန်းနှင့် ပတ်သက်ပြီး ဆန္ဒပြမည်ဆိုပါက သက်ဆိုင်ရာအစိုးရဌာနကိုသာ ဆန္ဒပြပါဟု အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုကုမ္ပဏီ ဥက္ကဋ္ဌက ပြောသည်။

ယခုလ ၂၃ ရက်နေ့၌ မန္တလေးမြို့ရှိ အိုရီယမ်တယ်ဟောက်ခန်းမတွင် ပြုလုပ်သည့် မိုးထိမိုးမိဒေသ လုပ်ကွက်(A)၊ နှာဘူးတောင်နေရာရှိ အသေးစား ရွှေတူးဖော်ခဲ့သူ လုပ်ငန်းရှင်အချို့အတွက် စားဝတ်နေရေးအခက်အခဲများ ဖြေရှင်းပေးနိုင်မည့် စီမံဆောင်ရွက်ထားမှု သတင်းစာရှင်းလင်းပွဲတွင် ကုမ္ပဏီဥက္ကဋ္ဌက ပြောခြင်းဖြစ်သည်။

နှာဘူးတောင်ဒေသမှ ဆန္ဒပြအလုပ်သမားများက ကျောက်ကြိတ်စက်များကို ခွဲဝေသုံးစွဲခွင့်ပြုရန်နှင့် အင်းများကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ကုမ္ပဏီကို ဦးတည်ဆန္ဒဖော်ထုတ်နေခြင်းဖြစ်ကြောင်း ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ကို ဆန္ဒပြလည်း ကျွန်တော်တို့ ဘာမှလုပ်ပေးနိုင်တာ မရှိဘူး။ ကျွန်တော်တို့ကလည်း သက်ဆိုင်ရာဌာနတွေနဲ့ စာချုပ်ချုပ်ထားတာ။ စီမံကိန်းကိုလည်း အလျင်မီအောင် လုပ်နေရသေးတယ်။ ဒါတွေကြောင့် ကျွန်တော်တို့လည်း သူတို့တောင်းသမျှ လုပ်ပေးနိုင်ခြင်းမရှိဘူး။ အကောင်းဆုံးကတော့ ကျွန်တော်တို့ကို ဒီလို ဆန္ဒပြနေမယ့်အစား သက်ဆိုင်ရာဌာနကိုသာ ဆန္ဒပြတာ အကောင်းဆုံးပါ"ဟု ကုမ္ပဏီဥက္ကဋ္ဌက ပြောသည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ကုမ္ပဏီနှင့်ချုပ်ဆိုထားသည့် စာချုပ်ပြည့်ပြီ ဖြစ်သည့်အတွက် ထွက်သွားပေးရန်နှင့် ဆက်လက်လုပ်ကိုင်လိုပါက ဝန်ထန်းအဖြစ်ခန့်ထားမည်ဟု ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အသေးစားလုပ်ငန်းရှင်ကနေ ဝန်ထမ်းပြန်လုပ်ရမှာလား။ ဘယ်လိုမှ မဖြစ်နိုင်တာ။ အခုလုပ်နေတဲ့ အင်းတွေကလည်း ရွှေထွက်လာပြီ။ ဒါတွေကြောင့် ဇွတ်ထွက်ခိုင်းနေတာ။ ဝန်ထမ်း လုပ်ခိုင်းနေတာ။ မတရားဘူးလေ။ အင်းတစ်ကွက်တောင် လူ ၁၀ ယောက်လောက် ပေါင်းပြီး ဝယ်ရတာ။ ဒါကိုသူတို့က အခုလိုတွေ လုပ်တာမတရားဘူးလေ။ ဒါတွေနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ သွားရင်လည်း အကုန်ရှောင်နေကြတယ်။ ဒါတွေကြောင့် အခုလို ဆန္ဒပြတာ၊ သပိတ်စခန်းဖွင့်တာ"ဟု အသေးစား ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

မောင်ဇော် ■

လယ်သမားများကိုယ်စား ဆန္ဒထုတ်ဖော်မည်

စည်သူလွင်

သိမ်းဆည်းခံခဲ့ရသော ယာမြေများကို တောင်သူများက ပြသနေစဉ်။ ဓာတ်ပုံ-စည်သူလွင်

မတ်လ ၂ ရက်နေ့တွင်ကျရောက်မည့် တောင်သူလယ်သမားများနေ့တွင် လယ်ယာမြေများနှင့် ပတ်သက်၍ ပြဿနာအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး ခံစားနေရသော တောင်သူလယ်သမားများကိုယ်စား တစ်ဦးတည်း ဆန္ဒဖော်ထုတ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့အလုပ်သမားအဖွဲ့များ နှင့် ပူးပေါင်းဆောင်ရွက်သောအဖွဲ့ (Facilitaiors Network With ILO) ၏ ရှမ်းပြည်နယ်မြောက်ပိုင်း တာဝန်ခံ ဒေါက်တာအောင်ဌေးက မြန်မာတိုင်း(မ်)ကို ပြောသည်။

ဆန္ဒပြတောင်းဆိုရာတွင် အချက်သုံးချက်ဖြင့် တောင်းဆိုသွားမည်ဖြစ်ပြီး တရားဝင်ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကာ တရားဝင် ခွင့်ပြုချက်မရရှိပါကလည်း တစ်ဦးတည်း လမ်းလျှောက် ဆန္ဒဖော်ထုတ်ခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"လက်ရှိတောင်သူလယ်သမားတွေ တရားစွဲခံထားနေရတာတွေကို ရှုပ်သိမ်းပေးရမယ်။ မြန်မာနိုင်ငံ တိုးတက်ပြောင်းလဲရေးအတွက် လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုကို အမြန်ဆုံး ပြုလုပ်ကြဖို့နဲ့ ရာဇဝတ်မှုကလွဲပြီး ဘယ်လို အကြောင်းနဲ့မှ တောင်သူတွေကို ဖမ်းဆီးခြင်း မပြုလုပ်ဖို့၊ အဲဒီ သုံးချက်ကို လမ်းလျှောက် ဆန္ဒပြတဲ့အခါ ကိုင်ဆောင်ပါမယ်" ဟု ဒေါက်တာအောင်ဌေးက ပြောသည်။

တောင်သူလယ်သမားနေ့တွင် ပြင်ဦးလွင်ခရိုင်အတွင်းမှ တောင်သူလယ်သမားများ စုပေါင်းပြီး ဆန္ဒဖော်ထုတ်ရန် စီစဉ်ထားခဲ့သော်လည်း တောင်သူများအတွက် စိုးရိမ်စရာများ ဆက်လက်ဖြစ်ပွားမည်ကိုစိုးသဖြင့် တောင်သူများကိုယ်စား တစ်ဦးတည်း ဆန္ဒဖော်ထုတ်ရခြင်း ဖြစ်သည် ဟုဆိုသည်။

"ပြင်ဦးလွင်ခရိုင်မှာ လယ်ယာမြေအတွက် လက်ရှိပြဿနာတွေဖြစ်နေတာ ဧက နှစ်ထောင်အထက်မှာရှိတယ်။ အကြောင်းအမျိုးမျိုး ပြုပြီး သိမ်းခဲ့တာကတော့ ဧက သောင်းနဲ့ချီပြီး ရှိနေတယ်။ တောင်သူတွေ ဒုက္ခအမျိုးမျိုးခံစားနေရတယ်" ဟု လယ်ယာမြေပြဿနာများကို လိုက်ပါကူညီဆောင်ရွက်ပေးနေသော ပြင်ဦးလွင် မြို့မှ ကိုညီက ပြောသည်။

တပ်မတော်မှ သိမ်းယူထားသော လယ်ယာမြေများကို တရားဝင် ပြန်လည်ပေးအပ်ရန် ကာကွယ်ရေးဦးစီးချုပ်က တပ်ရင်းတပ်မအသီးသီးသို့ ညွှန်ကြားထားပြီးသည့် အချိန်နောက်ပိုင်းတွင်ပင် ဆက်လက်သိမ်းယူနေမှုများလည်းရှိနေကြောင်း Facilitators Network With ILO နှင့် ချိတ်ဆက်ဆောင်ရွက်သူများကွန်ရက်တာဝန်ရှိသူများက ဆိုသည်။ ■

SAVE
An amazing K38,000 NOW!

HURRY!
Offer End SOON!!!

END OF BUSINESS YEAR SPECIAL

BUY BOTH!

MYANMAR TIMES
HEARTBEAT OF THE NATION

မြန်မာတိုင်းမ်

Normally K **101,400**
Now K **69,000**

for a 1 year subscription

3 months FREE trial for **NOW!** Magazine

Or

TAKE OUR SINGLE OFFER

for a 1 year subscription

MYANMAR TIMES HEARTBEAT OF THE NATION — Normally **K 62,400** Now K **48,000**

မြန်မာတိုင်းမ် — Normally **K 39,000** Now K **28,000**

NOW! — Normally **K 26,000** Now K **18,000**

» Offer ends **March 31** «

Tel: 392928, 253642, 254 289 **Fax:** 95 (1) 254158 **Email:** circulation@myanmartimes.com.mm

*** Don't forget: FREE delivery to home or office

နိုင်ငံတကာခရီးသွားအဖွဲ့ ကမ္ဘာလှည့်ကားများဖြင့် မန်းသို့ရောက်ရှိ

ဖြိုးဝေကျော်နှင့် လှိုင်ကျော်စိုး

နိုင်ငံတကာမှ ခရီးသွားများပါဝင်သော အဖွဲ့သည် ၎င်းတို့ကိုယ်ပိုင်ကားများဖြင့် ယခုလ ၂၃ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိရပ်နားခဲ့ကာ မြို့၏အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

အီတလီ၊ ဩစတြေးလျ၊ ဂျာမနီ၊ တူရကီ၊ စပိန်၊ ကနေဒါ၊ ပြင်သစ် စသောလူမျိုးများပါဝင်သည့် လူဦးရေ ၄၀ ခန့်ပါ ခရီးသွားအဖွဲ့သည် ခရီးဝေးမောင်းနှင်ရင်း ကားအတွင်းနေထိုင်နိုင်သည့် ကားစီးရေ ၁၅ စီးနှင့် ဆိုင်ကယ်သုံးစီးတို့ဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်ကာ မန္တလေးမြို့မှတစ်ဆင့် ယခုလ ၂၅ ရက်တွင် ပုဂံနှင့် အင်းလေးတို့သို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

"ကျွန်တော်တို့ အိန္ဒိယနယ်စပ် တမူးကနေ တစ်ဆင့် မုံရွာကိုဖြတ်ပြီး မန္တလေးကိုရောက်လာခဲ့တာပါ။ မြန်မာနိုင်ငံထဲမှာ နှစ်ပတ်လောက် အချိန်ယူလည်ပတ်ကြမယ်။ ကျွန်တော် မြန်မာပြည်ကို အခုပထမဆုံးရောက်ဖူးတာ၊ ဒီနိုင်ငံကို အရမ်းစိတ်ဝင်စားပါတယ်။ ဒီနိုင်ငံမှာ အခုမြင်ရတဲ့ဖွံ့ဖြိုးတိုးတက်မှုက အိန္ဒိယဘက်မှာ ကျွန်တော် မြင်ခဲ့ရတဲ့ မြင်ကွင်းတွေထက် သာပါတယ်။ နောက်တစ်နှစ်၊ ဒါမှမဟုတ် နှစ်နှစ်လောက် အတွင်း ကျွန်တော် နောက်တစ်ခေါက်ပြန်လာဖို့ ရည်ရွယ်ထားတယ်"ဟု ဇနီးဖြစ်သူနှင့်အတူ ကားတစ်စီးဖြင့် ရောက်ရှိလာသော ဂျာမနီနိုင်ငံသား မစ္စတာဒါ့က်က ယခုလ ၂၄ ရက်တွင် ပြောသည်။

၎င်းတို့ဇနီးမောင်နှံမှာ လွန်ခဲ့သည့် တစ်နှစ်ခန့်ကတည်းက ခရီးလှည့်လည်သွားလာနေခြင်းဖြစ်ကာ မြန်မာနိုင်ငံသို့ ဝင်လည်ရန် အခြားအဖွဲ့များနှင့် တမူးဘက်တွင် ပူးပေါင်းခဲ့ခြင်းဖြစ်ကြောင်း၊ အချို့အဖွဲ့များမှာ ကမ္ဘာလှည့်နေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ကြောင်းလည်း ပြောသည်။

ယခုရောက်ရှိသော ခရီးသွားအုပ်စုမှာ မြန်မာနိုင်ငံအတွင်း ပုဂံ၊ အင်းလေးပြီးနောက် ရန်ကုန်၊ ဘားအံမြို့များသို့ သွားရောက်မည်ဖြစ်ကာ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ကမ္ဘာလှည့်ကားမောင်းအဖွဲ့မှာ ၂၀၁၃ ခုနှစ်ကလည်း ခရီးရှည်လှည့်လည်ရင်း မန္တလေးမြို့သို့ ရောက်ရှိခဲ့ကာ အငြိမ်းစားဝန်ထမ်းများ၊ စိုက်ပျိုးမွေးမြူရေးကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းရှင်များ ပါဝင်ခဲ့သည်။ ■

ကြံ့ခိုင်မှုစစ်ဆေးနေသော ကမ္ဘာလှည့်ကားတစ်စီးကို ယခုလ ၂၄ ရက်က မန္တလေးမြို့တွင် တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

ပြင်ဦးလွင် မြို့ရှောင်လမ်းသစ် ယခုနှစ်တွင်ဖွင့်မည်

မောင်ဇော်နှင့် ကျော်ကိုကို

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းစေရန် ရည်ရွယ်ဖောက်လုပ်လျက်ရှိသော ပြင်ဦးလွင် မြို့ရှောင်လမ်းသစ်ကို ယခုနှစ် ဇွန်လတွင် စတင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှု အုပ်ချုပ်ရေးမှူးက ဖေဖော်ဝါရီလ လဆန်းပိုင်းတွင် မြန်မာတိုင်း(မ်)ကို ပြောသည်။

အဆိုပါ မြို့ရှောင်လမ်းသစ်ကို တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ၂၀၀၈ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ပွင့်လင်းရာသီတွင် ကားကြီးများကို စတင် ပေးသွားမည်ဖြစ်ကြောင်း၊ မြို့တွင်း၌ ယာဉ်အန္တရာယ် ကင်းစေမည်ဖြစ်ကာ ကုန်သွယ်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် လမ်းပန်းဆက်သွယ်ရေးဥက္ကဋ္ဌက ပြောသည်။

"၂၀၁၄ ခုနှစ် ပွင့်လင်းရာသီရောက်ရင်တော့ မြို့ထဲမှာ ဟိုင်းဝေးကားတွေနဲ့ ကားကြီးတွေကို ပေးမသွားတော့ဘူး။ အရမ်းအန္တရာယ်များပါတယ်။ ပြီးတော့ အခုမြို့ရှောင်လမ်းပိုင်းဟာ ပြည်ထောင်စုလမ်းမကြီး အပိုင်းထဲမှာပါပြီး မြို့တွင်းကို လမ်းကြောင်းရှောင်ပေးလိုက်တာပါ" ဟု ၎င်းကဆိုသည်။

ပြည်ထောင်စုလမ်းမကြီးမှာ ပြင်ဦးလွင်မြို့နယ်အတွင်း၌ အနီးစပ်ဆုံးလေဆိပ်မှ စတင်ကာ အနောက်မီးပုံးပျံကွင်း အေရှားဝေါလ် တိုးဂိတ်တွင်အဆုံးသတ်မည်ဖြစ်ပြီး လမ်းအရှည် ၁၂ မိုင် ခြောက်ဖာလုံခန့် ရှည်လျားကာ လမ်းအကျယ် ၄၄ ပေ ကျယ်ဝန်းသည့် နှစ်လမ်းသွားလမ်း ဖြစ်သည်။ ■

ပြင်ဦးလွင် မြို့ရှောင်လမ်းသစ် ဖောက်လုပ်နေသည်ကို ယခုလ ၅ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ - မောင်ဇော်

လွတ်လပ်သည့် ရှေ့နေအသင်း တစ်နှစ်အတွင်း ပေါ်ပေါက်ရန် ကြိုးပမ်းနေ

ခင်ဆုဝေ

လွတ်လပ်သည့် ဝတ်လုံတော်ရများအသင်းဖွဲ့စည်းမှုအား တစ်နှစ်အတွင်း ဖြစ်မြောက်ရန် ရည်မှန်းထားသည်ဟု တရားလွှတ်တော်ရှေ့နေဦးအောင်စိုးဦးက လွန်ခဲ့သော ရက်သတ္တပတ်က ပြောသည်။

အဆိုပါလွတ်လပ်သည့် ရှေ့နေအသင်းသည် ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာနှင့် အရည်အချင်း မြင့်မားရေး၊ တရားခွင်တွင် ကျင့်သုံးသည့် နိုင်ငံတကာ ဗဟုသုတ ရှေ့နေပညာရပ်များ ဆက်လက်ဆည်းပူးနိုင်ရန် ပို့ချချက်များ ပြုလုပ်ရန်၊ ဆက်သွယ်ဆောင်ရွက်ပေးရန်၊ နိုင်ငံတကာ ရှေ့နေများနှင့်ဆက်စပ်၍ တရားစီရင်ရေး၊ လွတ်လပ်တရားမျှတ ဘက်မလိုက်သည့် တရားဥပဒေစိုးမိုးအောင် ဝိုင်းဝန်းဆောင်ရွက်ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

လွတ်လပ်သည့် အင်္ဂလန်နိုင်ငံအခြေစိုက် နိုင်ငံတကာ ဝတ်လုံတော်ရများအသင်းနှင့် လွတ်တော်မှ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ပူးပေါင်းပြီး လွတ်လပ်သည့် ဝတ်လုံတော်ရများအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့ထိ ဆွေးနွေးခဲ့ရာ တိုင်းနှင့်ပြည်နယ် အသီးသီးမှ ရှေ့နေများ ပါဝင်ခဲ့သည်ဟု ၎င်းကပြောသည်။

ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ ကျောက်ပြည်နယ်၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း စသည့်ရှေ့နေအသင်းများ အဖွဲ့များ လာရောက်ကြသည်ဟု ဆိုသည်။

"ရှေ့နေတွေအနေနဲ့ လွတ်လွတ်လပ်လပ် ဖြစ်မှ တရားဥပဒေစိုးမိုးရေးကလည်း လွတ်လွတ်လပ်လပ် ဖြစ်မှာပါ။ နိုင်ငံရေးနဲ့ ပတ်သက်မှု မရှိဘူး။ ပါတီ နိုင်ငံရေးရဲ့ ဩဇာခံလည်း မဖြစ်ရဘူး။ အစိုးရရဲ့ ဩဇာခံလည်း မဖြစ်ရဘူး"ဟု ဆိုသည်။

ယာယီဖြစ်မြောက်ရေး ကော်မတီတွင် တိုင်းနှင့် ပြည်နယ်မှ ရှေ့နေနှစ်ယောက်မှ ၁၀ ယောက်အထိ ပါဝင်မည်ဖြစ်သည်။ ■

မြင်းခြံမြို့တွင် ပထမဦးဆုံး တရားဝင်ဆန္ဒဖော်ထုတ်ခွင့်ရ

မောင်ဇော်

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် အစိုးရသစ်တက်လာသည့် အချိန်ကစပြီး ပြီးခဲ့သည့် ဇန်နဝါရီလအထိ တရားဝင်ဆန္ဒဖော်ထုတ်ခွင့် မရရှိခဲ့ရာမှ ယခုဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးနှင့် ပတ်သက်ပြီး တရားဝင်ဆန္ဒဖော်ထုတ်ခွင့်ရခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့အနေနဲ့ အရင်က တခြားအကြောင်းအရာတွေနဲ့ပတ်သက်ပြီး တရားဝင်ဆန္ဒဖော်ထုတ်ခွင့်မရခဲ့ဘူး။ ဒါကပထမဦးဆုံးပါ။ အခုတရားဝင်ဆန္ဒဖော်ထုတ်ခဲ့ရာမှာ ရဲတပ်ဖွဲ့ဝင်တွေက အကူအညီပေးပါတယ်" ဟု ပါဝင်ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သူ ကိုသန်းထိုက်အောင်က ပြောသည်။

၂၁ ရက်နေ့တွင် ဆန္ဒဖော်ထုတ်သည့် အကြောင်းအရာများမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေး၊ လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး၊ ပုဒ်မ ၅၉(စ)နှင့် ၅၉ (ဃ)နှင့် ပုဒ်မ ၁၈ ဖျက်သိမ်းရေးတို့ ဖြစ်သည်။

ဆန္ဒဖော်ထုတ်ရာတွင် မနက် ၁၀ နာရီမှ ၁၁ နာရီခွဲအချိန်အထိ ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ပါဝင်သူဦးရေ ၃၅၀ ခန့်အထိရှိခဲ့သည်ဟု ကိုသန်းထိုက်အောင်က ပြောသည်။ ■

မှုခင်းသတင်းတိုများ

မြေပိ၍ သားအမိနစ်ဦး သေဆုံး

ငါန်းဇွန်မြို့နယ် ပျော်ဘွယ်ရွာ အနောက်မြောက်ဘက်တစ်မိုင်ခန့် အကွာရှိ မြေဖြူကျွန်းတွင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က သားအမိ နှစ်ဦး မြေပိ၍ သေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းတို့ နှစ်ဦးသည် ငါးဇွန်မြို့နယ်၊ ကမ္မကျေးရွာမှဖြစ်ပြီး မိခင်ဖြစ်သူမှာ ၃၈ နှစ်နှင့် သမီးဖြစ်သူမှာ ၁၃ နှစ် အရွယ်ရှိသတ္တမတန်း ကျောင်းသူဖြစ်သည်။ သေဆုံးရသည့်အကြောင်းရင်းမှာ မြေတူးစဉ် မြေကျင်းပြိုကျ၍ သေဆုံးခြင်းဖြစ်ပြီး မြို့သာရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၄ အရ ရေးဖွင့်စစ်ဆေးလျက်ရှိသည်။ **သန်းနိုင်စိုး**

ကျောက်စိမ်းလက်ကောက်အချောထည်များ ဖမ်းဆီးရမိ

ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်စစ်ဆေးရေးစခန်းတွင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Mark II အဖြူရောင် ယာဉ်ကိုတာဝန်ကျပူးပေါင်းအဖွဲ့မှ ရဲပတန့်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်းအထောက်အထားမပါရှိဘဲ တင်ဆောင်လာသော ကျောက်စိမ်းလက်ကောက်အချောထည်များကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အဆိုပါ အချောထည်များသည် အလေးချိန် ကီလိုဂရမ် ၆၀ ရှိပြီး ခန့်မှန်းတန်ဖိုး ကျပ် ၃၆၀,၀၀၀ ဖြစ်ကာ အကောက်ခွန်ဦးစီးဌာနသို့ ပို့အပ်၍ အုန်းချောရဲစခန်းတွင် (ပ) ၄၁/၂၀၁၄၊ ကျောက်မျက်ဥပဒေ ပုဒ်မ ၄၂(က) အရ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **သန်းနိုင်စိုး**

ယမ်းတောင့် သယ်ဆောင်လာသူများကို အရေးယူ

ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်စစ်ဆေးရေးစခန်းတွင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က မန္တလေးမှ လားရှိုးသို့ သွားရောက်မည့် ၂၂ ဘီးတွဲယာဉ်ကို တာဝန်ကျပူးပေါင်းအဖွဲ့မှ ရပ်တန့်စစ်ဆေးရာ ယမ်းတောင့် ၃၆၀ တောင့်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ယမ်းတောင့်များသည် တရားဝင်စာရွက်စာတမ်း မပါရှိသော Emulsion Explosive အမျိုးအစားယမ်းတောင့်များဖြစ်ပြီး ယာဉ်၏ တူးဘောက်နှင့် ရှေ့နန်းတို့တွင် ပေါက်ကွဲ စေတတ်သော ပစ္စည်းများကို ပေါ့လျော့စွာ တင်ဆောင်လာသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယမ်းတောင့်များသယ်ဆောင်လာသူယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ကို အကောက်ခွန်ဦးစီးမှ တိုင်တန်းသဖြင့် အုန်းချောရဲစခန်းတွင် (ပ)၄၃/၂၀၁၄၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၆ အရ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ၂၂ ဘီးတွဲယာဉ်ကို အကောက်ခွန်ဥပဒေအရ အရေးယူထားသည်။ **သန်းနိုင်စိုး**

အရက်သောက်သည့် သားက မျက်မခြင်ဖခင်အား သတ်ခဲ့

တောင်တွင်းကြီးမြို့နယ်၊ မီးသျှောင်ကုန်းကျေးရွာတွင် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ဓားထိုးမှုဖြစ်သဖြင့် အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။ အဆိုပါကျေးရွာနေ ဦးတင်လှိုင်၊ အသက် ၇၅ နှစ်၊ မျက်စိကွယ်နေသူအား အတူနေသားဖြစ်သူ ဦးသံဒိုးက အရက်သေစာသောက်စားသည့်ကိစ္စနှင့်ပတ်သက်၍ဆုံးမစကားပြောသည်ကို မကျေနပ်သဖြင့် အရိုးအသွား ၁၇ လက်မခန့်ရှိ ဓားမြောင်ဖြင့်ဖခင်အားထိုးခဲ့ရာ ဖခင်၏ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ ဦးသံဒိုးအား ဆတ်သွားနယ်မြေရဲစခန်းက (ပ)၃၀။၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စောလှနွယ် (မကွေး) ■

ရွှေစျေး ကျပ်သုံးသောင်းခန့် ပြန်တက်

ကြေးမုံဝင်း

ဖေဖော်ဝါရီလဆန်းပိုင်းက တစ်ကျပ်သားလျှင် ကျပ် ၆၆၀,၀၀၀ ဝန်းကျင်ရှိခဲ့သော မြန်မာ့ရွှေစျေးမှာ ကမ္ဘာ့ရွှေစျေးနှင့် ဒေါ်လာစျေးများ မြင့်တက်မှုကြောင့် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ကျပ် ၆၉၀,၀၀၀ အထိပြန်လည်မြင့်တက်ခဲ့ကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"ရွှေစျေးက ထုံးစံအတိုင်း ကမ္ဘာ့ရွှေစျေးတက်လို့ ပြန်တက်လာတာပါ။ ကမ္ဘာ့ရွှေစျေးက အခု တစ်ပတ်နှစ်ပတ်အတွင်းမှာ တစ်ထရွိုင်အောင်စကို ဒေါ်လာ ၁,၃၀၀ အထက်မှာပဲ ရှိနေတယ်။ တရုတ်နှစ်သစ်ကူးနောက်ပိုင်း တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံဘက်က ရွှေဝယ်ယူမှုတွေ စတင် ပြုလုပ်လာတဲ့အတွက် အခုလို ရွှေစျေးပြန်မာလာတယ်လို့ ခန့်မှန်းမိပါတယ်။ အခုလို အခြေအနေနဲ့ဆိုရင် စျေးက ဆက်တက်မယ့် အလားအလာတော့ ရှိနေပါတယ်။ တစ်ကျပ်သား ကျပ်ခုနစ်သိန်း ကျော်ဖို့ကတော့ ကမ္ဘာ့ရွှေစျေးဆက်တက်မှပဲ ဖြစ်မှာပါ။ လက်ရှိမှာ ကမ္ဘာ့ရွှေစျေးတက်နေသလို ဒေါ်လာစျေးကလည်း တစ်ဒေါ်လာ ကျပ် ၉၈၀ နဲ့အထက်မှာ ရှိနေတဲ့အတွက် ရွှေစျေးကလည်း အခု ကျပ် ၆၈၅,၀၀၀ မှာပဲ တည်ငြိမ်နေပါတယ်"ဟု အောင်သမာဓိရွှေဆိုင်မှ ဦးမော်က ပြောသည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၈၀,၀၀၀ အောက်သို့ တဖြည်းဖြည်းကျဆင်းလာခဲ့ရာမှ သုံးလခန့်အကြာတွင် ကျပ် ၆၈၀,၀၀၀ ကျော်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ယခုတစ်ပတ်အတွင်းတွင် ကျပ် သုံးသောင်းခန့် စျေးမြင့်တက်ခဲ့ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

မန္တလေးမြို့တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တစ်ရက်တည်းတွင်သာ အမြင့်ဆုံးစျေးဖြစ်သည့် တစ်ကျပ်သားလျှင် ကျပ် ၆၉၀,၂၀၀ ဈေးသို့ ရောက်ရှိခဲ့သော်လည်း ရန်ကုန်မြို့တွင်မူ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျပ် ၆၉၂,၈၀၀ ထိ အမြင့်ဆုံးရောက်ရှိခဲ့ပြီး အဆိုပါစျေးတွင် သုံးရက်ခန့် ရှိနေခဲ့သည်။

မြန်မာ့ရွှေစျေးသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းက တစ်ကျပ်သားလျှင် ကျပ် ၆၅,၀၀၀ အထက်၊ ဇန်နဝါရီလလယ်မှဖေဖော်ဝါရီလပထမပတ်အထိ ကျပ် ၆၆၀,၀၀၀ အထက်တွင် ရှိခဲ့ပြီး ဖေဖော်ဝါရီလ ဒုတိယပတ်မှသာ လက်ရှိစျေးများသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း အောင်သမာဓိရွှေဆိုင်စာရင်းများအရ သိရသည်။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၏ မန္တလေး ရွှေပေါက်စျေးမှာ တစ်ကျပ်သားလျှင် ကျပ် ၆၈၆,၅၀၀ ဖြစ်သည်။ ■

အေးအေးချမ်းချမ်းနေထိုင်ဖို့ အဆင်ပြေတဲ့ ကျွဲဆည်ကန်ထဲက နှစ်ထပ်တိုက်

လှိုင်ကျော်စိုး
ရေးသားသည်

ဒီတစ်ပတ်တော့ အေးအေးချမ်းချမ်း နေထိုင်ချင်သူတွေအတွက် အဆင်ပြေနိုင်မယ့် မန္တလေးမြို့ရဲ့ တောင်ဘက်ခြမ်းမှာ တည်ရှိတဲ့ ချမ်းမြသာယာရပ်ကွက် (ကျွဲဆည်ကန်)ထဲက အာရ်စီ နှစ်ထပ်တိုက်လေးကို ရွေးချယ်ထားပါတယ်။

ဒီတိုက်လေးဟာ ပြည်ကြီးတံခွန်မြို့နယ်ထဲက မြို့ဟောင်း-ပြင်ဦးလွင် မီးရထားလမ်းဘေးမှာ တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တာမို့ ရန်ကုန်-မန္တလေး ကားလမ်းကနေ ဝင်လိုက်တာနဲ့ နှစ်ထပ်တိုက်လေးကို အလွယ်တကူ ရောက်နိုင်ပါတယ်။ တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်မှာရှိတဲ့အပြင် စျေး၊ ကျွဲဆည်ကန်ကားဝင်းနဲ့လည်း နီးပါးသေးတယ်။

စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များအတွက် အဆင်ပြေနိုင်ပြီး ခြံဝင်းကလည်း ကျယ်တဲ့အတွက် ကိုယ်ပိုင်ကျောင်း ဖွင့်ချင်သူတွေအတွက်လည်း အဆင်ပြေနိုင်ပါတယ်။ အိမ်ပတ်ဝန်းကျင်မှာ မိုးကုတ်ဝိပဿနာဘုန်းကြီးကျောင်းရှိပါတယ်။ အာရ်စီနှစ်ထပ်တိုက်ရှေ့ကလမ်းကို ကတ္တရာလမ်းခင်းထားပြီး မြို့ထဲကိုပဲသွားသွား၊ မြို့သစ်ကိုပဲသွားသွား အဆင်ပြေနိုင်တဲ့ နေရာလေးပါပဲ။

အာရ်စီ နှစ်ထပ်တိုက်လေးကို အနှံ ၃၀၊ အလျား ၄၀ အကျယ်အဝန်းနဲ့ တည်ဆောက်ထားတာပါ။ အောက်ထပ်မှာ ဧည့်ခန်း၊ မီးဖိုခန်းနဲ့ ထမင်းစားခန်း၊ ရေချိုးခန်းနဲ့ ရေလောင်းအိမ်သာ ပါဝင်ပြီး အပေါ်ထပ်မှာ ဘုရားခန်း၊ အိပ်ခန်း နှစ်ခန်း ပါဝင်ပါတယ်။ ရေ မီးအပြည့်အစုံလည်းပါဝင်ပြီးဖြစ်လို့ အဆင်သင့် နေထိုင်လို့လည်း ရပါတယ်။ ခြံဧရိယာကတော့ ၁,၇၅၀ စတုရန်းပေ ကျယ်ဝန်းပြီး နှစ် ၃၀ ဂရမ်မြေအမျိုးအစား ဖြစ်ပါတယ်။ ■

HOUSE OF THE WEEK

ဆက်သွယ်ရန် – ချမ်းမြသာယာရပ်ကွက် (ကျွဲဆည်ကန်)၊ မြို့ဟောင်း – ပြင်ဦးလွင်မီးရထားလမ်းဘေး။
ဈေးနှုန်း – အရောင်း (ညှိနှိုင်း)။ ဖုန်း – ၀၉ ၂၀၀၂၅၈၇၊ ၀၂ ၇၀၄၁၆။

မျက်ခြည်မပြတ်သင့်တဲ့ အလားအလာကောင်း မြို့သစ်လမ်းများ (၅)

မြိုးဝေကျော်

မြို့သစ်ရဲ့ အိမ်ခြံမြေဈေးကွက်မှာ မျက်ခြည်မပြတ်သင့်တဲ့လမ်းတွေအဖြစ် တောင်မြောက်သွားလမ်းတွေထဲမှာ ၆၂ လမ်းနဲ့ အရှေ့အနောက်သွားလမ်းတွေထဲမှာ မနော်ဟရီလမ်းတစ်ဝိုက်မှာရှိတဲ့ တခြားလမ်းတွေကို သုံးသပ်ပြီးတဲ့နောက်အခု နောက်ဆုံး တင်ပြသင့်တဲ့ လမ်းတစ်လမ်းကတော့ မင်းကြီးရန်နောင်လမ်းပဲ ဖြစ်ပါတယ်။

မင်းကြီးရန်နောင် လမ်းမဟာ မြို့သစ်ဧရိယာနဲ့ တောင်ဘက်က စက်မှုဇုန်ဧရိယာကို ပိုင်းခြား ပေးထားတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ပြီးတော့ မြို့သစ်ကို မန္တလေး - ပြင်ဦးလွင် သွားလမ်းနဲ့ ချိတ် ဆက် ပေး နိုင်မယ့် သိပ်လမ်း၊ မနော်ဟရီလမ်းတို့နည်းတူ တိုက်ရိုက်ဆက်သွယ်ပေးနိုင်စွမ်းရှိမယ့် လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။

တကယ်တမ်းမှာ ဒီလမ်းပေါ်က မြေဈေးနှုန်းတွေဟာ လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်မကုန်ခင် အထိ ဈေးနှုန်းက ပြောပလောက်အောင် မရှိခဲ့ပါဘူး။ ၂၀၁၁ ခုနှစ်ကုန်ဖို့ သုံးလလောက်အလိုမှာ မန္တလေးအိမ်မြေဈေးကွက် မထင်မှတ်ဘဲ လှုပ်ခတ်ခဲ့တဲ့အခါမှာ ဈေးနှုန်းတွေက အဆမတန် မြင့်တက်သွားခဲ့တာပဲဖြစ်ပါတယ်။

ဒီလိုမလှုပ်ခတ်မီက မင်းကြီးရန်နောင်လမ်းပေါ်မေးတင်တဲ့ ပုံမှန် ပေ ၄၀× ပေ ၆၀ အကျယ်မြေတစ်ကွက်ရဲ့ဈေးနှုန်းဟာ ကျပ်သိန်း ၅၀၀ ပတ်ချာလည်ဈေးနှုန်းနဲ့ဆိုရင်တောင် မနည်းဈေးခေါ်ရောင်းရမှာ ဖြစ်ပေမယ့် ဈေးကွက်လှုပ်လာပြီး ရောင်းသူဝယ်သူတွေနဲ့ နေ့နေ့ညည လှုပ်လှုပ်ခတ်ခတ် ဖြစ်လိုက်တဲ့ နှစ်လတာကာလလောက်အတွင်းမှာ မြေတစ်ကွက်ကို ကျပ်သိန်း ၁,၅၀၀ ပတ်ချာလည်အထိ ဈေးတွေမြောက်တက်ကုန်ပါတယ်။

အခုအခါမှာ မင်းကြီးရန်နောင်လမ်းမရဲ့ မြေဈေးနှုန်းတန်းဟာ မြို့သစ်ရဲ့ အဓိကကျတဲ့ ၆၂လမ်းမကြီးနဲ့နီးရင် ကျပ်သိန်း ၃,၀၀၀ ပတ်ချာလည် ဈေးခေါ်နေကြပါတယ်။ မန္တလေး-ပြင်ဦးလွင် သွားလမ်းရှိတဲ့ အရှေ့ဖျားရောက်လေ။ ဈေးနှုန်းလျော့သွားလေဖြစ်ပြီး အဲဒီအရှေ့ဖျားအပိုင်းတွေမှာတော့ ကျပ်သိန်း ၂,၀၀၀ ပတ်ချာလည်ခေါ်ဈေးရှိတယ်လို့မြို့သစ်က အိမ်ခြံမြေအကျိုးဆောင်တွေဆီက သိရပါတယ်။

လက်ရှိ အနေအထားမှာ မန္တလေးမြို့ရဲ့ အိမ်ခြံမြေဈေးကွက်ဟာ အုံနဲ့ကျင်းနဲ့ အရောင်းအဝယ် လှုပ်လှုပ်ခတ်ခတ် မဖြစ်ကြပေမယ့် ဈေးသင့်တာလေးတွေကိုဝယ်ပြီး ရင်းနှီးမြှုပ်နှံထားသူတွေ၊ တကယ်နေထိုင်ဖို့လိုအပ်လို့ဝယ်ယူသူတွေနဲ့ အရောင်းအဝယ် အသင့်အတင့်တော့ဖြစ်ပါတယ်။ ဒီအခြေအနေမှာ လက်ရှိ မင်းကြီးရန်နောင်လမ်းပေါ်မှာ ဖြစ်နေတဲ့ဈေးနှုန်းတွေဟာ ဝယ်ယူရင်းနှီးမြှုပ်နှံဖို့ စဉ်းစားမယ်ဆိုရင်လည်း သင့်တော်ကြောင်း အိမ်မြေအကျိုးဆောင်တွေက သုံးသပ်ပါတယ်။

မြို့သစ်ဧရိယာရဲ့ အရှေ့အနောက်သွားလမ်းတွေထဲမှာ မနော်ဟရီလမ်းပြီးရင် အလားအလာနဲ့ အကွက်အကွင်း အကောင်းဆုံးအပိုင်းဟာ မင်းကြီးရန်နောင်လမ်း ဖြစ်နေတာကြောင့် အနာဂတ်မှာလည်း ဈေးနှုန်းက အတက်ဘက်ပဲရှိတယ်လို့ အကျိုးဆောင်တွေ က ဆိုပါတယ်။ ငွေရင်းတတ်နိုင်သူတွေအတွက် အခြိုနဲ့အမျှ အကျိုးအမြတ်ပိုမိုနိုင်တဲ့ အပိုင်းဖြစ်တယ်လို့လည်း ဆိုကြပါတယ်။

လက်ရှိမှာလည်း မင်းကြီးရန်နောင်လမ်းရဲ့ အိမ်ခြံမြေဖွံ့ဖြိုးမှုက ထင်သာမြင်သာရှိနေပြီး လူနေသိပ်သည်းမှုလည်း ပိုလာတာကြောင်း အိမ်မြေဈေးကွက်ဖွံ့ဖြိုးမှုရဲ့ အရေးပါတဲ့အချက်တွေဖြစ်ပါတယ်။ သွားလာဆက်သွယ်ရေးလည်း လွယ်ကူပြီး မြို့သစ်နဲ့ တသီးတခြား ဖြစ်နေတဲ့ စက်မှုဇုန်ဧရိယာရဲ့ အလယ်ကြောက အရေးပါတဲ့ လမ်းတစ်လမ်းအဖြစ် ပီပြင်နေလို့ မြို့သစ်မှာ မြေဝယ်မယ်ဆိုရင် မပါမဖြစ်လေ့လာသင့်တဲ့လမ်းတစ်လမ်းပဲ ဖြစ်ပါတယ်။ ■

အကွက်အကွင်းကောင်းသည့် မင်းကြီးရန်နောင်လမ်းပတ်ဝန်းကျင်ကို ယခုလ ၂၅ ရက်နေ့က တွေ့ရစဉ်။ ဓာတ်ပုံ - မြိုးဝေကျော်

ကိုအောင်စည်သူနဲ့ မဝေမာထွန်းသိန်းတို့ရဲ့ မင်္ဂလာပွဲ

ဦးကျော်အေးနဲ့ ဒေါ်ခင်ဆွေဝင်း

ကိုအောင်စည်သူနဲ့ မဝေမာထွန်းသိန်း

ဦးထွန်းသိန်းနဲ့ ဒေါ်နော်လှလှဝင်း

အမရာဇ၊ ကိုထွန်းနွယ်ဦးနဲ့ မနီနွယ်မင်း

Rising Venus Hotel ရဲ့ ဖွင့်ပွဲအကြိုညှိနှိုင်းပွဲ

ကိုကျော်မျိုးလတ်၊ မကေသီနဲ့ မရည်မွန်စိုး

သန္ဓာဇိုလ်

Patricia

မပြည့်ပြည့်မွန်

နွဲ့ဒါလီထွန်း

ခလူးရဲဆိုင် စီစဉ်သည်။

ဒီတစ်ပတ်ကတော့ ဆိုရှယ်မေလေး တစ်ယောက် အားငယ်ရတဲ့ ရက်သတ္တပတ်ပါပဲ ပရိသတ်ကြီးရေ။ ဘာကြောင့်လဲ ဆိုတော့ ဒီတစ်ပတ်မှာ ဖော်ပြရမယ့်ပွဲက စုစုပေါင်းမှ သုံးပွဲပဲ ရှိနေလို့လေ။ ဘာပဲဖြစ်ဖြစ် မေလေးရဲ့ ပရိသတ်တွေအတွက် မေလေး တက်ရောက်ဖြစ်ခဲ့တဲ့ ပွဲတွေကို အင်တိုက် အားတိုက် မျှဝေပေးလိုက်ပါတယ်နော်။ ဒီတစ်ပတ်မှာ မေလေး ပထမဆုံးနဲ့ ဂုဏ်ယူစွာ တက်ရောက်ဖြစ်ခဲ့တဲ့ ပွဲလေးကတော့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ (၂၇) ကြိမ်မြောက် ဆီးဂိမ်းအားကစားပွဲမှာ ဝူရှူးရွှေတံဆိပ်ဆုရှင် ကိုအောင်စည်သူနဲ့ မဝေမာထွန်းသိန်းတို့ရဲ့ မင်္ဂလာပွဲလေးပါ။ ယူတိုးဘီးယားမင်္ဂလာခန်းမမှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ ဖွင့်လှစ်မယ့် Rising Venus Hotel ရဲ့ ဖွင့်ပွဲအကြို ညှိနှိုင်းပွဲလေးကတော့ ဒီတစ်ပတ်ရဲ့ ဒုတိယပွဲလေးပေါ့။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ဟိုတယ်တည်ရှိရာ လမ်း ၇၀ နဲ့ ၇၁ လမ်းကြား၊ ယုဇနလမ်းနဲ့ ရွှေနှင်းဆီလမ်းကြား၊ ဝိုလ်ချုပ်ရွာမှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစားပြိုင်ပွဲတွေမှာ အောင်ပွဲတွေ ရရှိခဲ့တဲ့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အားကစားသမားတွေကို ဂုဏ်ပြုချီးမြှင့်ပွဲကတော့ မေလေးရဲ့ ဒီတစ်ပတ်ဆိုရှယ်အတွက် နောက်ဆုံးပွဲပါ။ မန္တလေးအမျိုးသားဇာတ်ရုံမှာ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ကျင်းပခဲ့တာဖြစ်ပါတယ်။ ကဲ ဒီတစ်ပတ်တော့ ဒီလောက်နဲ့ပဲ နှုတ်ဆက်လိုက်ပါတယ် ပရိသတ်ကြီးရေ။ . . ။

အားကစားသမားအား ဂုဏ်ပြုချီးမြှင့်ပွဲ

မြတ်သက်စုဝေဖြိုးနဲ့ ဧပြီစိုးသစ္စာ

အောင်ကိုဟန်နဲ့ ငြိမ်းချမ်းကိုကို

ဦးကျော်အေးနဲ့ ဦးဝေလင်းအောင်

စိန်သီဟအောင်နဲ့ထက်ဟန်ကျော်

စိုင်းလှိ၊ ဉာဏ်လင်းထွန်းနဲ့ ညီညီဖြိုး

ရောဝတီမြစ်၏ အဓိက ရေကြောင်းကျပ်သည့် နေရာများကို ယခုမတ်လကုန်တွင် အပြီးပြုပြင်မည်

ခင်ဆုဝေ

မန္တလေးတိုင်းဒေသကြီးတွင် ယခုလအတွင်း မြစ်ကြောင်းပြုပြင်မှုလုပ်ငန်းများဆောင်ရွက်နေစဉ်။

မန္တလေးတိုင်းဒေသကြီးရှိ မဖြစ်မနေ ပြုပြင်ရန်လိုအပ်သော ရောဝတီမြစ်၏ ရေကြောင်းကျပ်သည့်နေရာ ငါးနေရာကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနက ယခု ၂၀၁၃-၁၄ ဘဏ္ဍာနှစ် အကုန်ဖြစ်သော မတ်လတွင် မြစ်ကြောင်းပြုပြင်မှုများ အပြီးဆောင်ရွက်သွားမည်ဖြစ်သည်ဟု အဆိုပါဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းလှိုင်က ဆိုသည်။

ရောဝတီမြစ်ကြောင်း၏ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အပိုင်းတွင် ရေကြောင်းကျပ်သည့် နေရာ ၁၄ နေရာရှိသည့်အနက် မဖြစ်မနေ ပြုပြင်ရန်လိုသော ရေကြောင်းကျပ်သည့် နေရာများမှာ မီးသွေးတိုက်ရေလမ်း၊ ပုဏ္ဏားခြံရေလမ်း၊ ညောင်ရင်း ပုလဲတန်ရေလမ်း၊ ပတ္တားကျွန်းရေလမ်း၊ သစ်ထောက်ကျွန်းရေလမ်းတို့ ဖြစ်သည်။

"မတ်လအပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အခု ငါးနေရာစလုံး ဆောင်ရွက်နေပါတယ်။ ၂၀၁၃-၁၄ ဘတ်ဂျက်ဆိုပေမယ့် ဖေဖော်ဝါရီမှ စနိုင်တာပါ။ ဘာလို့ အစောကြီး မစနိုင်တာလဲဆိုတော့ ရေများရင်လည်း ကျွန်တော်တို့က အလုပ်လုပ်လို့ မရဘူး။ ရေနည်းရာသီမှ စအလုပ်လုပ်ရတာ ဖြစ်လို့ပါ" ဟု ၎င်းက ဆိုသည်။

"မီးသွေးခြံ ရေလမ်းကို ကုန်တင်ရေယာဉ်ကြီးများအသင်းနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ရေမြုပ်ကျောက်တွေကို ဖယ်ရှားတာ ဇန်နဝါရီ ၁၁ ရက်နေ့ကစပြီး ဖယ်ရှားဆောင်ရွက်တယ်။ အရင်တုန်းကထက်တော့ ပေ ၇၀၊ ၈၀ ပိုကျယ်သွားပြီ။ ပုဏ္ဏားခြံကျတော့ သဲစုပ်စက်လေ့ကြီးနဲ့ ဖယ်ရှားပေးခဲ့ပါတယ်။ သူက နှစ်လပိုင်း ၁ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပတ္တာကျွန်းရေလမ်းကျတော့ ဘက်ဖိုးဒရက်ချာ (သောင်တူးစက်) နဲ့ တူးပေးဖို့ စီစဉ်ထားပေမယ့် အခုမှ ညောင်ဦးက တက်လာပြီး သစ်ထောက်ကျွန်းနဲ့ လုပ်ပေးနေတဲ့အတွက် ပတ္တာကျွန်းကို သဲစုပ်စက်လေ့နဲ့ပဲ ချက်ချင်းဆောင်ရွက်ပေးထားတယ်" ဟု ဦးဝင်းလှိုင်က ဆိုသည်။

မန္တလေးတိုင်းဒေသကြီးမှ တာဝန်ယူဆောင်ရွက်သည့် ရောဝတီမြစ်ကြောင်းလမ်းတွင် အင်းနက်မှ စဉ့်ကူးအထိ ၂၈၈ မိုင်ရှည်လျားကာ ကချင်ပြည်နယ်ရုံးခွဲ မရှိခင်က ဗန်းမော်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။

ရေကြောင်းကျပ်ခြင်းကြောင့် ရောဝတီမြစ်၏ မန္တလေးရေလမ်းတွင် ၂၀၁၂ ခုနှစ်က ဆီသယ်ရေယာဉ်တစ်စင်း ကျောက်ငုတ်ဖြင့် တိုက်မိကာ နစ်မြုပ်ခဲ့သဖြင့် သိန်းထောင်ချီ ဆုံးရှုံးခဲ့သကဲ့သို့ ၂၀၁၃ ခုနှစ်တွင် ရေယာဉ် ခုနစ်စင်း ဝန်းကျင် ကျောင်ဆောင်ဖြင့် တိုက်မိခဲ့သည်ဟု ၎င်းကပြောသည်။

မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေး ဦးစီးဌာနက ရေစူးကန့်သတ်ချက်ကို ယခင်နှစ် ဒီဇင်ဘာ ၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဟသံတနှင့် ပြည်မြို့ကြားတွင် ရေစူးကန့်သတ်ချက် ငါးပေ ခြောက်လက်မ၊ ပြည်နှင့် မန္တလေးကြားတွင် ငါးပေ၊ မန္တလေးနှင့် ကသာကြားတွင် လေးပေ၊ ကသာနှင့် ဗန်းမော်ကြားတွင် သုံးပေ ကိုးလက်မ၊ ဆင်ဘိုနှင့် မြစ်ကြီးနားတွင် နှစ်ပေ၊ ခြောက်လက်မဖြစ်ကြောင်း ထုတ်ပြန်ထားပြီး ပုဂ္ဂလိက ရေယာဉ်များနှင့် အစိုးရဌာနအောက်ရှိ ရေယာဉ်များအနေဖြင့် ရေစူး ကန့်သတ်ချက်ကို လိုက်နာပြီး စည်ကမ်းတကျ ခုတ်မောင်းသွားလာကြရန် နှိုးဆော်ခဲ့သည်။ ■

နားမကြား ကျောင်း၌ ဆိုလာ နည်းပညာသင်မည်

မန္တလေးမြို့ရှိ နားမကြားကျောင်းမှ ကျောင်းသားများကို အမေရိကန်နိုင်ငံမှ အိုင်တီ နည်းပညာရှင်များက ဆိုလာ (solar) နည်းပညာများ လာရောက် သင်ကြားပေးမည်ဖြစ်ကြောင်း နားမကြားကျောင်း လူငယ်ပြုစုပျိုးထောင်ရေး ဥက္ကဋ္ဌ ဦးရဲအောင်တင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"ဒီကျောင်းကကျောင်းသားတွေကို လာမယ့် မတ်လမှာ လာရောက် သင်ကြားပေးမယ်။ ကျောင်းသားတွေ အကုန်လုံးတော့ မဟုတ်ဘူး။ အခုစဆွေးနွေးပါပြီ" ဟု ယခုလ ၁၃ ရက်နေ့တွင် ဦးရဲအောင်တင်က ပြောသည်။

အမေရိကန်နိုင်ငံက လာရောက်သင်ကြားပေးမည့်အဖွဲ့၊ ပါဝင်မည့်ပညာရှင်၊ သင်ကြားပေးမည့်ရက် စသည့်အကြောင်းအရာများကိုသိရှိရခြင်း မရှိသေးကြောင်းလည်း ဦးရဲအောင်တင်က ပြောသည်။

သင်ကြားမည့် ကျောင်းသားများတွင် နားမကြားကျောင်းမှ ကျောင်းသားများအပြင် ပုသိမ်ကြီးရှိ နည်းပညာတက္ကသိုလ်မှ ကျောင်းသားများလည်းပါဝင်ပြီး ကျောင်းသား ၁၀၀ ပါဝင်သင်ကြားမည်ဖြစ်သည်။ သင်ကြားမည့် အကြောင်းအရာများတွင် ဆိုလာပြားထုတ်လုပ်ပုံ၊ ပြန်လည်ပြုပြင်ပုံအပြင် အခြားအကြောင်းအရာများပါ သင်ကြားမည်ဖြစ်သည်။

အဆိုပါသင်ကြားမှုကို စွယ်တော်ဘုရားအနီးမှ ဖျောက်ဆိပ်ကုန်းကျေးရွာတွင်ပြုလုပ်မည်ဖြစ်သည်။ **မောင်စော်** ■

ကျေးလက်ဒေသ ထုတ်ကုန်များ ကုန်စည်ပြပွဲ ပြုလုပ်မည်

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနတို့ ပူးပေါင်းကာ ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန် အလားအလာရှိသော ထုတ်ကုန်များ ကုန်စည်ပြပွဲကို လာမည့် ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၂ ရက်နေ့အထိ သုံးရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲကို ၆၆ လမ်း၊ လမ်း ၂၀ နှင့် ၂၁ လမ်းကြားရှိ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်သွားမည်ဖြစ်ကာ ဆိုင်ခန်းပေါင်း ၁၀၀ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး အတွင်းရှိ အသင်းအဖွဲ့ ၁၅ ဖွဲ့နှင့် ပုဂ္ဂလိက ကုမ္ပဏီ ကိုးခုတို့က ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကုန်စည်ပြပွဲတွင် လက်ရက်ကန်းထုတ်ကုန်အမျိုးမျိုး၊ မီးသွေးမီးဖို၊ အိမ်သုံးမြေအိုးအမျိုးမျိုး၊ ရိုးရာဖျာများနှင့် သစ်ဝါးအခြေခံ တောင်း၊ ဆန်ကော၊ ဆန်ခါအမျိုးမျိုး၊ လယ်ယာသုံးပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အထည်ချုပ်လုပ်ငန်းနှင့် သိုးမွေးဆွယ်တာ ထုတ်ကုန်များ၊ သစ်သီးဝလံ၊ စားသောက်ကုန်အမျိုးမျိုး အစရှိသည်များကို အဓိကထားပြသသွားမည်ဖြစ်ပြီး ကားအရောင်းပြခန်း၊ ကျောက်မျက်ရတနာ အရောင်းပြခန်းများလည်း ပါဝင်မည်။ **ကြေးမုံဝင်း** ■

တစ်ပတ်အတွင်း သတင်းတိုထွာ

လိုင်စင်များလုပ်ပေးနေသော်လည်း ဆိုင်ကယ်အရောင်းဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်သာရှိ

ဆိုင်ကယ်စီးနင်းခွင့်ရသော တိုင်းဒေသကြီးများနှင့်ပြည်နယ်များအတွင်း လိုင်စင်မဲ့ဆိုင်ကယ်များကို ဖေဖော်ဝါရီ ၁၇ ရက်နေ့မှစ၍ တရားဝင်စီးနင်းခွင့်ရရန် လိုင်စင်များ လုပ်ဆောင်ပေးလျက်ရှိခဲ့ကြစဉ် တရုတ်ပြည်မှဆိုင်ကယ်များ မန္တလေးဈေးကွက်သို့ အလုံးအရင်းဖြင့်ဝင်ရောက်လာသော်လည်း ဈေးမှာ တည်ငြိမ်လျက်ရှိကြောင်း ဆိုင်ကယ်အရောင်းဈေးကွက်မှ တစ်ဆင့်သိရသည်ဟု ဖေဖော်ဝါရီလ ၂၄ ရက်နေ့ထုတ် ရွှေမန္တလေးသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

မတရားခြိမ်းခြောက်၍ ဝယ်ယူသွားသော လယ်မြေများ ဝယ်ဈေးအတိုင်းပြန်အမ်း၍ ပြန်ရချင်သည်ဟု တောင်သူများကဆို

မန္တလေး- စစ်ကိုင်းကားလမ်း ကမ်းနားလမ်းအနီးရှိ ရှမ်းကလေးကျွန်းကျေးရွာမှ တောင်သူများအား ၎င်းတို့လုပ်ကိုင်နေသော လယ်မြေများသည် စီမံကိန်းဧရိယာအတွင်း ပါဝင်နေသည်ဟုပြောကာ ခြိမ်းခြောက်၍ ရောင်းခိုင်းသောကြောင့်လယ်မြေများကို မတန်တဆဈေးဖြင့်ရောင်းလိုက်ရကြောင်း၊ ယခုအခါစီမံကိန်းဧရိယာအတွင်းမပါ၍ ရယူထားသောငွေများကိုပြန်ပေးပြီး မိမိတို့ လယ်မြေကိုပြန်လိုချင်ပါကြောင်း၊ ပြန်လည်ရယူလိုမှုအတွက် နိုင်ငံတော်သမ္မတရုံးမှ အစပြု၍ အောက်ခြေအထိ အဆင့်ဆင့် တင်ပြတိုင်ကြားထားပါကြောင်း ရှမ်းကလေးကျွန်းကျေးရွာတွင် မိဘလက်ထက်မှစ၍ ဓားမဦးချလုပ်ကိုင်လာသူ တောင်သူ ဦးတင်စိုးကပြောသည်ဟု ဖေဖော်ဝါရီလ ၂၄ ရက်နေ့ထုတ်ရွှေမန္တလေးသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

မန္တလေးဘူတာကြီးရှေ့ ဝန်ထမ်းဆိုင်ကယ်များထားသည့်နေရာ အပေါ့စွန့်နေရာဖြစ်လျက်ရှိ

မန္တလေးဘူတာကြီးသည် နိုင်ငံတကာအဆင့်မီ ဘူတာကြီးတစ်ခုဖြစ်လျက်ရှိပြီး မြေညီထပ်နှင့် အပေါ်ထပ်များတွင် ဈေးဆိုင်ခန်းများ၊ စားသောက်ဖွယ်ရာ ဆိုင်များ၊ စက်ဘီး၊ ကား၊ ဆိုင်ကယ်ရပ်နားနေရာများ၊ သန့်စင်ခန်းများဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော ဘူတာကြီးဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်ထားရာ ဘူတာကြီးအတွင်း သန့်စင်ခန်းများစွာရှိသော်လည်း စည်းကမ်းမဲ့သူအချို့သည် ဘူတာကြီးရှေ့ ဝန်ထမ်းဆိုင်ကယ်များထားရာတွင် အပေါ့စွန့်သွားလာကြသောကြောင့် အနံ့အသက်များ နံစော်နေပြီး မြင်၍ပင်မကောင်းကြောင်း ဈေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်ဟု ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် အထက်မြန်မာမန္တလေးသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။ ■

စာပေစျေးကွက် ကဏ္ဍ

ခရီး နိုင်ငံရေး

ဖြိုးဝေကျော်



စာဖတ်ပရိသတ်တွေအနေနဲ့ စာရေးဆရာ နေဝင်းမြင့်က စာအုပ်ထဲကနေတစ်ဆင့် ခေါ်ဆောင်ပြတဲ့ ခရီးစဉ်အဖုံဖုံဆီကို မငြင်းတမ်း စိတ်ပါလက်ပါ စီးမျောလိုက်ပါသွားမိစေမယ့် ခရီးသွားဆောင်းပါးတွေကို စုစည်းထားတဲ့ စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါတယ်။

မြန်မာပြည်ရဲ့ နေရာဒေသအနှံ့က စိတ်ဝင်စားစရာကောင်းတဲ့ ရိုးရာဓလေ့တွေ၊ လွမ်းမောစရာ ပျော်ရွှင်ကြည်နူးစရာ ရှုခင်းရှုကွက်တွေ၊ ချစ်စရာကောင်းတဲ့ နယ်ခံတွေရဲ့ အကျင့်စရိုက်တွေ. . စတာတွေဟာ ဆရာနေဝင်းမြင့်ရဲ့ သေသပ်အားကောင်းတဲ့ စကားလုံးရွေးချယ်မှုနဲ့ တင်ပြပုံတို့ကြောင့် ဆောင်းပါးတိုင်းဟာ သူ့အလှနဲ့သူ အရောင်စုံ ပေါ်လွင်နေပြီး ခရီးစဉ်အတော်များများကို လိုက်ပါခွင့်ရမှာဖြစ်တာကြောင့် ခရီးထွက်ရတာကို နှစ်သက်တဲ့၊ ခရီးသွားဆောင်းပါးတွေကို နှစ်သက်တဲ့ စာဖတ်သူတွေ စိတ်ကျေနပ်မှုရကြမှာပါ။

စာအုပ်မှာ ဆောင်းပါးပေါင်း ၃၅ ပုဒ်အထိ အားရပါးရ ပါဝင်ထားပါတယ်။ ရှေ့ပိုင်းမှာ 'ဆီးနှင်းပြိုက်ကျ တောင်ကုန်းများ'၊ 'မြိုင်စေ့း'၊ 'နှင်းတမြူးမြူး ထင်းရှူးတောများ'၊ 'ဖက်တော'၊ 'ပခန်းနှင့် ရေကြို'၊ 'ထန်းဆော်လေ'၊ 'ဆမိတ်ခုံသို့ ဆုတ်ခွာခြင်း'၊ 'မန္တလေး ပိတောက်'၊ 'စလင်း၌ မြင်းလှည်းစီးခြင်း'၊ 'ဟုမ္မလင်းရေဆိပ်'၊ 'ကဆုန်နယုန် ဆွေ့ဆွေ့ခုန်'၊ 'အောင်မိုးလမ်းခွ'၊ 'မဲတော'၊ 'မြိုင်သို့အဝင်'၊ 'မင်းလှ၊ ငွေးချောင်း၊ မြင်းခြံ၊ သပြေ တန်း၊ ဂေါဝိန်'၊ 'ရန်ကုန်'၊ 'ပခုက္ကူ၌ လက်ဖက်ရည်သောက်ခြင်း' တို့ ပါဝင်ထားပါတယ်။ ဆရာနေဝင်းမြင့်ဟာ ဆရာမြသန်းတင့်အပါအဝင် တခြားစာရေးဆရာတွေနဲ့အတူ နယ်စုံကို စာပေဟောပြောပွဲတွေထွက်ရင်း အမှတ်တရဖြစ်ခဲ့ရတဲ့ ပုံရိပ်တွေလည်း ဒီစာအုပ်ထဲမှာ မြင်ခွင့်ရတာဟာလည်း နှစ်သက်စရာပါပဲ။

"နိုင်ငံရေးအစစ်ဟာ ခရီးတွေသွားမှ မြင်ရတယ်၊ ကြားရတယ်။ ခရီးသွားရင်း တွေ့ရကြုံရသူတွေကိုကြည့်ရင် သူတို့မှာ ဘယ်လိုဖုံးကွယ်ထားမှုမှ မပါဘူး၊ ဘယ်လိုဟန်ဆောင်မှုမျိုးမှ မပါဘူး၊ ဘယ်လိုပယောဂမှ မပါဘူး။ သည်လို မပါတဲ့အတွက် သူတို့ဆီက အမှန်တရားကို ရှင်းရှင်းလင်းလင်းရနိုင်တယ်။ ကိုယ်တိုင် ခရီးတွေသွားမှ လူတွေရဲ့ဘဝတွေ၊ အရောင်အဆင်းတွေ၊ အပြောအဆို အသုံးအနှုန်းတွေကို နီးနီးကပ်ကပ် ကြားနိုင်တယ်၊ မြင်နိုင်တယ်။

"ခရီးသွားရင်း အခွင့်သာလာရင် သူတို့နဲ့ စကားပြောရမယ်၊ သူတို့မှာ ဘယ်လိုစရိုက်ရှိသလဲ၊ သူတို့ ဘယ်လိုဝတ်ကြစားကြသလဲ၊ သူတို့ ဘယ်လိုခံစားနေကြသလဲ၊ သူတို့ ဘာတွေကို ကျေနပ်ပြီး ဘာတွေကို မကျေမနပ်ဖြစ်နေကြသလဲ။ ဒါတွေက သူတို့ဆီရောက်မှ သိနိုင်တာမျိုးပဲ။ သူတို့နဲ့ စကားပြောမှ သိနိုင်တာမျိုးပဲ။ သူတို့ရဲ့ဘဝနေနည်းဟာ ရိုးရှင်းတဲ့အတွက် ကျွန်တော်တို့က ရဲရဲကြီးယုံကြည်နိုင်တယ်။ ဒါကြောင့် ခရီးတွေ သွားကြရမယ်။ ခရီးတွေသွားမှ ဖြစ်ပျက်နေတာတွေကို သိမှာပေါ့။ ဒါနိုင်ငံရေးပဲ"ဆိုတဲ့ ဆရာ မြသန်းတင့်ရဲ့ ခံယူချက်ကို စာအုပ်အမှာစာမှာ ဖော်ပြထားတာနဲ့အတူ ခရီးထွက်လေရာမှာ ဒေသခံလူအမျိုးမျိုးနဲ့ တွေ့ဆုံမှတ်သားထားတဲ့ ဆရာ့ရဲ့ 'အကျင့်ကောင်း'ကို ဆောင်အပ်တယ်လို့ ယုံကြည်ခဲ့တဲ့ အလျောက် မြင်သမျှ ထင်သမျှကို ခရီးစာ တိုတိုနုံနုံ ရေးဖြစ်ခဲ့တယ်လို့ ဆရာနေဝင်းမြင့်က ဆိုထားပါတယ်။

ဒေသအသီးသီးရဲ့ အလှတွေနဲ့ မြန်မာတွေရဲ့ ချစ်စရာဓလေ့စရိုက်တွေ ထုံမွမ်းနေတဲ့ မြင်သမျှထင်သမျှ ခရီးစာတွေအဖြစ် စာအုပ်နောက်ပိုင်းမှာ 'ဆားလင်းကြီး'၊ 'နတ်မောက်'၊ 'မြေနီယာခင်းများ'၊ 'ကျေးလက်ဒုံးချင်း'၊ 'အမေရွာ ကုန်းဇောင်း'၊ 'ကုတ္တိုဠ၊ ဆတ်သွား၊ မင်းဘူး'၊ 'မူးလမ်း'၊ 'ပဲသိမ်းခိုန်'၊ 'တစ်ခါသီ, သည်'၊ 'တောစေ့း'၊ 'ကောလင်း'၊ 'ဝန်းသို့'၊ 'မုဆိုခြဲ'၊ 'ဘုရားပွဲကို လှည်းနဲ့ဆို'၊ 'စစ်ကိုင်း'၊ 'မြစ်ဆုံ'၊ 'ဒွေးလေးတို့ အိမ်'နဲ့ 'နမ့်ခမ်း'တို့ကို တွေ့ကြရမှာပါ။

စာအုပ်စင်ပေါ်မှာ ဆောင်ထားပြီး စာရေးဆရာနဲ့အတူ အချိန်ယူခရီးသွားရင်း တစိမ့်စိမ့် ဖတ်သင့်တဲ့ ဒီစာအုပ်ကို ဥဒယကျေးရွာစာပေကနေ ၂၀၁၃၊ နိုဝင်ဘာလမှာ ပထမအကြိမ် အုပ်ရေ ၅၀၀ ထုတ်ဝေထားပြီး တန်ဖိုး ကျပ် ၃,၀၀၀ ဖြစ်ပါတယ်။ ■

မတူညီသည့် စုတ်ချက်များဖြင့် ပန်းချီဆရာငါးဦး၏ ပြပွဲကျင်းပ

ကျော်ကိုကို

ပြပွဲတွင် ပြသထားသော ဆရာဒဂုန်တာရာ၏ ပန်းချီကားကို စိတ်ဝင်တစားကြည့်ရှုနေသူ တစ်ဦး။ ဓာတ်ပုံ - စည်သူလွင်

ပန်းချီဆရာငါးဦး၏ မတူကွဲပြားသည့် စိတ်ခံစားချက်များဖြင့် ရေးဆွဲထားသော ပန်းချီကားများ ပြပွဲကို မန္တလေးမြို့ ၆၉ လမ်းနှင့် ၃၇ လမ်းထောင့်ရှိ အလင်းတံခါး အနုပညာပြခန်းတွင် ယခု လ ၂၅ ရက်မှ ၂၈ ရက်နေ့အထိ ပြသခဲ့ကြသည်။

အဆိုပါပြပွဲတွင် ပန်းချီဆရာ မင်းမင်းလတ်၊ ဇာနည်၊ မျိုးဇင်၊ ကျော့နှင့် အေးအေးအောင်တို့က ၎င်းတို့၏ စိတ်ကူးပန်းချီကား ၇၅ ကား ကျော်ကိုပြသခဲ့ကြသည်။

"မဆွဲခင်ကတည်းက ဘယ်လိုပုံစံဖြစ်အောင် ဆွဲမယ်ဆိုပြီး စဆွဲခဲ့တာမဟုတ်ဘူး။ စဆွဲတဲ့ အချိန်ရဲ့ စိတ်ခံစားချက်အရ ရေးဆွဲခဲ့တဲ့ ပန်းချီကားတွေပါ။ အခု ပန်းချီဆရာငါးဦး ပူးပေါင်းပြသတာ ပထမဦးဆုံးအကြိမ်ပါပဲ"ဟု ပန်းချီဆရာကျော့က ပြောသည်။

ပြပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ပန်းချီပညာရပ်ဆိုင်ရာများ ပူးပေါင်းရေးဆွဲထားသော ပန်းချီကားများအပြင် သဘာဝရှုခင်းများ၊ ခေတ်ပေါ် ပန်းချီဖန်တီးမှုများနှင့် နာမည်ကြီး လူပုဂ္ဂိုလ်များ၏ ပုံတူများ ရေးဆွဲပြသခဲ့ကြသည်။

"ကျွန်တော် ရေးဆွဲခဲ့တဲ့ကားတွေကတော့ စီးရီးလိုက် ရေးထားတဲ့ကားတွေပါပဲ။ ရိုးရာယဉ်ကျေးမှုနဲ့ ခြင်္သေ့ပုံစံ၊ ဒေါင်းပုံစံ၊ ဟင်္သာပုံစံလေးတွေနဲ့ ပေါင်းစပ်ပြီး ရေးဆွဲထားတာပါ။ အခုလို စီးရီးလိုက် ပြသခဲ့တာ ငါးကြိမ်မြောက် ရှိခဲ့ပါပြီ"ဟု ပန်းချီဇာနည်က ဆိုသည်။

အလင်းတံခါး အနုပညာပြခန်း၌ မန္တလေးမြို့မှ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံပြပွဲများ၊ ဗီဒီယိုမှတ်တမ်းပြကွက်များ ပြသနေသည့်အပြင် နိုင်ငံတကာ အနုပညာဆွေးနွေးပွဲများကိုလည်း ကျင်းပလေ့ရှိသည့် အနုပညာ ပြခန်းတစ်ခုဖြစ်သည်။ ■

လူမှုရေးအဖွဲ့များစုပေါင်း၍ သမီးကလေးရွာသားများကို လှူဒါန်းမည်

ပညာတံခွန် လူမှုကွန်ရက်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြားလူမှုရေးအဖွဲ့များ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် သမီးကလေးကျေးရွာမှ ဖယ်ရှားခံရသော ပြည်သူများအား အထောက်အပံ့ပစ္စည်းများ သွားရောက်လှူဒါန်း မည်ဖြစ်ကြောင်း သိရသည်။

"မတ်လ ၆ ရက်နေ့မှာ သွားပြီး လှူဒါန်းဖို့ စီစဉ်ထားပါတယ်။ အဓိက ကတော့ အဝတ်အစား၊ အစားအသောက်နဲ့ နေထိုင်စရာအတွက် မိုးကာတွေကို လှူဒါန်းပါမယ်" ဟု ပညာတံခွန် လူမှုကွန်ရက် အမှုဆောင် ဦးမြင့်အောင်မိုးကပြောသည်။

ယင်းသို့ လှူဒါန်းရခြင်းမှာ လူသားချင်းစာနာထောက်ထားသောကြောင့်ဖြစ်သည်ဟု ၎င်းကပြောသည်။

"ဟိုမှာ တကယ် လိုအပ်နေတာက မိုးကာတွေပါ။ ဒါကြောင့် အလှူခံလို့ရသမျှငွေကို မိုးကာနဲ့ ဆေးဝါးတွေ အဓိကဝယ်ဖို့လည်း စီစဉ်ထားတယ်"ဟု ဦးမြင့်အောင်မိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ သမီးကလေးကျေးရွာကို တပ်မတော်ပိုင်မြေဟု ဆိုကာ ဖေဖော်ဝါရီလ ၄ ရက်နေ့က အင်အားသုံးဖယ်ရှားခံရသဖြင့် အိမ်ထောင်စု ၁၅၀ ကျော် နေအိမ်မဲ့ဖြစ်ခဲ့ရသည်။

သန်းနိုင်စိုး ■

ဦးကျော်အောင်ဆန်း (ရန်ကုန်တက္ကသိုလ် ဆရာဟောင်း) နှင့် ဒေါ်ရတနာမိုး (နည်းပညာတက္ကသိုလ် ဆရာမဟောင်း)
တည်ထောင်အုပ်ချုပ်သင်ကြားလေ့ကျင့်ပေးနေသော PEC ပညာရှိဝင်သာ
PROFESSIONALS' EDUCATION CENTRE
Top-Ten, All-D နှင့်မြန်မာတစ်နိုင်ငံလုံးသချာ်အိုလံပစ်ဆုရကျောင်းသားကျောင်းသူများပွေ့ဆုတ်ပေးထားသော PEC
PEC ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် PEC ပညာရှိဝင်သာ (မန္တလေး)
မှတ်ပုံတင်အမှတ် (ကက - ၁၀/၀၄/၀၃၈)
ကျောင်းဆောင်(၀) ကျောင်းဆောင်(၂) အဆောင်(၁) အဆောင်(၂) အဆောင်(၃) အဆောင်(၄)
ဝင်ငွေကမ္ဘာ့ကျော်ကြားမှုများ
မြန်မာတစ်နိုင်ငံလုံး Top Ten (၁) ယောက်
မြန်မာနိုင်ငံ သမိုင်းတိုင်းပစ် တစ်နိုင်ငံလုံးတစ်ဝိယ (၁) ယောက်
၆ ဘာသာဝင်္ကထွန်းရှင် (၁၂) ယောက်
၅ ဘာသာဝင်္ကထွန်းရှင် (၁၃) ယောက်
၄ ဘာသာဝင်္ကထွန်းရှင် (၂၆) ယောက်
၃ ဘာသာဝင်္ကထွန်းရှင် (၃၆) ယောက်
၂ ဘာသာဝင်္ကထွန်းရှင် (၅၃) ယောက်
၁ ဘာသာဝင်္ကထွန်းရှင် (၁၀၄) ယောက်
စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို အကောင်းဆုံးလေ့ကျင့် သင်ကြားပေးရာရောက်ရာ PEC ပညာရှိဝင်သာ
ကျွမ်းကျင်မှု၊ ဂါသနာ၊ ဇစတနာဖြင့် တည်ထောင်အုပ်ချုပ် သင်ကြားလေ့ကျင့်ပေးသောဓနရာ PEC ပညာရှိဝင်သာ
လူသန့်ဉာန်၊ နေရာသန့်ဉာန်နှင့် ထိထိရောက်ရောက် သင်ကြားလေ့ကျင့်ပေးမည့်ဓနရာ PEC ပညာရှိဝင်သာ
ဝိဘာဇိဝ်ကဲ့သို့ ဓနဖွား လုံးဖြိုးမှုရှိသောဓနရာ PEC ပညာရှိဝင်သာ
ကျောင်းလခ လစဉ်သွင်းစနစ်ဖြင့် လက်ခံသော PEC ပညာရှိဝင်သာ
သင်ယူနိုင်သည့်သင်တန်းများ
■အဆင့်မြင့်ဓောဒ်ဖါ၊ ■Semi ဓောဒ်ဖါ၊ ■Day School
၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက်ဝင်ရောက်ခွင့်အား လက်ခံနေပါပြီ။ လူငြိမ်းဧရိယာတို့၏ သားသမီးများ ပညာဓရေးအတွက်ဝိသေသရောက်စိုးရိမ်နေသူများအနေဖြင့် အခွင့်အရေးမှန်သမျှ ယခုပင် စီစဉ်ဆောင်ယူနိုင်ပါသည်။
သင်တန်းကျောင်း - အမှတ် ဆဆ/ဝ/၄၆၊ ၅၉လမ်း × အောင်ဆန်းလမ်းဒေါင့်၊ ချမ်းမြသာစည်ပြိုနယ်၊ မန္တလေးမြို့
Ph: 09-5127007, 09-421744228, 09-91003859, 09-402594781,09-402594782, 09-91018952,

အမှန်တရားပေါ်သော်လည်း အရေးယူမှု မရှိသောကြောင့် တရားဝင်ဆန္ဒဖော်ထုတ်ခွင့် တောင်းမည်

လှိုင်ကျော်စိုး

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွှေမင်းဝံရပ်ကွက်အတွင်းရှိ အမှတ် (၂၄) ပြည်သူပိုင်လမ်းမကြီးကို မြေပေးအမိန့်အတုဖြင့် ခြံခတ်ရောင်းစားသည့် ပူးပေါင်းပါဝင်သူများကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးတွေ့ရှိခဲ့သော်လည်း အရေးယူမှု မပြုလုပ်သောကြောင့် တရားဝင်ဆန္ဒဖော်ထုတ်ခွင့် တောင်းဆိုသွားမည် ဖြစ်ကြောင်း ရွှေမင်းဝံ ရပ်ကွက်နေပြည်သူများကပြောသည်။

ပြည်သူပိုင်လမ်းမကြီးကို ခြံခတ်ရောင်းစားသည့် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရောင်းသူ၊ ဝယ်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းဝန်ထမ်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် သဘောရှိသည်ဟု စစ်ဆေးရေးအဖွဲ့က သုံးသပ်ထားပြီး လမ်းမြေအဖြစ်သာထားရှိသင့်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသော်လည်း ယနေ့အချိန်အထိ အရေးယူမှုမရှိသောကြောင့် တရားဝင် ဆန္ဒဖော်ထုတ်ခွင့်နှင့် နိုင်ငံတော် သမ္မတနှင့်တကွ သက်ဆိုင်ရာဌာနအသီးသီးထံသို့လည်း အရေးယူပေးရန် တောင်းဆိုထားကြောင်း ရွှေမင်းဝံရပ်ကွက်တွင် နှစ်ပေါင်း ၂၀ နေထိုင်သူ ဦးစိုးဦးက ယခုလ ၂၃ ရက်နေ့ ရှင်းလင်းပွဲတွင်ပြောသည်။

"ပြည်သူပိုင်လမ်းကိုရောင်းစားတာ လမ်းပြန်ရဖို့ တောင်းဆိုတာတွေ ပြည်သူတွေပဲ အလုပ်ရှုပ်ရတယ်။ ရောင်းစားတဲ့လူတွေက အေးဆေးပဲ။ ပြည်သူတွေကိုတော့ အကြိမ်ကြိမ်အခါခါ စစ်တယ်။ မေးတယ်။ အမှုမှန်ပေါ်တော့လည်း အခုအချိန်ထိ အရေးမယူတာ တရားဥပဒေ စိုးမိုးမှု မရှိတော့ဘူးလား။ ပါဝင်ပတ်သက်သူတွေကို အရေးမယူတာ ဘာကြောင့်လဲ မေးချင်တယ်"ဟု ၎င်းက ပြောသည်။

အဆိုပါလမ်းအား ခြံဝင်းခတ်ထားခြင်းကို ပြန်လည်၍ ခြံစည်းရိုးများကို ဖယ်ရှားပေးခဲ့သော်လည်း အရေးယူခြင်းမရှိကြောင်း၊ အရေးယူမှုမရှိသည့်အတွက် ဒေသခံပြည်သူများက ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အင်အား ၁၀၀ ဖြင့် ဆန္ဒပြတောင်းဆိုခဲ့သော်လည်း အရေးယူခြင်းမရှိသေးကြောင်း၊ တရားဝင်သုံးကြိမ်စစ်ဆေးသော်လည်း အရေးမယူသည့်အတွက် ဆက်လက် တရားဝင်ဆန္ဒပြခွင့် တောင်းဆို သွားမည်ဖြစ်ကြောင်း ရွှေမင်းဝံရပ်ကွက်မှ ဦးညီညီလွင်က ပြောသည်။

"အခုဆန္ဒပြဖို့ တောင်းဆိုတာ သုံးကြိမ်ရှိပြီ။ ဘာလို့တောင်းဆိုတာလဲ မေးရင် တရားဥပဒေ စိုးမိုးချင်လို့။ အမှန်တရားပေါ် ပေါက်တာတောင် အရေးမယူနိုင်တာ ဘာကြောင့်လဲလို့ သမ္မတကြီးကို မေးချင်တယ်။ အခုလည်းအင်အား ၂၀၀ လောက်နဲ့ ဆန္ဒပြဖို့တောင်းဆိုထားတယ်။ အရေးမယူမချင်း တရားဝင်ဆန္ဒပြဖို့ တောင်းဆိုသွားမယ်" ဟု ၎င်းကပြောသည်။

မြို့နယ်စုံစမ်းစစ်ဆေးရေးကော်မတီ၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ သုံးသပ်အကြုံပြုချက်တွင် စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၏ မြေနေရာချထားပေးရာတွင် မြေပေးမိန့်များနှင့် စာရင်းဇယားမှတ်တမ်းများမရှိခြင်းကို အခြေပြု၍ သံသယဖြစ်ဖွယ် မြေပေးမိန့်ကို ရောင်းသူ၊ ဝယ်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းဝန်ထမ်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် သဘောရှိသည်ဟု သုံးသပ်ရရှိသဖြင့် လမ်းမြေအဖြစ်သာထားရှိသင့်ကြောင်းနှင့် သံသယဖြစ်ဖွယ် မြေပေးမိန့်အား ပယ်ဖျက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်းပါဝင်သည်။

ထို့ပြင် ဤဖြစ်စဉ်၌ မလုပ်သင့်သောငွေပေးငွေယူကိစ္စရပ်များအပြင် စာရွက်စာတမ်းအတု ဖန်တီးမှုပါရှိနိုင်သဖြင့် လွန်စွာ အရေးကြီးသော ကိစ္စရပ်ဖြစ်ရာ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် အဓိကတရားခံအား ဖော်ထုတ်နိုင်ရေးတို့အတွက် ဤအဖွဲ့အနေဖြင့် စစ်ဆေးဖော်ထုတ်နိုင်ရန် ကျွမ်းကျင်မှုအခက်အခဲရှိပါသဖြင့် စစ်ဆေးရေး ကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် အထူးဖွဲ့စည်းတာဝန် ပေးအပ်သင့်ကြောင်း အကြံပြုတင်ပြထားသည်ဟု ၎င်းတို့က ကော်မတီ၏ အစီရင်ခံကို ပြောသည်။

အဆိုပါ လမ်းမြေသည်ရွှေမင်းဝံရပ်ကွက်နှင့် ပတ္တမြားရပ်ကွက်ကို ဆက်သွယ်ပေးထားသော အဓိကလမ်းဖြစ်ပြီး ရပ်ကွက်နေပြည်သူများအတွက် အဓိကအားထားရသောလမ်းဖြစ်ကြောင်း ၎င်းတို့ကရှင်းလင်းပွဲတွင် ပြောသည်။ ■

ရွှေမင်းဝံရပ်ကွက်နေပြည်သူများက ပြည်သူပိုင်လမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားနေစဉ်။ ဓာတ်ပုံ - လှိုင်ကျော်စိုး

နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အင်္ဂလိပ်စာ သင်ကြားလေ့လာမှု မြှင့်တင်ရန် လိုအပ်ဟုဆို

စည်သူလွင်

အမေရိကန်နှင့် မြန်မာနိုင်ငံ ချစ်ကြည်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နှစ်နှစ်တာ ကာလ အင်္ဂလိပ်စာသင်တန်းများ သင်ကြားပို့ချပေးနေခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ပြည်သူ့ဆက်ဆံရေးအရာရှိ Mr Satrajit Sardar က ပြောသည်။

ယခုလ ၁၅ ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီး စစ်တိုင်းတောင်ရိုးရှိ IBEC ဗုဒ္ဓဘာသာ ပညာရေးစင်တာကျောင်းနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၃-၁၅ ခုနှစ် အင်္ဂလိပ်စာသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

"နှစ်နိုင်ငံ ပူးပေါင်းဆက်ဆံရေးအတွက် အင်္ဂလိပ်စကားဟာ အလွန်မှ အရေးပါပါတယ်။ နိုင်ငံတကာမှာလည်း အင်္ဂလိပ်စကားကိုပဲ အသုံးပြုကြပါတယ်။ အစိုးရနဲ့ ပြည်သူလူထုအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းတွေ အောင်မြင်နိုင်ဖို့ဆိုရင်လည်း အင်္ဂလိပ်စကားက အလွန်အရေးပါနေပါတယ်။ အခု ကျွန်တော်တို့သင်တန်းပေးတဲ့ လူငယ်တွေက တစ်နေ့မှာ နိုင်ငံရဲ့ ခေါင်းဆောင်တွေ၊ ပါမောက္ခတွေ၊ ဆရာဝန်တွေနဲ့ နိုင်ငံ့ဂုဏ်ဆောင်တဲ့သူတွေဖြစ်လာနိုင်ဖို့အတွက် အခုလိုပူးပေါင်းဆောင်ရွက်ရခြင်း ဖြစ်ပါတယ်"ဟု ပြည်သူ့ဆက်ဆံရေး အရာရှိ Mr Satrajit Sardar က ပြောသည်။

IBEC ဗုဒ္ဓဘာသာ ပညာရေးစင်တာကျောင်းနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်းပြီး အင်္ဂလိပ်စာ သင်တန်းကို ၂၀၁၁-၁၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုဖွင့်လှစ်ပေးသော သင်တန်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း IBEC ဗုဒ္ဓဘာသာ ပညာရေးစင်တာ၏ ကျောင်းအုပ်ဆရာတော် ဦးသောဘိတက မိန့်ကြားခဲ့သည်။

"ပထမနှစ်တုန်းက ကျောင်းသား ၄၀ ကို သင်တန်းဆင်းလက်မှတ်တွေ ပေးနိုင်ခဲ့တယ်။ အမေရိကန်သံရုံးအနေနဲ့ တစ်နေရာမှာ နှစ်နှစ် သင်တန်းပဲ ပေးတာပါ။ ဘုန်းကြီးရဲ့ တောင်းဆိုမှုနဲ့ အခု ဒုတိယအကြိမ် ထပ်ပြီးသင်တန်းပေးတယ်။ တောင်းဆိုရတဲ့အကြောင်းကတော့ နိုင်ငံတကာ အသိအမှတ်ပြုတဲ့ သင်တန်းဆင်းလက်မှတ်ရဖို့အတွက်ပါ။ သင်တန်းဆင်းသွားတဲ့ ကျောင်းသူ၊ ကျောင်းသားတွေထဲကမှ ထူးချွန်တဲ့ ကျောင်းသား ခြောက်ယောက်ကိုလည်း အမေရိကန်နိုင်ငံကို ပညာတော်သင်လည်း လွှတ်ပေးတယ်"ဟု ဆရာတော် ဦးသောဘိတက ဆက်လက်မိန့်ကြားသည်။

IBEC ဗုဒ္ဓဘာသာ ပညာရေးစင်တာကျောင်း စတင်ဖွင့်လှစ်ခဲ့သည့်မှာ ခြောက်နှစ်တိုင်ရှိခဲ့ပြီဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း အင်္ဂလိပ်စာသင်တန်းများ၊ ကွန်ပျူတာ သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သံဃာများ၊ သီလရှင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများကို ဖိတ်ကြားပြီး ဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှုသင်တန်းကိုလည်း ပေးလျက်ရှိရာ ငါးနှစ်မြောက်ခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင် သင်တန်းသား ၇၀ ဦး ခန့်အထိ ဖိတ်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ ■

ဆရာတော် ဦးသောဘိတနှင့် ပြည်သူ့ဆက်ဆံရေးအရာရှိ Mr Satrajit Sardar **တို့ကို တွေ့ရစဉ်။** ဓာတ်ပုံ - စည်သူလွင်

MANDALAY QuickGuide
Advertising Hotline:
02 65391 | 02 74585
www.mmtimes.com

တော်ဝင်စိန်တိုက်
အမှတ်- ၂၅၃၊ ၆၆-ဒေလမ်းရဲ ၂×ဝဲ့လမ်းကြား၊ မန္တလေး။
၀၉-၆၂၃၃၃၃၊ ၂၃၁၁၁၃၀၂၊ ၀၉-၆၃၃၃၀၂၊ ၀၂-၂၃၃၃၀

အောင်သမာဓိ
စိန်ဖျေရတနာဆိုင်
(1) :89th st, Bet 21st & 22nd st,MDY Ph :02-39730, 02-71744
(2): No.116, 84th st, Bet: 29th& 30th st, MDY. Ph : 02-66785
(3): No.55, 29th st (Lower block), YGN. Ph : 01-389922, 01-374488
(4): 14th St, Bet 87th & 88th St, MDY. Ph : 02-73108

ဝိန်ဓိစိန် စိန်ရတနာဖျေဆိုင်
အမှတ်(၃၅)၊ ရတနာပုံဆယ်လောင်းမန္တလေးမြို့၊ ၂-၂၄၆၂
အမှတ်(၉၁)၊ ရတနာပုံ ၂၉လမ်းကြားရတနာမန္တလေးမြို့၊ ၀၂-၆၄၂၂
အမှတ်(၃၇၂)၊ ၂၇လမ်းရတနာပုံလှည်းတန်းကြားမန္တလေးမြို့၊ ၀၂-၆၇၂၂

Mount Pleasant Hotel
For more information , Please contact to
Tel; 067-431155 (16 lines)
067-431133
H.P: 09-8586902,8586903
Fax: 067-431133,431144

စိန်စမွယ်ဖူး
စိန်တိုက်
အမှတ်(၁၆၉)၊ ၃၉ လမ်း၊ ၃၀-၃၂ ကြား၊ မန္တလေး
၀၂-၃၃၇၇၄၊ ၀၂-၆၉၃၀၂၊ ၀၉-၂၀၀၉၃၊ ၀၉-၂၀၀၆၅၂
Email : diamondsabai@myanmar.com.mm
www.seinsabaiphoo.com

ပွင့်ရတနာ
စိန်ဖျေရတနာဆိုင်
ယခင်ဂျွန်း-အမှတ်(၂၃၃)၊ ၂၈လမ်း၊ ၃၃-၃၄ ကြား၊ မန္တလေး
ထုတ်လုပ်သောင့်၊ မန္တလေးမြို့။ ✆ ၀၂-၃၃၇၇၆၊ ၀၉-၂၁၀၇၇၀၃၀
၀၉-၂၀၃၀၁၂၄၊ ၀၉-၂၁၀၇၇၀၃၀

ယဉ်သူထိုက် ပိုးထည်
အမှတ်(၁၀၀/၅၅)၊ ၈၀လမ်း၊ ၂၅ × ၂၆လမ်းကြား၊ ၈၂ လမ်း၊ ၂၆ × ၂၇လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၂၀၀၀၂၂၊ ၀၉-၄၂၀၀၀၂၃

ရွှေသုန္ဒရီ
အထည်ဆိုင်
အမှတ်(၁၀၀/၅၅)၊ ၈၀လမ်း၊ ၂၅ × ၂၆လမ်းကြား၊ ၈၂ လမ်း၊ ၂၆ × ၂၇လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၂၀၀ ၂၇၃၉၊ ၀၉-၉၂၁၀၀၅၂

သဇင်နွယ်
မြန်မာ့ရိုးရာ ယက္ကန်းပိုးထည်နှင့် ချည်ထည်အမျိုးမျိုး
ဦးပိန်တံတားအနောက်တံတားဝင်း၊ အမရပူရမြို့။
၀၉-၂၀၁၆၂၂၊ ၂၀၁၆၂၃၃၀၊ ၀၂-၄၉၄၉၀

ဘူဇော အလှပြုပြင်ရေး ဆိုင်းဘုတ်ဌာန
ဖျိုဖျို(မန်း) B.A (Myanmar)
မိတ်ကပ် + ဆံပင်
အလှပြုပြင်ဆင်တန်းကျောင်း
Mandalay Center-72 ၇ လမ်း၊ ၂၈လမ်းဆိုင်၊ ထွန်းကားရပ်၊ ဟင်းသီးဟင်းရွက်အရောင်းဘက်၊ မန္တလေးမြို့။
09-4711032609-402653799

ရတီမင်း
နိုင်ငံခြားဖြစ်ပိုးထည်အမျိုးမျိုး
အမှတ်(၁၀၅)၊ ၂၆လမ်း၊ ၂၇ × ၂၈လမ်းကြား၊ ပြည်ကြီးရုံ ၆ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Basement (၁) ဆက်သွယ်ရန်-၆၂၂၀၀၀၀၀၊ ၀၉-၄၂၀၀၀၀၀၀

Diva fashion
Room(95), Level(2), Diamond Plaza,Mandalay.
Ph: 09-5168061 ,09-73237629

Ditto fashion
FUJI Classical fashion & Textiles Station
အမှတ်(A-5, A-6)၊ ကိုတိုဇလိပ်ရောင်းဆိုင်တာ၊ ဇေတဝနလမ်းသွယ်၊ ၃၂ × ၃၃လမ်းကြား၊ (၇၃ × ၇၈) လမ်းကြား၊ မန္တလေးမြို့။
09-6814168 , 09-91042166

Sanstar
Handbag& Fashion
အမှတ်(၂၄/၁-က)၊ သီတိုလမ်း၊ ၆ × ၆လမ်းကြား၊ အိမ်ယာတောအနီးဇောင်းရတနာလမ်းသွယ်၊ ပြိုသမ်း(၁)ရပ်ကွက်၊ ဝိုလ်ချောင်ရွာ၊ ချမ်းမြသာစည်ပြိုနယ်၊ မန္တလေးမြို့။
Ph; 02-78946, 09 2003436 , 09-2031029 ,09-6816952

Star Flower Fashion
အမှတ်(B,5,6)၊ ၃၇ လမ်း၊ ၇၃ × ၇၈လမ်းကြား၊ မန္တလေးမြို့။ ✆ ၀၂-၆၀၃၆၊ ၀၉-၂၀၁၆၂၄၀

amara fashion
32nd Street; Bet; 77th&78th St: MDY.
Tel:09-2022336

Diamond Beauty Spa
78th & 77th Street,Bet 33rd & 34th Street,Diamond Plaza,4th Floor, Mandalay,Myanmar.
Tel: 095-9-47606698,2000260

LECEA
Mido Cosmetic
Customer Service 09-5137016

Beauty Mandalay
အ လှ မြေ မြင် ရေး
No(B-1)လမ်း၊ ၃၀ × ၃၁လမ်းကြား၊ ချမ်းအေးသာမြို့နယ်၊ မန္တလေးမြို့။
09-5191469,47003373,402596333

Best Care Beauty Center
အမှတ်.D-1, ဥ၃လမ်း၊ ၇၇ × ၇၈လမ်းကြား၊ ချမ်းအေးသာမြို့နယ်၊ မန္တလေးမြို့။
Tel:95-9-2017308,91001084

Long Style Beauty Saloon
76St,Bet: 32x33 St, Ph;09-2053849,MDY.

Pink Lady Beauty Salon
28th St,Bet:76thx77thSt, Ph:09-43128086

PEC
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ပညာရပ်သာ၊ မန္တလေး။
ဖုန်း - အမှတ်(၁၀-၁၂/၃၈)၊ ၆၈လမ်း၊ မဲနော်ဟရိလမ်းနှင့်ပိုင်ငွေဖလမ်းကြား။
ကျောင်း - အမှတ်(၈၈-၁/၄၆)၊ ၆၃လမ်း နှင့် အောင်ဆန်းလမ်းအဝင်ချမ်းမြသာစည်။
၀၉-၅၁၂၂၃၁၃၀၉-၂၃၆၁၂၂၂၃
၀၉-၉၁၀၀၀၃၆၃၉၊ ၀၉-၄၁၀၀၀၃၆၃၉

HOTEL SHWE PYI THAR MANDALAY MYANMAR
b-8,PyinOoLwin Road, Bet:31x32St:Mandalay
02-74402, Fax: 02-74408

Hotel Queen Mandalay
အမှတ်(၃၅၆)၊ ၈၁လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ မန္တလေးမြို့။
✆ - ၀၂-၃၉၀၀၀၅၊ ၆၅၅၅၆၆၊ ၆၀၉၃၂
✆ - ၀၂-၆၆၀၅၆၊ ၈၁၀၉၃၊ ၈၁၀၅၆

မိုးမြင့်သူ
အလှပြုပြင်ရေး
အမှတ်(၁၆၆)၊ ၀၉လမ်း×၀၁လမ်းကြား၊ မန္တလေးမြို့။ ၀၉-၂၀၁၅၅၁၃၀၉၀၀၆၆၊ ၆၂လမ်း၊ ၂၀ × ၂၁လမ်းကြား၊ နန်းလျွန်း၀၂-၈၁၀၃၀၄

PP Marble
အသင်ပြင်းနှုပ် စကျင်ကတ်ပြားအမျိုးမျိုးထုတ်ဝေသူ
အမှတ်(၂၅၂) ၃ ဥပုသ်း၊ ၇၆ × ၇၇ လမ်းကြား၊ မန္တလေး
၀၉-၃၁-၂၀၀၀၀၊ ၀၉-၃၀၃၅၅၃၃၊
၀၉-၄၃၀၀၀၃၃ ၂၀၀၉-၃၀၂၅၅၅၃၃
၂၅လမ်း နှင့် ပဲတန်းကတ်ထောင်း ၀၃ × ၀၄လမ်းကြား
မန္တလေး ၀၂-၆၀၀၅၅ ၀၉-၃၀၀၆၀၃၃ ၀၉-၄၃၀၀၃၃၀

NEC
Naypyidaw Engineering Centre
အမှတ်-၂၅၁/က၊ ၃၃လမ်းနှင့် ၀၄လမ်းထောင့်၊ မန္တလေးမြို့။ ၀၂-၆၆၅၆၆၊ ၂၅၁၁၂

VEC
ပ ည ာ ရ ေ း သ ာ
(၁)ဝန်ပ - အမှတ်-၈၁၀/ ၂၅၂/၆၅ × ချမ်းရီလမ်းထောင့်၊ ပြိုသမ်း(၁)၊ ချမ်းမြသာစည်ပြိုနယ်
(၂)အမှတ်-၆၉+၅၂၊ ရတနာပုံလမ်း၆၅ × ၆၆ကြား၊ ပြိုသမ်း(၁)၊ ချမ်းမြသာစည်ပြိုနယ်၊ မန္တလေးမြို့။
၀၂၀၀၃၅၃၀၊ ၂၀၀၆၅၂၂၊ (ရုံးချိန်အတွင်းသာ)
ဝင်ခွင့်စာမေးပွဲ ၂၀၁၃ ခုနှစ် ဇွန်လ ၂၁ ရက်နေ့ ၉နာရီ ၀၀မိနစ်တွင် စတင်ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပါသည်။

KMC
ကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေး
ဖုန်း-၃၃၆၆၁၂ × ၃၇လမ်းကြား၊ မန္တလေး
၀၂-၆၆၆၇၆၊ ၀၉-၉၁၀၀၀၃၅၃၄
ကျောင်း - (မ) ၂၂/ ၂၇၆၅လမ်း၊ သိမ်ဖြူလမ်းနှင့် ၎၇လမ်းကြား၊ မန္တလေး
၀၂-၆၂၂၇၃၊ ၂၅၁၁၃၃၊ ၀၉-၉၂၀၀၀၃၅၃၄

ချင်းတွင်းကောလိပ်
ချင်းတွင်းကောလိပ်၊ စဝယ်တိုက်ခန်းများ၊ ဂရိတ်ဝေါ်တွန်ဒိုဂုဂု နှင့် ဂုဝ လမ်းကြား၊ ၃၂နှင့် ၃၂လမ်းကြား၊ မန္တလေး။
ဖုန်း-၀၉-၂၀၀၁၂၀၀၊ ၀၂

Arirang
Korean Language Center
No.48, 40th St, Bet; 72nd & 73rd St, BJ Complex, First Floor, Mandalay.
09-2023200

Joy House
Food Center
အမှတ်(၀၂၁/က)၊ ၆၂လမ်း၊ ၃၅ × ၃၆လမ်းကြား၊ မန္တလေးမြို့။
09-43146445

ဦးဟန်မြင့်မောင်
ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှတစ်ဆင့်ကိုယ်ပိုင်တန်းဆီလက်ံသည်
ပ-၄း(၃၀,၃၁,၃၂,၄၂,၄၃,၄၄,၅၄,၅၅,၅၆,၅၇,၅၈)
ဒ၁လမ်း၊ ၆၁ × ၆၂လမ်းကြား၊ ၈၉-၉၁၀၀၀၃၅၃၄
၀၂-၃၁၀၀၃၊ ၆၂၂၂၂၃၊ ၀၉-၆၅၀၀၀၀၅
၀၉-၂၀၀၆၁၂၊ ၂၁၆၅၉၉၀၃၊ ၂၀၀၃၀၇၀၉

GI Group Express
Ph; 09-736266666, 73787777, 73234107, 423012000
GI Store: လမ်းဓာ ပြင်ဝန်းနှင့် ၂၄လမ်းကြား
Ph; 09-73231800 , 09-43337788
ပြည်ကြီးရုံလမ်းကြီး ရောင်းကြက်ဆင်းရန်
Ph; 02-77727, 910055555, 43346567, 402534455
၀၉လမ်းနှင့် ဥ၁လမ်းဆိုင်း Ph; 09-6800880
ပြည်ထောင်စုသမ္မတ ရောင်းကြက်ဆင်းရန်
Ph; 09-2010757, 6808988, 47104777, 47130038,403747100

ROYAL ROOFING
ရောင်ခုံအမိုးပြား၊ သွပ်ပြား နှင့် အက်စပန်ရှည်းရောင်းဝယ်ရေး
အင်ကောင်းဆိုင်-အမှတ်(၁၁၅)၊ ၂၃လမ်း၊ ၈၃လမ်းကြား၊ စက်ခုံ-(၅၀)လမ်း၊ နန်းရေးအောင်မြေကားမြို့နယ်၊ မန္တလေး
✆ ၀၂-၃၂၂၅၆၊ ၀၂-၂၆၀၅၅၊ ၀၉-၂၀၁၆၆၆

Sea Bird
Foam Store
Service
Super Mobile
Phone Sale & Service
အမှတ် (B/5)၊ ၇၈လမ်း၊ ၂၇ × ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
Ph: 02-68405,68406,24809

Advertising here with
ONLY 5000 KYATS
Call:
02-65391
02-74585